WWW.DHAMMARANSI.COM

မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး

# မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ ( ဒုတိယပိုင်း )



သာသနာ - ၂၅၅၅ ၂၀၁၁ ကောဇာ - ၁၃၇၃

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။

WWW.DHAMMARANSI.COM

# နိုင်ငံတော်ဗုဒ္ဓသာသနာ

# မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ (ဒုတိယပိုင်း)

---


တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၃၉ ကောဇာ - ၁၃၅၇ ၁၉၉၆

WWW.DHAMMARANSI.COM

ဆဋ္ဌသံဂါယနာ ဝိဿဇ္ဇက ဆရာတော်



ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋံသကာဘွဲ့
သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဋ္ဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ပြုစုနေပုံ


WWW.DHAMMARANSI.COM

# မဟာဗုဒ္ဓဝင် ပထမတွဲ
## (ဒုတိယပိုင်း)


| အကြိမ် | အုပ်ရေ | ခုနှစ် |
| --- | --- | --- |
| ပထမအကြိမ် | ၅၀၀၀ | ၁၉၆၀ |
| ဒုတိယအကြိမ် | ၃၀၀၀ | ၁၉၆၉ |
| တတိယအကြိမ် | ၃၀၀၀ | ၁၉၇၂ |
| စတုတ္ထအကြိမ် | ၅၀၀၀ | ၁၉၇၇ |
| ပဉ္စမအကြိမ် | ၅၀၀၀ | ၁၉၈၂ |
| ဆဋ္ဌမအကြိမ် | ၅၀၀၀ | ၁၉၈၆ |
| သတ္တမအကြိမ် | ၃၀၀၀ | ၁၉၉၁ |
| အဋ္ဌမအကြိမ် | ၅၀၀၀ | ၁၉၉၆ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် - ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

# ဗုဒ္ဓသာသန့ မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော်



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

# နိုင်ငံတော်ဗုဒ္ဓသာသနာ-မဟာဓမ္မဝင်

## ပဥ္စမတွဲ (ဒုတိယပိုင်း)

---

မာတိကာ စာမျက်နှာ


၇-ပကိဏ္ဏကခဏ်း .... .... ၁၀၃
(၁) ပါရမီမည်သော တရားများ .... .... ၁၀၄
(၂) ပါရမီမည်ခြင်းအကြောင်း .... .... ၁၀၆
(၃) ပါရမီအပြား .... .... ၁၀၈
(၄) ပါရမီဆယ်ပါး အစဉ်ထားပုံ .... .... ၁၀၈
(၅) ပါရမီတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၁၁၉
(၆) ပါရမီတို့၏ အကြောင်းတရားများ .... ၁၃၀
(၇) ပါရမီတို့၏ ညစ်နွမ်းကြောင်းများ .... ၁၇၉
(၈) ပါရမီတို့၏ ဖြူစင်ကြောင်းတရားများ .... ၁၈၁
(၉) ပါရမီတို့၏ ဆန့်ကျင်ဘက်တရားများ .... ၁၈၁
(၁၀) ပါရမီတို့ကို ဖြည့်ကျင့်ပုံ .... .... ၁၈၅
(၁၁) ပါရမီတို့၏ အပြား .... .... ၂၂၆
(၁၂) ပါရမီတို့၏ အကျဉ်းချုပ်တရားများ .... ၂၃၀
(၁၃) ပါရမီတို့ကို ပြည့်စုံစေကြောင်းတရားများ .... ၂၅၅
(၁၄) ပါရမီတော်တို့ ပြည့်စုံရာကာလအပိုင်းအခြား ၂၆၅
(၁၅) ပါရမီတို့၏ အကျိုးဆက် အာနိသင်များ .... ၂၆၈
(၁၆) ပါရမီတို့၏ အကျိုးရင်းတရား .... .... ၂၇၂
၈-အဘဗ္ဗဋ္ဌာန (၁၈)ပါး .... .... ၂၇၅

[ ခ ] မဟာဝဂ္ဂ


| ခေါင်းစဉ် | | | စာမျက်နှာ |
|---|---|---|---|
| ၉-နှစ်ကျိပ်လေးဆူဗုဒ္ဓဝင်ခဏ်း | .... | .... | ၂၀၄ |
| ၁-ဒီပင်္ကရဗုဒ္ဓဝင် | .... | .... | ၂၀၄ |
| ၂-ကောဏ္ဍညဗုဒ္ဓဝင် | .... | .... | ၃၀၂ |
| ၃-မင်္ဂလဗုဒ္ဓဝင် | .... | .... | ၃၁၃ |
| ၄-သုမနဗုဒ္ဓဝင် | .... | .... | ၃၃၄ |
| ၅-ရေဝတဗုဒ္ဓဝင် | .... | .... | ၃၄၅ |
| ၆-သောဘိတဗုဒ္ဓဝင် | .... | .... | ၃၅၃ |
| ၇-အနောမဒဿီဗုဒ္ဓဝင် | .... | .... | ၃၆၃ |
| ၈-ပဒုမဗုဒ္ဓဝင် | .... | .... | ၃၇၁ |
| ၉-နာရဒဗုဒ္ဓဝင် | .... | .... | ၃၈၁ |
| ၁၀-ပဒုမုတ္တရဗုဒ္ဓဝင် | .... | .... | ၃၉၂ |
| ၁၁-သုမေဓဗုဒ္ဓဝင် | .... | .... | ၄၀၄ |
| ၁၂-သုဇာတဗုဒ္ဓဝင် | .... | .... | ၄၁၃ |
| ၁၃-ပိယဒဿီဗုဒ္ဓဝင် | .... | .... | ၄၂၁ |
| ၁၄-အတ္ထဒဿီဗုဒ္ဓဝင် | .... | .... | ၄၃၄ |
| ၁၅-ဓမ္မဒဿီဗုဒ္ဓဝင် | .... | .... | ၄၄၃ |
| ၁၆-သိဒ္ဓတ္ထဗုဒ္ဓဝင် | .... | .... | ၄၅၁ |
| ၁၇-တိဿဗုဒ္ဓဝင် | .... | .... | ၄၅၉ |
| ၁၈-ဖုဿဗုဒ္ဓဝင် | .... | .... | ၄၆၇ |
| ၁၉-ဝိပဿီဗုဒ္ဓဝင် | .... | .... | ၄၇၅ |
| ၂၀-သိခီဗုဒ္ဓဝင် | .... | .... | ၄၉၀ |
| ၂၁-ဝေဿဘူဗုဒ္ဓဝင် | .... | .... | ၄၉၀ |
| ၂၂-ကကုသန္ဓဗုဒ္ဓဝင် | .... | .... | ၅၀၇ |
| ၂၃-ကောဏာဂမနဗုဒ္ဓဝင် | .... | .... | ၅၁၇ |

WWW.DHAMMARANSI.COM



မာတိကာ

စာမျက်နှာ
၂၄-ကဿပဗုဒ္ဓဝင် .... .... ၅၂၄
မျှာဒိတ်ခံခဲ့ပုံ အချုပ်လက်ာ .... .... ၅၃၇
ဂေါတမမြတ်စွာဘုရား အလောင်းတော်ကျင့်စဉ်
အကျဉ်းချုပ် .... .... ၅၄၀
ဝေမတ္တတရားရှစ်ပါး .... .... ၅၅၀

မဟာဗုဒ္ဓဝင် ပဥ္စမတွဲ (ဒုတိယပိုင်း)
မာတိကာ ပြီး၏။

WWW.DHAMMARANSI.COM

# နိုင်ငံတော်မုခ္ခသာသန-မဟာမုခ္ခဝင်

## ပဉ္စမတွဲ (ဒုတိယပိုင်း)

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၇-ပကိဏ္ဏကခဏ်း

## ဘုရားဆုပန် ပုဂ္ဂိုလ်တို့အတွက် ပါရမီတို့၌ ပြိုးပြွမ်းမှတ်ဖွယ် အမိပ္ပါယ်များ

ဤအရာ၌ သုမေဓာရှင်ရသေ့၏ အကြောင်းအရာကို တံ့ရပ်၍ သမ္မာသမ္ဗောဓိဉာဏ် ရည်သန်တောင့်တ အားထုတ်လိုကြသော ဆုကြီးပန် အမျိုးကောင်းသားတို့အတွက် သမ္မာသမ္ဗောဓိ (သဗ္ဗညုတဉာဏ်) ၏ အဆောက်အဦ ကောင်းမှု ကုသိုလ်တရားတို့၌ အထူးထူး အပြားပြား လိမ္မာကျွမ်းကျင် သိမြင်လိုက်နာကျင့်ကြံအားထုတ်နိုင်ကြရန် (စရိယာပိဋက အဋ္ဌကထာ ကျမ်း၌လာသော) ပါရမီ ဆယ်ပါးတို့၌ ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏက အမိပ္ပါယ်ကို ပြဆိုဦးအံ့····။

ဤ ပကိဏ္ဏက အခဏ်း၌ ပါဝင်မည့် အချက်အလက် အနက် အမိပ္ပါယ်တို့မှာ—

(၁) ပါရမီ မည်သော တရားများ၊
(၂) ပါရမီ မည်ခြင်းအကြောင်း၊
(၃) ပါရမီ တို့၏ အပြား၊
(၄) ပါရမီ တို့၏ အစဉ်၊
(၅) ပါရမီ တို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၊
(၆) ပါရမီ တို့၏ အခြေခံအကြောင်း တရားများ၊
(၇) ပါရမီ တို့၏ ညစ်နွမ်းကြောင်း တရားများ၊
(၈) ပါရမီ တို့၏ ဖြူစင်ကြောင်း တရားများ၊
(၉) ပါရမီ တို့၏ ဆန့်ကျင်ဘက် တရားများ၊
(၁၀) ပါရမီ ဆယ်ပါး ဖြည့်ကျင့်ပုံ အကျယ်၊
(၁၁) ပါရမီ အပြား အကျယ်၊
(၁၂) ပါရမီ တို့၏ အကျဉ်းချုပ် တရားများ၊

WWW.DHAMMARANSI.COM



(၁၃) ပါရမီ တို့ကို ပြည့်စုံစေကြောင်း တရားများ၊
(၁၄) ပါရမီ တို့၏ ပြည့်စုံရာ ကာလ အပိုင်းအခြား၊
(၁၅) ပါရမီ တို့၏ အကျိုးဆက် အာနိသင်များ၊
(၁၆) ပါရမီ တို့၏ အကျိုးရင်း တရားများ ဖြစ်ပေသည်။

ထို (၁၆) မျိုးတို့တွင်····

## (၁) ပါရမီမည်သောတရားများ

အဘယ်တရားတို့သည် ပါရမီမည်ကုန်သနည်းဟု **မေးသင့်၏**။

**(အဖြေကား)** တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မနှိပ်စက် မဖျက်ဆီး အပ်ပဲ မဟာကရုဏာ ဥပါယကောသလ္လညာဏ်တို့ကို အခြေခံထား၍ ပြုအပ်သော ဒါနမှု သီလမှု အစရှိသော ဂုဏ်ကျေးဇူးတို့သည် ပါရမီ မည်ကုန်၏ ဟူ၍ ဖြေဆိုရာ၏။

အနည်းငယ်မျှ ရှင်းလင်းပြဆိုဦးအံ့....၊ စွန့်ကြဲလှူဒါန်း ပေးကမ်းမှု ဒါနအရာ၌ (တဏှာလောဘဖြင့်) "ငါ၏ ဒါန" ဟူ၍ တပ်မက်စွဲလမ်းခြင်း၊ (မာနဖြင့်) "ဒါနသည်ပင် ငါ" ဟူ၍ အောက်မေ့ထင်မှားခြင်း၊ (ဒိဋ္ဌိဖြင့်) "ဒါနသည်ပင် ငါ၏ အတ္တ လိပ်ပြာ" ဟူ၍ အမြင်မှားခြင်းများ ရှိခဲ့ ဖြစ်ခဲ့သော် ထိုဒါနကို တဏှာ မာန ဒိဋ္ဌိတို့ဖြင့် နှိပ်စက် ဖျက်ဆီးအပ်သော ဒါနဟူ၍သာ ခေါ်ဆိုရပေသည်။ ထိုကဲ့သို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မနှိပ်စက် မဖျက်ဆီးအပ်သော ဒါနဖြစ်မှ ပါရမီ မည်နိုင်သည်။ (သီလဆောက်တည်မှု အစရှိသည်တို့၌လည်း ဤနည်းအတူတည်း။)

တဏှာ မာန ဒိဋ္ဌိ တို့ဖြင့် မနှိပ်စက် မဖျက်ဆီးအပ်ရုံမျှဖြင့်လည်း ပါရမီ မမည်နိုင်သေးပေ၊ မဟာကရုဏာနှင့် ဥပါယကောသလ္လညာဏ်တို့ကို အခြေခံထား၍ ပြုအပ်သော ဒါနမှု သီလမှု စသည် ဖြစ်မှသာ ပါရမီ မည်နိုင်၏။ ထိုတွင်——

**မဟာကရုဏာ** ဟူသည်မှာ....ဘုရားအလောင်း ဖြစ်လိုသော အမျိုးကောင်းသားသည် မျက်မှောက်မျက်ကွယ် ရင်းရင်းဖျားဖျား ရှိသမျှ သတ္တဝါများအပေါ်၌ ရင်မှပေါက်ဖွားသည့် သားသမီးများကဲ့သို့ ကြင်နာ သနားခြင်း ပြင်းထန်စွာ ဖြစ်ပွါးနိုင်ရသည်။

WWW.DHAMMARANSI.COM



မိတ်ဆွေရန်သူ ဟူ၍ မခွဲခြားပဲ ရှိသမျှ သတ္တဝါများကို ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးတို့ တညီးညီး တပြောင်ပြောင် အတောက် အလောင်ခံနေရသည့် သံသရာ့ ဒုက္ခိတသတ္တဝါတွေအဖြစ် ဆင်ခြင်စဉ်းစား၍ သနားခြင်းပြင်းစွာ ဖြစ်ရာ၏။ ကိုယ့်အသက်ကိုပင် မငဲ့ကွက်ပဲ သတ္တဝါတို့ကို သံသရာမှ ကယ်တင်လိုသော ကရုဏာတရား ကြီးစွာထားနိုင်ရာ၏။ ယင်းသည့် ကရုဏာမျိုးကို ပါရမီတို့၏ အခြေခံ မဟာကရုဏာဟု ခေါ်ဆိုသည်။ အလောင်းတော်သုမေဓာရှင်ရသေ့မှာ ဒီပင်္ကရာ မြတ်စွာဘုရား၏ သာသနာ၌ပင် အလိုတော်ရှိက ကျွတ်တမ်းဝင် နိုင်လောက်သည့်အကြောင်းနှင့် ပြည့်စုံပြီး ဖြစ်ပါသော်လည်း ဤ မဟာကရုဏာ ကိန်းဝပ်သူဖြစ်သဖြင့် လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း ကြာအောင် သံသရာ၌ အဆင်းရဲခံကာ သတ္တဝါတို့ကို ကယ်တင်ရန်အတွက် ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ရသည်။ (ကိုယ်လွတ်ချမ်းလိုက သုမေဓာဘဝကပင် ရှုန်းနိုင်၏ဟု ဆိုလိုသည်။)

**ဥပါယကောသလ္လဉာဏ်** ဟူသည်ကား.... မိမိ ပြုအပ်သော ဒါနမှု သီလမှု စသည်တို့အတွက် သမ္ဗောဓိဉာဏ်၏ ဥပနိဿယ အဆောက်အဦ အထောက်အပံ့ပစ္စည်းဖြစ်ဖို့ရန် လိမ္မာကျွမ်းကျင်သော အသိဉာဏ်ပညာတည်း၊ ဘုရားအလောင်း ဖြစ်လိုသော အမျိုးကောင်းသားသည် မိမိပြုအပ်သမျှသော ဒါနမှု သီလမှု စသည်တို့အတွက် သမ္ဗောဓိဉာဏ်တည်းဟူသော အကျိုးတခုကိုသာ ရဖို့ရန် ရည်သန်တောင့်တမှု ပြုရသည်။ (ဝဋ်ဆင်းရဲ၌ အကျုံးဝင်သည့် ချမ်းသာများကို မတောင့်တရ။) ထိုသို့ မိမိ ပြုအပ်သမျှသော ကောင်းမှုတို့အတွက် သမ္ဗောဓိဉာဏ် အကျိုးတခုကို ရဖို့ရန်သာ ရည်သန်တောင့်တမှု ဆုတောင်းပြုခြင်း၌ လိမ္မာသိမြင်သော ပညာကို ဥပါယကောသလ္လဉာဏ် ဟူ၍ ခေါ်သည်။

ဆိုအပ်ပြီးသည့် မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် ဤနှစ်ပါးတို့သည် ဘုရားအလောင်းဖြစ်ဖို့ရန်နှင့် ပါရမီတို့ကို ဖြည့်

WWW.DHAMMARANSI.COM



ကျင့်နိုင်ရန် အရင်းခံတရားကြီးများဖြစ်ကြ၏။ ဘုရားဆုပန်လိုသည့် အမျိုးကောင်းသားတို့သည် ရှေးဦးစွာ ဤအရင်းခံ တရားကြီး နှစ်ပါးနှင့် ပြည့်စုံအောင် အားထုတ်သင့်လှပေသည်။ ထိုတရား နှစ်ပါးကို အမြစ်ခံထား၍ ပြုအပ်သော ဒါနမှု သီလမှု အစရှိသော ဂုဏ်ကျေးဇူးတို့သည်သာလျှင် ပါရမီစင်စစ် ဖြစ်နိုင်သည်ဟု ဆိုလိုသည်။

ငါ့, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု၊ သုံးဖြာ ပပဉ္စ၊ ကင်းစင်ပလျက်၊ အနန္တ များစွာ၊ သတ္တဝါကို၊ ကြင်နာသနား၊ အရင်းထား၍၊ ဘုရားဖြစ်ရန်၊ သမ္ဗောဓိဉာဏ်ကို၊ ရည်သန်ဆန္ဒ၊ ပြုစုရသား၊ ဒါနစသည်၊ ထိုဆယ်လီ၊ ပါရမီဟု ခေါ်သတည်း။

---

## (၂) ပါရမီမည်ခြင်းအကြောင်း

လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း ဒါနမှု၊ သီလ ဆောက်တည်မှု အစရှိသော ဂုဏ်ကျေးဇူး ဆယ်ပါးတို့သည် အဘယ့်ကြောင့် ပါရမီ မည်ကြသနည်းဟု မေးသင့်၏။

**(အဖြေကား)** ပါရမီဟူသော ပါဠိစကားရပ်၌ သဒ္ဒါနည်း အရ (ပရမ)ဟူသော ပုဒ်ရင်းနှင့် (ဤ) ပစ္စည်းတို့ တွဲစပ်ထားသည်ကို ရှေးဦးစွာ သတိပြုရာ၏။ ထိုပုဒ်ရင်းနှင့် ပစ္စည်းနှစ်မျိုးတို့တွင်—

ဒါန သီလ အစရှိသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသည် ဖြစ်၍ သူမတူတန် ကဲလွန်မြင့်မြတ် ဥက္ကဋ္ဌပုဂ္ဂိုလ်ကြီးများဖြစ်သော ကြောင့် ဘုရားအလောင်းတော်ကြီးများကို (ပရမ) ဟူ၍ ခေါ်ဆိုသည်။ ။ (တနည်း) ဒါန သီလ အစရှိသော ဂုဏ်ကျေးဇူးအထူး တို့ကို ဆည်းပူးဖြည့်ကျင့် စောင့်ရှောက်တတ်သောကြောင့်၎င်း၊ ထို ဂုဏ်ကျေးဇူး အထူးတို့နှင့် ပြည့်စုံသူ ဖြစ်၍ ပရ-မည်သော တပါးသောသတ္တဝါတို့ကို မိမိ၌ မေတ္တာရှိအောင် ဖွဲ့နှောင်သကဲ့သို့ ဖြစ်တတ်သောကြောင့်၎င်း၊ တပါးသော သတ္တဝါတို့ကို လွန်လွန် ကဲကဲ ကိလေသာ အညစ်အကြေးတို့မှ ဆေးကြော သုမ်သင် စင်စေတတ်သောကြောင့်၎င်း၊ ပရ-မည်သော မြတ်သောနိဗ္ဗာန်သို့

WWW.DHAMMARANSI.COM



အထူးသဖြင့် သွားရောက်တတ်သောကြောင့်ရင်း၊ ပရ-မည်သော တမလွန်လောကကို မျက်မှောက်လောကကဲ့သို့ပင် ဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တတ်နေသောကြောင့်ရင်း၊ သူမတူတန် အောင် လွန်လွန်ကဲကဲ သီလ အစရှိသော ဂုဏ်ကျေးဇူးအပေါင်းကို မိမိသန္တာန်၌ ထည့်သွင်းသည့်ပမာ ကျင့်ကြံတတ်သောကြောင့်ရင်း၊ တစ်မ်းပြင်ပ ပရ-မည်သော ကိလေသာ ခိုးသားအပေါင်းကို နှိပ်စက်တတ် ပယ်ရှားတတ်သောကြောင့်ရင်း ဘုရားအလောင်း တော်ကြီးများကို (ပရမ)ဟူ၍ ခေါ်ဆိုအပ်သည်။

ဒါန သီလ အစရှိသော ဂုဏ်ကျေးဇူးအထူးတို့နှင့် သူမတူတန် လောက်ငံပြည့်ဝသည်ကို အကြောင်းပြု၍ "ဤ သူကား ဘုရား အလောင်းတည်း၊ ပရမ-မည်သော ပုဂ္ဂိုလ်မြတ်ကြီးတည်း" ဟု ကြားသိမြင်သူတို့၏နှုတ်မှ ပြောဆိုသောအသံ (သဒ္ဒါ) နှင့် အသိ ဉာဏ် ဤနှစ်ပါးဖြစ်ပေါ်လာသည်၊ သို့ရကား— ထိုဒါနသီလအစ ရှိသော ဂုဏ်ကျေးဇူးအထူးတို့ကို (ပရမာနံ ဘာဝေါ ပါရမီ-ဟု ဝိဂြိုဟ်ပြုပြီးလျှင်) ပရမ-မည်သောဘုရားအလောင်းတော်ကြီးများ ပေတည်းဟု ပြောဆိုသောအသံ(သဒ္ဒါ) နှင့် အသိဉာဏ် ဤနှစ်မျိုး တို့ ဖြစ်ကြောင်းဖြစ်သောကြောင့် ပါရမီဟူ၍ ခေါ်သည်။ (တနည်း)ထိုဒါနသီလအစရှိသော ဂုဏ်ကျေးဇူးတို့ကို အလောင်း တော်ကြီးများသာ ကဲကဲလွန်လွန် ပြုနိုင်ကြသည်၊ သို့ရကား—ထို ဒါနသီလအစရှိသည်တို့ကို "အလောင်းတော်ကြီးများ၏အလုပ်၊ အလောင်းတော်ကြီးများ၏ဥစ္စာ"ဟူ၍ခေါ်ဆိုရသည်။ထို့ကြောင့် ထိုဒါန သီလအစရှိသည်သည် (ပရမာနံ ကမ္မံ ပါရမီ၊ ပရမာနံ အယံ ပါရမီ-ဟု ဝိဂြိုဟ် ပြုပြီးလျှင်) ပရမ-မည်သော အလောင်း တော်ကြီးတို့၏ အလုပ်၊ အလောင်းတော်ကြီးတို့၏ ဥစ္စာဖြစ်သော ကြောင့် ပါရမီမည်ကြကုန်သည်ဟု ဖြေဆိုရာ၏။

**အချုပ်အားဖြင့်**....အလောင်းတော်ကြီးများဟူ၍ပြောဆိုသည့် အသံ (သဒ္ဒါ)နှင့် အသိဉာဏ်ပညာတို့ ဖြစ်ကြောင်းဖြစ်သော ကြောင့်၊ (တနည်း) အလောင်းတော်ကြီးများ၏ အလုပ်ကိစ္စ အလောင်းတော်ကြီးများ၏ ဥစ္စာ ဖြစ်သော ကြောင့် စွန့်ကြဲ

WWW.DHAMMARANSI.COM



ပေးကမ်း လှူဒါန်းမှုဒါနအစရှိသည်တို့သည် ပါရမီမည်ကုန်၏ဟု ဖြေဆိုရာ၏။

ပရမ-မည်ငြား၊လောင်းတော်များဟု၊ပြောကြားသဒ္ဓါ၊ သိပညာတို့၊ နှစ်ဖြာဖြစ်ကြောင်း၊ တနည်းဆောင်းသော်၊ လောင်းတော်ဥက္ကဋ္ဌ်၊ သူမြတ်တို့သာ၊ ပြုနိုင်ရာသည့်၊ ဥစ္စာကိစ္စ၊ ဖြစ်ခြင်းတကြောင့်၊ ဒါနစသျှိ၊ ထိုဆယ်လီ၊ ၊ပါရမီ ဟု ခေါ်သတည်း။

## (၃) ပါရမီအပြား

ထိုပါရမီတို့သည် အဘယ်မျှ အပြား ရှိကုန်သနည်း ဟု မေးသင့်၏။

**(အဖြေကား)** ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။
ခန္တိသစ္စမဓိဋ္ဌာနံ၊မေတ္တုပေက္ခာတိ တေ ဒသ။

ဟူသော ဒေသနာတော်အရ ထိုပါရမီတို့သည် ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တိပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟူ၍ အကျဉ်းအားဖြင့် ဆယ်ပါး အပြားရှိကုန်၏ ဟု ဖြေဆိုရာ၏။

(ထိုပါရမီဆယ်ပါးတို့၏ အသီးအသီးတရားကိုယ် အရကောက်ကို အထက် (၅)အမှတ်၊လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခဏ်းသို့ရောက်မှ ပြဆိုပေအံ့....။)

ဒါန သီလ၊ နေက္ခမ္မ၊ ပညာ ဝီရိယာ။
ခန္တီ သစ္စ၊ ဓိဋ္ဌာန၊ မေတ္တာ ဥပေက္ခာ။
ပါရမီဆယ်ပါး၊ အကျဉ်းအား၊ ဟောကြား စောမြတ်စွာ။

## (၄) ပါရမီဆယ်ပါး အစဉ်ထားပုံ

**အစဉ်ထားပုံ (၅) မျိုး**

ထိုထိုတရားတို့ကို ပဌမ ဒုတိယ တတိယ စသည်ဖြင့် အစဉ်ထားခြင်းသည်။ ။**(ဖြစ်, ပယ်, ကျင့်, ဘုံ၊ ဟောမြွက်ပုံ၊ ငါးခုံ စဉ်ကမ)**။ ။ဟူသော အတိုင်း—

WWW.DHAMMARANSI.COM



(၁) တကယ်စင်စစ် ဖြစ်သည့်အစဉ်အတိုင်း ထားခြင်း (ပဝတ္တိက္ကမ)
(၂) ပယ်ရမည့်အစဉ်အတိုင်း ထားခြင်း (ပဟာနက္ကမ)
(၃) ကျင့်ရမည့်အစဉ်အတိုင်း ထားခြင်း (ပဋိပတ္တိက္ကမ)
(၄) ဘုံစဉ်အတိုင်းထားခြင်း (ဘူမိက္ကမ)
(၅) မြတ်စွာဘုရား ဟောကြားသည့် အစဉ်တည်းဟူသော (ဒေသနာက္ကမ) ဟူ၍ ငါးမျိုးရှိသည်၊ ထိုတွင်—

(၁) "ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ" စသော ဒေသနာ၌ လာရှိသည့် ဂဗ္ဘသေယျက = (အမိဝမ်း၌ ကိန်းသော) သတ္တဝါတို့အား ရှေးဦးစွာ ပဋိသန္ဓေအခါ ကလလ ရေကြည် ခုနစ်ရက်ဖြစ်သည်၊ ထို့နောက် အမြှုပ် ခုနစ်ရက် ဖြစ်သည်၊ ထို့နောက် အသားခဲ ခုနစ်ရက်ဖြစ်သည် အစရှိသည်ဖြင့် တကယ်စင်စစ် ဖြစ်သည့်အတိုင်း အစဉ်ထားခြင်းမျိုးကို ပဝတ္တိက္ကမ = (ဖြစ်စဉ်) ဟူ၍ ခေါ်သည်။

(၂) "ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ"အစရှိသော ဒေသနာ၌ လာရှိသည့် သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောတရား၊ အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သောတရားဟူ၍ ပယ်ရမည့် အစဉ်အတိုင်း ပဌမ ဒုတိယ အစဉ်ထားခြင်းမျိုးကို ပဟာနက္ကမ = (ပယ်စဉ်) ဟူ၍ ခေါ်သည်။

(၃) သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ-အစ ရှိသော ဝိသုဒ္ဓိ ခုနစ်ပါး အစဉ်မှာ ရှေးဦးစွာ သီလဝိသုဒ္ဓိ ဖြစ်အောင် ကျင့်ရသည်၊ ထို့နောက် စိတ္တဝိသုဒ္ဓိ ဖြစ်အောင် ကျင့်ရသည်၊ ဤသို့ အစရှိသည်ဖြင့် ကျင့်ရမည့် အစဉ်အတိုင်း ပဌမ ဒုတိယ စသည် အစဉ်ထားခြင်းမျိုး ဖြစ်သောကြောင့် ပဋိပတ္တိက္ကမ = (ကျင့်စဉ်) ဟူ၍ ခေါ်သည်။

(၄) "ကာမာဝစရာ ဓမ္မာ၊ ရူပါဝစရာ ဓမ္မာ" အစရှိသော ဒေသနာတော်တို့၌ လာရှိသည့် ကာမာဝစရတရား၊ ရူပါဝစရတရား၊ အရူပါဝစရတရား ဟူ၍ ဘုံစဉ်အတိုင်း ပဌမ ဒုတိယ စသည်အစဉ်ထားခြင်းမျိုးကို ဘူမိက္ကမ = (ဘုံစဉ်)ဟူ၍ခေါ်သည်။

WWW.DHAMMARANSI.COM



(၅) ရှေ့လေးပါးသော အစဉ်ထားခြင်းမျိုးမှ တပါး "ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော" အစရှိသော ဒေသနာတော်များ၌ လာရှိသည့် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ အစရှိသော အစဉ် ထားခြင်းမျိုးမှာ တစုံတခုသော အကြောင်းထူးကို ငဲ့၍ မြတ်စွာဘုရား ဟောကြားသည့် အစဉ်ဖြစ်သောကြောင့် ဒေသနာက္ကမ = (ဟောတော်မူစဉ်) ဟူ၍ ခေါ်သည်။

ရှေ့ဖြစ်သည့် အစဉ်လေးပါးတို့၌ "ဤအစဉ်အတိုင်းဖြစ်သောကြောင့် ဤအတိုင်း စကားစဉ်သည်၊ ဤအစဉ်အတိုင်း ပယ်ရသောကြောင့် ဤအတိုင်း စကားစဉ်သည်၊ ဤအစဉ်အတိုင်း ကျင့်ရသောကြောင့် ဤအတိုင်း စကားစဉ်သည်၊ ဘုံစဉ်ကပင် ဤအတိုင်း တည်ရှိသောကြောင့် ဤအတိုင်း စကားစဉ်သည်" ဟူ၍ မိမိတို့ ဆိုင်ရာအကြောင်း တမျိုးစီကိုသာ ပြဆိုရပေသည်။ ငါးခုမြောက် ဖြစ်သည့် ဒေသနာက္ကမ = (ဟောတော်မူစဉ်) ဆိုင်ရာ၌ကား ထိုက်သည်အားလျော်စွာ အကြောင်းထူး အမျိုးမျိုးကို ပြဆိုရပေသည်၊ ခန္ဓာငါးပါးစဉ်ပုံကို ပြဆိုရာ၌ အကြောင်းထူး တမျိုး၊ အာယတန ဘဆယ့်နှစ်ပါးစဉ်ပုံကို ပြဆိုရာ၌ အကြောင်းထူး တမျိုး စသည်ဖြင့် အကြောင်းထူးအသီးအသီးကို ပြဆိုရပေသည်။

ဤယခု ပါရမီခန်းလာ ပါရမီဆယ်ပါး အစဉ် ထားရာ၌ ဖြစ်စဉ် ပယ်စဉ် ကျင့်စဉ် ဘုံစဉ် ဟူသော ရှေ့အစဉ် လေးမျိုး မဟုတ်ပေ၊ အကြောင်းထူးကိုငဲ့၍ မြတ်စွာဘုရား ဟောကြားသည့် ဒေသနာက္ကမ = (ဟောတော်မူစဉ်)သာဖြစ်သည်။ ထို့ကြောင့်—

ပါရမီဆယ်ပါးတို့ကို (တခြားနည်းမစီစဉ်ပဲ) အဘယ့်ကြောင့် ဒါန သီလ နေက္ခမ္မ စသော ဤအစဉ်ဖြင့်သာ မြတ်စွာဘုရား ဟောကြားတော်မူပါသနည်း ဟု မေးသင့်၏။

**(အဖြေကား)** မြတ်စွာဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ ဗျာဒိတ်ရတော်မူပြီးစအခါ ရှေးဦးစွာ ဒါနပါရမီကို ဆောက်တည်သည်၊ နှစ်ခုမြောက်၌ သီလပါရမီကို ဆောက်တည်သည်၊ ဤသို့အစရှိသည်ဖြင့် ပါရမီတို့ကို(ဖြည့်ကျင့်တော်မူမည်ဟူ၍) ရှေးဦးအစ ဆောက်တည်စဉ် ကာလကပင် ဤအစဉ်အတိုင်း

WWW.DHAMMARANSI.COM



ဆောက်တည်တော်မူခြင်းကြောင့် ဤအစဉ်အတိုင်း ဟောတော်မူသည်ဟူ၍ ဖြေရာ၏။

အဘယ့်ကြောင့် ဤအစဉ်အတိုင်း ဆောက်တည်တော်မူသနည်း ဟုမေးမြန်လျှင် ပါရမီပဝိစယ = (ပါရမီတို့ကို ဆင်ခြင်သော)ဉာဏ်ဖြင့် ဆင်ခြင်တော်မူသောအခါ ဤအစဉ်အတိုင်း ဉာဏ်တော်ဝမှာ ထင်လာသောကြောင့် ဤအစဉ်အတိုင်း ဆောက်တည်တော်မူသည် ဟု ဖြေရာ၏။

**ဆိုလိုရင်းမှာ**····အလောင်းတော် သုမေဓာရှင်ရသေ့ ဗျာဒိတ်ရပြီးစ ပါရမီတို့ကို ဆင်ခြင်သောအခါ ဤအစဉ်အတိုင်း ဉာဏ်တော်ဝ၌ ထင်လာသည်၊ ဤအစဉ်အတိုင်း ထင်လာသောကြောင့် ဤအစဉ်အတိုင်း ဆောက်တည်တော်မူသည်၊ ဤအစဉ်အတိုင်း ဆောက်တည်တော်မူသောကြောင့် ယခုဘုရားဖြစ်သောအခါမှာလည်း ဤအစဉ်အတိုင်းပင် ဟောတော်မူသည် ဟု ဖြေဆိုလိုရင်း ဖြစ်သည်။

ဤအရာ၌ အလောင်းတော် သုမေဓာရှင်ရသေ့ ဆင်ခြင်တော်မူသောအခါ ဤအစဉ်အတိုင်းထင်လာခြင်း၊ ဤအစဉ်အတိုင်း ဆောက်တည်တော်မူခြင်း၊ ဘုရားဖြစ်သောအခါ ဤအစဉ်အတိုင်း ဟောတော်မူခြင်းတို့၏ အကျယ်ဝိတ္ထာရ အကြောင်းကို တပေါင်းတည်း ပြဆိုဦးအံ့····၊

ထိုပါရမီဆယ်ပါးတို့တွင် ဒါနသည် သီလအား အထူးသဖြင့် ကျေးဇူးပြု၏၊ (ပင်ကိုယ်က ဒုဿီလပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ သားရှင်ပြုသည့်အလှူရှင် ဖြစ်လာသောအခါ ထိုသူကား အလွယ်နှင့်ပင် သီလဆောက်တည်လေတော့သည်။)ပါရမီမှု ဆယ်ပါးတို့ အနက် ဒါနမှုကို ပြုရန်လွယ်ကူ၏၊ (သီလဆောက်တည်ရန် ခဲယဉ်းသောသူပင် ဖြစ်စေကာမူ ဒါနမှုပြုရန်ကား လွယ်ကူတတ်သည်၊) ဤအကြောင်းများကြောင့် ရှေးဦးစွာ ဒါနကို ဟောတော်မူသည်။

WWW.DHAMMARANSI.COM



သီလဖြင့် သိမ်းဆည်းအပ်သည့်ဒါန (အခြေခံသီလပါရှိသော ဒါန)ဖြစ်မှ အကျိုးများသောကြောင့် ဒါန၏အခြားမဲ့၌ သီလကို ဟောတော်မူသည်။

နေက္ခမ္မဖြင့် သိမ်းဆည်းအပ်သော သီလ (နေက္ခမ္မအခြေခံ အကြောင်းပါရှိသောသီလ) ဖြစ်မှသာ အကျိုးများသောကြောင့် သီလ၏အခြားမဲ့၌ နေက္ခမ္မကို ဟောတော်မူသည်။

ဤနည်းအတူ····နေက္ခမ္မမှာလည်း ပညာအခြေခံပါရှိသော နေက္ခမ္မဖြစ်မှ အကျိုးများသည်၊ (တောသို့ထွက်၍ ရဟန်းပြုနေစေကာမူ ပညာအလုပ်ကို မလုပ်က အကျိုးမကြီး၊ အရင်းကြီး၍ အမြတ်နည်းသည်နှင့် တူလှ၏။) ပညာသည်လည်း ဝီရိယအခြေခံပါရှိမှ အကျိုးများသည်၊ (ပညာပင်ရှိသော်လည်း ဝီရိယည့်ဖျင်း အပျင်းထူနေလျှင် အကျိုးမကြီးနိုင်။)ဝီရိယသည်လည်း ခန္တီအခြေခံပါရှိမှ အကျိုးများသည်၊ ခန္တီသည်လည်း သစ္စာအခြေခံပါရှိမှ၊ သစ္စာသည်လည်း အဓိဋ္ဌာန်အခြေခံပါရှိမှ၊ အဓိဋ္ဌာန်သည်လည်း မေတ္တာအခြေခံပါရှိမှ၊မေတ္တာသည်လည်း ဥပေက္ခာအခြေခံပါရှိမှ အကျိုးများနိုင်သည်။ ထို့ကြောင့် နေက္ခမ္မ၏ အခြားမဲ့၌ ပညာ၊ ပညာ၏အခြားမဲ့၌ ဝီရိယ၊ ဝီရိယ၏အခြားမဲ့၌ ခန္တီ၊ ခန္တီ၏အခြားမဲ့၌ သစ္စာ၊ သစ္စာ၏အခြားမဲ့၌ အဓိဋ္ဌာန်၊ အဓိဋ္ဌာန်၏အခြားမဲ့၌ မေတ္တာ၊ မေတ္တာ၏အခြားမဲ့၌ ဥပေက္ခာကို ဟောတော်မူသည်။

ဥပေက္ခာသည် ကရုဏာအခြေခံပါရှိမှ အကျိုးကြီးနိုင်၏၊ အလောင်းတော်ကြီးများမှာ မဟာကရုဏာ တည်းဟူသော အခြေခံ အကြောင်းရင်းတရားကြီးနှင့် ရှေးဦးကပင် ပြည့်စုံပြီးသူများ ဖြစ်ကြသည်။

## မဟာကရုဏာနှင့် ဥပေက္ခာအတွက် မေးဖွယ်

ဘုရားအလောင်းတော်ကြီးများသည် သတ္တဝါတို့၌ အလွန်ကြင်နာ သနားတတ်သောမဟာကရုဏာရှင်ကြီးများ ဖြစ်တော်မူကြလျက် ဘယ်လိုနည်းဖြင့် လျစ်လျူရှုတော်မူကြပါသနည်းဟူ၍ မေးဖွယ်ရှိ၏။

WWW.DHAMMARANSI.COM



**(ကေစိ ဆရာတို့ဖြေပုံ)** လျစ်လျူရှုကြသည် ဆိုသော်လည်း အရာရာတိုင်း အခါခပ်သိမ်း လျစ်လျူရှုကြသည်မဟုတ်၊ လျစ်လျူရှုအပ်သော အရာတို့၌ လျစ်လျူရှုသင့်သော အခါများမှာသာ လျစ်လျူရှုတော်မူကြသည်ဟူ၍ အချို့သော (ကေစိ) ဆရာတို့က ဖြေကြသည်။

**(အပရေဆရာတို့ဖြေဆိုပုံ)** တပါးသော (အပရေ) ဆရာတို့ကမူ "သတ္တဝါတို့၌ လျစ်လျူရှုခြင်းမဟုတ်၊ သတ္တဝါတို့ ပြုအပ်သည့် ဖောက်ပြန်မှုတို့၌သာ လျစ်လျူရှုခြင်းဖြစ်သည်၊ သို့ဖြစ်၍ မဟာကရုဏာနှင့် ဥပေက္ခာ ပါရမီတော်တို့ ဆန့်ကျင်ခြင်း မရှိ" ဟူ၍ ဖြေဆိုတော်မူကြသည်။

## (တနည်း) ပါရမီဆယ်ပါး စဉ်ပုံအကျယ်

(၁) ဒါနသည် များစွာသော လူတို့၌ပင် ဖြစ်နိုင်ရကား ခပ်သိမ်းသော သတ္တဝါတို့နှင့် သက်ဆိုင်သောကြောင့်ငင်း....၊ အထက်ဖြစ်သည့် သီလစသည်တို့လောက် အကျိုးမကြီးသော ကြောင့်ငင်း....၊ ပြုလုပ်ရန် လွယ်ကူသောကြောင့်ငင်း....ဒါနကို ရှေးဦးစွာ ဟောတော်မူသည်။

(၂) သီလ ရှိမှသာလျှင် အလှူပေးပုဂ္ဂိုလ် အလှူခံ ပုဂ္ဂိုလ် နှစ်ဦးလုံး စင်ကြယ်နိုင် (အကျိုးကြီးနိုင်) သောကြောင့်ငင်း....၊ (ပေးကမ်းခြင်းတည်းဟူသော) သူတပါးအား ချီးမြှောက်ကြောင်း တရားကို ဟောကြားပြီးလျှင် (သူ့အသက်ကို သတ်ခြင်းစသည်မှ ရှောင်ကြဉ်ခြင်းတည်းဟူသော) သူတပါးကိုနှိပ်စက်ခြင်းမှဆုတ်နစ် (ရှောင်ကြဉ်) ကြောင်းတရားကို ဟောတော်မူလိုသောကြောင့် ငင်း....၊ ဒါနကား ပြုလုပ်ရမည်ကို ဖော်ပြသောတရားဖြစ်သည်၊ သီလကား မပြုမလုပ် ရှောင်ကြဉ်ရန်ကို ဖော်ပြသော တရားဖြစ်သည်၊ သို့ရကား လိုက်နာပြုကျင့်ရမည့် တရားကို ဟောကြားပြီးလျှင် မပြုမလုပ် ရှောင်ကြဉ်ရန်တရားကို ဟောကြားတော်မူလိုသောကြောင့်ငင်း ....၊ဒါနကား စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်း (ဘောဂသမ္ပတ္တိ)၏ အကြောင်းဖြစ်သည်၊ သီလကား လူ့ဘဝ နတ်ဘဝ တည်းဟူသော ဘဝသမ္ပတ္တိ၏ အကြောင်းတရားဖြစ်

WWW.DHAMMARANSI.COM



သည်၊ သို့ရကား ဘောဂသမ္ပတ္တိ၏ အကြောင်းကို ဟောပြီးလျှင် ဘဝသမ္ပတ္တိ၏ အကြောင်းကို ဟောတော်မူလိုသောကြောင့်ငှင်း.... ဒါန၏ အခြားမဲ့၌ သီလကို ဟောတော်မူသည်။

(၃) နေက္ခမ္မဖြင့် သီလ၏ ပြည့်စုံခြင်း ပြီးမြောက်နိုင်သော ကြောင့်ငှင်း....၊ (သီလဖြင့်) ကာယသုစရိုက် ဝစီသုစရိုက်တို့ကို ဟောကြားပြီးလျှင် (နေက္ခမ္မဖြင့်) မနောသုစရိုက်ကို ဟောကြား တော်မူလိုသောကြောင့်ငှင်း....၊ သီလစင်ကြယ်သူအား လွယ်ကူစွာ ပင် ဈာန်တရား (နေက္ခမ္မ)နှင့် ပြည့်စုံနိုင်သောကြောင့်ငှင်း....၊ (သီလဖြင့် အကုသိုလ်ကံတည်းဟူသော အပြစ် ကမ္မာပရာဓကို ပယ်သတ်နိုင်သည်၊ ယင်းသို့ ပယ်သတ်ခြင်းဖြင့် ထိုပုဂ္ဂိုလ်၏ ကာယပယောဂ ဝစီပယောဂတည်းဟူသော ကိုယ်နှင့်ဆိုင်ရာ အားထုတ်မှု နှုတ်နှင့်ဆိုင်ရာအားထုတ်မှု အဝဝတို့၏ စင်ကြယ် ခြင်းတည်းဟူသော ပယောဂသုဒ္ဓိ ဖြစ်နိုင်သည်။ နေက္ခမ္မဖြင့် ကိလေသာတည်းဟူသော အပြစ် ကိလေသာပရာဓကို ပယ်သတ် နိုင်သည်၊ ယင်းသို့ ပယ်သတ်ခြင်းဖြင့် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အတွင်းအာသယဓာတ်ခံများ ကင်းရှင်း၍ ဝိပဿနာဉာဏ် ကမ္မဿကတာဉာဏ်တည်းဟူသော ဉာဏ်ပညာ အာသယ အတွင်းဓာတ်ခံ၏ စင်ကြယ်ခြင်း တည်းဟူသော အာသယသုဒ္ဓိ ဖြစ်နိုင်သည်၊) သို့ရကား သီလဖြင့်ပယောဂသုဒ္ဓိကို ပြဆိုပြီးလျှင် နေက္ခမ္မဖြင့် အာသယသုဒ္ဓိကို ဟောတော်မူလိုသော ကြောင့်ငှင်း....၊ သီလဖြင့် ဝီတိက္ကမကိလေသာကို ပယ်သတ်ပြီး ဖြစ်သူမှ နေက္ခမ္မဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်နိုင်ကြောင်း ပြတော်မူလိုသောကြောင့်ငှင်း သီလ၏ အခြားမဲ့၌ နေက္ခမ္မကို ဟောတော်မူသည်။

(၄) ပညာဖြင့် နေက္ခမ္မ၏ ပြီးမြောက်မှု စင်ကြယ်နိုင်သော ကြောင့်ငှင်း....၊(နေက္ခမ္မအဝင်အပါ) ဈာန်မရှိလျှင် ပညာမရှိနိုင် ကြောင်း ဟောတော်မူလိုသောကြောင့်ငှင်း....၊နေက္ခမ္မဖြင့် သမထ နိမိတ်ကို ဟောတော်မူပြီးလျှင်၊ ပညာဖြင့် ဥပေက္ခာနိမိတ်ကို ဟောတော်မူလိုသောကြောင့်ငှင်း....၊ နေက္ခမ္မဖြင့် သူတပါး၏

WWW.DHAMMARANSI.COM



အစီးအပွါးကို စူးစိုက်ဆင်ခြင်နိုင်မှ ပညာဖြင့် သူတပါးအကျိုး ဖြစ်ကြောင်းကို ပြုလုပ်နိုင်သည့် ဥပါယကောသလ္လဉာဏ် ဖြစ်ပွါးနိုင်သည်ကို ပြတော်မူလိုသောကြောင့်ဝင်း နေက္ခမ္မ၏ အခြားမဲ့၌ ပညာကို ဟောတော်မူသည်။

(၅) ဝီရိယကို ကြိုးစားအားသစ်ခြင်းဖြင့် ပညာကိစ္စပြီးနိုင်သောကြောင့်ဝင်း...၊ ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သုဉ်းသည့် သဘာဝ ဓမ္မ အစစ်အမှန်ကို စူးစိုက်ကြည့်ရှုတတ်သည့် ပညာကို ဟောပြီး လျှင် သတ္တဝါတို့အစီးအပွါးဖြစ်ဖို့ရန် အားသစ်ခြင်းဝီရိယ၏အဖွံ့ဖွယ် ရှိသည်၏ အဖြစ်ကို ပြတော်မူလိုသောကြောင့်ဝင်း....၊ဥပေက္ခာ နိမိတ်ကို ဟောပြီးလျှင် ပဂ္ဂဟနိမိတ်ကို ဟောတော်မူလိုသော ကြောင့်ဝင်း....၊ (ပညာဖြင့် ဆင်ခြင်ပြီး လုံ့လကြိုးကုတ် အားထုတ်မှသာ အကျိုးထူးကို ရနိုင်သည်၊) သို့ရကား စူးစမ်း ဆင်ခြင်မှုပြုခြင်းကို ဟောပြီးလျှင် ထကြွလုံ့လကို ဟောတော်မူလို သောကြောင့်ဝင်း ပညာ၏အခြားမဲ့၌ ဝီရိယကို ဟောတော် မူသည်။

(၆) (ဝီရိယရှိသူမှသာ ကျရောက်တွေ့ကြုံသမျှသော ဒုက္ခကို ခံနိုင်ရည်ရှိသည်၊) သို့ရကား ဝီရိယရှိမှ သည်းခံခြင်း (ခန္တီ) ပြီးမြောက်နိုင်သောကြောင့်ဝင်း....၊ (ဝီရိယကင်းသည့် လူပျင်း၏ မနိုင်၍ သည်းခံရခြင်းသည် မတင့်တယ်ပေ၊ ဝီရိယရှိသူ၏ မိမိက နိုင်နိုင်ပါလျက် သည်းခံခြင်းကသာ တင့်တယ်သည်၊) သို့ရကား ဝီရိယသည် ခန္တီ၏ အဆင်တန်းဆာသဖွယ် ဖြစ်သောကြောင့် ဝင်း....၊ပဂ္ဂဟနိမိတ်ကို ဟောပြီးလျှင် သမထနိမိတ်ကို ဟောတော် မူလိုသောကြောင့်ဝင်း....၊ (ဝီရိယလွန်လျှင် ဥဒ္ဓစ္စ ဖြစ်တတ်သည်၊ ထိုဥဒ္ဓစ္စတည်းဟူသောအပြစ်ကို ဓမ္မနိဇ္ဈာနက္ခန္တီကသာ ပယ်နိုင် သည်၊) သို့ရကား ဝီရိယလွန်ခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် ဥဒ္ဓစ္စအပြစ်ကို ပယ်နိုင်ကြောင်းတရားကို ဟောတော်မူလိုသော ကြောင့်ဝင်း....၊(သည်းခံခြင်း ခန္တီတရားများသောသူမှသာ ဥဒ္ဓစ္စ မဖြစ်ပဲ ကုသိုလ်တရားတို့ကို အမြဲမပြတ် အားထုတ်နိုင်သည်၊) သို့ရကား ဝီရိယရှိသောသူ၏ အမြဲမပြတ် အားထုတ်နိုင်မည့်

WWW.DHAMMARANSI.COM



အကြောင်းကို ပြတော်မူလိုသောကြောင့်ငှင်း....၊ (ဓမ္မနိဇ္ဈာနက္ခန္တိ* တရား မရှိပဲနှင့် သူတပါး၏အကျိုးကို အားထုတ်လျှင် ထိုသူ့ ထံမှ ကျေးဇူးတုံ့ပြန်မှုကို လိုလားသည့် လောဘ ဖြစ်တတ်သည်၊ ထိုဓမ္မနိဇ္ဈာနက္ခန္တိတရားရှိမှ လောဘမဖြစ်ပဲ ကျေးဇူးသက်သက်ကို ပြုနိုင်သည်၊) သို့ရကား အပ္ပမာဒတရား လက်ကိုင်ထားသူ၏ သူတပါးအကျိုးစီးပွါးကို အားထုတ်ရာ၀ယ် ထိုကျေးဇူးပြုခံပုဂ္ဂိုလ် ထံမှ တုံ့ပြန်၍ ကျေးဇူးဆပ်မှုကို တောင့်တတတ်သည့် တဏှာ လောဘ မဖြစ်နိုင်ကြောင်းတရားကို ပြတော်မူလိုသောကြောင့် ငှင်း....၊ (စူဠဓမ္မပါလဇာတ် စသည်ကို ထောက်ဆ၍) အလောင်း တော်ကြီးများသည် သူတပါးအကျိုးကို သည်ပိုးအားထုတ်မှု မပြုရသောအခါမျိုး၌လည်း သူတပါးတို့က ပြုအပ်သည့် ဒုက္ခကို သည်းခံတော်မူကြောင်း ပြတော်မူလိုသောကြောင့်ငှင်း ဝီရိယ၏ အခြားမဲ့၌ ခန္တီကို ဟောတော်မူသည်။

(၇) (သစ္စာရှိမှ ကြာရှည်စွာ သည်းခံနိုင်သည်၊) သို့ရကား သစ္စာဖြင့် ခန္တီတရားကြာမြင့်စွာ တည်နိုင်သောကြောင့်ငှင်း....၊ (တိံသနိပါတ် (၆)ခုမြောက်မဟာကပိဇာတ်တော်၌အလောင်း တော်မျောက်မင်းသည် ချောက်အတွင်း ကျနေသော ပုဏ္ဏားကို ကယ်တင်တော်မူပြီးနောက် ပင်ပန်းလှသဖြင့် ထိုပုဏ္ဏား၏ ရင်ခွင်၌ အပန်းဖြေ တမှိတ်မျှ စိတ်ချ၍ အိပ်စက်တော်မူစဉ် ထိုပုဏ္ဏား လူ့ပျက် ကျောက်တုံးဖြင့် ထုနှက်သည်ကို အမျက်ထွက်ခြင်းမရှိ သည်းခံတော်မူချိ၍ ထိုပုဏ္ဏားကိုပင် သစ် ကျား ခြင်္သေ့စသော သားရဲတို့ဘေးမှ လွတ်အောင် သစ်တပင်မှ တပင်သို့ ကူးလျက် သွေးစက်ဖြင့် လမ်းပြ၍ တော၀ရောက်အောင်ပင် ကယ်တင် လိုက်သည်များကို ထောက်ဆ၍) ဘုရားအလောင်းတော်များသည် သူတဦးက ကျေးဇူးမဲ့ ပြုသော်လည်း ထိုပြုမှားချက်ကို သည်းခံ တော်မူပြီးလျှင် မူလဗျာဒိတ်ခံစဉ် ဘုရားဆုပန်စဉ်က "သတ္တ၀ါ တို့ကို ကယ်တင်မည်" ဟူသော ၀န်ခံကြိစည်ချက်ကို မချွတ်ယွင်း

---

* တရားသဘောတို့ကို အမှန်အတိုင်း ရှုးစိုက် ကြည့်ရှုနိုင်စွမ်းသော ဉာဏ်ကို ဓမ္မနိဇ္ဈာနက္ခန္တိ ခေါ်၏။

WWW.DHAMMARANSI.COM



စေပဲ ထိုပြစ်မှားသူ၏ ကျေးဇူးကိုပင် ပြုတော်မူလေ့ရှိသည်၊ သို့ရကား ပြစ်မှားသောသူ၏ အပေါ်၌ သည်းခံတတ်သောတရားကို ဟောကြားတော်မူပြီးလျှင် ထိုပြစ်မှားသူအား ကျေးဇူးပြုခြင်း၌ (ဘုရားဆုပန်စဉ်က ကြံခဲ့သည့် အတိုင်း) မချွတ်မယွင်း မှန်ကန်သည်ကို ပြတော်မူလိုသောကြောင့်ငှင်း····၊ အလောင်းတော်ကြီးများမှာ ခန္တီတရားဖြင့် သူတပါးတို့က အလွဲလွဲ အမှားမှား ပြောကြားသော်လည်း ဖောက်ပြန်တုန်လှုပ်ခြင်း မရှိကြပဲ၊ မိမိအတွက်မူ အမှန်တခုကိုသာ ပြောကြားလေ့သဘောကို ဘယ်သောအခါမှ မစွန့်လွှတ်ကြကြောင်းကိုပြတော်မူလိုသောကြောင့်ငှင်း ···၊ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်သုဉ်းသည့် သဘာဝဓမ္မ အစစ်အမှန်ကို စူးစိုက် ကြည့်ရှုစွမ်းနိုင်သော (ဓမ္မနိဇ္ဈာန) ခန္တီကို ဟောတော်မူပြီးလျှင် ထိုခန္တီဖြင့် ပွါးတိုးစေအပ်သော ဉာဏသစ္စာကို ဟောတော်မူလိုသောကြောင့်ငှင်း ခန္တီ၏အခြားမဲ့၌ သစ္စာကို ဟောတော်မူသည်။

(၈) အသက်ပင်သေစေကာမူ အမှန်ကိုသာ ငါပြောအံ့ဟု မတုန်မလှုပ် ဆောက်တည်ချက်ရှိသူမှသာ သစ္စဝါစာ ပြီးမြောက်ပြည့်စုံနိုင်ရကား အဓိဋ္ဌာန်မြဲဖြင့် သစ္စာပြည့်စုံ ပြီးမြောက်နိုင်သောကြောင့်ငှင်း····၊ မချွတ်မယွင်း မှန်ကန်မှု သစ္စာကို ဟောတော်မူပြီးလျှင် ထိုသစ္စာမှု၌ အလောင်းတော်ကြီးများ ရွေ့ရှားတုန်လှုပ်ခြင်းမရှိသည်ကို ပြတော်မူလိုသောကြောင့်ငှင်း····၊အမှန်အတိုင်း သိမြင်သည့် (ယထာဘူတ) ဉာဏ်ရှိသူမှသာ ပါရမီတို့ကို ကြံကြံ ဆောက်တည်နိုင် ဆောက်တည်သည့်အတိုင်းလည်း အပြီးရောက်ဖြည့်ကျင့်နိုင်ရကား ဉာဏသစ္စာကို ဟောတော်မူပြီးလျှင် ထိုဉာဏသစ္စာ၏ အကျိုးဖြစ်သည့် ပါရမီ အဆောက်အဦတို့၌ ဖြစ်စေနိုင်ကြောင်း အပြီးရောက် ပြည့်မြောက်စေနိုင်ကြောင်း တရားကို ပြတော်မူလိုသောကြောင့်ငှင်း သစ္စာ၏ အခြားမဲ့၌ အဓိဋ္ဌာနကို ဟောတော်မူသည်။

(၉) မေတ္တာဘာဝနာကို ပွါးများမှသာ သူတပါးအကျိုးကို ပြုလုပ်ရန် ဆောက်တည်ချက် အဓိဋ္ဌာန် ပြီးနိုင် ပြည့်စုံနိုင်သော

WWW.DHAMMARANSI.COM



ကြောင့်ရင်း....၊ (ပါရမီတရားတို့ကို ဆောက်တည်တော်မူကြသော အလောင်းတော်ကြီးများသည် မေတ္တာဖြင့်သာ အများအားဖြင့် နေလေ့ရှိကြ၏၊) သို့ရကား ဆောက်တည်ချက် အဓိဋ္ဌာန်ကို ဟော တော်မူပြီးလျှင် ဆောက်တည်သည့်အတိုင်း သူတပါး၏စီးပွါးကို ရွက်ဆောင်တတ်သည့် တရားကို ပြတော်မူလိုသောကြောင့်ရင်း....၊ အဓိဋ္ဌာန်ဖြင့် ကြံ့ကြံ့ဆောက်တည်ခြင်း ရှိသူအား မေတ္တာဖြင့် ကုသိုလ်တရားတို့ကိုအရယူမှု ဖြစ်နိုင်သောကြောင့်ရင်း အဓိဋ္ဌာန်၏ အခြားမဲ့၌ မေတ္တာကို ဟောတော်မူသည်။

(၁၀) (ဥပေက္ခာမဖက် မေတ္တာချည်းသက်သက် ပွါးနေလျှင် မေတ္တာအယောင်ဆောင်၍ တဏှာလောဘက လှည့်ပတ်တတ် သည်၊ ရံခါရံခါ ဥပေက္ခာကိုလည်း လေ့လာပွါးများမှ လောဘ မဝင်နိုင် မလှည့်ပတ်နိုင်ပဲရှိသည်၊) သို့ရကား ဥပေက္ခာဖြင့် စင် ကြယ်သည့် မေတ္တာဖြစ်နိုင်သောကြောင့်ရင်း....၊ (အလောင်း တော်ကြီးများသည် မေတ္တာဖြင့် သတ္တဝါတို့၌ အကျိုးစီးပွါးကို ရွက်ဆောင်တော်မူပြီးလျှင်၊ ဥပေက္ခာဖြင့် ထိုသူတို့က မိမိအပေါ်၌ ပြစ်မှားသမျှကို အပြစ်မပြု လျစ်လျူရှုတော်မူကြသည်၊) သို့ရကား သတ္တဝါတို့၌ အစီးအပွါး ရွက်ဆောင်ကြောင်းတရားကို ဟော တော်မူပြီးလျှင် ထိုသတ္တဝါတို့ ပြုမှားသော အပြစ်များ၌ လျစ်လျူရှု နိုင်ကြောင်းတရားကိုဟောတော်မူလိုသောကြောင့်ရင်း....၊မေတ္တာ ဘာဝနာကို ပွါးပြီးမှသာ ဥပေက္ခာဘာဝနာကို ပွါးများ အောင် မြောက်နိုင်သည်၊ သို့ရကား မေတ္တာဘာဝနာကို ဟောတော်မူပြီး လျှင် ထိုမေတ္တာဘာဝနာ၏ အကျိုးဆက်ကို ပြတော်မူလိုသော ကြောင့်ရင်း....၊ "အကျိုးလိုလားသည့် သတ္တဝါတို့ကိုပင်သော် လည်း လျစ်လျူရှုနိုင်ပေ၏" ဟု အံ့ဖွယ်ရှိသည့်ဂုဏ်ကို ပြတော် မူလိုသောကြောင့်ရင်း မေတ္တာ၏အခြားမဲ့၌ ဥပေက္ခာကို ဟော တော်မူသည်။

ပါရမီဆယ်တိုက်၊ ကုသိုလ်မြိုက်တို့၊ထိုက်သည့်အလျောက်၊ပံ့ရှောက် ဆက်သွယ်၊ ကြောင်းကျိုးနွယ်၍၊ ဟိုနှယ်သည်ရောက်၊ ကမောက္ကမ၊ မဟောပြပဲ၊ လောကထိပ်တင်၊ဒိုရှင်ပင်၊ ကြည်အစဉ်ဖြင့်ဟောသတည်း။

WWW.DHAMMARANSI.COM



## (၅) ပါရမီတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

ဤအခဏ်း၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့၏ သဘောကို ရှေးဦးစွာ ဖော်ပြပြီးလျှင်၊ ပါရမီတို့၏ တရားကိုယ် အရကောက်နှင့်တကွ ထိုလက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ပေါင်း၍၎င်း တပါးစီ၎င်း ဖော်ပြပေအံ့....၊

ပရမတ္ထ သဘာဝဖြစ်သော နာမ်ရုပ်တရားနှစ်ပါးတို့၌ တရားတမျိုးတမျိုးအတွက် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် လေးချက်တို့ဖြင့် သိမ်းဆည်း ဆင်ခြင် သိမြင်နိုင်မှ ဒိဋ္ဌိဝိသုဒ္ဓိခေါ်သည့် အတ္တဒိဋ္ဌိမှ စင်ကြယ်သော အသိဉာဏ်ဖြစ်နိုင်သည်။ ထို့အတူ ဤပါရမီအရာ၌လည်း ပါရမီဆယ်ပါးလုံး ပေါင်း၍၎င်း တပါးစီ တပါးစီ ခွဲ၍၎င်း လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဤလေးချက်တို့ဖြင့် သိမ်းဆည်း ဆင်ခြင် သိမြင်မှ ပါရမီအရာ၌ အသိဉာဏ် စင်ကြယ်မည် ဖြစ်သောကြောင့် ထိုလေးချက်ကို ကျမ်းဂန်တို့၌ ပြဆိုခြင်း ဖြစ်သည်။ ထိုတွင်—

**လက္ခဏာ**ဟူသည်ကား....(သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။ ။ဓမ္မာနံ၊ပရမတ္ထတရားတို့၏။ သာမညံဝါ၊ အများနှင့်သက်ဆိုင်သော အမှတ်အသားကို၎င်း။သဘာဝေါဝါ၊ အများနှင့်မဆိုင် ကိုယ်ပိုင်သီးခြား အမှတ်အသားကို၎င်း။ လက္ခဏံ၊လက္ခဏာဟူ၍။ မတံ၊သိအပ်၏။ ဟူသော အင်္ဂုတ္တရဋီကာ ဂါထာအတိုင်း)တရားအများနှင့် ဆက်ဆံသက်ဆိုင်သည့် သာမညအမှတ်အသားကို၎င်း၊ တရားအများနှင့် မဆက်ဆံ မသက်ဆိုင်ပဲ တရားတပါးတပါး၏သာ ဥစ္စာဖြစ်သည့် ဝိသေသအမှတ်အသားကို၎င်း လက္ခဏာဟူ၍ခေါ်သည်။ ။(ဥပမာ၊ပထဝီဓာတ်တည်းဟူသော ရုပ်တရား၌ ဖောက်ပြန်ခြင်းတည်းဟူသောအမှတ်အသား မမြဲခြင်း ဆင်းရဲခြင်း မစိုးပိုင်ခြင်း တည်းဟူသော အမှတ်အသားများသည် အများနှင့် သက်ဆံသက်ဆိုင်သည့် အမှတ်အသားဖြစ်၍၊ခက်မာမှု

WWW.DHAMMARANSI.COM



သဘောကား အများနှင့် မဆက်ဆံ မသက်ဆိုင် ပထဝီဓာတ် တပါး၏သာ ကိုယ်ပိုင် ဥစ္စာဖြစ်သည့် ဝိသေသ အမှတ်အသား ဖြစ်သည်။)

မဆက်ဆံက၊ သဘာဝမှန်၊ သာမန်ဇာတ်ယူ၊ ဤနှစ်ဆူ၊ လက္ခဏာဟု ယူ။

**ရသ**ဟူသည်ကား....(ကိစ္စံ ဝါ တသာ သမ္ပတ္တိ၊ ရသောတိ ပရိ-ဒီပယေ။ ။တဿ၊ ထိုပရမတ္ထတရား၏။ ကိစ္စံဝါ၊ ပြုလုပ်ရမည့် အလုပ်ကိစ္စကိုရင်း။သမ္ပတ္တိဝါ၊ အကြောင်းကုံလုံ ပြည့်စုံစွာဖြစ်ခြင်း ကိုရင်း။ရသောတိ၊ ရသဟူ၍။ ပရိဒီပယေ၊ ပြရာ၏။ ဟူသော အဋ္ဌကထာအတိုင်း)ထိုထိုပရမတ္ထ တရားတို့၏ ထင်ရှားသော အလုပ် ကိစ္စ၊ အကြောင်းကုံလုံ ပြည့်စုံစွာဖြစ်ခြင်း ဟူသော သမ္ပတ္တိ ဤ နှစ်ပါးကို ရသ ဟူ၍ ခေါ်သည်။

ကိစ္စဗျတ္တိ၊ သမ္ပတ္တိမှာ၊ မယုတ်ရာ၊ နှစ်ဖြာ ရသ ယူ။

**ပစ္စုပဋ္ဌာန်** ဟူသည်ကား....(ဖလံ ဝါ ပစ္စုပဋ္ဌာန-မုပဋ္ဌာနာ-ကာရောပိ ဝါ။ ။ဖလံဝါ၊ထိုထိုပရမတ္ထတရားတို့၏ အကျိုးကိုရင်း။ ဥပဋ္ဌာနာကာရောပိ ဝါ၊ ယောဂီတို့ဉာဏ်၌ ထင်လာသောအခြင်း အရာကိုရင်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန်ဟူ၍။ မတံ၊ သိအပ်၏။ ဟူသော အဋ္ဌကထာအတိုင်း) ပရမတ္ထတရားတို့ကို ယောဂီပုဂ္ဂိုလ် တို့ ဉာဏ်ဖြင့်သက်ဝင် နက်နက်နဲနဲ ဆင်ခြင်သောအခါ ထိုထို ပရမတ္ထတရား၏ သဘောဖြစ်စေ၊ ကိစ္စဖြစ်စေ၊ အကြောင်းဖြစ်စေ၊ အကျိုးဖြစ်စေ ထင်လာတတ်သည်၊ ထိုသို့ ယောဂီတို့၏ ဉာဏ်၌ ထင်မြင်လာသော သဘော ကိစ္စ အကြောင်း အကျိုး ဤလေးမျိုး တွင် တမျိုးမျိုးကို ပစ္စုပဋ္ဌာန်ဟူ၍ ခေါ်သည်။

သဘောကိစ္စ၊ အကြောင်းမျှသာ၊ ထင်လာသုံးမျိုး၊ အကျိုးတခု၊ ထင်လာမှု၊ ပစ္စုပဋ္ဌာန်ယူ။

**ပဒဋ္ဌာန်** ဟူသည်ကား....(အာသန္နကာရဏံ ယံ တု၊ပဒဋ္ဌာနန္တိ တံ မတံ။ ။ယံ အာသန္နကာရဏံ၊အကြင် နီးစွာသောအကြောင်း သည်။ အတ္ထိ၊ ရှိ၏။ တံ တု၊ ထိုနီးစွာသောအကြောင်းကိုကား။

WWW.DHAMMARANSI.COM



ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ မတံ၊သိအပ်၏။ ဟူသောအတိုင်း) ထိုထို ပရမတ္ထတရားတို့၏ နီးသောအကြောင်း ဝေးသောအကြောင်း နှစ်မျိုးရှိရာဝယ် နီးသောအကြောင်းကို ပဒဋ္ဌာန်ဟူ၍ခေါ်သည်။

အကျိုး၏သာ၊ ဗလဝါသန္န၊ ကာရဏ၊ ပဒဋ္ဌာနယူ။

**ဤအရာ၌** "ပါရမီဆယ်ပါးတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်တရားတို့ဖြစ်ပါသနည်း" ဟု မေးသင့်၏။

(**အဖြေကား**....) ပါရမီဆယ်ပါးလုံးနှင့် သက်ဆိုင်သော လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား (၁) ပါရမီဆယ်ပါး လုံးပင် သူတပါးတို့ကို ချီးမြှောက်ခြင်း အမှတ်အသား လက္ခဏာ ရှိကုန်၏။ (၂) သူတပါးတို့အား ကျေးဇူးပြုခြင်း ကိစ္စ ရသ ရှိကုန်၏။ (တနည်း) မတုန်လှုပ်ခြင်း သမ္ပတ္တိ ရသ ရှိကုန်၏။ (၃) သတ္တဝါတို့၏ အစီးအပွါးကို လိုလားသော သဘောများ ပေဟု ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း (သဘာဝ) ပစ္စုပဋ္ဌာန် ရှိကုန်၏။ (တနည်း)ဘုရားဖြစ်ခြင်း ဟူသော (အကျိုး)ပစ္စုပဋ္ဌာန် ရှိကုန်၏။ မဟာကရုဏာ (တနည်း) ရှေးကဆိုခဲ့ပြီးသည့် မဟာ ကရုဏာနှင့် ဥပါယကောသလ္လဉာဏ် နှစ်ပါး တို့လျှင် နီးကပ်သော **အကြောင်း**ပဒဋ္ဌာန် ရှိကုန်၏။

ပါရမီ တပါး တပါးစီအတွက်သော်ကား—

(၁) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံ ပါရှိသည့် မိမိကိုယ်ပိုင် ပစ္စည်းများကို သူတပါးအား စွန့်ကြဲ ပေးကမ်း လှူဒါန်းကြောင်းဖြစ်သော စေတနာသည် ဒါနပါရမီ မည်၏။ ထိုဒါနပါရမီသည် (က) စွန့်လှူခြင်း အမှတ်အသား လက္ခဏာရှိ၏။ (ခ) လှူဖွယ် ဝတ္ထုတို့၌ တပ်မက် ငြိကပ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရသရှိ၏။ (ဂ) ထိုလှူဖွယ်ဝတ္ထုတို့၌ မငြိကပ် မတွယ်တာခြင်းသဘောပင် ဖြစ်သည်ဟု ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း (သဘာဝ) ပစ္စုပဋ္ဌာန်ရှိ၏။ (တနည်း) ဘဝ၏ ပြည့်စုံခြင်း စည်းစိမ် ဥစ္စာ၏ ပြည့်စုံခြင်း တည်းဟူသော

WWW.DHAMMARANSI.COM



အကျိုးကို ဖြစ်စေမှု (ဖလ) ပစ္စုပ္ပဋ္ဌာန်ရှိ၏။ (ဃ) လျှဖွယ်ဝတ္ထုရှိမှ ဒါနဖြစ်နိုင်သောကြောင့် ထိုဒါနပါရမီသည် လှူဖွယ်ဝတ္ထုလျှင် နီးကပ်သောအကြောင်း ပဒဋ္ဌာန်ရှိ၏။

လူတယောက် (သို့မဟုတ်) ပစ္စည်းဝတ္ထု တခုခု၏ အကြောင်းအရာကို လေ့လာ သိရှိလိုလျှင် ထိုလူ ထို ဝတ္ထု၏(က) အများနှင့် သက်ဆိုင်သော အမှတ်အသား အများမဆိုင် တဦးတည်းပိုင် သီးခြားအမှတ်အသားတည်း ဟူသော လက္ခဏာ၊ (ခ) ထိုလူ ထိုဝတ္ထု၏ အလုပ်ကိစ္စ (သို့မဟုတ်)အကြောင်းစေ့စုံ ဖြစ်ပုံတည်းဟူသော ရသ၊ (ဂ)ထိုလူ ထိုဝတ္ထု၏ အကျိုး (သို့မဟုတ်)စိတ်ထဲ၌စွဲမှတ် လောက်သည့် အခြင်းအရာတည်းဟူသော ပစ္စုပ္ပဋ္ဌာန်၊ (ဃ) ထိုလူ ထိုဝတ္ထု၏ အနီးကပ်ဆုံးသော အကြောင်း ပဒဋ္ဌာန် ဤလေးချက် ပိုင်ပိုင်နိုင်နိုင် လေ့လာ သိရှိမှသာ အပြည့်အစုံ လေ့လာသိရှိသည်မည်သကဲ့သို့၊ ဒါနပါရမီ အရာ၌လည်း....ဒါနဟူသည်မှာ စွန့်လှူခြင်း လက္ခဏာ အမှတ်အသားရှိသည့် တရားဖြစ်သည်၊ လှူဖွယ်ဝတ္ထုတို့၌ တပ်မက်သော လောဘကို ဖျက်ဆီးမှုအလုပ်ကို ပြုလုပ် တတ်သော တရားဖြစ်သည်၊ ယောဂီပုဂ္ဂိုလ်တို့ စေ့စေ့ ငုငု ဆင်ခြင်ကြည့်ရှုလျှင် လှူဖွယ်ဝတ္ထုတို့၌ မငြိကပ် မတွယ် တာသော သဘောပင် ဖြစ်သည်ဟု ဉာဏ်၌ ထင်လာ၏၊ (တနည်း) ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကို ဖြစ်စေ တတ်သော တရားဖြစ်သည်ဟု ဉာဏ်၌ ထင်လာ၏။လှူဖွယ် ဝတ္ထု၊ တည်းဟူသော အကြောင်းရှိမှ ဖြစ်နိုင်သော တရား ဖြစ်သည်ဟု အချက်ကြီး လေးချက်ဖြင့် လေးဖက်လေးတန် လေ့လာသိရှိမှ ဒါနပါရမီအတွက် အပြည့်အစုံ အစင် အကြယ် သိရှိသည်မည်၏။ (သီလပါရမီ အစရှိသည်တို့၌ လည်း ဤနည်းအတူပင်တည်း။)

(၂) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံ ပါရှိသည့် ကာယသုစရိုက် ဝစီသုစရိုက် တရားများ(တရားကိုယ်

WWW.DHAMMARANSI.COM



အားဖြင့် မပြုသင့်သော ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်သည့် ဝိရတီစေတသိက်များ ပြုသင့်သည့် ဝတ်ကြီး ဝတ်ငယ်စသည်ကို ပြုလုပ်ကြောင်းဖြစ်သည့် စေတနာ အစရှိသော တရားများ)သည် သီလပါရမီမည်၏။ ထိုသီလ ပါရမီသည် (က) ကိုယ်မှု နှုတ်မှုတို့ကို ဒုစရိုက်အနေဖြင့် ဖြစ်ခွင့်မပေးပဲ သုစရိုက်အနေ ဖြစ်စေသော အားဖြင့် ကောင်းစွာထားခြင်း လက္ခဏာ၊ ကုသိုလ်တရားတို့၏ မူလအကြောင်းရင်း ဖြစ်ခြင်းလက္ခဏာရှိ၏။ (ခ) ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက် လေးပါး တည်းဟူသော ဒုဿီလျ=(သီလပျက်စီးခြင်း) တရားကို ပယ်ရှား ဖျက်ဆီးခြင်း ကိစ္စရသရှိ၏၊ (တနည်း)အပြစ်ကင်းသောတရား မကွဲရှဲ မစက်ဆုပ်အပ်သော တရားအနေဖြင့် ဂုဏ်ထူးလောက်လုံ အပြည့်အစုံဖြစ်ခြင်း သမ္ပတ္တိရသရှိ၏။(ဂ)ကာယကံမှု ဝစီကံမှုတို့၏ စင်ကြယ်သော သဘောပင်ဟု ယောဂီတို့၏ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။(ဃ)ဟိရိဩတ္တပ္ပ တရားနှစ်ပါးလျှင် နီးကပ်သော အကြောင်းပဒဋ္ဌာန်ရှိ၏။

(၃) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ ဝတ္ထုကာမ ကိလေသကာမ ထိုထိုဘဝတို့၌ အပြစ်ကို မြင်သောဉာဏ် ရှေ့သွားရှိလျက် ထိုကာမဘဝတို့မှ လွတ်မြောက်လိုသော စိတ်စေတသိက် တရားစုသည် နေက္ခမ္မပါရမီမည်၏။ ထိုနေက္ခမ္မပါရမီသည် (က) ကာမဘဝတို့မှ ထွက်မြောက်ခြင်း လက္ခဏာရှိ၏။ (ခ) ထို ကာမဘဝတို့၏ အပြစ်ကို ထင်စွာဖော်ပြခြင်း ကိစ္စရသရှိ၏။ (ဂ) ထို ကာမဘဝတို့မှ မျက်နှာလွှဲသကဲ့သို့ ဖြစ်သော သဘော (ကာမ ဘဝတို့ကို ကျောခိုင်းတတ်သော သဘော)ဟု ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ) သံဝေဂဉာဏ်လျှင် နီးကပ်သောအကြောင်း ပဒဋ္ဌာန်ရှိ၏။

(၄) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် ထိုထိုတရားတို့၏ သာမညလက္ခဏာ ဝိသေသလက္ခဏာတို့ကို ထိုးထိုး ထွင်းထွင်း သိတတ်သော ပညာစေတသိက်သည် ပညာပါရမီမည်၏။ ထိုပညာပါရမီသည် (က) ဟုတ်မှန်သော သဘောကို ထိုးထွင်းသိမြင်ခြင်း လက္ခဏာရှိ၏၊(တနည်း)လိမ္မာ

WWW.DHAMMARANSI.COM



လှသောမြားသမား ပစ်လွှင့်လိုက်သောမြား၏ ရည်မှန်းရင်းစက်ခွက်ကို မချွတ်မယွင်း ဖောက်ထွင်း ထိမှန်ခြင်းကဲ့သို့ အာရုံ၏ သာမညလက္ခဏာ ဝိသေသလက္ခဏာတို့ကို မချော် မချွတ် ဖောက်ထွင်း သိမြင်ခြင်း လက္ခဏာရှိ၏။(ခ)ဆီမီးကဲ့သို့ အာရုံကို လင်းလင်းဖော်ပြခြင်း (အာရုံ၏ သဘောကို ဖုံးကွယ်တတ်သည့် မောဟ အမိုက်မှောင်ကို ဖျက်ဆီးပစ်ခြင်း) ကိစ္စရသ ရှိ၏။ (ဂ)တောအုပ်အလယ်၌ မျက်စိလယ်လမ်းမှား ဒုက္ခများနေသူကို လမ်းမှန်ကို ညွှန်ပြသော ယောက်ျားကဲ့သို့ အာရုံ၌ မတွေဝေသော သဘောပင် ဖြစ်သည်ဟု ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း (သဘာဝ)ပစ္စုပဋ္ဌာန်ရှိ၏၊(တနည်း)အာရုံ၌ တွေဝေမှု မောဟ၏ ကင်းရှင်းခြင်းအကျိုးကို ဖြစ်စေတတ်သည့်(ဖလ) ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ) သမာဓိလျှင် နီးကပ်သော အကြောင်း ပဒဋ္ဌာန်ရှိ၏၊ (တနည်း)သစ္စာလေးပါးလျှင် နီးကပ်သော အကြောင်းပဒဋ္ဌာန် ရှိ၏။

(၅) မဟာကရုဏာနှင့် ဉပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် ကိုယ်ရောစိတ်ပါ သူတပါးတို့ အကျိုးဖြစ်ကြောင်း စီးပွါးကောင်းတို့ကို အားထုတ်ခြင်း ဝီရိယသည် ဝီရိယပါရမီမည်၏၊ (အကျိုးဖြစ်ထွန်းစေနိုင်သည့် အကြောင်းကို ပါဠိလို"ဟိတ", မြန်မာလို"အစီးအပွါး"ဟူ၍ ခေါ်သည်), ထိုဝီရိယ ပါရမီသည် (က)အားထုတ်ခြင်း(အဆင်းရဲခံခြင်း)လက္ခဏာရှိ၏။ (ခ) မိမိနှင့် ဖြစ်ဖော် ဖြစ်ဖက် တရားတို့ကို ကုသိုလ်မှု၌ ရှော့ရဲရဲ မရှိအောင် ထောက်ပံ့အားပေးခြင်း ကိစ္စရသရှိ၏။(ဂ)ကုသိုလ်မှုတို့၌ဆုတ်နစ်တတ်သော ထိနမိဒ္ဓတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ မဆုတ်နစ်သော သဘောပင်ဟု ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ)သံဝေဂဉာဏ်(တနည်း)ဝီရိယာရမ္ဘဝတ္ထုရှစ်ပါးလျှင် နီးကပ်သောအကြောင်း ပဒဋ္ဌာန်ရှိ၏။

(ဇာတိ ဇရာ ဗျာဓိ မရဏ အပါယ ဘေးတို့ကို တွေးရှုံ ကြောက်လန့်သည့် ဩတ္တပ္ပဖြင့်ယှဉ်သော ဉာဏ်ကို သံဝေဂဉာဏ် ဟူ၍ ခေါ်သည်။)

WWW.DHAMMARANSI.COM



**ဝီရိယာရမ္ဘဝတ္ထု ရှစ်ပါးဟူသည်ကား....**

"ကမ္မ မဂ္ဂ၊ ဂေလညာ၊ ဗိဏ္ဍာ လေးနှစ်လီ။
ဝီရာရမ္ဘ၊ ဝတ္ထုပြ၊ အဋ္ဌ မှတ်လေဦး"—

ဟူသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ပရမတ္ထသရုပ (ကမ္မဋ္ဌာန်းပိုင်းလာ) လက်ာအတိုင်း ..နဝကမ္မနှင့်စပ်၍ နှစ်ပါး၊ ခရီးသွားခြင်းနှင့်စပ်၍ နှစ်ပါး၊ မမာမကျန်းမှုနှင့်စပ်၍ နှစ်ပါး၊ ဆွမ်းနှင့်စပ်၍ နှစ်ပါးဟူ၍ ဝီရိယာရမ္ဘဝတ္ထု = (ဝီရိယစိုက်ထုတ်ကြောင်း) ရှစ်ပါးကို သိရာ၏။ ထိုတွင်—

နဝကမ္မနှင့်စပ်၍ နှစ်ပါးဟူသော်ကား....(၁)ငါသည် သက်န်းချုပ်ခြင်းစသော နဝကမ္မကို ပြုလုပ်ရလိမ့်ဦးမည်၊ ထိုသို့ နဝကမ္မ ပြုလုပ်ခနသောအခါ မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းနိုင်ဖို့ မလွယ်ကူပေ၊ ယခုကပင် ကြိုတင်၍ ကြိုးစားထားနှင့်အံ့ ဟု ဆင်ခြင်ခြင်းတပါး။(၂) နဝကမ္မကို ပြုလုပ်ပြီးသောအခါ၌လည်း "ငါသည် နဝကမ္မကို ပြုလုပ်ပြီးလေပြီ၊ထိုသို့ နဝကမ္မကို ပြုလုပ်နေစဉ်တုန်းက မြတ်စွာဘုရားတို့၏ အဆုံးအမကို လုံးဝ နှလုံးမသွင်းနိုင်ခဲ့ပေ၊ ယခုမှပင် အတိုးချ၍ ကြိုးစား အားထုတ်ရပေတော့အံ့"ဟု ဆင်ခြင်ခြင်းတပါး၊ ဤနှစ်ပါးတို့ ဖြစ်သည်။

ခရီးသွားမှုနှင့်စပ်၍ နှစ်ပါးဟူသော်ကား....(၁) ခရီးသွားရမည်ဖြစ်လျှင် "ငါသည်ခရီးသွားရလိမ့်ဦးမည်၊ထိုသို့ ခရီးသွားရသောအခါ မြတ်စွာဘုရားတို့၏ အဆုံးအမကို နှလုံးသွင်းနိုင်ဖို့ မလွယ်ကူပေ၊ယခုကပင် ကြိုတင်၍ကြိုးစားထားနှင့်အံ့"ဟူ၍ ဆင်ခြင်ခြင်းတပါး။ (၂) ခရီးသွားပြီးသော အခါ၌လည်း "ငါသည် ခရီးသွားပြီးခဲ့ပြီ၊ ထိုသို့ ခရီးသွားနေစဉ်တုန်းက မြတ်စွာဘုရားတို့၏ အဆုံးအမကို လုံးဝ နှလုံးမသွင်းနိုင်ခဲ့ပေ၊ ယခုမှပင် အတိုးချ၍ ကြိုးစား

WWW.DHAMMARANSI.COM



အားထုတ်ရပေတော့အံ့” ဟူ၍ ဆင်ခြင်ခြင်း တပါး၊ ဤ နှစ်ပါးတို့ ဖြစ်သည်။

မမာမကျန်းမှုနှင့်စပ်၍ နှစ်ပါး ဟူသော်ကား…… (၁) အနည်းငယ်မျှ မမာမကျန်း ဖြစ်လာသောအခါ “ငါ့မှာ အနာရောဂါ အနည်းငယ် ရောက်လာလေပြီ၊ ထိုအနာ ရောဂါ တိုးပွါးမည်ဆိုလျှင် တိုးပွါးဘို့ရန် အကြောင်းရှိ သည်၊မတိုးပွါးခင် ယခုကကြိုတင်၍ ကြိုးစားအားထုတ်အံ့” ဟု ဆင်ခြင်ခြင်းတပါး။ (၂) နာလံထစအခါ “ငါသည် နာလံထစ မကြာသေးလှပေ၊ ရောဂါဟောင်း ပြန်ပေါ် လာမည်ဆိုက ပေါ်နိုင်သော အကြောင်းရှိသည်၊ အနာ ဟောင်း မပေါ်လာမီ ယခုကပင် ကြိုးစားအားထုတ်အံ့” ဟု ဆင်ခြင်ခြင်းတပါး၊ ဤနှစ်ပါးတို့တည်း။

ဆွမ်းနှင့်စပ်၍ နှစ်ပါးဟူသော်ကား…… (၁) ဆွမ်း လုံလောက်စွာ မရသောအခါ“ငါသည် ဆွမ်းခံရွာမှ ဆွမ်း လုံလောက်အောင် မရခဲ့ချေ၊ အနည်းငယ်သာ စားသုံးရ သဖြင့် ခန္ဓာကိုယ် ပေါ့ပါးကြံ့ခိုင် ထိနမိဒ္ဓမန္ဒိပ်စက်နိုင် သဖြင့်အလုပ်လုပ်နိုင်စွမ်းရှိပေသည်၊ယခုပင်အားထုတ်အံ့” ဟု ဆင်ခြင်ခြင်းတပါး။ (၂) ဆွမ်းလုံလောက်စွာရသော အခါ“ငါသည် ဆွမ်းခံရွာမှ ဆွမ်းလုံလောက်စွာ ရခဲ့သည့် အတွက် အားရှိကြံ့ခိုင် အလုပ်လုပ်နိုင်စွမ်းရှိသည်၊ ယခုပင် အားထုတ်အံ့”ဟု ဆင်ခြင်ခြင်းတပါး၊ဤနှစ်ပါးတို့တည်း။

ဤ ရှစ်ပါးသော(ဝီရိယအားထုတ်ဖြစ်အောင်)ဆင်ခြင် ခြင်းတို့ကို ဝီရိယာရမ္ဘဝတ္ထု၊ ရှစ်ပါးဟု ခေါ်သည်။

(ဤ ရှစ်ဌာနမှာပင် နဝကမ္မပြုလုပ်ပြီးစ ခရီးသွားပြီးစ နာလံထစ ဆွမ်းလုံလောက်စွာ မရသောအခါတို့၌“ပင်ပန်း လှသေးသည်၊ အိပ်ဦးမှပဲဟူ၍၎င်း၊ နဝကမ္မပြုလုပ်ရန် ရှိသောအခါ ခရီးသွားရန်ရှိသောအခါတို့၌ ပင်ပန်းလိမ့် ဦးမည်၊အိပ်ဦးမှပဲဟူ၍၎င်း၊အနာရောက်စအခါ အားနည်း

WWW.DHAMMARANSI.COM



လှသေးသည်၊ အိပ်ဦးမှပဲဟူ၍၎င်း၊ ဆွမ်းလုံလောက်စွာ ရသောအခါ ဗိုက်လေးလှသေးသည်၊ အိပ်ဦးမှပဲဟူ၍၎င်း အလွဲလွဲ အမှားမှား ကုသိုလ်တရားကို အားမထုတ် ဖြစ်အောင် စဉ်းစားခြင်း ရှစ်မျိုးကိုကား "ကုသီတဝတ္ထု" ရှစ်ပါး အပျင်းပွါးကြောင်းရှစ်ပါးဟူ၍ ခေါ်သည်)။ ။ ဤ အာရမ္ဘဝတ္ထု ရှစ်ပါး ကုသီတဝတ္ထု ရှစ်ပါးတို့ကို ဒီဃနိကာယ်၊ပါထိကဝဂ်၊ ၁၀-သံဂီတိသုတ်၌ ဟောတော်မူသည်။

(၆) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံ ပါရှိလျက် သတ္တဝါသန်္တါနတို့၏ အပြစ်များကိုသည်းခံခြင်း(တရားကိုယ်အားဖြင့် သည်းခံသော အခြင်းအရာဖြင့်ဖြစ်သည့် အဒေါသ ရှေ့ဆောင်သော စိတ်စေတသိက်အစု) သည် ခန္တီပါရမီ မည်၏။ ထိုခန္တီပါရမီသည် (က) သည်းခံခြင်း လက္ခဏာရှိ၏။(ခ) အလိုရှိအပ် တောင့်တအပ်သည့် ဣဋ္ဌအာရုံ အလိုမရှိအပ် မတောင့်တ အပ်သည့် အနိဋ္ဌအာရုံ နှစ်မျိုးစုံကိုပင် လွှမ်းမိုးနိုင်နင်းခြင်းကိစ္စ ရသရှိ၏၊ (ခန္တီတရား လက်ကိုင် မရှိသူသည် ဣဋ္ဌအာရုံနှင့် တွေ့ကြုံသောအခါ လောဘဘက်သို့ ပါသွား၍၊ အနိဋ္ဌအာရုံနှင့် တွေ့ကြုံသောအခါ ဒေါသဘက်သို့ပါသွားတတ်သည်၊ ထိုသူကို ဣဋ္ဌအနိဋ္ဌအာရုံတို့က လွှမ်းမိုးနိုင်နင်းအပ်သူ (အနိုင်ခံရသူ) ဟူ၍ ဆိုရလေသည်။ ခန္တီတရားလက်ကိုင်ရှိသူမှာ ဣဋ္ဌအနိဋ္ဌအာရုံတို့နှင့် တွေ့ကြုံသောအခါ လောဘ ဒေါသဘက်သို့မပါ ကြံ့ကြံ့ခံနိုင်သည်၊သို့ရကား ခန္တီတရားက ဣဋ္ဌအနိဋ္ဌအာရုံတို့ကို လွှမ်းမိုးနိုင်နင်းသည်ဟု ဆိုရလေသည်။) (ဂ) ဣဋ္ဌအနိဋ္ဌအာရုံတို့ကို မိမိအပေါ်သို့ တက်ရောက်နေစေနိုင်သော သဘော (နေခွင့်ပေးနိုင်သောသဘော) ဟူ၍ ယောဂီတို့၏ဉာဏ်၌ ထင်မြင်သောအခြင်းအရာ ပစ္စုပဋ္ဌာန်ရှိ၏၊ (တနည်း)မဆန့်ကျင်သောသဘောဟု ယောဂီတို့၏ဉာဏ်၌ ထင်သောအခြင်းအရာရှိ၏။ (ဃ) အမှန်အတိုင်း သိမြင်ခြင်းလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိ၏။

WWW.DHAMMARANSI.COM



(၇) မဟာကရုဏာနှင့် ဉပါယကောသလ္လဉာဏ် အခြေခံပါရှိသည့် မိမိ၏ ဝန်ခံကြိုးစည်းချက်ကို မပျက်ကွက် မချွတ်ယွင်းစေခြင်းသဘောသည် သစ္စာပါရမီ မည်၏။ (ဤသစ္စာပါရမီအရ ဝိရတီစေတသိက် စေတနာစေတသိက် ပညာစေတသိက်တို့ကို အရာအားလျော်စွာ တရားကိုယ် ကောက်ယူရသည်။) ထိုသစ္စာပါရမီသည် (က) မချွတ်ယွင်းခြင်း လက္ခဏာရှိ၏။ (ခ) ဟုတ်မှန်တိုင်းသောသဘောကို ထင်စွာပြခြင်း ကိစ္စရသ ရှိ၏။ (ဂ) ချိုမြိန်ကောင်းမြတ် သာယာအပ်သော သဘောဟု ယောဂီတို့၏ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ (ဃ) ကိုယ်နှုတ်နှလုံး သုံးပါး၏ စင်ကြယ်ခြင်းလျှင် နီးကပ်သောအကြောင်းပဒဋ္ဌာန် ရှိ၏။

(၈) မဟာကရုဏာနှင့် ဉပါယကောသလ္လဉာဏ် အခြေခံပါရှိသည့်မတုန်မလှုပ် ကုသိုလ်မှုတို့ကို ဆောက်တည်ခြင်း (ထိုသို့ ဆောက်တည်သော အခြင်းအရာဖြင့်ဖြစ်သော စိတ်စေတသိက် တရားစု)သည် အဓိဋ္ဌာနပါရမီ မည်၏၊ ထိုအဓိဋ္ဌာနပါရမီသည် (က) ဗောဓိသမ္ဘာရမည်သော သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သည့်ပါရမီ စာဂ စရိယတရားတို့၌ ကြံ့ကြံ့ခိုင်ကျည် တည်ခြင်း လက္ခဏာရှိ၏။ (ခ) ထိုဗောဓိသမ္ဘာရတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အကုသိုလ်တရားတို့ကို လွှမ်းမိုးနှိပ်စက်ခြင်း ကိစ္စရသ ရှိ၏။ (ဂ) ထိုဗောဓိသမ္ဘာရတရားတို့ကို ဖြည့်ကျင့်ရန်ကိစ္စ၌ မတုန်မလှုပ်သော သဘောဟူ၍ ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ) ဗောဓိသမ္ဘာရတရားများလျှင် နီးကပ်သော အကြောင်း ပဒဋ္ဌာန်ရှိ၏။

(၉) မဟာကရုဏာနှင့် ဉပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် သတ္တလောက၏ စီးပွါးချမ်းသာကို ရွက်ဆောင်တတ်သော(တရားကိုယ်အားဖြင့်)အဗျာပါဒ အမည်ရသည့် အဒေါသ စေတသိက်သည် မေတ္တာပါရမီ မည်၏။ ထိုမေတ္တာပါရမီသည် (က)သတ္တဝါတို့၏ အစီးအပွါးကို လိုလားသောအခြင်းအရာဖြင့် ဖြစ်ခြင်း (လိုလားခြင်း) လက္ခဏာ ရှိ၏။ (ခ) လိုလားသည့် အတိုင်းပင် စီးပွါးကို ရွက်ဆောင်ခြင်း ကိစ္စရသ ရှိ၏။ (တနည်း)

WWW.DHAMMARANSI.COM



မျက်ကြုတ်ကိုးပါး ရန်ငြိုးကိုးပါးကို ပယ်ရှားခြင်းကိစ္စ ရသ ရှိ၏။ (ဂ) အေးမြသောသဘောဟူ၍ ယောဂီတို့၏ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ) သတ္တဝါတို့ကို ချစ်နှစ်သက်ဖွယ်အနေဖြင့် ကြည့်ရှုခြင်းလျှင် နီးကပ်သောအကြောင်း ပဒဋ္ဌာန် ရှိ၏။ (သတ္တဝါတို့ကို မုန်းဖွယ်အနေဖြင့် ကြည့်ရှုလျှင် မေတ္တာတရား မပွါးနိုင်ပေ။)

(၁၀) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ အလိုရှိအပ် မရှိအပ်သည့် သတ္တဝါသင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်းကို ပယ်ဖျောက်လျက် အညီအမျှဖြစ်ခြင်း (ထိုအခြင်းအရာ ဖြင့်ဖြစ်သော တတြမဇ္ဈတ္တတာစေတသိက်)သည် ဥပေက္ခာပါရမီ မည်၏။ ထိုဥပေက္ခာပါရမီသည် (က)မချစ်မမုန်း အလယ်အလတ် အခြင်းအရာဖြင့်ဖြစ်ခြင်း လက္ခဏာရှိ၏။ (ခ)အညီအမျှကြည့်ရှုခြင်း ကိစ္စရသရှိ၏။ (ဂ) မုန်းခြင်း ချစ်ခြင်းကို ငြိမ်းစေတတ်သော သဘောဟူ၍ ယောဂီတို့၏ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ (ဃ)ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှုကို ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာဉာဏ်)လျှင် နီးကပ်သောအကြောင်း ပဒဋ္ဌာန် ရှိ၏။

ဤပါရမီဆယ်ပါး၏တရားကိုယ်ကို ဖော်ပြရာ၌ ပါရမီတိုင်းမှာပင် "မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ" ဟူသော ဝိသေသနစကားကို အဦးပလွှင်ခံ၍ ရေးသားဖော်ပြခြင်းမှာ ဘုရားအလောင်းတော်ကြီးများ၏ သန္တာန်၌ ထိုမဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ ဖြစ်ပွါးသော ဒါနမှု သီလမှု အစရှိသည် တို့သာ ပါရမီအမည်ရသောကြောင့် ဖြစ်ပေသည်။

ပါရမီဆယ်ချက်၊ တရားနက်၏၊ လေးဘက်လေးတန်၊ သဘောမှန်ကို၊ ဖန်ဖန်စေ့ငု၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှုဝေဖန်၊ ကိုယ့်သန္တာန်၌၊ မကျန်စေရ၊ ဖြစ်စေမှလျှင်၊ ။ဒုက္ခငြိမ်းမည် ကေန်တည်း။

WWW.DHAMMARANSI.COM



## (၆) ပါရမီတို့၏ အကြောင်းတရားများ

"ထိုပါရမီတို့၏ အခြေခံအကြောင်းတို့ကား အဘယ်တရားများ ဖြစ်ပါသနည်း" ဟု မေးသော်....

(က) အဘိနီဟာရ၊

(ခ) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ်၊

(ဂ) ဗုဒ္ဓဘူမိတရားလေးပါး၊

(ဃ) အဇ္ဈာသယဓာတ်ကောင်း (၁၆) ပါး၊

(င) မလှူခြင်းစသည်၌ အပြစ်, လှူခြင်းစသည်၌ အကျိုးကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်များ၊

(စ) အခြီအရံအကြောင်းတို့နှင့် တကွသော စရဏ (၁၅) ပါး အဘိညာဉ် (၅) ပါး—

ဤတရားတို့သည် ပါရမီတို့၏အခြေခံအကြောင်းတရားများ ဖြစ်ပါသည်ဟု အကျဉ်းချုပ်ဖြေဆိုရာ၏။

အကျယ်အားဖြင့် ဖြေဆိုသော်ကား....

## (က) အဘိနီဟာရ

(အဘိ = သဗ္ဗညုတဉာဏ်သို့ ရှေးရှု၊ နီဟာရ = စိတ်ကို ပို့ဆောင်ခြင်း၊ သဗ္ဗညုဘုရားဖြစ်ရန် ဆုပန်ခြင်းဟု ဆိုလိုသည်။)

အောက်ဖြစ်သော ဗုဒ္ဓုပ္ပါဒဒုလ္လဘ အခန်း၌ လာရှိသည့် ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးတို့ကို ပြန်လည် စဉ်းစား ဆင်ခြင်ရာ၏။ ထို ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးတို့ စုပေါင်းပြည့်စုံသော (သုမေဓာဘဝကဲ့သို့သော) ဘဝသို့ရောက်ရှိသောအခါ သုမေဓာ ပညာရှိကဲ့သို့သော အလောင်းတော်ကြီးတို့၏ စိတ်သန္တာန်၌ ထိုအင်္ဂါရှစ်ပါးပြည့်စုံမှု၏ လှုံ့ဆော်တိုက်တွန်းချက်အရ မည်သူ ကမျှ အကြံပေးနေရသည် မဟုတ်ပဲ—

WWW.DHAMMARANSI.COM



"ငါသည် ကိုယ်စွမ်းဖြင့် သံသရာပင်လယ်ကြီးကို ကူးမြောက်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း ဆယ်တင်ပေအံ့။ ကိုယ်စွမ်းဖြင့် သံသရာနှောင်အိမ်ကြီးမှ လွတ်အောင် အားထုတ်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း လွတ်မြောက်စေအံ့။ ကိုယ်တိုင်က ဣန္ဒြေတို့ကို ယဉ်ကျေးအောင် အားထုတ်ပြီးလျှင်၊ဝေနေယျတို့ကိုလည်း ယဉ်ကျေးအောင် ဆုံးမအံ့။ ကိုယ်တိုင်က ကိလေသာအပူ ငြိမ်းအောင် အားထုတ်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း ငြိမ်းစေအံ့။ ကိုယ်တိုင်က နိဗ္ဗာန်တည်းဟူသော အသက်သာဆုံးတရား ကိုရအောင် အားထုတ်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း ထို တရားကို ရစေအံ့။ ကိုယ်တိုင်က ဝဋ်သုံးပါး မီးတောက်ကြီးများ ငြိမ်းအောင် အားထုတ်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း ငြိမ်းစေအံ့။ ကိုယ်တိုင်က ကိလေသာမှု စင်ကြယ်သူဖြစ်အောင် အားထုတ်ပြီးလျှင်၊ဝေနေယျတို့ကိုလည်း စင်ကြယ်စေအံ့။ကိုယ်တိုင်က သစ္စာလေးပါးကို သိအောင် အားထုတ်ပြီးလျှင်၊ ဝေနေယျတို့ကိုလည်း သိစေအံ့။ (အချုပ်အားဖြင့်—ငါသည် ဘုရားဖြစ်အောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကို ကယ်တင်အံ့။)"—

ဟူ၍ သဗ္ဗညုဘုရား ဖြစ်လိုသည့် မဟာကုသိုလ်စိတ် စေတသိက်များ တရိပ်ရိပ် တဖွားဖွား ဖြစ်ပွါး၍ လာလေသည်၊ ထိုသို့ သဗ္ဗညုဘုရားဖြစ်ရန် ဆုပန်သည့် မဟာကုသိုလ်စိတ် စေတသိက်များကို အဘိနီဟာရ ကုသိုလ်ကြီးဟူ၍ ခေါ်သည်။ ထိုအဘိနီဟာရ ကုသိုလ်ထူးကြီးသည် ပါရမီဆယ်ပါးလုံး၏ အခြေခံ အကြောင်းရင်းကြီးဖြစ်သည်။

မှန်၏····ထို အဘိနီဟာရ ကုသိုလ်ထူးကြီး ဖြစ်ပေါ်ခြင်း ကြောင့်ပင် အလောင်းတော်ကြီးများမှာ နိယတဗျာဒိတ်ကို ရရှိခြင်း၊ရရှိပြီးနောက် ကိုယ်ပိုင်ဉာဏ်ဖြင့် ပါရမီတို့ကို ဆင်ခြင်ခြင်း၊ ဆောက်တည်ခြင်း၊ အထွတ်အထိပ်ရောက် ဖြည့်ကျင့်ခြင်းများ အစဉ်သဖြင့် ဖြစ်ပေါ်ကြလေသည်။

WWW.DHAMMARANSI.COM



ထို အဘိနီဟာရ ကုသိုလ်ထူးကြီးသည် (က) သဗ္ဗညုတဉာဏ်၌ စိတ်ကိုထားခြင်း လက္ခဏာရှိ၏။ (ခ) ငါသည် သဗ္ဗညုဘုရား ဖြစ်ပြီးလျှင် သတ္တဝါတို့၏ နိဗ္ဗာန်တိုင်အောင်သော စီးပွါးချမ်းသာ တို့ကို ပြီးစေနိုင်ရပါလို၏၊ ရွက်ဆောင်နိုင်ရပါလို၏ဟု တောင့်တ ခြင်း ကိစ္စရသရှိ၏။ (ဂ) ဗောဓိသမ္ဘာရ တရားတို့၏ အခြေခံ အကြောင်းရင်းတရားကြီးဟူ၍ ယောဂီတို့၏ ဉာဏ်၌ ထင်မြင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (ဃ) မဟာကရုဏာလျှင် (တနည်း၊ နောက်၌ ပြဆိုလတ္တံ့သော ဥပနိဿယ အကြောင်းထူးနှင့် ပြည့်စုံခြင်းလျှင်) နီးကပ်သော အကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤ အဘိနီဟာရ ကုသိုလ်ထူးကြီးကို မကြံစည်နိုင်သည့် ဘုရား ကျေးဇူးများကိုငင်း နှိုင်းယှဉ်၍ မရသည့် သတ္တလောက၏ အစီး အပွါးကိုငင်း ရည်ရော်၍ ဖြစ်ခြင်းကြောင့် ခပ်သိမ်းသော ပါရမီ စာဂ စရိယ တရားစု၏ မူလ အကြောင်းရင်းကြီး ဟူ၍ငင်း၊ အလွန်ကောင်းမြတ်၍ မနှိုင်းအပ်သော အစွမ်းသတ္တိနှင့် ပြည့်စုံ သည့် ကုသိုလ်ထူးကြီးဟူ၍ငင်း မှတ်ယူအပ်၏။ သတ္တိထူးရှိပုံကို အမြွက်မျှ ပြဆိုရသော်—

ယင်းသည့် အဘိနီဟာရကုသိုလ်ထူးကြီး ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက်ပင် အလောင်းတော်သူမြတ်သည် သဗ္ဗညုတဉာဏ်ကို ရဘို့ရန် ပဋိပတ် နယ်အတွင်းသို့ ဝင်ရောက် သက်ဆင်း လာသူ မည်တော့သည့်ပြင်၊ ယင်းအဘိနီဟာရ ကုသိုလ်ရှင် အလောင်း တော်သူမြတ်မှာ မြေလက်ခတ်မလွဲ ဘုရားအဖြစ်ကို ဧကန် ရမည် ဖြစ်သောကြောင့်ငင်း ဤကုသိုလ်ထူးကြီးသို့ ရောက်ပြီး ရပြီးမှ နောက်သို့ပြန်ဆုတ်ခြင်း (ဆုတမျိုးပြောင်းလွှဲတောင်းခြင်း) မရှိ သောကြောင့်ငင်း ဗောဓိသတ္တ = ဘုရားအလောင်းတော်ဟူသော အမည်ကို ရလေတော့သည်။ (ဤကုသိုလ်ကြီး မဖြစ်သေးသမျှ ဘုရားအလောင်း မမည်နိုင်သေး။) ထိုအချိန်မှစ၍ အလောင်း တော်သူမြတ်အား သဗ္ဗညုတဉာဏ်ကို ရလိုသည့် စိတ်ထားနှင့် ပါရမီ စာဂ စရိယတို့ကို အထွတ်အထိပ်ရောက် ဖြည့်စွမ်းနိုင်သည့် စွမ်းရည် သတ္တိများ တည်ရှိလေတော့သည်။ ထိုအဘိနီဟာရ

WWW.DHAMMARANSI.COM



ကုသိုလ်ရှင် ဖြစ်သောကြောင့်ပင် သုမေဓာ ရှင်ရသေ့သည် သဗ္ဗညုတဉာဏ်၏ ရွေပြေးနိမိတ်ဖြစ်သည့် သယမ္ဘူဉာဏ် ခေါ်ရသည့် ပါရမီပဝိစယဉာဏ်တော်ဖြင့် ပါရမီတော်တို့ကို မချွတ်မယွင်း အမှန်အတိုင်း ဆင်ခြင်ပြီးလျှင် ကြံကြံခိုင်ခိုင် ဆောက်တည်၍ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ဖြည့်ကျင့်တော်မူလေပြီ။

ထို အဘိနီဟာရ ကုသိုလ်ထူးကြီးမှာလည်း—

(၊) ပစ္စယအကြောင်း လေးပါး၊

(၊၊) ဟေတုအကြောင်း လေးပါး၊

(၊၊၊) အားစွမ်းလေးပါးတို့ ရှိပြန်သည်။ ထိုတွင်—

(၊) **ပစ္စယအကြောင်း**(အထောက်အပံ့အကြောင်း) လေးပါးဟူသော်ကား....

(၁) ဘုရားဆုပန်မည့်အမျိုးကောင်းသား ယောက်ျားမြတ်သည် သက်တော်ထင်ရှားရှိသော ဘုရား ကိုယ်တော်တိုင် ကြီးစွာသော ဘုရားအာနုဘော်ဖြင့် ပြာဋိဟာမူပြတော်မူသည်ကို ကိုယ်တိုင် ဖူးမြင်ရသောအခါ "သဗ္ဗညုတဉာဏ်တော်သည် အာနုဘော်ကြီးစွာ့တကား....၊သဗ္ဗညုတဉာဏ်ကိုရတော်မူခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့အံ့ဖွယ်ထူးကဲသော သဘောရှိပေသည်၊မကြံစည်နိုင်သော အာနုဘော်လည်း ရှိတော်မူပေသည်"ဟုဆင်ခြင်ပြီးလျှင် ထို ကိုယ်တွေ့မျက်မြင်ဖြစ်သည့် ဘုရားအာနုဘော်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်သည်။

(၂) ကိုယ်တိုင်ပင် မမြင်ရသော်လည်း "မြတ်စွာဘုရားသည် ဤသို့ ဤသို့သော အာနုဘော်နှင့် ပြည့်စုံတော်မူပေ၏" ဟု သူတပါးတို့ထံမှ တဆင့်စကား ကြားရသည်ကို အကြောင်းပြု၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်သည်။

(၃) မြတ်စွာဘုရား၏အာနုဘော်ကိုကိုယ်တိုင်လည်း မမြင်ရ, သူတပါးထံမှလည်း မကြားရဖူးစကာမူ မြတ်စွာဘုရား ဟောကြား

WWW.DHAMMARANSI.COM



အပ်သည့် ဘုရားအာနုဘော်နှင့်စပ်သော တရားကို ကြားရနာရ၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်သည်။

(၄) ရှေ့အကြောင်းသုံးပါးမရှိပဲလည်း ဘုရားဆုပန်လိုသော အမျိုးကောင်းသားကိုယ်တိုင်က အလွန်မြင့်မြတ်သော နှလုံးသွင်း ဓာတ်ခံရှိသည့်အတွက် "ငါသည် ထိုမြတ်စွာဘုရားတို့၏ အနွယ် အဆက် ပဝေဏီစဥ်လာ ဓမ္မတာကို မကွယ် မပျောက်အောင် စောင့်ရှောက်ပေအံ့" ဟု အလွန့်အလွန်တရားကို ရိုသေကော်ရော် ပူဇော်လျက် ထိုဓမ္မဂရုစိတ်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်သည်။ ထို့ကြောင့်—

၁။ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်၏ အာနုဘော်ကို ကိုယ်တိုင် ဖူးမြော်ရခြင်း၊ (သို့မဟုတ်)

၂။ ကိုယ်တိုင်ဖူးရသူ တပါးသူထံမှ တဆင့်စကားကြားရခြင်း၊ (သို့မဟုတ်)

၃။ ဘုရားအာနုဘော်နှင့် စပ်သော တရားကို မြတ်စွာဘုရား ဟောကြားသည်ကို ကြားနာရခြင်း၊ (သို့မဟုတ်)

၄။ ကိုယ်တိုင်က အလွန်မြင့်မြတ်သည့် အဇ္ဈာသယဓာတ်ခံရှိ၍ ဓမ္မဂရုစိတ်ကို မွေးမြူခြင်း—

ဤလေးပါးသည် အဘိနီဟာရ ကုသိုလ်ထူးကြီး၏ ပစ္စယအကြောင်း (အထောက်အပံ့အကြောင်း) မည်၏။

(၊၊) **ဟေတုအကြောင်း** (တိုက်ရိုက် ဖြစ်စေတတ်သော အကြောင်း) လေးပါးဟူသော်ကား....

(၊) ဘုရားဆုပန်မည့် မင်းယောက်ျားသည် ရှေးရှေး ဘုရားရှင်တို့အထံ၌ အဓိကာရ=(အထိကရ) ကုသိုလ်ထူးများကို ပြုခဲ့ဘူးခြင်းဟူသော **ဥပနိဿယသမ္ပဒါ**။ (၊၊)ပင်ကိုယ် ပကတိအားဖြင့် ကရုဏာဓာတ်ခံ ကြီးမားခြင်း, မိမိအသက်ကိုပင်စွန့်၍ သတ္တဝါတို့၏ဒုက္ခကို ပယ်ရှားလိုခြင်းဟူသော **ကရုဏာသမ္ပဒါ**။(၊၊၊)မိမိ

WWW.DHAMMARANSI.COM



အလိုရှိအပ်သည့် ဘုရားအဖြစ်ကြီး ပြီးစီးအောင်မြောက်သည့်တိုင်အောင် အလွန်ကြာမြင့်စွာ အားထုတ်ရသော်လည်း ဝဋ်ဒုက္ခနှင့်တကွ သတ္တဝါတို့ အစီးအပွါးအလို့ငှါ ခဲယဉ်းလှသော အကျင့်တို့ကို ကျင့်ရခြင်းတို့မှ မငြီးငွေ့ခြင်း (စိတ်မပျက်ခြင်း) မကြောက်ရွံ့ခြင်းဟူသော **ဥဿာဟသမ္ပဒါ**။ (၊၊၊၊) အစီးအပွါးမဲ့မှ မြစ်တား၍ အစီးအပွါး၌ ယှဉ်စေသည့် မိတ်ဆွေကောင်းကို ပေါင်းသင်းမိခြင်း တည်းဟူသော **ကလျာဏမိတ္တတာ**—ဤလေးပါးတို့ဖြစ်သည်။ (ဤဟေတုအကြောင်း လေးပါးကြောင့် ဘုရားဆုကို ပန်နိုင်ခြင်းဖြစ်၏၊ ဤ အကြောင်းလေးပါး မရှိလျှင် ဘုရားဆုကို မပန်နိုင်။)

ထိုလေးပါးတို့တွင် (၊) အမှတ်ပါ ဥပနိဿယသမ္ပဒါဟူသည်ကား....အလောင်းတော်သူမြတ်သည် ရှေးရှေးဘုရားရှင်တို့အထံ၌ စိတ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း ဘုရားဖြစ်ရန် ဆုပန်ခဲ့ဘူးသည်၊ (ဘုရားဆုရပေါင်း မည်မျှဟူ၍ အပိုင်းအခြားမလာရှိပေ။) ထို့ကြောင့်ပင် အလောင်းတော်သူမြတ်၏ အလိုတော် အဇ္ဈာသယ ခေါ်သည် သဗ္ဗညုတဉာဏ်သို့ အမြဲတစေ ညွတ်ကိုင်းလျက် ရှိနေသည်၊ သတ္တဝါတို့၏ အစီးအပွါးကို ကျင့်ဘို့ရန်လည်း အမြဲပင်ညွတ်ကိုင်းလျက် ရှိနေသည်။ ယင်းသို့ ဥပနိဿယသမ္ပဒါတရား ထင်ရှားရှိမှုကြောင့်ပင် ဘုရားအလောင်းများမှာ (၁) ပစ္စေကဗောဓိလောင်း, သာဝကဗောဓိလောင်းတို့ထက် ထူးကဲသာလွန်သော ဇာန္ဒြေနှင့်ပြည့်စုံခြင်း၊ (၂) ထိုသူတို့ထက် ထူးကဲစွာ သူတပါး၏အကျိုးကို ကျင့်နိုင်ခြင်း၊ (၃) ထိုသူတို့ထက် ထူးကဲစွာ သူတပါး၏အကျိုးကို ကျင့်ခြင်း၌ လိမ္မာကျွမ်းကျင်ခြင်း၊ အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိသော ဌာနာဋ္ဌာနကောသလ္လဉာဏ်နှင့် ပြည့်စုံခြင်းများ ဖြစ်ရသည်။ (ဤသုံးချက်ကို ထောက်ဆ၍ အလောင်းတော်ကြီးများ၏ ရှေးရှေးဘုရားတို့ထံ၌ ကုသိုလ်ထူး ဆည်းပူးခဲ့ဘူးကြောင်းကို သိရာ၏။)

(၊၊၊၊) အမှတ်ပါ ကလျာဏမိတ္တတာအရ ဘုရားအလောင်း ပေါင်းသင်းအမှီပြုခဲ့သော ကလျာဏမိတ္တ ပုဂ္ဂိုလ်ဟူသည်မှာ···

WWW.DHAMMARANSI.COM



**သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဤတရား ရှစ်ပါးနှင့် ပြည့်စုံသောသူ ဖြစ်ပေသည်။**

သဒ္ဓါ သီလ၊ သုတ စာဂ၊ ဝီရိယ သတိ၊သမာဓိ ပညာ၊ **ဤရှစ်ဖြာ၊** ၊
ကလျာဏ မိတ်စစ်အင်္ဂါတည်း။

ယင်းသည့် ကလျာဏမိတ်ဆွေသည် ကိုယ်တိုင်က သဒ္ဓါတရား နှင့် ပြည့်စုံသဖြင့် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်၊ကံ-ကံ၏ အကျိုးတို့ကို ယုံကြည်၏။(သဒ္ဓါတရားမရှိသူသည် သဗ္ဗညုတဉာဏ် နှင့် ကံ-ကံ၏အကျိုးတို့ကို မယုံကြည်နိုင်။) ထိုသို့ ယုံကြည်ခြင်းဖြင့် သဗ္ဗညုတဉာဏ်၏ အကြောင်းရင်းဖြစ်သော သတ္တဝါတို့ အပေါ် အကျိုးလိုလားခြင်း သဘောကို မစွန့်ပေ။ သီလနှင့် ပြည့်စုံခြင်း ကြောင့် သတ္တဝါတို့က ချစ်နှစ်သက်အပ်သူ အလေးအမြတ်ပြုအပ် သူ ဖြစ်ပေ၏။ သုတနှင့် ပြည့်စုံခြင်းကြောင့် သတ္တဝါတို့၏ စီးပွါး ချမ်းသာကို ရွက်ဆောင်နိုင်သည့် နက်နဲသော တရားစကားကို ဟောကြားတတ်၏။ စာဂတရားနှင့် ပြည့်စုံခြင်းကြောင့် အလို နည်းသူ ရောင့်ရဲလွယ်သူ ကိလေသာ ကာမတို့မှ ကင်းဆိတ်သူ ထိုထို သူတို့၌ ကိလေသာဖြင့် မရောနှောသူ ဖြစ်ပေ၏။ ဝီရိယနှင့် ပြည့်စုံခြင်းကြောင့် သတ္တဝါတို့၏ အစီးအပွါး ဖြစ်ထွန်းရန် အကျင့်၌ အမြဲအားထုတ်သူ ဖြစ်၏။ သတိနှင့် ပြည့်စုံခြင်းကြောင့် ကုသိုလ်တရားတို့၌ အမြဲပင် မမေ့လျော့ မပေါ့တန်သူ ဖြစ်၏။ သမာဓိနှင့် ပြည့်စုံခြင်းကြောင့် မပြန့်လွင့်သောစိတ် (တည်ကြည် သောစိတ်) ရှိသူ ဖြစ်၏။ ပညာနှင့်ပြည့်စုံခြင်းကြောင့် အမှန်ကို သိသူဖြစ်၏။

ထိုကလျာဏမိတ်ဆွေသည် (သတိဖြင့်) ကုသိုလ် အကုသိုလ် တရားတို့၏ အဖြစ်သနစ် အလားအလာကို စဉ်းစား ဆင်ခြင် ပြီးလျှင် (ပညာဖြင့်) သတ္တဝါတို့၏ အစီးအပွါး ဟုတ်မဟုတ် အမှန်အတိုင်း သိရှိတော်မူပြီးခါ (သမာဓိဖြင့်) တည်တံ့ ကြံ့ခိုင် သောစိတ်ရှိလျက် (ဝီရိယဖြင့်) သတ္တဝါတို့ကို စီးပွါးမဲ့မှ ပယ်ရှား အစီးအပွါး၌ ဖွဲ့သန်သန် ယှဉ်စေ အားထုတ်စေသည်။

WWW.DHAMMARANSI.COM



ဤသို့ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကလျာဏမိတ်ဆွေကို ပေါင်းသင်း အမှီပြုရသဖြင့် ဘုရားအလောင်းတော်သည် မိမိ၏ ဥပနိဿယသမ္ပတ္တိကို ဆတက်တပိုး တိုး၍တိုး၍စင်ကြယ်စေပြီးလျှင် အလွန် သန့်ရှင်းသော ဉာဏ်ပညာ အာသယဓာတ်ခံ အလွန် သန့်ရှင်းသောကိုယ်နှုတ်အမူတို့၌ အားထုတ်ခြင်း ပယောဂလုံ့လ နှင့် ပြည့်စုံလျက် ခွန်အားကြီးလေးပါးနှင့် ပြည့်စုံသူဖြစ်ပြီးလျှင် မကြာမီပင် ဗျာဒိတ်ရကြောင်း အင်္ဂါရှစ်ပါးတို့ကို တပေါင်းတည်း ပြည့်စုံစေနိုင်၍ မဟာဘိနီဟာရခေါ်သော ဘုရားဆုပန်မှုကုသိုလ် ကြီးကို ရဲရဲတောက်ပြုပြီးလျှင် ဘုရားလောင်းစစ် အဖြစ်၌ တည် လေသည်။ ထိုအချိန်မှစ၍ ဘုရားဆုမှ လွဲပြောင်းကာ ဆုတပါးကို မတောင်းတော့ပေ၊ ကေန်မချွတ် ဘုရားဖြစ်ရန် မြဲသည့် နိယတ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လေတော့သည်။

(၊၊၊) **အားကြီး** လေးပါးဟူသော်ကား....

(**က**) **အဇ္ဈတ္တိကဗလ၊** (ရှေးဖော်ပြပြီး ပစ္စယအကြောင်း လေးပါးတို့အနက် စတုတ္ထအကြောင်းဖြစ်သည့် ဓမ္မဂါရဝစိတ်ဖြင့် မိမိကိုယ်စွမ်းကို အမှီပြုကာ သမ္မာသမ္ဗောဓိခေါ်သော သဗ္ဗညုတ ဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေခြင်းကို ခေါ်သည်၊) ယင်း အဇ္ဈတ္တိကဗလဖြင့်ဘုရားအလောင်းတော်သည် မိမိကိုယ်ကို အလေး အမြတ်ပြုကာ ဟိရိတရား အမှီရလျက် ဆုတောင်း ပြည့်ဝကာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူသည်။

(**ခ**) **ဗာဟိရဗလ၊** (ရှေးဖော်ပြပြီး ပစ္စယအကြောင်းလေးပါး တို့အနက် ပဌမ ဒုတိယ တတိယ အကြောင်းတို့ကို အမှီပြုကာ သဗ္ဗညုတဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေခြင်းကို ခေါ်သည်၊) ယင်းဗာဟိရဗလဖြင့် ဘုရားအလောင်းတော်သည် ပြင်ပလောက ကို အလေးအမြတ်ပြုကာ "ငါကား ဘုရားဖြစ်နိုင်သည့် စွမ်းရည် သတ္တိများ အပြည့်အဝရှိသူ ယောကျ်ားကောင်းဖြစ်သည်" ဟု တက်ကြွသော မာန်မာန အမှီရပြီးလျှင် အဘိနီဟာရ ကုသိုလ်ထူး နှင့်ပြည့်စုံကာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရတော် မူသည်။

WWW.DHAMMARANSI.COM



(ဂ) **ဥပနိဿယဗလ၊** (ရှေးဖော်ပြပြီး ဟေတုအကြောင်းလေးပါးတို့အနက် ပဌမအကြောင်းဖြစ်သည့် ဥပနိဿယသမ္ပဒါကို အခြေခံအကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ အလွန်အမင်းစိတ်ညွတ်နေခြင်းကို ခေါ်သည်၊) ယင်း ဥပနိဿယဗလဖြင့် ဘုရားအလောင်းတော်သည် ထက်မြက်သောဇ္ဈန္ဒြေ သန့်ရှင်းသော ခတ်သဘောရှိ၍ သတိအမြဲရပြီးလျှင် အဘိနီဟာရကုသိုလ်ထူးနှင့်ပြည့်စုံကာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူသည်။

(ဃ) **ပယောဂဗလ၊** (သဗ္ဗညုတဉာဏ်ကို ရနိုင်စေလောက်အောင် အောင်မြောက်သော လုံ့လ ဝီရိယနှင့် ပြည့်စုံခြင်း၊ ဥပနိဿယ အဓိကာရကုသိုလ်များကို တရိုတသေ အမြဲမပြတ် ပြုကျင့်ခြင်းတို့ကို ခေါ်သည်၊) ယင်း ပယောဂဗလဖြင့် ဘုရားအလောင်းတော်သည် စင်ကြယ်သော ကာယကံမှု ဝစီကံမှုနှင့် ပြည့်စုံလျက် အဓိကာရကုသိုလ်များကို အကြားမလပ် ပြုတော်မူပြီးလျှင် အဘိနီဟာရကောင်းမှုနှင့် ပြည့်စုံကာ ပါရမီတို့ကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရတော်မူသည်။

ဤဆိုအပ်ပြီးသော ပစ္စယအကြောင်းလေးပါး ဟေတုအကြောင်းလေးပါး အားကြီးလေးပါး အကြောင်းတရားတို့ ပြည့်စုံ၍ သုမေဓာပညာရှိဘဝကဲ့သို့သော ဘဝသို့ ရောက်လာသောအခါ အလောင်းတော်သူမြတ်မှာ နိယတဗျာဒိတ် ခံယူနိုင်ကြောင်း အင်္ဂါရှစ်ပါးတို့ ပေါင်းဆုံ ပြည့်စုံ၍ လာလေတော့သည်၊ ထိုအင်္ဂါရှစ်ပါး ပေါင်းဆုံ ပြည့်စုံခြင်း၏ လှုံ့ဆော် တိုက်တွန်းချက်အရ ရှေး၌ပြခဲ့သည့်အတိုင်း "ငါသည် မဆုတ်မနစ် ဘုရားဖြစ်အောင် အားသစ်ကြိုးစားပြီးလျှင် ဝေနေယျတို့ကို ကယ်တင်ပေအံ့" ဟူ၍ ဘုရားဆုပန်မှု အဘိနီဟာရ ကုသိုလ်စိတ် စေတသိက်များ ဖြစ်ပွါး လာလေသည်။ ယင်း အဘိနီဟာရ ကုသိုလ်ကြီးသည် ပါရမီတို့၏ မူလအခြေခံ အကြောင်းရင်းကြီးဖြစ်ပေသည်။

WWW.DHAMMARANSI.COM



## အံ့ဩဖွယ်ကြီးများ

အဘိနီဟာရကုသိုလ်ကြီး ဖြစ်ပွါးလာခြင်းကြောင့် အလောင်းတော်သူမြတ်ကြီးမှာ....(၁) သတ္တဝါတို့ကို ရင်ဝယ်သားကဲ့သို့ သိမ်းပိုက်ခြင်း၊(၂) စိတ်တော်အစဉ်မှာ အကုသိုလ်၏ အစွမ်းဖြင့် မညစ်နွမ်းခြင်း၊ (ကိလေသာလှောက်လှက်၍ စိတ်ညစ်နွမ်းမှု မရှိခြင်း) (၃) အလောင်းတော်၏ အလိုဆန္ဒ ပြုသမျှ ပြောသမျှ အဝဝသည် သတ္တဝါတို့၏ စီးပွါးချမ်းသာကို ရွက်ဆောင်ကြောင်းများသာဖြစ်ခြင်း၊(၄)ကိုယ်တော်၏ အတွက်တာ ပါရမီစာဂ စရိယတရားများ ဆုတ်နစ်သည်မရှိ၊ အထက်အထက်၌သာ တိုးတက်ပွါးစီး ရင့်သန်ခြင်း တည်းဟူသော အံ့ဩဖွယ်ကြီးများ ဖြစ်ပွါးလာလေသည်။

ယင်း အံ့ဩဖွယ်ကြီးများ ဖြစ်ပွါးလာခြင်းကြောင့် အလောင်းတော်သည် အလွန်ကြီးမြတ်သော ကောင်းမှုအစဉ် ကုသိုလ်ရေအယဉ်နှင့် ပြည့်စုံရကား သတ္တဝါတို့၏ မြတ်သော အလှူကို ခံထိုက်သည့် ပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်ပြီးလျှင် ကုသိုလ်မျိုးကို ကြဲချရာ အသဒိသ လယ်ယာမြေကောင်းကြီး အရိုအသေ ပြုရာကြီး တခု ဖြစ်တော်မူလေတော့သတည်း။

## (ခ) မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ်

အဘိနီဟာရ ကုသိုလ်ထူးကြီးကဲ့သို့ပင် မဟာကရုဏာနှင့် ဥပါယကောသလ္လ ဉာဏ်တို့သည်လည်း ပါရမီတို့၏ အခြေခံ အကြောင်းတရားများ ဖြစ်ကြပေသည်။ (ထို မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ်တို့ကို အောက်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။)

ယင်းသည့် မဟာကရုဏာနှင့် ဥပါယကောသလ္လ ဉာဏ်တို့ကြောင့် အလောင်းတော်ကြီးများသည် ကိုယ်ကျိုးကိုမငဲ့ပဲ အမြဲပင် သူတပါး၏ အကျိုးကို အားထုတ်တော်မူနိုင်ကြပေသည်၊ လူသာမန်တို့ ပြုနိုင်ခဲသည့် အလောင်းတော်ကြီးများ၏ အကျင့်များကို ကျင့်ရသော်လည်း ပင်ပန်းသည်ဟု မရေတွက်ကြကုန်၊ ထိုတရားနှစ်ပါး ကိန်းတည်သောကြောင့်ပင် အလောင်းတော်

ကြီးများကို ကြည်ညိုသဒ္ဓါပွါးခြင်း ဖူးမြော်ခြင်း ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း စသည်ကို ပြုသောအခါတို့၌လည်း သတ္တဝါတို့၏ အဖို့ရာ စီးပွါးချမ်းသာကြောင်း ကောင်းမှုတရားများ ဖြစ်ပွါး ပြည့်စုံနိုင်သည်။

ဆက်၍ဖော်ပြဦးအံ့....အလောင်းတော်၏ သန္တာန်၌ ဖြစ်ပွါးသော ထိုကရုဏာနှင့် ပညာ နှစ်ပါးတို့အနက်—ပညာကြောင့် ဘုရားဖြစ်တော်မူသည်၊ ကရုဏာကြောင့် ဗုဒ္ဓကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်တော်မူခြင်းဖြစ်သည်။ပညာကြောင့်ကိုယ်တော်တိုင်က သံသရာ ပင်လယ်ကြီးကို ကူးမြောက်တော်မူနိုင်၍၊ ကရုဏာကြောင့် ဝေနေယျတို့ကို ကယ်တင်တော်မူနိုင်သည်။ ပညာဖြင့် သူတပါး၏ ဒုက္ခကို ပိုင်းခြားသိမြင်တော်မူသည်၊ ကရုဏာဖြင့် ထိုဒုက္ခကို ကုစားပယ်ရှားနိုင်ရန်အားထုတ်တော်မူသည်။ပညာဖြင့် ဒုက္ခ၌ ငြီးငွေ့တော်မူ၍၊ ကရုဏာဖြင့် ထိုငြီးငွေ့အပ်သည့် ဒုက္ခကိုပင် ဝေနေယျတို့ကို ကယ်တင်ရန်အတွက် သုခကဲ့သို့ ခံယူတော်မူသည်။ ပညာဖြင့် နိဗ္ဗာန်သို့ ရှေးရှုတော်မူ၍၊ကရုဏာဖြင့် သတ္တဝါတို့ကို ကယ်တင်ရန်အတွက် သံသရာဝဋ်ထဲသို့ တဝဲလည်လည် ရောက်တော်မူရပြန်သည်။ ဤသို့ အစရှိသည်ဖြင့် ကရုဏာပညာတို့၏ ဂုဏ်ကျေးဇူးကား များလှပေ၏။ ဤကရုဏာနှင့် ပညာ နှစ်ပါးတို့သည် ပါရမီတို့၏ အကြောင်းသာ ဖြစ်ကြသည် မဟုတ်သေး၊ ဘုရားဆုပန်ခြင်း၏ အကြောင်းရင်းကြီးများလည်း ဖြစ်ကြလေသည်။

## (ဂ) ဗုဒ္ဓဘူမိလေးပါး

အဘိနီဟာရနှင့် ကရုဏာပညာတို့ကဲ့သို့ပင် (၁) ဥဿာဟ၊ (၂) ဥမ္မင်္ဂ၊ (၃) အဝတ္ထာန၊ (၄) ဟိတစရိယာ ဤ လေးပါးသော ဗုဒ္ဓဘူမိတရားတို့သည်လည်း ပါရမီ၏အကြောင်းရင်း ဖြစ်ကုန်၏၊ ထိုတွင်—

(၁) **ဥဿာဟ** ဟူသည်ကား....ပါရမီ စာဂ စရိယတို့ကို မဆုတ်မနစ် အားသစ်ကြိုးစားခြင်း ဝီရိယတည်း။ (၂) **ဥမ္မင်္ဂ**ဟူသည်

WWW.DHAMMARANSI.COM



ကား....ရှေး၌ဆိုအပ်ပြီးသည့် ဥပါယကောသလ္လ ဉာဏ်ပင်တည်း။ (၃) **အဝဏ္ဏဘာန** ဟူသည်ကား.... ဘုရား ဖြစ်ကြောင်း တရားတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်းတည်း။ (၄) **ဟိတစရိယာ** ဟူသည် ကား....မေတ္တာဘာဝနာနှင့်ကရုဏာဘာဝနာ ဤနှစ်ပါးတို့တည်း။

ဤတရား လေးပါးတို့ကို သမ္ဗုဒ္ဓတဉာဏ်၏ ဖြစ်ပေါ်လာ ကြောင်း ဖြစ်သောကြောင့် ဗုဒ္ဓဘူမိတရားလေးပါးဟူ၍ ခေါ်ဆို အပ်ကုန်၏။

## (ဃ) **အဇ္ဈာသယဓာတ်ကြီး (၁၆) ပါး**

(အဇ္ဈာသယ ဟူသည် သတ္တဝါတို့သန္တာန်၌ လွှမ်းမိုး စိုးအုပ်၍ တည်နေသည့် ဓာတ်ခံမျိုးဖြစ်သည်။ ထိုအဇ္ဈာ- သယသည် ကောင်းသော အဇ္ဈာသယ မကောင်းသော အဇ္ဈာသယဟူ၍ နှစ်မျိုးပင်ရှိသည်။)

အလောင်းတော်ကြီးများမှာ ဝတ္ထုကာမ ဃရာဝါသ စသည် တို့၌ အပြစ်ကို မြင်တော်မူကြသည့်အတွက် အလောဘ စသော တရားကောင်းကြီးများ ကဲလွန်ပြီးလျှင် ထို ဝတ္ထုကာမ ဃရာဝါသ စသည်တို့မှ ထွက်မြောက်ရခြင်း အစရှိသည်၌ အမြဲညွတ် ကိုင်းရှိုင်း နေသော စိတ်ရှိမှု အစရှိသည်ကို နေက္ခမ္မဇ္ဈာသယ အစရှိ သည် ခေါ်သည်။ ထို အဇ္ဈာသယတို့ကား····နေက္ခမ္မဇ္ဈာသယ၊ ပဝိဝေကဇ္ဈာသယ၊ အလောဘဇ္ဈာသယ၊ အဒေါသဇ္ဈာသယ၊ အမောဟဇ္ဈာသယ၊ နိဿရဏဇ္ဈာသယဟူ၍ ခြောက်ပါး၊ ဒါနဇ္ဈာ- သယ သီလဇ္ဈာသယ အစရှိသည်ဖြင့် ဆယ်ပါးတို့ ရှိကြသည်။ ထိုတွင်—

အလောင်းတော်ကြီးများသည် နေက္ခမ္မဇ္ဈာသယဓာတ်ခံအား ကြီးတော်မူကြသောကြောင့် ကာမတရား ဃရာဝါသတရားတို့၌ အပြစ်မြင်တော်မူကြသည်။ ပဝိဝေကဇ္ဈာသယဓာတ်ခံ အားကြီး တော်မူကြသောကြောင့် အပေါင်းအဖော်တို့နှင့် မွေ့လျော် ပျော် ပိုက်နေမှု၌ အပြစ်မြင်တော်မူကြသည်။ အလောဘ အဇ္ဈာသယ အဒေါသ အဇ္ဈာသယ အမောဟ အဇ္ဈာသယဓာတ်ခံ အားကြီး

WWW.DHAMMARANSI.COM



တော်မူကြသောကြောင့် လောဘ ဒေါသ မောဟတို့၌ အပြစ်မြင်တော်မူကြသည်။ နိဿရဏဇ္ဈာသယဓာတ်ခံ အားကြီးတော်မူကြသောကြောင့် ခပ်သိမ်းသော ဘဝတို့၌ အပြစ် မြင်တော်မူကြသည်။ လောဘစသည်တို့၌ အပြစ်မြင်ခြင်း အလောဘစသည်တို့ လွန်ကဲခြင်းမရှိပဲ ဒါနစသော ပါရမီတို့ မဖြစ်နိုင်ကုန်၊ ထို့ကြောင့် ထိုအဇ္ဈာသယဓာတ်ကြီး ခြောက်မျိုးတို့သည်လည်း ပါရမီတို့၏ အကြောင်းရင်းဖြစ်ကုန်၏။

ထို့အတူ ဒါနဇ္ဈာသယ အစရှိသော အဇ္ဈာသယ ဓာတ်ကြီး ဆယ်ပါးတို့သည်လည်း ပါရမီတို့၏ အကြောင်းရင်းဖြစ်ကုန်၏။ (ဆိုင်ရာဆိုင်ရာ ဆန့်ကျင်ဘက်တရားတို့၌ အပြစ်ကိုမြင်၍ အလောဘ စသည် လွန်ကဲခြင်းကြောင့် ပေးကမ်းမှု စသည်တို့၌ အမြဲ စိတ်ညွတ်နေမှုကို ဒါနဇ္ဈာသယ စသည် ခေါ်၏။)

အလောင်းတော်ကြီးများသည် ဒါနဇ္ဈာသယ လွန်ကဲတော်မူကြသောကြောင့် ဒါန၏ ဆန့်ကျင်ဘက်ဖြစ်သည့် မစ္ဆေရတရား၌ အပြစ်မြင်ကြပြီးလျှင် ဒါနပါရမီကို အပြည့်အစုံ ဖြည့်တော်မူကြသည်။ သီလဇ္ဈာသယ လွန်ကဲတော်မူကြသောကြောင့် သီလ၏ ဆန့်ကျင်ဘက်ဖြစ်သည့် ဒုဿီလျခေါ်သော ဒုစရိုက်မှုတို့၌ အပြစ်မြင်တော်မူကြပြီးလျှင် သီလပါရမီကို အပြည့်အစုံ ဖြည့်တော်မူကြသည်။ ကျန်သောပါရမီတို့၌လည်း ဤနည်းအတူ သိရာ၏။

အထူးအားဖြင့် နေက္ခမ္မဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား ကာမတရား ဃရာဝါသတရား၊ ပညာဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား မောဟနှင့် ဝိစိကိစ္ဆာ၊ ဝီရိယဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား ကောသဇ္ဇ = (အပျင်းထူခြင်း၊) ခန္တီအဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား အက္ခန္တိ = (ဒေါသ၊) သစ္စာအဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား မုသာဝါဒ၊ အဓိဋ္ဌာနဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား အနဓိဋ္ဌာန = (ကုသိုလ်မှုတို့၌ ကြံကြံ့မတည်ခြင်း၊) မေတ္တာ အဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား ဗျာပါဒ၊ ဥပေက္ခာ အဇ္ဈာသယ၏ ဆန့်ကျင်ဘက်ကား ဣဋ္ဌ အနိဋ္ဌလောကဓံတို့ ဖြစ်သည်။

WWW.DHAMMARANSI.COM



အလောင်းတော်ကြီးများသည် ဥပေက္ခာအဇ္ဈာသယ လွန်ကဲတော်မူကြသောကြောင့် ဥပေက္ခာ၏ ဆန့်ကျင်ဘက် ဖြစ်သည့် ဇုဒ္ဓ အနိဋ္ဌလောကဓံ တရားတို့၌ အပြစ်မြင်တော် မူကြပြီးလျှင် ဥပေက္ခာပါရမီကို အပြည့်အစုံ ဖြည့်တော်မူကြသည်။ ထို့ကြောင့် ဤဒါနဇ္ဈာသယ အစရှိသော အဇ္ဈာသယ ခြောက်ပါးတို့သည်လည်း ပါရမီတို့၏ အကြောင်းရင်းဖြစ်ကုန်၏။

## (င) မလှူခြင်းစသည်၌ အပြစ်၊ လှူခြင်းစသည်၌ အကျိုးကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များ

မလှူခြင်း သီလမဆောက်တည်ခြင်း အစရှိသည့် ဆယ်မျိုး၌ အပြစ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များ, လှူခြင်း သီလဆောက်တည်ခြင်း အစရှိသည့် ဆယ်မျိုး၌ အကျိုးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များသည်လည်း ပါရမီတို့၏ အကြောင်းရင်း ဖြစ်ကုန်၏။

(ဘုရားဆု ပန်လိုသူများ ဤအခဏ်းကို အထူးသတိပြု ကြည့်ရှုလေ့လာရာ၏။)

## (က) ဒါနပါရမီ၌ ဆင်ခြင်ပုံအကျယ်ကား....

လယ်ယာ ရွှေ ငွေ နွား ကျွဲ ကျွန်မိန်းမ ကျွန်ယောကျ်ား သားမယားအစရှိသည့် ကိုယ်ပိုင်ဝတ္ထုတို့၌ ငြိကပ်တပ်မက် မစွန့်ရက်သည့် စိတ်ရှိသော သတ္တဝါတို့အဖို့ လယ်ယာအစရှိသော ထိုပစ္စည်းတို့မှာ ဝတ္ထုကာမဖြစ်သဖြင့် အများတကာ အာသာစွဲတပ် တောင့်တအပ်သော ပစ္စည်းများဖြစ်ခြင်း....ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံနေခြင်း....ခိုက်ရန်ငြင်းခုံမှု၏ အကြောင်းဖြစ်ခြင်း.... အနှစ်သာရမရှိခြင်း....ထိုပစ္စည်းတို့ကို ရရှိရေး စောင့်ထိန်းရေး အတွက် သူတဖက်သားကိုညှဉ်းဆဲမှဖြစ်မည် အကျိုးရမည်ဆိုလျှင် မျက်နှာမထောက် ညှဉ်းဆဲရခြင်း....ထိုပစ္စည်းဝတ္ထုတို့ ပျက်စီးသော အခါ၌လည်း သောကပရိဒေဝ စသည်များစွာ ဒုက္ခရောက်ရခြင်း.... ထိုပစ္စည်းဝတ္ထုတို့၌ တပ်မက်ခြင်းကို အကြောင်းပြုကာ မစွန့်ရစိတ်

WWW.DHAMMARANSI.COM



ရှိသူတို့အား အပါယ်ဘုံသို့ ကပ်ရောက်ရခြင်း....ဤသို့ အစရှိသည်ဖြင့် ထိုပစ္စည်းဝတ္ထုတို့သည် အထူးထူးအပြားပြား များစွာသော အကျိုးမဲ့ကို ရွက်ဆောင်တတ်ကုန်စွာ့တကား၊ ထိုပစ္စည်းဝတ္ထုတို့ကို စွန့်ကြဲလှူဒါန်း ပေးကမ်းခြင်း ဒါနမှုတခုသာလျှင် ချမ်းသာကြောင်း ဖြစ်စွာ့တကားဟု ဆင်ခြင်ပြီးလျှင် ဒါနမှု၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို ဘုရားအလောင်း ဖြစ်သူသည် လက်ရှိထားရာ၏။

တနည်းအားဖြင့် အလှူခံပုဂ္ဂိုလ်က တောင်းခံလာသည်ရှိသော် "ဤသူကား ကိုယ်ရေးအတွက် လျှို့ဝှက်ရမည့် ရှက်စဖွယ် အကြောင်းကိုပင် ပွင့်လင်းစွာ ပြောကြားလာရကား ငါ့အပေါ်၌ အလွန်အကျွမ်းဝင်သူ ဖြစ်ပေ၏"ဟူ၍၎င်း....၊ "စွန့်ပစ်၍သွားရမည့် ငါ့ပစ္စည်းများကို တမလွန်လောကသို့ ပါအောင် ဤနည်းဖြင့် ယူဆောင်၍ သွားလေဟု နည်းကောင်းဥပဒေသကို ညွှန်ပြသောသူ ပါတကား"ဟူ၍၎င်း....၊ "မီးလောင်နေသည့်အိမ်မှာကဲ့သို့ သေခြင်းတရားတည်းဟူသော မရဏမီး တညီးညီး တပြောင်ပြောင် လောကကြီးကို တောက်လောင်နေရာဝယ် ထိုမီးလောင်နေသော လောကဘုံဆောင်ထဲမှ ငါ့၏ဥစ္စာများကို မီးဘေးလွတ်အောင် ထုတ်ဆောင်ကူညီပေသော အဆွေတော်ကြီး ဖြစ်ပေသည်"ဟူ၍၎င်း....၊ "ထုတ်ဆောင်အပ်ပြီးသော ထိုဥစ္စာတို့ကို မီးမကျွမ်းအောင် သိမ်းဆည်းသိုမှီးရာ နေရာကောင်းကြီးသဖွယ် ဖြစ်ပေသည်"ဟူ၍၎င်း....၊ "အလှူဒါန ကောင်းမှု၌ တကွဖြစ်ဖော် အဆွေတော်ကြီးဖြစ်သောကြောင့်၎င်း အလွန်တရာ ရခဲလှ ထူးမြတ်လှသော ဗုဒ္ဓဘူမိကုသိုလ်ကြီးများ ပြည့်စုံကြောင်း ဖြစ်သောကြောင့်၎င်း....အလွန်မြတ်သော ကလျာဏမိတ်ဆွေကြီး ဖြစ်ပေသည်"ဟူ၍၎င်း ဆင်ခြင်အပ်၏။

ထို့အတူ "ဤသူသည် ငါ့ကို အလွန်မြတ်သော ကောင်းမှု၌ ချီးမွမ်းအပ်ပေ၏၊ ထို့ကြောင့် ထိုချီးမွမ်းချက်ကို မချွတ်ဧကန် အမှန်ပင်ပြုသင့်လှပေ၏"ဟူ၍၎င်း....၊ "ငါ၏အသက်ကား ဧကန်ပင် ပျက်စီးလိမ့်မည်၊ ထို့ကြောင့် မတောင်းအပ်ပဲသော်လည်း ငါသည်

WWW.DHAMMARANSI.COM



ပေးလှူသင့်လှ၏၊ တောင်းအပ်သော်မူ အဘယ်ဆိုဖွယ် ရှိအံ့နည်း၊ ကေန်ပင် ပေးလှူသင့်သည်သာတည်း”ဟူ၍ငင်း....၊“ဒါနဖြူသယ အားကြီးလှသော ဘုရားအလောင်းတော်ကြီးများသည် အလှူခံ ပုဂ္ဂိုလ်ကို မရအရ ရှာ၍သော်မှလည်း ပေးလှူကြရကုန်သေး၏၊ ငါ့ကုသိုလ်ကံကြောင့်အလှူခံပုဂ္ဂိုလ် အလိုလို ရောက်လာပေသည်” ဟူ၍ငင်း....၊“လှူဒါန်းခြင်းဒါနသည် သဘာဝ အစစ်အမှန်အားဖြင့် အလှူခံပုဂ္ဂိုလ်အား ပေးကမ်းခြင်းကို အရင်းမူသဖြင့် ငါ့အား သာလျှင် ချီးမြှောက်ခြင်း ဖြစ်ပေသည်”ဟူ၍ငင်း....၊ “ငါ့ကို ငါ ချီးမြှောက်အပ်သကဲ့သို့ ဤသတ္တဝါအပေါင်းကိုလည်း ငါသည် ချီးမြှောက်သင့်လှပေသည်” ဟူ၍ငင်း....၊ “အလှူခံပုဂ္ဂိုလ်မရှိလျှင် အဘယ်နည်းဖြင့် ငါ၏ ဒါနပါရမီ ပြည့်နိုင်အံ့နည်း”ဟူ၍ငင်း....၊ “အလှူခံပုဂ္ဂိုလ်တို့အတွက်ပင် ငါသည် အလုံးစုံသောပစ္စည်းများကို သိမ်းဆည်းထားအပ်ပေသည်” ဟူ၍ငင်း....၊ “ငါ့ကို မတောင်း ကြပဲ အလှူခံပုဂ္ဂိုလ်တို့သည် ငါ့ဥစ္စာကို ဘယ်သောအခါ၌ အလိုလို ကိုယ်တိုင် ပိုင်နိုင်စွာ ယူကြပါကုန်မည်နည်း”ဟူ၍ငင်း....၊“ဘယ်လို နည်းဖြင့် ငါသည် အလှူခံပုဂ္ဂိုလ်တို့ ချစ်အပ်သောသူ အလှူခံပုဂ္ဂိုလ် တို့သည်လည်း ငါ၏ချစ်အပ်သောသူများ ဖြစ်ကြပါမည်နည်း” ဟူ၍ငင်း....၊“အဘယ်နည်းဖြင့် ငါသည် ပေးလှူစဉ်ကာလနှင့် ပေးပြီး နောက်ကာလတို့၌ အားရဝမ်းသာ ဖြစ်ရပါမည်နည်း” ဟူ၍ငင်း....၊“အဘယ်နည်းဖြင့် အလှူခံပုဂ္ဂိုလ်တို့နှင့် ဒါနဖြူသယ တရားတို့ ငါ့ထံ ငါ့သန္တာန်သို့ ရောက်ရှိ ဖြစ်ပွါးကြပါမည်နည်း” ဟူ၍ငင်း....၊ “အဘယ်နည်းဖြင့် ငါသည် အလှူခံပုဂ္ဂိုလ်တို့က မတောင်းအပ်ပဲ ထိုသူတို့၏စိတ်နှလုံးအလိုကိုသိ၍ (အလိုက်သိ၍) ပေးလှူနိုင်ပါမည်နည်း”ဟူ၍ငင်း....၊“ပေးလှူရန်ဥစ္စာနှင့် အလှူခံ ပုဂ္ဂိုလ်များ ထင်ရှားရှိနေပါလျက် မလှူဒါန်းခြင်းသည် ငါ၏အဖို့ရာ ကြီးစွာသော လှည့်ပတ်ခြင်းပင် ဖြစ်တော့သည်တကား” ဟူ၍ ငင်း....၊“အဘယ်နည်းဖြင့် ငါသည် မိမိ၏ အင်္ဂါကြီးငယ်တို့ကိုငင်း အသက်ကိုငင်း အလှူခံပုဂ္ဂိုလ်တို့အား စွန့်လှူရပါမည်နည်း”ဟူ၍ ငင်း....စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ အမြဲညွတ်ကိုင်းသောစိတ် ရှိမှုကို ပြုရာ၏။

WWW.DHAMMARANSI.COM



(တနည်း) "ပိုးနံ့ကောင်ကို စွန့်ပစ်လိုက်သောအခါ ထိုပိုးနံ့ကောင်သည် မငဲ့မကွက် စွန့်ပစ်သော သူသို့သာ တဖန်ပြန်၍လိုက်သကဲ့သို့၊ အကျိုးတရားဟူသည်မှာလည်း အကျိုးကိုမမြော်ခေါ်ပဲ ရက်ရက်စွန့်သူ အလှူဒါယကာသို့သာ တဖန်ပြန်၍လိုက်လေ့ရှိသည်"ဟု ဆင်ခြင်ပြီးလျှင် အကျိုးတရား၌ မလိုလား မမြော်ခေါ်ဘို့ရန် စိတ်ကိုဖြစ်စေရာ၏။ (အကျိုးတရား ဆိုသည်မှာ ထိုဒါနကြောင့် ရရှိမည့် လူ့ချမ်းသာ နတ်ချမ်းသာ စသည်ကို ဆိုလိုသည်၊ ဘုရားအဖြစ်ကို မဆိုလိုပေ။)

## ပေးလှူသောအခါ စိတ်ထားပုံ

ပေးလှူသောအခါမှာလည်း အလှူခံပုဂ္ဂိုလ်သည် အကယ်၍မိမိချစ်အပ်သည့် ပိယပုဂ္ဂိုလ်ဖြစ်ခဲ့သော် "ငါချစ်အပ်သောသူက ငါ့ကိုတောင်းပေသည်"ဟု ဝမ်းမြောက်မှုကို ဖြစ်စေရာ၏။ အလှူခံပုဂ္ဂိုလ်သည် အကယ်၍ မချစ်မမုန်းအပ် အလယ်အလတ် မဇ္ဈတ္တ (ဥဒါသိန်)ပုဂ္ဂိုလ်ဖြစ်ခဲ့သော် "ငါ့ကို တောင်းခံလာသော ဤသူသည် ဤယခု ပေးလှူခြင်းဖြင့် နောက်မည်မှတ် ငါ၏မိတ်ဆွေ ဖြစ်ပေတော့မည်"ဟု ဆင်ခြင်၍ ဝမ်းမြောက်မှုကို ဖြစ်စေရာ၏။ အလှူခံပုဂ္ဂိုလ်သည် ရန်သူဖြစ်ခဲ့သော် "ရန်သူသည် ငါ့ကို တောင်းပေ၏၊ ငါ့ကို တောင်းခံလာသော ဤရန်သူသည် ဤယခု ပေးလှူခြင်းဖြင့် နောက်မည်မှတ် ငါ၏ချစ်လှစွာသော မိတ်ဆွေဖြစ်ပေတော့မည်"ဟု ဆင်ခြင်၍ အထူးသဖြင့်ပင် ဝမ်းမြောက်မှုကို ဖြစ်စေရာ၏။

ဤဆိုအပ်ပြီးသည့်အတိုင်း ချစ်အပ်သော (ပိယ)ပုဂ္ဂိုလ်၌ကဲ့သို့ပင် အလယ်အလတ် မဇ္ဈတ္တ (ဥဒါသိန်)ပုဂ္ဂိုလ် ရန်သူပုဂ္ဂိုလ်တို့၌လည်း မေတ္တာရှေ့သွားရှိသော ကရုဏာကို ဖြစ်စေ၍သာ လှူဒါန်းရာ၏။

## အလွန်ကြီး ခဲကပ်နေခဲ့သော်

အကယ်၍ ဘုရားအလောင်းဖြစ်လိုသူ၏ သန္တာန်၌ လောဘတရားက ကာလရှည်လျားစွာကပင် ထုံခဲ့ လေ့လာခဲ့သဖြင့် လှူဖွယ်

WWW.DHAMMARANSI.COM



ဝတ္ထုတို့ကို မပေးရက် မစွန့်ရက်နိုင်လောက်အောင် လောဘတရား ငြိကပ်ဖြစ်ပွါးနေခဲ့သော် ထိုဘုရားအလောင်းဟု ဝန်ခံသူသည် ဤသို့ဆင်ခြင်ရာ၏....

''အိုဘုရားအလောင်း သူတော်ကောင်း···· အသင်သည် သမ္ဗောဓိဉာဏ်ကို ရဘို့ရန် ဘုရားဆုပန်စဉ်က သတ္တဝါတို့အား ကျေးဇူး ဥပကာရပြုဘို့ရန် ဤကိုယ်ကြီးကိုပင်၊ကိုယ်ကို စွန့်၍ရမည့် ကုသိုလ်ကောင်းမှု ထိုကောင်းမှု၏ အကျိုးများကိုပင် စွန့်အပ်ပြီး မဟုတ်ပါလော၊ထိုသို့ဖြစ်ပါလျက် သင်၏ ယခု ကိုယ်မှ ပြင်ပ ဗာဟိရဝတ္ထုများ၌ ငြိကပ်တွယ်တာမှု ဖြစ်နေခြင်းသည် ဆင်၏ရေချိုး ခြင်းနှင့် တူလှဘိတကား၊ထို့ကြောင့် အသင်သည် တစုံတခုသော ဝတ္ထုမှာမှ ငြိကပ်တွယ်တာမှုကို မဖြစ်စေသင့်ပေ။

(အခြားသတ္တဝါတို့၏ ရေချိုးခြင်းမှာ ကိုယ်၏အညစ်အကြေးများကို ဆေးလျှော်ရန် ရေချိုးကြခြင်းဖြစ်၏။ ဆင်၏ရေချိုးခြင်းကား အညစ် အကြေးကို ဆေးလျှော်ဘို့မဟုတ်၊ ရေ၌ရှိသော ကြာစွယ်ကြာရင်းတို့ကို ချိုးဖဲ့ဖျက်ဆီးလို၍ ရေချိုးခြင်းဖြစ်သောကြောင့် ဆင်၏ရေချိုးခြင်း သည် အကျိုးမရသော ရေချိုးခြင်းသာ ဖြစ်သကဲ့သို့၊ ဗာဟိရဝတ္ထု၌ တပ်မက်နေခြင်းသည် ဘုရားအဖြစ်တည်းဟူသော အကျိုးကို မရနိုင်၍ ဆင်၏ရေချိုးခြင်းနှင့် တူ၏ဟု ဆိုလိုသည်။)

လောက ဥပမာအားဖြင့် ဆေးသစ်ပင်ကြီးတပင် ထင်ရှား တည်ရှိနေရာဝယ် အမြစ်ကို အလိုရှိသူများက အမြစ်ကိုတူးဆောင်၍ သွားကြကုန်၏၊ အပွေးကို၊ အခေါက်ကို၊ ပင်စည်ကို၊ အခွကို၊ အနှစ်ကို၊ အကိုင်းအခက်ကို၊ အရွက်ကို၊ အပွင့်ကို၊ အသီးကို အလိုရှိသူများက အသီးကိုဆွတ်ခူး ယူဆောင်သွားကြကုန်၏၊ ထိုသို့ ယူဆောင်သွားကြသော်လည်း ဆေးသစ်ပင်ကြီးမှာ "ဤ သူများ ငါ့ဥစ္စာတွေကို ယူဆောင်သွားကြ၏''ဟု ဝိတက်ထွေပြား အကြံများခြင်း အလျဉ်းပင် မရှိသကဲ့သို့၊ ဤအတူပင် အလုံးစုံသော သတ္တလောက၏ အစီးအပွါးဖြစ်ဖို့ရန် ကြောင့်ကြကြီးကုတ် အား

WWW.DHAMMARANSI.COM



ထုတ်သော ငါသည်လည်း ဆင်းရဲလှ ကျေးဇူးလည်း မသိတတ်လှသည့်ပြင် အမြင်မစင်ကြယ်သော ဤကိုယ်ကောင်ကြီး တခုလုံးကို သူတပါးတို့ ကျေးဇူးရှိရေးအတွက် မည်သို့ပင် အသုံးပြုစေကာမူ အဏုမြူမျှပင် ဖောက်ပြန်ယွင်းမှား မိစ္ဆာအကြံများကို လားလားမျှ မပြုသင့်ပေ။ ကိုယ်တွင်းကိုယ်ပ ရှိသမျှသော မဟာဘုတ်ကြီး လေးပါးလုံးတို့ပင် ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းသဘော ရှိကြသဖြင့် အတွင်းသော အပသောဟူ၍ အထူးမရှိပေ၊ ထိုသို့ အထူးမရှိပါပဲလျက် "ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာ"ဟူ၍ နှလုံးသွင်း နေခြင်းကား သက်သက်မဲ့ မောဟ၏ တင့်တယ်စမွယ်ခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ဗာဟိရက ကိုယ်ပပစ္စည်းတို့မှာကဲ့သို့ပင် ကိုယ်တွင်းဖြစ်သည့် လက်ခြေ မျက်စိ စသည် အသားအသွေး စသည်တို့၌လည်း ငဲ့ကွက် တွယ်တာခြင်း အလျဉ်းမရှိပဲ ထိုထို အင်္ဂါကို အလိုရှိသော သူတို့သည် ထိုထို အလိုရှိရာ အင်္ဂါကြီးငယ်ကိုပင် ဆောင်ယူ၍ သွားကြစေဟု အသင်သည် ကိုယ်ခန္ဓာတခုလုံးကိုပင် စွန့်လွှတ်ပြီးသော စိတ်ရှိသူ ဖြစ်ရာ၏"— ဟူ၍ ဆင်ခြင်ရာ၏။

ဤသို့ ဆင်ခြင်သည်ရှိသော် သဗ္ဗညုတဉာဏ်တော်အလို့ငှါ စွန့်လွှတ်အပ်သောစိတ်ရှိ၍ ကိုယ်အသက်တို့၌ ငဲ့ကွက်ခြင်းမရှိသော ထိုအလောင်းတော်၏ ကာယကံ ဝစီကံ မနောကံတို့သည် အလွယ်တကူပင် အလွန့်အလွန် စင်ကြယ်၍ စင်ကြယ်၍ လာကုန်တော့သည်၊ ထိုသို့ အလွန်စင်ကြယ်သည့် ကာယကံ ဝစီကံ မနောကံတို့နှင့်ပြည့်စုံသော အလောင်းတော်သူမြတ်သည် အသက်မွေးမှုလည်း အလွန်စင်ကြယ်ကာ နိဗ္ဗာန်ရကြောင်း ကောင်းသော အကျင့်၌ တည်ပြီးလျှင် ပျက်စီးကြောင်း တိုးပွါးကြောင်းတို့ကို ကောင်းစွာသိမြင်သောဉာဏ်နှင့် ပြည့်စုံခြင်းကြောင့် ရှေးကထက် တိုး၍ တိုး၍သာလျှင် ဝတ္ထုဒါန အဘယဒါန ဓမ္မဒါနတို့ဖြင့် သတ္တဝါခပ်သိမ်းကို ချီးမြှောက်နိုင်သည့် ပုဂ္ဂိုလ်သူမြတ်ကြီး စင်စစ်ဖြစ်လေတော့သည်။

(ဤကား ဒါနပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

WWW.DHAMMARANSI.COM



## (ခ) သီလပါရမီ၌ ဆင်ခြင်ပုံအကျယ်ကား....

"ဤသီလမည်သည် ဂင်္ဂါရေစသည်တို့ဖြင့် ဆေးကြော၍မရနိုင်သည့် ကိလေသာအပြစ် အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်နိုင်သည့်ဓမ္မရေစင် ဖြစ်ပေ၏။ စန္ဒကူးရွှေစသည်တို့ဖြင့် ပယ်ဖျောက်၍ မရနိုင်သော ရာဂအစရှိသည့် ပူလောင်ခြင်းကို ပယ်ဖျောက်ကြောင်း ဆေးကောင်းကြီးဖြစ်ပေ၏။ ပုလဲသွယ် မကိုဋ် နားဒေါင်း အစရှိသည့် ပကတိလူများ၏ အဆင်တန်းဆာများနှင့် လားလားမျှမဆက်ဆံသည့် ပညာရှိတို့၏ အဆင်တန်းဆာလည်း ဖြစ်ပေ၏။ အရပ်ခပ်သိမ်း ကြိုင်လှိုင်သောကြောင့် ပင်ကိုယ်ကပင် သန့်စင်ပြုပြင်ရခြင်း မရှိသည့် အခါခပ်သိမ်း လိမ်းသပ်ဖို့ရန် လျော်ကန်သင့်မြတ်မသော နံ့သာမျိုးလည်း ဖြစ်ပေ၏။ မင်း ပုဏ္ဏား သူကြွယ်ဟူသော အမျိုးမြတ်သူ လူတို့နှင့်တကွ နတ် ဗြဟ္မာတို့ကပါ သဒ္ဓါကော်ရော်အပူဇော်ခံရခြင်းစသည့်အကျိုးကို ဆောင်ရွက်တတ်သောကြောင့် မြတ်သော ဝသီကရဏမန္တန်ကြီးလည်း ဖြစ်ပေ၏။ နတ်ပြည် ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်း လှေကားကြီးလည်း ဖြစ်ပေ၏။ ဈာန်အဘိညာဉ်တို့ကို ရကြောင်းလည်း ဖြစ်ပေ၏။ နိဗ္ဗာန်မြို့ကြီးသို့ ရောက်စေတတ်သော လမ်းကောင်းကြီးလည်း ဖြစ်ပေ၏။ ဗောဓိဉာဏ်သုံးပါး၏ တည်ရာ မူလအခြေခံတရားကြီးလည်း ဖြစ်ပေ၏။ အလိုရှိအပ် တောင့်တအပ်သမျှ ပြည့်စုံနိုင်ကြောင်းဖြစ်သောကြောင့် စိန္တာမဏိ ကျောက်မျက်ရတနာ ပဒေသာပင်တို့ကိုလည်း သာလွန်၍ တင့်တယ်ပေ၏။ ဤသို့ အစရှိသည်ဖြင့် သီလ၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အပ်ကုန်၏။

(သီလနှင့်မပြည့်စုံခြင်း၏ အပြစ်များကို အင်္ဂုတ္တရနိကာယ် ပမသုတ်စသည်တို့၏ အစွမ်းဖြင့် ဆင်ခြင်ရမည်ဟု အဋ္ဌကထာ၌ မှာတမ်းထားခဲ့သည်၊ ။ဤ၌ အင်္ဂုတ္တရနိကာယ်ပမ သုတ္တန် အကျဉ်းချုပ်ကို အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ်မှ ထုတ်နုတ်ပြဆိုပေအံ့....)

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းအများ ခြံရံလျက် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူစဉ်

WWW.DHAMMARANSI.COM



တခုသောအရပ်၌ မီးပုံကြီးကိုမြင်တော်မူ၍ လမ်းခရီးမကြီးမှ ဖဲခဲ့ပြီး တခုသော သစ်ပင်ရင်း အရှင်အာနန္ဒာ ခင်းပေးသည့် လေးခေါက်ချိုးသင်္ကန်းအခင်း၌ ထိုင်နေတော်မူပြီးလျှင် ရဟန်းတော်များကို—

ရဟန်းတို့····ထိုမီးပုံကြီးကိုပွေ့ဖက်၍ ထိုင်ရခြင်း အိပ်ရခြင်းနှင့်၊ မင်းမျိုး ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့တွင် တမျိုးမျိုးမှ လှပနူးညံ့သောအတွေ့ရှိသည့် သမီးကညာကို ပွေ့ဖက်၍ ထိုင်ရခြင်း အိပ်ရခြင်း နှစ်မျိုးတို့တွင် အဘယ်ကမြတ်သနည်းဟု မေးတော်မူလေရာ....၊ရဟန်းတော်များကသမီးကညာကို ပွေ့ဖက်၍ ထိုင်နေရခြင်း အိပ်နေရခြင်းက မြတ်ကြောင်းကို (အမြင်တိုတိုဖြင့်ပင်) လျှောက်ထားကြလေသည်။ ထိုအခါ မြတ်စွာဘုရားက—

ဒုဿီလပုဂ္ဂိုလ်အဖို့ မီးပုံကြီးကို ပွေ့ဖက်၍နေရခြင်းကသာ တဘဝတွင်၍ ဒုက္ခပေးနိုင်သောကြောင့် မြတ်လှကြောင်းနှင့်၊ သမီးကညာကို ပွေ့ဖက်၍ နေရခြင်းမှာ အပါယ်လားကြောင်းဖြစ်၍ မမြတ်နိုင်ကြောင်း ဟောကြားတော်မူသည်။ တဖန်ဆက်၍ အစဉ်အတိုင်းပင်—

(၂) အားရှိသော ယောကျာ်းတယောက်က ခိုင်မြဲလှစွာသည့် (နွားမြီး မြင်းမြီး စသည်ကို ကျစ်အပ်သော) သားမြီးကြိုးဖြင့် ခြေသလုံးနှစ်ဖက်၌ ရစ်ပတ်ပြီးလျှင် အရေ အသား အကြော အရိုးတို့ စုတ်ပြတ်အောင် အပွတ်အဆွဲခံရခြင်းနှင့်—ဒါယကာတို့က ရှိခိုးသည်ကို ခံယူသာယာရခြင်းတို့တွင် အဘယ်က မြတ်သနည်း ဟူ၍၎င်း၊

(၃) အားရှိသော ယောကျာ်းက ထက်လှသောလှံမဖြင့် ရင်ဝတည့်တည့် အထိုးအစိုက် ခံရခြင်းနှင့်—ဒါယကာတို့က လက်အုပ်ချီမှုကို ခံရခြင်းတို့တွင် အဘယ်က မြတ်သနည်းဟူ၍၎င်း၊

WWW.DHAMMARANSI.COM



(၄) အားရှိသော ယောကျ်ားက ရဲရဲပြောင်ပြောင် မီးတောက်လောင်နေသော သံပြားကြီးဖြင့် ကိုယ်ကို အရစ်အပတ် ခံရခြင်းနှင့်—ဒါယကာတို့ သဒ္ဓါ၍ လှူဒါန်းအပ်သည့် သင်္ကန်းကို သုံးဆောင်ရခြင်းတို့တွင် အဘယ်က မြတ်သနည်း ဟူ၍ငင်း၊

(၅) အားရှိသော ယောကျ်ားက မီးရဲရဲတောက်နေသည့် သံထောက်ကြီးဖြင့် ခံတွင်းကို ထောက်ပြီးလျှင် မီးရဲရဲတောက်နေသည့် သံတုံးကြီးကို (နှုတ်ခမ်း၊ ခံတွင်း၊ လျှာ၊ လည်ချောင်း၊ ရင်ပပ်၊ အူမ၊ အူသိမ်တို့ကိုပါ မီးစွဲလောင် တိုက်ဆောင်၍) အောက်ဒွါရပေါက် တောက်လျှောက် ဆင်းထွက်သွားအောင် ခံတွင်းမှ ထည့်သွင်းသည်ကို ခံရခြင်းနှင့်—ဒါယကာတို့ သဒ္ဓါ၍ လှူဒါန်းအပ်သည့် ဆွမ်းကို သုံးဆောင်ရခြင်းတို့တွင် အဘယ်က မြတ်သနည်း ဟူ၍ငင်း၊

(၆) အားရှိသော ယောကျ်ားက(ရုန်းကန်၍ မသွားနိုင်အောင်)ဦးခေါင်း၌ဖြစ်စေ ပခုံး၌ဖြစ်စေ မြဲစွာ ဆုပ်ကိုင်၍ ရဲရဲပြောင်ပြောင် မီးစွဲလောင်နေသည့် သံညောင်စောင်း သံအင်းပျဉ်(သံခုံ၊သံကုလားထိုင်)တို့၌ အထိုင်ခိုင်းအအိပ်ခိုင်းသည်ကိုခံရခြင်းနှင့်— ဒါယကာတို့သဒ္ဓါ၍ လှူဒါန်းအပ်သည့် ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ရခြင်းတို့တွင် အဘယ်က မြတ်သနည်း ဟူ၍ငင်း၊

(၇) အားရှိသောယောကျ်ားက ဦးခေါင်းဇောက်ထိုး ခြေမိုးမျှော်ကိုင်၍ ကြိုက်ကြိုက်ဆူပွက်နေသော သံရည်အိုးကြီး၌ အပစ်အချ ခံရခြင်းနှင့်—ဒါယကာတို့ သဒ္ဓါ၍ လှူဒါန်းအပ်သည့် ကျောင်းကို သုံးဆောင်ရခြင်းတို့တွင် အဘယ်က မြတ်သနည်းဟူ၍ငင်း မေးမြန်းတော်မူသော အခါ ရဟန်းတော်များက ရှေးနည်းအတူပင် (အမြင်ဟိုတိုဖြင့်) ဖြေကြားကြသည်တွင် မြတ်စွာဘုရားက—

WWW.DHAMMARANSI.COM



> ဒုဿီလပုဂ္ဂိုလ်အဖို့ တဘာဝစာသာ ဒုက္ခရောက်နိုင်သဖြင့် ရှေ့(၆)ပါးကသာ မြတ်ကြောင်း၊ နောက်(၆)ပါးမှာ အပါယ်လားကြောင်းဖြစ်၍ မမြတ်ကြောင်း အကျယ်တဝင့် ဟောတော်မူပြီးလျှင် အဆုံး၌—
>
> ပစ္စည်းလေးပါး ဒါယကာတို့၏ ကုသိုလ်များ အကျိုးကြီးမြတ်စေရန်နှင့် မိမိတို့၏ ရဟန်းဖြစ်ကျိုးနပ်စေရန် သိက္ခာသုံးပါးကို ပွါးများအားထုတ်ရမည်၊ ကိုယ်ကျိုး သူကျိုး နှစ်ပါးအကျိုးကို မြော်ကိုးသော ရဟန်းသည် အပ္ပမာဒတရားနှင့်ပြည့်စုံရမည်ဟု ဟောကြား၍ ဒေသနာနိဂုံး အဆုံးသတ်လေသည်။
>
> ဤသုတ္တန်ကို ဟောအပ်သည်ရှိသော် ဒုဿီလ ရဟန်း(၆)ကျိပ်တို့ သွေးပွက်ပွက် အန်ကြသည်၊ သိက္ခာပုဒ်အငယ်စားကို ကျူးလွန်ထားသော ရဟန်း (၆) ကျိပ်တို့ လူထွက်ကြသည်၊ သီလစင်ကြယ်သော ရဟန်း(၆)ကျိပ်တို့ ရဟန္တာဖြစ်ကြသည်။ ။(ဤကား အဂ္ဂိက္ခန္ဓောပမ သုတ္တန် အကျဉ်းတည်း။)

ထို့အတူ...."သီလရှိသော သူအား သီလနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် 'ငါသည် အပြစ်မရှိ ကောင်းမြတ်လှသည့် ဘေးကို စောင့်ရှောက်တတ်သော တရားကို ပြုအပ်ပြီတကား' ဟု များစွာ ဝမ်းမြောက်ခြင်း ဖြစ်ရသည်။

သီလရှိသူအား မိမိကိုယ်ကို မိမိ စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး၊ ပညာရှိတို့ အကဲ့ရဲ့ခံရခြင်းဟူသော ပရာနုဝါဒဘေးကင်းဝေးနိုင်သည်။ ဒဏ်အထား ခံရခြင်းဟူသော ဒဏ္ဍဘေး အပါယ်ဘေးတို့မှာ ဖြစ်ခွင့်ပင် မရှိတော့ပေ။

ဤသူကား သီလရှိသူ ကောင်းသော အကျင့်ရှိသူဟု ပညာရှိတို့ အချီးမွမ်းခံရ၏။

ဒုဿီလ ပုဂ္ဂိုလ်မှာကဲ့သို့ နှလုံးမသာယာခြင်း အလျဉ်းပင် မရှိနိုင်ချေ။

WWW.DHAMMARANSI.COM



ဤသီလသည် အပ္ပမာဒတရား၏ အကြောင်းရင်းဖြစ်သော ကြောင့်၎င်း စီးပွါးပျက်ခြင်း(ဘောဂဗျသန) စသည်ကို ပယ်ရှားခြင်းကို အဦးမူသဖြင့် များစွာသော အကျိုးကို ပြီးစေတတ်သော ကြောင့်၎င်း အကုသိုလ်ကို ပယ်ဖြတ်တတ်သောကြောင့်၎င်း အမြတ်ဆုံးသော စီးပွါးချမ်းသာကြောင်းတရား ဖြစ်ပေ၏။

ဇာတ်ညံ့သူပင် ဖြစ်စေကာမူ သီလရှိလျှင် မင်းပုဏ္ဏားစသည်တို့၏ အပူဇော် ခံရသောကြောင့် သီလနှင့် ပြည့်စုံခြင်းသည် အမျိုးမြတ်မှု ဇာတ်နှင့်ပြည့်စုံမှုကို သာလွန်၍ တင့်တယ်ပေ၏။

ရန်သူမျိုးငါးပါးတို့နှင့်လည်း မဆက်ဆံ၊ တမလွန်ဘဝသို့လည်း လိုက်ပါ၊အကျိုးလည်းများ၊ သမာဓိပညာတို့၏ အကြောင်းလည်း ဖြစ်သောကြောင့် သီလဥစ္စာသည် ဗာဟိရဥစ္စာစုကို လွန်၍ တင့်တယ်ပေ၏။

လောက၌ အစိုးရ ဟု အခေါ်ခံသူတို့ပင် မိမိတို့၏ စိတ်ကိုကား အစိုးမရနိုင်ပေ၊ သီလရှိသူမှသာ မိမိစိတ်ကို အစိုးရနိုင်သည်၊ သို့ရကား သီလသည် အမြတ်ဆုံးသော အစိုးရခြင်းဖြစ်သည့် (စိတ္တိဿရိယ) မိမိစိတ်ကို စိုးပိုင်နိုင်နင်းခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်းစသောသူတို့၏ အစိုးရခြင်း (ဣဿရိယ) ဂုဏ်ကိုလည်း လွန်၍ တင့်တယ်ပေ၏။

သီလကောင်းမှုကြောင့် ထိုထိုဘဝတို့၌ အစိုးရခြင်း ဂုဏ်ကို ရလေသည်။

သီလမရှိသောသူ၏ အနှစ်တရာ အသက်ရှည်ရခြင်းထက် သီလရှိသောသူ၏ တရက်မျှ အသက်ရှည်ရခြင်းက မြတ်ကြောင်းကို ၎င်း အသက်ပင်ရှင်နေစေကာမူ သီလမရှိလျှင် သေနေသည် မည်ကြောင်းကို၎င်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ကြောင့် အသက်ထက်လည်း ထူးမြတ်သော တရားဖြစ်ပေသည်။

သီလရှိသူကို ရန်သူတို့ကသော်မှ နှစ်သက်ကြရသည်၊ သီလရှိသူကို ဇရာတရား ရောဂါများနှင့် ဝိပတ္တိတရားတို့က မလွှမ်းမိုး

WWW.DHAMMARANSI.COM



မနှိပ်စက်နိုင်၊ ထို့ကြောင့် သီလသည် ပကတိသော ရုပ်အဆင်း တင့်တယ်ခြင်းထက်လည်း သာလွန် မြင့်မြတ်ပေသည်။

သီလသည် နတ်ရွာနိဗ္ဗာန် ချမ်းသာတို့၏ အကြောင်းရင်း ဖြစ်ရကား ပြာသာဒ်တန်ဆောင်း ကျောင်းအိမ်စသော နေရာဘုံ ဗိမာန်အထူး မင်း အိမ်ရှေ့မင်း စစ်သူကြီးစသော ရာထူးဌာနန္တရ အထူးတို့ထက် သာလွန် မြင့်မြတ်ပေသည်။

သီလသည် ဧကန်စင်စစ် စီးပွါးချမ်းသာကို ရွက်ဆောင်တတ် တမလွန်ဘဝသို့လည်း ထက်ကြပ်မကွာ လိုက်ပါတတ်သော ကြောင့် မိမိအပေါ်၌ အကျိုးလိုလားသူများဟု ဆိုအပ်သည့် အနီး နေသူ ဆွေမျိုး မိတ်သင်္ဂဟတို့ထက်လည်း သာလွန် မြင့်မြတ် ပေသည်။

စစ်အင်္ဂါလေးပါး ဆေးဝါး မန္တရား-စသည်တို့ဖြင့်လည်း စောင့်ရှောက်ရန် မလွယ်ကူသည့် ဤခန္ဓာကိုယ်ကို သီလသည် ဘေးမရှိအောင် အထူးစောင့်ရှောက်သည့် ကိုယ်စောင့်တရားကြီး ဖြစ်ပေသည်။

> ဤသို့"သီလသည် များသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏" ဟု ဆင်ခြင်သောသူအား မပြည့်စုံ မစင်ကြယ်သေးသော သီလများ ပြည့်စုံ စင်ကြယ်နိုင်သည်။

အကယ်၍ ထိုဘုရားအလောင်းဟု ဝန်ခံသူ၏သန္တာန်၌ ကာလ ရှည်စွာကပင် အလေ့အလာ များခဲ့သောကြောင့် သီလ၏ ဆန့်ကျင်ဘက်ဖြစ်သည့် ဒေါသ အစရှိသော တရားတို့ အကြား အကြား၌ ဖြစ်ပွါးခဲ့သော် ထိုဘုရားအလောင်းဟု ဝန်ခံသူသည် ဤသို့ ဆင်ခြင်ရာ၏—

> "အမောင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရဘို့ရန် ဆုပန်ခဲ့သည် မဟုတ်ပါလော၊ သီလချို့တဲ့လျှင် လောကုတ္တရာသမ္ပတ္တိကို မဆိုထားဘိ၊ လောကီသမ္ပတ္တိ များသို့ပင် မရောက်နိုင်ချေ၊ စင်စစ်သော်မူ ခပ်သိမ်းသော သမ္ပတ္တိတို့ထက် အမြတ်ဆုံးဖြစ်သည့် အမောင်တောင့်တ

WWW.DHAMMARANSI.COM



အပ်သော သမ္မာသမ္ဗုဒ္ဓဉာဏ်၏ အကြောင်းရင်းဖြစ်သော သီလသည် အလွန်မြတ်သော သီလ ဖြစ်ရပေမည်၊ ထို့ကြောင့် အမောင်သည် သီလကို အလွန်ချစ်ခင်သောသူ ဖြစ်သင့်လှပေ၏။

တနည်းအားဖြင့် ဆိုသော်....အမောင်သည် တရားဟော ခြင်းဖြင့် သတ္တဝါတို့အား အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာယာဉ်ကြီးသုံးခုနှင့် ကယ်တင်ရပေမည်၊ ထိုသတ္တဝါ တို့၏ မရင့်ကျက်သေးသော သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဤဣန္ဒြေငါးပါးတို့ကိုလည်း ရင့်ကျက်စေရပေမည်၊ မသင့်လျော်သော အစာအာဟာရကို ပေးသည် ဆေး သမား၏ ကုစားခြင်းကို လူအများ မယုံကြည်သကဲ့သို့၊ သီလမရှိသူ၏ စကားကိုလည်း လူအများ မယုံကြည်နိုင်ချေ၊ ထို့ကြောင့်–'အဘယ်နည်းဖြင့် ငါသည် ယုံကြည်အပ်သူ တယောက်ဖြစ်လျက် သတ္တဝါတို့အား ကယ်တင်မှု ဣန္ဒြေ တို့ကို ရင့်ကျက်စေခြင်း အမှုတို့ကို ပြုရပါမည်နည်း'ဟု ဆင်ခြင်ပြီးလျှင် အမောင်သည် ပင်ကိုယ်ပကတိ သဘာဝ အားဖြင့်ပင် သီလအလွန်စင်ကြယ်သူ ဖြစ်သင့်လှပေသည်။

ထို့ပြင်လည်း....ရှာနစသော ဂုဏ်ကျေးဇူး အထူးတို့နှင့် ယှဉ်သူဖြစ်မှ ငါ၏ သတ္တဝါတို့ကို ကျေးဇူးပြုနိုင်သည့် စွမ်းရည်သတ္တိများ ပညာပါရမီ စသည်၏ ပြည့်ဝခြင်းများ ဖြစ်နိုင်မည်၊ ရှာနစသော ဂုဏ်ကျေးဇူးများလည်း စင်ကြယ် သော သီလနှင့်ကင်း၍ မဖြစ်နိုင်ချေ၊ ထို့ကြောင့် အမောင် သည် ပင်ကိုယ်ပကတိ သဘာဝအားဖြင့်ပင် သီလအလွန် စင်ကြယ်သူ ဖြစ်သင့်လှပေသည်။

ဤသို့ ဆင်ခြင်ပြီးလျှင် သီလစင်ကြယ်အောင် ကောင်းစွာ ကြိုးကုတ် အားထုတ်ရာ၏။

**(ဤကား သီလပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)**

WWW.DHAMMARANSI.COM



## (ဂ) နေက္ခမ္မပါရမီ၌ ဆင်ခြင်ပုံကား …

အိမ်ရာတည်ထောင် လူ့ဘောင်၌နေရခြင်းကား သားမယား စသည်တို့၏ ပလိဗောဓ မငြိမ်းသဖြင့် ကြပ်တည်းကျဉ်းမြောင်း လှဘိ၏၊ ဤသို့ စသည်ဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်း၏အပြစ်ကို ဆင်ခြင်ရာ၏။ ရဟန်းအဖြစ်မှာမူ ထိုပလိဗောဓ ခပ်သိမ်း ငြိမ်းသဖြင့် ဟင်းလင်းအပြင်ပမာ ကျယ်ပြန့်ရှင်းလင်း လှစွာ၏၊ ဤသို့ အစရှိသည်ဖြင့် ရဟန်းအဖြစ် တည်းဟူသော နေက္ခမ္မ၌ အကျိုးကို ဆင်ခြင်ရာ၏။

ဒုက္ခက္ခန္ဓသုတ် စသည်တို့၌ လာရှိသောအတိုင်း…ကာမဝတ္ထု အစုစုတို့မှာ သာယာဖွယ်နည်းပါး ဆင်းရဲရ ပူပန်ရသည်ကသာ များခြင်း အစရှိသည်ဖြင့်၎င်း….၊ ကိလေသကာမဖြင့် ဝတ္ထုကာမကို ရယူလိုမှုကြောင့်ပင် အချမ်း, အပူ, မှက်,ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း စသည်တို့၏ အတွေ့အထိကို မချိတင်ကဲ အဆင်းရဲခံ၍ ဝတ္ထုကာမကို ရှာကြံရခြင်း….အပင်ပန်းခံ၍ ရှာမှီး ပါလျက် အကျိုးမပြီး မရရှိသောအခါ စိုးရိမ်ပင်ပန်းရခြင်း… ရရှိ ပြီးနောက် ရန်သူမျိုးငါးပါးတို့၏ လက်သို့ ရောက်သွားသောအခါ နှလုံး ပူပန်ရခြင်း … ကာမကို အကြောင်းပြု၍ ကြောက်မက်ဖွယ် ကောင်းလှသော စစ်ပွဲကြီးများ၌ပါဝင်ကာ အထိုး, အခုတ်, အပစ်, အခတ် ခံရသဖြင့် ဒုက္ခကြီးစွာ ရောက်ရခြင်း …ကာမကြောင့်ပင် ဒုစရိုက်မှု ပြုမှားမိသဖြင့် မျက်မှောက်ဘဝ၌(၃၂)ပါးသော ကမ္မ-ကရဏ = (ကံကြမ္မာ)ဒုက္ခခံရခြင်း….တမလွန်ဘဝ၌လည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံတို့၌ ဒုက္ခ ကြီးစွာခံရခြင်း …ဤသို့အစရှိသည်ဖြင့် ကာမတရားတို့၌ အပြစ်ကို ၎င်း၊ ထိုမှအပြန်အားဖြင့် နေက္ခမ္မ = (ကာမမှထွက်မြောက်ခြင်း)၌ အကျိုးကို၎င်း ဆင်ခြင်ရာ၏။

**(ဤကား နေက္ခမ္မပါရမီ၌ ဆင်ခြင်ပုံတည်း။)**

WWW.DHAMMARANSI.COM



## (ဃ) ပညာပါရမီ၌ ဆင်ခြင်ပုံအကျယ်ကား....

ပညာနှင့်ကင်း၍ ဒါနစသော ပါရမီတို့ မစင်ကြယ်နိုင်ကြကုန်၊ ဒါနစေတနာ သီလစေတနာ စသည်တို့သည် မိမိတို့၏ပေးကမ်းမှု စသော အလုပ်ကိစ္စကိုလည်း အားမထုတ်နိုင်ကြကုန်—၌သို့ စသည်ဖြင့် ပညာ၏ကျေးဇူးဂုဏ်တို့ကို ဆင်ခြင်ရာ၏။

(ဆင်ခြင်ပုံအကျယ်ကို ပြဆိုဦးအံ့) အသက်မရှိလျှင် ၌ခန္ဓာကိုယ် ယန္တရားရုပ်ကြီးသည် မတင့်တယ်နိုင် မိမိ၏အလုပ်ကိစ္စကို မပြုလုပ်နိုင်သကဲ့သို့ရင်း ...၊ စိတ်ဝိညာဏ် မပါရှိပဲ မျက်စိ, နား, နှာ စသော ရုပ်အင်္ဂါဣန္ဒြေတို့ချည်းသက်သက် မြင်ခြင်း, ကြားခြင်း အစရှိသော အလုပ်ကိစ္စကို မပြုလုပ်နိုင်ကြသကဲ့သို့ရင်း ...၌အတူ သဒ္ဓါ, ဝီရိယ အစရှိသော ဣန္ဒြေတို့သည်လည်း ပညာမပါရှိလျှင် မိမိတို့၏ကိစ္စကို ထိထိရောက်ရောက် မပြီးစေနိုင်ကြချေ၊ ထို့ကြောင့် ပညာသည် ဒါနအစရှိသော ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ပဓာန အချုပ်အချာ အကြောင်းကြီးဖြစ်ပေသည်။

## ပညာကြောင့် ကျန်သော ပါရမီတို့ဖြစ်ပုံကား....

(၁) အလောင်းတော်ကြီးများသည် ပညာမျက်စိ အမြဲတန်း ဖွင့်ထားတော်မူကြသည့်အတွက် မိမိ၏ အင်္ဂါကြီးငယ်တို့ကိုပင် စွန့်ကြဲပေးကမ်း လှူဒါန်းပြီးသော်လည်း ကိုယ့်ကိုလည်း မမြှောက်ပင့် သူ့ကိုလည်း မနှိမ့်ချကြပဲ(ရှေးကဆိုအပ်ပြီးသည့်)ဆေးသစ်ပင်ကြီး ပမာ ထွေရာလေးပါး မိစ္ဆာဝိတက်အကြံကို မပွါးကြပဲ ကာလ သုံးပါးမှာပင် အားရဝမ်းသာ ဖြစ်ရှိတော်မူကြသည်။

ပညာရှိမှသာ ရှေးဆိုပြီး ဥပါယကောသလ္လဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ရကား သူတပါးအကျိုး ဖြစ်ထွန်းရန် ရည်သန်၍ ပေးစွန့် လှူဒါန်းနိုင်သည်၊ ယင်းသို့ သူတပါးအကျိုး ဖြစ်ထွန်းရန် ပေးစွန့် လှူဒါန်းခြင်းသည် ဒါနပါရမီစစ် ဖြစ်ပေ၏။ (ပညာမရှိလျှင် ကိုယ်ကျိုးသက်သက်ကိုသာ ငဲ့မျှော်၍ ပေးလှူတတ်သည်၊ ကိုယ်ကျိုး သက်သက်ကိုသာ ငဲ့မျှော်၍ ပေးလှူခြင်းကား အတိုးအပွါး ချထား ခြင်းနှင့် တူလှပေ၏။)

WWW.DHAMMARANSI.COM



(၂) ပညာမရှိလျှင် လောဘ, ဒေါသ အစရှိသော တရားတို့သာ လွှမ်းမိုးနေသဖြင့် သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်ဖို့ ဝေးစွ၊ သီလ၏စင်ကြယ်ခြင်းမျှပင် မဖြစ်နိုင်ပေ။

(၃) ပညာရှိသူမှသာလျှင် ဿရာဝါသ၌ အပြစ်ထင် ရဟန်းအဖြစ်၌ အကျိုးကိုမြင်၊ ကာမဂုဏ်၌ အပြစ်ထင် ဈာန်သမာပတ်တို့၌ အကျိုးကိုမြင်၊ သံသရာ၌ အပြစ်ထင် နိဗ္ဗာန်၌ အကျိုးကို မြင်ပြီးလျှင် ရဟန်းပြုကာ ဈာန်သမာပတ်တို့ကို ဖြစ်ပွါးစေ၍ နိဗ္ဗာန်ကို ကိုယ်တိုင်ရှေးရှု မျက်မှောက်ပြုပြီးလျှင် သူတပါးတို့ကိုလည်း ထိုရဟန်းအဖြစ် ဈာန်သမာပတ် နိဗ္ဗာန်တို့၌ တည်စေနိုင် ရောက်စေနိုင်သည်။

(၄) ပညာမပါပဲ ဝီရိယချည်းသက်သက်ဖြင့် အားထုတ်ခြင်းသည် အားထုတ်မှုလွဲတတ်၍ လိုအပ်သောအကျိုးကို မပြီးစေနိုင်ပဲ ရှိတတ်၏။ (အလွဲလွဲ အမှားမှား အားထုတ်ခြင်းထက် အားမထုတ်ရခြင်းကပင် မြတ်ဦးလှသေး၏။) ပညာနှင့်ယှဉ်တွဲလျက် ဝီရိယ စိုက်ပါမှ နည်းမှန်သောအကျင့်ဖြစ်သောကြောင့် လိုအပ်သော အကျိုးကို ရနိုင်ပေ၏။

(၅) ပညာရှိသော သူမှသာလျှင် သူတပါးတို့၏ အလွဲလွဲအမှားမှား ပြုခြင်း စသည်ကို သည်းခံနိုင်၏။ ပညာမရှိသူအဖို့မှာ သူတပါးတို့ ပြုဆောင်အပ်သည့် ချွတ်ယွင်းပြစ်မှားချက်များသည် ခန္တီ၏ဆန့်ကျင်ဘက်ဖြစ်သည့် ဒေါသအစရှိသော အကုသိုလ်များကိုသာ ပွါးစေကုန်၏၊ ပညာရှိသူအဖို့မှာကား ထိုပြစ်မှားချက်များသည် ခန္တီတရားကို တိုးပွါးစေလျက် ထိုခန္တီတရား ကြံ့ခိုင်ဘို့ရန်သာ ဖြစ်ကုန်၏။

(၆) ပညာရှိသော သူသည်သာလျှင် ဝိရတီသစ္စာ ဝစီသစ္စာ ဉာဏသစ္စာ သုံးပါးကိုရင်း,ထိုသုံးပါးတို့၏ အကြောင်းတို့ကိုရင်း, ထိုသုံးပါးတို့၏ ဆန့်ကျင်ဘက်ကိုရင်း အမှန်အတိုင်းသိပြီးလျှင် (ပယ်သင့်ရာကိုပယ် ပွါးသင့်ရာကိုပွါး၍) သူတပါးတို့အား မချွတ်ယွင်းစေသောသူ (သစ္စာရှိသောသူ) ဖြစ်နိုင်သည်။

WWW.DHAMMARANSI.COM



(၇) ပညာရှိသော သူသည်သာလျှင် ပညာစွမ်းဖြင့် မိမိကိုယ်ကို လောက်ပံ့အားပေး၍ သမာဓိနှင့် ပြည့်စုံနိုင်သည်၊ ယင်းသို့ သမာဓိနှင့် ပြည့်စုံခြင်းဖြင့် ခပ်သိမ်းသော ပါရမီကောင်းမှုတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်း အဓိဋ္ဌာန် ဖြစ်နိုင်သည်။

(၈) ပညာရှိသော သူမှသာ ချစ်အပ်သူ မုန်းအပ်သူ အလယ်အလတ်ဖြစ်သောသူဟူ၍ မခွဲခြားပဲ ပုဂ္ဂိုလ်သုံးမျိုးလုံး၌ပင် မေတ္တာတရား ထပ်မျှဖြစ်အောင် ပွါးနိုင်ပေသည်။

(၉) ပညာ၏ အစွမ်းဖြင့်သာ ဣဋ္ဌ အနိဋ္ဌ (ကောင်းကောင်း ဆိုးဆိုး) လောကဓံနှစ်မျိုးတို့နှင့် တွေ့ကြုံသောအခါ ဖောက်ပြန်ခြင်းမရှိပဲ အလယ်အလတ် မဇ္ဈတ္တ သဘောရှိသူ ဖြစ်နိုင်သည်။

ဤသို့ ပညာသည်သာလျှင် ခပ်သိမ်းသော ပါရမီတို့၏ စင်ကြယ်ကြောင်း ဖြစ်ပေသည်ဟု ပညာ၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အပ်ကုန်၏။

တနည်းလည်း—

ပညာနှင့်ကင်း၍ အယူ၏ပြည့်စုံ စင်ကြယ်ခြင်း မဖြစ်နိုင်၊ အယူ၏ ပြည့်စုံစင်ကြယ်ခြင်းမရှိကလည်း သီလ၏ ပြည့်စုံ စင်ကြယ်ခြင်းမဖြစ်နိုင်၊ ထိုအယူနှင့် သီလတို့၏ ပြည့်စုံ စင်ကြယ်ခြင်းမရှိကလည်း သမာဓိ၏ ပြည့်စုံစင်ကြယ်ခြင်း မဖြစ်နိုင်၊ သမာဓိမရှိသောသူသည် အနည်းငယ်သော ကိုယ်ကျိုးကိုမျှ မပြီးစေနိုင်၊ သူတပါးအကျိုးကိုကား ဆိုဖွယ် မရှိ၊ သို့ရကား သူတပါး အစီးအပွါးဖြစ်ဖို့ရန် ကျင့်ကြံသော အမောင်သည် ရိုရိုသေသေ ပညာတရားကို တိုးပွါးစေခြင်း၌ လုံ့လကြိုးကုတ် အားထုတ်သင့်လှသည် မဟုတ်လော—

ဟု ဘုရားအလောင်းသည် မိမိကိုယ်ကို မိမိ ဆုံးမရာ၏။

မှန်၏…ပညာ၏အာနုဘော်ဖြင့် ဘုရားအလောင်းတော်သည် (အထက်၌ ဖော်ပြလတ္တံ့ဖြစ်သည့်) အဓိဋ္ဌာနတရား လေးပါးတို့၌ တည်ပြီးလျှင် သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းကို

WWW.DHAMMARANSI.COM



ချီးမြှောက်လျက် သတ္တဝါတို့ကို သံသရာမှ ထွက်မြောက်ကြောင်း ကောင်းမှုလမ်းစဉ်၌ တည်စေတော်မူ ဆယ်တင်တော်မူသည့်ပြင် ထိုသတ္တဝါတို့၏ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဤငါးဖြာသော ဣန္ဒြေတို့ကိုလည်း ရင့်သန်စေတော်မူ၏။

ထို့အတူ ပညာအားစွမ်းဖြင့် ခန္ဓာ အာယတန အစရှိသော ပရမတ္ထတရားတို့၌ စိစစ်ဆင်ခြင်စဉ်းစားခြင်း များတော်မူပြီးလျှင် ပဋိစ္စ နိုဝဋ္ဋိ ခေါ်သည့် သံသရာစက်လည်ကြောင်းတရား သံသရာစက် ရပ်နားကြောင်းတရားတို့ကို အမှန်အတိုင်း သိရှိတော်မူကာ ကိုယ်တော်ဆည်းပူးအပ်သည့် ဒါနစသော ပါရမီကောင်းမှုကုသိုလ်များကို ထူးကဲလွန်မြတ်သောအဖို့ရှိအောင် မဂ်ဖိုလ်အကျိုးရအောင် ဆောင်တော်မူလျက် ဘုရားအလောင်းတို့၏ ကျင့်စဉ် လမ်း၌ အပြည့်အဝဖြစ်အောင် ပြုဆောင် ဖြည့်ကျင့်တော်မူလေသည်။

ဤသို့ အစရှိသည်ဖြင့် များစွာသောပညာ၏ ဂုဏ်ကျေးဇူးတို့ကို ပိုင်းခြား သိရှိပြီးခါ ပညာပါရမီကို အဖန်ဖန် အထပ်ထပ် ပွါးများအပ်ပေ၏။

(ဤကား ပညာပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

## (၄) ဝီရိယပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား....

တဖက်ကမ်း (အဆုံး)ကို မြင်ရသည့် လောကီအမှုများကို သော်လည်း ယုတ်လျော့ ညံ့ဖျင်းသော လုံ့လဝီရိယဖြင့် တဖက်ကမ်း (အဆုံး) သို့ ရောက်ခြင်းငှါ မစွမ်းနိုင်ကုန်ချေ၊ ပင်ပန်းခြင်းကို မရေတွက် ထက်မြက်သောလုံ့လ ဝီရိယရှိသူမှာကား ရခဲသော အရာ ဟူ၍ မရှိချေ၊ မှန်၏...."လုံ့လဝီရိယ လျော့ပါးသောသူသည် သတ္တဝါတို့ကို သံသရာတည်းဟူသော ရေယဉ်ဝဲမှ ဆယ်တင်မည် ဟူ၍ အစပျိုး၍ အားထုတ်ခြင်းငှါပင် မတတ်နိုင်ပေ။ ဝီရိယ အလယ် အလတ်ရှိသူကား အားပင်ထုတ်သော်လည်း အဆုံးရောက်အောင် အားမထုတ်နိုင်ပဲ လမ်းခုလပ် (အကြား)ကပင် ဆုတ်နစ် လက်လျှော့တတ်ချေသည်။ ဥက္ကဋ္ဌဝီရိယ ရှိသူမှသာလျှင်

WWW.DHAMMARANSI.COM



ကိုယ်၏ချမ်းသာမှုကို မငဲ့ပဲ အားထုတ်မှု၏ တဖက်ကမ်း(သဗ္ဗညုတ ဉာဏ်)သို့ ရောက်နိုင်ပေသည်'' ဟူ၍ ဝီရိယနှင့် ပြည့်စုံခြင်းကို ဆင်ခြင်ရာ၏။

တနည်းလည်း—

"မိမိတဦးတည်း၏ သံသရာမှ လွတ်မြောက်ရေးအတွက် အားထုတ်ကြသော သာဝကဗောဓိလောင်း ပစ္စေက ဗောဓိလောင်းဖြစ်ကြသည့် ပုဂ္ဂိုလ်တို့အားသော်မှ ဝီရိယ လျော့နေလျှင် ရည်သန်ရင်းဖြစ်သည့် သာဝကဗောဓိဉာဏ် ပစ္စေကဗောဓိဉာဏ်တို့သို့ မရောက်ပဲ ရှိချေသေး၏၊ နတ် ဗြဟ္မာနှင့်တကွသော သတ္တဝါအပေါင်းကို ထုတ်ဆယ် ကယ်တင်ရန် ဘုရားဆုပန်သည့် အလောင်းတော်မြတ် အဖို့ ဝီရိယလျော့နေလျှင် အဘယ်မှာ သမ္မာသမ္ဗောဓိ (သဗ္ဗညုတ) ဉာဏ်သို့ ရောက်နိုင်တော့အံ့နည်း"ဟူ၍ငင်း၊

"ရာဂ ဒေါသအစရှိသော ကိလေသာ အပြစ်အပေါင်း တို့မှာ အမုန်ယစ်သော ဆင်ကြီးများပမာ လွန်စွာတားမြစ် နိုင်ခဲသောကြောင့်ငင်း၊ ထိုရာဂ ဒေါသ အစရှိသော ကိလေသာအပေါင်းလျှင် အကြောင်းရင်းရှိသော ကံတို့က လည်း ခုတ်သတ်မည်တကဲကဲဖြင့် သန်လျက်ကို ချိမိုးထား သည့် သူသတ်ယောက်ျားကြီးများနှင့် တူသောကြောင့် ငင်း၊ ထိုကံများလျှင် အကြောင်းရင်းရှိသော ဒုဂ္ဂတိ လေးဘုံတို့ကလည်း အခါခပ်သိမ်း ခံတွင်းဖွင့်ဟလျက် ရှိကြသောကြောင့်ငင်း၊ ထိုကံနှင့် ဒုဂ္ဂတိဘုံ လေးဘုံသို့ ရောက်အောင် တိုက်တွန်းပို့ဆောင်ကြမည့် မိတ်ဆွေယုတ် (ပါပမိတ်)များကလည်း အခါခပ်သိမ်း စုဝေးပိုင်းအုံလျက် ရှိသောကြောင့်ငင်း၊ မသိမလိမ္မာသည့် ပုထုဇန်တို့၏ သဘောကလည်း ထိုမိတ်ဆွေယုတ် (ပါပမိတ်) တို့၏ စကားကို လိုက်နာလွယ်သောကြောင့်ငင်း၊ ထိုမသိမလိမ္မာ သည့် ပုထုဇန်တို့ လိုက်နာလွယ်ရန် မိတ်ဆွေယုတ် (ပါပမိတ်) ဖြစ်ကြသော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့၏ အဆုံး

WWW.DHAMMARANSI.COM



အမ အမှားဖြစ်သည့် "သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း သဘောတရားထင်ရှားရှိခဲ့လျှင် တရားအထူးအားထုတ်ရန် မလို၊ သူ့အလိုလို သံသရာဒုက္ခမှ ကျွတ်လွတ်ခြင်းငှါ သင့်ပေ၏"ဟူသည့် မိစ္ဆာမှောက်မှား ကြံစည်ပြောကြား ချက်များသည် ဝီရိယ၏ အာနုဘော်ဖြင့်သာ ဝေးကွာ နိုင်ကြကုန်၏" ဟူ၍၎င်း၊

"ကိုယ်စွမ်း လုံ့လဝီရိယဖြင့် ဘုရားအဖြစ်ကို ရနိုင်လျှင် ဤဝီရိယကို စိုက်ထုတ်ရန် ငါကဲ့သို့သော ဥက္ကဋ္ဌပုဂ္ဂိုလ်အား ခဲယဉ်းဖွယ်ရာ အဘယ်မှာ ရှိအံ့နည်း" ဟူ၍၎င်း—
ဤသို့ အစရှိသောနည်းဖြင့် ဝီရိယ၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင် အပ်ကုန်၏။

(ဤကား ဝီရိယပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

## (၈) ခန္တီပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား....

ဤခန္တီမည်သောတရားသည် ခပ်သိမ်းသော ဂုဏ်ကျေးဇူး၏ ဆန့်ကျင်ဘက်ဖြစ်သည့် အမျက်ဒေါသကို မှုတ်လွှင့် ပယ်ဖျောက် တတ်သောကြောင့် ဂုဏ်ကျေးဇူးကို ပြည့်စုံစေခြင်း၌ သူတော် ကောင်းတို့အတွက် သူတပါးတို့ မဖျက်ဆီးနိုင်သည့် လက်နက် ကောင်းကြီးဖြစ်ပေသည်၊ သူတပါးကို အုပ်စိုးနိုင်သည့် အလောင်း တော်ကြီးများ၏ အဆင်တန်းဆာကြီးလည်း ဖြစ်ပေသည်၊ ရဟန်း ပုဏ္ဏား သူမြတ်များ၏ ပြည့်စုံသော ခွန်အားဗလလည်း ဖြစ်ပေ သည်၊ အမျက်ထွက်ခြင်း ကောဓမီးကို ငြိမ်းစေတတ်သည့် ရေ အယဉ်လည်း ဖြစ်ပေသည်၊ ယုတ်မာသောသူတို့၏ ရုန့်ကြမ်းသည့် စကားတည်းဟူသော အဆိပ်ကို ငြိမ်းအောင်ပြုတတ်သည့် မန္တန် ကောင်း ဆေးကောင်းကြီးလည်း ဖြစ်ပေသည်၊ စောင့်စည်းမှု (သံဝရသီလ)၌ တည်ကုန်သော သူတော်ကောင်းတို့၏ အလွန် မွန်မြတ်လှသော ပညာရှင်တို့၏ ပြကတေ့ အလေ့တရားလည်း ဖြစ်ပေသည်၊ နက်နဲသော အာသယဓာတ်ဖြစ်၍ သမုဒ္ဒရာနှင့် လည်းတူ၏၊ ဒေါသသမုဒ္ဒရာလှိုင်းတံပိုး၏ အဆုံးသတ်ရာ ဆိပ်

WWW.DHAMMARANSI.COM



ကမ်းလည်း ဖြစ်ပေ၏၊ အပါယ်တံခါးကို ပိတ်ဆို့ကြောင်း ဖြစ်သည့် တံခါးရွက်ကြီးလည်း ဖြစ်ပေ၏၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြောင်း စောင်းတန်း လှေကားကြီးလည်း ဖြစ်ပေ၏၊ ခပ်သိမ်းသော ဂုဏ်ကျေးဇူးတို့၏ စိုးအုပ် နေထိုင်ရာ ဘုံဆောင်ကြီးလည်း ဖြစ်ပေ၏၊ အလွန်မွန်မြတ်လှသည့် ကိုယ် နှုတ်နှလုံးတို့၏ စင်ကြယ်ခြင်းလည်း ဖြစ်ပေ၏ဟူ၍ နှလုံးသွင်းရာ၏။

ကနည်းလည်း—

"ဤသတ္တဝါတို့သည် အေးမြစေတတ်သည့် ခန္တီတရား လက်ကိုင်မထားကြပဲ ပူပန်စေတတ်သည့် အကုသိုလ် တရားများကိုသာ အားထုတ်နေကြသောကြောင့် ဤဘဝ၌ လည်း ပူပန်ကြရ တမလွန်ဘဝ၌လည်း ပူပန်ကြရကုန်၏" ဟူ၍၎င်း၊

"သူတပါး၏ ပြစ်မှားခြင်းဟူသော အကြောင်းကြောင့် ဒုက္ခဝေဒနာ ဖြစ်သည်မှန်သော်လည်း ထိုဒုက္ခ၏ လယ်မြေ သဖွယ်ဖြစ်သည့် အတ္တဘော၊ မျိုးစေ့သဖွယ် ဖြစ်သည့် ကံတို့ကိုကား (သူတပါးပြုသည်မဟုတ်) ငါပင် ပြုအပ်ခဲ့ပြီ" ဟူ၍၎င်း၊

"ဤယခု သည်းခံခြင်းသဘောသည် ထိုဒုက္ခကြွေးအရင်း ပြတ်ကင်းဝေးအောင် ကြွေးဆပ်ကြောင်းတရား (ကြွေး ဆပ်ခြင်းတရား) ပင် ဖြစ်ပေ၏" ဟူ၍၎င်း၊

"သူတပါးတို့၏ ပြစ်မှားခြင်း မရှိခဲ့လျှင် ငါ့အား အဘယ်မှာလျှင် ခန္တီပါရမီနှင့် ပြည့်စုံနိုင်အံ့နည်း" ဟူ၍၎င်း၊

"ဤသူသည် ယခု ဤပြစ်မှားမှုကို ပြုသော်လည်း ရှေး အခါက ငါ့အား ဤသူသည် ဤမည်သော ကျေးဇူးကို ပြုခဲ့ဘူးပြီ" ဟူ၍၎င်း၊

**"ထိုသူ၏ ပြစ်မှားမှုသည်ပင် ငါ့အဖို့ရာ** သည်းခံခြင်း ခန္တီတရား၏ အကြောင်းဖြစ်သောကြောင့် ကျေးဇူးပြု **ခြင်းပင် မည်ပေ၏" ဟူ၍၎င်း၊**

WWW.DHAMMARANSI.COM



"ဤသတ္တဝါအလုံးစုံတို့သည်ပင် ငါ၏သားသမီးများနှင့် တူကြကုန်၏၊ သားသမီးတို့ ပြုမှားအပ်သောအပြစ်၌ အဘယ်ပညာရှိသည် အမျက်ထွက်ချေအံ့နည်း" ဟူ၍ငင်း၊

"ဤသူသည် အမျက်ထွက်ခြင်း ကောဓတရား တည်း ဟူသော မြေဘုတ်ဘီလူး ပူးဝင်ခြင်းဖြင့် ငါ့အား ပြစ်မှား၏၊ ထိုသူ၏ ထိုအမျက်ကောဓတည်းဟူသော မြေဘုတ်ဘီလူး အမှောင့်ပယောဂ ပူးဝင်ခြင်းကိုပင် ငါသည် ပယ်ရှား ပေးသင့်လှ၏" ဟူ၍ငင်း၊

"အကြင်ပြစ်မှားချက်ကြောင့် ငါ့အား ဤဒုက္ခသည် ဖြစ်ပေါ်လာ၏၊ (ငါမရှိလျှင် ထိုပြစ်မှားမှုပင် မဖြစ်နိုင် သောကြောင့်) ငါသည်လည်း ထိုပြစ်မှားမှု၏အကြောင်း ပင်ဖြစ်၏" ဟူ၍ငင်း၊

"ပြစ်မှားတတ်သော ရုပ်နာမ်, ပြစ်မှားခံရသော ရုပ် နာမ် နှစ်မျိုးသုံးပင် ထိုပြစ်မှားသည့် ခဏအတွင်းက ချုပ် ပျောက်လေကုန်ပြီ၊ ယခုမှ အဘယ်သူက ဘယ်သူ့အား အမျက်ထွက်မှု ပြုသင့်တော့အံ့နည်း၊ မပြုသင့်သည်သာ" ဟူ၍ငင်း၊

"ခပ်သိမ်းသော တရားမှန်သမျှပင် အနတ္တချည်း ဖြစ် ရကား ပရမတ္ထအားဖြင့် ပြစ်မှားတတ်သူ အပြစ်မှားခံရသူ ဟူ၍ပင် မရှိပါတကား" ဟူ၍ငင်း—

ဆင်ခြင်သောအားဖြင့် ခန္တီနှင့် ပြည့်စုံအောင် အဖန်ဖန် ပွါးများ ရာ၏။

အကယ်၍ ကာလရှည်လျား အလေ့အလာ များခဲ့ခြင်းကြောင့် သူတပါးတို့၏ ပြစ်မှားခြင်းကို အကြောင်းပြု၍ အမျက်ထွက်ခြင်း ကောဓ တရားက မိမိစိတ်ကို လွှမ်းမိုးတည်ခဲ့သော် ထိုဘုရား အလောင်းဟု ဝန်ခံသူသည် ဤသို့ ဆင်ခြင်ရာ၏....

"ဤခန္တီမည်သော တရားသည် သူတဖက်သားတို့ ပြစ်မှားမှုအဝဝ၏ ဆန့်ကျင်ဘက်ဖြစ်သော အကျင့်ပဋိပတ်

WWW.DHAMMARANSI.COM



တရားတို့အား ကျေးဇူးတုံ့ပြန်မှု ပြုတတ်သော တရားကြီး ဖြစ်ပေသည်"ဟူ၍၎င်း၊

"သူတဖက်သား၏ ပြစ်မှားချက်သည် ငါ့အား ဒုက္ခကို ဖြစ်စေခြင်းဖြင့် (ဒုက္ခူပနိသာ သဒ္ဓါ = သဒ္ဓါတရားသည် ဒုက္ခလျှင် အကြောင်းရှိ၏ ဟူသော တရားတော်အရ) ငါ့သန္တာန်ဝယ် သဒ္ဓါတရား ဖြစ်ပွါးခြင်း၏၎င်း, အလုံး စုံသော လောက၌ မမွေ့လျော် မပျော်ပိုက်ခြင်း တည်း ဟူသော အနဘိရတိသညာ၏၎င်း အကြောင်း ဖြစ်ပေ သည်"ဟူ၍၎င်း၊

"ကောင်းကောင်း ဆိုးဆိုး အာရုံအမျိုးမျိုးတို့နှင့် ပေါင်းဆုံ တွေ့ကြုံရခြင်းကား စက္ကုစသော ဣန္ဒြေတို့၏ သဘောတံထွာ ဓမ္မတာကြီး ဖြစ်ပေသည်၊ ထိုသို့ဖြစ်ရာ၌ ငါ့အား အနိဋ္ဌအာရုံနှင့် တွေ့ကြုံရခြင်း မဖြစ်ပါစေလင့်ဟု တောင့်တသော်လည်း ဤသဘောကို မရနိုင်ချေ"ဟူ၍၎င်း၊

"အမျက်ကောဓ၏ အလိုသို့ လိုက်ပါနေသော ထို သူသည် ထိုအမျက်ကောဓဖြင့် ရူးသွပ်နေသူ စိတ်ပြန့်လွင့် နေသူ ဖြစ်နေရှာ၏၊ ထိုရူးသွပ်နေသူအပေါ်၌ ပြစ်မှား တုံ့ပြုသဖြင့် အဘယ်အကျိုး ရှိအံ့နည်း"ဟူ၍၎င်း၊

"ဤသတ္တဝါ အလုံးစုံတို့ကိုပင် သဗ္ဗညုမြတ်စွာဘုရား သည် ရင်မှဖွားသည့် သားသမီးတို့ကဲ့သို့ စောင့်ရှောက် အပ်ကုန်၏၊ ထို့ကြောင့် သဗ္ဗညုတဉာဏ် ဘုရားဆုကို ပန်သော ငါသည် ထိုသတ္တဝါတို့၌ စိတ်ပျက်မှု အမျက် ထွက်မှုကို မပြုထိုက်ပေ" ဟူ၍၎င်း၊

"ပြစ်မှားသူသည် အကယ်၍ သီလအစရှိသော ဂုဏ် ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခဲ့သော် "ဂုဏ်ကျေးဇူးရှိသူ၌ ငါသည် အမျက်ထွက်မှုကို မပြုသင့်ပေ"ဟူ၍၎င်း၊ ပြစ်မှား သူသည် အကယ်၍ သီလအစရှိသော ဂုဏ်ကျေးဇူး မရှိသူ ဖြစ်ခဲ့သော်"အလွန်အကြူး အထူးသဖြင့် သနားထိုက်သော သူပါပေ"ဟူ၍၎င်း၊

WWW.DHAMMARANSI.COM



"အမျက်ထွက်ခြင်းဖြင့် ငါ၏ ဂုဏ်ကျေးဇူး အကျော် အစောများ ယုတ်လျော့ကုန်လိမ့်မည်" ဟူ၍၎င်း၊

"သူ့အား ငါအမျက်ထွက်လျှင် အဆင်းပျက်ခြင်း ဆင်းရဲစွာအိပ်ရခြင်း အစရှိသော ရန်သူ့အကြိုက်တရားများ ငါ့ထံသို့ ရောက်လာကြလိမ့်မည်" ဟူ၍၎င်း၊

ရုပ်ရေဆင်းပျက်၊ အိပ်စက်မပျော်၊ ကျိုးသော်မရ၊ ဘောဂခြွေရွေ၊ မိတ်ဆွေပျက်ပြား၊ အပါယ်လား၊ ၊ခုနစ်ပါးကောဓ အပြစ်တည်း။ ။ (သတ္တကနိပါတ် အင်္ဂုတ္တိုရ်မှ။)

"ဤအမျက်ထွက်ခြင်း ကောဓတရားမည်သည် အလုံးစုံ သောစီးပွါးမဲ့ကို ပြုတတ် အစီးအပွါးကို ဖျက်စီးတတ်သည့် အားကြီးသောရန်သူကြီးဖြစ်ပေသည်" ဟူ၍၎င်း၊

"သည်းခံခြင်း ခန္တီတရားရှိလျှင် ရန်သူဟူ၍ တစုံ တယောက်မျှ မရှိနိုင်" ဟူ၍၎င်း၊

"ပြစ်မှားခြင်းဟူသော အကြောင်းကြောင့် နောက် အခါ၌ ထိုသူရရှိမည့် ဒုက္ခမျိုး သည်းခံခြင်းတရားရှိလျှင် ငါ့မှာ မရောက်နိုင်ဟူ၍ (ထိုသူခံရမည့်ဒုက္ခကို)ငါကြံစည် နေလျှင်၎င်း သူ့ကိုပြန်၍ အမျက်ထွက်သော်၎င်း ငါသည် ရန်သူ့နောက်သို့ အစဉ်တစိုက် လိုက်သောသူသာ ဖြစ်ချေ မည်" ဟူ၍၎င်း၊

"ငါသည် ခန္တီတရားဖြင့် အမျက်ထွက်ခြင်းကို လွှမ်းမိုး နိုင်နင်းလိုက်သည်ရှိသော် ထိုကောဓတရား၏ ကျွန်ဖြစ် သော ရန်သူကိုလည်း ကောင်းကောင်းကြီး လွှမ်းမိုးနိုင် အပ်သည်သာ ဖြစ်တော့၏" ဟူ၍၎င်း၊

"အမျက်ထွက်ခြင်းဟူသောအကြောင်းကြောင့် သည်း ခံခြင်း ခန္တီဂုဏ်ကို စွန့်လွှတ်ခြင်းသည် ငါ့အား မသင့် လျော်ချေ" ဟူ၍၎င်း၊

WWW.DHAMMARANSI.COM



"ဂုဏ်ကျေးဇူးတကာ၏ဆန့်ကျင်ဘက်ဖြစ်သည့် အမျက်ထွက်ခြင်း ကောဓတရား ငါ့သန္တာန်၌ ဖြစ်ပွါးနေလျှင် သီလစသော ဂုဏ်ကျေးဇူးများ ငါ့အား အဘယ်မှာ ပြည့်ဝနိုင်တော့အံ့နည်း၊ ထိုသီလစသော ဂုဏ်ကျေးဇူးများ မရှိလျှင် အဘယ်နည်းဖြင့် ငါသည် သတ္တဝါတို့အား ကျေးဇူးများသူဖြစ်၍ ဝန်ခံ ကြိုးစည်ချက်အတိုင်း သဗ္ဗညုတဉာဏ်သို့ ရောက်နိုင်လိမ့်မည်နည်း" ဟူ၍၎င်း၊

"ခန္တီတရားရှိမှသာ ပြင်ပအာရုံတို့၌ စိတ်မပြန့်ပဲ သမာဓိရှိသူဖြစ်နိုင်သည်၊ သမာဓိရှိမှသာလျှင် ခပ်သိမ်းသော သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ ဟူ၍၎င်း, ခပ်သိမ်းသော တရားတို့ကို အနတ္တဟူ၍၎င်း, နိဗ္ဗာန်ကို အသင်္ခတ အမတစသော အခြင်းအရာအားဖြင့်၎င်း, ဘုရားဂုဏ်ကျေးဇူးတို့ကို မကြံစည်နိုင် မနှိုင်းယှဉ်နိုင်သော အစွမ်းသတ္တိ ရှိကုန်၏ဟူ၍၎င်း စူးစိုက်ကြည့်ရှုနိုင်မည်၊ ထိုသို့ ကြည့်ရှုနိုင်သောကြောင့် အနုလောမိကခန္တီ အမည်ရှိသော ဝိပဿနာဉာဏ်၌ တည်ပြီးလျှင် "ဤအလုံးစုံသော တရားတို့သည် ကိုယ် ကိုယ်၏ဥစ္စာအဖြစ်မှ ကင်းကြ ဆိတ်ကြသော သဘာဝဓမ္မ အစုမျှသာဖြစ်၍ ကိုယ်စီကိုယ်င ဆိုင်ရာဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ကြပျက်ကြသည်၊ မည်သည့်အရပ်ကမှ လာကြသည်မဟုတ်၊ မည်သည့်အရပ်သို့မျှ သွားကြသည်လည်းမဟုတ်၊ မည်သည့်အရပ်၌မျှ အကြိတ်အခဲ အမြဲတည်နေကြသည်လည်း မဟုတ်ကုန်၊ ဤသဘာဝဓမ္မအစု၌ (ပင်ကိုယ်ကပင် ပုဂ္ဂိုလ်ဟူ၍ မရှိသောကြောင့်) တခုံဘယောက်သောပုဂ္ဂိုလ်၏ တစုံတခုသော ကြောင့်ကြစိုက်မှု ဗျာပါရဟု မရှိချေ" ဟူ၍ အမှန်အတိုင်း သိမြင်သောကြောင့် ငါ ငါဟူသော မာန်မာန၏ စွဲတည်ဖွယ်ရာ မဟုတ်သည်ကိုလည်း စူးစိုက်စွာ ဆင်ခြင်ကြည့်ရှုနိုင်၏၊ ယင်းသို့ ဆင်ခြင်ကြည့်ရှုနိုင်သောကြောင့် အလောင်းတော်ကြီးများသည် သဗ္ဗညုတဉာဏ်ကို ရတို့ရန် ကေန်

WWW.DHAMMARANSI.COM



မြဲသော မဆုတ်နစ်သော ပုဂ္ဂိုလ်စင်စစ် ဖြစ်ရပေသည်” ဟူ၍ငှင်း—

ဤသို့ အစရှိသည်ဖြင့် ခန္တီပါရမီ၌ ဆင်ခြင်ပုံကို သိအပ်၏။

(ဤကား ခန္တိပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

## (ဆ) သစ္စာပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား....

“သစ္စာမရှိလျှင် သီလအစရှိသော ဂုဏ်ကျေးဇူးများ မဖြစ်နိုင်သည့်ပြင်၊ဝန်ခံကြိုးစည်ခဲ့သည့်အတိုင်း ဘုရားဖြစ်ရန် အကျင့်ပဋိပတ်များလည်း မဖြစ်နိုင်တော့ပေ” ဟူ၍ငှင်း၊

“သစ္စာတရားကို လွန်ကျူးလျှင် အလုံးစုံသော အကုသိုလ်တရားများ စုဝေးရောက်တည်၍ လာကုန်၏” ဟူ၍ငှင်း၊

“ရှေ့နှင့်နောက် မှန်ကန်သော သစ္စာစကား မဆက်စပ်သော ပုဂ္ဂိုလ်အား ယခုဘဝ၌ သူတပါးတို့ မယုံကြည်နိုင်သည့်ပြင်၊ နောက်နောက် ဘဝဆက်တိုင်းတို့၌လည်း မိမိစကားကို သူတပါးတို့ နာယူကြမည် မဟုတ်ကုန်” ဟူ၍ငှင်း၊

“သစ္စာတရားရှိမှ သီလအစရှိသော ဂုဏ်ကျေးဇူးများ ဖြစ်ထွန်းနိုင်သည်”အစရှိသည်ဖြင့်ငှင်း၊

“သစ္စာတည်းဟူသော တည်ရာတရားဖြင့်သာ ခပ်သိမ်းသော ပါရမီ စာဂ စရိယ တရားတို့ကို စင်ကြယ် ပြည့်စုံစေခြင်းငှါ စွမ်းနိုင်ရကား သဘာဝဓမ္မတို့၌ မချွတ်မယွင်း မှန်ကန်ခြင်းဖြင့် ခပ်သိမ်းသော ပါရမီ စာဂ စရိယ အလုပ်တို့ကို ပြုလုပ်နိုင်ပြီးလျှင် ဘုရားအလောင်းတို့၏ ပဋိပတ်အကျင့်ကြီး ပြီးမြောက်နိုင်သည်”ဟူ၍ငှင်း—

ဤသို့ အစရှိသောနည်းဖြင့် သစ္စာပါရမီ၌ ဆင်ခြင်အပ်ကုန်၏။

**(ဤကား သစ္စာပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)**

WWW.DHAMMARANSI.COM



## (၈) အဓိဋ္ဌာန ပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား...

"ဒါနစသော ပါရမီကောင်းမှုတို့၌ မြဲမြံစွာ ဆောက်တည်ခြင်းအဓိဋ္ဌာန်မရှိလျှင် ထိုဒါနစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် မစ္ဆရိယ ဒုဿီလျ စသည်တို့ ပေါင်းဆုံကျရောက်လာသောအခါ ထိုဒါနစသောအမှု၌ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ကျည် မတည်နိုင်တော့ပေ၊ ယင်းသို့မတည်နိုင်လျှင် ထိုဒါနကောင်းမှု စသည်တို့၌ လိမ္မာကျွမ်းကျင်မှု ရဲရင့်မှုများ မရှိနိုင်ပေ၊ ယင်းသို့ဒါနကောင်းမှုစသည်တို့၌ လိမ္မာကျွမ်းကျင်မှု ရဲရင့်မှုများ မရှိခဲ့သော် သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်သော ဒါနပါရမီစသော အဆောက်အဦများ မဖြစ်နိုင်တော့ပေ။

ဒါနစသောကောင်းမှုတို့၌ မြဲမြံစွာ ဆောက်တည်ချက်ရှိမှသာ ထိုဒါနစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော မစ္ဆရိယ ဒုဿီလျ စသည်တို့ ပေါင်းဆုံ ကျရောက်လာလျှင် ဒါနမှု စသည်တို့၌ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ကျည် တည်နိုင်ပေသည်၊ ထိုသို့ တည်နိုင်မှသာ ထိုဒါနကောင်းမှု စသည်တို့၌ လိမ္မာကျွမ်းကျင်မှု ရဲရင့်မှုများ ဖြစ်နိုင်ပေသည်၊ ထိုသို့ဖြစ်မှ သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်သည့် ဒါနပါရမီစသော အဆောက်အဦများ ဖြစ်နိုင်သည်"-

ဤသို့ အစရှိသည်ဖြင့် အဓိဋ္ဌာန်၌ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်ရာ၏။

(ဤကား အဓိဋ္ဌာန ပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

## (၉) မေတ္တာပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား....

"မိမိ တဦးတည်း၏ စီးပွါးမှု၌ တည်နေသောသူ (တကိုယ်ကောင်း အားထုတ်သူ)ပင်သော်လည်း သတ္တဝါတို့အပေါ်၌ အကျိုးစီးပွါး လိုလားသော မေတ္တာစိတ်မရှိလျှင် ပစ္စုပ္ပန် တမလွန် စည်းစိမ်များကို မရနိုင်

WWW.DHAMMARANSI.COM



မရောက်နိုင်ချေ၊ ခပ်သိမ်းသော သတ္တဝါတို့ကို နိဗ္ဗာန် စည်းစိမ်၌ တည်စေလိုသော ဘုရားအလောင်း ဖြစ်သူမှာ ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း၊ သတ္တဝါတို့၌ အတိုင်းမသိ မေတ္တာစိတ်ရှိမှသာ မိမိရည်မှန်းချက်အတိုင်း သတ္တဝါတို့ကို နိဗ္ဗာန်စည်းစိမ်၌ တည်စေနိုင်ပေမည်" ဟူ၍၎င်း၊

"နောက်တချိန် (ဘုရားဖြစ်သောအခါ) ခပ်သိမ်းသော သတ္တဝါတို့၏ မင်္ဂဖိုလ်နိဗ္ဗာန် တည်းဟူသော လောကုတ္တရာ စည်းစိမ်ကို လိုလားတောင့်တသော ငါသည် ယခုကပင် ကြိုတင်၍ လောကီစည်းစိမ်နှင့် ပြည့်စုံရန် လိုလားတောင့် တမှုသည် သင့်လျော်လှပေ၏" ဟူ၍၎င်း၊

"ယခုအခါ အလိုဆန္ဒ အာသယမျှဖြင့် သူတပါးတို့၏ စီးပွါးချမ်းသာရေးအတွက် စိတ်ဖြင့် ရွက်ဆောင်မှုကို မပြု နိုင်လျှင် ဘယ်အခါ၌ ကိုယ်ရောနှုတ်ပါ လုံ့လပယောဂဖြင့် သူတပါးတို့၏ စီးပွါးချမ်းသာကို ပြီးစေနိုင်ချိမ့်နည်း" ဟူ၍၎င်း၊

"ငါသည် ယခုကပင် ကြိုတင်၍ မေတ္တာစိတ်ဖြင့် ကြီးထွားစေအပ်သော သတ္တဝါတို့သည် နောက်အခါ၌ ငါ၏ တရားအမွေ ခွဲဝေပေးကမ်းသောပွဲဝယ် အမွေခံ အဖော်သဟဲများ ဖြစ်လာကြပေလိမ့်မည်" ဟူ၍၎င်း၊

"ထိုသတ္တဝါတို့နှင့် ကင်း၍ ငါ၏ ပါရမီအဆောက် အဦတို့ မဖြစ်နိုင်ကုန်ချေ၊ ထို့ကြောင့် ဤသတ္တဝါတို့သည် အလုံးစုံသော ဘုရားရှင်၏ ဂုဏ်ကျေးဇူး အသရေများ ပြီးမြောက် ပြည့်စုံကြောင်းဖြစ်သောကြောင့် ငါ၏အဖို့ ကုသိုလ်မျိုးကို စိုက်ပျိုးကြဲချရာ အလွန်မြတ်သော လယ်ယာ မြေကောင်းကြီးများ အလွန်မြတ်သည့် ကောင်းမှုပြုရာ ဌာနကြီးများ အလွန်မြတ်သည့် အလေးပြုရာ နေရာကြီးများ ဖြစ်ပေသည်" ဟူ၍၎င်း—

ဆင်ခြင်စဉ်းစားပြီးလျှင် ထူးထူးခြားခြားပင် သတ္တဝါခပ်သိမ်းတို့၌ အစီးအပွါး လိုလားသော အဇ္ဈာသယဓာတ်ကို ဖြစ်စေရာ၏။

WWW.DHAMMARANSI.COM



"ကရုဏာသည် ဘုရားအဖြစ်ကို ပြုတတ်သော တရားအပေါင်းတို့၏ အစဆုံး အကျင့်မူလဖြစ်ပေ၏၊ အပိုင်းအခြား မထားသော စိတ်ဖြင့် သတ္တဝါတို့၌ စီးပွါးချမ်းသာကို ကပ်၍ဆောင်ခြင်း (မေတ္တာ) အမှု၌ နှစ်မြိုက်မွေ့လျော် ပျော်ပိုက်တော်မူသော ဘုရားအလောင်းတော်အား သတ္တဝါတို့၏ စီးပွါးမဲ့ အကျိုးမဲ့များကို ပယ်ရှားလိုခြင်း (ကရုဏာ)သည် အမြစ်နိုင်မြဲစွာ အားရှိဖြစ်ပွါးနိုင်၏။ သို့ရကား ကရုဏာ၏ အခြေခံ အကြောင်းရင်းဖြစ်သောကြောင့် ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာတရားပွါးများသင့်လှပေ၏" ဤသို့ အစရှိသည်ဖြင့် မေတ္တာ၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အပ်ကုန်၏။

(ဤကား မေတ္တာပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

## (၉) ဥပေက္ခာပါရမီ၌ ဆင်ခြင်ပုံ အကျယ်ကား....

"ဥပေက္ခာမရှိလျှင် သတ္တဝါတို့ ပြုအပ်သော ဖောက်ပြန်မှားယွင်းချက်များသည် ငါ၏ စိတ်နေစိတ်ထား ဖောက်ပြားမှုကို ပြုကုန်လေရာ၏၊ စိတ်နေစိတ်ထား ဖောက်ပြားနေလျှင် ဒါန အစရှိသော သမ္ဘာရတရားတို့၏ အဆောက်အဦများ ဖြစ်ပွါးနိုင်ခွင့်ပင် မရှိချေ" ဟူ၍၎င်း၊

"သတ္တဝါတို့အပေါ်၌ ဥပေက္ခာမပါရှိပဲ စိတ်သည် မေတ္တာချစ် သက်သက်မျှဖြင့်သာ ချစ်ခင်နေလျှင် ပါရမီ အဆောက်အဦတို့ စင်ကြယ်ခြင်းမဖြစ်နိုင်" ဟူ၍၎င်း၊

"ဥပေက္ခာ မရှိသောသူသည် ကောင်းမှု အဆောက်အဦနှင့် ထိုကောင်းမှု၏အကျိုးတို့ကို သတ္တဝါတို့အတွက် စီးပွါးဖြစ်ဖို့ရန် ညွတ်ကိုင်းခြင်းငှါ မတတ်နိုင်ချေ"ဟူ၍၎င်း၊

"ဘုရားအလောင်းတို့မည်သည် လှူဖွယ်ဝတ္ထုနှင့် အလှူခံ ပုဂ္ဂိုလ်တို့ကို မခွဲခြားပဲ လှူဒါန်းမြဲဖြစ်သည်၊ ဥပေက္ခာ မရှိလျှင် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို မခွဲခြားပဲ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းငှါ မတတ်နိုင်ချေ"ဟူ၍၎င်း၊

WWW.DHAMMARANSI.COM



"ဥပေက္ခာ မရှိသောသူသည် အသက်နှင့်တကွ ထို အသက်၏ အခြံအရံတရားတို့အပေါ်ဝယ် ကျရောက်မည့် အန္တရာယ်ကို နှလုံးမသွင်းပဲ သီလစင်ကြယ်အောင် မပြုနိုင်" ဟူ၍၎င်း၊

"ဥပေက္ခာ၏ အစွမ်းဖြင့် သူတော်ကောင်းတရား၌ မမွေ့လျော်ခြင်း တည်းဟူသော အရတိတရား, ကာမ၌ မွေ့လျော်ခြင်းတည်းဟူသော ရတိတရားတို့ကို လွှမ်းမိုး နိုင်သောသူအားသာလျှင် နေက္ခမ္မစွမ်းအား ပြီးမြောက် ပြည့်စုံနိုင်သည်" ဟူ၍၎င်း၊

"အသင့်အားဖြင့် ကြည့်ရှု ဆင်ခြင်ခြင်း(ဉာဏုပေက္ခာ) ရှိမှ ခပ်သိမ်းသော ပါရမီသမ္ဘာရကိစ္စတို့ ပြီးမြောက်နိုင် သည်" ဟူ၍၎င်း၊

"ဝီရိယလွန်ကဲနေလျှင် ဥပေက္ခာမရှိက ပဓာနအလုပ်ကို အားမထုတ်နိုင်" ဟူ၍၎င်း၊

"ဥပေက္ခာရှိသောသူအားသာလျှင် သည်းခံခြင်း ခန္တီ တရားကို စူးစိုက်မှု ရှိနိုင်သည်" ဟူ၍၎င်း၊

"ဥပေက္ခာ၏အစွမ်းဖြင့် သတ္တဝါသင်္ခါရတို့အား မချွတ် ယွင်းစေမှု သစ္စာသဘော ရှိနိုင်သည်" ဟူ၍၎င်း၊

"ဣဋ္ဌ အနိဋ္ဌ လောကဓံတရားတို့ကို လျစ်လျူရှုခြင်း (ဥပေက္ခာ) ဖြင့် ဖြည့်ကျင့်မည်ဟု ဆောက်တည်အပ် ပြီးသော ပါရမီတရားတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်း အဓိဋ္ဌာန်ပြီးမြောက်နိုင်သည်" ဟူ၍၎င်း၊

"ဥပေက္ခာရှိမှ သူတပါးတို့၏ ပြစ်မှားမှုစသည်၌ နှလုံး မသွင်းခြင်း ဖြစ်နိုင်သည်၊ ထိုသို့ နှလုံးမသွင်းမှလည်း မေတ္တာဖြင့်နေခြင်း ပြီးစီးအောင်မြောက်နိုင်သည်" ဟူ၍ ၎င်း၊

WWW.DHAMMARANSI.COM



ဤဆိုအပ်ပြီးသည့်အတိုင်း ခပ်သိမ်းသော ပါရမီအဆောက်အဦတို့ကို ဆောက်တည်ခြင်း, မတုန်မလှုပ် ကြံ့ကြံ့တည်နိုင်ခြင်း, ဖြည့်ကျင့်ခြင်း,ပြီးမြောက်ခြင်းဟူသမျှတို့သည် ဥပေက္ခာ၏ အာနုဘော်ဖြင့် ပြည့်စုံကြကုန်၏၊ ဤသို့ အစရှိသောနည်းဖြင့် ဥပေက္ခာပါရမီကို ဆင်ခြင်အပ်၏။

(ဤကား ဥပေက္ခာပါရမီ၌ ဆင်ခြင်ပုံ အကျယ်တည်း။)

ဤသို့လျှင် မစွန့်ကြဲမလှူဒါန်းခြင်း-စသည်တို့၌ အပြစ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များ, စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း-စသည်တို့၌ အကျိုးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များသည် ပါရမီတို့၏ အခြေခံအကြောင်းရင်း ဖြစ်ကုန်၏။

---

## (၀) အကြောင်းနှင့်တကွသော စရဏ (၁၅)ပါး အဘိညာဉ် (၅)ပါး

ဆိုအပ်ပြီးသော ပစ္စဝေက္ခဏာဉာဏ်တို့ကဲ့သို့ပင် အကြောင်းနှင့်တကွသော စရဏ (၁၅) ပါး အဘိညာဉ် (၅) ပါးတို့သည်လည်း ပါရမီတို့၏ အခြေခံအကြောင်းများ ဖြစ်ကုန်၏။ ချဲ့ဦးအံ့····

**စရဏ (၁၅) ပါး ဟူသော်ကား—**

**''သီ ရှန် ဘော ဇာ၊ သတ် စဈာ၊ မှတ်ပါ စရဏ''** ဟူသော ရှေးလင်္ကာအတိုင်း—

(၁) သီလကို စောင့်ထိန်းခြင်း (သီလသံဝရ)

(၂) မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်တို့၌ အကုသိုလ်ခိုးသားတို့ မလုယက် မဖျက်ဆီးနိုင်အောင် သတိဖြင့် လုံခြုံအောင် ဟန့်တားတံခါးပိတ်ထားခြင်း (ဣန္ဒြိယေသု ဂုတ္တဒွါရတာ)

WWW.DHAMMARANSI.COM



(၃) ဆွမ်း ခဲဘွယ် ဘောဇဉ်တို့ကို ခံယူသုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကိုသိခြင်း (ဘောဇနေမတ္တညုတာ)

(၄) နံနက်, နေ့လယ်, ညနေ, ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံ ဟူသော တနေ့တနေ့၏ အချိန်ပိုင်း (၆) ပိုင်းတို့တွင် သန်းခေါင်ယံ တပိုင်း၌သာ အိပ်စက်၍ ကျန်သော (၅) ပိုင်းတို့၌ ထိုင်ခြင်း, သွားခြင်း ဇူရိယာပုထ် နှစ်ပါးတို့ဖြင့်သာ မျှတ၍ တရားအားထုတ်နေခြင်း (ဇာဂရိယာနုယောဂ)

(၅-၁၁) "**သ သ ဟိ ဒြ၊ ဝ ဝိ ပေါ၊ မှတ်လောခုနစ်ဖြာ**"— ဟူသောအတိုင်း သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝိရိယ၊ ပညာ—တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါး။

(၁၂-၁၅) ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ဈာန်လေးပါး။

(ဤကား စရဏတရား (၁၅) ပါးတို့တည်း။)

ထိုစရဏတရား(၁၅)ပါးတို့တွင် "သီလန် ဘောဇာ" ဟူသော ရှေ့လေးပါးတို့၏ အခြီအရံ အကြောင်းတရားများကား မုတင်အကျင့် (၁၃) ပါးတို့နှင့် အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း စသော တရားတို့ဖြစ်သည်။

သူတော်ကောင်းတရား ခုနစ်ပါးတို့တွင်——

**(က) သဒ္ဓါ၏ အကြောင်းတရားတို့ကား**…

၁။ ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း (ဗုဒ္ဓါနုဿတိ)

၂။ တရားတော်ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (ဓမ္မာနုဿတိ)

၃။ သံဃာတော်ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (သံဃာနုဿတိ)

WWW.DHAMMARANSI.COM



၄။ မိမိ၏သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (သီလာ-နုဿတိ)

၅။ မိမိ၏ ဒါနမှု စာဂမှုတို့ကို အဖန်ဖန်အောက်မေ့ခြင်း (စာဂါနုဿတိ)

၆။ နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အဖန်ဖန်အောက်မေ့ခြင်း (ဒေဝတာ-နုဿတိ)

၇။ နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း (ဥပသမာ-နုဿတိ)

၈။ သဒ္ဓါတရား ခေါင်းပါးချောက်တပ်သူကို ပယ်ခွါ ရှောင်ကြဉ်ခြင်း (လူခပုဂ္ဂလပရိဝဇ္ဇန)

၉။ သဒ္ဓါတရားရှိသည့် (သိနိဒ္ဓ) ပြေပြစ်သောပုဂ္ဂိုလ်ကို မှီဝဲပေါင်းသင်းခြင်း (သိနိဒ္ဓပုဂ္ဂလသေဝန)

၁၀။ သဒ္ဓါတရား ဖြစ်ပွါးစေတတ်သည့် တရားတို့ကို ဆင်ခြင်ခြင်း (ပသာဒနီယဓမ္မပစ္စဝေက္ခဏာ)

၁၁။ ဣရိယာပုထ်တိုင်း သဒ္ဓါတရားဖြစ်ဖို့ရန် စိတ်ညွှတ် ကိုင်းရှိုင်းနေခြင်း(တဒဓိမုတ္တတာ)၊ ။ဤ (၁၁)ပါးတို့တည်း။

နုဿတိသတ်၊ ရှေ့ခုနစ်ရပ်နှင့်၊ ချောက်တပ်သူပယ်၊ မှီတွယ်သိနိဒ္ဓ၊ ပသာဒတရား၊ စဉ်းစားပစ္စဝေက္ခဏာ၊ မိမုတ္တာ၊ ။သဒ္ဓါပွါးကြောင်း ဆယ့်တစ်တည်း။

**(ခ) သတိ၏အကြောင်းတရားတို့ကား....**

၁။ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းစသော ခုနစ်ပါးသော အရာတို့၌ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်း၊

၂။ သတိမေ့လျော့ ပေါ့တန်သူကို ရှောင်ကြဉ်ခြင်း၊

၃။ သတိရှိသောသူကို မှီဝဲခြင်း၊

WWW.DHAMMARANSI.COM



၄။ ဣရိယာပုထ်တိုင်း သတိကိုဖြစ်စေခြင်းငှါ အမြဲညွတ် ကိုင်းရှိုင်းသော စိတ်ရှိခြင်း၊ ၊ဤ လေးပါးတို့တည်း။

သတိသမ္ပဇဉ်၊ အမြဲယှဉ်လျက်၊ ကြဉ်လေမုဋ္ဌ၊ ယှဉ်ရသတိမာ၊ ခိမုတ္တာဟု၊ ၊လေးဖြာသတိ ပွါးကြောင်းတည်း။ ။(ဆရာတော်ဦးဗုဒ်၏ လင်္ကာ။)

(ဂ-ဃ) ဟိရိဩတ္တပ္ပတို့၏ အကြောင်းတရားတို့ကား....

၁။ အကုသိုလ်၏အပြစ်ကို ဆင်ခြင်ခြင်း၊

၂။ အပါယ်ဘုံ၏အပြစ်ကို ဆင်ခြင်ခြင်း၊

၃။ ကုသိုလ်တရားတို့၏ ထောက်ပံ့ပုံကို ဆင်ခြင်ခြင်း၊

၄။ ဟိရိဩတ္တပ္ပ ကင်းသူကို ရှောင်ကြဉ်ခြင်း၊

၅။ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသူကို မှီဝဲခြင်း၊

၆။ ဣရိယာပုထ်တိုင်း ဟိရိဩတ္တပ္ပကို ဖြစ်စေခြင်းငှါ အမြဲ ညွတ်ကိုင်းရှိုင်းသော စိတ်ရှိခြင်း၊ ၊ဤ (၆)ပါးတို့တည်း။

အကုသိုလ်မှု၊ ပါယ်စတု၊ ရှုလေအပြစ်ကို။
ကုသိုလ်တရား၊ ထောက်ပံ့ခြား၊ စိတ်ထားဝမ်း၌သို။
ဟိရောတ္တပ်ကင်း၊ သူရှောင်ကွင်း၊ ကပ်ချဉ်းပြည့်သူကို။
ရိယာပုထ်တိုင်း၊ စိတ်ညွတ်ကိုင်း၊ ရှိုင်းလေဟိရိကို။
ဟိရိဩတ္တပ်၊ သတိချုပ်၊ ခြောက်ရပ်အကြောင်းဆို။

(င) ဗာဟုသစ္စ၏အကြောင်းတရားတို့ကား....

၁။ ရှေးကဆည်းပူး အလေ့အလာထူးရှိခြင်း၊

၂။ အဖန်ဖန် အကြိမ်ကြိမ် မေးမြန်း စုံစမ်းလေ့ရှိခြင်း၊

၃။ သူတော်ကောင်းတရား၌ ယှဉ်ခြင်း အားထုတ်ခြင်း၊

၄။ အပြစ်ကင်းသော အတတ်ပညာတို့ကို လေ့လာခြင်း၊

၅။ သဒ္ဓါစသော ဣန္ဒြေတို့ ရင့်ကျက်ခြင်း၊

WWW.DHAMMARANSI.COM



၆။ ကိလေသာမှ ဝေးအောင် ရှောင်ခြင်း၊

၇။ အကြားအမြင်နည်းပါးသူကို ရှောင်ကြဉ်ခြင်း၊

၈။ အကြားအမြင်များသူကို မှီဝဲခြင်း၊

၉။ ဗာရိယာပုထ်တိုင်း ဗဟုသုတများတို့ရန် အမြဲညွှတ်ကိုင်း ရှိုင်းသော စိတ်ရှိခြင်း၊ ။ဤ (၉) ပါးတို့တည်း။

ရှေးကလေ့လာ၊ ပုစ္ဆာပြောများ၊ တရားကိုယှဉ်၊ ဖြူစင်သိပ္ပ၊ သေ့ကျက်ထနှင့်၊ ပဥ္စလက္ခြွေ၊ ရင့်သန်စေတည့်၊ ကိလေဝေးမှု၊ သုတမြင်ကြား၊ နည်းပါးသူကြဉ်၊ များသူယှဉ်၍၊ စိတ်တွင်ညွှတ်ကိုင်း၊ ယာပိုက်ဘိုင်း၊ ။(၉) ဆိုင်း ဗာဟုသစ်ကြောင်းတည်း။

## (၈) ဝီရိယ၏ အကြောင်းတရားတို့ကား....

၁။ အပါယ်ဘေးကို ဆင်ခြင်ခြင်း၊

၂။ ဝီရိယ၏အကျိုးကို ရှုမြင်ခြင်း၊

၃။ ဘုရားစသော သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့ လိုက်သင့်၏ဟု ဆင်ခြင်ခြင်း၊

၄။ တရားကို အားထုတ်ခြင်းဖြင့် ဆွမ်းကို ရိုသေပူဇော်ခြင်း၊

၅။ သူတော်ကောင်းဥစ္စာ တည်းဟူသော အမွေခံမြတ်သည်ကို ဆင်ခြင်ခြင်း၊

၆။ ဆရာဘုရား၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊

၇။ ဘုရားသားတော်အဖြစ်တည်းဟူသော အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း၊

၈။ သီတင်းသုံးဖော်၏ မြတ်သည်ကို ဆင်ခြင်ခြင်း၊

၉။ ပျင်းရိသောသူကို ရှောင်ကြဉ်ခြင်း၊

**၁၀။ အားထုတ်အပ်သော ဝီရိယရှိသူကို မှီဝဲခြင်း၊**

WWW.DHAMMARANSI.COM



၁၁။ ဣရိယာပုထ်တိုင်း ဝီရိယကိုဖြစ်စေရန် အမြဲညွတ်ကိုင်း ရှိုင်းသော စိတ်ရှိခြင်း၊ ။ဤ(၁၁)ပါးတို့တည်း။

ပါယ်ဘေးဆင်ခြင်၊ မြင်သည့်အကျိုး၊လမ်းမျိုးလိုက်ရာ၊ ပိဏ္ဍာပစယ၊ ဒါယဇ္ဇ ဟု၊ သတ္ထုမြတ်ဘိ၊ ဇာတိမဟတ္တ၊ သဗြဟ္မစာရီ၊ မမှီလူပျင်း၊ မှီတင်းအာရဒ္ဓ၊ ဓိမုတ္တ ဟု၊ ။လုံ့လပွါးကြောင်း ဆယ့်တစ်တည်း။ ။ (ဆရာတော်ဦးဗုဓ်။)

**(ဆ) ပညာ၏အကြောင်းတရားတို့ကား....**

၁။ ခန္ဓာ အာယတန ဓာတ်စသည်ကို မေးမြန်းဖန်များခြင်း၊

၂။ ကိုယ်တွင်းကိုယ်ပ၌ရှိသော ဝတ္ထုသန့်ရှင်း စင်ကြယ်ခြင်း၊

၃။ **"သဒ္ဓါလွန်လျှင် ဇွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမူကား လွန်သည်မရှိ လိုသည်သာရှိသည်"**ဟူရကား သဒ္ဓါနှင့်ပညာ ဝီရိယနှင့်သမာဓိတို့ကို မျှစေခြင်း၊

၄။ ပညာမဲ့သူကို ကြဉ်ခြင်း၊

၅။ ပညာရှိကို ယှဉ်ခြင်း၊

၆။ နက်နဲသော ခန္ဓာစသည်၌ ဖြစ်သော နက်နဲသော ပညာအပြားကို ဆင်ခြင်ခြင်း၊

၇။ ဣရိယာပုထ်တိုင်း ပညာဖြစ်စေခြင်း၌ အမြဲညွတ်ကိုင်း ရှိုင်းသော စိတ်ရှိခြင်း၊ ။ဤ (၇) ပါးတို့တည်း။

ဖန်ဖန်မေးမူ၊ ဝတ္ထုစင်စေ၊ ဣန္ဒြေညီမျှ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှု၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တ ဟု၊ ။ဉာဏ်ပွါးကြောင်း ခုနစ်တည်း။ ။ (ဆရာတော်ဦးဗုဓ်။)

ကျန်လေးပါးတို့၏ အကြောင်းတရားတို့ကား "သိ၊ ဗ္ဗန်၊ ဘော၊ ဇာ"ဟူသော အစ စရဏလေးပါး၊ သမထကမ္မဋ္ဌာန်းတို့၌ ရှေးအဖို့ဝယ် ဖြစ်သော ဘာဝနာ၊ဝသီဘော်ငါးပါး ဤတရားတို့တည်း။

WWW.DHAMMARANSI.COM



ထိုစရဏတရား အဘိညာဉ်တရားတို့ဖြင့် ပယောဂသုဒ္ဓိ အာသယသုဒ္ဓိတို့ ဖြစ်နိုင်သည်။ပယောဂသုဒ္ဓိဖြင့် သတ္တဝါတို့အား အဘယဒါနပြုလုပ်ရန် စွမ်းနိုင်သည်၊ အာသယသုဒ္ဓိဖြင့် အာမိသ ဒါန ပြုစွမ်းနိုင်သည်။ ထိုနှစ်ပါးစုံဖြင့် ဓမ္မဒါန ပြုစွမ်းနိုင်သည်၊ ဤသို့အစရှိသည်ဖြင့် စရဏတရား အဘိညာဉ်တရားတို့၏ ပါရမီတို့၏ အကြောင်းဖြစ်ပုံကို ထိုက်သည့်အလျောက် ထုတ်ဆောင်ရာ၏။

---

## (၇) ပါရမီတို့၏ ညစ်နွမ်းကြောင်းများ

"ပါရမီတို့၏ ညစ်နွမ်းကြောင်းတရားတို့ကား အဘယ် တရားတို့ ဖြစ်ကုန်သနည်း" ဟု မေးခဲ့သော်—

အဖြေကား····တဏှာ မာန ဒိဋ္ဌိ အစရှိသော တရားတို့ဖြင့် ပါရမီတို့ကို ငါ ငါ့ဉစ္စာ ငါ့လိပ်ပြာ စသည်ဖြင့် အလွဲလွဲအမှားမှား သုံးသပ် ဆင်ခြင်ခြင်းသည် ပါရမီတို့၏ ညစ်နွမ်းကြောင်းဖြစ်၏ ဟု သာမညအားဖြင့် ဖြေဆိုရာ၏။ ဝိသေသအားဖြင့်ကား—

၁။ လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာစဉ်းစား အကြံများနေခြင်းသည် ဒါနပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။ ။(ဒါန ပါရမီကို ဖြည့်ကျင့်သော ဘုရားအလောင်းသည် ကောင်းဆိုး ယုတ်မြတ် မိမိ၌ ထင်ရှားရှိနေသော လှူဖွယ်ဝတ္ထုကို ရောက်ဆိုက် လာသူ အလှူခံပုဂ္ဂိုလ်တို့အား ပုဂ္ဂိုလ်အယုတ်အမြတ်မရွေး လှူဒါန်း ရာ၏။ ဤ အလှူဝတ္ထုကား ညံ့၍ မလှူချင်၊ အလွန်ကောင်းမြတ်နေ၍ မလှူနိုင်၊ ဤအလှူခံပုဂ္ဂိုလ်ကား ဒုဿီလပုဂ္ဂိုလ်ဖြစ်၍ မလှူနိုင်၊ ဤသို့စသည်ဖြင့် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာ စဉ်းစား အကြံများနေလျှင် ဒါနပါရမီ ညစ်နွမ်း၏ ဟု ဆိုလိုသည်။)

၂။ သတ္တဝါနှင့် အချိန်အခါတို့၌ ထွေလာစဉ်းစား အကြံများ နေခြင်းသည် သီလပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။ ။(သီလ ပါရမီကို ဖြည့်ကျင့်လိုလျှင် သတ္တဝါမရွေး အချိန်အခါမရွေး ဖြည့်ကျင့်ရာ၏။ ဤမည်ဤမည်သော သတ္တဝါတို့၌သာ ပါဏာတိ-

WWW.DHAMMARANSI.COM



ပါတမှ စသည့်မှ ရှောင်ကြဉ်အံ့၊ ဤမည် ဤမည်သော သတ္တဝါ တို့၌ကား မရှောင်ကြဉ်အံ့၊ဤအချိန်အခါ၌သာ သီလကို စောင့်အံ့၊ ဤအချိန်အခါ၌ကား မစောင့်အံ့-ဟူ၍ သတ္တဝါနှင့် အချိန်အခါတို့၌ ထွေလာစဉ်းစား အကြံများနေလျှင် သီလပါရမီ ညစ်နွမ်း၏ဟု ဆိုလိုသည်။)

၃။ ကာမ နှစ်ပါး ဘဝသုံးပါးတို့၌ မွေ့လျော်ဖွယ်အနေဖြင့် ကြံစည်ခြင်း ထိုကာမဘဝတို့၏ ငြိမ်းအေးမှု၌ မမွေ့လျော်ဖွယ် အနေဖြင့် ကြံစည်ခြင်းများသည် နေက္ခမ္မပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၄။ ငါ ငါ့ဉစ္စာ ဟူ၍ မိစ္ဆာဝိတက်ပြောများ အကြံမှားခြင်း သည် ပညာပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၅။ ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စတရားများကို ဖြစ်ပွါးစေတတ်သည့် ဆုတ်နစ်ပြန့်လွင့်ကြောင်း အကြံအစည်များသည် ဝီရိယပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၆။ မိမိ သူတပါး (ကိုယ့်လူ သူ့လူခွဲခြား) အကြံအစည်များ ခြင်းသည် ခန္တီပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၇။ မမြင်,မကြား,မရောက်,မသိအပ်သောအရာတို့၌မြင်,ကြား, ရောက်, သိသောအနေဖြင့်ငင်း၊ မြင်, ကြား, ရောက်, သိအပ်သော အရာတို့၌ မမြင်,မကြား,မရောက်,မသိသောအနေဖြင့်ငင်း ကြံမှား ခြင်းများသည် သစ္စာပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၈။ ဗောဓိသမ္ဘာရဖြစ်သည့် ပါရမီ စသော စရိယကုသိုလ် တရားတို့၌ အပြစ်အနေ ကြံစည်ခြင်း ထိုဗောဓိသမ္ဘာရ ကောင်းမှု တို့၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့၌ ဂုဏ်ကျေးဇူး ကို ကြံစည်ခြင်းများသည် အဓိဋ္ဌာနပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

WWW.DHAMMARANSI.COM



၉။ မိမိအပေါ်၌ အစီးအပွါးကို ရွက်ဆောင်သူ မရွက်ဆောင်သူ (မိမိနှင့် သင့်မြတ်သူ မသင့်မြတ်သူ) ဟူ၍ ထွေလာစဉ်းစား အကြံများခြင်းသည် မေတ္တာပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

၁၀။ ရောက်ဆိုက် တွေ့ကြုံ ထိုထိုအာရုံတို့၌ ဇုဋ္ဌ အနိဋ္ဌခွဲခြား အကြံများခြင်းသည် ဥပေက္ခာပါရမီ၏ ညစ်နွမ်းကြောင်း ဖြစ်၏။

---

## (၈) ပါရမီတို့၏ ဖြူစင်ကြောင်းတရားများ

"ပါရမီတို့၏ ဖြူစင်ကြောင်း တရားတို့ကား အဘယ် တရားများ ဖြစ်သနည်း" ဟု မေးခဲ့သော်—

အဖြေကား····တဏှာ မာန ဒိဋ္ဌိ စသည်တို့ဖြင့် မဖျက်ဆီး အပ်ခြင်းသည်၎င်း၊ (ပါရမီတို့၏ ညစ်နွမ်းကြောင်း အခဏ်း၌) ပြဆိုခဲ့ပြီးသည့် လျှော့ယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ် စသည်တို့၌ ထွေလာ စဉ်းစား အကြံမများခြင်းသည်၎င်း ပါရမီတို့၏ ဖြူစင်ကြောင်းများ ဖြစ်ကြသည် ဟု ဖြေဆိုရာ၏။

မှန်၏····တဏှာ မာန ဒိဋ္ဌိ စသော ကိလေသာတို့ဖြင့်လည်း မဖျက်ဆီးအပ်ပဲ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်စသည်တို့၌ ထွေလာ စဉ်းစား အကြံများမှုလည်း မရှိပဲ ပွါးများအားထုတ်အပ်သည့် ဒါနစသော ပါရမီတို့သည်သာလျှင် ဖြူစင်သော ပါရမီများ ဖြစ်နိုင်ကြပေသည်။

---

## (၉) ပါရမီတို့၏ ဆန့်ကျင်ဘက်တရားများ

"ပါရမီတို့၏ ဆန့်ကျင်ဘက် ပဋိပက္ခတရားများကား အဘယ်တရားများ ဖြစ်သနည်း" ဟု မေးခဲ့သော်—

အဖြေကား····ခပ်သိမ်းသော ကိလေသာတရား ခပ်သိမ်းသော အကုသိုလ်တရားတို့သည် **သာမညအားဖြင့်** ပါရမီတို့၏ ဆန့်ကျင်ဘက်တရားများ ဖြစ်ကြ၏ဟု ဖြေဆိုရာ၏။

WWW.DHAMMARANSI.COM



**ဝိသေသအားဖြင့်ကား....**လှူဖွယ်ဝတ္ထု၌ တပ်မက်သောလောဘ တရား ဝန်တိုသော မစ္ဆရိယ တရားများသည် ဒါနပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။ ဒုသီလျခေါ်သည့် ဒုစရိုက်မှုများ သည် သီလပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။ ဝတ္ထုကာမ ကိလေသကာမ ဘဝတို့၌ နှစ်ခြိုက်မွေ့လျော် ပျော်ပိုက်ခြင်းသည် နေက္ခမ္မပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ပြင်းစွာ တွေဝေခြင်း သမ္မောဟတရားသည် ပညာပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ရှေး၌ ဆိုအပ်ပြီးသည့် ကုသီတဝတ္ထု = (အပျင်းထူကြောင်း) တရား ရှစ်ပါးတို့သည် ဝီရိယပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။ ဣဋ္ဌ အနိဋ္ဌအာရုံတို့၌ လောဘ ဒေါသတို့၏အစွမ်းဖြင့် သည်းမခံနိုင်ခြင်း (တပ်မက်ခြင်း ပြစ်မှားခြင်း) သည် ခန္တီပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ဟုတ်မှန်တိုင်းသော သဘာဝကို ထင်စွာမပြုခြင်းသည် သစ္စာပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ပါရမီတို့၏ ဆန့်ကျင်ဘက် တရားများကို မလွှမ်းမိုးနိုင်ခြင်း(မိမိကနိုင်အောင်မကျင့်ခြင်း)သည် အဓိဋ္ဌာနပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။မျက်ကြုတ်ကိုးပါး (ရန်ငြိုး ဖွဲ့ခြင်းကိုးမျိုး)သည် မေတ္တာပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ရောက်ဆိုက် တွေ့ကြုံသော ဣဋ္ဌ အနိဋ္ဌအာရုံတို့၌ အညီအမျှမရှုခြင်း သည် ဥပေက္ခာပါရမီ၏ ဆန့်ကျင်ဘက် ဖြစ်၏။

တနည်းကား····

(၁) လှူဖွယ်ဝတ္ထု၌ တပ်မက်ခြင်း လောဘတရားလည်း မရှိပါမှ အလှူခံပုဂ္ဂိုလ်တို့၌ပြစ်မှားမုန်းတီးခြင်း ဒေါသတရားလည်း မရှိပါမှ အလှူနှင့် အကျိုးတရားတို့၌ တွေဝေခြင်း (မသိခြင်း) မောဟတရားလည်း မရှိပါမှ အလှူဒါန မြောက်နိုင်ရကား လှူဖွယ် ဝတ္ထု၌ တပ်မက်ခြင်းလောဘ အလှူခံပုဂ္ဂိုလ်တို့၌ ပြစ်မှား မုန်းတီး ခြင်းဒေါသ အလှူနှင့်အကျိုးတရားတို့၌ တွေဝေခြင်းမောဟ ဤ တရားသုံးမျိုးသည် ဒါနပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

(၂) ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တည်းဟူသော ကိုယ်အပြစ် နှုတ်အပြစ် စိတ်နှလုံးအပြစ် [illegible]က်ကျစ်မှုများ ကင်းစင်မှ သီလကို ကျင့်သုံး ဆောက်တည်နိုင်ရကား ဒုစရိုက်

WWW.DHAMMARANSI.COM



ဆယ်ပါး အကုသိုလ်တရားများသည် သီလပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

(၃) နေက္ခမ္မကောင်းမှုသည် ကာမသုခမှုရင်း, သူတပါးကို ညှဉ်းပန်းနှိပ်စက်ခြင်းမှုရင်း,မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်ခြင်းမှုရင်း ရှောင်ကြဉ်တတ်သော တရားမြတ်ဖြစ်သောကြောင့် ထိုကာမသုခကို လိုက်စားခြင်း လောဘတရား သူတပါးကို ညှဉ်းပန်းနှိပ်စက်ခြင်း ဒေါသတရား မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်ခြင်း မောဟတရားများသည် နေက္ခမ္မပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

(၄) လောဘ ဒေါသ မောဟတို့သည် သတ္တဝါတို့ကို မမြင်စမ်းလှမ်း ကဏ်းအောင်ပြုတတ်သော တရားများ ဖြစ်ကြကုန်၏။ ပညာကား ထိုလောဘ ဒေါသ မောဟ နှိပ်စက်သဖြင့် မမြင်စမ်းလှမ်း ကဏ်းနေသော သတ္တဝါတို့ကို မကဏ်းအောင် ပြုတတ်၏။ သို့ရကား သတ္တဝါတို့ကို ကဏ်းအောင်ပြုတတ်သည့် လောဘ ဒေါသ မောဟတို့သည် ပညာပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြကုန်၏။

(၅) လောဘကြောင့် ကုသိုလ်မှုတို့၌ တွန့်ဆုတ်တတ်သည်၊ ဒေါသကြောင့် ကုသိုလ်မှုတို့၌ မရပ်တည်နိုင် ရှိရသည်၊ မောဟကြောင့် အသင့်လမ်းမှန်ကို အားမထုတ်နိုင်ပဲ ရှိရသည်။ ဝီရိယဖြင့် ကုသိုလ်မှုတို့၌မတွန့်မဆုတ် မတုန်မလှုပ် အသင့်လမ်းမှန်ကျအောင် အားထုတ်နိုင်သည်။ သို့ရကား ဆိုအပ်ပြီးသည့် လောဘ ဒေါသ မောဟ တရားများသည် ဝီရိယပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

(၆) ခန္တီတရားရှိမှ ဣဋ္ဌအာရုံ၌ လောဘဘက်သို့ မယိမ်းယိုင် ကြံ့ကြံ့ခံနိုင်သည်၊ အနိဋ္ဌအာရုံ၌ ဒေါသဘက်သို့ မယိမ်းယိုင် ကြံ့ကြံ့ခံနိုင်သည်၊ သဘာဝတရားတို့၏ ပုဂ္ဂိုလ်သတ္တဝါအဖြစ်မှ ဆိတ်သုဉ်းမှုကို စိုက်စိုက်စူးစူး ကြည့်နိုင်သည်။ သို့ရကား ဣဋ္ဌ အနိဋ္ဌ သုညတသဘောတို့ကို ကြံ့ကြံ့မခံနိုင် စိုက်စိုက်စူးစူး မကြည့်

WWW.DHAMMARANSI.COM



နိုင်သော ထိုလောဘ ဒေါသ မောဟတို့သည် ခန္တီပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြကုန်၏။

(၇) သစ္စာမရှိလျှင် သူတပါးတို့က ကျေးဇူးပြုလျှင် ပြုသည့်အလျောက် လောဘဘက်သို့ လိုက်ပါတတ်သည်၊ ဖြစ်မှားမှု ပြုလျှင်လည်း ပြုသည့်အလျောက် ဒေါသဘက်သို့ လိုက်ပါတတ်သည်၊ ထိုအခါ ဟုတ်မှန်သည့်အတိုင်း မဖြစ်နိုင်ပဲ ရှိတတ်သည်။ သစ္စာရှိမှသာ သူတပါးတို့က ကျေးဇူးပြုမှု ဖြစ်မှားမှု ရှိစေကာမူ လောဘ ဒေါသဘက်သို့ မလိုက်ပါပဲ အမှန်အတိုင်းဖြစ်နိုင်ရကား သူတပါးတို့၏ ကျေးဇူးပြုမှုကြောင့် လိုက်ပါတတ်သော လောဘ ဖြစ်မှားမှုကြောင့် လိုက်ပါတတ်သော ဒေါသနှင့် အမှန်အတိုင်း မဖြစ်နိုင်သော မောဟတို့သည် သစ္စာပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကုန်၏။

(၈) အဓိဋ္ဌာန်ရှိမှ ဇုဋ္ဌအနိဋ္ဌ လောကဓံတို့ကို မိမိက လွှမ်းမိုးနိုင်နင်းကာ ဆောက်တည်အပ်သော ပါရမီကောင်းမှုတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်နိုင်သောကြောင့် လောကဓံတို့ကို မလွှမ်းနိုင်ကြောင်းဖြစ်သည့် လောဘ ဒေါသ မောဟတို့သည် အဓိဋ္ဌာန ပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကုန်၏။

(၉) မေတ္တာဘာဝနာဖြင့် နီဝရဏတရားများ ကင်းဆိတ်နိုင်သောကြောင့် ထိုနီဝရဏအဝင်အပါ လောဘ ဒေါသ မောဟတို့သည် မေတ္တာပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကုန်၏။

(၁၀) ဥပေက္ခာမရှိလျှင် ဇုဋ္ဌအနိဋ္ဌအာရုံတို့၌ လောဘ ဒေါသတို့ကို မဖျက်ဆီး မဟန့်တားနိုင်၊ အညီအမျှ မဖြစ်နိုင်၊ ဥပေက္ခာရှိမှသာ ဇုဋ္ဌအနိဋ္ဌအာရုံတို့၌ လောဘ ဒေါသတို့ကို ဖျက်ဆီး ဟန့်တားနိုင် အညီအမျှဖြစ်နိုင်သောကြောင့် လောဘ ဒေါသ မောဟတို့သည် ဥပေက္ခာပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



## (၁၀) ပါရမီတို့ကို ဖြည့်ကျင့်ပုံ

"ပါရမီတို့ကိုဖြည့်ကျင့်ပုံကား အဘယ်နည်း၊အလောင်းတော်များသည် ပါရမီတို့ကို မည်သို့မည်ပုံ ဖြည့်ကျင့်ကုန်သနည်း"ဟု မေးခဲ့သော်—

**အဖြေကား....**

(၁) ဒါနပါရမီ၌ အလောင်းတော်သည် သူ့ချမ်းသာကို ရှက်ဆောင်ခြင်း၊ ကိုယ်နှင့်အသက်ကို ရက်ရက်စွန့်လှူခြင်း၊ သတ္တဝါတို့အပေါ် ကျရောက်လာမည့်ဘေးကို ပယ်ရှားခြင်း၊ သတ္တဝါတို့အား တရားလမ်းမှန်ကို ညွှန်ပြဟောကြားခြင်း ဤသို့ စသည်များစွာသော အခြင်းအရာဖြင့် သတ္တဝါတို့အား ချီးမြှောက်ပြုစုသောအားဖြင့် ဒါနပါရမီကို ဖြည့်ကျင့်တော်မူသည်။

အကျယ်အားဖြင့် ပြဆိုဦးအံ့....ဒါနသည် (က) အာမိသဒါန (ခ) အဘယဒါန (ဂ) ဓမ္မဒါန ဟူ၍ လှူဖွယ်ဝတ္ထု၏အစွမ်းဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်—

(က) အာမိသဒါနဆိုင်ရာ ဘုရားအလောင်းတော်၏ လှူဖွယ်ဝတ္ထုသည် (၁) ကိုယ်တွင်း အဇ္ဈတ္တိကဝတ္ထု၊ (၂) ကိုယ်ပ ဗာဟိရဝတ္ထုဟူ၍ နှစ်ပါးပြားပြန်လေသည်။ ထိုနှစ်ပါးတို့တွင်—

(၂) အမျိုးအစားဖြစ်သည့် မိမိကိုယ်မှ ပြင်ပဖြစ်သော ဗာဟိရဒါနဝတ္ထုသည် ထမင်း၊ အဖျော်၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာနေရာ၊ ကျောင်း အိမ်၊ ဆီမီးညှိထွန်းရန် ဆီ မီးစာ မီးခွက်-ဟူ၍ (သုတ္တန်ဒေသနာတော်နည်းအရ) ဆယ်မျိုးရှိ၍၊ ထိုဆယ်မျိုးတို့တွင် ထမင်း အစရှိသော လှူဖွယ်ဝတ္ထုတမျိုးတမျိုးလျှင် ခဲဖွယ် ဘောဇဉ် အစရှိသောအားဖြင့် များသောအပြားရှိပေ၏။

ထို့အတူ အဆင်းလှူဖွယ်ဝတ္ထု၊ အသံလှူဖွယ်ဝတ္ထု အစရှိသည်ဖြင့် အာရုံခြောက်ပါး အပြားအတိုင်း (အဘိဓမ္မာ ဒေသနာတော်နည်းအရ) ခြောက်မျိုးရှိ၍၊ ထိုခြောက်မျိုးတို့တွင် အဆင်း

WWW.DHAMMARANSI.COM



လှူဖွယ်စသည် တမျိုးတမျိုးအတွက်ပင် အညို အရွှေ စသည် အားဖြင့် များသောအပြားရှိပေ၏။

ထို့အတူ ပတ္တမြား ရွှေ ငွေ ပုလဲ သန္တာ-အစရှိသောရတနာမျိုး၊ လယ်မြေ ယာမြေ အရာမ်ဥယျာဉ် စသည့် သက်မဲ့ လှူဖွယ်ပစ္စည်းမျိုး၊ ကျွန်မိန်းမ ကျွန်ယောက်ျား ကျွဲနွားစသည့် သက်ရှိ လှူဖွယ်ပစ္စည်းမျိုး အစရှိသောအားဖြင့် များသောအပြားရှိပြန်၏။

## မာဟိရဒါန ပြုတော်မူပုံ

ထိုလှူဖွယ်ပစ္စည်း အမျိုးမျိုးတို့တွင် ဘုရားအလောင်းတော်သည် အလှူခံပုဂ္ဂိုလ် အလိုရှိရာ လှူဖွယ်ပစ္စည်းကို ပေးလှူတော်မူ၏။ အလှူခံပုဂ္ဂိုလ်က အလိုရှိနေသည်ကို သိတော်မူလျှင် မတောင်းပဲသော်မှလည်း အလိုကိုသိကာ ပေးလှူတော်မူ၏၊ တောင်းပါမှကား ဆိုရာမရှိတော့ပေ၊ကေန်ပေးလှူတော့သည်သာ။ ပေးလှူသောအခါ၌လည်း ကျွတ်ကျွတ်လွတ်လွတ်(အချုတ်အချယ်မရှိ) ပေးလှူတော်မူ၏။

လှူဖွယ်ဝတ္ထုအပြည့်အစုံ အလုံအလောက်ရှိလျှင် အလှူခံပုဂ္ဂိုလ်တို့အား အပြည့်အစုံ အလုံအလောက်ပင် လှူတော်မူသည်။ မလုလောက်လျှင် ခွဲဝေသင့်သောအရာကို ခွဲဝေ၍ လှူတော်မူ၏။

အထူးအားဖြင့်—ပေးလှူတော်မူသည်ဆိုသော်လည်း လက်နက်မျိုး အဆိပ်မျိုး သေရည်မျိုး အစရှိသည့် သူတပါးတို့အား နှိပ်စက်မည့် ပစ္စည်းမျိုးကိုဋ္ဌင်း၊ အကျိုးမရ မေ့လျော့ ပေါ့တန်ခြင်း ပမာဒကို ဖြစ်စေမည့် ကစားဖွယ်ရာ ပစ္စည်းမျိုးကိုဋ္ဌင်း ပေးလှူတော်မမူ။

မကျန်းမာသည့် အလှူခံပုဂ္ဂိုလ်အား ထိုသူနှင့် မလျော်မသင့်သော စားသောက်ဖွယ်မျိုးကိုဋ္ဌင်း သင့်လျော်စေကာမူ ပမာဏထက် ပိုလွန်၍ဋ္ဌင်း ပေးလှူတော်မမူပဲ ထိုသူနှင့် သင့်လျော်သည့် စားသောက်ဖွယ်မျိုးကိုသာ အချိန်အဆ ပမာဏနှင့် သင့်တင့်ရုံ ပေးလှူတော်မူသည်။

WWW.DHAMMARANSI.COM



ထို့အတူ ကောင်းခံအစ်သည်ရှိသော် လူတို့အား လူနှင့် သင့်လျော်သော လှူဖွယ်ဝတ္ထု၊ ရဟန်းတို့အား ရဟန်းနှင့် သင့်လျော်သော လှူဖွယ်ဝတ္ထုကိုသာ ပေးလှူတော်မူ၏။ (လူအား ရဟန်း၏ အသုံးအဆောင်ကို မလှူ၊ ရဟန်းအား လူ၏အသုံး အဆောင်ကို မလှူ။) လှူသောအခါ၌လည်း အမိ အဘ ဆွေမျိုး သားချင်း မိတ်သင်္ဂဟ သားမယား ကျေးကျွန် အလုပ်သမား အစရှိသော မိမိနှင့် စပ်သွယ်သူ တစုံတယောက်ကိုမျှ ညှဉ်းပန်း မှုကို မဖြစ်စေပဲ လှူတော်မူသည်။

အကောင်းအမွန်ကို ပေးမည်ဟု ဝန်ခံပြီး အယုတ်အညံ့ကို ပေးလေ့မရှိ။ လာဘ်ပူဇော်သက္ကာ အရှိန်အဝါ အကျော် အစောကိုသော်၎င်း ကျေးဇူးတုံ့ပြန်မှုကိုသော်၎င်း မြော်ခေါ် တောင့်တ၍ မပေး။ သမ္မာသမ္ဗောဓိခေါ်သည့် သဗ္ဗညုတဉာဏ်မှ တပါးသော ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအကျိုးကို မြော်ကိုး တောင့်တ၍လည်း လှူတော်မမူ။ သဗ္ဗညုတဉာဏ်တခုကိုသာ ရည်သန်တောင့်တ၍ လှူတော်မူသည်။

အလှူခံပုဂ္ဂိုလ်တို့ကိုသော်၎င်း လှူဖွယ်ဝတ္ထုကိုသော်၎င်း စက် ဆုပ်ရွံရှာ၍ မလှူပေ။ ကိုယ်နှုတ်နှလုံး မစောင့်စည်းကြသည့် အလှူခံပုဂ္ဂိုလ်များ ကိုယ်တော်မြတ်ကို ဆဲရေး ချုတ်ချယ်တတ်သည့် အလှူခံပုဂ္ဂိုလ်များအားသော်မှလည်း (အမှိုက်သရိုက်ကို စွန့်ပစ် သည့်သဘောမျိုးကဲ့သို့) မရိုမသေ စိတ်ညစ်၍ ပေးသောအနေ လုံးဝမရှိပဲ အလွန်ကြည်လင်သော စိတ်ထားဖြင့် သနားကြင်နာ ကရုဏာရှေ့ထား၍ ရိုသေစွာသာ ပေးလှူတော်မူသည်။ အုတ်အုတ် ကျက်ကျက် ကြွက်စီ ကြွက်စီ ဖြစ်မှုကို မင်္ဂလာဟု အယူရှိ၍ ပေးလှူခြင်း အလျဉ်းမရှိပဲ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါတရား ထက်သန်စွာ ထားရှိ၍သာ ပေးလှူတော်မူသည်။

အလှူခံပုဂ္ဂိုလ်များကို မိမိထံပါး ခစားဆည်းကပ် ဖျပ်ဝပ်စေ ခြင်းစသည်ဖြင့် ပင်ပန်းစေ၍ ပေးလှူခြင်းမျိုး အလျဉ်းမရှိပဲ မပင်ပန်းစေမူ၍သာ ပေးလှူတော်မူသည်။ သူတပါးတို့အား လှည့်ဖြားလိုခြင်း ကွဲပြားစေလိုခြင်း အလျဉ်းမရှိပဲ အလွန်သန့်ရှင်း

WWW.DHAMMARANSI.COM



သောစိတ်ရှိ၍သာ လှူတော်မူသည်။ ကြမ်းကြုတ် ရှန့်ရင်းသော စကားကို ပြောဆိုကာ မျက်မှောင် တကြုတ်ကြုတ် နှုတ်ခမ်း တစူစူနှင့် ပေးလှူခြင်းမျိုးကို အလျဉ်းပြုတော်မမူပဲ ပိယဝါစာ ချိုသာသောစကားကို ပြောကြားလျက် မျက်နှာရွှင်ပျ အေးမြသောစိတ်ရှိ၍သာ လှူတော်မူသည်။

လှူဖွယ်ဝတ္ထုက အလွန်ကောင်းမွန်နေသောကြောင့် ဖြစ်စေ၊ ကြာမြင့်စွာ လေ့လာသုံးစွဲခဲ့ရသောကြောင့် ဖြစ်စေ၊ လောဘ၏ ပင်ကိုယ်သဘာဝက ကောင်းသောဝတ္ထု၌ တပ်မက်တတ်သော သဘောရှိသောကြောင့် ဖြစ်စေ လှူဖွယ်ဝတ္ထုအပေါ်၌ အလွန် အကဲ လောဘတပ်စွဲနေသည်ကို သိရှိတော်မူလျှင် အလောင်း တော်သည် ထိုလောဘကို အလျှင်အမြန် ပယ်ဖျောက်ပြီး အလှူခံ ပုဂ္ဂိုလ်ကို မရမနေ ရှာဖွေ၍သော်လည်း ပေးလှူတော်မူသည်။

(က) လှူဖွယ်ဝတ္ထုကလည်း တယောက်စာမျှ နည်းပါးလှ၍ (ခ) မိမိလည်း စားသုံးတော့မည့်ဆဲဆဲအချိန်၌ (ဂ) အလှူခံ ပုဂ္ဂိုလ်ကလည်း ရှေးရှုမျက်မှောက် ဆိုက်ရောက်၍လာမှု ဤအဖြစ် မျိုးကို ကြုံတွေ့ခဲ့သော် အလောင်းတော်သည် ထွေထွေလာလာ စဉ်းစား အကြံများမနေပဲ မိမိ မစားမသုံး အပင်ပန်းခံတော်မူ ပြီးလျှင် အလောင်းတော် အကိတ္တိ ပညာရှိကဲ့သို့ အလှူခံပုဂ္ဂိုလ် အားသာ မြတ်နိုးကော်ရော် ပူဇော်လှူဒါန်းတော်မူလေသည်။

အလောင်းတော်သည် မိမိ၏ သားမယား ကျေးကျွန် အစရှိ သောသူတို့ကို အလှူခံပုဂ္ဂိုလ်တို့က တောင်းခံလာလျှင် ထိုသား မယား ကျေးကျွန် အစရှိသောသူတို့ကို နားလည်အောင် ပြောကြား ကျေနပ်နှစ်သက်စေပြီးမှ ဝမ်းမြောက်ဝမ်းသာရှိသော ထိုသားမယား စသည်တို့ကို အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူတော် မူသည်၊ ထိုသို့ ပေးလှူရာမှာလည်း ဘီလူးရက္ခိုသ် အစရှိသည် တို့အား သိတော်မူလျှင် ပေးတော်မမူ။

မင်းအဖြစ် (ပြည်စည်းစိမ်) ကို စွန့်လှူရာမှာလည်း လူအပေါင်း၏ အစီးအပွါးမဲ့ရန် ဆင်းရဲဒုက္ခများရန် အကျိုးမဲ့ဖြစ်ရန် ကျင့်ကြံမည့်

WWW.DHAMMARANSI.COM



သူတို့အား စွန့်လှူတော်မမူပဲ တရားသဖြင့် လူအပေါင်းကို စောင့်ရှောက်မည့် အလှူခံများအားသာ ပေးလှူတော်မူသည်။

ဤသို့ ဗာဟိရဝတ္ထုကို ပေးလှူရာ၌ ဖြည့်ကျင့်တော်မူပုံကို သိရာ၏။

## အဇ္ဈတ္တိကဒါန ပြုတော်မူပုံ

အလောင်းတော်သူမြတ် အဇ္ဈတ္တိကဒါနပြုပုံ နှစ်မျိုးရှိသည်၊ နှစ်မျိုးမှာ····

(၁) လောက၌ တစုံတယောက်သော ယောက်ျားသည် အဝတ်အစားဟူသော အကြောင်းကြောင့် မိမိကိုယ်ကို သူတပါးအား စွန့်လွှတ်ပုံအပ်၍ ထိုသူခိုင်းသမျှ စီမံသမျှ နာခံပြုကျင့်ကာ ကျွန်အဖြစ်ကို ခံသကဲ့သို့၊ အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလိုသောကြောင့် ဝတ္ထုကာမ ဘဝချမ်းသာတို့ကို ရလိုစိတ်အလျဉ်းမရှိပဲ သတ္တဝါတို့အတွက် အလွန်မြတ်သော စီးပွါးချမ်းသာကိုသာ အလိုတော်ရှိလျက် ကိုယ်တော်၏ ဒါနပါရမီကိုသာ အထွတ်အထိပ်ရောက် ဖြည့်ကျင့်လိုသော ကုသိုလ်ဆန္ဒဖြင့် မိမိ၏ တကိုယ်လုံးကို သူတပါးအား စွန့်လှူတော်မူကာ ထိုသူ စီမံသမျှ မငြင်းမဆန် နာခံပြုကျင့်တော်မူသည်။ (တကိုယ်လုံးကို လှူခြင်းတမျိုး။)

(၂) လက် ခြေ မျက်စိ စသော အင်္ဂါကြီးငယ်ကို ထိုထိုအင်္ဂါဖြင့် အလိုရှိသူတို့အား မတုန်မလှုပ် မဆုတ်မနစ် စွန့်လှူတော်မူသည်။ ထိုအင်္ဂါကြီးငယ်အပေါ်၌ ဗာဟိရဝတ္ထုမှာကဲ့သို့ပင် ငြိကပ်ခြင်း တွယ်တာခြင်း တွန့်ဆုတ်ခြင်း အလျဉ်းပင် ရှိတော်မမူ။ (အစိတ်အင်္ဂါကို လှူခြင်းတမျိုး။)

## ရည်ရွယ်ချက်နှစ်မျိုး

ဘုရားအလောင်းတော်သည် အလှူခံပုဂ္ဂိုလ်တို့၏ စိတ်နှလုံးအလိုကိုပြည့်စေလျက် ထိုသူတို့ အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင်ရန်အလို့ငှါငှင်း....၊ **အလှူဝတ္ထုပေါ်၌ တွယ်တာတပ်မက်ခြင်း လုံးဝ**

WWW.DHAMMARANSI.COM



မရှိပဲ လွတ်လွတ် စွန့်လှူတော်မူသည်ဖြစ်၍ ကိုယ်တော်မြတ် အတွက်တာ ပါရမီကောင်းမှုတို့၌ ဝသီဘာဝဂုဏ် ပြည့်စုံရန် (လေ့လာနိုင်နင်းရန်) အလိုငှါငင်း....၍ကဲ့သို့ စွန့်လှူခြင်းဖြင့် ငါသည် သဗ္ဗညုတဉာဏ်ကို ကေန်ရလိမ့်မည်ဟု ယုံကြည်သိရှိတော် မူကာ ဗာဟိရဝတ္ထုကို စွန့်လှူသကဲ့သို့ပင် အဇ္ဈတ္တိကဖြစ်သည့် တကိုယ်လုံးကိုသော်ငင်း အင်္ဂါကြီးငယ် အစိတ်အပိုင်းကိုသော်ငင်း စွန့်လှူတော်မူလေသည်။

ထိုသို့ စွန့်လှူရာ၌ အလှူခံပုဂ္ဂိုလ်အား ကေန် အကျိုး ရှိမည့် အဇ္ဈတ္တိကဝတ္ထုကိုသာ စွန့်လှူတော်မူသည်။ အထူး အားဖြင့် ကိုယ်တော်၏ အပေါ် ညှဉ်းပန်းနှိပ်စက်လိုကြသည့် မာရ်နတ်အားငင်း ထိုမာရ်နတ်၏ အပင်းအသင်းနတ်များ အားငင်း သိတော်မူလျှင် "ထိုသူတို့အဖို့ရာ အကျိုးမဲ့ မဖြစ်ပါစေလင့်"ဟု ဆင်ခြင်တော်မူကာ ကိုယ်တော်၏ အတ္တဘောနှင့် အင်္ဂါကြီးငယ်တို့ကို ပေးလှူတော်မမူ။ ထို့အတူ မာရ်နတ်နှင့် ထိုမာရ်နတ်၏ အပင်းအသင်း ဖြစ်သော မိစ္ဆာနတ်တို့ ပူးဝင်နေသူတို့အားငင်း ရူးသွပ် သော သူတို့အားငင်း ပေးလှူတော်မမူ။ အခြားသူတို့ အားကား ထိုကဲ့သို့သော တောင်းခံခြင်းမျိုးကို ရခဲလှ သောကြောင့်ငင်း ထိုကဲ့သို့သော အဇ္ဈတ္တိကအလှူမျိုးကို လှူရခဲသောကြောင့်ငင်း တောင်းလျှင်တောင်းခြင်း အချိန် မဆိုင်းပဲ ပေးလှူတော်မူသည်။

## (ခ) အဘယဒါန

ဘုရားအလောင်းတော်သည် သတ္တဝါတို့အား မင်းဘေး ခိုးသူဘေး မီးဘေး ရေဘေး ရန်သူဘေး ခြင်္သေ့ သစ်ကျားစသော သားရဲတိရစ္ဆာန်ဘေး နဂါး ဘီလူး ရက္ခိုသ်စသော ဘေးများ သင့်ရောက်လျှင် ထိုဘေးတို့မှ လွတ်မြောက်အောင် ကိုယ်တော်၏ အသက်ကို မရေမတွက် စွန့်လွှတ်၍ စောင့်ရှောက် ကယ်တင်တော် မူခြင်းဖြင့် ဘေးမဲ့အလှူကို လှူတော်မူသည်။

WWW.DHAMMARANSI.COM



## (၈) ဓမ္မဒါန

ဓမ္မဒါနဟူသည်မှာ····လောဘ ဒေါသ စသည်တို့ဖြင့် ညစ်နွမ်းသောစိတ် အလျဉ်းမရှိပဲ မဖောက်မပြန် မှန်ကန်သောတရားဟောကြားမှုကို ခေါ်သည်။

သာဝကဗောဓိဉာဏ်၌ စိတ်သန်ဆုညွတ်သော သာဝက-ဗောဓိလောင်း ပစ္စေကဗောဓိဉာဏ်၌ စိတ်သန်ဆုညွတ်သော ပစ္စေကဗောဓိလောင်း သဗ္ဗညုတဉာဏ်၌ စိတ်သန်ဆုညွတ်သော သမ္မာသမ္ဗောဓိလောင်းဟူ၍ အလောင်းအလျာသုံးမျိုးတို့ ရှိကြသည့်အနက် သာဝကဗောဓိလောင်းတို့အား ဘုရားအလောင်းတော်သည် သရဏဂုံ၊ သီလ၊ ဣန္ဒြေတို့ကို စောင့်ထိန်းမှု၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိမှု၊ နိုးချပ်ခြင်းကို အားထုတ်မှု၊သူတော်ကောင်းတရား ခုနစ်ပါး၊ သမထဝိပဿနာ ဘာဝနာတို့ကို အားထုတ်ပုံ၊ ဝိသုဒ္ဓိခုနစ်ပါး အကျင့်တရားများ၊ မဂ်လေးပါးကို ရယူပုံ၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ သာဝကဗောဓိဉာဏ် = သာဝကတို့ ရရှိသည့် မဂ်ဉာဏ်လေးပါး ဤတရားစုတို့၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးဟောပြကာ ထိုက်သည်အားလျော်စွာ ထိုထိုသရဏဂုံ သီလစသည်တို့၌ မတည်သေးသူတို့အား တည်စေခြင်း တည်ပြီးသူတို့အား ဖြူစင်စွာ ကျင့်ကြံစေခြင်းဖြင့် ဓမ္မအလှူကို ပေးလှူတော်မူသည်။

ထို့အတူ ပစ္စေကဗောဓိလောင်း သမ္မာသမ္ဗောဓိလောင်းတို့အား ဒါနစသော ပါရမီတို့၏ လက္ခဏာ ရသအစရှိသည်တို့ကို ထင်ရှားစွာ ဟောပြ၍၎င်း၊ ထိုအလောင်းတော်တို့၏ အလောင်းအလျာဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်ခိုက် ဘုရားဖြစ်ခိုက် ဗုဒ္ဓကိစ္စတို့ကို ရွက်ဆောင်တော်မူခိုက်တည်းဟူသော အခိုက်အတန့်သုံးပါး အချိန်ပိုင်းကြီး သုံးပိုင်းလုံး၌ပင် အာနုဘော် ကြီးမြတ်ပုံကို ထင်ရှားစွာ ဟောပြ၍၎င်း ပစ္စေကဗောဓိကျင့်စဉ် သမ္မာသမ္ဗောဓိကျင့်စဉ်တို့၌ တည်စေတော်မူခြင်း တည်ပြီးသူတို့အားလည်း ဖြူစင်စွာ ကျင့်ကြံစေခြင်းဖြင့် ဓမ္မအလှူကို ပေးလှူတော်မူလေသည်။

WWW.DHAMMARANSI.COM



## သုဇာတာနို့ဆွမ်း အလှူဆယ်ပါး

ထို့အတူ ဘုရားအလောင်းတော်သည် သုဇာတာတို့အား အာမိသအလှူကို ပေးလှူသည်ရှိသော် "ငါသည် ဤအာမိသဒါနဖြင့် သတ္တဝါတို့၏ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ပညာကြီးခြင်း အစရှိသော သမ္ပတ္တိအမျိုးမျိုးတို့နှင့် တကွ အရဟတ္တဖိုလ်တည်းဟူသော အမြတ်ဆုံး သမ္ပတ္တိအကျိုးကို သည်ပိုး ရွက်ဆောင် ပြီးစေနိုင်ရလို၏" ဟု စိတ်သန်ဆုညွှတ်၍ ထမင်းအလှူကို ပေးလှူတော်မူသည်။

ထို့အတူ သတ္တဝါတို့၏ ကာမကိလေသာ ဆာလောင်မွတ်သိပ်ခြင်းဘေးကို ငြိမ်းအေးစေနိုင်ရန်အတွက် အဖျော်အလှူကို ပေးလှူတော်မူသည်။

ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်ရေရှိခြင်း ဟိရိဩတ္တပ္ပ တည်းဟူသော ဓမ္မအဆင်တန်းဆာတို့ကို ရရှိခြင်းအကျိုးတို့ ပြီးစီးကုံလုံ ပြည့်စုံစေရန် အဝတ်အလှူကို လှူတော်မူသည်။

တန်းခိုးအစိရင် အမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာအကျိုးတို့ ပြီးစီးကုံလုံ ပြည့်စုံစေရန် ယာဉ်အလှူကို လှူတော်မူသည်။

အတုမရှိသော သီလဂုဏ် ရနံ့ကောင်းထုံစေရန် နံ့သာအလှူကို လှူတော်မူသည်။

ဘုရားဂုဏ်တို့ဖြင့် တင့်တယ်ခြင်းအကျိုး ပြည့်ဖြိုးစေရန် ပန်းအလှူ နံ့သာပျောင်းအလှူကို လှူတော်မူသည်။

ဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော်နေရာကို ရရှိခြင်းအကျိုး ပြည့်ဖြိုးစေရန် နေရာထိုင်အလှူကို လှူတော်မူသည်။

**"လက်ဝဲ ကာမ၊ သီဟ လက်ျာ၊ ပက်လက်မှာ၊ ပြိတ္တာ အိပ်ခြင်းမျိုး။**

**ဈာန်စတုတ္ထ၊ ဝင်စံမှု၊ ဘုရားအိပ်ခြင်းမျိုး"—**

ဟူသောအတိုင်း စတုတ္ထဈာန်ကို ဝင်စားခြင်း တည်းဟူသော တထာဂတသေယျာ (ဘုရားအိပ်ခြင်း) အကျိုးကို ရရှိရန် အိပ်ရာ **အလှူကို လှူတော်မူသည်။**

WWW.DHAMMARANSI.COM



လောကသုံးပါး၏ ကိုးစားမှီခိုရာဖြစ်ဖို့ရန် စရပ်တန်ဆောင်း ကျောင်းစသည်ကို လှူတော်မူသည်။

စက္ခုငါးမျိုး အကျိုးရရန် ဆီမီးအဆောက်အဦ လှူတော်မူသည်။

## အဘိဓမ္မာနည်း အလှူခြောက်ပါး

"လက္ခယ်, မိုးမှောင်, သန်းခေါင်, တောလယ်"ဟူ၍ အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌လည်း အတောင်ရှစ်ဆယ်အရပ်ကို အခါခပ်သိမ်း ထွန်းပသော ကိုယ်တော်ရောင်ကို ရရှိရန် ရူပဒါန အဆင်းအလှူကို လှူတော်မူသည်။

ဗြဟ္မာမင်း၏ အသံကဲ့သို့သော အသံတော်ရှိခြင်း အကျိုးရရန် သဒ္ဒဒါန အသံအလှူကို ပေးလှူတော်မူသည်။

အလုံးစုံသော သတ္တဝါတို့ ချစ်ခင်မြတ်နိုးအပ်သည့် ပုဂ္ဂိုလ်သူမြတ်၏အဖြစ်တည်းဟူသော အကျိုးရရန် ရသဒါန အရသာအလှူကို လှူတော်မူသည်။

ဘုရား၏ သိမ်မွေ့နူးညံ့ခြင်း (ဗုဒ္ဓသုခုမာလတာ) အကျိုးရရန် ဖောဋ္ဌဗ္ဗဒါန အတွေ့အလှူကို လှူတော်မူသည်။

မအိုရာ မသေရာ နိဗ္ဗာန်အကျိုး ရဖို့ရန် ဆေးအလှူကို လှူတော်မူသည်။

ကိလေသာ၏ ကျွန်အဖြစ်မှ လွတ်မြောက်ဖို့ရန် ကျေးကျွန်တို့အား ကျွန်စာရင်းမှ ပယ်ဖျက်ခြင်းအမှု ပြုတော်မူသည်။

သူတော်ကောင်းတရား၌ မွေ့လျော်နိုင်ရန် အပြစ်မရှိသည့် ပျော်ရွှင်မြူးတူးကြောင်းအလှူကို လှူတော်မူသည်။

ခပ်သိမ်းသော သတ္တဝါတို့ အရိယာဇာတ်ဖြင့် ကိုယ်တော်မြတ်၏ သားသမီးများဖြစ်ကြစေရန် သားသမီးအလှူကို စွန့်လှူတော်မူသည်။

WWW.DHAMMARANSI.COM



လောကကြီးတခုလုံး၏ အရှင်သခင်အဖြစ်သို့ ရောက်ရှိရန် မဒ္ဒီမိဖုရားတို့ကဲ့သို့သော ဇနီးအလှူကို လှူတော်မူသည်။

တင့်တယ်လှစွာသော မဟာပုရိသ လက္ခဏာတော်ကြီးများနှင့် ပြည့်စုံရန် ရတနာဆယ်ပါးကို လှူတော်မူသည်။

လက္ခဏာတော်ငယ် ရှစ်ဆယ်တို့နှင့် ပြည့်စုံရန် အထူးထူးသော အဆင်တန်ဆာအလှူကို လှူတော်မူသည်။

သူတော်ကောင်းတရားတည်းဟူသော ဓမ္မရတနာ ဘဏ္ဍာတိုက်ကြီးကို ရရှိရန် ဥစ္စာဘဏ်တိုက်ကို လှူတော်မူသည်။

တရားမင်း ဓမ္မရာဇ် ဖြစ်ဖို့ရန် မင်းအဖြစ်ကို စွန့်လှူတော်မူသည်။

ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်, မဂ်, ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မ တရားတို့နှင့် ပြည့်စုံရန် အရာမ် ဉယျာဉ် ရေကန်တော အလှူကို လှူတော်မူသည်။

စက်လက္ခဏာဝန်းရံ ခြေတော်စုံဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်နိုင်ရန် အလိုရှိသူ အလှူခံပုဂ္ဂိုလ်အား ကိုယ်တော်၏ ခြေကို လှူတော်မူသည်။

သြဃလေးခဏ်း ရေပြင်ကြမ်းမှ ကူးသန်းနိုင်စေရန် သတ္တဝါတို့အား သူတော်ကောင်းတရားတည်းဟူသော လက်ကိုပေးကမ်းတော်မူလိုသည့်အတွက် လက်တော်ကို လှူတော်မူသည်။

သဒ္ဓိန္ဒြေ အစရှိသည်တို့ကို ရရှိရန် နား နှာ စသော အလှူကို ပေးလှူတော်မူသည်။

သမန္တစက္ခု သဗ္ဗညုတဉာဏ်ကို ရရှိဖို့ရန် မျက်စိအလှူကို လှူတော်မူသည်။

''ငါ၏ တကိုယ်လုံးသည် ကြည့်ရှုသောအခါ နားထောင်သောအခါ အောက်မေ့သောအခါ ပြုစုလုပ်ကျွေးသောအခါ အစရှိသည့် ခပ်သိမ်းသောအခါ၌ပင် သတ္တဝါတို့၏ စီးပွါးချမ်းသာကို ရွက်ဆောင်နိုင်စေသောဝ်၊ အလုံးစုံသော လောက

WWW.DHAMMARANSI.COM



ကြီး၏ မိမိအသက်မွေးရသူ ဖြစ်စေသောဝ”ဟု စိတ်သန်ဆုညွှတ်၍ အသားအသွေး စသော အလှူကို လှူတော်မူသည်။

လောကကြီး တခုလုံးထက် အမြတ်ဆုံး ပုဂ္ဂိုလ်သူမြတ်ကြီး ဖြစ်ဖို့ရန် အမြတ်ဆုံး ကိုယ်အင်္ဂါဖြစ်သည့် ဦးခေါင်းအလှူကို လှူတော်မူသည်။

ထိုသို့ လှူတော်မူရာမှာလည်း မတရားရှာမှီး၍လည်း မလှူ၊ သူတပါးကို ညှဉ်းပန်း နှိပ်စက်၍လည်း မလှူ၊ ကြောက်၍ ရှက်၍လည်း မလှူ၊ အလှူခံပုဂ္ဂိုလ်ကို ချုတ်ချယ်၍လည်း မလှူ၊ အကောင်းအမြတ်ရှိလျက် အယုတ်အညံ့ကိုလည်း မလှူ၊ ကိုယ့်ကိုမြှောက်ပင့်၍ သူ့ကို နှိမ့်ချ၍လည်း မလှူ၊ ဘုရားအဖြစ်မှ တပါးသော အကျိုးကို မြော်ကိုး၍လည်း မလှူ၊ အလှူခံပုဂ္ဂိုလ်ကို စက်ဆုပ် ရွံရှာ ကဲ့ရဲ့ မထေမဲ့မြင်မှု အထင်သေးမှုပြု၍လည်း မလှူ၊ စင်စစ်သော်ကား.... လှူဖွယ်ဝတ္ထုကို တရိုတသေပြု၍ လှူတော်မူ၏။ မိမိလက်ဖြင့် လှူတော်မူ၏။ အခါကိုသိ၍ လှူတော်မူ၏။ အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြု၍ လှူတော်မူ၏။ အယုတ်အမြတ် မခွဲခြားပဲ လှူတော်မူ၏။ မလှူမီ လှူဆဲ လှူပြီး ကာလသုံးပါးလုံး၌ပင် ဝမ်းမြောက်ခြင်းရှိ၍ လှူတော်မူ၏။ ထို့ကြောင့်ပင် လှူပြီးသည့် နောက်ကာလ၌ နောင်တတဖန် ပူပန်ခြင်း ရှိတော်မမူ။ အလှူခံပုဂ္ဂိုလ်တို့နှင့်စပ်၍ မာန်ထောင်လွှားမှု မထေမဲ့မြင်မှု ပြုတော်မမူ။ အလှူခံပုဂ္ဂိုလ်တို့အား ပိယဝါစာ ချိုသာစကား ပြောကြားတော်မူလျက် ထိုသူတို့ စကားကို နားလည်သိရှိတော်မူပြီးခါ အလှူခံပုဂ္ဂိုလ်တို့ တောင်းခံရန် သင့်လျော်သူ (တောင်းအပ်ဝံ့သူ) ဖြစ်လျက် အလှူဒါနမှု တခုတခု ပြုတော်မူလျှင် အခြံအရံ လှူဖွယ်များနှင့်တကွ လှူဒါန်းတော်မူလေ့ရှိပေ၏။ ရှိပုံမှာ····

ထမင်းအလှူကို လှူလိုသည်ရှိသော် “ထို ထမင်းအလှူကို အခြံအရံနှင့်တကွ ငါလှူမည်”ဟု ကြံစည်တော်မူပြီးလျှင် အဖျော် အဝတ် စသည်တို့နှင့်တကွ လှူတော်မူသည်။

WWW.DHAMMARANSI.COM



ထို့အတူ အဝတ်အလှူကို လှူလိုသည်ရှိသော် "ထို အဝတ် အလှူကို အခြံအရံနှင့်တကွ ငါလှူမည်"ဟု ကြံစည်တော်မူ ပြီးလျှင် ထမင်းစသည်တို့နှင့်တကွ လှူတော်မူသည်။ ယာဉ် အလှူ စသည်တို့၌လည်း ဤနည်းအတူပင်တည်း။

ထို့အတူ ရူပါရုံ = (အဆင်း)အလှူကို လှူဒါန်းလိုသည် ရှိသော် သဒ္ဒါရုံ = (အသံ)စသည်တို့ကိုလည်း ထိုရူပဒါန ၏ အခြံအရံပြု၍ လှူတော်မူသည်။ သဒ္ဒဒါန စသည်တို့ ၌လည်း ဤနည်းအတူပင်တည်း။

ဤအရာ၌ သုတ္တန်နည်းလာ ထမင်း အဖျော်အစရှိသော အလှူဒါန ဆယ်မျိုးတို့မှာ ထိုထမင်း အဖျော် စသည်တို့က ပညတ်မျိုးဖြစ်သဖြင့် သိသာထင်ရှားသော်လည်း အဘိ-ဓမ္မာနည်းလာ အာရုံခြောက်ပါးသို့ လိုက်၍ ပြားသော ရူပဒါန သဒ္ဒဒါန စသည်တို့အရ "အဘယ်ကဲ့သို့ လှူလျှင် ရူပဒါန ဖြစ်သည်၊ ရူပဒါနဖြစ်အောင် အဘယ်ကဲ့သို့ နှလုံးသွင်း၍ လှူရသည်" အစရှိသည်ဖြင့် မသိသာ မထင် ရှားသောကြောင့် ထိုရူပဒါနစသည် လှူပုံကို ထင်ရှားစွာ ပြဆိုဦးအံ့....၊

## ရူပဒါန

ထိုအဘိဓမ္မာနည်းလာ ဒါနခြောက်ပါးတို့တွင် ရူပဒါန မည်သည်ကား အညို အရွှေ အနီ အဖြူ စသည်အဆင်းရှိကြသော ပန်းမျိုး အထည်အဝတ်မျိုး ဓာတ်သတ္တုမျိုး စသည်တို့တွင် တပါး ပါးကို ရရှိ၍ အဆင်းအနေဖြင့် နှလုံးသွင်းပြီးလျှင်"အဆင်းအလှူကို ငါလှူပေအံ့၊ ဤကား ငါ၏ အဆင်းအလှူပင်တည်း"ဟု အောက် မေ့၍ အလှူခံပုဂ္ဂိုလ်အား ထိုအဆင်း၏ တည်ရာ ပန်း အထည် အဝတ် ဓာတ်သတ္တုများကို ပေးလှူခြင်းမျိုးသည် ရူပဒါန = (အဆင်းအလှူ) မည်၏။

ဆိုလိုရင်းကား....အဆင်းအလှူကို ပေးလိုသောသူသည် အဆင်း ချည်းသက်သက် ခွဲထုတ်၍ လှူခြင်းငှါ မတတ်နိုင်ရကား ထိုအဆင်း ၏ တည်ရာဝတ္ထုဖြစ်သော ပန်း အထည်အဝတ် ဓာတ်သတ္တု

WWW.DHAMMARANSI.COM



စသည် တခုခုကိုပင် "အဆင်းအလှူကို ငါလှူအံ့၊ ငါ၏ အဆင်းအလှူပင်တည်း"ဟူ၍ အဆင်းကိုသာ အောက်မေ့ ဆင်ခြင်ပြီးလျှင် အလှူခံပုဂ္ဂိုလ်အား လှူရာ၏။ ထိုကဲ့သို့သော အလှူမျိုးသည် ရူပဒါန = (အဆင်းအလှူ) မည်၏ဟု ဆိုလိုသည်။ (သဒ္ဒဒါန = (အသံအလှူ)စသည်တို့၌လည်း ဤနည်းအတူပင်တည်း။)

## သဒ္ဒဒါန

သဒ္ဒဒါန = (အသံအလှူ)ကို စည်သံစသည်၏အစွမ်းဖြင့် သိရာ၏။ ထို သဒ္ဒဒါနအရာ၌ အသံ သဒ္ဒရုပ်ချည်းသက်သက်ကို ကြာစွယ်ကြာရင်းကဲ့သို့ နုတ်၍ဖြစ်စေ၊ ကြာပန်းခိုင် စသည်ကဲ့သို့ လက်ထဲ၌ထည့်၍ဖြစ်စေ ပေးလှူခြင်းငှါ မတတ်နိုင်ပေ။ စင်စစ်ကား.... ထိုအသံ သဒ္ဒရုပ်၏ တည်ရာဖြစ်သော စည်ကြီး ခေါင်းလောင်း အစရှိသည့် ဝတ္ထုကို ပေးလှူခြင်းဖြင့် သဒ္ဒဒါန = (အသံအလှူ)ကို ပေးလှူသည်မည်ရကား "ငါသည် သဒ္ဒဒါန = (အသံအလှူ)ကို ပေးလှူအံ့"ဟု အောက်မေ့ပြီးလျှင် စည်ကြီး မုရိုးစည် စသည်တို့တွင် တပါးပါးသော တူရိယာမျိုးဖြင့် ရတနာသုံးပါးအား တီးမှုတ်ပူဇော်မှု ကိုယ်တိုင်ပြုသော်၎င်း သူ့ကို ပြုစေသော်၎င်း၊ "ငါ၏ အသံအလှူတည်း"ဟု အောက်မေ့ဆင်ခြင်၍ စေတီ ယင်ပြင် စသည်တို့၌ ခေါင်းလောင်း ကြေးစည်အစရှိသည်ကို ကိုယ်တိုင်တည်ထားသော်၎င်း သူ့ကို တည်ထားစေသော်၎င်း၊ တရားဟောပုဂ္ဂိုလ်တို့အား အသံထွက်စေသော ဆေး ပျား တင်လဲစသည်ကို ပေးလှူသော်၎င်း၊ တရားနာရန် ကြွေးကြော်ဖိတ်ခေါ်သော်၎င်း၊ တရားဟောသော်၎င်း၊ အနီးထံပါး ဆည်းကပ် ရောက်လာသူတို့အား ဩဝါဒတရားစကား ပြောကြားသော်၎င်း၊ကျောင်းအလှူပွဲ ဆွမ်းအလှူပွဲစသည်တို့၌ သင့်လျော်ရာရာ အနုမောဒနာတရားကိုယ်တိုင် ဟောကြားသော်၎င်း၊ သူ့ကိုဟောကြားစေသော်၎င်း သဒ္ဒဒါန = (အသံအလှူ)ကို ပေးလှူသည် မည်၏။

## ဂန္ဓဒါန

ထို့အတူ အမြစ်မျိုးနံ့သာ ပင်စည်မျိုးနံ့သာ အစရှိသည်တို့တွင် နှစ်သက်ဖွယ်ကောင်းသည့် အနံ့ရှိသောဝတ္ထု၊ တခုခုကို

WWW.DHAMMARANSI.COM



ဖြစ်စေကြိတ်ပြီးသော နံ့သာမှုန့်ကိုဖြစ်စေ ရရှိလျှင်(ဝတ္ထုအနေဖြင့် နှလုံးမသွင်းပဲ) အနံ့အနေဖြင့်သာ နှလုံးသွင်းပြီး "အနံ့အလှူကို ငါလှူပေအံ့၊ ငါ၏ အနံ့အလှူပေတည်း"ဟု အောက်မေ့၍ ရတနာသုံးပါးအား ပူဇော်မှု ပြုသော်၎င်း၊ အနံ့ဖြင့် ပူဇော်ဖို့ရန် အကျော်တုံး ကရမက်တုံး နံ့သာဖြူတုံး စန္ဒကူးတုံး အစရှိသည်ကို စွန့်လှူသော်၎င်း ဂန္ဓဒါန = (အနံ့အလှူ)ကို ပေးလှူသည် မည်၏။

## ရသဒါန

ထို့အတူ အရသာရှိသော သစ်မြစ် သစ်ဥ သစ်ဖု သစ်သီး အစရှိသည့် နှစ်သက်စဖွယ် ရသဝတ္ထု တခုခုကို ရရှိလျှင် (ဝတ္ထုအနေဖြင့် နှလုံးမသွင်းပဲ) အရသာအနေဖြင့်သာ နှလုံးသွင်းပြီး "အရသာအလှူကို ငါလှူပေအံ့၊ ငါ၏ အရသာအလှူပေတည်း"ဟု အောက်မေ့၍ အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူသော်၎င်း၊ ရသဝတ္ထုဖြစ်သည့် စပါး ပြောင်း ပဲ နွားနို့စသည်ကို ပေးလှူသော်၎င်း ရသဒါန = (အရသာအလှူ)ကို ပေးလှူသည် မည်၏။

## ဖောဋ္ဌဗ္ဗဒါန

ထို့အတူ ဖောဋ္ဌဗ္ဗဒါနအလှူကို အတွေ့အထိကောင်းသည့် ညောင်စောင်း အင်းပျဉ် ခင်း ကုလားထိုင် စသည် အခင်းအနှီး အဝတ်အခြုံအရုံ စသည်တို့၏အစွမ်းဖြင့် သိရာ၏။ ထိုဖောဋ္ဌဗ္ဗဒါန အရာ၌ ညောင်စောင်း အင်းပျဉ် ခင်း ကုလားထိုင် စသည် အခင်းအနှီး အဝတ်အခြုံအရုံစသည် အတွေ့အထိ ချမ်းသာသော ဖောဋ္ဌဗ္ဗဝတ္ထု တခုခုကို ရရှိလျှင် (ဝတ္ထုအနေဖြင့် နှလုံးမသွင်းပဲ) ချမ်းသာသော အတွေ့အထိသက်သက်ကိုသာ နှလုံးသွင်းစဉ်းစားပြီးလျှင် "အတွေ့အထိ အလှူကို ငါလှူပေအံ့၊ ငါ၏ အတွေ့အထိ အလှူပေတည်း"ဟု အောက်မေ့၍ ဆိုခဲ့ပြီးသည့် ဖောဋ္ဌဗ္ဗဝတ္ထု တခုခုကို လှူဒါန်း ပေးကမ်း စွန့်ကြဲလျှင် ဖောဋ္ဌဗ္ဗဒါနကို ပေးလှူသည် မည်၏။

WWW.DHAMMARANSI.COM



## ဓမ္မဒါန

၍ဓမ္မဒါနအရ (အာရုံခြောက်ပါးတွင် ပါရှိသော) ဓမ္မာရုံ အလှူကို ဆိုလိုသောကြောင့်—

"**ဩဇ ပါန၊ ဇီဝိတ၊ ဓမ္မဒါနယူ**" ဟူသောအတိုင်း ဩဇာ ဓာတ်ဆီများသော ထောပတ် ဆီဦး စသည့် အဖျော်ရှစ်မျိုး အသက်ရှည်ကြောင်း ဝတ္ထုတို့၏ အစွမ်းဖြင့် သိရာ၏။

ချဲ့ဦးအံ့…ဩဇာဓာတ်ဆီ အားကောင်းသော ထောပတ် ဆီဦး အစရှိသည်တို့တွင် တပါးပါးကို ရရှိလျှင် (ဝတ္ထုအနေဖြင့် နှလုံးမသွင်းပဲ)ဩဇာဓာတ်ဆီ တည်းဟူသော ဓမ္မာရုံကိုသာ နှလုံး သွင်းပြီးလျှင် "ဓမ္မာရုံအလှူကို ငါလှူပေအံ့၊ ငါ၏ ဓမ္မာရုံအလှူပေ တည်း"ဟု အောက်မေ့၍ ထောပတ်ဆီဦးစသည်ကို လှူသော်၎င်း၊

"သပြေ သရက်၊ မုဒရက်၊ ဖက်သက် သစ်မည်စည်။
ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်"—

ဟူသော အဖျော်ရှစ်မျိုးကို လှူသော်၎င်း၊

ဇီဝိတဒါနတည်းဟု နှလုံးသွင်း၍ အသက် ရှည်ကြောင်း ဖြစ်သည့် စာရေးတံ ဆွမ်း စသည်ကို လှူသော်၎င်း၊ အနာရောဂါ ကပ်ရောက်သူတို့အား ဆေးသမားတို့ကို ပြုစုကုသစေသော်၎င်း၊ ပိုက်ကွန် မြှုံး လှောင်အိမ် ကျော့ကွင်း စသည်တို့ကို ဖျက်ဆီးစေ သော်၎င်း၊ အနှောင်အဖွဲ့ ခံနေရသူတို့ကို လွှတ်စေသော်၎င်း၊ "သတ္တဝါတို့ကို မသတ်ဖြတ်ရ၊ သားငါး မပေါ်ရ"ဟူ၍ မြို့ရွာ၌ အမိန့်ထုတ်ပြန် မောင်းခတ် စည်လည်စေသော်၎င်း၊ ထိုမှတပါး သတ္တဝါတို့၏ အသက်ကို စောင့်ရှောက်ကြောင်းဖြစ်သည့် အမှု တို့ကို ကိုယ်တိုင် ပြုသော်၎င်း၊ သူ့ကို ပြုစေသော်၎င်း ဓမ္မဒါန အလှူကို ပေးလှူသည် မည်၏။

မြတ်စွာဘုရားအလောင်းတော်သည် ဆိုအပ်ပြီးသည့် အလုံး စုံသော ဒါနကောင်းမှု အစုစုတို့အတွက် အလုံးစုံသော သတ္တ လောက၏ နိဗ္ဗာန်တိုင်အောင်သော စီးပွါးချမ်းသာကို ရွက်ဆောင် နိုင်ရပါလိုသောဝ် ဟူ၍၎င်း၊ ကိုယ်တော်မြတ်၏အဖို့ရာ သဗ္ဗညုတ

WWW.DHAMMARANSI.COM



ရှေးဉာဏ်တော် မကုန်မခန်း မယုတ်လျော့နိုင်သည့် ဆန္ဒတော် ဝီရိယတော် သမာဓိတော် ပညာတော် အရဟတ္တဖိုလ် ဝိမုတ္တိတော်တို့၏ အထောက်အပံ့ပစ္စည်း ဖြစ်စေသော ဝဟူရှိုင်း ဆုညွှတ်စိတ်သန်တော်မူလေသည်။

ဤဒါနပါရမီကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည် မိမိ၏ အသက်၌ မမြဲသည်၏အဖြစ်ကို ဆင်ခြင်သိမြင်သော အနိစ္စသညာကို ဖြစ်စေတော်မူသည်၊ စည်းစိမ်ဥစ္စာတို့၌လည်း အနိစ္စသညာကို ဖြစ်စေတော်မူသည်၊ ထိုစည်းစိမ်ဥစ္စာတို့၏ များစွာသောသူတို့နှင့် ဆက်ဆံသက်ဆိုင်နေပုံကိုလည်း နှလုံးသွင်းတော်မူသည်၊ သတ္တဝါတို့အပေါ်၌လည်း ကြီးစွာသော ကရုဏာကို အခါမပြတ် ဖြစ်ပွါးစေတော်မူသည်၊ ထိုသို့ ဖြစ်ပွါးစေခြင်းဖြင့် စည်းစိမ်ဥစ္စာ၌ ယူသင့်ယူထိုက်သည့် ကသိုလ်အနှစ်ကို ယူတော်မူလျက် "မီးလောင်နေသောအိမ်မှ မိမိကိုယ်နှင့်တကွ ဥစ္စာအနှစ်ကို မီးဘေးလွတ်အောင် အပြင်သို့ ထုတ်ဆောင်သောသူကဲ့သို့" ရာဂအစရှိသော မီးဆယ့်တပါးတို့ တညီးညီးတပြောင်ပြောင် တောက်လောင်၍နေသော ဘုံသုံးပါးတည်းဟူသော အိမ်ကြီးမှ မိမိကိုယ်နှင့်တကွ စည်းစိမ်ဥစ္စာ အနှစ်တို့ကို မီးဘေးလွတ်အောင် အပြင်သို့ ထုတ်ဆောင်သည့်အလား အကျန်အကြွင်း မထားပဲ ရဲရဲရက်ရက် စွန့်လှူတော်မူနိုင်လေသည်။ ဤမျှကို စား၊ ဤမျှကို ထား၍ ဤမျှကိုကား လှူမည်ဟု ခွဲခြမ်းမှု မပြုတော့ပဲ မငဲ့မကွက် ရက်ရက်ကြည်ဖြူ စွန့်လှူတော်မူနိုင်လေသည်။

(ဤကား ဒါနပါရမီကို ဖြည့်ကျင့်ပုံ စကားအစဉ်တည်း။)

## (၂) သီလပါရမီကို ဖြည့်ကျင့်ပုံ အစဉ်ကား....

သူတပါးတို့အား စီးပွါးဥစ္စာဖြင့် ပြုစုချီးမြှောက် စောင့်ရှောက်လိုလျှင် ထိုသို့ ချီးမြှောက် စောင့်ရှောက်နိုင်ရန် ရှေးဦးစွာ ကိုယ်တိုင်က စီးပွါးဥစ္စာရှိသူဖြစ်အောင် အားထုတ်ရသကဲ့သို့၊ ဝေနေယျသတ္တဝါတို့ကို သီလတည်းဟူသော အဆင်တန်းဆာဖြင့်

WWW.DHAMMARANSI.COM



ဆင်ယင်ပေးလိုသော ဘုရားအလောင်းတော်သည် ရှေးဦးစွာ ကိုယ်တော်၏ သီလကို စင်ကြယ်အောင် အားထုတ်ရပေသည်။

ထိုသို့ သီလစင်ကြယ်အောင် အားထုတ်ရာ၌—

(၁) အလိုအာသယဓာတ်ခံ စင်ကြယ်ခြင်း၊

(၂) သူတပါးတို့ထံ သိက္ခာပုဒ်တို့ကို ဆောက်တည်ခြင်း၊

(၃) မလွန်ကျူးခြင်း၊

(၄) လွန်ကျူးမိသော် ပကတိစင်ကြယ်အောင် ပြုလုပ်ခြင်း

ဟူ၍ အကြောင်းလေးပါးရှိသည်။ ထိုတွင်—

(၁) အလိုအာသယဓာတ်ခံ စင်ကြယ်ခြင်းကြောင့်လည်း အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို အလေးပြုကာ မကောင်းမှုကို စက်ဆုပ်ခြင်းသဘောရှိလျက် ဟိရိတရား အရင်းခံထားပြီးလျှင် အလွန်စင်ကြယ်သော သီလရှိသူ ဖြစ်နိုင်သည်။

(၂) ထို့အတူ သူတပါးတို့ထံ သိက္ခာပုဒ်တို့ကို ဆောက်တည်ခြင်းရှိလျှင်လည်း "ငါသည် ဤမည်သောဆရာ့ထံ သိက္ခာပုဒ်တို့ကို ဆောက်တည်ထားပါတကား" ဟု ပြင်ပလောကကို အလေးဂရုပြုကာ မကောင်းမှုမှ ထိတ်လန့်သော ဩတ္တပ္ပတရားကို ဖြစ်ပွါးစေလျက် အလွန်စင်ကြယ်သော သီလရှိသူ ဖြစ်နိုင်သည်။

(၃) ဆိုခဲ့ပြီးသည့် ဟိရိဩတ္တပ္ပတရားနှစ်ပါး လက်ရှိထားသူမှ သိက္ခာပုဒ်တို့ကို မလွန်ကျူးမှု ဖြစ်နိုင်သည်၊ ထိုသို့ သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်းဖြင့် သီလစင်ကြယ်သူ သီလ၌ ကြံ့ကြံ့တည်နိုင်သူ ဖြစ်ရလေသည်။

(၄) တရံတခါ သတိမေ့လျော့၍ သိက္ခာပုဒ်တခုနှစ်ခု စသည် ကျိုးပေါက်သော်လည်း ဆိုခဲ့ပြီးသည့် ဟိရိဩတ္တပ္ပတရား နှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် လျင်မြန်စွာပင် ထိုကျိုးပေါက်သည့် သိက္ခာပုဒ်များကို ဒေသနာကြားခြင်း ပရိဝါသ် မာနတ် ဆောက်တည်ခြင်း စသည်ဖြင့် မူလပကတိဖြစ်အောင် ပြုလုပ်၍လည်း သီလစင်ကြယ်သူ ဖြစ်နိုင်လေသည်။ (သိက္ခာပုဒ်ကျိုးပေါက်ရာ၌ ရဟန်းဖြစ်လျှင်

WWW.DHAMMARANSI.COM



ပရိဝါသ် မာနတ် ဆောက်တည်ခြင်း၊ လူ သာမဏေ ဖြစ်လျှင် တဖန် သိက္ခာပုဒ်တို့ကို အသစ်ဆောက်တည်ခံယူခြင်းဖြင့် ပကတိ ဖြစ်အောင် ပြုလုပ်ရသည်။)

## ဝါရိတ္တသီလနှင့် စာရိတ္တသီလ

ထိုဆိုအပ်ပြီးသော အကြောင်းလေးပါးတို့ကြောင့် စင်ကြယ်သောသီလသည် (၁) ဝါရိတ္တသီလ (၂) စာရိတ္တသီလဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်—

(၁) ဘုရားအစရှိသော အရိယာ သူတော်သူမြတ်တို့က "အပြစ်ရှိသည်၊ မပြုမလုပ်ကောင်း၊ ရှောင်ကြဉ်ရမည်" ဟူ၍ တားမြစ်အပ်သော ပါဏာတိပါတ = သူ့အသက်သတ်ခြင်း အစ ရှိသည့် ဒုစရိုက်ဆယ်ပါးတို့မှ ရှောင်ကြဉ်ခြင်း (ထိုဒုစရိုက်တို့ကို မပြုမိအောင် စောင့်ရှောက်ခြင်း) သည် **ဝါရိတ္တသီလ** မည်၏။

(၂) ဆရာမိဘ ကလျာဏမိတ်ကောင်းစသည့် ပုဂ္ဂိုလ်မြတ်တို့အား အရိုအသေပြုခြင်း အစရှိသည့် အပြစ်ကင်းစင် အကျိုးထင်သောအမှုတို့ကို ပြုကျင့်ခြင်းသည် **စာရိတ္တသီလ** မည်၏။

## အလောင်းတော်ကြီးများ ဝါရိတ္တသီလကို ဖြည့်ကျင့်တော်မူကြပုံ

က။ ဘုရားအလောင်းတော်ကြီးများသည် ဒိဉ်မက်၌သော်မှ လည်း သတ္တဝါတို့အပေါ် အမျက်ဒေါသမဖြစ်ပွါးရအောင် ကြီးစွာသော ကရုဏာတရား ထားရှိတော်မူကြသည်၊ သို့ရကား သူ့အသက်သတ်မှုကို ပြုတော်မမူချေ။

ခ။ သူတပါးအား ကျေးဇူးပြုမှု၌သာ အမြဲမွေ့လျော်တော်မူ သဖြင့် သူတပါး၏ဥစ္စာကို အဆိပ်ထန်သောမြွေပမာ ခိုးလိုသော စိတ်ဓာတ်ဖြင့် သုံးသပ်ကိုင်တွယ်ရုံအမှုမျှ ပြုတော်မမူ။

ဂ။ ရသေ့ရဟန်းဖြစ်သော ဘဝများ၌ မမြတ်သော မေထုန် အကျင့်မှ ဝေးစွာ ကြဉ်ရှောင်တော်မူသည်။ အစုံအစုံသွားလာခြင်း တည်းဟူသော ရုန့်ရင်းကြမ်းထန်းသည့် မေထုန်မှုမှ ကပါး—

WWW.DHAMMARANSI.COM



(၁) မာတုဂါမက ကိုယ်ထိလက်ရောက် ပြုစုသည့် နှိပ်နယ်ပေးခြင်းစသည်ကို သာယာမှု၊

(၂) မာတုဂါမနှင့်အတူတကွ ရယ်မောစကား တဟားဟား ပြောဆိုနေရသည်ကို သာယာမှု၊

(၃) မာတုဂါမနှင့် မျက်စိချင်းဆိုင်၍ တစိမ်းစိမ်း ကြည့်ရှု ရသည်ကို သာယာမှု၊

(၄) နံရံတံတိုင်းတဖက်မှနေ၍ မာတုဂါမ၏ ရယ်မောသံ ပြောဆိုသံ သီချင်းသံ ငိုယိုသံတို့ကို နားထောင် သာယာမှု၊

(၅) ရှေးအခါက မာတုဂါမနှင့် အတူတကွ ရယ်မော ပြောဆို ကစားခဲ့ရသည်ကို အောက်မေ့သာယာမှု၊

(၆) ဝတ္ထုကာမနှင့် ပြည့်စုံသူ လူတဦးဦးကို မြင်ပြီးလျှင် ထိုသူ၏ အဖြစ်မျိုးကို အားကျ တောင့်တ သာယာမှု၊

(၇) တစုံတခုသော နတ်ဘဝကို တောင့်တ သာယာ၍ မြတ်သောအကျင့်ကို ကျင့်သုံးမှု—

ဟူသော (အံ ၂-၄၃၈-၄၃၉-လာ) မေထုနသံယောဂ ခုနစ်မျိုးမှသော်လည်း ရှောင်ကြဉ်တော်မူသည်။ သူ့သားမယားကို ဖောက်ပြား သွားလာမှုမှကား ဆိုဖွယ်မရှိ၊ အစောကြီးကပင် ရှောင်ကြဉ်တော်မူပြီး ဖြစ်သည်။

လူ့ဝတ်ကြောင်ဖြစ်ရသော ဘဝများ၌ကား အလောင်းတော်သည် သူတပါးတို့၏ သားမယားတို့၌ စိတ်မျှဖြင့်လည်း ဖောက်ပြားမှားယွင်းခြင်း ရှိတော်မမူ။

၁၁-၄-၈-၁၀။ ပြောဆိုတော်မူလျှင်လည်း ဝစီဒုစရိုက် လေးပါးတို့ကို ရှောင်ရှား၍ မှန်သောစကား, ချစ်သူနှစ်ဦးကို မြဲမြဲစေရန် စေ့စပ်ပေးသည့်စကား, ချစ်ဖွယ်စကားနှင့်, နှိုင်းနှိုင်းရှည်ရှည် တရားနှင့်ယှဉ်သောစကားတို့ကိုသာ ပြောကြားတော်မူသည်။

WWW.DHAMMARANSI.COM



၈-၅-၃။ သူတပါးစည်းစိမ်ကို တပ်မက်လိုချင် အကြံဝင်သည့် လောဘမျိုး ရှိတော်မမူ၊ သူတပါးကို ပျက်စီးစေလိုသည့် ဗျာပါဒ ဒေါသ ရှိတော်မမူ၊ မဖောက်မပြန် မှန်ကန်သော သမ္မာဒိဋ္ဌိ အယူ ရှိတော်မူ၍ ကမ္မဿကတာ ဉာဏ်ပညာနှင့်လည်း ပြည့်စုံတော် မူသည့်ပြင် ကောင်းစွာ ကျင့်ကြံသော သူတော်သူမြတ်တို့၌ သဒ္ဓါ သက်ဝင် မေတ္တာနှင့်ယှဉ်တော်မူလေ့ ရှိပေသည်။

ဤသို့ အပါယ်လေးဘုံ၏ လမ်းကြောင်းဖြစ်သော အကုသိုလ်မှုတို့မှ ရှောင်ကြဉ်၍ နတ်ရွာနိဗ္ဗာန်၏ လမ်းကြောင်းဖြစ်သော ကုသိုလ်ကမ္မပထတရားတို့၌ တည်တော်မူသောကြောင့် အလောင်းတော်မြတ်၏ စင်ကြယ်သော အလိုအာသယ စင်ကြယ်သော ကာယပယောဂ, ဝစီ-ပယောဂ ရှိတော်မူသောကြောင့် တောင့်တတော်မူတိုင်းသော သတ္တဝါတို့၏ စီးပွါးချမ်းသာမှုနှင့် စပ်လျဉ်းသမျှ စိတ်နှလုံး အလိုတော်တို့သည် လျင်လျင်မြန်မြန် ပြီးစီး ပြည့်စုံကုန်၏။ ပါရမီတော်တို့သည်လည်း ပြည့်ဝကုန်၏။

## ဒုစရိုက်မှ ရှောင်ကြဉ်၍ အကျိုးရပုံ

ဘုရားအလောင်းတော်သည် ပါဏာတိပါတ ဒုစရိုက်မှ ရှောင်ကြဉ်တော်မူခြင်းကြောင့် ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့အလှူကို ပေးတော်မူသဖြင့် လွယ်ကူစွာပင် မေတ္တာဘာဝနာကို ပြည့်စုံစေနိုင်၍ မေတ္တာ၏ အကျိုးတရား (၁၁)ပါးကို ရတော်မူ၏။ အနာရောဂါကင်းခြင်း အသက်ရှည်ခြင်း ချမ်းသာများခြင်း အကျိုးများနှင့်တကွ လက်ချောင်းတော် ခြေချောင်းတော် ရှည်လျား သွယ်ဖြောင့်ခြင်း စသော မဟာပုရိသလက္ခဏာတော်ကြီးများကိုရရှိ၍ ဒေါသအထုံဝါသနာကို ဖြတ်တောက်တော်မူနိုင်၏။

အဒိန္နာဒါန်ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် ရန်သူမျိုးတို့နှင့် မဆက်ဆံသည့် (ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်သည့်) စည်းစိမ်တို့ကို ရတော်မူသည့်ပြင် သူတပါးတို့ အထင်မှားမခံရပဲ ချစ်ခင်မြတ်နိုး အားကိုး ယုံကြည်အပ်သူ

WWW.DHAMMARANSI.COM



ဖြစ်လျက် စည်းစိမ်ဥစ္စာတို့၌ မငြိတွယ်သောစိတ်ရှိသူ စွန့်ကြဲလေ့ ရှိသောသူ လောဘအထုံဝါသနာကို ဖြုတ်တောက်နိုင်သူ ဖြစ်တော်မူ၏။

အဗြာပာဒနိယမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် မလျော့ပေါ့သူ ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသူ သတ္တဝါခပ်သိမ်းတို့က ချစ်အပ်သူ မြတ်နိုးအပ်သူ မရွံရှာအပ်သူ ဖြစ်တော်မူ၍ ကောင်းသောသတင်းကျော်စောခြင်းအကျိုး ရတော်မူသည့်ပြင် မာတုဂါမ တို့၌ မငြိကပ်သောစိတ်ရှိသူ မတပ်မက်သော အလိုအဇ္ဈာသယ ရှိသူ ဖြစ်တော်မူရ၏၊ မေနက္ခမ္မဇ္ဈာသယဓာတ်ခံ ထက်သန်တော် မူပြီးလျှင် လောဘအထုံဝါသနာကို ဖြုတ်တောက်တော်မူနိုင်၏။

မုသာဝါဒမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် သတ္တဝါတို့ ယုံကြည်ကိုးစား ပမာဏထား၍ အလေးဂရုပြုအပ်သူ ဖြစ်ပြီးလျှင် ကိုယ်တော့်စကားကို အများလိုက်နာ သြဇာရှိသူ ဖြစ်တော်မူရ၏။ နတ်တို့ ချစ်အပ် မြတ်နိုးအပ်သူ ခံတွင်းမှ ရနံ့ကောင်း ကြိုင်လှိုင်သူ ဖြစ်တော်မူပြီးလျှင် ကောင်းစွာ စောင့် သိမ်းအပ်ပြီးသည့် ကိုယ်အကျင့် နှုတ်အကျင့်ရှိသူ ဖြစ်တော်မူရ၏။ မွေးညှင်းတွင်း တခုတခု၌ မွေးညှင်းတော် တပင်စီ တပင်စီသော ပေါက်ရောက်ခြင်းစသော မဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူပြီးလျှင် ကိလေသာအထုံ ဝါသနာကိုလည်း ဖြုတ် တောက်တော်မူနိုင်၏။

ကုန်းတိုက်စကား ပြောကြားမှုဟူသော ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် သူတပါး၏ လုံ့လ ပယောဂဖြင့် မကွဲမပျက်နိုင်သည့် ရူပကာယရှိတော်မူခြင်း မကွဲ မပျက်သော ပရိသတ်အခြံအရံ ရှိတော်မူခြင်း သူတော်ကောင်း တရား၌ မပျက်စီးသော သဒ္ဓါတရားရှိတော်မူခြင်း ခိုင်မြဲသော မိတ်ဆွေရှိခြင်း သတ္တဝါခပ်သိမ်းတို့က ချစ်ခင်အပ်သူဖြစ်ခြင်း ကိလေသာ ခေါင်းပါးသူ ဖြစ်ခြင်းဟူသော အကျိုးတို့ကို ရရှိတော် မူသည်။

WWW.DHAMMARANSI.COM



ဆဲရေးစကား ပြောကြားမှု (ဖရုသဝါစာ)မှ ရှောင်ကြဉ်ခြင်းကြောင့် ဘုရားအလောင်းတော်သည် သတ္တဝါတို့ ချစ်မြတ်နိုးအပ်သူ ဖြစ်ခြင်း ချမ်းကြည်အေးမြသော အလေ့ရှိသူ ဖြစ်ခြင်း ချိုမြိန်သော စကားရှိသူဖြစ်ခြင်း သူခပ်သိမ်းတို့က ချီးမွမ်းအပ်သူ ဖြစ်ခြင်း အင်္ဂါရှစ်ဖော် အသံတော်နှင့် ပြည့်စုံခြင်းဟူသော အကျိုးတို့ကို ရရှိတော်မူသည်။

အဖျင်းအသော ပြောကြားမှု(သမ္ဖပ္ပလာပ)မှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် သတ္တဝါခပ်သိမ်းတို့က ချစ်ခင်အပ် မြတ်နိုးအပ် အလေးပြုအပ်သူဖြစ်ခြင်း မိမိစကားကို သူခပ်သိမ်းတို့ လိုက်နာခြင်း နှိုင်းနှိုင်း ရှည်ရှည် ပြောကြားတော်မူလေ့ရှိခြင်း တန်းခိုးအာနုဘော်ကြီးခြင်း တခဏခြင်း ထိုးထွင်းသော အသိဉာဏ်ဖြင့် ပြဿနာတို့ကို လျင်မြန်စွာ ဖြေကြားနိုင်ခြင်း ဘုရားဖြစ်တော်မူသောအခါ၌ မာဂဓီဘာသာ အရိယဝါစာ တခွန်းတည်းဖြင့် ဘာသာစကား အမျိုးမျိုးရှိကြသော သတ္တဝါတို့၏ ပြဿနာများကို ဖြေကြားနိုင်ခြင်း (မာဂဓီဘာသာဖြင့် တခွန်းတည်း ဖြေဆိုလိုက်လျှင်ပင် လူမျိုးတရာ့တပါးတို့ မိမိတို့၏ ကိုယ်စီကိုယ်င ကိုယ့်ဘာသာဖြင့် အဖြေစကား ကြားသိနားလည်ကြခြင်း) အကျိုးတို့ကို ရတော်မူသည်။

အဘိဇ္ဈာတရားကို ပယ်ရှားတော်မူခြင်းကြောင့် အလောင်းတော်သည် အလိုရှိအပ်သမျှကို အလွယ်နှင့်ရရှိခြင်း မွန်မြတ်သော စည်းစိမ်တို့၌ သုံးဆောင်လိုမှု ရရှိခြင်း သုံးဆောင်ရခြင်း ဥစ္စာပေါများသော မင်း ပုဏ္ဏား သူကြွယ်တို့က မြတ်သောသူအဖြစ် အသိအမှတ်ပြုခံရခြင်း ရန်သူတို့၏ အနှိပ်စက် မခံရခြင်း မျက်စိ နား နှာ အစရှိသည့် ဣန္ဒြေချို့တဲ့သူ မဖြစ်ခြင်း ပြိုင်ဖက်ကင်းသော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော အကျိုးတို့ကို ရတော်မူသည်။

ဗျာပါဒတရားကို ပယ်ရှားတော်မူခြင်းကြောင့် အလောင်းတော်သည် မြင်မြင်သမျှ သတ္တဝါခပ်သိမ်းတို့က ချစ်ခင်သော မျက်စိဖြင့် အကြည့်အရှုခံရခြင်း ချီးမွမ်းအပ်သူဖြစ်ခြင်း သတ္တဝါတို့ကို အလွယ်ဖြင့်ပင် ကြည်ညိုစေနိုင်ခြင်း မခေါင်းပါးသော

WWW.DHAMMARANSI.COM



(မချောက်တပ်သော) သဘောရှိခြင်း မေတ္တာဖြင့်သာ နေတော်မူလေ့ရှိခြင်း တန်းခိုးအာနုဘော်ကြီးခြင်း အကျိုးတို့ကို ရတော်မူသည်။

မိစ္ဆာဒိဋ္ဌိကိုရှောင်ရှား သမ္မာဒိဋ္ဌိကို ပွါးခဲ့ခြင်းကြောင့် ဘုရားအလောင်းတော်သည် ကလျာဏမိတ်ဆွေတို့ကို ပေါင်းသင်းမိခြင်း ဦးခေါင်းကိုပင် အဖြတ်ခံရစေကာမူ မကောင်းမှုကို မပြုခြင်း ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှုကို သိမြင်သောကြောင့် ဒိဋ္ဌ သုတမင်္ဂလာ အယူမရှိခြင်း သူတော်ကောင်းတရား၌ သဒ္ဓါတရား ခိုင်မြဲစွာ တည်ရှိခြင်း မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို မမှိတ်မသုန် ယုံကြည်ခြင်း မစင်ဘင်ပုပ် ထူပြောရာ အရပ်၌ ရွှေဟင်္သာမင်း မမွေ့လျော်သကဲ့သို့ သမ္မာဒိဋ္ဌိမှ တပါးသော မိစ္ဆာအယူများ၌ မမွေ့လျော်ခြင်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကို ပိုင်းခြားသိမြင် ကျွမ်းကျင်လိမ္မာခြင်း နောက်ဆုံးဘုရားဖြစ်သောဘဝ၌ အနာဝရဏဉာဏ် = (ဉေယျဓမ်တရားတို့ကို အဆီးအတား အပိတ်အပင်မရှိ သိတတ်သောဉာဏ်)ကို ရတော်မူခြင်း ဘုရားမဖြစ်မီ ဘဝတိုင်း၌ အကြီးအကဲသာ ဖြစ်တော်မူခြင်း မြတ်သောစည်းစိမ်တို့ကို ရရှိခြင်း ဤအကျိုးများကိုရတော်မူသည်။

ဤသို့လျှင် ဤသီလတရားသည် ခပ်သိမ်းသော စည်းစိမ်တို့၏ အကြောင်းရင်း ဖြစ်၏၊ ခပ်သိမ်းသော ဘုရားကျေးဇူးတို့၏ စ၍ဖြစ်ရာ အမွန်အစ ပဘဝဖြစ်ပေ၏၊ ခပ်သိမ်းသော ပါရမီတို့၏ အဦးအစဖြစ်၏ ဟု ဆင်ခြင်ကာများစွာမြတ်နိုးပြီးလျှင် ကိုယ်နှုတ်ကို စောင့်စည်းခြင်း ဣန္ဒြေကို ထိန်းစောင့်ခြင်း အသက်မွေးမှု စင်ကြယ်ခြင်း ပစ္စည်းလေးဖြာကို သုံးစွဲခြင်း ဤလေးဌာနတို့၌ သတိသမ္ပဇဉ္ဉခွန်အားဖြင့် မမေ့မလျော့ပဲ လာဘ်ပူဇော်သက္ကာရ အရှိန်အဝါ အကျော်အစော်များကို မိတ်ဆွေလို မျက်နှာထားကြသည့် ရန်သူကြီးများကဲ့သို့ မှတ်ယူပြီးခါ ရှိသေစွာ သီလကို ပြည့်စုံစေရာ၏။

(ဤကား ဝါရိတ္တသီလ၌ ကျင့်စဉ်တည်း။)

WWW.DHAMMARANSI.COM



## အလောင်းတော်ကြီးများ စာရိတ္တသီလကို ဖြည့်ကျင့်တော်မူကြပုံ

ဘုရားအလောင်းတော်သည် ကလျာဏမိတ်စစ် ဖြစ်ကြသူတို့အား အခါမလပ် ရှိခိုးမှု ခရီးဦး ကြိုဆိုမှု လက်အုပ်ချီမှု အရိုအသေပြုမှု ဆည်းကပ်မှုတို့ကို ပြုတော်မူပေ၏။ မမာမကျန်းသူတို့အား ကိုယ်တိုင်ကြပ်မ၍ ဝေယျာဝစ္စအမှု ပြုတော်မူပေ၏၊ တရားစကားကို ကြားနာရလျှင် သာဓုကောင်းချီး ပေးတော်မူ၏၊ ဂုဏ်ကျေးဇူးရှိသူတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်း ပြောဆိုလေ့ရှိတော်မူ၏၊ သူတပါးတို့၏ ပြစ်မှားချက်ကို သည်းခံတော်မူ၍ ကျေးဇူးပြုချက်ကိုသာ အဖန်ဖန် အောက်မေ့တော်မူ၏၊ သူတပါးတို့၏ ကုသိုလ်များကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ ကိုယ်တော်၏ ကောင်းမှုများကို သဗ္ဗညုတဉာဏ်သို့ ဆုညွှတ်တော်မူလေ့ရှိ၏၊ အခါခပ်သိမ်း ကုသိုလ်တရားတို့၌ မမေ့မလျော့ နေလေ့ရှိတော်မူ၏။ မိမိ၌ အပြစ်ရှိလျှင် ထိုအပြစ်ကို(ဖုံးဖိ၍မထား) အပြစ်အနေဖြင့် ရှုတော်မူပြီးလျှင် သီတင်းသုံးဖော်တို့၏ အထံ၌ အမှန်အတိုင်း ထင်စွာပြုတော်မူ၏၊ ကောင်းမြတ်သော အကျင့်ပဋိပတ်ကို အထက်အထက် တိုးတက်၍ တိုးတက်၍ ဖြည့်ကျင့်တော်မူ၏။

ထို့အတူပင် ကိုယ်တော်မြတ်နှင့် သင့်လျော်ကပ်ရာ သတ္တဝါတို့၏ အကျိုးဖြစ်ထွန်းနိုင်မည့် ထိုထိုအမှုကိစ္စတို့၌ လိမ္မာကျွမ်းကျင် လုံ့လနှင့် ယှဉ်ပြီးလျှင် ကူညီရွက်ဆောင်တော်မူ၏၊ သတ္တဝါတို့အား အနာရောဂါအစရှိသော ဆင်းရဲဒုက္ခများ ဖြစ်ပွါးပေါ်ပေါက်လာလျှင် ထိုက်သည့်အလျောက် ထိုဒုက္ခမှ လွတ်မြောက်ရန် စီမံပေးတော်မူ၏၊ သတ္တဝါတို့အား ဉာတိဗျသန ဘောဂဗျသန ရောဂဗျသန သီလဗျသန ဒိဋ္ဌိဗျသန (**ဉာ၊ ဘော၊ ရောဂါ၊ သီလ၊ ဒိဋ္ဌိ**)ဟူသော ဗျသနတရားတို့ ဖြစ်ပွါးကျရောက်လာသောအခါ၌လည်း စိုးရိမ်သောကကို ပယ်ဖျောက်ပေးတော်မူ၏၊ နှိပ်ကွပ်သင့်သောသူတို့အား .အကုသိုလ်မှ လွတ်မြောက်၍ ကုသိုလ်၌တည်ရန် ရည်သန်တော်မူကာ ကယ်တင်သော

WWW.DHAMMARANSI.COM



သဘောဝ္ဂုံသော တည်တော်မူပြီးလျှင် တရားသဖြင့် နှိပ်ကွပ်၍ ချီးမြှောက်သင့်သူတို့အား တရားသဖြင့် ချီးမြှောက်တော်မူ၏။

ရှေးရှေးသော ဘုရားအလောင်းတော်ကြီးများ၏ ပါရမီ စာဂ စရိယတရားတို့ ရင့်ကျက်ကြောင်းဖြစ်သော အလွန်လည်း မွန်မြတ် အလွန်လည်း ပြုနိုင်ခဲ မကြံစည်နိုင်သော အာနုဘော်နှင့် လည်း ပြည့်စုံ၍ သတ္တဝါတို့၏ ကေန်မုချ စီးပွါးချမ်းသာကို ရွက်ဆောင်နိုင်သည့် အကျင့်တရားကြီးများကို ကြားသိတော် မူလျှင် ထိတ်လန့်ကြောက်ရွံ့ခြင်း အလျဉ်းပင်မရှိပဲ—

"ထိုရှေးရှေးသော ဘုရားအလောင်းတော်ကြီးများ လည်း ငါကဲ့သို့ပင် လူသားစင်စစ် ဖြစ်ကြလျက် အစဉ် သဖြင့် သီလ သမာဓိ ပညာ ကျင့်ဖွယ်ရာ တရားများကို အပြည့်အစုံ ဖြည့်ကျင့်တော်မူကြသဖြင့် သဗ္ဗညုတ ရွှေဉာဏ် ရောက် အောင်မြောက်တော်မူကြသည်၊ သို့ရကား ငါ သည်လည်း ထိုရှေးရှေး အလောင်းတော်ကြီးများနည်းတူ သီလ သမာဓိ ပညာ ကျင့်ဖွယ်ရာတရားတို့၌ ကောင်းစွာ ကျင့်ပေအံ့၊ ယင်းပဋိပတ် အကျင့်မြတ်ဖြင့် ငါသည်လည်း အစဉ်သဖြင့် သိက္ခာသုံးပါး အကျင့်များ ပြည့်စုံပြီးလျှင် ကေန်ပင် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်"—

ဟု ယုံကြည်ခြင်း သဒ္ဓါတရား ရှေ့သွားရှိသော ဝီရိယကို မလျှော့ပဲ ကောင်းမွန်ပြည့်စုံစွာ သီလတရားတို့ကို ဖြည့်ကျင့်တော်မူလေ သည်။

ထို့အတူ ဘုရားအလောင်းတော်သည် ကိုယ်တော်ပြုသည့် ကောင်းမှုကုသိုလ်များကို လူသူလေးပါးတို့အား ကျော်ကြားစေရန် အတွက် ထင်ရှားပြတော်မမူပဲ ကိုယ်တော်၌ အပြစ်ရှိလျှင်သာ ထိုအပြစ်ကို ဖုံးဖိ၍မထား ထင်ရှားစွာ ပြတော်မူလေသည်၊အလို နည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာတို့မှ ဆိတ်ကင်းခြင်း လူသူ အများနှင့် ကိလေသာအစွမ်းဖြင့် မရောနှောခြင်း ဒုက္ခကို သည်းခံ ခြင်း ထိုထိုအာရုံတို့ကို လောဘဖြင့် မတောင့်တခြင်း ဥဒ္ဓစ္စ

WWW.DHAMMARANSI.COM



အစွမ်းဖြင့် မတုန်လှုပ်ခြင်း မာန်မာနမထောင်လွှားခြင်း မလျှပ်ပေါ် မလော်လီခြင်း နှုတ်မကြမ်းခြင်း စကားကို ဖရိုဖရဲ မပြောကြား ခြင်း ငြိမ်သက်သောဣန္ဒြေရှိခြင်း ငြိမ်းအေးသော စိတ်နှလုံးရှိခြင်း သူတပါးတို့ အံ့ဩသွားအောင် ဟန်ပန်ဆောင်မှု အစရှိသော မိစ္ဆာဇီဝမျိုးမှ ကင်းရှင်းခြင်း ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့်ပြင် သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့် နှုတ်အကျင့် ကမ္မဋ္ဌာန်း အာရုံတို့နှင့် ပြည့်စုံတော်မူလျက် သေးငယ်သော အပြစ်များ ကိုပင် ဘေးကြီးအနေဖြင့် ဆင်ခြင်ကြည့်ရှုတော်မူ၍ သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည် ကျင့်သုံးတော်မူလေသည်။ ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်တွယ်တာသည့် တဏှာ လောဘမရှိပဲ သမ္ပဇဉ်ဉာဏ်နှင့် နိဗ္ဗာန်သို့သာ ရှုလွှတ်အပ်သော စိတ်တော် ရှိလျက် ကုသိုလ်တရားတို့ကို မနေမနား အားထုတ်တော်မူသည်။ ကိုယ်နှင့်အသက်ကို ငဲ့ကွက်တွယ်တာသည့် တဏှာ လောဘ အနည်းငယ်မျှကိုသော်လည်း လက်မခံပဲ စွန့်ပယ်တော်မူ၏။ သီလ ပျက်ကြောင်းဖြစ်သည့် အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစရှိသော ဥပက္ကိလေသ တရားတို့ကို စွန့်ပယ်တော်မူ၏။ အနည်းငယ်မျှ တရားထူးရရုံဖြင့် အားရရောင့်ရဲ ရပ်တည်ခြင်းမရှိပဲ အထက် အထက် တရားထူးရဖို့ရန် အားထုတ်တော်မူ၏။ယင်းသို့အားထုတ် ခြင်းဖြင့် အလောင်းတော်ရှိသော ဈာန်စသည့် တရားထူးများမှာ ယုတ်လျော့သွားခြင်း ရပ်တည်နေခြင်း အလျဉ်းမရှိပဲ အထက် အထက် တိုးတက်၍ တိုးတက်၍သာ ပွါးစီးလေသည်။

ထို့အတူ ဘုရားအလောင်းတော်သည် မျက်မမြင် သူကန်း တို့အား လိုရာရောက်အောင် ပို့ဆောင်ပေးတော်မူသည်။ သို့ မဟုတ် လမ်းညွှန် ပြသတော်မူလေသည်။ နားမကြားသောသူ အ–သောသူတို့အား လက်ဆုပ်ဖြင့် အမှတ်ပေးတော်မူသည်။ (လက်ဟန် ခြေဟန်ပြ၍ ထိုသူတို့ လိုအပ်သော အကျိုးကို ရယူ စေတော်မူသည်။) ခွံ့သောသူ (ခြေ လက်မသန်သူ) တို့အား အင်းပျဉ် ယာဉ်တို့ကို ပေးလှူတော်မူသည်။ သို့မဟုတ် ထိုသူတို့ လိုရာရောက်အောင် ကိုယ်တော်တိုင် ထမ်းဆောင် ပို့ပေးတော်

WWW.DHAMMARANSI.COM



မူသည်။ သဒ္ဓါတရား ခေါင်းပါးသူတို့အား သဒ္ဓါတရား ဖြစ်ပွါးလာအောင် ပျင်းရိသူတို့အား ဝီရိယဖြစ်လာအောင် မေ့လျော့ပေါ့တန်သူတို့အား သတိရှိအောင် မရပ်မတည် ဥဒ္ဓစ္စဖြင့် လည်နေသူတို့အား သမာဓိနှင့် ပြည့်စုံလာအောင် ပညာမရှိသူတို့အား ပညာရအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူပေသည်။ နီဝရဏငါးမျိုး လွှမ်းမိုးနှိပ်စက် ခံနေရသူတို့အား ထိုနီဝရဏတရားတို့ကို ပယ်ရှားနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူသည်။ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တို့ နှိပ်စက်ခံနေရသူတို့အား ထိုမိစ္ဆာဝိတက်များကို ပယ်ရှားဘို့ရန် အားထုတ်တော်မူသည်။ မိမိအပေါ် အလျှင်လက်ဦး ကျေးဇူးပြုဘူးသူတို့အား သူ့ကျေးဇူးကို သိတော်မူကာ ရှေးဦးစွာ နှုတ်ဆက်စကား ချစ်ဖွယ်စကား ပြောကြား ချီးမြှောက်တော်မူ၍ ထိုသူ ပြုဘူးသည်နှင့် အလားတူ ကျေးဇူးတုံ့ပြန်မှုဖြင့်သော်၎င်း သာလွန်သည့် ကျေးဇူးတုံ့ပြန်မှုဖြင့်သော်၎င်း မြတ်နိုးကော်ရော် ပူဇော်လေ့ရှိပေသည်။ ဘေးရန်ရှိသောအခါတို့၌ ကလျာဏအဖော်သဟဲအမှုကို ပြုတော်မူလေသည်။

ထိုထိုသတ္တဝါတို့၏ ပကတိ စိတ်နေသဘောကို သိရှိတော်မူပြီးလျှင် ထိုသူတို့ကို အကုသိုလ်မှ ထစေ ( လွှတ်မြောက်စေ ) ၍ ကုသိုလ်၌တည်စေလျက် ထိုသူတို့အကြိုက် အလိုက်သင့် ပေါင်းသင်းဆက်ဆံ ကျင့်ကြံတော်မူသည်။ ။( ပေးကမ်းမှု ကြိုက်သူကို ဒါနသင်္ဂဟတရားဖြင့် ချီးမြှောက်၍၎င်း၊ ချစ်ဖွယ်စကား ပြောကြားမှု ကြိုက်သူကို ပိယဝါစာ သင်္ဂဟတရားဖြင့် ချီးမြှောက်၍၎င်း၊ အကျိုးရှိအောင်ကျင့်မှု ကြိုက်သူကို အတ္ထစရိယာ သင်္ဂဟတရားဖြင့် ချီးမြှောက်၍၎င်း၊ ကိုယ်တူကျင့်မှု ကြိုက်သူကို သမာနတ္တတာ သင်္ဂဟတရားဖြင့် ချီးမြှောက်၍၎င်း ထိုသူတို့ကို အကုသိုလ်မှ ထစေ (လွှတ်မြောက်စေ) ၍ ကုသိုလ်၌ တည်စေလျက် ပေါင်းသင်းဆက်ဆံ ကျင့်ကြံတော်မူသည်ဟု ဆိုလိုသည်။)

ထို့အတူ အလောင်းတော်သည် အကျိုးစီးပွါး လိုလားသော ဆန္ဒဖြင့်သော်မှလည်း သူတပါးကို ညှဉ်းဆဲတော်မမူ၊ ခိုက်ရန်မှု

WWW.DHAMMARANSI.COM



ပြုတော်မမူ၊ သူတဖက်သား မျက်နှာ မသာမယာ ဖြစ်အောင် ပြုတော်မမူ၊သူတဖက်သားအား နှောင်တပူပန်မှုကို ဖြစ်စေတော် မမူ၊ သူတဖက်သားကို နှိပ်အပ်သောအရာ၌ ထား၍လည်း အပြစ် တင်စကား ပြောကြားတော်မမူ။ ကိုယ်တော့်အပေါ်၌ မာန်မာန မထားပဲ နှိမ့်နှိမ့်ချချ ကျင့်ကြံသူအား ကိုယ်တော်ကို အထက်တန်း စားထား၍ မပေါင်းသင်းချေ။ သူတပါးတို့၌ အပေါင်းအသင်း လုံးဝမပြုခြင်း အလွန်အကျူး ပေါင်းသင်းခြင်း အခါမဟုတ် ပေါင်းသင်းခြင်းများကို အလျဉ်းပင် ပြုတော်မမူပဲ ပေါင်းသင်း ထိုက်သော သူတို့ကိုသာ အရပ်ဒေသ အခါကာလအားလျော်စွာ ပေါင်းသင်း ဆက်ဆံတော်မူသည်။ သူတပါးတို့၏ မျက်မှောက်၌ ထိုသူတို့ ချစ်အပ်သောသူများကို ကွဲရှဲမှု ပြုတော်မမူ၊ ထိုသူတို့ မုန်းအပ်သူများကိုလည်း ချီးမွမ်းမှု ပြုတော်မမူ။ အကျွမ်းမဝင်သင့် သူကို အကျွမ်းဝင်တော်မမူ။

သူတပါးတို့က တရားသဖြင့် ပင့်ဖိတ်သည်ကိုလည်း ပယ်တော် မမူ။အတောင်းအယမ်း ထူခြင်းအမှုကို ပြုတော်မမူ။လှူသောအခါ လည်း အပိုအလျှံ ခံတော်မမူ။ သဒ္ဓါတရားနှင့် ပြည့်စုံသူတို့ကို သဒ္ဓါ၏ အကျိုးအာနိသင်နှင့်စပ်သော တရားစကားဖြင့် ရှင်လန်း အားတက်စေတော်မူသည်။ ထို့အတူ သီလ၊ သုတ၊ စာဂ၊ ပညာ နှင့် ပြည့်စုံသူတို့ကို ပညာ၏ အကျိုးအာနိသင်နှင့်စပ်သော တရား စကားဖြင့် ရှင်လန်း အားတက်စေတော်မူသည်။

ဘုရားအလောင်းတော်သည် အကယ်၍ အဘိညာဉ် ရှာန်ရ ပုဂ္ဂိုလ်ဘဝ၌ ဖြစ်ခဲ့သော် မေ့လျော့နေသော သတ္တဝါတို့ကို အဘိညာဉ်အစွမ်းဖြင့် ထိုက်သည့်အလျောက် ငရဲဘေး စသည်ကို ပြလျက် ထိတ်လန့်စေပြီးလျှင် သဒ္ဓါတရား စသည် မရှိသူတို့ကို သဒ္ဓါတရားစသည်၌ တည်စေတော်မူသည်၊သာသနာ၌ သက်ဝင် ယုံကြည်စေတော်မူသည်။ သဒ္ဓါစသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ သူတို့ကို ရင့်သန်စေတော်မူသည်။

ဤသို့လျှင် ဘုရားအလောင်းတော်၏ စာရိတ္တသီလ ဖြစ်သော မနှိုင်းရှည်အပ်သည့် ဤကုသိုလ် ကောင်းမှု

WWW.DHAMMARANSI.COM



ရေအယဉ်သည် တဘဝထက် တဘဝ အဆင့်ဆင့်တိုးတက် ပွါးစီး၍ လာလေတော့သည်။

(ဤကား သီလပါရမီကို ဖြည့်ကျင့်ပုံ အစဉ်တည်း။)

## (၃) နေက္ခမ္မပါရမီကို ဖြည့်ကျင့်ပုံအစဉ်ကား....

နေက္ခမ္မပါရမီဟူသည် ရှေးဦးဆိုခဲ့ပြီးသော မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ ကာမတရား ဘဝတရား တို့၌ အပြစ်ကိုမြင်သော အာဒီနဝဉာဏ်ရှေ့သွားရှိသည့် ထိုကာမ ဘဝတို့မှ ထွက်မြောက် ကျွတ်လွတ်လိုသော အခြင်းအရာဖြင့် ဖြစ်သည့် ကုသိုလ်စိတ် စေတသိက် တရားစုကို ခေါ်ဆိုသည်။ သို့ရကား အလောင်းတော်သည် ရှေးဦးစွာ ထိုကာမတရား ဘဝတရားတို့၌ အာဒီနဝဉာဏ်ဖြင့် အမှန်အတိုင်း အပြစ်ကို ရှုမြင် တော်မူသည်။ ရှုမြင်တော်မူပုံကား....

အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်း(လူ့ဘဝ) သည် အလုံးစုံသော သံကိလေသ တရားတို့၏ နေရာဌာန ဖြစ်သော ကြောင့်၎င်း....၊သားမယားအစရှိသော ပလိဗောဓတို့ဖြင့် ကုသိုလ် တရားဖြစ်ပွါးနိုင်ဖို့ရန် အလွန်ကြပ်တည်း ကျဉ်းမြောင်းခြင်းကြောင့် ၎င်း....၊ကုန်သွယ်ခြင်း လယ်လုပ်ခြင်း အစရှိသည့် အထူးထူးသော အလုပ်ကိစ္စတို့ဖြင့် ရောပြွမ်းရှုပ်ထွေးလှသောကြောင့်၎င်း....နေက္ခမ္မ ချမ်းသာစသည်ကို ရယူနိုင်သော နေရာဌာန မဟုတ်ချေဟူ၍ ရှုမြင်တော်မူလေသည်။

လူတို့သုံးစွဲရရှိသော ကာမချမ်းသာများမှာလည်း သန်လျက် ဖျား ခေါးသွားတို့၌ ငြိကပ်နေသော ပျားရည်စက်ကို လျက်ရသည့် ပမာ သာယာဖွယ်နည်းပါး အကျိုးယုတ်သည်ကသာ များကုန်၏ ဟူ၍၎င်း....၊လျှပ်စစ် တချက် တချက်လက်မှ တကြိမ်တကြိမ် မြင်ရ သည့် ပွဲလမ်း အကသဘင်ပမာ သုံးဆောင်ရသည့် အခါကာလ နည်းပါးလှကုန်၏ဟူ၍၎င်း....၊သူရူး၏ တန်းဆာဆင်ခြင်းမျိုးကဲ့သို့ ဖောက်ပြန်သော သညာဖြင့်သာ ခံစား သုံးဆောင်အပ်သော အရာတို့ ဖြစ်ကုန်၏ဟူ၍၎င်း....၊မစင်ကျင်ကြီးကို ဖုံးလွှမ်းကြောင်း

WWW.DHAMMARANSI.COM



ဖြစ်သော ဝတ္ထုကဲ့သို့ အတုအပ အယောင်ဆောင်မျှသာ ဖြစ်ကြကုန်၏ ဟူ၍၎င်း....၊ ရေစွတ်သော လက်ချောင်း၌ ကပ်ငြိနေသည့် အနည်းငယ်သောရေကို လျက်ရခြင်းကဲ့သို့ မရောင့်ရဲမှုကို ပြုတတ်ကုန်၏ ဟူ၍၎င်း....၊ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြလှသူ၏ အစာအာဟာရကိုစားခြင်းကဲ့သို့ အနာရောဂါနှင့်တကွ ဖြစ်ကုန်၏ဟူ၍၎င်း....၊ငါးမျှားချိတ်၌ အစာကဲ့သို့ အပျက်အစီးတို့၏ အစအငြေ အကြောင်း ဖြစ်ကုန်၏ ဟူ၍၎င်း....၊မီးပုံကဲ့သို့ ကာလသုံးပါး၌ပင် ဆင်းရဲဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏ဟူ၍၎င်း....၊မျောက်နဲ့စေးကဲ့သို့ ဖွဲ့နှောင်မိခြင်း၏ အကြောင်းဖြစ်ကုန်၏ ဟူ၍၎င်း....၊ သူသတ်ယောက်ျားကို ဖုံးလွှမ်း၍ထားသော ဝတ္ထုများကဲ့သို့ အကျိုးမဲ့ကို ဖုံးလွှမ်းထားသော အရာမျှသာ ဖြစ်ကုန်၏ဟူ၍၎င်း....ဤသို့ အစရှိသောနည်းဖြင့် ကာမတရား ဘဝတရားတို့၌ အပြစ်ကို ရှုမြင်ဆင်ခြင်တော်မူပြီးလျှင် ထိုကာမတရား ဘဝတရားတို့မှ ထွက်မြောက် ကျွတ်လွတ်ခြင်းဟူသော နေက္ခမ္မ၌ အကျိုးအာနိသင်ကို ရှုဆင်ခြင်တော်မူ၍ နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူလေသည်။

ထိုသို့ ဖြည့်ကျင့်ရာ၌ ရဟန်းအဖြစ်သည် နေက္ခမ္မပါရမီ ပြည့်ဝရန် အခြေခံမူလ အကြောင်းရင်းဖြစ်သောကြောင့် နေက္ခမ္မပါရမီကို အပြည့်အဝ ဖြည့်ကျင့်ရန်အတွက် ဘုရားအလောင်းတော်သည် သာသနာပအခါ၌ ကုသိုလ် အကုသိုလ်ကံ(ကောင်းမှု မကောင်းမှု)တို့နှင့် ထိုကံတို့၏ အကျိုးတရားကား ထင်ရှားရှိ၏ဟု ယူသော ကမ္မဝါဒီ ကိရိယဝါဒီ ရသေ့ ပရိဗိုဇ်တို့၏ ရသေ့ရဟန်းအဖြစ် ပရိဗိုဇ်ရဟန်းအဖြစ်ကို ရှေးဦးစွာ ခံယူတော်မူသည်။ သာသနာတွင်းအခါဖြစ်မူ သာသနာတွင်းသား ရဟန်းအဖြစ်ကို ခံယူတော်မူသည် (ရဟန်းပြုတော်မူသည်)။

ရဟန်းပြုပြီးလျှင် ရှေး၌ဆိုအပ်ပြီးသော ဝါရိတ္တသီလ စာရိတ္တသီလနှစ်ပါး၌ တည်တော်မူ၍ ထိုသီလပါရမီ ဖြူစင်သန့်ရှင်းစေရန် ဓုတင်အကျင့်များကို ဆောက်တည်ကျင့်သုံးတော်မူသည်။

WWW.DHAMMARANSI.COM



ယင်းသို့ ကျင့်ဝတ်စုတင် အမွန်းတင်၍ သီလတည်းဟူသော ရေစင်ဖြင့် ကိလေသာအညစ်အကြေးတို့ကို ဆေးကြောသုတ်သင် စင်စေတော်မူသဖြင့် အပြစ်မရှိ အလွန်စင်ကြယ်သည့် ကိုယ်အကျင့် နှုတ်အကျင့် ရှိတော်မူသော အလောင်းတော်သည် ရတတ်သမျှသော သက်န်းဖြင့် မျှတရောင့်ရဲခြင်း ရတတ်သမျှသော ဆွမ်းဖြင့် မျှတရောင့်ရဲခြင်း ရတတ်သမျှသော ကျောင်းဖြင့် မျှတရောင့်ရဲခြင်း တည်းဟူသော အရိယဝံသတရား ရွှေသုံးပါး၌ တည်တော်မူပြီး ဖြစ်ရကား လေးခုမြောက်ဖြစ်သည့် ဘာဝနာရာမ = (ဘာဝနာ တရား၌မွေ့လျော်ခြင်း)တည်းဟူသော အရိယဝံသတရားကို ရယူ တော်မူဘို့ရန် သမထကမ္မဋ္ဌာန်း လေးဆယ်တို့၌ ထိုက်သည်အား လျော်စွာ ဘာဝနာတရား ပွါးများအားထုတ်တော်မူ၍ ဥပစာရ ဈာန် အပ္ပနာဈာန်သို့ ရောက်ရှိတော်မူသည်။ ယင်းသို့ အပ္ပနာ ဈာန်ပေါက် ရောက်တော်မူသည်ရှိသော် အလောင်းတော်အား နေက္ခမ္မပါရမီကို ကောင်းစွာ ဖြည့်ကျင့်အပ်သည် မည်လေတော့ သတည်း။

(ကမ္မဋ္ဌာန်း လေးဆယ်နှင့်စပ်သော အကြောင်းအရာ အကျယ်ကို ဝိသုဒ္ဓိမဂ်ကျမ်းမှ မှတ်ယူရာ၏။)

(ဤကား နေက္ခမ္မပါရမီကို ဖြည့်ကျင့်ပုံ စကားအစဉ်တည်း။)

## (၄) ပညာပါရမီကို ဖြည့်ကျင့်ပုံ အစဉ်ကား....

ပညာပါရမီကို ဖြည့်ကျင့်တော်မူသော အလောင်းတော်သည် ပညာတည်းဟူသော အလင်းရောင်သည် မောဟတည်းဟူသော အမိုက်မှောင်နှင့် အတူတကွ မဖြစ်နိုင်ရကား ရှေးဦးစွာ မောဟ၏ အကြောင်းဖြစ်သည့် ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက် တဆန့်ဆန့်ရှိခြင်း အစရှိသော တရားများကို ရှောင်ကြဉ်တော်မူပြီးလျှင် ပညာပွါးကြောင်းဖြစ်သည့် ဗာဟုသစ္စ တရား ဈာန်တရား အစရှိသည်တို့၌ လုံ့လကြိုးကုတ် အားထုတ် တော်မူလေသည်။

WWW.DHAMMARANSI.COM



## (ဏ) သုတမယပညာ

**အလောင်းတော်သည်** **ဗာဟုသစ္စ** ခေါ်သော သုတမယ ပညာ ရင့်သန်စေရန် ခန္ဓာ ငါးပါး, အာယတန တဆယ့်နှစ်ပါး, **ဓာတ်** တဆယ့်ရှစ်ပါး, သစ္စာ လေးပါး, ဣန္ဒြေ နှစ်ဆယ့်နှစ်ပါး, ပဋိစ္စ **သမုပ္ပါဒ်**တရား, သတိပဋ္ဌာန် စသော ဗောဓိပက္ခိယ တရားများ, ကုသိုလ် အကုသိုလ်စသော ပရမတ္ထတရား အထူးများနှင့်တကွ **အပြစ်ကင်း၍** သတ္တဝါတို့၏ စီးပွါးချမ်းသာကို ရွက်ဆောင်နိုင် **သည့်** လောကီဝိဇ္ဇာ အတတ်မျိုးတည်းဟူသော နှုတ်ဖြင့် လေ့လာ အပ် ကြားနာအပ်သည့် သုတမယပညာ၏ အာရုံ နယ်ပယ်များကို ဥပါယကောသလ္လဉာဏ် ရှေ့သွားရှိသော သတိ ဝီရိယ ပညာတို့ဖြင့် ရှိသေစွာ သင်ကြားနာယူ အရဆောင် လေ့လာမေးမြန်း စုံစမ်း သောအားဖြင့် ကိုယ်တော်တိုင်က ထိုတရားတို့၌ သက်ဝင်သိမြင် သော ပညာရှိ ဖြစ်တော်မူပြီးလျှင် သူတပါးတို့အား ထိုတရားတို့၌ တည်စေသောအားဖြင့် သုတမယပညာကို ဖြစ်စေတော်မူသည်။

ထို့အတူ သတ္တဝါတို့၏ ထိုထိုပြုဘွယ်ကိစ္စ အဝဝတို့၌ ဖြစ်မြောက် အောင်မြင် ကြီးပွါးကြောင်းဖြစ်သည့် အချက်အလက်များ ပျက်စီး ဆုံးရှုံးကြောင်းဖြစ်သည့် အချက်အလက်များကို ပိုင်းခြားသိမြင် သော ဥပါယကောသလ္လဉာဏ်ခေါ်သည့် ဌာနုပ္ပတ္တိကပဋိဘာန် ပညာဉာဏ်ကိုလည်း သတ္တဝါတို့ အကျိုးရဖြစ်စေရန် ထိုထိုကိစ္စ တို့၌ ထိုက်သည့်အလျောက် ဖြစ်စေတော်မူသည်။

## (ခ) စိန္တာမယပညာ

ထို့အတူ ခန္ဓာစသော သဘာဝဓမ္မ ပရမတ္ထတရားတို့၏ ဖြစ်ပုံ အခြင်းအရာကို စိုက်စိုက်စူးစူး ရှုကြည့် ဆင်ခြင်တော်မူခြင်းဖြင့် **စိန္တာ**မယပညာကို **ဖြစ်စေ**တော်မူသည်။

(**ခန္ဓာစသော** သဘာဝဓမ္မတို့ကို သင်ကြား နာယူ **မှတ်**သားလေ့လာမှု ပြုသည်**ကား** သုတမယပညာ ဖြစ် **သည်**။ ထိုသင်ကြား နာယူ **မှတ်**သားလေ့လာပြီးသည့်

WWW.DHAMMARANSI.COM



သဘာဝဓမ္မတို့၏ ဖြစ်ပုံအခြင်းအရာကို ကြံစည်ခြင်း အဦး ပြု၍ စိုက်စိုက်စူးစူး ရှုကြည့်ဆင်ခြင်သည်ကား စိန္တာမယ ပညာ ဖြစ်သည်။)

## (ဂ) ဘာဝနာမယပညာ

ထို့အတူ ခန္ဓာစသော သဘာဝဓမ္မတို့၏ ကိုယ်ပိုင်လက္ခဏာ အမှတ်အသား၊ အများနှင့် ဆက်ဆံသော လက္ခဏာအမှတ်အသား တို့ကို သိမ်းဆည်း မှတ်ယူသည်၏အစွမ်းဖြင့် လောကီပညာတို့ကို ဖြစ်စေတော်မူသော အလောင်းတော်သည် ရှေ့ပိုင်းဘာဝနာ ပညာဖြစ်သည့် သမ္မသနဉာဏ်အစရှိသော ဝိပဿနာဉာဏ် ကိုး ပါးတို့ကိုလည်း ပွါးများ ပြည့်စုံစေတော်မူသည်။

ယင်းသို့ ပွါးများပြည့်စုံစေတော်မူသဖြင့်ပင် အလောင်း တော်သည် အဇ္ဈတ္တဗာဟိရ=(ကိုယ်တွင်းကိုယ်ပ) ဖြစ် သော ဝတ္ထုများကို နာမ်ရုပ်အနေဖြင့် ကောင်းစွာ သိမြင် တော်မူသည့်အတိုင်း … "နာမ်ရုပ်မျှသာ ဖြစ်သော ဤ သဘာဝဓမ္မ အစုသည် ဆိုင်ရာ ဆိုင်ရာ အကြောင်းတို့ ကြောင့် ဖြစ်ကြ ချုပ်ကြပေ၏၊ ဤနာမ်ရုပ်တရားအစု၌ ပြုတတ်သူ ပြုစေတတ်သူဟူ၍ ပရမတ္ထအားဖြင့် တစိုးတစိ မရှိချေ၊ စင်စစ် ကေန် အမှန်ရှိသော ရုပ်နာမ်တရား နှစ်ပါး တို့လည်း ဖြစ်ပြီးလျှင် ချုပ်ပျောက်တတ်သောကြောင့် အနိစ္စတို့ပါတကား၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် အနှိပ်စက် ခံနေရသောကြောင့် ဒုက္ခတို့ပါတကား၊ အလိုသို့ မလိုက်ပါ သောကြောင့် အနတ္တတို့ပါတကား" ဟူ၍ ကိုယ်တွင်း ကိုယ်ပ တရားနှစ်မျိုးလုံးမှာပင် အထူးအခြား အကွဲအပြား မရှိ တသားတည်း သိတော်မူလေသည်၊ ထိုသို့ သိတော်မူပြီး လျှင် ထိုကိုယ်တွင်း ကိုယ်ပတရားအစု၌ ငြိကပ်တွယ်တာမှု လောဘကို ကိုယ်တိုင်လည်း စွန့်ပယ် သူတပါးကိုလည်း စွန့်ပယ်စေလျက် ဘုရားမဖြစ်မီ ဤအတွင်းကာလဝယ် (သဗ္ဗညုတဉာဏ်မပါသေးပဲ) မဟာကရုဏာ၏ အစွမ်း ဖြင့်သာ သတ္တဝါတို့ကို မေတ္တာဉာဏ်သုံးပါး ရင့်သန်စေ

WWW.DHAMMARANSI.COM



ကြောင်းဖြစ်သော အကျင့်ပဋိပတ် ယာဉ်သုံးမျိုး၌ မရောက်သေးသူတို့ကို ရောက်စေခြင်း ရောက်ပြီးသူတို့ကို ရင့်ကျက်စေခြင်းတို့ဖြင့် တည်စေတော်မူကာ ကိုယ်တော်မြတ်အတွက်မှာလည်း လောကီဈာန်သမာပတ် အဘိညာဉ်အမျိုးမျိုးတို့ကို ပိုင်စိုးနိုင်နင်းခြင်း ဝသီဘော်ငါးမျိုးသို့ရောက်စေလျက် ထိုလောကီဈာန်သမာပတ် အဘိညာဉ်တို့နှင့်ယှဉ်သော သမာဓိ၏ဥပကာရကျေးဇူး အထူးပြုချက်ကြောင့် ပညာ၏ အထွတ်အထိပ်မြောက် ရောက်တော်မူလေသည်။

(ဤ၌ လောကီ ဈာန်သမာပတ် အဘိညာဉ် ပွါးပုံဝိပဿနာဉာဏ်ဆယ်ပါး ပွါးပုံတို့ကို ဝိသုဒ္ဓိမဂ်ကျမ်းမှ မှတ်ယူရာ၏။ ။**အထူးအားဖြင့်**—ဝိသုဒ္ဓိမဂ်ကျမ်း၌ သာဝကဗောဓိလောင်းအတွက် ပညာဘာဝနာ ပွါးပုံကို မဂ်တိုင်အောင် ဖွင့်ပြထားသည်၊ ဤ၌ကား သမ္မာသမ္ဗောဓိ ဘုရားအလောင်းတော်အတွက်ဖြစ်၍ ပွါးများသမျှ ဘာဝနာအလုပ်ကိစ္စတို့၌ ကရုဏာနှင့် ဥပါယကောသလ္လဉာဏ်တို့ရှေ့သွားရှိခြင်း, ဘုရားအလောင်းဖြစ်၍ "ဉာဏဒဿန-ဝိသုဒ္ဓိ" ခေါ် မဂ်ဉာဏ်သို့ မရောက်မီ ခြောက်ဆင့်မြောက်ဖြစ်သည့် "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ"တွင်ရွေသာ ရပ်တန့်ထားရခြင်း, ဝိပဿနာဉာဏ် ဆယ်ပါးတို့တွင်လည်း သင်္ခါရု-ပေက္ခာဉာဏ် ရှေ့ပိုင်းတိုင်အောင်သော အောက်ဝိပဿနာဉာဏ် ကိုးပါးတွင်ရွေသာ ပညာဘာဝနာကို ရပ်တန့်ထားရခြင်း ဤမျှသာထူးသည်။)

(ဤကား ပညာပါရမီကို ဖြည့်ကျင့်ပုံ အစဉ်တည်း။)

## (၅) ဝီရိယပါရမီ (စသည်)ကို ဖြည့်ကျင့်ပုံအစဉ်ကား....

ရန်သူတဖက်ကို အနိုင်တိုက်ဖျက်လိုသော စစ်ဗိုလ်မှူးသည် အချိန်ရှိသမျှ မရပ်မနား အားထုတ်ရသကဲ့သို့ ထို့အတူ ကိလေသာရန်သူတို့ကို ဆရာမကူ ကိုယ်တော်တိုင် အောင်တော်မူပြီးလျှင်

WWW.DHAMMARANSI.COM



ဝေနေယျတို့ကိုလည်း ကိုယ်တော့်နည်းတူ အောင်စေတော်မူလို သော ဘုရားအလောင်းတော်သည် အချိန်ရှိသမျှ ပါရမီတော်များ ဖြည့်ဝရန် လုံ့လကြိုးကုတ် အားထုတ်တော်မူလေသည်။

ထို့ကြောင့် ဘုရားအလောင်းတော်သည် အခါမလပ် သတိ ချပ်လျက် "ငါသည် ယနေ့ အဘယ်သို့သော ကုသိုလ်ပညာ အဆောက်အဦများကို ပွါးများအပ်ပြီနည်း၊ ငါသည် ယနေ့ အဘယ်သို့သော သူတပါး အစီးအပွါးကို ပြုအပ်ပြီနည်း" ဟု နေ့တိုင်း နေ့တိုင်း ဆင်ခြင်လျက် သတ္တဝါတို့ အစီးအပွါးဖြစ်ဖို့ရန် လုံ့လကြိုးကုတ် အားထုတ်မှု ပြုတော်မူလေသည်။

သတ္တဝါတို့အား ကျေးဇူးရှိဖို့ရန် ကိုယ်ပိုင် ဝတ္ထုပစ္စည်းများကို ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ ရက်ရက် စွန့်လှူတော်မူလေသည်။

ကာယကံမှု ဝစီကံမှု ပြုသမျှ ပြောသမျှဥဿုံ အလုံးစုံကိုလည်း သမ္ဗုဒ္ဓတဉာဏ်၌ ညွတ်ကိုင်း ရှိုင်းသော စိတ်ရှိ၍သာ ပြုတော်မူ ပြောတော်မူသည့်ပြင် ပြုသမျှ ပြောသမျှ ကာယကံကုသိုလ် ဝစီကံ ကုသိုလ်တို့အတွက်လည်း သမ္ဗုဒ္ဓတဉာဏ်ကို ရဖို့ရန်သာ စိတ် ညွတ် ဆုသန်တော်မူလေသည်။

(ယုတ်ညံ့သော ဝတ္ထုကာမ များပြားသော ဝတ္ထုကာမတို့ကို မဆိုထားဘဲ)မွန်မြတ်သော ဝတ္ထုကာမ အနည်းငယ်မျှသော ဝတ္ထု ကာမတို့မှသော်လည်း ဆုတ်နစ်သောစိတ် ထွက်မြောက်လိုသော စိတ်သာ ရှိတော်မူသည်။

ပြုဖွယ်ကိစ္စ အဝဝတို့၌လည်း ဥပါယကောသလ္လဉာဏ်ကို ဖြစ် စေ၍သာ ပြုတော်မူသည်။

သတ္တဝါတို့၏ ထိုထိုအစီးအပွါး၌ အမြဲအားထုတ် လုံ့လပြု တော်မူသည်။

ဒုက္ခ အနိဋ္ဌ တွေ့သမျှကောင်းဆိုး အာရုံအမျိုးမျိုးကိုလည်း သည်းခံတော်မူလေသည်။

အသက်ဟူသော အကြောင်းကြောင့်သော်မှလည်း ချွတ်ယွင်း မှုကို မဖြစ်စေပဲ အမှန်၌သာ တည်တော်မူသည်။

WWW.DHAMMARANSI.COM



ခပ်သိမ်းသော သတ္တဝါတို့ကို အပိုင်းအခြားမထား မေတ္တာ ကရုဏာတရား ပွါးများတော်မူသည်။ သားသမီး၏ ဒုက္ခကို ကိုယ်ကသာ ခံစားလိုသော ဖခင်ကဲ့သို့ သတ္တဝါတို့ အပေါ်၌ ကျရောက်မည့် ဒုက္ခအဝဝကို ကိုယ်တော့်အပေါ်၌သာ ကျရောက် ခံစားရန် အလိုဆန္ဒ ရှိတော်မူသည်။

ခပ်သိမ်းသောသတ္တဝါတို့၏ ကုသိုလ်ကောင်းမှုကို ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုတော်မူသည်။ ဘုရားရှင်တို့၏ ကြီးမြတ်ပုံ အာနုဘော်ကြီးလှပုံကို မပြတ် ဆင်ခြင်တော်မူသည်။ ပြုသမျှ ပြောသမျှ ကာယကံမှု ဝစီကံမှု အစုစုကိုလည်း သဗ္ဗညုတ ဉာဏ်၌ ညွတ်ကိုင်း ရှိုင်းသောစိတ်ရှိ၍သာ ပြုတော်မူ ပြောတော် မူသည်။

ဤနည်းဖြင့် ဒါနအစရှိသော ကောင်းမှုတို့၌ အမြဲမပြတ် အားထုတ်တော်မူသော အလောင်းတော်သူမြတ်အား မနှိုင်းရှည် နိုင်သော ကုသိုလ်ပညာ အဆောက်အဦများ နေ့တိုင်း နေ့တိုင်း တိုးပွါးလေသည်။

ထိုမှတပါးလည်း ဘုရားအလောင်းတော်သည် သတ္တဝါတို့ သုံးဆောင်ဖို့ရန် သတ္တဝါတို့ကို စောင့်ရှောက်ဖို့ရန်အတွက် ကိုယ် နှင့် အသက်ကို ရက်ရက်စွန့်တော်မူပြီးလျှင် သတ္တဝါတို့တွေ့ကြုံ နေရသော ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခ.... အချမ်း အပူ လေ နေတို့ နှိပ်စက်ခြင်း ဒုက္ခ အစရှိသည်ကို ပယ်ရှားနိုင်ကြောင်း နည်းလမ်းကောင်းကို ရှာမှီး အသုံးပြုတော်မူလေသည်။ ဆိုအပ် ပြီးသည့် ဒုက္ခတို့ကို ပယ်ရှားသဖြင့် ကိုယ်တော်မြတ် ရရှိသော ချမ်းသာသုခ အမျိုးမျိုးကို၎င်း....၊ မွေ့လျော်ဖွယ်ကောင်းသည့် အရာမ ဥယျာဉ် ပြာသာဒ် တဖက်ဆည်ကန် တောကျောင်းစသည် တို့၌ နေရ၍ ကိုယ်တော်မြတ် ရရှိသော ကာယသုခ စိတ္တသုခ အမျိုးမျိုးကို၎င်း....၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက ဘုရား အလောင်းတော်ကြီးများသည် တောထွက်တော်မူကြပြီးလျှင် ဤသို့ သဘောရှိသော ဈာန်သမာပတ် ချမ်းသာတို့ကို မြိန်ရှက်စွာ သုံးဆောင်ခံစားကြရကုန်သတဲ့ဟု တဆင့်စကားကြားသိရသော

WWW.DHAMMARANSI.COM



ချမ်းသာသုခ အမျိုးမျိုးကိုရင်း ခပ်သိမ်းသော သတ္တဝါတို့၌ အပိုင်းအခြားမထား သတ္တဝါတိုင်း ရရှိခံစားနိုင်ကြရန် စိတ်သန် ရှက်ဆောင်တော်မူလေသည်။

(ဤကား ဈာန်သမာပတ်ကို မရသေးမီကာလ၌ တည်ရှိသော အလောင်းတော်၏ ရှက်ဆောင် အားထုတ်တော်မူပုံတည်း။)

ဈာန်သမာပတ်ကို ရရှိပြီးသော အလောင်းတော်သည်ကား ကိုယ်တိုင်ခံစား သုံးဆောင်ရသည့် ဈာန်သမာပတ်ကို ရခြင်း ကြောင့်ဖြစ်သော ဝမ်းမြောက်ခြင်း ငြိမ်းအေးခြင်း ချမ်းသာခြင်း တည်ကြည်ခြင်း အမှန်အတိုင်းသိမြင်ခြင်း ဤကရားစုကို သတ္တဝါ တို့၌ နှလုံးသွင်းတော်မူလျက် ကိုယ်တော်နှင့်ထပ်တူ ရကြပါစေဟူ၍ စိတ်ညွတ် အားထုတ်တော်မူလေသည်။

ထို့မှတပါး....ကြီးစွာသော သံသရာဝဋ်ဆင်းရဲ၌ရင်း ထိုသံသရာ ဝဋ်ဆင်းရဲ၏ အကြောင်းဖြစ်သော ကိလေသာဆင်းရဲ သံသရာ၌ လည်စေတတ်သည့် ဝဋ္ဋဂါမိကံတည်းဟူသော အဘိသင်္ခါရဒုက္ခ ထဲ၌ရင်း ကယ်ဆယ်မည့်သူမှ ကင်းကွာနစ်မြုပ်နေသော သတ္တဝါ တို့ကို မြင်တော်မူလေသည်။ မြင်တော်မူပုံမှာ—

ငရဲသား သတ္တဝါတို့ကို ဖြတ်တောက် ခုတ်ထစ် ခွဲစိတ် ကြိတ်ချေမှု အစရှိသည် ငရဲမီးပူ အစရှိသည်တို့ကြောင့် သည်းထန်စွာသော ဒုက္ခဝေဒနာကို အခါမပြတ် ကာလ ရှည်ကြာစွာ ခံစားနေကြရသည်တို့ကို လင်းလင်းထင်ထင် မြင်တော်မူ၏။

တိရစ္ဆာန်သတ္တဝါတို့ကို အချင်းချင်း အမျက်ထွက်ခြင်း ပူပန်စေခြင်း ညှဉ်းပန်းသတ်ဖြတ်ခြင်း သူတပါး ခိုင်းသမျှ စေသမျှ ခံရခြင်းစသည်ကြောင့် ကြီးစွာသော ဆင်းရဲဒုက္ခ ခံစားနေကြရသည်တို့ကို လင်းလင်းထင်ထင် မြင်တော် မူ၏။

ပြိတ္တာ သတ္တဝါတို့ကို တကိုယ်လုံး မီးပန်းကြီးများ ဖုံးလွှမ်းလျက် ဆာလောင်မွတ်သိပ်ခြင်း လေ နေပူစသည်

WWW.DHAMMARANSI.COM



တို့ဖြင့် လောင်ကျွမ်းခန်းခြောက်ကြ၍ ရမိရာ အန်ဖတ် တံတွေးအစရှိသော အညစ်အကြေးတို့ကို စားသောက် နေကြပြီးလျှင် လက်ရုံးကို ချီမြှောက်ကာ ငိုကြွေးကြလျက် ကြီးစွာသော ဆင်းရဲဒုက္ခ ခံစားနေကြရသည်တို့ကို လင်း လင်းထင်ထင် မြင်တော်မူ၏။

လူသတ္တဝါများကိုလည်း အချို့လူများ ဝမ်းရေးအတွက် အကျိုးမဲ့ ပျက်စီးကြပုံ၊ လက်ဖြတ် ခြေဖြတ် အစရှိသော ရာဇဝတ်မှုပြစ်ဒဏ် ခံရခြင်းကြောင့် ရုပ်ပျက် ဆင်းပျက် အမြင်ရခက် ဆင်းရဲတွင်း နက်ခြင်းစသည်ဖြင့် ငရဲသား တို့နှင့် မခြား ဆင်းရဲဒုက္ခ ခံနေကြရပုံ၊ အချို့ လူများ ဝမ်းရေး မလုံလောက်သဖြင့် ဆာလောင် မွတ်သိပ်ခြင်း စသော အနာရောဂါ အနှိပ်စက်ခံရ၍ ပြိတ္တာတို့နှင့် မခြား ဆင်းရဲဒုက္ခ ခံနေကြရပုံ၊အချို့လူများ ပစ္စည်းအား လူအား နည်းပါးသည့်အတွက် အားရှိသူတို့၏ အနှိပ်စက် ခံနေကြ ရခြင်း ထိုသူတို့၏ အကျိုးကိုသာ သည်ပိုး ရွက်ဆောင် နေရခြင်း မိမိ၏ သေရေး ရှင်ရေးကိစ္စတို့၌ ထိုအားရှိသူ တို့နှင့်သာ ဆက်စပ်နေခြင်း (ထိုသူတို့ကိုသာ အားထား နေရခြင်း) တို့ဖြင့် တိရစ္ဆာန်နှင့်မခြား ဆင်းရဲဒုက္ခ ခံနေ ကြရပုံကိုလည်း လင်းလင်းထင်ထင် မြင်တော်မူ၏။

ကာမာဝစရ နတ်ပြည်ခြောက်ထပ်နေ နတ်များကို လည်း (သာမန်လူတို့က ချမ်းသာမှုသက်သက်ကိုသာ မြင် နေကြသော်လည်း) ဘုရားအလောင်းတော်၏ အမြင်မှာမူ ဝတ္ထုအာရုံ ကာမဂုဏ် အဆိပ်ကို စားမျိုမိခြင်းကြောင့် ပြန့်လွင့်သော စိတ်ရှိကြသဖြင့် ရာဂ ဒေါသ မောဟ တည်း ဟူသော ပူပန်ခြင်းတို့ဖြင့် ပူပန်၍ နေကြပြီးလျှင် လေ အဟုန်ပင့်သဖြင့် အလျှံတပြောင်ပြောင် တောက်လောင်၍ နေသော ထင်းခြောက် မီးပုံကြီးများပမာ အခါခပ်သိမ်း မငြိမ်းအေးနိုင်ကြပဲ ပူပန်စွာဖြင့်ပင် အသက်ရှင်နေကြရ၍ မငြိမ်းအေးနိုင်မှု နှိပ်စက်အပ်သဖြင့် သူတပါးကို အားကိုး

WWW.DHAMMARANSI.COM



အားထား ပြုနေကြရသည်တို့ကို လင်းလင်းထင်ထင် မြင်တော်မူ၏။

ရူပါဝစရ အရူပါဝစရဘုံသား ဗြဟ္မာကြီးများကိုလည်း ကြီးစွာသော လုံ့လဖြင့် ဝေးမြင့်သီခေါင် အထက်ကောင်းကင်သို့ ပစ်မြှောက်အပ်သော ငှက်တို့ကဲ့သို့ရှင်း၊ အားကောင်းသော ယောကျာ်း အဝေးသို့ တအားပစ်အပ်သော မြားတို့ကဲ့သို့ရှင်း မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် ကြာမြင့်အောင်ပင် အသက်ရှင်နေကြစေကာမူ မမြဲခြင်းအနိစ္စလျှင် အဆုံးရှိကြသောကြောင့် အောက်သို့ ကျခြင်းလျှင် အဆုံးရှိကုန်စွတကား....၊ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခကို မလွန်မြောက်နိုင်ကုန်စွတကားဟု လင်းလင်းထင်ထင် မြင်တော်မူ၏။

ထိုသို့ လင်းလင်းထင်ထင် သိမြင်တော်မူသဖြင့် သံဝေဂကြီးစွာ ဖြစ်ရှိတော်မူပြီးလျှင် မေတ္တာ ကရုဏာ နှစ်ပါးဖြင့် အပိုင်းအခြား မထား သုံးဆယ့်တဘုံသား သတ္တဝါတို့ကို ဖြန့်တော်မူလေသည်။

ဤသို့ ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် ဗောဓိသမ္ဘာရကုသိုလ်များကို အကြားမလပ် ဆည်းပူးတော်မူသော အလောင်းတော်သူမြတ်သည် ပါရမီတော်များ အထွတ်အထိပ်ရောက် ပြည့်မြောက်အောင် ရှိသေစွာ ပွါးများခြင်းဟူသော သက္ကစ္စဘာဝနာ, အခါမပြတ် ပွါးများခြင်းဟူသော သာတစ္စဘာဝနာတို့ဖြင့် မဆုတ်မနစ် အားသစ်တော်မူလေသည်။

တနည်းလည်း....မကြံစည်နိုင် မနှိုင်းရှည်နိုင်သော ပြန့်ပြောများမြတ်၍ အညစ်အကြေးမထင် သန့်စင်လှစွာသည့် ဂုဏ်ကျေးဇူးအပေါင်း၏ တည်ရာဖြစ်သော ဘုရားအဖြစ်သို့ ရောက်အောင် ပို့ဆောင်နိုင်လျှင်း အကြောင်းရင်းဖြစ်သော ဝီရိယမည်သည့် ကြံစည်၍ မရအောင်ပင် အာနုဘော်ကြီးလှပေ၏။ ယင်းသည့် အလောင်းတော်၏ ဝီရိယကို သာမန်လူများ ကျင့်နိုင်တို့ကို **ထားဘိ ကြားရုံမျှပင် မကြားဝံ့ကြပေ။**

WWW.DHAMMARANSI.COM



၌ပြီးအံ့...."ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ"အကြံသုံးပါး အရင်းထား၍ ဘုရားဖြစ်ရန် ဆုပန်တော်မူခြင်း၊(ရှေး ပါရမီတို့၏ အကြောင်းတရားအခဏ်း၌ ပြခဲ့ပြီးသည့်) ဗုဒ္ဓဘူမိတရားကြီး လေးပါး၊ သင်္ဂဟဝတ္ထု လေးပါး၊ ကရုဏာ အလုပ်ကိစ္စ တခုသာရှိခြင်း၊ ဘုရားဂုဏ်ကျေးဇူးတို့၌ မျက်မှောက်ပြုခြင်းဖြင့် ထူးချွန်သော အကြောင်းဖြစ်သည့် တရားသဘောကို စူးစူးစိုက်စိုက် ကြည့်ရှုဆင်ခြင်ခြင်း၊ ခပ်သိမ်းသော တရားတို့၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မလိမ်းကျံခြင်း၊ ခပ်သိမ်းသော သတ္တဝါတို့၌ ချစ်လှစွာသော သားသမီးအမှတ် ပြုနိုင် ထားနိုင်ခြင်း၊ ဘုရားဖြစ်ရန် ကျင့်ကြံရ၍ တွေ့သမျှ ကြုံသမျှသော သံသရာဆင်းရဲဒုက္ခတို့၌ ပင်ပန်းသောစိတ် မရှိခြင်း၊ လှူဖွယ်ဝတ္ထု အလုံးစုံကို စွန့်လှူခြင်း၊ ယင်းသို့ စွန့်လှူရသဖြင့် "ငါလို လှူနိုင်သူ ဇမ္ဗူမှာမရှိ" ဟု မာန်မာန မတက်ကြွခြင်း၊ အဓိသီလ အဓိစိတ္တ အဓိပညာ ကျင့်ဖွယ်ရာ တရားတို့ကို ဆောက်တည်ခြင်း၊ ထိုတရားတို့ကို ကျင့်ရာ၌ မတုန်မလှုပ် ကြံ့ခိုင်ခြင်း၊ ကုသိုလ်မှုတို့၌ ဝမ်းမြောက်ရွှင်ပျ နှစ်သက်လှခြင်း၊ ဝိဝေကသုံးပါး၌ ညွတ်ကိုင်းသောစိတ်ရှိခြင်း၊ ဈာန်တရားတို့ကို အားထုတ်ခြင်း၊ အပြစ်မရှိသော တရားဖြင့် မရောင့်ရဲခြင်း၊ မိမိကြားနာအပ်ပြီးသော တရားတို့ကို သူတပါးတို့အား အစီးအပွါးကို လိုလားသောစိတ်ဖြင့် မဟာကြားပြသခြင်း၊ ပါရမီကောင်းမှု ကုသိုလ်စုကို အစပျိုးကာ ကြိုးစားအားသစ်တော်မူခြင်း၊ မလျှော့မဆုတ် တိုး၍ တိုး၍ ရဲရင့်စွာ အားထုတ်ခြင်း၊ သူတပါးတို့က စွပ်စွဲမှု ကျေးဇူးမဲ့ ပြုမှုတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျဉ်းမရှိခြင်း၊ သစ္စာတရား၌ စွဲမြဲစွာ တည်ခြင်း၊ ဈာန်သမာပတ်တို့၌ လေ့လာ နိုင်နင်းတော်မူခြင်း၊ အဘိညာဉ်တို့၌ စွမ်းအားသို့ ရောက်ရှိခြင်း၊ လက္ခဏာရေး သုံးပါးကို ကိုယ်စွမ်းဖြင့် ပိုင်းခြား သိမြင်ခြင်း၊ သတိပဋ္ဌာန် အစရှိသောတရားတို့၌ ကမ္မဋ္ဌာန်းအလုပ် ပွါးများအားထုတ်ခြင်းဖြင့် လောကုတ္တရာ မဂ်လေးပါး၏ အဆောက်အဦတို့ကို ဆည်းပူးအားထုတ်ခြင်း၊ လောကုတ္တရာတရား ကိုးပါးသို့ ရောက်ဆိုက်ခြင်း၊ ဤသို့အစရှိသည့် သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ကုသိုလ်များကို

WWW.DHAMMARANSI.COM



ဆည်းပူးပွါးများ ဖြည့်ကျင့်ခြင်းဟူသမျှသည် ဝီရိယတော်၏ အာနုဘော်ဖြင့်သာ ပြည့်စုံနိုင်ရကား ဘုရားအလောင်းတော်သည် ဘုရားဆုပန်သည်မှ ဘုရားဖြစ်သည်တိုင်အောင် မဆုတ်မနစ်ပဲ ရှိသေစွာ အခါမပြတ် ဝီရိယတော်မြတ်ကို အထက်အထက် တရားထူးများသို့ အရောက် ပို့ဆောင်နိုင်အောင် ကြိုးကုတ် အားထုတ် ပြည့်စုံစေတော်မူသည်။

ဆိုအပ်ပြီးသည့် ပရက္ကမ = ( အထက်အထက် ရောက်အောင် ပို့ဆောင်တတ်သော) ဝီရိယတော်ပြည့်စုံလျှင် နောက်ဖြစ်သော ခန္တီပါရမီ သစ္စာပါရမီ အစရှိသည့် ပါရမီတော်များ ဒါန သီလ အစရှိသော ရှေးပါရမီတော်များလည်း ဝီရိယနှင့်စပ်၍ ဖြစ်ခြင်းကြောင့် ပြည့်စုံကြတော့သည်သာ ဖြစ်ရကား ခန္တီပါရမီ အစရှိသော နောက်နောက်ပါရမီတို့၌လည်း ဤနည်းဖြင့် ကျင့်ပုံအစဉ်ကို သိရာ၏။

ဤသို့လျှင် ...

သတ္တဝါတို့အား ချမ်းသာသုခ၏ အဆောက်အဦဖြစ်သော လှူဖွယ်ဝတ္ထုတို့ကို စွန့်လှူခြင်းဖြင့် အထူးထူးအပြားပြား ချီးမြှောက်ခြင်းသည် ဒါနဖြင့် ဖြည့်ကျင့်ခြင်းဖြစ်သည်။ သတ္တဝါတို့၏ အသက် ဥစ္စာအနှစ် သားမယားတို့ကို မဖျက်ဆီးခြင်း စောင့်ရှောက်ခြင်း မကွဲပြားစေခြင်း ချစ်ဖွယ်စကား ပြောကြားခြင်း အစီးအပွါးရှိသော စကားကို ပြောကြားခြင်း စသည်သည် သီလဖြင့် ဖြည့်ကျင့်ခြင်း ဖြစ်သည်။ ထို့အတူ နေက္ခမ္မဖြင့် သတ္တဝါတို့၏ ပစ္စည်းလေးပါးကိုခံယူခြင်း သတ္တဝါတို့အား တရားအလှူကို ပေးခြင်း စသည်ဖြင့် များစွာသော အစီးအပွါးကို ကျင့်ခြင်း....ပညာဖြင့် သတ္တဝါတို့၏ စီးပွါးဖြစ်ကြောင်း ဥပါယ်ကောင်း၌ ကျွမ်းကျင်သိမြင် လိမ္မာခြင်း....ဝီရိယဖြင့် ထိုဥပါယ်ကောင်း၌ အဆင်းရဲခံကာ မဆုတ်မနစ် အားထုတ်တော်မူခြင်း....ခန္တီဖြင့် သတ္တဝါတို့ ပြစ်မှားသမျှ အပြစ်များကို သည်းခံခြင်း....သစ္စာဖြင့် သတ္တဝါတို့အား မလိမ်

WWW.DHAMMARANSI.COM



လည် မလှည့်ဖြားခြင်း သတ္တဝါတို့အား ကျေးဇူးပြုရန် ဆောက်တည်ချက်ကို မချွတ်ယွင်းစေခြင်း....အဓိဋ္ဌာန်ဖြင့် သတ္တဝါတို့ ကျေးဇူးရှိရန် ရွက်ဆောင်ခြင်းကြောင့် ကိုယ်တော့်အပေါ်၌ အကျိုးမဲ့ရောက်စေကာမူ မတုန်လှုပ်ခြင်း.... မေတ္တာဖြင့် သတ္တဝါတို့၏ စီးပွါးချမ်းသာကို အဖန်ဖန်ကြံစည်ခြင်း....ဥပေက္ခာဖြင့် သတ္တဝါတို့က ကိုယ်တော့်အပေါ် ကျေးဇူးပြုမှု ကျေးဇူးမဲ့ကို ပြုမှုတို့ကြောင့် ဖောက်ပြန်မှုသို့ မရောက်ခြင်း....ဤသို့လျှင် အပိုင်းအခြားမရှိသော သတ္တဝါတို့ကို အကြောင်းပြု၍ အလောင်းတော်၏ သူအများနှင့် မဆက်ဆံ (သူမတူတန်) သော မနှိုင်းရှည်နိုင်သည့် ကုသိုလ်ပညာ အဆောက်အဦများကို ဆည်းပူးပွါးများ အားထုတ်ခြင်းနှင့် ရှေး၌ ဆိုအပ်ပြီးသည့် ပါရမီတို့၏ အကြောင်းတရားများကို ရှိသေစွာ ပြည့်စုံစေခြင်းများကို အကျဉ်းချုပ်အားဖြင့် ပါရမီတို့ကို ဖြည့်ကျင့်ခြင်း ပဋိပတ်ဟူ၍ သိမှတ်ရာ၏။

---

## (၁၁) ပါရမီတို့၏ အပြား

"ထိုဆိုအပ်ပြီးသော ပါရမီတို့၏ အပြားကား မည်မျှရှိသနည်း" ဟု မေးခဲ့သော်—

ထိုပါရမီတို့၏ အပြားကား ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါးဟူ၍ အပြားသုံးဆယ် ရှိကုန်၏ဟု အကျဉ်းချုပ် ဖြေဆိုရာ၏။

(ဒါနနှင့်စပ်၍ ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီ ဟူ၍ သုံးပါးပြား၏။ ထို့အတူ သီလ,နေက္ခမ္မ အစရှိသော ကျန်ကိုးပါးတို့နှင့် စပ်၍လည်း တပါးတပါးလျှင် သီလပါရမီ, သီလဥပပါရမီ, သီလပရမတ္ထပါရမီ အစရှိသည်ဖြင့် သုံးပါးစီ သုံးပါးစီ ပြားရကား ပါရမီဆယ်ပါး အကျယ်ပွါးက အပြားသုံးဆယ် ဖြစ်လေသည်။)

WWW.DHAMMARANSI.COM



## ပါရမီ ဥပပါရမီ ပရမတ္ထပါရမီ သုံးပါးအထူး

အဘယ်ကို ပါရမီ ခေါ်သနည်း၊ အဘယ်ကို ဥပပါရမီ ခေါ်သနည်း၊ အဘယ်ကို ပရမတ္ထပါရမီ ခေါ်သနည်းဟု မေးခဲ့သော် ထိုအမေးကို ဖြေဆိုရန် စရိယာပိဋက အဋ္ဌကထာ ဤပကိဏ္ဏကခဏ်း၌ ဆရာအမျိုးမျိုးတို့၏ အယူအဆ အဆိုအမိန့် ဝါဒအမျိုးမျိုးကို ကျယ်ဝန်းစွာ ဖွင့်ပြထားလေသည်။ သို့သော်လည်း ထိုဝါဒအမျိုးမျိုးတို့ကို ဤဗုဒ္ဓဝင်ကျမ်း၌ ပြဆိုနေပါလျှင် ဤဗုဒ္ဓဝင်ကျမ်းကို လေ့လာသူတို့ အယူအဆ အသိဉာဏ် ရောယှက်ရှုပ်ထွေးရာသောကြောင့် စရိယာပိဋကအဋ္ဌကထာဆရာ အရှင်မဟာဓမ္မပါလ မထေရ်မြတ် နှစ်သက်တော်မူသော အဆုံးအဖြတ်ကိုသာ ဤကျမ်း၌ ပြဆိုပေအံ့.....၊

(၁) သားမယား ရွှေငွေ ဥစ္စာ အစရှိသော မိမိကိုယ်မှ အပြင်အပ ဗာဟိရ အသုံးအဆောင်တို့ကို စွန့်လှူခြင်းသည် ဒါနပါရမီ မည်၏၊ လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့ကို စွန့်လှူခြင်းသည် ဒါနဥပပါရမီ မည်၏၊ အသက်ကို စွန့်လှူခြင်းသည် ဒါနပရမတ္ထပါရမီ မည်၏။

(၂) ထို့အတူ သားမယား ရွှေငွေ ဥစ္စာ အစရှိသည့် မိမိကိုယ်မှ အပြင်အပ ဗာဟိရ အသုံးအဆောင်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးပဲ သိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည် သီလပါရမီ မည်၏၊ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးပဲ သိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည် သီလဥပပါရမီ မည်၏၊ အသက်ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးပဲ သိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည် သီလပရမတ္ထပါရမီ မည်၏။

(၃) အပြင်အပ အသုံးအဆောင်တို့၌ တွယ်တာငြိကပ်သော တဏှာ လောဘကို ဖြတ်တောက်၍ တောထွက်ခြင်းသည် နေက္ခမ္မပါရမီ မည်၏၊လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့၌ တွယ်တာ

WWW.DHAMMARANSI.COM



ငြိကပ်သော တဏှာလောဘကို ဖြတ်တောက်၍ တောထွက်ခြင်းသည် နေက္ခမ္မဉပပါရမီ မည်၏၊ အသက်၌ တွယ်တာ ငြိကပ်သော တဏှာလောဘကို ဖြတ်တောက်၍ တောထွက်ခြင်းသည် နေက္ခမ္မပရမတ္ထပါရမီ မည်၏။

(၄) အပြင်အပ အသုံးအဆောင်တို့၌ တွယ်တာငြိကပ်သော တဏှာ လောဘကို ပယ်နုတ်၍ သတ္တဝါတို့၏ စီးပွါး ရှိ-မရှိကို ဆုံးဖြတ် သိမြင် ဆင်ခြင်ခြင်းသည် ပညာပါရမီ မည်၏၊ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်တို့၌ တွယ်တာငြိကပ်သော တဏှာ လောဘကို ပယ်နုတ်၍ သတ္တဝါတို့၏ စီးပွါး ရှိ-မရှိကို ဆုံးဖြတ် သိမြင် ဆင်ခြင်ခြင်းသည် ပညာဉပပါရမီ မည်၏၊ အသက်၌ တွယ်တာငြိကပ်သော တဏှာလောဘကို ပယ်နုတ်၍ သတ္တဝါတို့၏ စီးပွါး ရှိ-မရှိကို ဆုံးဖြတ် သိမြင် ဆင်ခြင်ခြင်းသည် ပညာပရမတ္ထ ပါရမီ မည်၏။

(၅) ဆိုပြီး ဆိုလတ္တံ့ဖြစ်သည့် ပါရမီများ ထမြောက် ပြည့်စုံအောင် အားထုတ်ခြင်းသည် ဝီရိယပါရမီ မည်၏၊ ဆိုပြီး ဆိုလတ္တံ့ဖြစ်သည့် ဉပပါရမီများ ထမြောက် ပြည့်စုံအောင် အားထုတ်ခြင်းသည် ဝီရိယဉပပါရမီ မည်၏၊ ဆိုပြီး ဆိုလတ္တံ့ ဖြစ်သည့် ပရမတ္ထပါရမီများ ထမြောက် ပြည့်စုံအောင် အားထုတ် ခြင်းသည် ဝီရိယပရမတ္ထပါရမီ မည်၏။

(၆) အပြင်အပ အသုံးအဆောင်တို့၏ အန္တရာယ်ကို ပြုတတ်သော လောကဓံတရားများကိုသည်းခံခြင်းသည် ခန္တီပါရမီမည်၏၊ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်တို့၏ အန္တရာယ်ကို ပြုတတ်သော လောကဓံတရားများကို သည်းခံခြင်းသည် ခန္တီဉပပါရမီ မည်၏၊ အသက်၏ အန္တရာယ်ကို ပြုတတ်သော လောကဓံတရား များကို သည်းခံခြင်းသည် ခန္တီပရမတ္ထပါရမီမည်၏။

(၇) အပြင်အပ အသုံးအဆောင်ဟူသောအကြောင်းကြောင့် အမှန်သဘောကို မစွန့်ခြင်းသည် သစ္စာပါရမီ မည်၏၊ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်ဟူသော အကြောင်းကြောင့် အမှန်

WWW.DHAMMARANSI.COM



သဘောကို မစွန့်ခြင်းသည် သစ္စာဥပပါရမီ မည်၏၊ အသက်ဟူသော အကြောင်းကြောင့် အမှန်သဘောကို မစွန့်ခြင်းသည် သစ္စာပရမတ္ထပါရမီ မည်၏။

(၈) "ဒါနအစရှိသော ပါရမီများသည် မပျက်မစီးအောင် ဆောက်တည်နိုင်မှသာ ပြည့်စုံကုန်၏" ဟု စွဲမြဲယုံကြည်ပြီးလျှင် အပြင်အပ အသုံးအဆောင်များ ပျက်စီးသော်လည်း မတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာနပါရမီ မည်၏၊ လက်ခြေ အစရှိသော အင်္ဂါကြီးငယ်တို့ ပျက်စီးသော်လည်း မတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာနဥပပါရမီ မည်၏၊ အသက်ပင် ပျက်စီးသော်လည်း မတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာနပရမတ္ထပါရမီ မည်၏။

(၉) အပြင်အပ အသုံးအဆောင်တို့ကို ဖျက်ဆီးနှိပ်စက်သည့် သတ္တဝါတို့၌သော်လည်း မေတ္တာတရားကို မစွန့်ခြင်း (မေတ္တာအပို မပျက်ခြင်း) သည် မေတ္တာပါရမီမည်၏၊ လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့ကို ဖျက်ဆီးနှိပ်စက်သည့် သတ္တဝါတို့၌သော်လည်း မေတ္တာတရားကို မစွန့်ခြင်း (မေတ္တာအပို မပျက်ခြင်း) သည် မေတ္တာဥပပါရမီ မည်၏၊ မိမိအသက်ကို နှိပ်စက်ဖျက်ဆီးမည့် သတ္တဝါတို့၌သော်လည်း မေတ္တာတရားကို မစွန့်ခြင်း (မေတ္တာအပို မပျက်ခြင်း) သည် မေတ္တာပရမတ္ထပါရမီ မည်၏။

(၁၀) အပြင်အပ အသုံးအဆောင်တို့၏ ကျေးဇူးရှိမှု ကျေးဇူးမဲ့မှုကို ပြုသော သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ မည်၏၊ လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့၏ ကျေးဇူးရှိမှု ကျေးဇူးမဲ့မှုကို ပြုသော သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာဥပပါရမီ မည်၏၊ မိမိအသက်၏ ကျေးဇူးရှိမှု ကျေးဇူးမဲ့မှုကို ပြုသော သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာပရမတ္ထပါရမီ မည်၏။ ဤသို့အစရှိသည်ဖြင့် ပါရမီတို့၏ အကျယ်အပြားကို သိရာ၏။

**(ဤကား ပါရမီတို့၏ အပြားတည်း။)**

WWW.DHAMMARANSI.COM



## (၁၂) ပါရမီတို့၏ အကျဉ်းချုပ် တရားများ

"ပါရမီတို့၏ အကျဉ်းချုပ် တရားများကား အဘယ် တို့နည်း" ဟု မေးခဲ့သော်—

အဖြေကား....ပါရမီအကျယ် အပြားသုံးဆယ်တို့ကို သဘော တူရာ ပေါင်းချုပ်၍ ရေတွက်လျှင်(ဒါနနှင့်စပ်သော ပါရမီသုံးမျိုး ကို ဒါနသဘောချင်းတူသောကြောင့်) ဒါနပါရမီ၊ (သီလနှင့် စပ်သော ပါရမီသုံးမျိုးကို သီလသဘောချင်းတူသောကြောင့်) သီလပါရမီ ဤသို့အစရှိသည်ဖြင့် ဆယ်ပါးသာ သင်္ဂြိုဟ်ရေတွက်ရ သကဲ့သို့၊ ထို့အတူ ဒါန သီလ အစရှိသော ပါရမီဆယ်ပါးတို့ကို တဖန်ထပ်၍ သဘောတူရာ ပေါင်းချုပ် ရေတွက်ပြန်လျှင် ဒါန ပါရမီ, သီလပါရမီ, ခန္တီပါရမီ, ဝီရိယပါရမီ, ဈာနပါရမီ, ပညာ ပါရမီဟူ၍ သဘောရင်း ခြောက်မျိုးသာ အပြားရှိကုန်၏။

**ဒါ သီ ခန် ဝီ၊ ဈာန်နှင့် ပည်၊ ခြောက်မည် သင်္ဂဟ။**

သဘောတူရာ ပေါင်းပုံကား ...နေက္ခမ္မဟူသည်မှာ ရဟန်း အဖြစ်ကိုငင်း ဈာန်တရားကိုငင်း ကုသိုလ်တရား သာမညကိုငင်း ခေါ်ဆိုသည်။ ထိုတွင် ရဟန်းအဖြစ်တည်းဟူသော နေက္ခမ္မကို သီလပါရမီဖြင့် သဘောတူ၍ သင်္ဂြိုဟ်ရေတွက်ရာ၏၊ နီဝရဏမှ ဆိတ်ကင်းသော ဈာန်တရား တည်းဟူသော နေက္ခမ္မမှာ ဈာန ပါရမီပင် ဖြစ်ပေ၏၊ ကုသိုလ်တရား သာမညတည်းဟူသော နေက္ခမ္မကိုကား ခြောက်ပါးလုံးဖြင့်ပင် သင်္ဂြိုဟ်ရေတွက်ရာ၏။

သစ္စာဟူသည်မှာ မှန်ကန်သော စကားတည်းဟူသော ဝစီ သစ္စာ, သမ္မာဝါစာ စေတသိက် တည်းဟူသော ဝိရတီသစ္စာ, ပညာစေတသိက် တည်းဟူသော ဉာဏသစ္စာ ဤသုံးပါးကို ခေါ် ဆိုသည်၊ (နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာကို ဤ၌ မလိုအပ်။) ထိုတွင် ဝစီသစ္စာနှင့် ဝိရတီသစ္စာတို့ကို သီလပါရမီဖြင့် သဘော တူ၍ သင်္ဂြိုဟ်ရေတွက်ရာ၏၊ ဉာဏသစ္စာကား ပညာစေတသိက် ဖြစ်၍ ပညာပါရမီ၌ ရေတွက်ရာ၏။

WWW.DHAMMARANSI.COM



မေတ္တာပါရမီကို ဈာနပါရမီဖြင့် သဘောတူ၍ သင်္ဂြိုဟ်ရေတွက်ရာ၏။

ဥပေက္ခာပါရမီဟူသောစကားဖြင့် တတြမဇ္ဈတ္တတာ စေတသိက် ပညာစေတသိက်နှစ်ပါးပင် ပါဝင်လျက်ရှိရာ တတြမဇ္ဈတ္တတာကို ဈာနပါရမီဖြင့် သဘောတူ၍ သင်္ဂြိုဟ် ရေတွက်ရာ၏၊ ပညာစေတသိက် တည်းဟူသော ဉာဏုပေက္ခာကို ပညာပါရမီဖြင့် သင်္ဂြိုဟ်ရေတွက်ရာ၏။

အဓိဋ္ဌာနပါရမီကိုကား ဒါန,သီလ,ခန္တီ,ဝီရိယ, ဈာန,ပညာ ဤခြောက်ပါးလုံးဖြင့်ပင် သင်္ဂြိုဟ်ရေတွက်ရာ၏။ ။(ဒါနမှု၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်းကို ဒါနပါရမီဖြင့် သင်္ဂြိုဟ် ရေတွက်ရာ၏၊ ထို့အတူ သီလမှု,ခန္တီမှု,ဝီရိယမှု,ဈာနမှု,ပညာမှုတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်းကို မိမိတို့ဆိုင်ရာ သီလပါရမီ, ခန္တီပါရမီ, ဝီရိယပါရမီ, ဈာနပါရမီ, ပညာပါရမီတို့ဖြင့် သင်္ဂြိုဟ်ရေတွက်ရာ၏။)

## ထိုခြောက်ပါးတို့ တွဲစပ်၍
## ရရှိသော အကျိုးကျေးဇူးများ

ဖော်ပြရာပါ ဒါန, သီလ, ခန္တီ, ဝီရိယ, ဈာန, ပညာတည်းဟူသော အကျဉ်းချုပ်တရား ခြောက်ပါးတို့ကို ဒါနနှင့်သီလ၊ ဒါနနှင့် ခန္တီ၊ ဒါနနှင့် ဝီရိယ၊ ဒါနနှင့် ဈာန၊ ဒါနနှင့် ပညာ။ သီလနှင့် ခန္တီ၊ သီလနှင့် ဝီရိယ၊ သီလနှင့် ဈာန၊ သီလနှင့် ပညာ။ ခန္တီနှင့် ဝီရိယ၊ ခန္တီနှင့် ဈာန၊ ခန္တီနှင့် ပညာ။ ဝီရိယနှင့် ဈာန၊ ဝီရိယနှင့် ပညာ။ဈာနနှင့် ပညာဟူ၍ နှစ်ပါးတစုစီ (၁၅-စု) ကို ရှေးဦးစွာ မှတ်ယူရာ၏။ ထိုတွင်—

ဘုရားအလောင်းတော်ကြီးများမှာ····

(က) ဒါနနှင့်သီလ နှစ်ပါးအစုံကြောင့် သူတပါး၏ အစီးအပွါးကို ပြုခြင်း, သူတပါး၏ စီးပွါးမဲ့ကို မပြုခြင်း ဟူသော ကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။

WWW.DHAMMARANSI.COM



(ခ) ဒါနနှင့်ခန္တိ နှစ်ပါးအစုံကြောင့် အလောဘ အဒေါသ ကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။

(ဂ) ဒါနနှင့်ဝီရိယ နှစ်ပါးအစုံကြောင့် စာဂ သုတ ဟူသော ကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။

(ဃ) ဒါနနှင့် ဈာန နှစ်ပါးအစုံကြောင့် ကာမကို ပယ်ခြင်း, ဒေါသကို ပယ်ခြင်း တည်းဟူသော ကောင်းမှု အစုံ ပြီးမြောက် ပြည့်စုံသည်။

(င) ဒါနနှင့် ပညာ နှစ်ပါးအစုံကြောင့် သမထယာဉ် ဝိပဿနာယာဉ် နှစ်ပါး ပြီးမြောက် ပြည့်စုံသည်။ ပရိယတ္တိ အလုပ် ဘာဝနာအလုပ် နှစ်ပါးလည်း ပြီးမြောက် ပြည့် စုံသည်။

(စ) သီလနှင့် ခန္တိ နှစ်ပါးအစုံကြောင့် ကိုယ်နှုတ်တို့ ဖြင့် အားထုတ်မှု၏ စင်ကြယ်ခြင်းတည်းဟူသော ပယောဂသုဒ္ဓိ၊စိတ်နှလုံးအလိုတော်၏ စင်ကြယ်ခြင်းတည်းဟူသော အာသယသုဒ္ဓိ ကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။

(ဆ) သီလနှင့် ဝီရိယ နှစ်ပါးအစုံကြောင့် သမထနှင့် ဝိပဿနာ ဘာဝနာကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။

(ဇ) သီလနှင့် ဈာန နှစ်ပါးအစုံကြောင့် ဝီတိက္ကမ ကိလေသာကိုပယ်ခြင်း ပရိယုဋ္ဌာနကိလေသာကို ပယ်ခြင်း ကောင်းမှုအစုံ ပြီးမြောက် ပြည့်စုံသည်။ ။(ဝီတိက္ကမ ကိလေသာဟူသည် ကာယကံမှု ဝစီကံမှု ကျူးကျော်ခြင်း ကိုယ်ကျူး နှုတ်ကျူးအမှုကို ပြုတတ်သော ကိလေသာကို ခေါ်သည်၊ထိုဝီတိက္ကမ ကိလေသာကို သီလဖြင့် ပယ်သည်။ ပရိယုဋ္ဌာန ကိလေသာဟူသည် ကိုယ်ကျူး နှုတ်ကျူးမှုကို မဖြစ်စေပဲ စိတ်ထဲ၌သာ ထကြွ သောင်းကျန်းသော ကိလေသာကို ခေါ်သည်၊ ထို ပရိယုဋ္ဌာနကိလေသာကို ဈာန်ဖြင့် ပယ်ရှားသည်။)

WWW.DHAMMARANSI.COM



(ဈ) သီလနှင့် ပညာ နှစ်ပါးအစုံကြောင့် အဘယ ဒါန မမ္ဗဒါန နှစ်ပါးအစုံ ပြီးမြောက် ပြည့်စုံသည်။ ။ (သီလရှိမှ အဘယဒါနကို ပြုနိုင်သည်၊ ပညာရှိမှ ဓမ္မဒါန ကို ပြုနိုင်သည်။)

(ဥ) ခန္တီနှင့်ဝီရိယ နှစ်ပါးအစုံကြောင့် ခံနိုင်ရည်ဂုဏ် ထက်မြက်ခြင်းဂုဏ် နှစ်ပါးအစုံ ပြီးမြောက် ပြည့်စုံသည်။ ။ (ခန္တီရှိမှ ကောင်းဆိုး နှစ်တန် လောကဓံကို ခံနိုင်ရည်ရှိ သည်၊ ဝီရိယရှိမှ ကုသိုလ်မှု၌ ဇွဲသန်ထက်မြက်သည်။)

(ဋ) ခန္တီနှင့် ဈာန နှစ်ပါး အစုံကြောင့် ဒေါသဖြင့် ဆန့်ကျင်နေမှုကို ပယ်ခြင်း, လောဘဖြင့် လိုက်လျောနေမှုကို ပယ်ခြင်းတည်းဟူသော အကျိုးနှစ်ပါး ပြီးမြောက် ပြည့်စုံ သည်။ ။(ခန္တီမရှိလျှင် အနိဋ္ဌလောကဓံတို့၌ ဒေါသဖြင့် ဆန့်ကျင်နေတတ်၏၊ ဈာန်မရှိလျှင် ဣဋ္ဌလောကဓံတို့၌ လောဘဖြင့် လိုက်လျော နှစ်မျောနေတတ်၏။)

(ဌ) ခန္တီနှင့်ပညာ နှစ်ပါး အစုံကြောင့် ရုပ်နာမ် တရားတို့၏ သုညတဗီဝသဘောမှ ဆိတ်သုဉ်းမှုကို စူးစူး စိုက်စိုက် ကြည့်ရှုနိုင်ခြင်း (ဓမ္မနိဇ္ဈာနက္ခန္တီကို ဆိုလိုသည်၊) နိဗ္ဗာန်ကို ထိုးထွင်း သိမြင်နိုင်ခြင်း အကျိုးနှစ်ပါး ပြီးမြောက် ပြည့်စုံသည်။

(ဍ) ဝီရိယနှင့်ဈာန နှစ်ပါးအစုံကြောင့် ချီးမြှောက် ခြင်း ပဂ္ဂဟတရား, မပြန့်လွင့်ခြင်း အဝိက္ခေပတရားနှစ်ပါး တို့ ပြီးမြောက် ပြည့်စုံသည်။

(ဎ) ဝီရိယနှင့်ပညာ နှစ်ပါးအစုံကြောင့် ဝေနေယျ တို့၏ ကိုးစားရာဖြစ်ခြင်း, ကိုယ်တော်မြတ်၏ ကိုးစားရာ ဖြစ်ခြင်း အကျိုးနှစ်ပါးစုံ ပြီးမြောက် ပြည့်စုံသည်။ ။(ဝီရိယ ကြောင့် ဝေနေယျတို့၏ ကိုးစားရာဖြစ်သည်၊ ပညာကြောင့် ကိုယ်တော်မြတ်၏ ကိုးစားရာဖြစ်သည်ဟု ဆိုလိုသည်။)

(ဏ) ဈာနနှင့်ပညာ နှစ်ပါးအစုံကြောင့် သမထ ယာဉ် ဝိပဿနာယာဉ် နှစ်ပါးတို့ ပြီးမြောက် ပြည့်စုံသည်။

WWW.DHAMMARANSI.COM



## သုံးပါးအစုံကြောင့် အကျိုးရပုံ

ဘုရားအလောင်းတော်ကြီးများမှာ····

(၁) ဒါန,သီလ,ခန္တီ သုံးပါးအစုံကြောင့် လောဘ, ဒေါသ, မောဟ တည်းဟူသော အကုသိုလ် မူလတရား သုံးပါးကိုပယ်ရှားခြင်း အကျိုးသုံးပါးရသည်။ ။(ဒါနဖြင့် လောဘကို ပယ်သည်၊သီလဖြင့် ဒေါသကို ပယ်သည်၊ခန္တီ ဖြင့် မောဟကို ပယ်သည်။)

(၂) ဒါန,သီလ,ဝီရိယ သုံးပါးအစုံကြောင့် စည်းစိမ် ဥစ္စာ၏ အနှစ်ကိုယူခြင်း, ကိုယ်ခန္ဓာ၏ အနှစ်ကိုယူခြင်း, အသက်၏အနှစ်ကိုယူခြင်း အကျိုးသုံးပါးရသည်။ ။(ရန်သူ မျိုးငါးပါးတို့နှင့် ဆက်ဆံနေသောကြောင့် အနှစ်သာရ မရှိသော စည်းစိမ်ဥစ္စာ၏ အနှစ်သာရကား ဒါနသာလျှင် ဖြစ်၏၊ များစွာသော အနာရောဂါမျိုးတို့နှင့် ဆက်ဆံနေ သောကြောင့် အနှစ်သာရမရှိသော ကိုယ်ခန္ဓာ၏ အနှစ် သာရကား သီလသာလျှင်ဖြစ်၏၊ပျက်စီးခြင်းလျှင် အဆုံးရှိ သောကြောင့် အနှစ်သာရမရှိသော အသက်၏ အနှစ် သာရကား ဝိပဿနာတရား ပွါးများအားထုတ်ခြင်းသာ လျှင်ဖြစ်၏။ ဤအကြောင်းကို ဒသကနိပါတ် ကဏှဇာတ် အဋ္ဌကထာ၌ ပြဆို၏။)

(၃) ဒါန, သီလ, ဈာန သုံးပါးအစုံကြောင့် ဒါန, သီလ, ဘာဝနာဟူသော ပုညကိရိယာ (ကောင်းမှုအလုပ် ကိစ္စကြီး)သုံးမျိုး ပြီးမြောက်ခြင်း အကျိုးရသည်။

(၄) ဒါန,သီလ,ပညာ သုံးပါးအစုံကြောင့် အာမိသ ဒါန,အဘယဒါန,ဓမ္မဒါန သုံးပါးပြီးမြောက်ခြင်း အကျိုး ရသည်။ ။(ဒါနကြောင့် အာမိသဒါန ပြီးမြောက်သည်၊ သီလကြောင့် အဘယဒါနပြီးမြောက်သည်၊ပညာကြောင့် ဓမ္မဒါန ပြီးမြောက်သည်။)

WWW.DHAMMARANSI.COM



ဤနည်းအတူ ကြွင်းကျန်သော တရားသုံးပါး အစုံ, လေးပါး အစုံတို့ကြောင့် အကျိုးသုံးပါး, လေးပါးတို့ ပြီးမြောက်ပုံတို့ကိုလည်း ထိုက်သည်အားလျော်စွာ ယှဉ်စပ်သိမြင်ရာ၏။

## ပါရမီခြောက်ပါးတို့ကို တရားလေးပါးတို့ဖြင့် သင်္ဂြိုဟ်ရေတွက်ပုံ

ဆိုခဲ့ပြီးသည့်အတိုင်း သဘောတူရာကို ပေါင်း၍ ဒါနပါရမီ၊ သီလပါရမီ၊ ခန္တီပါရမီ၊ ဝီရိယပါရမီ၊ ဈာနပါရမီ၊ ပညာပါရမီဟူ၍ ခြောက်မျိုးအပြားရှိသော ပါရမီတို့ကို **အဓိဋ္ဌာနတရား** လေးပါးတို့ဖြင့် သင်္ဂြိုဟ်ရေတွက်ပုံကိုလည်း သိမှတ်ရာ၏။ မှန်၏….ပါရမီခြောက်ပါးတို့ကို တဖန်ချုံး၍ စုရုံးရေတွက်ပြန်လျှင် အဓိဋ္ဌာနတရား လေးပါးတို့ဖြစ်ကုန်၏။

## အဓိဋ္ဌာနတရားကြီးလေးပါး

အလောင်းတော်သူမြတ်တို့၏ ပါရမီဖြည့်တော်မူရာ ဘဝတို့၌၎င်း ဘုရားဖြစ်တော်မူရာ ဘဝ၌၎င်း ထောက်တည် ရပ်နားရာ တရားကြီးလေးမျိုးကို အဓိဋ္ဌာနတရား လေးပါးဟူ၍ ခေါ်သည်။ ထိုအဓိဋ္ဌာနတရား လေးပါးဟူသော်ကား….

**"သစ္စာ စာဂ၊ ဥပသမာ၊ မြတ်ပညာ၊ လေးဖြာဓိဋ္ဌာန်"**–
ဟူသောအတိုင်း—

(၁) သစ္စာဓိဋ္ဌာနတရား၊
(၂) စာဂါဓိဋ္ဌာနတရား၊
(၃) ဥပသမာဓိဋ္ဌာနတရား၊
(၄) ပညာဓိဋ္ဌာနတရား—

ဤလေးပါးတို့ ဖြစ်သည်၊ ထိုလေးပါးတို့တွင်—

(၁) **သစ္စာဓိဋ္ဌာနတရား** ဟူသည်ကား….ပရမတ္ထ သစ္စာ ဖြစ်သော နိဗ္ဗာန်နှင့်တကွ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းရကြောင်း

WWW.DHAMMARANSI.COM



ဖြစ်သည့် (ပုဗ္ဗဘာဂပဋိပဒါ) ရှေးပိုင်းကာလ အကျင့် ပဋိပတ်
ဖြစ်သော ဝစီသစ္စာ = (မှန်ကန်သောစကား) ဝိရတီသစ္စာ =
(ဝစီဒုစရိုက် လေးပါး တို့မှ ရှောင်ကြဉ်သော သမ္မာဝါစာ
စေတသိက်)ဉာဏသစ္စာ = (ပညာစေတသိက်) ဤတရားတို့သည်
သစ္စာဓိဋ္ဌာနတရား မည်ကုန်၏။ ။(ပါရမီဖြည့်စဉ်ဘဝ ဘုရား
ဖြစ်ရာ ဘဝတို့၌ ထောက်တည် ရပ်နားရာ ဖြစ်သောကြောင့်
ဝစီသစ္စာ ဝိရတီသစ္စာ ဉာဏသစ္စာ တို့သည် အဓိဋ္ဌာန တရား
မည်ကုန်၏။ ဘုရားဖြစ်ရာဘဝ၌ ထောက်တည် ရပ်နားရာဖြစ်
သောကြောင့် နိဗ္ဗာန်တည်းဟူသော ပရမတ္ထသစ္စာသည် အဓိဋ္ဌာန
တရားမည်၏။)

(၂) **စာဂါဓိဋ္ဌာနတရား** ဟူသည်ကား ... အရဟတ္တမဂ်ဖြင့်
အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် စွန့်လွှတ်
ခြင်း၊ ထိုသို့ စွန့်လွှတ်နိုင်ရန် ရှေးပိုင်းကာလ အလောင်းတော်
ဘဝတို့၌ ဒါနအစရှိသော ထိုထိုပါရမီတို့ဖြင့် ထိုထိုဝတ္ထုကာမ
ကိလေသကာမတို့ကို စွန့်လွှတ်ပယ်ရှားခြင်းတို့သည် စာဂါဓိဋ္ဌာန
တရားမည်ကုန်၏။ ။(အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်ကာလ
တို့၌ ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် မစွန့်မပယ်နိုင်သေး
ရကား ဒါနစသော ပါရမီတို့ဖြင့် ထိုက်သည့်အလျောက် ဝတ္ထု
ကာမတို့ကို စွန့်လွှတ်ခြင်း ကိလေသကာမတို့ကို တဒင်္ဂပဟာန်
ဝိက္ခမ္ဘနပဟာန်အနေဖြင့် ပယ်စွန့်ခြင်းတို့၌သာ အလောင်းတော်
ကြီးများ ထောက်တည် ရပ်နားတော်မူကြရသည်။ အရဟတ္တမဂ်
ဉာဏ် သဗ္ဗညုတဉာဏ်သို့ရောက်၍ ဘုရားဖြစ်တော်မူမှသာ အလုံး
စုံသော ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်စွန့်ခြင်း၌
အပြီးတိုင် ထောက်တည် ရပ်နားတော်မူကြရသည်။ ထို့ကြောင့်
အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့
အမြစ်ပြတ် ပယ်စွန့်ခြင်း အလောင်းတော်ဘဝ၌ ဒါနစသော
ပါရမီတို့ဖြင့် ထိုထိုဝတ္ထုကာမ ကိလေသကာမတို့ကို တဒင်္ဂ
ပဟာန် ဝိက္ခမ္ဘနပဟာန်အနေဖြင့် ပယ်စွန့်ခြင်းတို့ကို စာဂါဓိဋ္ဌာန
တရားဟူ၍ ခေါ်ဆိုသည်။)

WWW.DHAMMARANSI.COM



(၃) **ဥပသမာဓိဋ္ဌာနတရား** ဟူသည်ကား····အရဟတ္တမဂ်ဖြင့် ကိလေသာဟူ အပူခပ်သိမ်း အကြွင်းမဲ့ အေးငြိမ်းခြင်း ပရိနိဗ္ဗာနဂ ာလ၌ ဝဋ္ဋဒုက္ခခပ်သိမ်း အကြွင်းမဲ့ အေးငြိမ်းခြင်း ထိုသို့ အကြွင်းမဲ့ အမြစ်ပြတ် ကိစ္စပြီး အေးငြိမ်းရန် ရှေးပိုင်းကာလ အလောင်းတော်ဘဝတို့၌ ဒါနအစရှိသော ထိုထို ပါရမီတို့ဖြင့် လောဘ ဒေါသ မောဟစသော ထိုထို ကိလေသာအပူတို့၏ တဒင်္ဂ ဝိက္ခမ္ဘနအနေဖြင့် အေးငြိမ်းခြင်းသည် ဥပသမာဓိဋ္ဌာန တရားမည်၏။ ။(အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်ကာလတို့၌ ကိလေသာအပူ ဝဋ္ဋဒုက္ခအပူများ အကြွင်းမဲ့ အမြစ်ပြတ် ကိစ္စပြီး မအေးငြိမ်းသေးသဖြင့် ထိုသို့ အေးငြိမ်းခြင်း၏ အကြောင်းဖြစ်သော ဒါနအစရှိသည့် ပါရမီတို့ဖြင့် ထိုထိုလောဘ ဒေါသ မောဟစသော ကိလေသာတို့၏ တဒင်္ဂ ဝိက္ခမ္ဘနအနေဖြင့် အေးငြိမ်းခြင်း၌သာ အလောင်းတော်ကြီးများသည် အခိုက်အတန့် အားဖြင့် ထောက်တည် ရပ်နားတော်မူကြသည်။ ဘုရားဖြစ်မှသာ ကိလေသာအပူ ဝဋ္ဋဒုက္ခအပူတို့၏ အကြွင်းမဲ့ အမြစ်ပြတ် အေးငြိမ်းခြင်း၌ ကိစ္စပြီး ထောက်တည် ရပ်နားတော်မူကြရသည်။ ထို့ကြောင့် ဆိုအပ်ပြီးသည့် ကိလေသာအပူ ဝဋ္ဋဒုက္ခအပူတို့၏ အေးငြိမ်းခြင်းတို့ကို ဥပသမာဓိဋ္ဌာန တရားဟူ၍ ခေါ်ဆိုသည်။)

(၄) **ပညာဓိဋ္ဌာနတရား** ဟူသည်ကား····အရဟတ္တဖိုလ်ပညာ သဗ္ဗညုတဉာဏ် ပညာတို့နှင့်တကွ ထိုပညာတို့ကို ရရှိကြောင်းဖြစ်သည့် ရှေးပိုင်းကာလ အလောင်းတော်ကြီးများ သန္တာန်၌ ဖြစ်ပွါးသမျှ ဥပါယကောသလ္လဉာဏ် အစရှိသော ဉာဏ်ပညာအမျိုးမျိုးသည် ပညာဓိဋ္ဌာနတရား မည်၏။ ။(အလောင်းတော်ဘဝ ရှေးပိုင်းပညာတို့၌သာ ထောက်တည် ရပ်နားတော်မူကြရသည်။ ဘုရားဖြစ်သော အခါမှ အရဟတ္တဖိုလ်ပညာ သဗ္ဗညုတဉာဏ် ပညာတို့၌ ထောက်တည် ရပ်နားတော်မူကြရသည်။ထို့ကြောင့် ဆိုအပ်ပြီးသည့် **ဉာဏ်ပညာအမျိုးမျိုးတို့သည် ပညာဓိဋ္ဌာနတရား မည်ကုန်၏။**)

WWW.DHAMMARANSI.COM



ပုထုဇန် အန္ဓ မေ့လျော့ကြသောသူတို့မှာ ဝဋ္ဋကာမ္မွ သာ ထောက်တည် ရပ်နားကြသဖြင့် ထိုဝဋ္ဋကာမ တရားတို့သည် ထိုပုထုဇန် အန္ဓတို့၏ ထောက်တည် ရပ်နားရာ ဖြစ်ကုန်၏။ အလောင်းအလျာ သူမြတ်တို့မှာကား ထို ဝဋ္ဋကာမတရားတို့၏ အပြစ်ကို ကောင်းစွာ သိမြင်တော်မူကြသောကြောင့် ထိုဝဋ္ဋကာမတို့မှ ထွက်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည့် သစ္စာ စာဂ ဥပသမ ပညာ ဤတရားလေးပါးတို့၌ ထောက်တည် ရပ်နားတော်မူကြ သဖြင့် ထို တရားလေးပါးတို့သည် အလောင်းတော်ကြီး များ၏ ထောက်တည် ရပ်နားရာ အဓိဋ္ဌာနတရားကြီးတို့ ဖြစ်ကုန်၏။

## ဘုရားအလောင်းတော်သန္တာန်၌ အဓိဋ္ဌာနတရား လေးပါးတို့ ဖြစ်ပွါးကြပုံ

ဘုရားဆုပန် နိယတဗျာဒိတ် ခံတော်မူပြီးသော အလောင်း တော်သူမြတ်သည် ပါရမီပဝိစယဉာဏ်တော်ဖြင့် ပါရမီတော်တို့ ကို ဆင်ခြင်ပြီးလျှင် ထိုပါရမီတို့ကို ဘုရားအဖြစ်သို့ တိုင်ရောက် အောင် ဆောက်တည် ဖြည့်ကျင့်တော်မူမည်ဟု ကြံစည်ဝန်ခံ တော်မူခဲ့သည့်အတိုင်း ကိုယ်တော်မြတ်၏ ဝစီသစ္စာကို အကောင် အထည် ဖော်သောအနေဖြင့် အလုံးစုံသော ပါရမီတို့ကို ဖြည့်ကျင့် သိမ်းဆည်း အရယူတော်မူလေသည်။ ထို့ကြောင့် အလောင်း တော်၏ သန္တာန်၌ သစ္စာဓိဋ္ဌာနတရား ထင်ရှားဖြစ်ပေါ်နေ၏။

ပါရမီတို့ကို ဖြည့်ကျင့်သောအခါ ထိုပါရမီတို့၏ ဆန့်ကျင် ဘက် ဖြစ်သည့် ကိလေသာတို့ကို စွန့်ပယ်တော်မူခြင်း,ဝဋ္ဋကာမ တို့ကိုလည်း စွန့်ပယ်တော်မူခြင်းကြောင့် စာဂါဓိဋ္ဌာန တရား လည်း ထင်ရှား ဖြစ်ပေါ်နေ၏။

ပါရမီကျေးဇူးဂုဏ်တို့ဖြင့် ကိလေသာအပြစ်များ ငြိမ်းအေး ခြင်းကြောင့် ဥပသမာဓိဋ္ဌာနတရားလည်း ထင်ရှားဖြစ်ပေါ်နေ၏။

WWW.DHAMMARANSI.COM



ထိုပါရမီတို့ဖြင့်ပင် သူတပါးတို့၏ စီးပွါးဖြစ်ကြောင်း ဥပါယ်ကောင်း၌ လိမ္မာကျွမ်းကျင်တော်မူသောကြောင့် ပညာဓိဋ္ဌာန တရားလည်း ထင်ရှားဖြစ်ပေါ်နေ၏။

(ပါရမီဆယ်ပါး ပါရမီခြောက်ပါးတို့ကို ဖြည့်တိုင်း ဖြည့်တိုင်း (ဝါ) ပါရမီကောင်းမှု ကုသိုလ်များ ဖြစ်တိုင်း ဖြစ်တိုင်းပင် အလောင်းတော်၏ သန္တာန်၌(၁)ဝန်ခံချက် အတိုင်း မချွတ်မယွင်း အားထုတ်မှုဟူသော သစ္စာဓိဋ္ဌာန တရား....၊ (၂)ပါရမီတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ် တရားတို့ကို ပယ်စွန့်မှုဟူသော စာဂါဓိဋ္ဌာနတရား....၊ (၃)ကိလေသာအပြစ်ဘေး ငြိမ်းအေးမှုဟူသော ဥပသမာဓိဋ္ဌာန တရား....၊ (၄) သတ္တဝါတို့၏ စီးပွါးဖြစ်ကြောင်း ဥပါယ်ကောင်း၌ လိမ္မာကျွမ်းကျင်မှုဟူသော ပညာဓိဋ္ဌာန တရားတို့ ထင်ရှား ဖြစ်ပေါ်နေသောကြောင့် ဆိုအပ်ပြီးသည့် ပါရမီခြောက်ပါးတို့ကို တဖန်ထပ်၍ ချုံးပြန်လျှင် သစ္စာ, စာဂ, ဥပသမ, ပညာဟူသော အဓိဋ္ဌာန တရား လေးပါးတို့ ဖြစ်လာ၏ဟု ဆိုလိုသည်။)

အပြစ်ကင်းသော လောကီစီးပွါးမှု တခုခုကို ပြုလုပ်အားထုတ်သောသူသည် ထိုအလုပ်အတွက် ရည်ရွယ်ချက် အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ခံစားရသောအခါ ထိုစီးပွါးမှုကို ထပ်ကာထပ်ကာ တိုး၍တိုး၍ လုံ့လကြိုးကုတ် အားထုတ် ပြုလုပ်လေသည်။ ဤ၌ ရှေးရှေးပြုလုပ် အားထုတ်အပ်သော စီးပွါးမှုအတွက် အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကား အကြောင်း၊ ထိုစီးပွါးမှုကို ထပ်ကာထပ်ကာ တိုး၍တိုး၍ လုံ့လကြိုးကုတ် အားထုတ် ပြုလုပ်သည်ကား အကျိုးဖြစ်လေသည်။

ထို့အတူပင် အပြစ်ကင်းလှသော ပါရမီကောင်းမှု ကုသိုလ်အလုပ်ကို အားထုတ်တော်မူသော အလောင်းတော်သူမြတ်သည် လည်း ထိုအားထုတ်အပ်သည့် ပါရမီကောင်းမှုအတွက် ဝစီသစ္စာတည်းဟူသော ချိုမြိန်လှစွာသော အရသာ(သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ယက္ခသံယုတ်ပါဠိ)၊ဆန့်ကျင်ဘက်ကိလေသာတို့ကို

WWW.DHAMMARANSI.COM



ပယ်စွန့်ရခြင်း စာဂ၊ ထိုကိလေသာအပူ ငြိမ်းအေးခြင်း ဥပသမ၊ ဥပါယကောသလ္လဉာဏ်ပညာ တည်းဟူသော ထောက်တည်ရာ အဓိဋ္ဌာနတရားလေးပါး အကျိုးဖြစ်ထွန်း အမြွတ်အစွန်း ထွက်မှုကို လက်တွေ့သုံးဆောင် ခံစားတော်မူရသဖြင့် ထိုပါရမီကောင်းမှုတို့ကို တဘဝထက် တဘဝ ထပ်ကာထပ်ကာ တိုး၍တိုး၍ လုံ့လကြိုးကုတ် အားထုတ်တော်မူလေသည်။ ယင်းသို့ အားထုတ်တော်မူရာ၌ ရှေးရှေး ပါရမီကောင်းမှုတို့ကို အားထုတ်သောအခါ လက်တွေ့ သုံးဆောင် ခံစားရသော အဓိဋ္ဌာနတရား လေးပါး အကျိုးဖြစ်ထွန်း အမြွတ်အစွန်းထွက်မှုကား အကြောင်း၊ နောက်နောက်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ အားထုတ်အပ်သော ပါရမီကောင်းမှု ကုသိုလ်များကား အကျိုးဖြစ်လေသည်။ ပါရမီကောင်းမှုများ ဖြစ်ပွါးနေသည်ဆိုသည်နှင့် အဓိဋ္ဌာနတရားလေးပါးတို့ ဖြစ်ပွါးနေသည် ဆိုသည်မှာ အသံချင်းသာ ကွဲ၍ တရားသဘောအားဖြင့် တူနေသည်ကို ဆင်ခြင်သိရှိရာ၏။ အသေးစိတ်အားဖြင့် ဖော်ပြသော်....

(၁) ဒါနပါရမီ ကောင်းမှု ဆည်းပူးတော်မူနေဆဲအခါ အလောင်းတော်သူမြတ်သည် (က) အလှူခံကိုမြင်လျှင် လှူပေအံ့-ဟု ဝန်ခံကြိုးစည်ခဲ့သည့်အတိုင်း မချွတ်မယွင်း လှူဒါန်းရခြင်းတည်းဟူသော သစ္စာဓိဋ္ဌာနတရား၊ (ခ) ဒါန၏ ဆန့်ကျင်ဘက် ရန်သူများဖြစ်ကြသည့် မစ္ဆရိယအစရှိသော အကုသိုလ်တရားတို့ကို ပယ်စွန့်ရခြင်း တည်းဟူသော စာဂါဓိဋ္ဌာနတရား၊ (ဂ) လှူဖွယ်ဝတ္ထု၌ တပ်မက်သော လောဘ၊ (မလှူလိုသူတို့အား ဖြစ်ပေါ်တတ်သည့်) အလှူခံပုဂ္ဂိုလ်၌ မုန်းတီးခြင်း ဒေါသ၊ အလှူဒါန၌ တွေဝေခြင်း မောဟ (မလှူလျှင် ဒါန၌ တွေဝေခြင်း မောဟ ဖြစ်တတ်သည်)၊ လှူဖွယ်ဝတ္ထုတို့ တနည်းနည်းဖြင့် ကုန်ခန်းပျက်စီးသွားလျှင် မလှူလိုသူတို့အား ဖြစ်ပွါးတတ်သည့် မစားမသောက် မသုံးရမည်ကို ကြောက်ရွံ့ခြင်း ဘယ၊ ဤ အကုသိုလ်ဘေးကြီးများ ငြိမ်းအေးမှုတည်းဟူသော ဥပသမာဓိဋ္ဌာနတရား၊ (ဃ) ထိုက်သည့် အားလျော်စွာ အခါကာလအလိုက် စီမံရင်းရှိသည့်အတိုင်း ဉာဏ်

WWW.DHAMMARANSI.COM



ပညာ ရှေ့သွားပြုကာ လျှော်ဒါန်းရမှု ယင်းသို့လျှော်ရာ၌ ပညာတရား အကြီးအမြတ်ရှိမှု တည်းဟူသော ပညာဝိဋ္ဌာနတရား ဤလေးပါးသော အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ သုံးဆောင် ခံစားရသောကြောင့် နောက်နောက်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ ဒါနပါရမီတရားကို ပွါးများ ဖြည့်ကျင့်တော်မူလေသည်။

(၂) ထို့အတူ သီလပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူသောအခါ အလောင်းတော် သူမြတ်သည် ဆောက်တည်ချက်အတိုင်း သိက္ခာပုဒ်များကို မလွန်ကျူးခြင်း တည်းဟူသော သစ္စာဝိဋ္ဌာနတရား၊ ဒုသီလျ စေတနာဆိုး အကုသိုလ်ဘေးမျိုးကို စွန့်ပယ်ရခြင်း တည်းဟူသော စာဂါဝိဋ္ဌာနတရား၊ ဒုစရိုက်ဘေး ငြိမ်းအေးခြင်း တည်းဟူသော ဥပသမာဝိဋ္ဌာနတရား၊ ပညာဉာဏ် အကြီးအမြတ်ရှိခြင်း တည်းဟူသော ပညာဝိဋ္ဌာနတရား ဤလေးမျိုးသော အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ သုံးဆောင် ခံစားရသောကြောင့် နောက်နောက်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ သီလပါရမီတရားကို ပွါးများ ဖြည့်ကျင့်တော်မူလေသည်။

(၃) ခန္တီပါရမီကို ဖြည့်ကျင့် ဆည်းပူးတော်မူသောအခါ အလောင်းတော်သူမြတ်သည် ဝန်ခံတော်မူခဲ့တိုင်း မချွတ်မယွင်း သည်းခံတော်မူရခြင်းတည်းဟူသော သစ္စာဝိဋ္ဌာနတရား၊ သူတပါးတို့၏ အမှားပြုမှု ပြောဆိုချက်များအတွက် တွေ့ရာစဉ်းစား အကုသိုလ်များမှုကို ပယ်စွန့်ရခြင်းတည်းဟူသော စာဂါဝိဋ္ဌာနတရား၊ အမျက်ကောဓ ထကြွသောင်းကျန်းမှု၏ ငြိမ်းအေးခြင်း တည်းဟူသော ဥပသမာဝိဋ္ဌာနတရား၊ ပညာဉာဏ် အကြီးအမြတ်ရှိခြင်း တည်းဟူသော ပညာဝိဋ္ဌာနတရား ဤလေးမျိုးသော အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ သုံးဆောင် ခံစားရသောကြောင့် နောက်နောက်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ ခန္တီပါရမီတရားကို ပွါးများ ဖြည့်ကျင့်တော်မူလေသည်။

(၄) ဝီရိယပါရမီကို ဖြည့်ကျင့် ဆည်းပူးတော်မူသောအခါ အလောင်းတော်သူမြတ်သည် ဝန်ခံတော်မူခဲ့တိုင်း သူတပါး၏

WWW.DHAMMARANSI.COM



အစီးအပွါးကို ပြုလုပ် အားထုတ်ရခြင်းတည်းဟူသော သစ္စာဓိဋ္ဌာန တရား၊ ရေဒ့ရဲဆုတ်နစ် အစွမ်းညံ့မှုကို စွန့်ပယ်ရခြင်းတည်းဟူ သော စာဂါဓိဋ္ဌာနတရား၊ အကုသိုလ်ဘေး ငြိမ်းအေးခြင်းတည်း ဟူသော ဥပသမာဓိဋ္ဌာနတရား၊ ပညာဉာဏ် အကြီးအမြတ်ရှိခြင်း တည်းဟူသော ပညာဓိဋ္ဌာနတရား ဤလေးမျိုးသော အကျိုး ဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ သုံးဆောင် ခံစား ရသောကြောင့် နောက်နောက်အခါ ထပ်ကာ ထပ်ကာ တိုး၍ တိုး၍ ဝီရိယပါရမီတရားကို ပွါးများ ဖြည့်ကျင့်တော်မူလေသည်။

(၅) ဈာနပါရမီကို ဖြည့်ကျင့် ဆည်းပူးတော်မူသောအခါ အလောင်းတော်သူမြတ်သည် ဝန်ခံတော်မူခဲ့တိုင်း လောက၏ အစီးအပွါးကို စိုက်စိုက်စူးစူး ကြံစည် ရှုကြည့်တော်မူရခြင်း တည်းဟူသော သစ္စာဓိဋ္ဌာနတရား၊ နီဝရဏ အကုသိုလ်များကို ပယ်ရှား စွန့်ပစ်ရခြင်းတည်းဟူသော စာဂါဓိဋ္ဌာနတရား၊ စိတ်၏ ငြိမ်းအေးခြင်းတည်းဟူသော ဥပသမာဓိဋ္ဌာနတရား၊ ပညာဉာဏ် အကြီးအမြတ်ရှိခြင်း တည်းဟူသော ပညာဓိဋ္ဌာနတရား ဤ လေးမျိုးသော အကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့ သုံးဆောင် ခံစားရသောကြောင့် နောက်နောက်အခါ ထပ်ကာ ထပ်ကာ တိုး၍ တိုး၍ ဈာနပါရမီတရားကို ပွါးများ ဖြည့်ကျင့် တော်မူလေသည်။

(၆) ပညာပါရမီကို ဖြည့်ကျင့် ဆည်းပူးတော်မူသောအခါ အလောင်းတော်သူမြတ်သည် ဝန်ခံတော်မူခဲ့တိုင်း သူတပါးတို့ စီးပွါးဖြစ်ကြောင်း ဥပါယ်ကောင်း၌ ကျွမ်းကျင်လိမ္မာစွာ ဆောင် ရွက်ရခြင်း တည်းဟူသော သစ္စာဓိဋ္ဌာနတရား၊ လမ်းလွဲလိုက်စား အမှားမှား ပြုလုပ်မှုတို့ကို စွန့်ပယ်ရခြင်း တည်းဟူသော စာဂါ-ဓိဋ္ဌာနတရား၊ မသိမလိမ္မာသော အဝိဇ္ဇာကြောင့် ဖြစ်ပွါးသည့် ပူပန်မှုခပ်သိမ်း ငြိမ်းအေးခြင်း တည်းဟူသော ဥပသမာဓိဋ္ဌာန တရား၊ ပညာဉာဏ် အကြီးအမြတ်ရှိခြင်း တည်းဟူသော ပညာ-ဓိဋ္ဌာနတရား ဤလေးမျိုးသော အကျိုးဖြစ်ထွန်း အမြတ်အစွန်း ထွက်မှုကို လက်တွေ့ သုံးဆောင်ခံစားရသောကြောင့် နောက်

WWW.DHAMMARANSI.COM



နောက်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ ပညာပါရမီ တရားကို ပွါးများ ဖြည့်ကျင့်တော်မူလေသည်။

၅၂ ဆိုအပ်ပြီးသော နည်းအတိုင်း ပါရမီကောင်းမှု ကုသိုလ်တရား ဖြစ်ပွါးသည်ဆိုတိုင်းမှာပင် အဓိဋ္ဌာနတရား လေးပါးတို့ ဖြစ်ပွါးနေခြင်းဖြစ်၍ ပါရမီခြောက်ပါးတို့ကို အဓိဋ္ဌာနတရား လေးပါးတို့ဖြင့် သင်္ဂြိုဟ်ရေတွက်ရ၏ဟု ဆိုခြင်း ဖြစ်သည်။

## အဓိဋ္ဌာနတရားချင်း သင်္ဂြိုဟ်ရေတွက်ပုံ

ပါရမီ ခြောက်ပါးတို့ကို အဓိဋ္ဌာနတရား လေးပါးတို့ဖြင့် သင်္ဂြိုဟ် ရေတွက်ရသကဲ့သို့ပင် အဓိဋ္ဌာနတရား လေးပါးတို့တွင်လည်း တပါးတပါးဖြင့် ကျန်သော သုံးပါးသုံးပါးတို့ကို သင်္ဂြိုဟ်ရေတွက်ရ၏။ ပေါင်းစု သင်္ဂြိုဟ်ရေတွက်ပုံမှာ····

စာဂါဓိဋ္ဌာန ဥပသမာဓိဋ္ဌာန ပညာဓိဋ္ဌာန တရားတို့မှာ သစ္စာဓိဋ္ဌာန တရားကဲ့သို့ပင် မချွတ်မယွင်း မှန်ကန်ခြင်း ဝန်ခံချက်အတိုင်း စီမံပြုလုပ်ခြင်း သဘောရှိသောကြောင့် သစ္စာဓိဋ္ဌာနတရားဖြင့် စာဂါဓိဋ္ဌာန ဥပသမာဓိဋ္ဌာန ပညာဓိဋ္ဌာန သုံးပါးတို့ကို သိမ်းကျုံး ယူအပ်ကုန်၏။

သစ္စာဓိဋ္ဌာန ဥပသမာဓိဋ္ဌာန ပညာဓိဋ္ဌာန တရားတို့မှာ စာဂါဓိဋ္ဌာန တရားကဲ့သို့ပင် ဆန့်ကျင်ဘက်ကို ပယ်စွန့်ခြင်း သဘောရှိသောကြောင့်၎င်း အလုံးစုံကို ပယ်စွန့်ခြင်း၏အကျိုး ဖြစ်သောကြောင့်၎င်း စာဂါဓိဋ္ဌာန တရားဖြင့် သစ္စာဓိဋ္ဌာန ဥပသမာဓိဋ္ဌာန ပညာဓိဋ္ဌာန သုံးပါးတို့ကို သိမ်းကျုံး ယူအပ်ကုန်၏။

သစ္စာဓိဋ္ဌာန စာဂါဓိဋ္ဌာန ပညာဓိဋ္ဌာန တရားတို့မှာ ဥပသမာဓိဋ္ဌာန တရားကဲ့သို့ပင် ကမ္မဝဋ္ဋ ကိလေသဝဋ္ဋ အပူခပ်သိမ်း ငြိမ်းအေးခြင်း သဘောရှိသောကြောင့် ဥပသမာဓိဋ္ဌာနတရားဖြင့် သစ္စာဓိဋ္ဌာန စာဂါဓိဋ္ဌာန ပညာဓိဋ္ဌာန သုံးပါးတို့ကို သိမ်းကျုံး ယူအပ်ကုန်၏။

WWW.DHAMMARANSI.COM



သစ္စာဓိဋ္ဌာန စာဂါဓိဋ္ဌာန ဥပသမာဓိဋ္ဌာန တရားတို့မှာ ပညာရှေ့သွားရှိ၍ မိမိတို့က ပညာ၏နောက်လိုက်များ ဖြစ်ကြသောကြောင့် ပညာဓိဋ္ဌာန တရားဖြင့် သစ္စာဓိဋ္ဌာန စာဂါဓိဋ္ဌာန ဥပသမာဓိဋ္ဌာန သုံးပါးတို့ကို သိမ်းကျုံး ယူအပ်ကုန်၏။

## အဓိဋ္ဌာနတရားတို့၏ ကျေးဇူးပြုပုံများ

ဤသို့လျှင် ခပ်သိမ်းသော ပါရမီတို့သည် သစ္စာဓိဋ္ဌာန တရားကြောင့် အမွန်အစ လက်ဦးဖြစ်ပေါ်ကြ၍ စာဂါဓိဋ္ဌာန တရားဖြင့် ဖျက်ဆီးရပ်သဘောအား ထင်ရှားဖြစ်ပေါ်ကြပြီးလျှင် ဥပသမာဓိဋ္ဌာန တရားဖြင့် တိုးတက်စည်ပင် ပွါးစီးကြကုန်လျက် ပညာဓိဋ္ဌာန တရားဖြင့် အဆင့်ဆင့် ထက်ဝန်းကျင် ကိလေသာအညစ်အကြေးတို့မှ ဝေးကွာ စင်ကြယ်ကြလေကုန်သည်။

ထိုမှတပါးလည်း ပါရမီတို့၏ အစပိုင်း၌ သစ္စာဓိဋ္ဌာနတရား ရှေ့ဆောင် ပြဋ္ဌာန်းသည်၊ သစ္စာဓိဋ္ဌာနရှိမှ ပါရမီအလုပ်ကို စတင်အားထုတ်နိုင်လေသည်။ အလယ်ပိုင်း၌ စာဂါဓိဋ္ဌာနတရား ရှေ့ဆောင်ပြဋ္ဌာန်းသည်၊ သစ္စာဓိဋ္ဌာနဖြင့် ပါရမီအလုပ်ကို စတင်အားထုတ်ပြီးနောက် အလယ်ပိုင်း၌ စာဂါဓိဋ္ဌာနဖြင့် သူတပါးအကျိုးအတွက် မိမိ၏ကိုယ်အသက်ကို ရက်ရက်စွန့်ပစ်ကာ ပါရမီအလုပ်ကို အားထုတ်နိုင်သည်။ အဆုံးပိုင်း၌ ဥပသမာဓိဋ္ဌာန တရား ရှေ့ဆောင်ပြဋ္ဌာန်းသည်၊အလုံးစုံသော ဝဋ်ဒုက္ခငြိမ်းအေးမှ ပါရမီအလုပ်ကိစ္စ ပြီးဆုံးသည်။ ပညာဓိဋ္ဌာန တရားကား အစ အလယ် အဆုံး သုံးပိုင်းလုံး၌ပင် ရှေ့ဆောင်ပြဋ္ဌာန်းသည်၊ ပညာရှိမှသာလျှင် စ၍လည်း အားထုတ်နိုင်သည်၊ ကိုယ်အသက်ကိုလည်း ရက်ရက် စွန့်လှူနိုင်သည်၊ ဝဋ်ဒုက္ခခပ်သိမ်း အပြီးတိုင် ငြိမ်းအေးနိုင်သည်။

ထိုအဓိဋ္ဌာနတရား လေးပါးလုံးပင် အမြဲမပြတ် မိမိ သူတပါး နှစ်ဦးသားတို့၏ အစီးအပွါးကို ပြုတတ်ကုန်၏၊ လူခပ်သိမ်းတို့ ကျောက်ထီးတန္တုံ အလေးပြုအပ်သည့် ပုဂ္ဂိုလ်အဖြစ် ချစ်ခင်လေးမြတ်အပ်သည့် ပုဂ္ဂိုလ်အဖြစ်ကိုလည်း ပြုတတ်ကုန်၏။ ထို

WWW.DHAMMARANSI.COM



အဓိဋ္ဌာနတရား လေးပါးတို့တွင် သစ္စာဓိဋ္ဌာန စာဂါဓိဋ္ဌာန တရားနှစ်ပါး လက်ရှိ ထားတော်မူကြသောကြောင့် အလောင်းတော်ကြီးများသည် လူ့ဝတ်ခကြောင်ဘဝ ဖြစ်ရသောအခါ အာမိသဒါနဖြင့် သူတပါးတို့ကို ချီးမြှောက်တော်မူကြသည်။ ဥပသမာဓိဋ္ဌာန ပညာဓိဋ္ဌာန တရားနှစ်ပါး လက်ရှိထားတော်မူကြသောကြောင့် အိမ်ရာမထောင် ရသေ့ ရဟန်းဘဝ ဖြစ်ရသောအခါ ဓမ္မဒါနဖြင့် သူတပါးတို့ကို ချီးမြှောက်တော်မူကြသည်။

## ဘုရားဖြစ်သည့် နောက်ဆုံး (ပစ္ဆိမ) ဘဝ၌ အဓိဋ္ဌာနတရား လေးပါး အပြီးတိုင်ပြည့်စုံပုံ

**မှာထားချက်။** ။ကျမ်းဂန်တို့၌ အာစရိယဝါဒ (ဆရာအမျိုးမျိုးတို့၏ အယူအဆ အဆိုအမိန့်)ကို ဖော်ပြရာဝယ်....ကျမ်းရင်းဆရာ၏ ဆရာ့အရာ၌ တင်ထားလောက်သည့် အရည်အချင်းရှိသော ဆရာတို့၏ ဝါဒဖြစ်လျှင် (ကေစေ ဝဒန္တိ) ဟူ၍သော်၎င်း၊ (အညေ ဝဒန္တိ)ဟူ၍သော်၎င်း ရေးသား ဖော်ပြလေ့ရှိသည်။ ။ကျမ်းရင်းဆရာနှင့် အရည်အချင်း တူမျှသော ဆရာတို့၏ ဝါဒဖြစ်လျှင် (အပရေ ဝဒန္တိ)ဟူ၍ ရေးသား ဖော်ပြလေ့ရှိသည်။ ။ကျမ်းရင်း ဆရာ့အောက် အရည်အချင်း နိမ့်ကျသော ဆရာတို့၏ ဝါဒဖြစ်လျှင် (ကေစိ ဝဒန္တိ)ဟူ၍ ရေးသား ဖော်ပြလေ့ရှိသည်။

ထို့ကြောင့်—

**"ကေစ အညေ—ဆရာပေ၊**
**အပရေမူ—ကိုယ်ရည်တူ၊**
**ကေစိမှာမူ—ကိုယ့်အောက်လူ"—**

ဟူ၍ (နိယံ)မှတ်တမ်း ဆရာစဉ်ဆက် ထားတော်မူခဲ့ကြသည်။ ထို့ကြောင့် (ကေစေဆရာ)(အညေဆရာ)ဟုဆိုလျှင် ကျမ်းရင်း ဆရာ၏ ဆရာ့အရာ၌ တည်ရှိသောဆရာများဟု မှတ်ယူရာ၏။(အပရေဆရာ)ဟုဆိုလျှင် ကျမ်းရင်းဆရာနှင့်

WWW.DHAMMARANSI.COM



အရည်အချင်းတူသော ဆရာများဟု မှတ်ယူရာ၏။ (ကေစိ ဆရာ)ဟု ဆိုလျှင် ကျမ်းရင်းဆရာ့အောက် အရည်အချင်း နိမ့်ကျသော ဆရာများဟု မှတ်ယူရာ၏။

## ကေစိဝါဒ

၁။ ဘုရားဖြစ်သည့်နောက်ဆုံး (ပစ္ဆိမ)ဘဝ၌ အဘိဓမ္မာနတရား လေးပါး အလုံးစုံ အပြီးတိုင် ပြည့်စုံပုံကို (ကေစိဆရာတို့က) ပဋိသန္ဓေ တည်နေသော အခါကပင် အဘိဓမ္မာနတရား လေးပါး အပြီးတိုင် ပြည့်စုံပြီး ဖြစ်၏၊(ပါရမီဖြည့်ခြင်းကိစ္စ အလုံးစုံ ပြည့်ဝမှ ပစ္ဆိမဘဝ ပဋိသန္ဓေ တည်နေခြင်းကဲ့သို့ အဘိဓမ္မာနတရား လေးပါး အလုံးစုံ အပြီးတိုင် ပြည့်စုံမှ နောက်ဆုံး ပစ္ဆိမဘဝ ပဋိသန္ဓေ တည်နေသည်)ဟူ၍ ဆိုတော်မူကြ၏။

ထိုကေစိဆရာတို့၏ ရှင်းလင်း ဖော်ပြပုံမှာ....အလောင်းတော် သူမြတ်သည် ပညာဘိဓမ္မာနတရား ပြည့်စုံအောင်မြောက်တော်မူပြီး ဖြစ်သောကြောင့် မယ်တော်ဝမ်းတိုက်သို့ သက်သောအခါ မယ်တော်ဝမ်းတိုက်၌ ဆယ်လ တည်နေသောအခါ ဖွားမြင်တော် မူသောအခါများ၌ သတိသမ္ပဇဉ်ရှိသူ ဖြစ်ရသည်။

လောကီ လူသာမန်တို့မှာ အမိဝမ်းသို့ သက်သော အခါကိုလည်း မသိ၊ အမိဝမ်း၌ တည်နေရသောအခါ ကိုလည်း မသိ၊ အမိဝမ်းမှ ဖွားမြင်သောအခါကိုလည်း မသိကြကုန်။ အသီတိသာဝက အလောင်းအလျာများ မှာ အမိဝမ်းသို့ သက်သောအခါကိုသာ သိကြ၍ အမိဝမ်း၌ တည်နေရသောအခါ အမိဝမ်းမှ ဖွားမြင်သောအခါတို့ကို ကား မသိကြကုန်။ အဂ္ဂသာဝကနှစ်ပါးအလောင်းအလျာ ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့မှာ အမိဝမ်းသို့ သက် သောအခါနှင့် အမိဝမ်း၌ တည်နေရသော အခါတို့ကိုသာ သိကြ၍ အမိဝမ်းမှ ဖွားမြင်သောအခါကိုကား မသိကြကုန်။ မှန်၏....ထိုအဂ္ဂသာဝက အလောင်းအလျာ ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့မှာ ဖွားမြင်ခါနီးကာလ၌ ကမ္မဇ

WWW.DHAMMARANSI.COM



လေတို့က ဦးစိုက်ချွမ်းပြန် ဖြစ်စေလျက် အသူအရာနက်လှစွာသော ချောက် ကမ်းပါးထဲ၌ ပစ်ချလိုက်သည့်ပမာ ယောနိဝသို့ ပစ်ချအပ်ရကား သံကောက်ပေါက် (သော့ပေါက်)ဖြင့် ဆင်ပြောင်ကြီး ကြပ်တည်းစွာ ထွက်လာရသကဲ့သို့ ကြပ်တည်းလှစွာသော ယောနိဝဖြင့် ထွက်လာကြရသောကြောင့် ဆင်းရဲဒုက္ခ အနန္တ ရောက်ကြရကုန်သည်၊ ထို့ကြောင့် ထိုအဂ္ဂသာဝက အလောင်းအလျာပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့သည် "ငါတို့သည် အမိဝမ်းမှ ထွက်ကြရကုန်၏" ဟူ၍ မသိနိုင်ကြကုန်။ ဤသို့လျှင် "ပါရမီ ပြည့်ဝပြီးသည့် ပုဂ္ဂိုလ်တို့အားသော်မှ ဤသို့သော ဌာန၌ ဆင်းရဲဒုက္ခ ကြီးစွာ ရောက်ကြရဘိတကား" ဟု စဉ်းစားဆင်ခြင်၍ အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေတည်နေရခြင်း၌ သံဝေဂကြီးစွာ ဖြစ်ရာ၏။

ဘုရားအလောင်းတော်များမှာမူ အမိဝမ်းသို့ သက်သောအခါ တည်နေသောအခါ ဖွားမြင်သောအခါ သုံးပါးလုံးကိုပင် သိမြင်တော်မူကြကုန်၏၊ ဘုရားအလောင်းတော်များကိုကား ကမ္မဇလေတို့က ဦးစိုက်ချွမ်းပြန်ဖြစ်အောင် မပစ်ချနိုင်ကုန်၊ ထို့ကြောင့် ဘုရားအလောင်းတော်များ ဖွားမြင်သောအခါ လက်နှစ်ဖက်ကို ဆန့်တန်း၍ မျက်စိတော်များကို ဖွင့်ကာ (ဓမ္မာသနပလ္လင်မှ ဓမ္မကထိကအရှင်မြတ် ငြိမ်သက်စွာ သက်ဆင်းသကဲ့သို့) ကြံ့ကြံ့မတ်မတ် ရပ်တည်လျက်သာ မယ်တော်ဝမ်းမှ ထွက်ကြွစမြဲ ဖြစ်ကုန်သည်။ သဗ္ဗညုဘုရားအလောင်းတော်တို့ကို ထား၍ အခြားမည်သည့်သတ္တဝါမျှ အမိဝမ်းသို့ သက်သောအခါ အမိဝမ်း၌ တည်နေသောအခါ အမိဝမ်းမှ ဖွားမြင်သောအခါ ဤအခါသုံးပါးလုံးကို သိသောသူဟူ၍ တလူမျှ မရှိချေ၊ ထို့ကြောင့် ဘုရားအလောင်းတော်များ ပဋိသန္ဓေ နေ (အမိဝမ်းသို့သက်) သော အခါ၌၎င်း ဖွားမြင်သောအခါ၌၎င်း စကြဝဠာတိုက်မပေါင်း တသောင်း တုန်လှုပ်

WWW.DHAMMARANSI.COM



သည်။ ။(ဒီဃနိကာယ် အဋ္ဌကထာ တတိယအုပ် မျက်နှာ ၆၉-မှ။)

အလောင်းတော်သူမြတ်သည် သစ္စာမိဋ္ဌာနအကြောင်းတရား အပြီးတိုင် ပြည့်စုံပြီးဖြစ်သောကြောင့် ဖွားပြီးလျှင်ပြီးခြင်း မြောက်အရပ်သို့ ခုနစ်ဖဝါး(ခုနစ်လှမ်း)လှမ်းကြွတော်မူကာ အလုံးစုံသော အရပ်မျက်နှာတို့ကို ရဲရင့်စွာ ကြည့်ရှု၍ သစ္စာသို့ အစဉ်လိုက်သောစကားဖြင့် "အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ = သတ္တလောကတွင် ငါ အမြတ်ဆုံး ငါ အကြီးဆုံး ငါ အချီးမွမ်းထိုက်ဆုံး'' ဟူ၍ သုံးကြိမ်တိုင်တိုင် ခြင်္သေ့မင်းကဲ့သို့ မန္တိမကြောက် ရဲရဲတောက်ကြုံးဝါးတော်မူလေသည်။

ဥပသမာဓိဋ္ဌာနအကြောင်းတရား အပြီးတိုင် ပြည့်စုံပြီးဖြစ်သောကြောင့် သူအို သူနာ သူသေ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်ရသောအခါ ဤခန္ဓာကိုယ်၌ ဇရာတရားနှိပ်စက်ပုံ ဗျာဓိတရားနှိပ်စက်ပုံ မရဏတရားနှိပ်စက်ပုံ စည်းစိမ်ဥစ္စာတို့၌ တဏှာမပြတ်စဲက ထိုတဏှာ၏ စေပါးရာခံ ကျွန်အဖြစ်မှ မလွတ်မြောက်နိုင်ပုံတည်းဟူသော (ရဋ္ဌပါလသုတ္တန်လာ) ဤ ဓမ္မုဒ္ဒေသတရား လေးပါးကို နဲ့နဲ့နက်နက် သိရှိတော်မူသော အလောင်းတော်၏သန္တာန်၌ ဝေယာဗ္ဗနမာန် = (အရွယ်နုပျိုသည်ကို စွဲ၍ စိတ်တက်ကြွခြင်း)၊ အာရောဂျမာန် = (ကျန်းမာသည်ကို စွဲ၍ စိတ်တက်ကြွခြင်း)၊ ဇီဝိတမာန် = (အသက်ရှည်သည်ကို စွဲ၍ စိတ်တက်ကြွခြင်း)၊ သမ္ပတ္တိမာန် = (စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို စွဲ၍ စိတ်တက်ကြွခြင်း) ဤမာန်မာနတရားများ ငြိမ်းအေးကြလေသည်။

စာဂါဓိဋ္ဌာနအကြောင်းတရား အပြီးတိုင် ပြည့်စုံပြီးဖြစ်သောကြောင့် များစွာသော ဆွေတော်မျိုးတော် အပေါင်းနှင့်တကွ လက်တော်သို့ ရောက်ပြီးသော မင်းစည်းစိမ် ရောက်အံ့ဆဲဆဲဖြစ်သော စကြဝတေး မင်းစည်းစိမ်တို့ကို မငဲ့မကွက် ရက်ရက်ကြီးစွန့်တော်မူသည်။

WWW.DHAMMARANSI.COM



ဤကဲ့သို့ **ဧကေဆရာတို့က** ဖြေရှင်းတော်မူကြသည်။ ဤ **ဧကေဝါဒ**ကို အရှင်မဟာပါလမထေရ်မြတ်သည် တစုံတခု ဝေဖန်မှု စိစစ်မှု မပြုခဲ့ပေ။

## ကေစိဝါဒ

ဒုတိယဌာနဖြစ်သည့် ဘုရားဖြစ်သောအခါ၌ အဓိဋ္ဌာနတရား လေးပါး ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံသည် ဟု ကေစိဆရာတို့ ဆိုကြကုန်၏။

ထို **ကေစိ**ဆရာတို့၏ ရှင်းလင်းဖော်ပြပုံမှာ …ဘုရားဖြစ်သော အခါ (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရသောအခါ)၌ ဝန်ခံခဲ့သည့်အတိုင်း ရှေးရှေးဘဝတို့က ဆည်းပူး လေ့လာခဲ့သော **သစ္စာဓိဋ္ဌာန**အကြောင်းတရားကြောင့် အရိယသစ္စာလေးပါးကို ပိုင်းခြားသိမြင်တော်မူသည်၊ ထို့ကြောင့်ပင် သစ္စာဓိဋ္ဌာနတရား ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူး လေ့လာခဲ့သော **စာဂါဓိဋ္ဌာန**အကြောင်းတရားကြောင့် အလုံးစုံသော ကိလေသာတို့ကို အမြစ်ပြတ် ပယ်စွန့်နိုင်သည်၊ ထို့ကြောင့်ပင် စာဂါဓိဋ္ဌာနတရား ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူး လေ့လာခဲ့သော **ဥပသမာဓိဋ္ဌာန** အကြောင်းတရားကြောင့် ဘုရားဖြစ်သောအခါ အလွန့်အလွန် မွန်မြတ်သည့် နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်သို့ ဆိုက်ရောက်ခြင်းဖြစ်သည်၊ ထို့ကြောင့်ပင် ဥပသမာဓိဋ္ဌာနတရား ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူး လေ့လာခဲ့သော **ပညာဓိဋ္ဌာန**အကြောင်းတရားကြောင့် ဘုရားဖြစ်သောအခါ အနာဝရဏဉာဏ် = (ဉေယျတရားတို့ကို အပိတ်အပင် အဆီးအတားမရှိ သိတတ်သောဉာဏ်)ကို ရတော်မူသည်၊ ထို့ကြောင့်ပင် ပညာဓိဋ္ဌာနတရား ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။

ဤကဲ့သို့ ကေစိဆရာတို့က ဖြေရှင်းတော်မူကြသည်၊ ဤကေစိဝါဒကို အရှင်မဟာပါလမထေရ်မြတ်က—"တံ အသိဒ္ဓံ၊ အဘိသမ္ဗောဓိယာပိ ပရမတ္ထဘာဝတော"–ဟူ၍ ပြည့်စုံ ပြီးပြေပြီဟု

WWW.DHAMMARANSI.COM



ဝန်မခံနိုင်ကြောင်း ဖွင့်ပြသည်။ အဓိပ္ပါယ်ကား....ထိုကေစိဆရာတို့၏ စကားသည် မပြီးစီး မပြည့်စုံသေး၊ အကြောင်းကား အဘိသမ္ဘောဓိ ခေါ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်က ပရမတ္ထသက်သက် ဖြစ်သောကြောင့်ငှင်း ဥပသမာဓိဋ္ဌာန အရကလည်း ဝဋ္ဋဒုက္ခ၏ မဖြစ်သောချုပ်ခြင်း(မဖြစ်သည်ကိုပင် ချုပ်ခြင်းဟု ခေါ်ရသော ချုပ်ခြင်း) ငြိမ်းခြင်းတိုင်အောင် ကောက်ယူရမည်ဖြစ်သောကြောင့်ငှင်း ထိုဝဋ္ဋဒုက္ခ၏ မဖြစ်သော ချုပ်ငြိမ်းခြင်းကလည်း ပရိနိဗ္ဗာန် စံသောကာလမှ ရစကောင်းသော သဘောဖြစ်သောကြောင့်ငှင်း ထိုကေစိဆရာတို့၏ စကားသည် မပြီးစီး မပြည့်စုံသေးချေ ဟု ဆိုလိုသည်။

## အဋ္ဌေဝါဒ

တတိယဋ္ဌာနဖြစ်သည့် ဓမ္မစကြာတရားကို ဟောတော်မူသောအခါ (ဒေသနာဉာဏ်ကို ဖြစ်စေသောအခါ)၌ အဓိဋ္ဌာနတရား လေးပါးတို့ ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံသည်ဟု အဋ္ဌေဆရာတို့ ဆိုကြကုန်၏။

ထိုအဋ္ဌေဆရာတို့၏ ရှင်းလင်း ဖော်ပြပုံမှာ....ထို ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ၌ ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော သစ္စာဓိဋ္ဌာန အခြေခံအကြောင်းတရား ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ သစ္စာ တပါးတပါးလျှင် သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် သုံးပါးစီ ဝေဖန်ဖော်ပြလျက် အရိယသစ္စာကို ဟောကြားတော်မူခြင်းဖြင့် **သစ္စာဓိဋ္ဌာနတရား** ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော စာဂါဓိဋ္ဌာန အခြေခံအကြောင်းတရား ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ သူတော်ကောင်းတရားကို ပေးဝေခြင်း သဒ္ဓမ္မမဟာဒါနကို ပြုခြင်းဖြင့် **စာဂါဓိဋ္ဌာနတရား** ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူး လေ့လာခဲ့သော ဥပသမာဓိဋ္ဌာန အခြေခံအကြောင်းတရား ပြည့်စုံတော်မူသော မြတ်စွာဘုရား၏

WWW.DHAMMARANSI.COM



သန္တာန်၌ ကိုယ်တော်တိုင်က ကိလေသာအပူ ငြိမ်းအေးပြီးဖြစ်၍ ဝေနေယျတို့ကိုလည်း ကိုယ်တော်နည်းတူ ငြိမ်းအေးစေတော်မူခြင်းဖြင့် **ဥပသမာဓိဋ္ဌာနတရား** ဝန်းကျင်ကိုလုံ အပြီးတိုင် ပြည့်စုံလေသည်။ ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော ပညာဓိ-ဋ္ဌာန အခြေခံ အကြောင်းတရား ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သန္တာန်၌ ဝေနေယျတို့၏ အာသယ အနုသယစသည်ကို ပိုင်းခြားကုန်စင် သိမြင်ခြင်းဖြင့် **ပညာဓိဋ္ဌာနတရား** ဝန်းကျင်ကိုလုံ အပြီးတိုင် ပြည့်စုံလေသည်။

ဤကဲ့သို့ အညေဆရာတို့က ဖြေရှင်းတော်မူကြသည်။ ဤအညေဝါဒကိုလည်း အရှင်ဓမ္မပါလမထေရ်မြတ်က—"တဒပိ အသိဒ္ဓံ၊ အပရိယောသိတတ္တာ ဗုဒ္ဓကိစ္စဿ = ဗုဒ္ဓကိစ္စ ပြီးဆုံးမှသာ အဓိ-ဋ္ဌာနတရား လေးပါး ဝန်းကျင်ကိုလုံ အပြီးတိုင် ပြည့်စုံနိုင်သည်။ ဓမ္မစကြာတရား ဟောတော်မူသောအခါမှာ ဗုဒ္ဓကိစ္စကို စ-ရုံသာ စ-ရသေး၍ အပြီးအဆုံးသို့ မရောက်သေးရကား ထိုအညေဆရာတို့၏ ဝါဒစကားလည်း မပြီးစီး မပြည့်စုံသေး"ဟူ၍ ဝေဖန်တော်မူ၏။

### အပရေဝါဒ

အပရေဆရာတို့ကမူ စတုတ္ထဋ္ဌာနဖြစ်သည့် ပရိနိဗ္ဗာန်စံသော အခါ၌ အဓိဋ္ဌာနတရားလေးပါး ဝန်းကျင်ကိုလုံ အပြီးတိုင် ပြည့်စုံသည်ဟု ဆိုကြ၏။

ထို အပရေဆရာတို့၏ ရှင်းလင်း ဖော်ပြပုံမှာ....သစ္စာဓိဋ္ဌာန တရားတို့တွင် အကြီးအမြတ်ဆုံးဖြစ်သည့် နိဗ္ဗာန်တည်းဟူသော ပရမတ္ထသစ္စာဓိဋ္ဌာနတရား၏ အလုပ်ကိစ္စကား အရဟတ္တမဂ်သို့ ရောက်၍ ကိလေသပရိနိဗ္ဗာန် စံရုံမျှဖြင့် ကိစ္စမပြီးစီး မပြည့်စုံသေး၊ ခန္ဓပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်းမှသာ အလုပ်ကိစ္စ ပြီးစီးပြည့်စုံသောကြောင့် ထိုပရိနိဗ္ဗာန် စံသောအခါ၌ **သစ္စာဓိ-ဋ္ဌာနတရား** ဝန်းကျင်ကိုလုံ အပြီးတိုင် ပြည့်စုံလေသည်။ ထိုအခါမှာ ကာမုပဓိ ခန္ဓုပဓိ ကိလေသုပဓိ အဘိသင်္ခါရုပဓိ တည်းဟူသော

WWW.DHAMMARANSI.COM



ဥပမိလေးပါးတို့ကို အကြွင်းမဲ့ ပယ်စွန့်ခြင်းကြောင့် **စာဂါဓိဋ္ဌာနတရား** ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ထိုအခါမှာ အလုံးစုံသော သင်္ခါရတရားတို့ အကြွင်းမဲ့ ချုပ်ငြိမ်းသောကြောင့် **ဥပသမာဓိဋ္ဌာနတရား** ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။ ထိုအခါမှာ ပညာ၏ အကျိုးများ အဆုံးရောက် ပြီးမြောက်ခြင်းကြောင့် **ပညာဓိဋ္ဌာနတရား** ဝန်းကျင်ကုံလုံ အပြီးတိုင် ပြည့်စုံလေသည်။

ဤကဲ့သို့ အပရေဆရာတို့က ဖြေရှင်းတော်မူကြသည်။ ဤအပရေဆရာတို့၏ဝါဒကို အရှင်ဓမ္မပါလမထေရ်မြတ်သည် ဝေဖန်ပြစ်တင်မှု အလျဉ်းမပြုပဲ ထို အပရေဝါဒအပေါ်၌ လိုသည်ကိုသာ ထပ်၍ ဖြည့်သောအနေဖြင့် မိမိ၏ဝါဒကို "(၁) ဖွားတော်မူသောအခါ သစ္စာဓိဋ္ဌာနတရား အပြီးတိုင် ပြည့်စုံကြောင်း အထူးသဖြင့် ထင်ရှားသည်။ (၂) ဘုရားဖြစ်သောအခါ ပညာဓိဋ္ဌာနတရား အပြီးတိုင်ပြည့်စုံကြောင်း အထူးသဖြင့်ထင်ရှားသည်။ (၃) ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ ဓမ္မအလှူကြီး ပေးလှူခြင်းဖြင့် စာဂါဓိဋ္ဌာနတရား အပြီးတိုင် ပြည့်စုံကြောင်း အထူးသဖြင့် ထင်ရှားသည်။ (၄) ပရိနိဗ္ဗာန် စံတော်မူသောအခါ ဥပသမာဓိဋ္ဌာနတရား အပြီးတိုင် ပြည့်စုံကြောင်း အထူးသဖြင့် ထင်ရှားသည်" ဟူ၍ မိန့်ဆိုတော်မူသည်။

**ဆရာတို့၏ဝါဒကို အကျဉ်းချုပ် မှတ်ယူလျှင်**....

(၁) ကေဆရာတို့က ပဌမဋ္ဌာနဖြစ်သည့် ပဋိသန္ဓေ တည်နေသောကာလ၌ အဓိဋ္ဌာနတရား လေးပါး အဆုံးတိုင်ရောက် ပြီးမြောက်ပြည့်စုံ၏ဟု ဆိုတော်မူကြ၏။

(၂) ကေစိဆရာတို့က ဒုတိယဋ္ဌာနဖြစ်သည့် ဘုရားဖြစ်သောကာလ၌ အဓိဋ္ဌာနတရားလေးပါး အဆုံးတိုင်ရောက် ပြီးမြောက် ပြည့်စုံ၏ ဟု ဆိုတော်မူကြ၏။

(၃) အပရေ ဆရာတို့က တတိယဋ္ဌာန ဖြစ်သည့် ဓမ္မစကြာတရား ဟောကြားသော ကာလ၌ အဓိဋ္ဌာန

WWW.DHAMMARANSI.COM



တရား လေးပါး အဆုံးတိုင်ရောက် ပြီးမြောက် ပြည့်စုံ၏ ဟု ဆိုတော်မူကြ၏။

(၄) အပရေဆရာတို့က စတုတ္ထဌာနဖြစ်သည့် ပရိ-နိဗ္ဗာန် စံသောကာလ၌ အဓိဋ္ဌာနတရား လေးပါး အဆုံး တိုင်ရောက် ပြီးမြောက် ပြည့်စုံ၏ ဟု ဆိုတော်မူကြ၏။

(၅) ဤစရိယာပိဋကအဋ္ဌကထာ ကျမ်းပြုဆရာ အရှင် မဟာဓမ္မပါလ မထေရ်မြတ်ကား "ကျမ်းဆရာတို့သည် မိမိနှစ်သက်သည့်ဝါဒကို နောက်ဆုံး ပြုကြသည်"ဟူသော မှတ်တမ်းအတိုင်း မိမိ နှစ်သက်သဖြင့် အပရေဝါဒကို နောက်ဆုံး ဖော်ပြပြီးလျှင် အပရေဆရာတို့၏ဝါဒကို ဖြည့် စွက်ချက်ဖြင့် လက်ခံ နှစ်သက်တော်မူသည်။ ဖြည့်စွက် လက်ခံပုံမှာ …"အပရေဝါဒအတိုင်း စတုတ္ထဌာနဖြစ်သည့် ပရိနိဗ္ဗာန်စံသော ကာလကျမှ အဓိဋ္ဌာနတရား လေးပါး အပြီးရောက် ပြည့်စုံသည်၊ သို့သော် ပဌမဌာန၌ သစ္စာ-ဓိဋ္ဌာနတရား ဒုတိယဌာန၌ ပညာဓိဋ္ဌာနတရား တတိယ ဌာန၌ စာဂါဓိဋ္ဌာနတရား စတုတ္ထဌာန၌ ဥပသမာဓိဋ္ဌာန တရား အပြီးတိုင် ပြည့်စုံကြောင်း အထူးသဖြင့် ထင်ရှား သည်"ဤကဲ့သို့ စကားဖြည့်စွက်၍ လက်ခံတော်မူသည်။

## အဓိဋ္ဌာနတရားတို့၏ အကျိုးများ

သစ္စာဓိဋ္ဌာနကြောင့် သီလဝိသုဒ္ဓိ ပြည့်စုံသည်၊ စာဂါဓိဋ္ဌာန ကြောင့် အာဇီဝဝိသုဒ္ဓိ ပြည့်စုံသည်၊ ဥပသမာဓိဋ္ဌာနကြောင့် စိတ္တဝိသုဒ္ဓိ ပြည့်စုံသည်၊ ပညာဓိဋ္ဌာနကြောင့် ဉာဏဝိသုဒ္ဓိ ပြည့်စုံ သည်။

ထိုမှတပါး သစ္စာဓိဋ္ဌာနကြောင့် (မချွတ်မယွင်းစေရကား) ဒေါသာဂတိသို့ မလိုက်ပါ၊ စာဂါဓိဋ္ဌာနကြောင့် (ဝတ္ထုကာမ တို့၌ မငြိကပ် မတပ်မက်ရကား) ဆန္ဒာဂတိသို့ မလိုက်ပါ၊ ဥပသမာဓိဋ္ဌာနကြောင့် (မိမိ၏ ချွတ်ယွင်းချက် အပြစ်မရှိရကား)

WWW.DHAMMARANSI.COM



တစုံတရာ ကြောက်ရွံ့ဖွယ်မရှိ၍ ဘယာဂတိသို့ မလိုက်ပါ၊ ပညာ-မိဋ္ဌာနကြောင့် (အမှန်အတိုင်း သိမြင်ရကား) မောဟာဂတိသို့ မလိုက်ပါ။

ထိုမှတပါးလည်း သစ္စာဓိဋ္ဌာနကြောင့် ဒေါသမထွက်ပဲ အချမ်းအပူ ဆာလောင်မွတ်သိပ်ခြင်း မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်းတို့၏ အတွေ့အထိများ သူတပါးတို့က အခံခက်အောင် ပြောဆို ဆဲရေးသော စကားများ အလွန်ဆင်းရဲသော ဒုက္ခဝေဒနာများကို သည်းခံတော်မူနိုင်၏၊ စာဂါဓိဋ္ဌာနကြောင့် လောဘဖြင့် မတပ်မက်ပဲ သက်န်း ဆွမ်း ကျောင်း ဆေး ပစ္စည်း လေးပါးတို့ကို မှီဝဲတော်မူ၏၊ ဥပသမာဓိဋ္ဌာနကြောင့် ကြောက်လန့်ခြင်း(ဆုတ်နစ်သည့်ဒေါသ) အလျဉ်းမရှိပဲ ဆင်ကြမ်း မြင်းကြမ်း နွားကြမ်း ခွေးကြမ်းအစရှိသည့် ဘေးရန်များကို ရှောင်ကြဉ်တော်မူ၏၊ ပညာဓိဋ္ဌာနကြောင့် တွေဝေခြင်း (မောဟ) အလျဉ်းမရှိပဲ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက် တည်းဟူသော မိစ္ဆာဝိတက်သုံးပါးတို့နှင့်တကွ အကုသိုလ်တရားတို့ကို ပယ်ရှားတော်မူ၏။

သစ္စာဓိဋ္ဌာနကြောင့် နေက္ခမ္မချမ်းသာကို ရတော်မူ၏၊ စာဂါ-ဓိဋ္ဌာနကြောင့် ပဝိဝေကချမ်းသာကို ရတော်မူ၏၊ ဥပသမာဓိဋ္ဌာနကြောင့် ဥပသမချမ်းသာကို ရတော်မူ၏၊ ပညာဓိဋ္ဌာနကြောင့် မဂ်ဉာဏ်လေးပါးနှင့်ယှဉ်သော ချမ်းသာကို ရတော်မူ၏။

သစ္စာဓိဋ္ဌာနကြောင့် ပဌမဈာန်ချမ်းသာ၊ စာဂါဓိဋ္ဌာနကြောင့် ဒုတိယဈာန်ချမ်းသာ၊ ဥပသမာဓိဋ္ဌာနကြောင့် တတိယဈာန်ချမ်းသာ၊ ပညာဓိဋ္ဌာနကြောင့် စတုတ္ထဈာန်ချမ်းသာကို ရတော်မူ၏။

ဤသို့လျှင် များစွာသော ဂုဏ်ကျေးဇူး အကျိုးတရားတို့ နောက်လိုက်ရှိကြသည့် အဓိဋ္ဌာနတရား လေးပါးတို့ဖြင့် အလုံးစုံသော ပါရမီတို့ကို စုပေါင်းသဂြိုဟ် ရေတွက်ပုံကို သိရာ၏။

WWW.DHAMMARANSI.COM



## ခပ်သိမ်းသော ပါရမီတို့ကို တရားနှစ်ပါးဖြင့် သဂြိုဟ်ရေတွက်ရပုံ

အဓိဋ္ဌာနတရား လေးပါးတို့ဖြင့် ခပ်သိမ်းသော ပါရမီတို့ကို သဂြိုဟ်ရေတွက်ရသကဲ့သို့၊ ထို့အတူ ကရုဏာ ပညာ နှစ်ပါးတို့ ဖြင့်လည်း ခပ်သိမ်းသော ပါရမီတို့ကို သဂြိုဟ် ရေတွက်ရ၏။ မှန်၏....ကရုဏာ ပညာ နှစ်ပါးတို့ဖြင့် သိမ်းဆည်းအပ်သည့် (ကရုဏာ ပညာ နှစ်ပါး အခြေခံ အကြောင်းရင်းရှိ၍ ပြုအပ်သည့်) ဒါနအစရှိသော ဂုဏ်ကျေးဇူးတို့သည်သာလျှင် သမ္မာသမ္ဗောဓိ ဉာဏ်၏ အဆောက်အဦများ ဖြစ်ကြပြီးလျှင် သဗ္ဗညုဘုရားအဖြစ် ရောက်အောင် အကျိုးပေးကြကုန်၏။

(ဤကား ပါရမီတို့၏ အကျဉ်းချုပ် တရားများတည်း။)

**ဤအခဏ်း၌—**

ပါရမီအကျယ် သုံးဆယ်တို့ကို ပါရမီဆယ်ပါးဖြင့်ချုံး၍ ပြသည်၊ တဖန် ထိုဆယ်ပါးတို့ကို ဒါန,သီလ,ခန္တီ, ဝီရိယ, ဈာန,ပညာဟူသော ပါရမီခြောက်ပါးဖြင့် ချုံး၍ပြသည်၊ တဖန် ထိုခြောက်ပါးတို့ကို သစ္စာ, စာဂ, ဥပသမ, ပညာ ဟူသော အဓိဋ္ဌာနတရား လေးပါးတို့ဖြင့် ချုံး၍ပြသည်၊ တဖန် အလုံးစုံသော ပါရမီတို့ကို ကရုဏာ,ပညာ နှစ်ပါး ဖြင့် ချုံး၍ပြသည်ဟု အကျဉ်းချုပ် မှတ်ယူရာ၏။

---

## (၁၃) ပါရမီတို့ကို ပြည့်စုံစေကြောင်း တရားများ

"ပါရမီတို့ကို ပြည့်စုံစေတတ်သည့် အကြောင်းတရား တို့ကား အဘယ်တရားတို့နည်း"ဟု မေးခဲ့သော်—

(၁) ဘာဝနာလေးပါးဖြင့် အားထုတ်ခြင်း၊

(၂) ပါရမီ၏ ဆန့်ကျင်ဘက် တရားတို့ကို ပစ္စဝေက္ခ- ဏာဉာဏ်ဖြင့် ဆင်ခြင်၍ ပယ်ရှားခြင်း၊

(၃) ဘုရားရှင်တို့အား မိမိကိုယ်ကို အပ်နှင်းခြင်း၊

WWW.DHAMMARANSI.COM



**အကျဉ်းချုပ်အားဖြင့်—**

(က) ကိုယ်တော့်အပေါ်၌ ချစ်ခြင်း၏ ကုန်ခန်းခြင်း၊

(ခ) ဝေနေယျတို့၌ ချစ်ခြင်း၏ တိုးပွါးခြင်း—

ဤတရားများသည် ပါရမီတို့ကို ပြည့်စုံစေတတ်သည့် အကြောင်းတရားများဖြစ်သည်ဟု အကျဉ်းဖြေဆိုရာ၏။

**အကျယ်အားဖြင့်ကား....**

(၁) အလုံးစုံသော ပါရမီ **စာဂ စရိယ** တရားတို့ကို သဗ္ဗညုတဉာဏ် တခုတည်းကိုသာ ရည်စူးဆုပန်၍ အကြွင်းအကျန်မထား ပွါးများ ဆည်းပူးခြင်းတည်းဟူသော **သဗ္ဗသမ္ဘာရဘာဝနာ၊** မြတ်နိုးတနာ ရိုသေစွာ ပွါးများဆည်းပူးခြင်း တည်းဟူသော **သက္ကစ္စဘာဝနာ၊** ဘဝမပြတ် ဆက်စပ်အောင် ပွါးများဆည်းပူးခြင်းတည်းဟူသော **နိရန္တရဘာဝနာ၊** ဘုရားမဖြစ်မီ အကြားတွင်နှင့်တိုဆုတ်နစ်ခြင်း အလျဉ်းမရှိ ကာလရှည်လျားစွာ ပွါးများဆည်းပူးခြင်း တည်းဟူသော **စိရကာလဘာဝနာ**—ဤ ဘာဝနာလေးပါးတို့ဖြင့် ပွါးများအားထုတ်ခြင်းသည် ပါရမီတို့၏ ပြည့်စုံကြောင်း ဥပါယ်ကောင်းကြီး ဖြစ်ပေ၏။

(၂) ထိုမှတပါး ဘုရားအလောင်းဖြစ်သော ပုဂ္ဂိုလ်သည် ကိုယ်ပိုင်ဝတ္ထု အစုစုတို့ကို "ငါ့အား ဖြစ်ပေါ် ရရှိလတ္တံ့သော အသက်နှင့်တကွ စည်းစိမ်ဥစ္စာ ဝတ္ထုအစုစုတို့ကို အလှူခံပုဂ္ဂိုလ်တို့ ရောက်ဆိုက်လာလျှင် မဆုတ်မနစ် လှူဒါန်းပေအံ့၊ ထိုအလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပြီးသည်မှ အကြွင်းအကျန်ကိုသာ ငါသုံးဆောင်ပေအံ့"....ဟူ၍ အလှူဒါန တံခါးဝ၌ မရမီကပင် ရှေးဦးစွာ ကြိုတင်၍ စွန့်လှူထားရသည်။

ဤကဲ့သို့ ကြိုတင်၍ စွန့်လှူဖို့ရန် စိတ်ကို ပြင်ဆင်၍ ထားသည်ရှိသော် မိမိကိုယ်ပိုင် ဖြစ်ပေါ်လာသမျှသော ဝတ္ထုတို့၌—

(က) ရှေးက ဒါနမှု၌ အလေ့အလာ မရှိခဲ့ခြင်း၊

(ခ) ကိုယ်ပိုင်ဝတ္ထုက နည်းပါးနေခြင်း၊

WWW.DHAMMARANSI.COM



(ဂ) ကိုယ်ပိုင်ဝတ္ထုက မလှူရက်နိုင်အောင် ကောင်းမွန်နေခြင်း၊

(ဃ) ကိုယ်ပိုင်ဝတ္ထုများ ကုန်သွားမည်ကို စိုးရွံ့ ကြံစည်ခြင်း–

ဟူ၍ ဒါနကောင်းမှု မပြုဖြစ်အောင် ဟန့်တား ပိတ်ဆို့တတ်သည့်(ဒါနဝိနိဗန္ဓ)အကြောင်းတရား လေးပါးတို့ရှိရာတွင်—

(က) လှူဖွယ်ဝတ္ထုလည်း ပြည့်စုံနေပါလျက် အလှူခံပုဂ္ဂိုလ်လည်း မိမိချက်မှောက် ထင်ရှား ရောက်ဆိုက်နေပါလျက် ဘုရားအလောင်း၏ စိတ်သန္တာန်၌ (အကယ်၍) လှူဒါန်းဖို့ရန် စိတ်မသက်ပဲ ရှိနေခဲ့သော်.... ထိုအလောင်းတော် သူမြတ်သည် "ငါသည် ဧကန်မုချ ရှေးဘဝများက ဒါနကောင်းမှု၌ အလေ့အသာ မပြုအပ်ခဲ့ပေ၊ ထို့ကြောင့်ပင် ယခုအခါ အပြင်အပအင်္ဂါများ ပြည့်စုံနေပါလျက် ငါ့သန္တာန်၌ ပေးလှူလိုသော ကုသိုလ်ဆန္ဒ စိတ်၌ မတည်လာခြင်း မပေါ်လာခြင်းဖြစ်သည်"ဟု ဆုံးဖြတ် သိရှိတော်မူပြီးလျှင် "ဤကဲ့သို့ လှူလိုသောစိတ် မဖြစ်သော်လည်း လှူဒါန်းမှ အလေ့အသာရ၍ ငါ၏စိတ်သည် ဒါနကောင်းမှု၌ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ပေလိမ့်မည်....၊ ကိုင်း.... ငါသည် ယခုမှစ၍ ဒါနကို ရဲရဲရက်ရက် ပေးလှူပေအံ့၊ ငါသည် ရှေးဦးကပင် ကြိုတင်၍ ကိုယ်ပိုင်ဝတ္ထု အစုစုတို့ကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်လှူပြီးသား မဟုတ်လော"ဟု ပစ္စဝေက္ခဏာဉာဏ်ဝင် ဆင်ခြင်တော်မူပြီးလျှင် လွတ်လွတ်ကြည်ဖြူ ပေးလှူတော်မူလေသည်။ ဤသို့ ပေးလှူသည်ရှိသော် အလောင်းတော်၏ သန္တာန်၌ ရှေးဦးစွာသော (က) အမှတ်ပါ=ဒါနမှု၌ အလေ့အလာ မရှိခဲ့ခြင်း တည်းဟူသော ဒါန၏ အဟန့်အတား အကြောင်းတရားကို ပယ်ဖြတ်ပြီး ဖြစ်လေတော့သည်။

(ခ) ဘုရားအလောင်းတော်သည် လှူဖွယ်ဝတ္ထုက နည်းပါးနေခဲ့သော်ငြား **ချို့တဲ့နေခဲ့သော်ငြား** ဤသို့ **ဆင်ခြင်တော်မူ**လေသည်။ **ဆင်ခြင်တော်မူပုံမှာ**····

WWW.DHAMMARANSI.COM



"ငါသည် ရှေးအခါက မလှူဒါန်းခဲ့သောကြောင့် ယခုအခါ ပစ္စည်းချို့တဲ့ ရှားပါးရသည်၊ ထို့ကြောင့် ယခုအခါ ငါသည် နည်းသည်ဖြစ်စေ ယုတ်ညံ့သည်ဖြစ်စေ မိမိရသော လျှော်ဖွယ်ဝတ္ထုဖြင့် မိမိကိုယ်ကိုသော်လည်း အပင်ပန်း အဆင်းရဲခံကာ လှူသင့်ပေ၏၊ ယင်းအလှူဖြင့် ငါသည် နောက်အခါ၌လည်း ဒါနပါရမီကို အထွတ်အထိပ်သို့ ရောက်စေအံ့"—

ဟူ၍ ဆင်ခြင်တော်မူသည်။ ထိုသို့ဆင်ခြင်တော်မူပြီးလျှင် အလောင်းတော်သည် ရရသမျှ ဒါနဝတ္ထုဖြင့် လွတ်လွတ်ကြည်ဖြူ ပေးလှူတော်မူလေသည်။ ဤသို့ ပေးလှူသည်ရှိသော် အလောင်းတော်၏ သန္တာန်၌ နှစ်ခုမြောက်ဖြစ်သည့် (ခ) အမှတ်ပါ=ကိုယ်ပိုင်ဝတ္ထုက နည်းပါးနေခြင်း တည်းဟူသော ဒါန၏ အဟန့်အတား အကြောင်းတရားကို ပယ်ဖြတ်ပြီး ဖြစ်လေတော့သည်။

(ဂ) ဘုရားအလောင်းတော်သည် လှူဖွယ်ဝတ္ထုက အလွန်ကောင်းမွန်နေခြင်းကြောင့် မလှူဒါန်းလိုသောစိတ် ဖြစ်ပေါ်လာလျှင် ဤသို့ ဆင်ခြင်တော်မူ၏....၊

"အို သူတော်ကောင်း ဘုရားလောင်း....အမောင်သည် အလွန်မြတ်လှ ချီးမွမ်းအပ်လှသည့် သဗ္ဗညုတဉာဏ်ကြီးကို အလိုရှိသည် မဟုတ်ပါလော၊ ထို့ကြောင့် အမြတ်ဆုံးဖြစ်သည့် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိရန် အလွန်ကောင်းမွန်သည့် လှူဖွယ်ဝတ္ထုကိုသာ အမောင်သည် လှူသင့်လှပေ၏"—

ဟူ၍ ဆင်ခြင်တော်မူ၏၊ ထိုသို့ ဆင်ခြင်တော်မူပြီးလျှင် အလောင်းတော်သည် အလွန်ကောင်းမြတ် နှစ်သက်အပ်သော လှူဖွယ်ဝတ္ထုကို လွတ်လွတ်ကြည်ဖြူ ပေးလှူတော်မူလေသည်။ ဤသို့ ပေးလှူသည်ရှိသော် အလောင်းတော်၏ သန္တာန်၌ သုံးခုမြောက်ဖြစ်သည့် (ဂ) အမှတ်ပါ=ကိုယ်ပိုင်ဝတ္ထုက မလှူရက်နိုင်လောက်အောင် ကောင်းမွန်နေခြင်း တည်းဟူသော ဒါန၏ အဟန့်အတား အကြောင်းတရားကို ပယ်ဖြတ်ပြီး ဖြစ်လေတော့သည်။

WWW.DHAMMARANSI.COM



(ဃ) ဘုရားအလောင်းတော်သည် ဒါနမှုပြုစဉ် လှူဖွယ် ဝတ္ထုတို့ ကုန်ခန်းသည်ကို မြင်လျှင် ဤသို့ ဆင်ခြင်တော်မူ၏····၊

"ပျက်စီးကုန်ခန်းခြင်း သဘောသည်ကား စည်းစိမ် ဥစ္စာတို့၏ ဓမ္မတာသဘောပင် ဖြစ်သည်၊ စင်စစ်မူ ရှေး အခါက မကုန်မခန်းစေတတ်သည့် ဒါနကောင်းမှု မပြုခဲ့ သောကြောင့် ယခု ငါသည် လှူဖွယ်ဝတ္ထုပစ္စည်းတို့၏ ကုန်ခန်းခြင်းကို မျက်မြင်ကိုယ်တွေ့ ကြုံရသည်၊ ကိုင်း.... ငါသည် မိမိရသမျှ နည်းနည်းများများ လှူဖွယ်ဝတ္ထုဖြင့်ပင် ဒါနမှု ပြုပေအံ့၊ ယင်းအလှူဖြင့် ငါသည် နောက်အခါ၌ ဒါနပါရမီ၏ အထွတ်အထိပ်သို့ ရောက်ရပေအံ့"–

ဟူ၍ ဆင်ခြင်တော်မူ၏။ ထိုသို့ ဆင်ခြင်တော်မူပြီးလျှင် အလောင်း တော်သည် မိမိရသမျှ လှူဖွယ်ဝတ္ထုဖြင့် လွတ်လွတ်ကြည်ဖြူ ပေး လှူတော်မူလေသည်၊ ဤသို့ ပေးလှူသည်ရှိသော် အလောင်းတော် ၏ သန္တာန်၌ လေးခုမြောက်ဖြစ်သည့် (ဃ) အမှတ်ပါ = ကိုယ်ပိုင် ဝတ္ထုများ ကုန်သွားမည်ကို စိုးရွံ့ကြံစည်ခြင်း တည်းဟူသော ဒါန၏ အဟန့်အတား အကြောင်းတရားကို ပယ်ဖြတ်ပြီး ဖြစ်လေ တော့သည်။

ဤသို့လျှင် ဒါန၏ အဟန့်အတား အကြောင်းတရားများကို ထိုက်သည့်အလျောက် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ပယ် ဖျောက်ခြင်းသည် ဒါနပါရမီ၏ ပြည့်စုံကြောင်း ဥပါယ်ကောင်း ဖြစ်၏။ ဒါနပါရမီ၌ကဲ့သို့ သီလပါရမီ အစရှိသည်တို့၌လည်း မှတ်ယူအပ်၏။

(၃) ထိုမှတပါး ဘုရားအလောင်းဖြစ်သော ပုဂ္ဂိုလ်သည် "ဣမာဟံ အတ္တဘာဝံ ဗုဒ္ဓါနံ နိယျာဒေမိ = ငါသည် ဤခန္ဓာကိုယ် အတ္တဘောကို ဘုရားရှင်တို့အား အပ်နှင်းကြည်ဖြူ ပေးလှူပါ၏" ဟူ၍ ရှေးဦးကပင် မိမိကိုယ်ကို ဘုရားရှင်တို့အား အပ်နှင်းစွန့်လှူ ထားရသည်၊ ယင်းသို့ ရှေးဦးကပင် ကြိုတင်၍ မိမိကိုယ်ကို

WWW.DHAMMARANSI.COM



ဘုရားရှင်တို့အား အပ်နှင်းပေးလှူထားခြင်းသည် ခပ်သိမ်းသော ပါရမီတို့၏ ပြည့်စုံကြောင်း ဥပါယ်ကောင်းကြီး ဖြစ်ပေသည်။

မှန်၏ …ဘုရားရှင်တို့အား မိမိကိုယ်ကို အပ်နှင်းစွန့်လှူထားပြီးသော ဘုရားအလောင်းတော်သည် ထိုထိုဘဝတို့၌ ပါရမီတော်များ ပြည့်ဝရန် လုံ့လကြိုးကုတ် အားထုတ်တော်မူစဉ် ကိုယ်ခန္ဓာအသက်ကို ဖျက်ဆီးနိုင်လောက်သည့် ပြုနိုင်ခဲ သည်းခံနိုင်ခဲသော အမှုကိစ္စများ ပေါ်ပေါက်လာသော်ငြား အသက်ကိုပင် ဆောင်သွားနိုင်လောက်အောင် ထက်မြက်စူးရှ ပြင်းထန်လှသည့် သတ္တဝါသင်္ခါရတို့ ပြုဆောင်အပ်သော အကျိုးမဲ့များနှင့် တွေ့ကြုံသော်ငြား "ငါသည် ဤခန္ဓာကိုယ် အတ္တဘောကြီးကို ဘုရားရှင်တို့အား စွန့်ထားအပ်ပြီ၊ ဤကိစ္စ၌ ဖြစ်ချင်ရာ ဖြစ်ပစေ" ဟု ဆင်ခြင်တော်မူပြီးလျှင် အသက်ကိုပင်သော်လည်း ရန်ရှာနိုင်လောက်သည့် ထိုပြုဖွယ်ကိစ္စ အကျိုးမဲ့များကြောင့် အနည်းငယ်မျှ ဖောက်ပြန်တုန်လှုပ်ခြင်း အလျဉ်းမရှိပဲ စင်စစ်မူ ပါရမီအထုကုသိုလ်ကို ပွါးများမှု၌သာ ကြံ့ကြံ့ခိုင်ကျည် တည်တော်မူလေသည်။

ဤသို့လျှင် မိမိကိုယ်ကို ဘုရားရှင်တို့အား အပ်နှင်းလှူဒါန်းထားခြင်းသည်လည်း ပါရမီတို့၏ ပြည့်စုံကြောင်း ဥပါယ်ကောင်း တရပ် ဖြစ်ပေ၏။

ထိုမှတပါး အကျဉ်းချုပ်အားဖြင့် ဘုရားအလောင်းဖြစ်သော ပုဂ္ဂိုလ်သူမြတ်၏—

(က) မိမိကိုယ်၌ ချစ်ခြင်း တဏှာ သိနေဟတရား၏ ကုန်ခန်းခြင်း၊

(ခ) ဝေနေယျတို့၌ ချစ်ခြင်း မေတ္တာ ကရုဏာ သိနေဟ တရား၏ တိုးပွါးခြင်း —

ဤနှစ်ပါးသည် ပါရမီတို့၏ ပြည့်စုံကြောင်းဖြစ်၏။

WWW.DHAMMARANSI.COM



ချုပ်ဦးအံ့ …သဗ္ဗညုတဉာဏ်ကို ရဖို့ရန် စိတ်သန်ဆုညွှတ်တော်မူသော အလောင်းတော်သူမြတ်၏ သန္တာန်၌ သဘာဝဓမ္မတို့၏ ဖြစ်ပုံကို အမှန်အတိုင်း သိမြင်တော်မူခြင်းကြောင့် ထိုသဘာဝဓမ္မတို့၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မငြိကပ် မလိမ်းကျံရကား သဘာဝဓမ္မအစုအဝေးမျှဖြစ်သော မိမိကိုယ်၌ ချစ်ခင်မြတ်နိုးခြင်း တဏှာပေမသိနေဟ တရားသည် တနေ့တခြား ပါး၍ပါး၍ ကုန်ခန်း၍ကုန်ခန်း၍သာ သွားလေတော့သည်။

မဟာကရုဏာအဟုန် အဖန်ဖန် ပွါးထုံတော်မူသဖြင့် ချစ်လှစွာသော သားသမီးများပမာ သတ္တဝါခပ်သိမ်းတို့ကို ရှုကြည့်တော်မူခြင်းကြောင့် အလောင်းတော်၏ စိတ်သန္တာန်ဝယ် ထိုသတ္တဝါတို့၌ မေတ္တာ၏အစွမ်းဖြင့် ချစ်ခြင်း (မေတ္တာချစ်) ကရုဏာ၏ အစွမ်းဖြင့် ချစ်ခြင်း (ကရုဏာချစ်) တည်းဟူသော မေတ္တာကရုဏာ သိနေဟတရားတို့ကား ပွါး၍ပွါး၍သာ စည်ပင်လာလေသည်။

ထို့ကြောင့်ပင် ထိုထိုအခိုက်အတန့်အားလျော်စွာ မိမိသန္တာန်သူတပါးသန္တာန်တို့၌ လောဘ ဒေါသ မောဟတို့ ကင်းကွာသဖြင့် မဇ္ဈိမပဋိပဒာ အစရှိသော ပါရမီ၏ ဆန့်ကျင်ဘက်တရားများကို ဝေးကွာအောင် ပြုတော်မူပြီးသော ဘုရားအလောင်းတော်သူမြတ်သည် ရှေး၌ ပြဆိုခဲ့သည့် အဓိဋ္ဌာနတရား လေးပါးသို့ အစဉ်လိုက်သော ဒါန, ပိယဝါစာ, အတ္ထစရိယာ, သမာနတ္တတာ တည်းဟူသော သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းအား ချီးမြှောက်မှု ပြုတော်မူလျက် ဗောဓိဉာဏ်သုံးပါးသို့ ရောက်ကြောင်း အကျင့်ပဋိပတ် ယာဉ်သုံးရပ်၌ မသက်မရောက်သေးသော သတ္တဝါတို့ကို သက်ရောက်အောင် သက်ရောက်ပြီးသော သတ္တဝါတို့ကို ရင့်သန်အောင် ပြုစုစောင့်ရှောက်တော်မူလေသည်။

မှန်၏….အလောင်းတော်ကြီးများ၏ ကရုဏာ ပညာ ဤတရားနှစ်ပါးကို ဒါနတည်းဟူသော သင်္ဂဟဝတ္ထုဖြင့် တန်းဆာဆင်အပ်၏၊ (ဒါနအလျဉ်းမပါ ကရုဏာ ပညာချည်းသက်သက် ချောက်

WWW.DHAMMARANSI.COM



တပ်တပ် ဖြစ်သည်မဟုတ်၊ အလှူဒါနပေးလျက် ပေးလျက်သာ ကရုဏာ ပညာနှစ်ပါး ဖြစ်ပွါးသည်ဟု ဆိုလိုသည်။) ပေးလှူသော အခါမှာလည်း အလှူခံတို့နှင့် အခြွေအရံတို့အပေါ် ငေါက်ငမ်း ဟိန်းဟဲခြင်း အလျဉ်းမရှိ၊ ပိယဝါစာ ချိုသာစကား ပြောကြား၍ သာ ပေးလှူတော်မူသဖြင့် အလောင်းတော်ကြီးများ၏ ဒါနသင်္ဂဟ ဝတ္ထုကို ပိယဝါစာ သင်္ဂဟဝတ္ထုဖြင့် တန်းဆာဆင်အပ်၏။ ပိယ ဝါစာ ချိုသာစကား ပြောကြားရာ၌လည်း နှုတ်ဖျားတွင်ရွှေသာ နားကြားကောင်းရုံ (အပေါ်ယံ ပြီးပြီး ပျောက်ပျောက်) မဟုတ်ပဲ ဝမ်းထဲကပင် စင်စစ် အကျိုးကို လိုလားသောစိတ်ဖြင့် သူတဖက် သား အကျိုးရှိအောင် ကျင့်ကြံ ပြောဆိုခြင်းဖြစ်၍ အလောင်း တော်ကြီးများ၏ ပိယဝါစာ သင်္ဂဟဝတ္ထုကို အတ္ထစရိယာ သင်္ဂဟ ဝတ္ထုဖြင့် တန်းဆာဆင်အပ်၏။ (ဗောဓိသမ္ဘာရဖြစ်သည့် ပါရမီ စာဂ စရိယတရားတို့ကို ဖြည့်ကျင့်ခြင်းသည် သတ္တဝါတို့၏အကျိုးကို ကျင့်နေခြင်းဖြစ်သည်၊ အတ္ထစရိယာ သင်္ဂဟဝတ္ထုဖြစ်သည်) ဗောဓိ- သမ္ဘာရတရားတို့၌ ကျင့်ကြံတော်မူကြသော အလောင်းတော် သူမြတ်ကြီးများအား အရာရာ၌ပင် သတ္တဝါခပ်သိမ်းတို့ကို ကိုယ်နှင့် ထပ်တူပြု၍ ဆင်းရဲမကွာ ချမ်းသာအမျှ စိတ်ထားတော်မူနိုင်ကြ သဖြင့် အလောင်းတော်ကြီးများ၏ အတ္ထစရိယာ သင်္ဂဟဝတ္ထုကို သမာနတ္တတာ = (ကိုယ်တူကျင့်ခြင်း) သင်္ဂဟဝတ္ထုဖြင့် တန်းဆာ ဆင်အပ်၏။

ဘုရားဖြစ်သောအခါ၌လည်း အဓိဋ္ဌာနတရားလေးပါး ပြည့်စုံ ခြင်းကြောင့် အစွမ်းကုန် တိုးပွါးသော ထိုသင်္ဂဟဝတ္ထုလေးပါး တို့ဖြင့်ပင် သတ္တဝါအပေါင်းအား ချီးမြှောက်ခြင်းအမှု တခုကိုသာ ပြုသဖြင့် ချေချွတ်ခြင်း ဆုံးမခြင်းကိစ္စ ပြီးမြောက်လေသည်။ ရှင်ဦးအံ့….ဘုရားရှင်တို့၏ ဒါနသင်္ဂဟဝတ္ထုသည် စာဂါဓိဋ္ဌာနဖြင့် တိုးပွါး ပြည့်ဝ၏။ ပိယဝါစာ သင်္ဂဟဝတ္ထုသည် သစ္စာဓိဋ္ဌာနဖြင့် တိုးပွါးပြည့်ဝ၏။ အတ္ထစရိယာ သင်္ဂဟဝတ္ထုသည် ပညာဓိဋ္ဌာနဖြင့် တိုးပွါး ပြည့်ဝ၏။ သမာနတ္တတာ သင်္ဂဟဝတ္ထုသည် ဥပသမာဓိ- ဋ္ဌာနဖြင့် တိုးပွါး ပြည့်ဝ၏။

WWW.DHAMMARANSI.COM



ဤအရာ၌ စရိယာပိဋကအဋ္ဌကထာဝယ် ဗုဒ္ဓဃောသမနာ (၄) ဂါထာတို့ကို ဤသို့ ကြည်ညိုစွာ ဖွဲ့ဆိုထားလေသည်။

(၁) သဗ္ဗော စာဂီ ဥပသန္တော၊
ပညဝါ အနုကမ္ပကော။
သမ္မတသမ္ဗသမ္ဗာရော၊
ကံ နာမတ္ထံ န သာမယေ။

သဗ္ဗော၊ ဝိရတိ ဝါစာ ပညာပရမတ္ထ သစ္စာဓိဋ္ဌာန လေးပါး ထွတ်ဖျားတိုင်မြောက် ရောက်တော်မူပြီးသော။ စာဂီ၊ ဝဏ္ဏုနှင့် ကိလေသာ နှစ်ဖြာသော ကာမတို့ကို စွန့်ချပယ်လှန် စာဂါ-ဓိဋ္ဌာန်ကြီး အပြီးတိုင်မြောက် ရောက်တော်မူပြီးထသော။ ဥပ-သန္တော၊ ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးတော်မူပြီးထသော။ ပညဝါ၊ သဗ္ဗညုတ အနာဝရဏဉာဏ်တော်ရှင် ဖြစ်တော်မူပေထသော။ အနုကမ္ပကော ကြီးမြတ်လှစွာ ကရုဏာဖြင့် သတ္တဝါတို့အား သနားစောင့်ရှောက်တော်မူပေထသော။ သမ္မတသမ္ဗ-သမ္ဗာရော၊ လေ့ကျက်ရှာမှီး ဆည်းပူးပြီးသည့် ငါးသီးစာဂစရိယသုံးလီပါရမီအဆောက်အဦ အလုံးစုံရှိတော်မူသော မြတ်စွာဘုရားသည်။ ကံ နာမ အတ္ထံ၊ အဘယ်မည်သော အကျိုးကို။ န သာမယေ၊ မပြီးစေနိုင်ပဲ ရှိပါအံ့နည်း။ သာမယေတိ ဧဝ၊ အကြောင်းဥသုံ ပြီးပြည့်စုံသဖြင့် လူ့ဘုံနတ်ဌာန် နိဗ္ဗာန်တိုင်စိုး ဝေနေယျအကျိုးကို ဖွံ့ဖြိုးပုံသေ ပြီးစေတော်မူသည်သာတည်း။

(၂) မဟာကာရုဏိကော သတ္ထာ၊
ဟိတေသီ စ ဥပေက္ခကော။
နိရပေက္ခော စ သဗ္ဗတ္ထ၊
အဟော အစ္ဆရိယော ဇိနော။

သတ္ထာ၊ လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ မဟာ-ကာရုဏိကော၊ ကြီးမြတ်သန့်စင် ကရုဏာရှင်ကြီးဖြစ်တော်မူ၍။ ဟိတေသီ စ၊ ဝေနေယျတို့၏ အစီးအပွါးကို နိဗ္ဗာန်တိုင် လိုလား တော်မူပေ၏။ ဥပေက္ခကော၊ လောကဓံရှစ် တွေ့ကြုံလစ်လည်း

WWW.DHAMMARANSI.COM



မှန်းချစ်မဟူ လျှစ်လျူရှုတော်မူနိုင်ပေ၏။ သဗ္ဗတ္ထ၊ ကိုယ်တွင်းကိုယ်ပ ရှိသမျှဥဿုံ အလုံးစုံသောဝတ္ထုတို့၌။ နိရပေက္ခော စ၊ ငဲ့ကွက်တွယ်တာ သာယာခုံမက်ခြင်းလည်း ကင်းတော်မူပေ၏။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဟော အစ္ဆရိယော၊ သြ....လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

(၃) ဝိရတ္တော သဗ္ဗဓမ္မေသု၊
သတ္တေသု စ ဥပေက္ခကော။
သဒါ သတ္တဟိတေ ယုတ္တော၊
အဟော အစ္ဆရိယော ဇိနော။

သဗ္ဗဓမ္မေသု၊ ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့၌။ ဝိရတ္တော၊ ခုံမင်တပ်မက်ခြင်း ကင်းတော်မူပါလျက်။ သတ္တေသု စ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၌လည်း။ ဥပေက္ခကော၊ ချစ်မုန်းမပြု ဥပေက္ခာရှုတော်မူသည် ဖြစ်ပါလျက်။ သဒါ၊ နေ့ရောညဉ့်ပါ ခပ်သိမ်းသောအခါ၌။ သတ္တဟိတေ၊ သတ္တဝါတို့၏ ချမ်းသာရန်အကြောင်း စီးပွါးကောင်း၌။ ယုတ္တော၊ လုံ့လဆက်စဉ် ယှဉ်တော်မူပေ၏။ ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အဟော အစ္ဆရိယော၊ သြ....လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

(၄) သဗ္ဗဒါ သဗ္ဗသတ္တာနံ၊
ဟိတာယ စ သုခါယ စ။
ဥယျုတ္တော အကိလာသူ စ၊
အဟော အစ္ဆရိယော ဇိနော။

ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ခပ်သိမ်းသောအခါ၌။ သဗ္ဗသတ္တာနံ၊ လူနတ်ဗြဟ္မာ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ စ၊ အစီးအပွါး များရန်အလို့ငှါလည်းကောင်း။ သုခါယ စ၊ ချမ်းသာသုခ ရရန်အလို့ငှါလည်းကောင်း။ ဥယျုတ္တော၊ ဗုဒ္ဓကိစ္စ ငါးဌာနကို နေ့ညကြိုးကုတ် အားထုတ်

WWW.DHAMMARANSI.COM



တော်မူရပါလျက်။ အကိလာသု စ၊ ကိုယ်တော်ပင်ပန်း နွမ်းနယ်သောအရိပ် တဆိတ်မျှလည်း ရှိတော်မမူ။ အဟော အစ္ဆရိယော၊ ဩ....လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

ပါရမီတို့ကို ပြည့်စုံစေကြောင်းတရားများ ပြီး၏။

## (၁၄) ပါရမီတော်တို့ ပြည့်စုံရာ ကာလအပိုင်းအခြား

"အဘယ်မျှသော ကာလအပိုင်းအခြားဖြင့် ပါရမီတော်တို့ ပြည့်စုံသနည်း (အဘယ်မျှကြာအောင် ပါရမီတို့ကို ဖြည့်မှ ဘုရားဖြစ်သနည်း)"ဟူ၍ မေးခဲ့သော်—

ဘုရားဆုပန် နိယတဗျာဒိတ် ခံပြီးသည့်နောက် အနည်းဆုံးအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း၊ အလယ်အလတ်အားဖြင့် ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ အများဆုံးအားဖြင့် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ဤကာလ အပိုင်းအခြားဖြင့် ပါရမီတော်တို့ ပြည့်စုံသည် (ဤမျှကြာအောင် ပါရမီတို့ကို ဖြည့်မှ ဘုရားဖြစ်သည်) ဟူ၍ ဖြေဆိုရာ၏။

ဤသို့ ကာလအပိုင်းအခြား သုံးမျိုး ပြားခြင်းမှာလည်း အစဉ်အတိုင်း ပညာဓိကဘုရားအလောင်း, သဒ္ဓါဓိကဘုရားအလောင်း, ဝီရိယာဓိကဘုရားအလောင်းဟု ဘုရားအလောင်း သုံးမျိုးသို့လိုက်၍ ပြားခြင်း ဖြစ်သည်။ (ပညာဓိကဘုရားအလောင်းမှာ လေးအသင်္ချေနှင့်ကမ္ဘာတသိန်း, သဒ္ဓါဓိကဘုရားအလောင်းမှာ ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း, ဝီရိယာဓိကဘုရားအလောင်းမှာ တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ဖြည့်ကျင့်မှ ပါရမီတော်များ ပြည့်စုံသည်၊ သို့ရကား ဘုရားအလောင်း သုံးမျိုးသို့လိုက်၍ ပြားခြင်းဖြစ်သည် ဟု ဆိုလိုသည်။)

"ဘုရားအလောင်းချင်း တူပါလျက် အဘယ့်ကြောင့် ပါရမီဖြည့်ရာကာလ သုံးမျိုးပြားသနည်း"ဟု မေးခဲ့သော်—

အဖြေကား····ပညာဓိက ဘုရားအလောင်းမှာ သဒ္ဓါနန့်၍ ပညာကထက်သည်။ သဒ္ဓါဓိကဘုရားအလောင်းမှာ သဒ္ဓါထက်၍

WWW.DHAMMARANSI.COM



ပညာက အလယ်အလတ် ရှိသည်။ဝီရိယာဓိကဘုရားအလောင်းမှာ ပညာနုန့်သည်။ပညာ၏အာနုဘော်ဖြင့် သဗ္ဗညုတဉာဏ်သို့ ရောက်ရသည်၊ ပညာထက်လျှင် လျင်မြန်စွာ သဗ္ဗညုတဉာဏ်သို့ ရောက်သည်၊ပညာနုန့်လျှင် နှေးကွေးစွာ သဗ္ဗညုတဉာဏ်သို့ ရောက်သည်။ ဤသို့ ပညာ၏ အထက်အနုန့် ကွဲပြားခြင်းကြောင့် ပါရမီဖြည့်ရာကာလ သုံးမျိုးပြားသည်။ ။(ဤကား အဋ္ဌကထာ၏ အဖြေတည်း။)

အပရေဆရာတို့ကမူ ဝီရိယထက်ခြင်း အလယ်အလတ်ရှိခြင်း နုန့်ခြင်းသို့လိုက်၍ ဘုရားအလောင်းတို့၏ ပါရမီဖြည့်ရာကာလ သုံးမျိုးပြားသည် ဟု ဆိုကြ၏။

ဝိမုတ္တိပရိပါစနီယတရား = (အရဟတ္တဖိုလ်ကို ရင့်သန်စေတတ်သည့် တရား ၁၅-ပါး)တို့၏ ထက်သည် အလယ်အလတ်ရှိသည် နုန့်သည်သို့ လိုက်၍ ဆိုခဲ့ပြီးသော ကာလအပိုင်းအခြားအတိုင်း အလောင်းတော်ကြီးတို့၏ ပါရမီများ ဖြည့်စုံရကား ကာလသုံးမျိုး ပြားခြင်းသည် သင့်လှပေ၏ ဟု ဆရာတို့ ဆိုကြ၏။

အဋ္ဌကထာ၊ ပညာဖြင့်ဝေ၊ အပရေ ဝီရိ၊ ဝိမုတ္တိ၊ ။အာစရိယများ။

ထိုသုံးဝါဒတို့တွင် အဋ္ဌကထာဝါဒ သင့်မြတ်ကြောင်းကို ဖော်ပြလတ္တံ့သောအတိုင်း ဘုရားအလောင်းသုံးမျိုး ခွဲဝေခဏ်းဖြင့် သိမှတ်ရာ၏။

## ဘုရားအလောင်း သုံးမျိုး

ရှုဦးအံ့····သုမေဓာ ရှင်ရသေ့ဘဝကဲ့သို့ နိယတဗျာဒိတ် ခံယူသော ခဏ်၌ပင် ဘုရားအလောင်းတော်ကြီးများသည် (၁)ဥဃဋိတညုဘုရားအလောင်း(၂)ဝိပဉ္စိတညုဘုရားအလောင်း(၃)နေယျဘုရားအလောင်းဟူ၍ သုံးပါးပြားကြသည်။

ထိုသုံးပါးတို့တွင် နိယတဗျာဒိတ် ခံယူသည့်ဘဝဝယ်(အကယ်၍)သာဝကဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူလျှင် (သာဝကအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လိုလျှင်)သဗ္ဗညုမြတ်စွာဘုရား၏ မျက်မှောက်တော်

WWW.DHAMMARANSI.COM



မှ စတုပ္ပဒိက = (လေးပါဒ လေးပိုဒ်ရှိသော)တဂါထာကိုကြား နာစဉ် ထိုဂါထာ၏ တတိယပါဒ = (တတိယပိုဒ်)မဆုံးမီ အဘိ ညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သည့် ဥပနိဿယကုသိုလ်ထူးနှင့် ပြည့်စုံသော ဘုရားအလောင်းတော်သည် **ဥဃဋိတညူ ဘုရား အလောင်း** မည်၏။ ဤဥဃဋိတညူ ဘုရားအလောင်းကိုပင် **ပညာဓိက ဘုရားအလောင်း**ဟူ၍ ခေါ်သည်။ ဥဃဋိတညူ ဘုရား အလောင်းဟူသည် ပညာဉာဏ် အထက်ဆုံးသော ဘုရား အလောင်းတည်း။

နိယတဗျာဒိတ် ခံယူသည့်ဘဝဝယ် (အကယ်၍) သာဝက ဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူလျှင် (သာဝကအဖြစ်ဖြင့် နိဗ္ဗာန် ဝင်လိုလျှင်)သဗ္ဗညူမြတ်စွာဘုရား၏ မျက်မှောက်တော်မှ စတုပ္ပ- ဒိက တဂါထာကို ကြားနာစဉ် ထိုဂါထာ၏ စတုတ္ထပိုဒ် မဆုံးမီ အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း ငှါ စွမ်းနိုင်သည့် ဥပနိဿယ ကုသိုလ်ထူးနှင့် ပြည့်စုံသော ဘုရား အလောင်းတော်သည် **ဝိပဉ္စိတညူ ဘုရားအလောင်း** မည်၏။ ဤ ဝိပဉ္စိတညူ ဘုရားအလောင်းကိုပင် **သဒ္ဓါဓိက ဘုရားအလောင်း** ဟူ၍ ခေါ်သည်။ ဝိပဉ္စိတညူဘုရားအလောင်းဟူသည် ပညာဉာဏ် အလယ်အလတ်ရှိသော ဘုရားအလောင်းတည်း။

နိယတဗျာဒိတ် ခံယူသည့်ဘဝဝယ် (အကယ်၍) သာဝက ဗောဓိဉာဏ်၌ စိတ်ညွတ်တော်မူလျှင် (သာဝကအဖြစ်ဖြင့် နိဗ္ဗာန် ဝင်လိုလျှင်) သဗ္ဗညူမြတ်စွာဘုရား၏ မျက်မှောက်တော်မှ စတုပ္ပ- ဒိက တဂါထာကို ကြားနာစဉ် ထိုဂါထာ ပြီးဆုံးလျှင်ပင် အဘိ ညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်သည့် ဥပနိဿယ ကုသိုလ်ထူးနှင့် ပြည့်စုံသော ဘုရား အလောင်းတော်သည် **နေယျဘုရားအလောင်း** မည်၏။ ဤနေယျ ဘုရားအလောင်းကိုပင် **ဝီရိယာဓိက ဘုရားအလောင်း**ဟူ၍ ခေါ်သည်။ နေယျဘုရားအလောင်းဟူသည် ပညာဉာဏ်နုန့်သော ဘုရားအလောင်းတည်း။

WWW.DHAMMARANSI.COM



ဆိုအပ်ပြီးသည့် ဘုရားအလောင်း သုံးမျိုးလုံးပင် နိယတ ဗျာဒိတ် မခံရသေးမီ ရှေးပိုင်းကာလ၀ယ် ဤရွေ့ဤမျှဟု ရေတွက် ၍မရသော ကမ္ဘာအသင်္ချေကပင် ဘုရားဆုကို တောင်းခဲ့ကြ၍ နိယတဗျာဒိတ် ခံယူရရှိပြီးသည့် နောက်၌ကား ဆိုခဲ့ပြီးသည့် အတိုင်း ပါရမီတို့ကို ဖြည့်ကျင့်၍ ဖော်ပြရာပါ ကာလ အပိုင်း အခြားအတိုင်း သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြသည်။

## ထိုထက်စော၍ ဘုရားမဖြစ်နိုင်

ကာလ အပိုင်းအခြားဖြင့် ပွင့်လေ့ သီးလေ့ မှည့်ရင့်လေ့ ရှိသော ကောက်မျိုး စပါးမျိုးကို မည်မျှပင် ကြိုးစား၍ ရေသွန်း ခြင်း စသည်ကို ပြုစေကာမူ ဗီဇနိယာမ သူ၏ ပွင့်နေကျ သီးနေကျ မှည့်နေကျ ကာလ အပိုင်းအခြားထက် စော၍ မပွင့်နိုင် မသီးနိုင် မမှည့်ရင့်နိုင်သကဲ့သို့၊ ဆိုအပ်ပြီးသည့် ထိုထို ကာလ အပိုင်းအခြား မပြည့်စုံမီ ထိုထို ဘုရားအလောင်းတို့သည် နေ့စဉ်နေ့တိုင်း ပါရမီ စာဂ စရိယတို့ကို အလွန်အလွန် တိုး၍ ကြိုးစား အားထုတ်သော် လည်း ဉာဏ်၏ မရင့်ကျက်ခြင်းကြောင့်၎င်း ဘုရားဖြစ်အောင် ပြုတတ်သောတရားတို့ မပြီးဆုံးသေးသောကြောင့်၎င်း အကြား ကာလ၌ ဘုရားမဖြစ်နိုင်ချေ။

ထို့ကြောင့် ဆိုအပ်ပြီးသည့် ကာလ အပိုင်းအခြားအတိုင်း ပါရမီတို့၏ ပြည့်စုံခြင်းကို ရှင်းလင်းစွာ မှတ်ယူရာ၏။

---

## (၁၅) ပါရမီတို့၏ အကျိုးဆက် အာနိသင်များ

"ပါရမီတို့၏ အကျိုးဆက် အာနိသင်တို့ကား အဘယ် နည်း"ဟု မေးခဲ့သော်—

"အဝီစိငရဲကြီး၌ မဖြစ်ခြင်း အစရှိသည်တို့သည် ပါရမီ တို့၏ အကျိုးဆက်အာနိသင်များ ဖြစ်ကြသည်"ဟု အကျဉ်း ချုပ် ဖြေဆိုရာ၏။

WWW.DHAMMARANSI.COM



**အကျယ်အဖွင့်ကား....**

အဝိစိငရဲကြီး၌ မဖြစ်ခြင်း အစရှိသော အဘဗ္ဗဋ္ဌာန (၁၈)ပါး တို့သည်၎င်း....(ထိုအဘဗ္ဗဋ္ဌာန ၁၈-ပါးကို ဤပကိဏ္ဏကခဏ်း၏ နောက်၌ ဆက်၍ ဖော်ပြပေအံ့၊) သတ္တလောက၏ အကျိုးကို ကျင့်ခြင်းတို့သည်၎င်း....(မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိ သုညတဝဂ် အစ္ဆရိယအဗ္ဘုတသုတ်လာ) အံ့ဖွယ် နှစ်ဆယ်တို့သည် ၎င်း....၊ ထိုမှတပါး ဘုရားအလောင်းတော်တို့၏ အလိုရှိသမျှ ပြည့်စုံခြင်း....နှုတ်မှု လက်မှုတို့၌ ကျွမ်းကျင်နိုင်နင်းခြင်း အစရှိသည့် ထိုထို ဇာတ်တော်များနှင့် ဗုဒ္ဓဝင်ကျမ်း စသည်တို့၌ ပြဆိုအပ် သော အာနိသင်အလုံးစုံတို့သည်၎င်း ပါရမီတို့၏ အကျိုးဆက် အာနိသင်များဖြစ်ကြ၏။ (ရှေး **၁၂-ပါရမီတို့၏ အကျဉ်းချုပ် တရားများ** အခဏ်း၌ လာရှိသည့် ဒုက ၁၅-ပါးတို့ဖြင့် ပြအပ် သော အကျိုးများသည်လည်း ပါရမီတို့၏ အာနိသင်များပင် ဖြစ်ကုန်၏။)

ထိုမှတပါးလည်း ဘုရားအလောင်းတော်သည် ဘုရားဆုပန် တော်မူသည်ကစ၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားတော်မူခြင်းကြောင့် သတ္တလောက၏ ဘခင်ကြီးနှင့်တူသူ ဖြစ်ခြင်း....ဂုဏ်ကျေးဇူးအထူးနှင့် ယှဉ်တော်မူခြင်းကြောင့် မြတ် သောအလှူကို ခံထိုက်ခြင်း....အလေးအမြတ် ပြုအပ်သူဖြစ်ခြင်း.... အလွန်မြတ်သည့် ကုသိုလ်မျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာ မြေ ကောင်းကြီးနှင့် တူတော်မူခြင်း....လူနတ်တို့က ချစ်ခင်လေးမြတ် အပ်သူဖြစ်ခြင်း....မေတ္တာ ကရုဏာ အဟုန်ဖြင့် ပွါးထုံအပ်သော စိတ်နှလုံးရှိတော်မူခြင်းကြောင့် ခြင်္သေ့ သစ် ကျား သားရဲစသည် တို့က မနှိပ်စက်နိုင်သူ ဖြစ်တော်မူခြင်း....ဖြစ်လေရာရာ ဘဝတို့၌ ကုသိုလ်အထူးရှိသူ ဖြစ်ခြင်းကြောင့် အလွန်မြတ်သော အဆင်း အခြံအရံ ချမ်းသာသုခ ခွန်အားဗလ အစိုးရခြင်း ဂုဏ်တို့ဖြင့် သူတပါးတို့ကို လွှမ်းမိုး စိုးအုပ်နိုင်ခြင်း....အနာရောဂါ ကင်းရှင်း ခြင်း....အလွန်သန့်ရှင်းသည့် သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ရှိခြင်း....**ကိလေသာ နည်းပါးသူဖြစ်ခြင်း....ကိလေသာ နည်းပါး**

WWW.DHAMMARANSI.COM



သောကြောင့်ပင် ဆုံးမလွယ်သူ ဖြစ်ခြင်း····သည်းခံနိုင်ခြင်း.... ကောင်းမှု၌ မွေ့လျော်ခြင်း....အမျက်မထွက် ရန်ငြိုးအာဃာတ မဖွဲ့ ခြင်း....သူ့ကျေးဇူးကို မချေမဖျက်ခြင်း....အပြိုင်မူမှု မပြုခြင်း....မနာ လိုမှု ဝန်တိုမှု မရှိခြင်း....မကောက်ကျစ် မလှည့်ဖြားခြင်း....မခက် မထန် မာန်မမူခြင်း....ငြိမ်းအေးခြင်း....ကုသိုလ်တရားတို့၌ မမေ့ မလျော့ခြင်း....သူတပါးတို့က ပူပန်အောင် ပြုလုပ်သည်ကိုသာ သည်းခံ၍ မိမိကမူ သူတပါးတို့ကို ပူ[illegible]အောင် မပြုလုပ်ခြင်း.... ဘုရားအလောင်းနေထိုင်ရာ မြို့ရွာ နယ်ပယ်တို့၌ ဘေးအန္တရာယ် ကင်းရှင်းခြင်း....ဥဿဒငရဲငယ်တို့၌ တရံတခါ ကံမလွှ၍ (တေမိ မင်း မဖြစ်မီဘဝမှာကဲ့သို့) ကျရောက်ရသော်လည်း အခြားငရဲ သားများကဲ့သို့ ဆင်းရဲဒုက္ခကြောင့် ဒေါသမပွါးပဲ သံဝေဂတရား သာ တိုး၍တိုး၍ ဖြစ်ပွါးခြင်းတို့သည်လည်း ပါရမီတို့၏ အကျိုး ဆက် အာနိသင်ပင် ဖြစ်ကုန်၏။

ထိုမှတပါး အာယုသမ္ပဒါ, ရူပသမ္ပဒါ, ကုလသမ္ပဒါ, ဣဿရိယ သမ္ပဒါ, အာဒေယျဝစနတာ, မဟာနုဘာဝတာ ဤအရာစုသည် လည်း ပါရမီတို့၏ အာနိသင်ပင် ဖြစ်ကုန်၏၊ ထိုတွင်—

**အာယုသမ္ပဒါ**....ဟူသည် ဖြစ်လေရာဘဝတို့၌ အသက်ရှည်စွာ တည်နေရခြင်းတည်း၊ ယင်းအာယုသမ္ပဒါဖြင့် အလောင်းတော် သည် မိမိဆောက်တည်အပ်သော ကုသိုလ်မှုတို့ကို အဆုံးရောက် အောင် အားထုတ်၍ ကုသိုလ်တရား များစွာ ပွါးစေသည်။

**ရူပသမ္ပဒါ**....ဟူသည် ရှုချင်စဖွယ် ကြည်ညိုစဖွယ် တင့်တယ် သော ရုပ်အဆင်း ရှိမှုတည်း၊ ယင်းရူပသမ္ပဒါဖြင့် အလောင်းတော် သည် ရူပပမာဏ=(ရုပ်အဆင်းလှသည်ကို အလေးပြုတတ် သော) သတ္တဝါတို့၏ ကြည်ညိုခြင်းကို ဆောင်တော်မူသည်။

**ကုလသမ္ပဒါ**....ဟူသည် မြတ်သောအမျိုး၌ ဖြစ်ခြင်းတည်း၊ ယင်းကုလသမ္ပဒါဖြင့် ဇာတိမာန်စသည် ယစ်မူးသော သတ္တဝါတို့ ကသော်လည်း ကိုယ်တော်မြတ်သို့ ဆည်းကပ်ရသည်၊ ထို့ကြောင့် ထိုသူတို့ကို မာန်မာန ကင်းစင်အောင် ဆုံးမတော်မူနိုင်သည်။

WWW.DHAMMARANSI.COM



**ဉာဏသရိယသမ္ပဒါ**....ဟူသည် စည်းစိမ်ဥစ္စာများခြင်း တန်းခိုးကြီးခြင်း အခြွေအရံများခြင်းတည်း၊ ယင်း ဉာဏသရိယသမ္ပဒါဖြင့် ချီးမြှောက်သင့်သူတို့ကို သင်္ဂဟတရား လေးပါးဖြင့် ချီးမြှောက်ခြင်းငှါလည်း နှိပ်ကွပ်သင့်သူတို့ကို တရားသဖြင့် နှိပ်ကွပ်ခြင်းငှါလည်း စွမ်းနိုင်တော်မူသည်။

**အာဒေယျဝစနတာ**....ဟူသည် သူခပ်သိမ်းတို့ ယုံကြည်အပ်သော စကားရှိသူဖြစ်ခြင်းတည်း၊ ယင်း အာဒေယျဝစနတာဖြင့် သတ္တဝါတို့၏ ချိန်ခွင်ကြီးပမာ အားထားမှီခိုရာ ဖြစ်ပြီးလျှင် အလောင်းတော်၏ အာဏာကို မည်သူမျှ မလွန်ကျူးဝံ့ကြချေ။

**မဟာနုဘာဝတာ** ဟူသည် အာနုဘော်ကြီးမြတ်ခြင်း (သုံးဆောင်အပ်သော အရာဝတ္ထုတို့ အတုမရှအောင် ကြီးကျယ်ခြင်း) တည်း၊ ယင်းမဟာနုဘာဝတာဖြင့် ကိုယ်တော်မြတ်ကို တစုံတယောက်က လွှမ်းမိုး စိုးအုပ်သည်ကို မခံရပဲ ကိုယ်တော်ကသာလျှင် သူတပါးတို့ကို တရားနှင့်အညီ လွှမ်းမိုး အုပ်စိုးတော်မူရသည်။

ဤသို့လျှင် အာယုသမ္ပဒါ စသော ဂုဏ်ကျေးဇူးတို့သည် ပါရမီတို့၏ အကျိုးအာနိသင်များ ဖြစ်ကြပြီးလျှင် မိမိတို့ ကိုယ်တိုင်ကလည်း မနှိုင်းရှည်နိုင်သော ကောင်းမှု အဆောက်အဦ၏ တိုးပွါးစည်ပင်ကြောင်း ဖြစ်ကြ၍ ဗောဓိယာဉ်သုံးပါး၌ မသက်ရောက်သေးသော သတ္တဝါတို့အား သက်ရောက်စေနိုင်ကြောင်း သက်ရောက်ပြီးသော သတ္တဝါတို့အား ရင့်သန်စေနိုင်ကြောင်း ဖြစ်ကြလေသည်။

( ဤကား ပါရမီတို့၏ အာနိသင်တည်း။ )

WWW.DHAMMARANSI.COM



## (၁၆) ပါရမီတို့၏ အကျိုးရင်းတရား

"ပါရမီတို့၏ အကျိုးရင်း ဖလ တရားကား အဘယ် နည်း"ဟု မေးခဲ့သော်—

အဖြေကား....မြတ်စွာဘုရား၏ အဖြစ်တည်းဟူသော အရ-ဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် ရှေ့ဆောင်သည့် ဘုရား၏ဂုဏ်တော် ကျေးဇူးတော် အနန္တသည် အကျဉ်းချုပ်အားဖြင့် ပါရမီတို့၏ အကျိုးရင်း ဖလတရား ဖြစ်ပေ၏။ (ဘုရားဖြစ်ခြင်းသည် ပါရမီ တို့၏ အကျိုးရင်းဖြစ်သည် ဟု ဆိုလိုသည်။)

အကျယ်အားဖြင့်ကား....သုံးဆယ့်နှစ်ပါးသော မဟာပုရိသ-လက္ခဏာတော်ကြီးများ ရှစ်ဆယ်သော အနုဗျဉ္ဇနလက္ခဏာတော် ငယ်များ (၎င်းတို့အကျယ် ဂေါတမဗုဒ္ဓဝင်၌ ထင်ရှားလတ္တံ့။) အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌သော်လည်း အတောင် ရှစ်ဆယ် အရပ်တိုင်အောင် ထွန်းလင်းတောက်ပသော ကိုယ်တော် ရောင် အစရှိသော များစွာသော ဂုဏ်တော်အပေါင်းတို့ဖြင့် တောက်ပြောင်တင့်တယ်သော ရူပကာယ၏ ကြက်သရေတော် များနှင့်တကွ ထိုရူပကာယ၌ တည်သော ဒသဗလဉာဏ်တော် ဆယ်ပါး၊ ဝေသာရဇ္ဇဉာဏ်တော် လေးပါး၊ အသာဓာရဏဉာဏ် တော်ခြောက်ပါး၊ တဆယ့်ရှစ်ပါးသော အာဝေဏိက ဘုရား ဂုဏ်တော် အစရှိသည့် အနန္တဂုဏ်တော်အပေါင်းဖြင့် တင့်တယ် သော ဓမ္မကာယ ကြက်သရေတော်အစု၊ ထိုမှတပါးလည်း....

"ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရ ဒီဃမန္တရေ၊
ဝဏ္ဏော န ခီယေထ တထာဂတဿ"—

ဟူ၍ အဋ္ဌကထာ ဆရာတော်များ ကိုးကား ဖော်ပြအပ်သည့် ဂါထာအတိုင်း တဆူသော ဘုရားရှင်သည် တပါးသော တရား ကို မဟောပဲ တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို အာယု ကပ် = (အသက်ရှည်သမျှ) ပတ်လုံး ဟောသော်လည်း အသက်

WWW.DHAMMARANSI.COM



တမ်း အာယုကပ်သာ အချိန်ကြာ၍ ကုန်စေကာမူ မကုန်မဆုံးနိုင်သော ဘုရားရှင်၏ ဂုဏ်တော်များ ဤဘုရားစုသည် ပါရမီတို့၏ အကျိုးရင်း ဖလတရား ဖြစ်ကုန်၏။

ဤအရာ၌ ဘုရားဂုဏ်တော်များ၏ အနန္တ အပ္ပမေယျ ဖြစ်သည်ကို သဒ္ဓါကြည်ညိုကြရန်ငှင်း ဤကျမ်းကို လေ့လာသူတို့ ပညာသံဝတ္တနိက = (ပညာကို ဖြစ်စေတတ်သည့်) ကုသိုလ်တရား ပွါးစီးကြရန်ငှင်း အနောမဒဿီ မြတ်စွာဘုရားအား အရှင်သာရိပုတြာ၏ အလောင်းဖြစ်သည့် သုရုစိရှင်ရသေ့ ချီးကျူး လျှောက်ဆိုအပ်သော ဂါထာ (၃) ပုဒ်ကို ပါဠိအနက် ဖော်ပြ၍ ပကိဏ္ဏကအခဏ်းကို ပြီးဆုံးစေတော့အံ့....၊

(၁) သက္ကာ သမုဒ္ဒေ ဥဒကံ၊
ပမေတုံ အာဠှကေန ဝါ။
န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ ပမေတဝေ။

သမုဒ္ဒေ၊ မဟာဏ္ဏဝါ သမုဒြာအတွင်း၌။ ဥဒကံ၊ တည်နေပေါင်းစု ရေအသုကို။ အာဠှကေန ဝါ၊ ပြည်တောင်းဖြင့်ငှင်း။ အဍ္ဎေန ဝါ၊ တပါးသော ချင်ခွက်ဖြင့်ငှင်း။ ပမေတုံ၊ ဤရွေ့တုံတိ ဤမျှရှိဟု သိအောင်ရည်ရွယ် ချင်တွယ်နိုင်းစက်ခြင်းငှါ။ သက္ကာ၊ တတ်နိုင်သော်မူ တတ်နိုင်ဖွယ်ရာ ရှိပါသေး၏။ သဗ္ဗညု၊ ခပ်သိမ်းသော တရားတို့ကိုပိုင်းခြားကုန်စင် သိမြင်တော်မူသောမြတ်စွာဘုရား....။ တဝ၊ အရှင်ဘုရား၏။ ဉာဏံ၊ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကို။ ပမေတဝေ၊ ဤရွေ့တုံဘိ အစွမ်းရှိဟု သိအောင်ရည်ရွယ် ချင်တွယ်နှိုင်းစက်ခြင်းငှါ။ နတွေဝ သက္ကာ၊ အဘယ်လူဇာတ် အဘယ်နတ်မှ မတတ်နိုင်ရိုး ဧကန် မှန်လှပါသည်ဘုရား။

(၂) ဓာရေတုံ ပထဝိံ သက္ကာ၊
ဌပေတွာ တုလမဏ္ဍလေ။
န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ ဓရေတဝေ။

WWW.DHAMMARANSI.COM



ပထဝိံ၊ ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီ ဤမြေအဝန်းကို။ တုလမဏ္ဍလေ၊ ချိန်ခွင်အဝန်း၌။ ဌပေတွာ၊ တင်ထား၍။ ခရေတုံ၊ ဤရွေ့တုံတိ ချိန်ဝန်ရှိဟု သိအောင်ရည်ရွယ် ချိန်တွယ်ခြင်းငှါ။ သက္ကာ၊ တတ်နိုင်သော်မူ တတ်နိုင်ဖွယ်ရာ ရှိပါသေး၏။ သဗ္ဗညု၊ ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရား....။ တဝ၊ အရှင်ဘုရား၏။ ဉာဏံ၊ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကို။ ခရေတဝေ၊ ဤရွေ့တုံတိ အစွမ်းရှိဟု သိအောင်ရည်ရွယ် ချိန်တွယ်ခြင်းငှါ။ နတွေဝသက္ကာ၊ အဘယ်လူဇာတ် အဘယ်နတ်မှ မတတ်နိုင်ရိုးကေန် မှန်လှပါသည်ဘုရား။

(၃) အာကာသော မိနိတုံ သက္ကာ၊
ရဇ္ဇုယာ အင်္ဂုလေန ဝါ။
န တွေဝ တဝ သဗ္ဗညု၊
ဉာဏံ သက္ကာ ပမေတဝေ။

အာကာသော၊ အဇဋ္ဌာပြင် မိုးကောင်းကင်ကို။ ရဇ္ဇုယာဝါ၊ ပေကြိုးဖြင့်ငှင်း။ အင်္ဂုလေနဝါ၊ လက်သစ်ဖြင့်ငှင်း။ မိနိတုံ၊ ဤရွေ့တုံတိ ဤမျှရှိဟု သိအောင်နှိုင်းစာ တိုင်းတာခြင်းငှါ။ သက္ကာ၊ တတ်နိုင်သော်မူ တတ်နိုင်ဖွယ်ရာ ရှိပါသေး၏။ သဗ္ဗညု၊ ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရား....။ တဝ၊ အရှင်ဘုရား၏။ ဉာဏံ၊ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကို။ ပမေတဝေ၊ ဤရွေ့တုံတိ အစွမ်းရှိဟု သိအောင်နှိုင်းစာ တိုင်းတာခြင်းငှါ။နတွေဝသက္ကာ၊ အဘယ်လူဇာတ် အဘယ်နတ်မှ မတတ်နိုင်ရိုး ကေန် မှန်လှပါသည်ဘုရား။

**ဤတွင်ရွှေ ပါရမီတို့၌ ပြိုးပြွမ်းမှတ်ဖွယ် အခိပ္ပါယ်တို့ကို ဖော်ပြသည့် ပကိဏ္ဏကခဏ်း ပြီး၏။**

---

WWW.DHAMMARANSI.COM



# ၈-အဘဗ္ဗဋ္ဌာန (၁၈)ပါး

## နိယတဗျာဒိတ်ရပြီးသော ဘုရားအလောင်းတော်တို့ မဖြစ်ရာသော (၁၈)ဋ္ဌာန

ရှေး ဗုဒ္ဓုပ္ပါဒဉ္စလ္လဘအခါကျေးလာ ဗျာဒိတ်ရကြောင်း အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံ၍ သုမေဓာရှင်ရသေ့တို့ကဲ့သို့ ဆုတောင်းပြည့်ဝ နိယတ ဗျာဒိတ် ရတော်မူပြီးသော ဘုရားအလောင်းတော်တို့သည် သံသရာတလျှောက် ကျင်လည်ရာဝယ် တဆယ့်ရှစ်ပါးသော ဋ္ဌာန တို့သို့ မကပ်ရောက်ကြောင်းကို တဆယ့်ရှစ်ပါး သရုပ်အရေ အတွက်နှင့်တကွ သုတ္တနိပါတအဋ္ဌကထာ ခဂ္ဂဝိသာဏသုတ် အဖွင့်၌ ပြဆိုထား၏။

**တဆယ့်ရှစ်ပါးတို့ဟူသည်ကား....**

(၁) ပဋိသန္ဓေအားဖြင့် ကန်းသောသူ (ဝမ်းတွင်းကန်း) မဖြစ်ခြင်း၊

(၂) ပဋိသန္ဓေအားဖြင့် နားပင်းသူ မဖြစ်ခြင်း၊

(၃) ရူးသွပ်သူ မဖြစ်ခြင်း၊

(၄) အ-သောသူ မဖြစ်ခြင်း၊

(၅) ခြေ,လက် ဆွံ့သူ(လမ်းမသွားနိုင်သူ)မဖြစ်ခြင်း၊

(၆) လူရိုင်း မဖြစ်ခြင်း၊

(၇) ကျွန်မဝမ်း၌ ပဋိသန္ဓေ မနေခြင်း၊

(၈) နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ မဖြစ်ခြင်း၊

(၉) လိင်ဖောက်လွဲ ဖောက်ပြန် မဖြစ်ခြင်း၊ (ယောကျ်ား အဖြစ်မှ မိန်းမအဖြစ်သို့ ပြောင်းလွဲ၍ မဖြစ်ဟု ဆိုလို သည်။)

(၁၀) အနန္တရိယကံငါးပါးကို မလွန်ကျူးခြင်း၊

(၁၁) နူသောသူ (ကုဋ္ဌရောဂါရှိသူ)မဖြစ်ခြင်း၊

WWW.DHAMMARANSI.COM



(၁၂) တိရစ္ဆာန်ဘဝ၌ ဖြစ်ရသော်လည်း ငုံးအောက် (တနည်း နံ့စုတ်ငှက်အောက်) ငယ်သော တိရစ္ဆာန် မဖြစ်ခြင်း၊ (ဤ၌ မှတ်ချက်ကို နောက်၌ ဆက်၍ပြပေအံ့။)

(၁၃) ခုပ္ပိပါသိကပြိတ္တာ နိဇ္ဈာမတဏှိကပြိတ္တာတို့နှင့် ကာဠကဉ္ဇိကအသူရာတို့၌ မဖြစ်ခြင်း၊ (ခုပ္ပိပါသိကပြိတ္တာ ဟူသည်မှာ အစာရေစာ မစားမသောက်ရသဖြင့် အခါခပ်သိမ်း ဆာလောင်မွတ်သိပ်နေသော ပြိတ္တာ မျိုးတည်း။ နိဇ္ဈာမတဏှိက ပြိတ္တာဟူသည်မှာ အမြဲ မီးလောင်ကျွမ်းနေသဖြင့် ပူပင်နေရသော ပြိတ္တာ တည်း။ (ဂိဇ္ဈကုဋ်တောင်၌ အရှင်မောဂ္ဂလာန် တွေ့မြင် ရသော ရဟန်းပြိတ္တာစသည်ကဲ့သို့သော ပြိတ္တာမျိုးကို ဆိုလိုသည်။) ကာဠကဉ္ဇိက အသူရာဟူသည် ထိုပြိတ္တာ အသူရာ၏ အမည်ဖြစ်၏၊ ထိုပြိတ္တာအသူရာ၏ ခန္ဓာ ကိုယ်သည် သုံးဂါဝုတ်မျှရှိ၍ အသွေးအသား နည်းပါး ကာ သစ်ရွက်ရော်အဆင်းနှင့် တူ၏၊ မျက်စိများမှာ ပုဇွန်မျက်စိကဲ့သို့ အပြင်သို့ထွက်ပြီးလျှင် ထိပ်ထက်၌ တည်ကုန်၏၊ ခံတွင်းမှာလည်း အပ်နဖားပေါက်မျှ ရှိလျက် ထိပ်ထက်မှာပင် တည်နေသောကြောင့် ထို ပြိတ္တာအသူရာများ အစာကို တွေ့သောအခါ ကုန်း၍ အစာကို ယူကြရကုန်၏။)

(၁၄) အဝီစိငရဲနှင့် လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း၊ (လော ကန္တရိက် ငရဲဟူသည် စကြဝဠာ လောကဓာတ် သုံးခုတို့ ဆုံမိရာ လစ်လပ်နေသော အကြားပင်ဖြစ်၏၊ ဤအကြားမှာ မကောင်းမှု ပြုသောသူတို့ အပြစ်ဒဏ် ခံရာဖြစ်၍ ငရဲတမျိုးအနေဖြင့် လောကန္တရိက် ငရဲဟူ၍ ခေါ်ဆိုသည်။)

(၁၅) ကာမာဝစရနတ်ဘုံတွင် မာရ်နတ် မဖြစ်ခြင်း၊

(၁၆) ရူပါဝစရဘုံတွင် အသညသတ်ဗြဟ္မာနှင့် သုဒ္ဓါဝါသ-ဗြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊

WWW.DHAMMARANSI.COM



(၁၇) အရူပဗြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊

(၁၈) တပါးသော စကြဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း—

ဤ တဆယ့်ရှစ်ပါးတို့တည်း။

ဤ တဆယ့်ရှစ်ပါးတို့တွင် (၁၂) အမှတ်ပြ ငုံးအောက်ငယ်သော တိရစ္ဆာန် မဖြစ်ခြင်းဟူသော စကားမှာ (န တိရစ္ဆာနယောနိယံ **ဝဋ္ဋကတော** ပစ္ဆိမတ္တဘာဝေါ ဟောတိ) ဟူသော ပါဠိအရ ပြဆိုခြင်း ဖြစ်သည်။ ။တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်မျိုး၌။ **ဝဋ္ဋကတော၊** ငုံးအောက်။ ပစ္ဆိမတ္တဘာဝေါ၊ ငယ်သော အတ္တဘော ရှိသော တိရစ္ဆာန်သည်။ န ဟောတိ၊ မဖြစ်။ ။ဤကဲ့သို့ အနက် ပြန်ဆိုရာ၏။ ဤအတိုင်းပင် ဓမ္မရာသီပျို့၌လည်း--

"ကာဋ္ဌကဏ္ဍ၊ ဘူမိမရောက်၊ ငုံးအောက်မ ယ်၊ ဆင်ထက်ဝယ်လည်း၊ လွန်ဖွယ်မကြီး"—

ဟူ၍ စပ်ဆိုသည်။ လူရှင်အများလည်း (ငယ်စွာ့အဆုံး ငုံး) ဟူ၍ ဆိုစမှတ် ပြုကြသည်။

မုံရွေးဇေတဝန် ဆရာတော်ဘုရား၏ လက်ကိုင်စာမူ သုတ္တနိပါတ် အဋ္ဌကထာ၌ကား (န တိရစ္ဆာနယောနိယံ **ဝတကတော** ပစ္ဆိမတ္တဘာဝေါ ဟောတိ) ဟူ၍ ရှိဟန်တူသည်၊ ထို "ဝတကတော" ဟူသော ပါဠိကိုလည်း နှံစုတ်ငှက်ဟူ၍ အနက်မြန်မာ ပြန်ဆိုသင့်ကြောင်း (သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲ၌) အကျယ် တဝင့် ရေးသားတော်မူသည်။ မုံရွေးဇေတဝန်ဆရာတော်၏ အလိုမှာ "နှံစုတ်ငှက်အောက် ငယ်သော တိရစ္ဆာန် မဖြစ်ခြင်း" ဟူ၍ ပြန်ဆိုရပေမည်။ ထိုသို့ နှံစုတ်ငှက်ကို ဆိုခြင်းမှာလည်း ဧကနိပါတ် ဒုတိယဝဂ် သကုဏဂ္ဃိဇာတ်ကို ထောက်ထားတော် မူသည်။ ထိုဇာတ်၏ အကြောင်းအရာ အကျဉ်းချုပ်ကား—

မြတ်စွာဘုရား အလောင်းတော်သည် တခုသော ဘဝဝယ် (လာပ) ခေါ်သော ငှက်ငယ်မျိုး၌ ဖြစ်၍ လယ်ထွန်ရာ မြေစိုင်ခဲများ၏ အကြားတွင် ကျက်စား နေထိုင်လေ့ရှိရာ တနေ့သ၌ တောစွန်အဖျား သွား

WWW.DHAMMARANSI.COM



ရောက်ကျက်စားမိ၍ သိန်းငှက်၏ သုတ်ခြင်းကို ခံရသည်တွင် ထိုသိန်းငှက်၏ လက်သည်းအကြားမှပင် "ငါ၏ ဖိုးဖပိုင် ဌာနဝ္ဌ မနေမိသည့်အတွက် ဤသို့ ရန်သူ နှိပ်စက်ခြင်းကို ခံရလေသည်၊ ငါ့ နေရာရင်း၌ ငါနေပါမူကား ဤသို့ ခံရမည်မဟုတ်" ဟု ငိုကြွေးမြည်တမ်းစကား ပြောကြားလေသည်။

ထိုအခါ သိန်းငှက်က "ဖိုးဖပိုင် နေရာဟူသည် အဘယ်နည်း" ဟု မေးသည်တွင် လယ်ထွန်ရာ မြေစိုင်ခဲဖြစ်ကြောင်း ပြောဆိုသဖြင့် "ကောင်းပြီ…သင့်ကို ငါ ယခု လွှတ်လိုက်မည်၊ သင့်ဌာနရင်းမှာနေ၍ တတ်နိုင်လျှင် ငါ့ကို ခုခံလော့" ဟု ပြောဆို၍ လွှတ်လိုက်သည်တွင် (လာပ) ငှက်ငယ်သည် မိမိနေရာသို့လာ၍ မြေစိုင်ခဲကြီးတခု၏ ထိပ်ပေါ်မှာ နေလျက် "အို သိန်းငှက်....သတ္တိရှိလျှင် လာလော့"ဟု စိန်ပြိုင်စကား ပြောကြားသည်တွင် သိန်းငှက်သည် အရှိန်ပြင်းစွာ တဟုန်တည်း ထိုးသုတ်လိုက်သောအခါ (လာပ) ငှက်ငယ်သည် ရုတ်တရက် မြေစိုင်ခဲအောက်သို့ ဝင်လိုက်လေ၏၊ သိန်းငှက်သည် အဟုန်ကိုလည်း မထိန်းနိုင် (လာပ) ငှက်ငယ်ကိုလည်း မထိုးသုတ်မိပဲ မြေစိုင်ခဲအစွန်းဖြင့် ရင်အုပ်ကို ဆောင့်မိကာ သေရလေသည်။ (ဤဝတ္ထု၌လာ လာပသဒ္ဒါကို ဗီလုံးငှက်ဟု ဆရာတို့ အနက်ပြန်ဆိုသည်၊ မုံရွေးဆရာတော်ကမူ နှံစုတ်ငှက် ဟု အနက်ပြန်ဆိုတော်မူသည်။)

ထိုမှတပါးလည်း စတုတ္ထနိပါတ် (၃) ကုဋိဒူသကဝဂ်၊ (၁) သိဂ်ိလသကုဏဇာတ် (ပိင်္ဂလသကုဏဇာတ်လည်းရှိ၏)ကို ထောက်ထားတော်မူသည်။ ထိုဇာတ်၏ အကြောင်းအရာ အကျဉ်းချုပ်ကား—

မြတ်စွာဘုရားအလောင်းတော်သည် တခုသော ဘဝဝယ် (သိဂ်ိလ) မည်သောငှက်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သောအခါ နှစ်သက်ဖွယ်ကောင်းသည့် မိုဃ်းလုံခြုံ

WWW.DHAMMARANSI.COM



သော အသိုက်(စာပေါင်းသိုက်)ကို ပြုလုပ်ကာ ဟိမဝန္တာ နယ်စပ်၌ နေတော်မူ၏။

တနေ့သောအခါ မိုးကာလ၌ မိုးရေအယဉ်မပြတ် ရွာသွန်းနေစဉ် မျောက်တကောင်သည် အချမ်းနှိပ်စက် လှန်းသဖြင့် သွားကိုကြိတ်ကာ အလောင်းတော်၏ မနီး မဝေး သစ်ပင်အကိုင်း၌ ထိုင်နေသည်ကို အလောင်းတော် မြင်၍၊ ၊မနုဿဿေဝ တေ သီသံ-စသော ဂါထာဖြင့် "အဆွေမျောက်…သင်၏ ဦးခေါင်း လက်ခြေတို့သည် လူ၏ ဦးခေါင်း လက်ခြေတို့ကဲ့သို့ ဖြစ်ပါလျက် အဘယ့် ကြောင့် သင့်အား အိမ်မရှိသနည်း"ဟု မေးမြန်းသည် တွင် မျောက်က "ငါ့မှာ လူ၏ ဦးခေါင်း လက်ခြေနှင့် တူသည့် ဦးခေါင်း လက်ခြေတို့ ရှိပါသော်လည်း ဆင်ခြင် တတ်သော ပညာမရှိသောကြောင့် အိမ်မရှိ" ဟု ဖြေကြား လေသည်။

ထိုအခါ အလောင်းတော်က(အနဝဋ္ဌိတစိတ္တဿ-အစ ရှိသော နှစ်ဂါထာဖြင့်) မတည်မကြည် ပေါ့သွပ်သော စိတ်ရှိ၍ ခင်ပွန်းပြစ်မှား အလေ့အကျင့်ကောင်း မကိန်း အောင်းသူအား ချမ်းသာသုခ မရရှိနိုင်ကြောင်း ဖော်ပြ၍ "အဆွေမျောက်....ပညာတရား ဖြစ်ပွါးရန် အားထုတ်၍ ဒုသီလအဖြစ်ကို လွှန်မြောက်အောင် ကြိုးစားပြီးလျှင် နေအိမ်ကို ပြုလုပ်ပါလော့"ဟု မေတ္တာရှေ့ထား ပြောကြား သည်ကိုပင် မိတ္တဒုဗ္ဘိ ထိုမျောက်သည် အမျက်ထွက်၍ အလောင်းတော်၏ အသိုက်အအုံကို မှုန်မှုန်ညက်ညက် ပျက်စီးအောင် ဖျက်ဆီးပစ်လေသည်။ (ဤဇာတ်၌ ပိဂ်လ သကုဏအရကို ဇာတ်ငီကာ၌ "ပိင်္လငှက်မည်သည် ကိုယ်နှင့်အမွေးတို့၌ နန္ဒင်းကဲ့သို့ ဝါထိန်သောအဆင်း ရှိသော အိမ်စာငှက်တမျိုး ဖြစ်သည်"ဟု ဖွင့်ပြသော ကြောင့် (စာဝတီးငှက်) ဖြစ်သင့်သည်ဟု မုံရွေးဇေတဝန် ဆရာတော် ယူဆတော်မူသည်။)

WWW.DHAMMARANSI.COM



ဤဆိုအပ်ပြီးသည့် သကုဏဂ္ဃိဇာတ်၌ ဗီလုံးငှက် (သို့မဟုတ် နှံစုတ်ငှက်)ဖြစ်ကြောင်းနှင့် သိင်္ဂိလသကုဏဇာတ်၌ စာဝတီးငှက် ဖြစ်ကြောင်း လာရှိသောကြောင့်ရင်း ထိုဗီလုံးငှက် စာဝတီးငှက် တို့မှာ ငုံးအောက် ကိုယ်ခန္ဓာ သေးငယ်သောကြောင့်ရင်း မိမိ၏ စာမူ၌(ဝဋ္ဋကတော)ဟူ၍ မရှိ၊ (ဝတကတော)ဟူ၍သာ ရှိသော ကြောင့်ရင်း ထိုဝတကသဒ္ဒါသည်လည်း ငုံးကိုမဟော နှံစုတ်ငှက် ဟောသာ ဖြစ်သင့်သောကြောင့်ရင်း (၁၂) ခု မြောက်ဖြစ်သော အဘမ္ဗဋ္ဌာနအရ "နှံစုတ်ငှက်အောက် ငယ်သောတိရစ္ဆာန် မဖြစ် ခြင်း" ဟူ၍သာ မုံရွေးဇေတဝန်ဆရာတော် ပြန်ဆိုတော်မူခြင်း ဖြစ်သည်။

အဋ္ဌသာလိနီ အဋ္ဌကထာ၌ကား ငုံးဟူ၍ (အသေအချာ)ပမာ ဏကို မမှတ်သားပဲ၊(န ဟောန္တိ ခုဒ္ဒကာ ပါဏာ)ဟူ၍ သေးငယ် သော သတ္တဝါကလေးများ မဖြစ်ကြောင်းကိုသာ ပြဆိုတော်မူ သည်။ ထိုသေးငယ်သော သတ္တဝါအရလည်း—

"ခုဒ္ဒဇန္တု သိယာ နဋ္ဌိ၊ အထ ဝါ ခုဒ္ဒကော ဝ ယော။
သတံ ဝါ ပသဋ္ဌော ယေသံ၊ ကေစိ အာနကုလာအပိ"—

ဟူသော သာရတ္ထဝိလာသိနီ (ပဋ္ဌိကာဋီကာ)ကျမ်း တတိယပိုင်း လာ ဂါထာအတိုင်း....အရိုးအသား သီးခြားခွဲမရသော ပိုးမွှား သတ္တဝါ(တနည်း)အကောင်ရေ(၁၀၀)မှ တလက်ဆွမ်း(တလက် ခုပ်)ရှိသော သတ္တဝါတို့ကို ဆိုသည်ဟု မှတ်ယူရာ၏။

အချို့ သုတ္တနိပါတအဋ္ဌကထာ စာမူတို့၌ (ဟတ္ထိတော အဓိ- ကတ္တဘာဝေါ)ဟူသော ပါဠိပါရှိနေ၏၊ဤစကားအလို တိရစ္ဆာန် ဘဝမှာ ဖြစ်ရသော်လည်း ဆင်ထက် အကောင်အထည်ကြီးသော တိရစ္ဆာန်မဖြစ်ဟူ၍ အဓိပ္ပါယ်ပြန်ဆိုရပေမည်။ထိုသို့ပြန်ဆိုရသည့် အတိုင်းပင် ဓမ္မရာသီပျို့၌—

"ငုံးအောက်မငယ်၊ ဆင်ထက်ဝယ်လည်း၊ လွန်ဖွယ်မကြီး"—

ဟူ၍ စပ်ဆိုလေသည်။ ဤအရာ၌ **တိံသနိပါတ် ပဏ္ဍရနာဂ ဇာတ်၌** မြတ်စွာဘုရားအလောင်းတော်သည် ဂဠုန်မင်း ဖြစ်ဘူး

WWW.DHAMMARANSI.COM



ကြောင်း လာရှိသည်။ ဂဋ္ဌုန့်ဟူသည် ဆင်ထက် အကောင် အထည်အင်အား များစွာကြီးမားရမည့်ပင်ဖြစ်၏။ ထိုသို့ ကြီးမား ကြောင်းကို ဘူရိဒတ် ဇာတ်တော်၌ နဂါးကို ဂဋ္ဌုန့်သုတ်၍ ကောင်းကင်သို့ ပျံလာရာ ရသေ့တဦး၏ သင်္ခမ်းကျောင်းအနီးရှိ ညောင်ပင်ကြီးသို့အရောက်တွင် နဂါးသည် လွတ်ရာလွတ်ကြောင်း အောက်မေ့၍ ညောင်ပင်ခွကို မိမိအမြီးဖြင့် ရစ်ပတ်၍ထားရာ ဂဋ္ဌုန့် က အားကြီးသည့်အတွက် ညောင်ပင်ကြီးအမြစ်နှင့်တကွ ကျွတ်၍ ပါသွားကြောင်း လာရှိသည်ကိုထောက်လျှင် ဂဋ္ဌုန့်၏ အကောင် အထည် အင်အား ဆင်ထက်ကြီးမားကြောင်း ထင်ရှားပေသည်။ ထိုကြောင့် ဆဋ္ဌမူနှင့်တကွ အချို့ သုတ္တနိပါတအဋ္ဌကထာမူတို့၌ (ဟတ္ထိတော အဓိကတ္တဘာဝေ)ဟူသော ပါဌ် မပါရှိချေ။

၌ အဘဗ္ဗဋ္ဌာနကို ပြဆိုရာဝယ် အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ဗုဒ္ဓဝင်အဋ္ဌကထာတို့ ပြဆိုချက်မှာ သုတ္တနိပါတ်အဋ္ဌကထာ ပြဆို ချက်နှင့် အချို့သာတူ၍ အချို့မှာ မတူပဲ ကွဲလွဲနေကြ၏။ သုတ္တ နိပါတ် အဋ္ဌကထာလာ (၁၈) ဌာနတို့တွင်—

၁။ မရူးခြင်း၊

၂။ ခြေလက် မဆွံ့ခြင်း၊

၃။ လူရိုင်းမဖြစ်ခြင်း၊

၄။ ကျွန်မဝမ်း၌ မဖြစ်ခြင်း၊

၅။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ မပြောင်းခြင်း၊

၆။ နူသောသူ မဖြစ်ခြင်း၊

၇။ မာရ်နတ် မဖြစ်ခြင်း၊

၈။ အခြား စကြာဝဠာသို့ ပြောင်း၍ မဖြစ်ခြင်း—

၌ (၈) ဌာနသည် အဋ္ဌသာလိနီ အဋ္ဌကထာ၌ မပါ။ အဋ္ဌသာ-လိနီ အဋ္ဌကထာ၌မူ မည်ရွေ့မည်မျှဟု သရုပ်ဖော်ပြခြင်းမရှိပဲ စီစဉ် ပြဆိုရာ သုတ္တနိပါတ် အဋ္ဌကထာထက် ပိုနေသော ဌာနတို့ကား—

WWW.DHAMMARANSI.COM



၁။ မိန်းမ မဖြစ်ခြင်း၊

၂။ ဥဘတောဗျည်း မဖြစ်ခြင်း၊

၃။ ပဏ္ဍုက် မဖြစ်ခြင်း—

ဤသုံးပါးတို့ဖြစ်၏။ (ဗုဒ္ဓဝင်အဋ္ဌကထာ အဆိုလည်း အဋ္ဌသာလိနီ အဋ္ဌကထာနှင့် တူ၏။) ဤသုံးဌာနတို့တွင် မိန်းမအဖြစ်မှာ **သိသာ** ထင်ရှား၏။

ဥဘတောဗျည်းဟူသောစကားမှာ ဥဘတောဗျဉ္ဇနကဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်သည်။ (ဥဘတော = မိန်းမ နိမိတ်ကို ဖြစ်စေတတ်သောကံ ယောကျာ်းနိမိတ်ကို ဖြစ်စေတတ် သောကံ နှစ်ပါးတို့ကြောင့် (ဖြစ်သော)၊ ဗျဉ္ဇနက = ဗျည်းနိမိတ် ရှိသောသူဟု ဆိုလိုသည်။) ထိုဥဘတောဗျည်းသည် မိန်းမ ဥဘ တောဗျည်း ယောကျာ်း ဥဘတောဗျည်းဟူ၍ နှစ်မျိုးရှိသည်။

ထိုတွင် မိန်းမဥဘတောဗျည်းအား ပကတိအခါ မိန်းမနိမိတ် ပေါ်လွင်ထင်ရှား၍ ယောကျာ်းနိမိတ် ပျောက်ကွယ်နေသည်။ ယောကျာ်းဥဘတောဗျည်းအား ပကတိအခါ ယောကျာ်းနိမိတ် ထင်ရှား၍ မိန်းမနိမိတ် ပျောက်ကွယ်နေသည်။

မိန်းမဥဘတောဗျည်းအား မိမိက အခြားမိန်းမများ အပေါ်၌ ယောကျာ်းတို့အမူ ပြုလိုသည်ရှိသော် မိန်းမနိမိတ်ကွယ်ပျောက်၍ ယောကျာ်းနိမိတ် ထင်ရှား ပေါ်ပေါက်လာသည်။ ယောကျာ်း ဥဘတောဗျည်းအား မိမိက အခြားယောကျာ်းတို့၏ မိန်းမအဖြစ်သို့ ကပ်ရောက်လိုသည်ရှိသော် ယောကျာ်းနိမိတ် ကွယ်ပျောက်၍ မိန်းမနိမိတ် ထင်ရှား ပေါ်ပေါက်လာသည်။

မိန်းမဥဘတောဗျည်းသည် ကိုယ်တိုင်ကလည်း ကိုယ်ဝန်ယူနိုင် ၏၊ သူတပါးကိုလည်း ကိုယ်ဝန်ပေးနိုင်၏။ ယောကျာ်းဥဘတော ဗျည်းသည် ကိုယ်တိုင်ကမူ ကိုယ်ဝန်ကိုမယူနိုင်၊ သူတပါးကိုသာ ကိုယ်ဝန်ပေးနိုင်သည်။ ဤကား ထိုဥဘတောဗျည်း နှစ်ပါးတို့၏ အထူးတည်း။ ။(ဝိနယ မဟာဝဂ္ဂ အဋ္ဌကထာ၊ ဝိ-ဋ္ဌ ၃၊ စာမျက် နှာ-၃၀၆-မှ။)

WWW.DHAMMARANSI.COM



ပဏ္ဍုက်ဟူသောစကားမှာ ပဏ္ဍကဟူသော ပါဠိမှ ဆင်းသက်လာသောစကားဖြစ်သည်။ (လိင်ချို့တဲ့သောသူဟု ဆိုလိုသည်။) ယောကျ်ားဖြစ်လျက် အခြားယောကျ်ားများနှင့်မတူ ချို့တဲ့နေသောသူဟု ဆိုလိုသည်။ ထို ပဏ္ဍုက်သည်—

၁။ **အာသိတ္တပဏ္ဍုက်** = ကိလေသာပူပန်လာသော် သူတပါးတို့၏အင်္ဂါ(ပန်း)ကို စုတ်ရမှ ထိုသူ၏ သုက်ခဲတ် မိမိခံတွင်းသို့ သွန်းရမှ ပူပန်ခြင်းပြေငြိမ်း သောသူ။ (ယခုအခါ ပန်းစုတ်ဟု ခေါ်ကြ၏။)

၂။ **ဥသူယျပဏ္ဍုက်** = သူတပါးတို့ ကျူးလွန်နေကြသည်ကို ချောင်းမြောင်း ကြည့်ရှုကာ မနာလို ငြူစူစိတ်ဖြစ်ရမှ မိမိ၏ ကိလေသာ ပူပန်ခြင်း ပြေငြိမ်းသောသူ။

၃။ **ဩပက္ကမိကပဏ္ဍုက်** = (ထိးနန်းအတွင်း မိန်းမစိုးတို့ကဲ့သို့) လိင်ဥကို လုံ့လဖြင့် ထုတ်ပစ်ထားသောသူ။

၄။ **ပက္ခပဏ္ဍုက်** = လဆုတ်ပက္ခမှာ အပြင်းအထန် မခံနိုင်လောက်အောင် ကိလေသာပူပန်၍ လဆန်းပက္ခသို့ ရောက်မှ ပူပန်မှု ငြိမ်းသောသူ။

၅။ **နပုံသကပဏ္ဍုက်** = ပဋိသန္ဓေကာလကပင် ဘာဝရုပ်မပါပဲ ပဋိသန္ဓေ တည်နေခဲ့သောသူ။ (ပဋိသန္ဓေ နေစဉ်ကပင် ဘာဝဒသက ကလာပ်ရုပ် မပါခဲ့သဖြင့် နောက်အခါလည်း မိန်းမအင်္ဂါ ယောကျ်ားအင်္ဂါ နှစ်မျိုးလုံး မရှိသောသူ ဖြစ်လာ၏။ မိန်းမလည်း မဟုတ် ယောကျ်ားလည်းမဟုတ်ဟု ဆိုလိုသည်။ ဤ နပုံသက ဟူသော ပါဠိသို့လိုက်၍ မြန်မာဘာသာ စကားဖြင့် နပုံးဟူ၍ ခေါ်၏။) ဤသို့လျှင် ပဏ္ဍုက်ငါးမျိုးရှိသည်ကိုလည်း သိမှတ်ရာ၏။ (ဝိနည်း မဟာဝဂ္ဂအဋ္ဌကထာ၊ ဝိ-ဋ္ဌ ၃၊ ၂၉၇-မျက်နှာ။)

အဘဗ္ဗဋ္ဌာန (၁၈) ပါး ပြဆိုချက် ပြီး၏။

WWW.DHAMMARANSI.COM



## ၉-နှစ်ကျိပ်လေးဆူဗုဒ္ဓဝင်ခဏ်း

## ၁-ဒီပင်္ကရဗုဒ္ဓဝင်

မဟာဝံသ ဟူသောပါဠိမှ မဟာဝင် ဟူသော မြန်မာ ဝေါဟာရ, ရာဇဝံသ ဟူသောပါဠိမှ ရာဇဝင်ဟူသော မြန်မာဝေါဟာရတို့ ဖြစ်လာသကဲ့သို့၊ ဗုဒ္ဓဝံသ ဟူသော ပါဠိမှ ဗုဒ္ဓဝင်ဟူသော မြန်မာဝေါဟာရ, ဒီပင်္ကရဗုဒ္ဓဝံသ ဟူသောပါဠိမှ ဒီပင်္ကရဗုဒ္ဓဝင်ဟူသော မြန်မာဝေါဟာရ ဖြစ်လာလေသည်။

ဗုဒ္ဓဝံသ = (ဗုဒ္ဓဝင်)၏ အရကိုလည်း။ ။ဣတော ပဟေဋ္ဌာ ကပ္ပသတသဟဿာဓိကေသု စတူသု အသင်္ခေယျေသု ဥပ္ပန္နာနံ ပဉ္စဝီသတိယာ ဗုဒ္ဓါနံ ဥပ္ပန္နကပ္ပါဒိပရိစ္ဆေဒဝသေန ပဝေဏိဝိတ္ထာရကထာ ဗုဒ္ဓဝံသော နာမ။—

ဟူသော ဤ ဗုဒ္ဓဝင်အဋ္ဌကထာစကားကို ထောက်၍ "လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ငါးဆူကုန်သော ဘုရားရှင်တို့၏ ပွင့်တော်မူရာ ကမ္ဘာအပိုင်းအခြား, အမည်တော် အပိုင်း အခြား, အနွယ်တော် အပိုင်းအခြား, အမျိုးတော် အပိုင်း အခြား စသောအားဖြင့် သုံးဆယ့်နှစ်ပါးစီသော အစဉ် အဆက်၊ ထိုသုံးဆယ့်နှစ်ပါးစီသော အစဉ်အဆက်တို့ကို အကျယ်ဖွင့်ပြသော စကားရပ်သည် **ဗုဒ္ဓဝင်** မည်၏" ဟု အရကောက် မှတ်ယူရာ၏။

ဤသို့ ဘုရားရှင်တို့၏ပွင့်တော်မူရာ ကမ္ဘာအပိုင်းအခြား စသည် အစဉ်အဆက်ကို ဗုဒ္ဓဝင်ဟု ခေါ်ဝေါ်သော်လည်း ထိုအစဉ်အဆက်ထဲမှ တဆူတဆူစီ၏ ပွင့်တော်မူရာ ကမ္ဘာ အပိုင်းအခြား စသည်ကို ထုတ်နုတ် ပြောဆိုသောအခါ၊ မူလ ဗုဒ္ဓဝင်ဟူသော စကားကို အသုံးပြုနိုင်၏။ (ဥပမာ အားဖြင့်) သံဃာဟူသည် အရိယာပုဂ္ဂိုလ်အပေါင်း၏

WWW.DHAMMARANSI.COM



အမည်ရင်းဖြစ်သော်လည်း ထိုအပေါင်းထဲမှ တပါးတည်းကိုလည်း သံဃာဟု ခေါ်လိုက ခေါ်နိုင်သကဲ့သို့တည်း။

သို့ဖြစ်၍ **ဒီပင်္ကရဗုဒ္ဓဝင်** ဟု ခေါ်ဝေါ်ထားသော ဤအပိုင်းမှာ ဒီပင်္ကရာမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ္တိ (ပွင့်တော်မူရာ ကမ္ဘာစသည်) ကို ဖော်ပြသော အပိုင်းဟူ၍ သိအပ်၏။

ဤဒီပင်္ကရဗုဒ္ဓဝင်ကို ဗုဒ္ဓဝင်ပါဠိတော်တွင် ဒီပင်္ကရာဘုရားအလောင်းတော်၏ ပဋိသန္ဓေနေတော်မူသော အခါနှင့် ဖွားတော်မူသောအခါတို့၌ ဖြစ်ပေါ်သည့် အကြောင်းအရာတို့ကို အကျယ်ဟောပြထားခြင်း မရှိ။ သုမေဓကထာ၌သာလျှင် အလောင်းတော် သုမေဓာရှင်ရသေ့သည်—

ဇဝံ မေ သိဒ္ဓိပတ္တဿ၊ ဝသီဘူတဿ သာသနေ။
ဒီပင်္ကရော နာမ ဇိနော၊ ဥပ္ပဇ္ဇိ လောကနာယကော။

ဥပ္ပဇ္ဇန္တေ စ ဇာယန္တေ၊ ဗုဇ္ဈန္တေ ဓမ္မဒေသနေ။
စတုရော နိမိတ္တေ နာဒ္ဒသံ၊ ဈာနရတိသမပ္ပိတော။

ရသေ့တို့၏ သာသနာ (ဈာန် အဘိညာဉ်၌) အထွတ်အထိပ်သို့ ရောက်ကာ စိုးပိုင် နိုင်နင်းစွာဖြစ်နေစဉ် တလောကလုံး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ပွင့်တော်မူပြီ။

ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသော အခါမှာရင်း, ဖွားမြင်တော်မူသော အခါမှာရင်း, ဘုရားဖြစ်တော်မူသောအခါမှာရင်း, ဓမ္မစကြာ တရားဦး ဟောတော်မူသောအခါမှာရင်း လေးပါးသော ဌာနတို့၌ ထင်မြင်သော နိမိတ်တို့ကို ဈာန်ချမ်းသာ၌ စိတ် မွေ့လျော် သက်ဝင်၍ နေသော ငါသည် မမြင်လိုက်ရပြီ ဟူ၍ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူကြောင်းကို အလောင်းတော် သုမေဓာရသေ့ အကျဉ်းချုပ် ပြောကြားခြင်းမျှသာ လာရှိသည်။

WWW.DHAMMARANSI.COM



ဤသုမေဓာရှင်ရသေ့၏ စကားလာ ဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေသည့် အကြောင်းအရာ စသည်တို့ကို ဗုဒ္ဓဝင်အဋ္ဌကထာ၌သာလျှင်။ ။ ဒီပင်္ကရော နာမ သတ္ထာ လောကေ ဥဒပါဒိ၊ သခ်ေပေ- နေဝ တဿာယမာနုပုဗ္ဗီ ကထာ....ဒီပင်္ကရာမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူပြီ၊ ဤဆိုလတ္တံ့သည်ကား အကျဉ်းချုပ်အားဖြင့်သာလျှင် ထိုဒီပင်္ကရာမြတ်စွာဘုရား၏ အစဉ်အတိုင်းသော အကြောင်းအရာ အဖြစ်တော်စဉ် စကားရပ်တည်း၊ ၊ဟု စကားပလ္လင်ခံပြီးလျှင် ထိုဒီပင်္ကရာမြတ်စွာဘုရား အကြောင်းအရာကို ဤဆိုလတ္တံ့သော အတိုင်း တုသိတာနတ်ပြည်မှစ၍ ရေးသား ဖွင့်ပြတော်မူလေသည်....။

ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေသည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ တခုသော သာရမဏ္ဍကမ္ဘာတွင် (၁)တဏှင်္ကရာမြတ်စွာဘုရား၊ (၂)မေဓင်္ကရာမြတ်စွာဘုရား ၊(၃)သရဏင်္ကရာမြတ်စွာဘုရား ဤဘုရားသုံးဆူတို့ အစဉ်အတိုင်း ပွင့်တော်မူကြပြီးနောက် အန္တရကပ်တခုသို့ရောက်၍ ထိုအန္တရဆုတ်ကပ်လူတို့၏ အသက်တမ်း တသိန်းတမ်းတွင် ရမ္မာဝတီမြို့တော်၌ သုဒေဝမင်းကြီး ထီးနန်းစိုးစံနေစဉ်....၊ ဒီပင်္ကရာမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော်မူပြီး၍ တုသိတာနတ်ပြည်၌ စံနေသည်ကို တသောင်းသော စကြဝဠာတိုက်မှ နတ်အပေါင်း လာရောက် စည်းဝေး တောင်းပန်ကြသဖြင့် ထိုတောင်းပန်ချက်ကို ဝန်ခံတော်မူပြီးလျှင် သုဒေဝမင်းကြီး၏ နန်းတော်ဝယ် သုမေဓာမိဖုရားကြီး၏ ဝမ်းတိုက်၌ ဝါဆိုလပြည့် ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်၍ ပဋိသန္ဓေတည်နေတော်မူပြီးလျှင် ကြီးစွာသော အဆောင်အယောင် အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်အပ်သည်ဖြစ်၍ ဆယ်လစေ့ရောက်သောအခါ ဖွားမြင်တော်မူ၏။

WWW.DHAMMARANSI.COM



ထိုသို့ ဒီပင်္ကရာမင်းသား ပဋိသန္ဓေ နေတော်မူသောအခါ ဖွားတော်မူသောအခါတို့၌ စကြဝဠာတိုက်တသောင်း တုန်လှုပ်ခြင်းစသော သုံးဆယ့်နှစ်ပါးသော ပံ့သြဖွယ်ရာ နိမိတ်ကြီးတို့သည် ထင်ရှားဖြစ်ကုန်၏။

(ထိုသုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးတို့သည် ခပ်သိမ်းသော ဘုရားအလောင်းတို့၏ပင် (၁) ပဋိသန္ဓေတည်နေသောအခါ၊ (၂) ဖွားမြင်သောအခါ၊ (၃) ဘုရားဖြစ်သောအခါ၊ (၄) ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ ဤလေးဌာနတို့၌ ထင်မြဲပင် ဖြစ်ကြကုန်၏။ ဤသို့ ခပ်သိမ်းသော ဘုရားအလောင်းတော်တို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဂေါတမဗုဒ္ဓဝင်အခဏ်းသို့ရောက်မှ စုံလင်စွာ ရေးသားဖော်ပြပေအံ့။ ဤဗုဒ္ဓဝင်အဋ္ဌကထာ၌ကား—ဤဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေခဏ်းမှာပင် သုံးဆယ့်နှစ်ပါးသော ထိုနိမိတ်ကြီးတို့ ထင်ကြောင်းကိုရင်း၊ ထိုနိမိတ်ကြီးတို့ ထင်ခြင်းမှာ နောက်အခါ၌ အသီးအသီး မည်သည့်အကျိုး ထင်ရှားပေါ်ပေါက်ရန် ဖြစ်သည်တို့ကိုရင်း အကျယ်ဖွင့်ပြ ရေးသားလျက်ရှိသည်။)

ထို့နောက် ဒီပင်္ကရာမင်းသား ချမ်းသာစွာကြီးပွါး၍ အစဉ်သဖြင့်ကြီးမြောက် အရွယ်သို့ရောက်သောအခါ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်တော်မူ၏။ (က)

ထီးနန်းအုပ်ချုပ် မင်းပြုလုပ်တော်မူသောအခါ (ဟံသပါသာဒ) ဟသ်ာရွှေနန်းဆောင်၊ (ကောဉ္စပါသာဒ) ကြိုးကြာရွှေနန်းဆောင်၊ (မယူရပါသာဒ) ဥဒေါင်းရွှေနန်းဆောင်အားဖြင့် မြတ်သော ရွှေနန်းပြာသာဒ်သုံးဆောင်မှာ လှည့်လည်၍ နှစ်ပေါင်း (၁၀၀၀၀) တသောင်းပတ်လုံး စံနေတော်မူ၏။ ကောင်းမွန်စွာ တန်းဆာဆင်ယင်ထားသည့် မောင်းမမိဿံတို့သည် သုံးသိန်းခန့်ရှိကြကုန်၏။ ကြင်ယာတော်မိဖုရားကြီးမှာ ပဒုမာမည်သော မင်းသမီးဖြစ်၍ သားတော်မှာ ဥသဘက္ခန္ဓ မင်းသားဖြစ်၏။

WWW.DHAMMARANSI.COM



အလောင်းတော် ဒီပင်္ကရာမင်းသားသည် ဆိုအပ်ပြီးသော ရွှေနန်းသုံးဆောင်တို့၌ နတ်၏စည်းစိမ်နှင့်တူသော မင်းစည်းစိမ်ကို ခံစားတော်မူနေစဉ် ဥယျာဉ်ပျော်ပါး ကစားရန် ထွက်တော်မူသောအခါ အစဉ်သဖြင့် သူအို,သူနာ,သူသေ ဟု ဆိုအပ်သော နတ်တမန်တို့ကို မြင်၍ ထိတ်လန့်ခြင်း သံဝေဂတရားရလျက် ဥယျာဉ်တော်မှ ပြန်နစ်တော်မူကာ ရမ္မာဝတီမြို့တော်တွင်းသို့ ဝင်ပြီးလျှင် တဖန် လေးကြိမ်မြောက် ဥယျာဉ်တော်သို့ ထွက်တော်မူလိုသောအခါ ဆင်ဝန်ကိုခေါ်ပြီးလျှင် ···"ငါသည် ယနေ့ ဥယျာဉ်တော်ကို ရှုစားရန် ထွက်တော်မူမည်၊ ဆင်ယာဉ်များကို ပြင်လော့"....ဟု အမိန့်ရှိတော်မူ၏။ ဆင်ဝန်လည်း "ကောင်းပါပြီ" ဟု ဝန်ခံကာ (၈၄၀၀၀) ရှစ်သောင်းလေးထောင်သော ဆင်ယာဉ်တို့ကို ပြင်ဆင်၏။ ထိုအခါ ဒီပင်္ကရာမင်းသားသည် ဝိသုကြုံ နတ်သား လှာရောက် ဆင်ယင်ပေးအပ်သော အဆင်တန်းဆာ ရှိသည်ဖြစ်၍ ဆင်အပေါင်း(၈၄၀၀၀) ရှစ်သောင်းလေးထောင် ခြံရံလျက် စီးတော်ဆင်ယက်၌စီး၍ များစွာသော စစ်သည်ဗိုလ်ပါ အပေါင်း ခြံရံလျက် ဥယျာဉ်တော်သို့ ဝင်ကာ စီးတော်ဆင်ထက်မှ ဆင်းသက်၍ ဥယျာဉ်တော်အတွင်း လှည့်လည် ကြည့်ရှုတော်မူပြီး နောက် အလွန်တရာ အေးမြနှစ်သက်ဖွယ် ကောင်းလှသော ကျောက်ဖျာထက်မှာ ထိုင်တော်မူလျက် ရဟန်းပြုရန် စိတ်အကြံကို ဖြစ်စေ၏။ ထိုအခါ သုဒ္ဓါဝါသဘုံမှ ရဟန္တာ မဟာမြဟ္မာကြီး သည် ပရိက္ခရာရှစ်ပါးကို ဆောင်ယူခဲ့၍ အလောင်းတော်၏ မျက် မှောက် မြင်လောက်ရာအရပ်၌ ထင်ရှားဖြစ်လာ၏။ အလောင်း တော်သည် ထိုပရိက္ခရာရှစ်ပါးကို မြင်၍"အဘယ်အရာနည်း"ဟု မေးသည်တွင် ရဟန်းအသုံးအဆောင်များ ဖြစ်ကြောင်းကို ကြားရ၍ ကိုယ်တော်တွင် ဆင်ယင်ထားသော မင်းတန်းဆာ တို့ကို ချွတ်တော်မူကာ ဘဏ္ဍာစိုးလက်သို့ အပ်နှင်းတော်မူပြီး နောက် လက်ယာသုံးတော်သန်လျက်ဖြင့် ဆံတော်ကို ဖြတ်ပယ်၍ ကောင်းကင်သို့ ပစ်မြှောက်တော်မူလိုက်၏။ (ခ)

WWW.DHAMMARANSI.COM



ထိုအခါ သိကြားမင်းသည် ထို ဆံထုံးတော်ကို ရွှေပန်းတောင်း (ရွှေကလပ်)ဖြင့် ခံယူ၍ မြင်းမိုရ်တောင်ထိပ်၌ သုံးယူဇနာ ပမာဏရှိသော ဣန္ဒနီလာ = (မြညို) ကျောက်ဖြင့်ပြီးသော မကုဋ စေတီမည်သော စေတီကို တည်ထားလေ၏။

ထိုနောက် အလောင်းတော်သည် မြဟ္မာကြီးဆက်လာသော သင်္ကန်းတို့ကို ဝတ်ရုံ၍ ပုဆိုး (ဝတ်လဲတော်)အစုံကိုကောင်းကင်သို့ ပစ်မြှောက်လိုက်ပြန်ရာ သုဒ္ဓါဝါသမြဟ္မာကြီး ခံယူ၍ သုဒ္ဓါဝါသ ဘုံမှာ တဆယ့်နှစ်ယူဇနာရှိသော (ဒုဿ) စေတီကို တည်ထား၏။

ဤသို့ ဒီပင်္ကရာမင်းသား ရဟန်းပြုတော်မူကြောင်းကို သတင်း စကား ကြားသိကြသော လူပေါင်း တကုဋေတို့သည် အလောင်း တော်မင်းသား၏ အတုလိုက်ကာ ရဟန်းပြုကြကုန်၏။ (၀)

ဒီပင်္ကရာ ဘုရားအလောင်းတော်သည် အတုလိုက် ရဟန်းပြု ကြသော ရဟန်းတော်ပေါင်း တကုဋေနှင့်တကွ တောတွင်း မှာပင် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်ကို ကျင့်တော်မူ၍ ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့သို့ ရောက်သောအခါ တခုသောမြို့သို့ ဆွမ်းခံဝင်တော်မူသည်ရှိသော် မြို့နေ လူအပေါင်းတို့သည်လည်း ထိုနေ့မှာ နတ်များကို ပူဇော်ပသ ရန် ရေ-မရောသော နို့ဃနာကို ချက်ကြပြီးလျှင် အခြွေအရံ ရဟန်းတော်ပေါင်း တကုဋေနှင့် တကွသော အလောင်းတော် အား လှူဒါန်းကြကုန်၏။

အလောင်းတော်သည် ထိုဃနာနို့ဆွမ်းကို ဘုဉ်းပေးတော် မူပြီးနောက် ထိုအရပ်ရှိ အင်ကြင်းတောမှာပင် နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန် ရောက်သောအခါ တကုဋေမျှသော အခြွေအရံ ရဟန်းတို့ကို စွန့်လွှတ်ခဲ့၍ မဟာဗောဓိပင်ရှိရာအရပ်သို့ တပါးတည်း ကြွသွားတော်မူ၏။

## ဘုရားဖြစ်၍ ဓမ္မစကြာတရား ဟောတော်မူခြင်း

ကြွသွားတော်မူရာ လမ်းခရီး၌ သုနန္ဒအမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ ညောင်ကြပ်

WWW.DHAMMARANSI.COM



ပင်အရင်း၌ ဖြန့်၍ ခင်းတော်မူလိုက်သည်နှင့် တပြိုင်နက် (၅၃) ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်၏။

(ထိုပလ္လင်တော်၏ ပမာဏ ငါးဆယ့်သုံးတောင် ဆိုသည်မှာ အမြင့်ပမာဏ ဖြစ်သည်ဟူ၍၎င်း....၊ အမြင့်ပမာဏ မဟုတ်၊ အကျယ်အပြန့် ပမာဏဖြစ်သည် ဟူ၍၎င်း....၊ ရာဇဝင်အရ အဝခေတ်အတွင်းမှာ ထင်ရှားဖြစ်ပေါ်သည့် ပါဠိဘာသာ ဋီကာကျမ်းများက တမျိုးတဖုံစီ ဖွင့်ပြကြကုန်၏။ ဖွင့်ပြပုံအကျယ်ကို ဂေါတမဗုဒ္ဓဝင်သို့ ရောက်မှ ပြဆိုပေအံ့။)

ထို အပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ် (တင်ပလ္လင်) ဖွဲ့ခွေ သီတင်းသုံး နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ မဟာဗောဓိ = (ညောင်ကြတ်) ပင်ရင်း၌ထိုင်နေတော်မူပြီးနောက် မာရ်စစ်သည်ဗိုလ်ပါကို အောင်မြင်တော်မူပြီး ခါ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ် = (ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဥ်ကို သိသောဉာဏ်)၊သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် = (နတ်မျက်စိကဲ့သို့ ဝေးခြားသိမ်မွေ့သောအဆင်းကို မြင်နိုင်သောဉာဏ်) ကို ရတော်မူပြီးလျှင်... မိုးသောက် (ပစ္ဆိမ) ယံ၌ အနုလုံ ပဋိလုံ သံသရာစက်လည်ပုံ သံသရာစက်ပြတ်ပုံ နှစ်ပါးစုံအားဖြင့် ပဋိစ္စ-သမုပ္ပါဒ်တရားကို သုံးသပ်တော်မူပြီး၍ အာနာပါန စတုတ္ထဈာန်ကို ဝင်စားပြီး ထိုဈာန်မှထ၍ ခန္ဓာငါးပါးတို့ကို ဆင်ခြင်တော်မူသည်ရှိသော် ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းနှင့် စပ်၍ (၅၀) ငါးဆယ်သော လက္ခဏာတို့ကို မြင်တော်မူ၍ ဂေါတြဘူဉာဏ်တိုင်အောင် ဝိပဿနာကို ပွါးများတော်မူသည်ရှိသော် နေအရုဏ်တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အလုံးစုံသော ဘုရားဂုဏ်တို့ကို ထိုးထွင်း သိမြင် ရရှိတော်မူပြီးလျှင် လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

WWW.DHAMMARANSI.COM



ဘုရားဖြစ်တော်မူပြီးနောက် မောဓိပင်၏အနီးမှာပင်(၇)ခုနစ်ဖြာသော ဌာန(သတ္တဋ္ဌာန)တို့၌ ခုနစ်ရက်စီ ဖလသမာပတ်ချမ်းသာဖြင့် အချိန်ကို ကုန်စေတော်မူပြီး၍ တရားဟောရန်ဖြဟ္မာမင်း၏တောင်းပန်ချက်ကို ဝန်ခံတော်မူပြီးလျှင် သုနန္ဒာရာမအရပ်၌ ဓမ္မစကြာတရားဦးကို ဟောတော်မူသောအခါ ကုဋေတရာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကြကုန်၏။

ဘုရားဖြစ်တော်မူသော အခါ၌ငှင်း ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ငှင်း သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးတို့သည် ထင်ရှား ဖြစ်ကြကုန်၏။

၅၌သို့ ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ, ဖွားတော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာတရားဦး ဟောတော်မူသောအခါတို့၌ ဖြစ်ပေါ်ကြကုန်သော (လေးဌာန) နိမိတ်ကြီးတို့ကို သုမေဓာရှင်ရသေ့သည် ဈာန်၌ မွေ့လျော် ပျော်ပိုက်နေသည့်အတွက် မသိမမြင်လိုက်ရချေ။ ။(ထိုအကြောင်းကို အောက်သုမေဓကထာ၌ ပြဆိုခဲ့ပြီ။)

## ဒေသစာရီ ကြွချီတော်မူခြင်း

ဒီပင်္ကရာ မြတ်စွာဘုရားသည် ဓမ္မစကြာတရားဦး ဟောကြားတော်မူပြီးနောက် လူနတ်ဗြဟ္မာ သတ္တဝါတို့၏အကျိုးငှါ ဒေသစာရီ လှည့်လည်တော်မူလျက် ရမ္မာဝတီပြည် သုဒဿနကျောင်းတိုက်ကြီး၌ သီတင်းသုံး နေတော်မူစဉ် ရမ္မာဝတီ ပြည်သူပြည်သားတို့က ဆွမ်းအလှူခံရန် ပင့်လျှောက်ချက်အရ နောက်ပါရဟန္တာ (၄၀၀၀၀၀) လေးသိန်းနှင့်တကွ ကြွတော်မူရာ လမ်းခရီးတွင် သုမေဓာရှင်ရသေ့အား ဗျာဒိတ်ကြားတော်မူကြောင်းကိုငှင်း....ဗျာဒိတ်ကြားပြီး၍ ပင့်ဖိတ်ရာဌာနသို့ ကြွရောက်တော်မူပြီးလျှင် ရမ္မာဝတီ ပြည်သူပြည်သားတို့၏ ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူနေစဉ် သုမေဓာရှင်ရသေ့သည် ပါရမီတော်တို့ကို ဆင်ခြင်သုံးသပ်ရာ တရား၏တန်းခိုးအာနုဘော်အားဖြင့် မြေပြင်းထန်စွာ

WWW.DHAMMARANSI.COM



တုန်လှုပ်ကြောင်းကိုဒ၀င်း.....၊ ထိုသို့ မြေလှုပ်သဖြင့် ဆွမ်းကျွေးမွေး နေသူ လူအပေါင်းတို့ ကြောက်ရွံ့ကြ၍ ဒီပင်္ကရာ မြတ်စွာဘုရားထံ မေးမြန်းလျှောက်ကြားသဖြင့် "ကြောက်ရွံ့ဖွယ်မရှိ၊ သုမေဓာ ရှင်ရသေ့၏ တရားတော်ကို ဆင်ခြင်ခြင်းအတွက် မြေလှုပ်ခြင်း ဖြစ်သည်" ကို ဟောတော်မူသောအခါ၊ လူအများတို့သည် သုမေဓာရှင်ရသေ့ထံသို့ သွားကာ များစွာ ကောင်းချီးပေးကြ ကြောင်းကိုဒ၀င်း.....၊ ထိုကောင်းချီးပေးခြင်းကို ခံယူပြီးနောက် သုမေဓာရှင်ရသေ့သည် တောအတွင်းသို့ ဝင်သွားကြောင်းကို ဒ၀င်း ...သုမေဓကထာ၌ အပြည့်အစုံ ရေးသားခဲ့ပြီ။ မရေးသား ရသေးသည်မှာကား—

ရမ္မာဝတီ ပြည်သူပြည်သားတို့သည် (၄၀၀၀၀၀)လေးသိန်း သော သံဃာတော်တို့နှင့်တကွ ဒီပင်္ကရာ မြတ်စွာဘုရားကို ဆွမ်း ကျွေးမွေး လှူဒါန်းပြီးနောက် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ရှိခိုး ကြပြီးလျှင် တရားနာရန်အလို့ငှါ စည်းဝေးကြကုန်၏။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုလူအပေါင်းအား—

၁။ ဒါနံ နာမ သုခါဒီနံ၊ နိဒါနံ ပရမံ မတံ။
ဒိဗ္ဗာနံ ပန ဘောဂါနံ၊ ပတိဋ္ဌာတိ ပဝုစ္စတိ—

၌ ဒါနမည်သည်ကို လူနတ်နိဗ္ဗာန် ချမ်းသာ သုံးပါး၏ အကြောင်းရင်းဟူ၍ သိအပ်၏။ နတ်၌ဖြစ်သော စည်းစိမ်တို့၏ တည်ရာအကြောင်းဟူ၍ ဆိုအပ်၏။ ။အစရှိသည်ဖြင့် အလွန် ချီးမြှင့်ကောင်းမြတ်သော ဒါနနှင့်စပ်သော တရားစကားကို ဟော ကြားတော်မူ၏။ ထိုနောက်—

၂။ သီလံ နာမေတံ ဣဓလောကပရလောကသမ္ပတ္တီနံ မူလံ။ ။ ၌သီလမည်သည်ကား ဤပစ္စုပ္ပန်လောက တမလွန်လောက၌ ဖြစ်သော သမ္ပတ္တိ=(စည်းစိမ်) အမျိုးမျိုး၏ အကြောင်းရင်း ဖြစ်၏။ ။ဤသို့စသည် များစွာသောအကြောင်းတို့ဖြင့် သီလ၏ အကျိုးအာနိသင်ကို အကျယ်ဖော်ပြသော သီလကထာ တရား စကားကို ဟောကြားတော်မူ၏။

WWW.DHAMMARANSI.COM



၃။ သီလကထာကို ဟောကြားတော်မူပြီးသောအခါ ဤသီလကို အမှီပြု၍ ဤမည်သော နတ်ပြည်ချမ်းသာကို ရ၏ဟု ပြဆိုတော်မူရန် ထို့နောက် ဒီပင်္ကရာမြတ်စွာဘုရားသည် သဂ္ဂကထာ = (နတ်ပြည်နှင့်စပ်သော တရားစကား)ကို ဟောကြားတော်မူ၏။ ဤနတ်ရွာမည်သည် အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်၏၊ စင်စစ်ချမ်းသာ၏၊ ဤနတ်ပြည်၌ အမြဲတစေ မြူးတူးရွှင်ပျော်ခြင်းကို ရနိုင်၏။ စတုမဟာရာဇ် နတ်တို့သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း(၉၀၀၀၀၀၀)ကိုးသန်းတို့ ကာလပတ်လုံး နတ်၌ဖြစ်သော ချမ်းသာစည်းစိမ်ကို ရကုန် သုံးဆောင်ကုန်၏....၊ ဤသို့ အစရှိသည်ဖြင့် နတ်ပြည်၏ ကျေးဇူးနှင့် စပ်သော တရားစကားကို ဟောကြားတော်မူ၏။

၄။ ဤသို့ သဂ္ဂကထာ နတ်ရွာတရားစကားဖြင့် သတ္တဝါတို့၏ စိတ်ကို ကုသိုလ်ဒါနမှု သီလမှုတို့၌ လိုက်ပါလာအောင် ဆွဲဆောင် ဖြားယောင်း နှူးညံ့စေတော်မူပြီးနောက် တဖန်ဆက်၍ ဤနတ်ရွာ ချမ်းသာသည်လည်း မမြဲသောတရား မခိုင်သောတရားသာလျှင် ဖြစ်၏။ ဤနတ်ရွာချမ်းသာစု၌ ပြင်းစွာတပ်မက်မှုကို မပြုရာ....၊ ဤသို့ အစရှိသည်ဖြင့် ကာမတရားတို့၏ အပြစ်ကိုလည်း, ယုတ်ညံ့ပုံ ညစ်ညူးပုံကိုလည်း, ထိုကာမတရားတို့မှ ထွက်မြောက် စွန့်ခွါခြင်း၌ အကျိုးအာနိသင်ကိုလည်း ပြတော်မူ၍ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော တရားစကားကို ဟောကြားတော်မူ၏။

ဤသို့လျှင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုလူအပေါင်းအား တရားဟော၍ အချို့တို့ကို သရဏဂုံတို့၌လည်း၊ အချို့တို့ကို ငါးပါးသီလ ဆယ်ပါးသီလတို့၌လည်း၊ အချို့တို့ကို သောတာပတ္တိဖိုလ်၌လည်း၊ အချို့တို့ကို သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်၌လည်း၊ အချို့တို့ကို ဖိုလ်လေးပါးတို့၌လည်း၊ အချို့တို့ကို ဝိဇ္ဇာသုံးပါး၌လည်း၊ အချို့တို့ကို အဘိညာဉ်မြောက်ပါးတို့၌လည်း၊ အချို့တို့ကို သမာပတ်ရှစ်ပါးတို့၌လည်း တည်စေတော်မူပြီးလျှင် ရမ္မာဝတီမြို့တော်မှ ထွက်ကြွတော်မူ၍ သုဒဿနကျောင်းတိုက်ကြီးသို့ ဝင်တော်မူ၏။

WWW.DHAMMARANSI.COM



## တရားပွဲကြီး သုံးကြိမ်

(က) ဒီပင်္ကရာမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်၏ အနီး၌သာလျှင် သတ္တသတ္တာဟ = (၄၉-ရက်)ကို ကုန်လွန်စေ၍ အဋ္ဌမသတ္တာဟ၌ မြဟ္မာကြီး၏ တောင်းပန်ခြင်းကို ဝန်ခံတော်မူပြီးလျှင် သုနန္ဒာရာမအရပ်၌ ဓမ္မစကြာတရားဦးကို ဟောတော်မူ၍ ကုဋေတရာသော နတ်လူတို့အား တရားတည်း ဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။

(ဤကား ပဌမတရားပွဲကြီးတည်း။)

(ခ) ထိုနောက် ဒီပင်္ကရာ မြတ်စွာဘုရားသည် သားတော် ဥသဘက္ခန္ဓမင်းသား၏ ဉာဏ်ရင့်ကျက်ချိန်ကို သိတော်မူ၍ ထို ဥသဘက္ခန္ဓသားတော်ကို အကြီးအမှူးထား၍ (အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် သားတော်ရာဟုလာအား အရဟတ္တဖိုလ် ပေါက် ဟောကြားဆုံးမအပ်သော စူဠရာဟုလောဝါဒ သုတ္တန် ကဲ့သို့သော) ဩဝါဒတရားကို ဟောတော်မူ၍ ကုဋေကိုးဆယ် သော နတ်လူတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး တော်မူသည်။

(ဤကား ဒုတိယတရားပွဲကြီးတည်း။)

(ဂ) တဖန် ဒီပင်္ကရာ မြတ်စွာဘုရားသည် အမရဝတီမြို့တော် တံခါးဝ၌ရှိသော ကုတ္တိုပင်ကြီးအနီး၌ တိတ္ထိတို့ကို နှိမ်နင်းပြီး၍ ရေ မီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗ-လာ ကျောက်ဖျာထက်၌ သီတင်းသုံးနေတော်မူ၍ မယ်တော် သုမေဓာဒေဝီ ဖြစ်ခဲ့ဘူးသော နတ်သားကို အကြီးအမှူးပြုကာ အဘိဓမ္မာတရားကို ဟောတော်မူ၍ ကုဋေကိုးဆယ်သော နတ် ဗြဟ္မာတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူသည်။

(ဤကား တတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



## သာဝက အစည်းအဝေးကြီး သုံးကြိမ်

(၁) ဒီပင်္ကရာ မြတ်စွာဘုရား၏ တပည့်သာဝက အစည်းအဝေးသည်ကား····သုံးဌာနရှိရာ—သုနန္ဒာရာမအရပ်၌ အရပ်ထက်ဝန်းကျင်မှ ရဟန္တာ အရှင်မြတ်များ အထူးလာရောက်စည်းဝေးကြသော ပဌမအစည်းအဝေးပွဲတွင် ကုဋေ တသိန်းမျှလောက်ကုန်သော ရဟန္တာပုဂ္ဂိုလ်ကြီးတို့သည် အညီအညွတ်စည်းဝေးကြကုန်၏။

(ဤကား ပဌမအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

(၂) တဖန် ဒုတိယဖြစ်သော သာဝက အစည်းအဝေးသည်ကား နာရဒကူဋတောင်ထိပ်၌ဖြစ်၏။ ဖြစ်ပုံကား····

အခါတပါး၌ ဒီပင်္ကရာမြတ်စွာဘုရားသည် (၄၀၀၀၀၀) လေးသိန်းသော ရဟန်းတို့ဖြင့် ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူရာ၊ တခုသောအရပ်၌ အံ့ဩဖွယ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံကာ လွန်စွာ နှလုံးမွေ့လျော်ဖွယ်ရှိသော နာရဒကူဋတောင်သို့ ရောက်တော်မူ၏။

ထိုတောင်ကို နရဒေဝအမည်ရှိသော နတ်ဘီလူးသည် သိမ်းဆည်းအပ်သည်ဖြစ်၍ ထိုတောင်စောင့် နတ်ဘီလူးအား နှစ်စဉ်မပြတ်လူအပေါင်းတို့သည် လူကိုပင် ဗလိနတ်စာအလို့ငှါ ကောင်းစွာ ယူဆောင်ကြကုန်၏။

ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုလူအပေါင်းတို့မှာ မိခိုအားထားရာ ရှေးကောင်းမှုနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍ ရဟန်းသံဃာတို့ကို ခေါ်ဆောင်တော်မမူပဲ တပါးတည်းသာ နာရဒကူဋတောင်ထိပ်သို့ တက်တော်မူ၏။ ထိုအခါ ဘီလူးသည် ပြင်းထန်စွာ အမျက်ထွက်ပြီးလျှင် မြတ်စွာဘုရား ကြောက်လန့်ထွက်ပြေးစေရန် တောင်ကြီးကို တုန်လှုပ်စေခြင်းစသည်ဖြင့် မိမိစွမ်းအားရှိသမျှ ခြိမ်းချောက်ပါသော်လည်း မြတ်စွာဘုရားမှာ တစုံတရာ အန္တရာယ်မရှိ ပကတိကြည်လင်စွာ သီတင်းသုံးနေတော်မူသည်ကို မြင်လေလျှင် "ဤရဟန်းကြီးကား အံ့ဩဖွယ်ရှိပေ

WWW.DHAMMARANSI.COM



ရွာ၊ တန်းခိုးအာနုဘော်ကြီးပေစွာ၊ ဤရဟန်းကြီးအား ငါပြုခဲ့သမျှသော အကျိုးမဲ့အစုသည် ငါ့အပေါ်သို့သာ ကျရောက်ခဲ့၏၊ ငါသည် ဤရဟန်းကြီးကို အလွတ်ထား၍ တပါးသော ကိုးကွယ်ရာ မရှိတော့ချေ၊ မြေကြီးပေါ်၌ ချွတ်ချော်တိမ်းပါး လဲကျသွားသောသူသည် မြေကြီးကိုသာ အမှီပြု၍ ထရသကဲ့သို့၊ ငါသည်လည်း ယခု ဤရဟန်းကြီးကိုပင် ကိုးကွယ် ဆည်းကပ်တော့အံ့”ဟု အကြံဖြစ်လေ၏။

နရဒေဝနတ်ဘီလူးသည် ဤသို့အကြံဖြစ်ပြီးလျှင် တရာ့ရှစ်ကွက်စက်လက္ခဏာတို့ဖြင့် တန်းဆာဆင်အပ်သော မြတ်စွာဘုရား၏ ခြေတော်အစုံ၌ ဦးတိုက်ကာ မြတ်စွာဘုရား၌ လွန်ကျူးမိသော အပြစ်တို့ကို ဝန်ချတောင်းပန်၍ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်လေ၏။ ထိုနောက် မြတ်စွာဘုရားသည်နရဒေဝနတ်ဘီလူးအား ဒါနကထာ သီလကထာ အစရှိသော အစဉ်အတိုင်းသောတရားစကားကို ဟောတော်မူ၏။ တရားတော်၏အဆုံး၌ နရဒေဝနတ်ဘီလူးသည် အခြံအရံနတ်ဘီလူးပေါင်း တသောင်းနှင့်တကွသောတာပတ္တိဖိုလ်၌တည်လေ၏။

ထိုနရဒေဝ နတ်ဘီလူး သောတာပန်တည်သော နေ့၌ကား ဇမ္ဗူဒိပ် ကျွန်းအလုံး၌ နေကုန်သော လူတို့သည် နရဒေဝနတ်ဘီလူးအား ဗလိနတ်စာပူဇော်ပွဲကြီး ကျင်းပရန် တရွာတရွာမှ တယောက်တယောက်သော လူကို ဆောင်ယူခဲ့ကြကုန်၏။ ထို့ပြင် များစွာသော နှမ်း, ဆန်, ကုလားပဲ, ပဲနောက်, ပဲကြီး စသည်ကိုငင်း၊ ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲစသည်ကိုငင်း ဆောင်ယူခဲ့ကြကုန်၏။ နရဒေဝ နတ်ဘီလူးသည် ထိုလူတို့ ဆောင်ယူခဲ့ကြသော ဆန်စသော ပူဇော်ဖွယ် အလုံးစုံကို ထိုလူတို့အားသာ ပြန်ပေးပြီးလျှင် ဗလိနတ်စာပြုရန် ဆောင်ယူခဲ့သော လူတို့ကိုကား မြတ်စွာဘုရားထံ ဆောင်နှင်းလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုလူတို့ကို ဧဟိ ဘိက္ခု= (ရဟန်းတို့ လာလော့ဟု) ခေါ်တော်မူ၍ ရဟန်းပြုပြီးလျှင် ခုနစ်ရက်အတွင်း၌သာ ထိုလူအပေါင်းတို့ကို အရဟတ္တဖိုလ်၌ တည်

WWW.DHAMMARANSI.COM



စေတော်မူ၍ တပို့တွဲလပြည့်နေ့၌ ရဟန္တာ ကုဋေတရာတို့အလယ်တွင် နေတော်မူကာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော သာဝက အစည်းအဝေးကြီး၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

**ဧဟိ ဘိက္ခု ရဟန်းဟူသည်ကား**....ရဟန်းပြုလုပ်ရန် သပိတ် သင်္ကန်း စသည်တို့ကို စီမံရှာဖွေ၍ မနေရတော့ပဲ မြတ်စွာဘုရားက ဧဟိဘိက္ခု = (လာလော့ရဟန်းဟု) ခေါ်တော်မူလိုက်လျှင်ပင် နဂိုရ်လူ၏အသွင် ကွယ်ပျောက်၍ ဝါတော်ခြောက်ဆယ် ရပြီးသော ရဟန်းအသွင် ထင်ရှား ပေါ်ပေါက်လာသော ရဟန်း....ဟု ဆိုလိုသည်။

အင်္ဂါလေးပါးရှိသော ပရိသတ်သာဝကအစည်းအဝေး ဟူရာ၌၊ အင်္ဂါလေးပါး ဟူသည်ကား....

၁။ ရဟန်း အားလုံးတို့ ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ကြခြင်း၊

၂။ ထိုရဟန်းတို့သည် ဆဠဘိညာ = (အဘိညာဉ်ခြောက်ပါးရသည့်) ရဟန်းချည်း ဖြစ်ကြခြင်း၊

၃။ ထိုရဟန်းတို့သည် မပင့်မခေါ်အပ်ပဲ ရောက်လာညီမူကြခြင်း၊

၄။ တဆယ့်ငါးရက် လပြည့် ဥပုသ်နေ့ဖြစ်ခြင်း—

ဟူ၍ အင်္ဂါလေးပါး ဖြစ်သတည်း။

ဤဆိုအပ်ပြီးသော နရဒေဝ နတ်ဘီလူးအကြောင်းကား ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာသော စကားအစဉ်တည်း။

ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ကား....တဖန် ဒီပင်္ကရာ မြတ်စွာဘုရားသည် နာရဒတောင်ထိပ်၌ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သီတင်းသုံး နေတော်မူစဉ် ကိလေသာ အညစ်အကြေး ကင်းဝေး စင်ကြယ်တော်မူကြသည့် ကုဋေတရာကုန်သော ရဟန္တာ အရှင်တို့သည် စည်းဝေးတော်မူကြကုန်ပြီ....ဟူ၍ သာမညသာ ဟောတော်မူ၏။

(ဤကား ဒုတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



(၃) အခါတပါး ဒီပင်္ကရာ မြတ်စွာဘုရားသည် သုဒဿန တောင်ထိပ်၌ ဝါကပ်တော်မူ၏။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သော လူတို့သည် နှစ်စဉ်နှစ်တိုင်းပင် သီတင်းကျွတ်အခါတွင် တောင်ထိပ်ပွဲသဘင် လာရောက်ဆင်ယင် ကျင်းပကြမြဲဖြစ်သည့် အတိုင်း သုဒဿနတောင်ထိပ်သို့ လာရောက်ကြရာ မြတ်စွာဘုရားနှင့် တွေ့ကြုံကာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားကြရာတွင် ကြည်လင်သော စိတ်စေတနာ သဒ္ဓါရွှင်လန်းသဖြင့် ရဟန်းပြုကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား မဟာပဝါရဏာနေ့= (သီတင်းကျွတ်လပြည့်နေ့)၌ တရားဟောတော်မူပြန်ရာ ရဟန်းသစ် အလုံးစုံတို့သည် တေဘူမက သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်၍ ဝိပဿနာအစဉ်အားဖြင့်၎င်း မဂ်အစဉ်အားဖြင့်၎င်း အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ကုဋေကိုးသောင်းသော ရဟန္တာတို့နှင့်အတူ ပဝါရဏာပြုတော်မူ၏။

(ဤကား တတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

ဒီပင်္ကရာမြတ်စွာဘုရား၏ သာမညဖြစ်သော တရားပွဲများမှာ တသောင်းသောသတ္တဝါတို့၏၎င်း နှစ်သောင်းသောသတ္တဝါတို့၏၎င်း သစ္စာလေးပါး တရားကို သိခြင်း (အကျွတ်တရားရခြင်း) သည်ဖြစ်၏။ တဦးသောသတ္တဝါ နှစ်ဦးသောသတ္တဝါစသည်တို့၏ သစ္စာလေးပါးတရားကို သိခြင်း (အကျွတ်တရားရခြင်း)သည်ကား ဂဏန်းချလျက် ရေတွက်ခြင်းငှါ မတတ်နိုင်။

ထိုအခါ၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ကောင်းစွာသုမ်သင်အပ်သော သာသနာတော်သည် ထက်ဝန်းကျင် ကျယ်ပြန့်၏၊ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် သိအပ်၏၊ မြတ်သော သီလစသော တရားတို့နှင့် ပြည့်စုံဖြိုးမောက်၏။

လောကသုံးပါးကို ပိုင်းခြား သိမြင်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားကို အဘိညာဉ်ခြောက်ပါးရ၍ ကြီးမားလှသော တန်းခိုးရှင် ဖြစ်တော်မူကြသည့် သာဝကရဟန္တာကြီး လေးသိန်းတို့သည် အမြဲ ခြံရံကြကုန်၏။

WWW.DHAMMARANSI.COM



ထိုဒိပင်္ကရာမြတ်စွာဘုရား လက်ထက်တော်အခါမှာ အကြင်သူတို့သည် အရဟတ္တဖိုလ်သို့ မရောက်ကြပဲ၊ရောက်ရန် ကျင့်ကြံတုန်းကျင့်ကြံဆဲ (သေက္ခ) ပုဂ္ဂိုလ်ဖြစ်ကြ၍ လူ့ဘဝကို စွန့်ရကုန်သည်ဖြစ်အံ့၊ ထိုသူတို့သည် (အားလုံး၏)ကဲ့ရဲ့ဖွယ်ရာချည်းသာ ဖြစ်ကြကုန်၏။

ဒိပင်္ကရာမြတ်စွာဘုရား၏ **စကားတော်**(သို့မဟုတ် သာသနာတော်)သည် တလောကလုံး၌ ကောင်းစွာထင်ရှား ပွင့်လင်းလှသည်ဖြစ်၍ ကိလေသာရန်သူတို့ကို ပယ်သတ်ကာ အာရုံအမျိုးမျိုးတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော ကိလေသာ အညစ်အကြေးကင်းကွာ အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်သူမြတ်တို့ဖြင့် အခါခပ်သိမ်း တင့်တယ်လှပေ၏။

## မြို့တော်စသည်ကို ပြဆိုချက်

ဒိပင်္ကရာမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **ရမ္မာဝတီမြို့တော်** ဖြစ်၏။

ခမည်းတော်မှာ **သုဒေဝမင်း** ဖြစ်၏၊ မယ်တော်မှာ **သုမေဓာမိဖုရား** ဖြစ်၏။

အဂ္ဂသာဝကအစုံကား **သုမင်္ဂလမထေရ်**နှင့် **တိဿမထေရ်**တို့ဖြစ်ကြကုန်၏၊ အလုပ်အကျွေးကား **သာဂတမထေရ်** ဖြစ်၏။

အဂ္ဂသာဝိကာ = (မြတ်သောတပည့်မ) အစုံကား **နန္ဒာထေရီမ**နှင့် **သုနန္ဒာထေရီမ**တို့ ဖြစ်ကြကုန်၏၊ ပွင့်တော်မူရာ ဗောဓိပင်ကား **ညောင်ကြတ်ပင်** ဖြစ်၏။

အလုပ်အကျွေး ဒါယကာတို့ကား **တပုဿ**နှင့် **ဘလ္လိက**တို့ဖြစ်ကြကုန်၏၊ အလုပ်အကျွေး ဒါယိကာမတို့ကား **သိရိမာ**နှင့် **သောဏာ**တို့ ဖြစ်ကြကုန်၏။

ဒိပင်္ကရာမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ရှစ်ဆယ်မြင့်တော်မူ၏၊ **အလျှံတဝင်းဝင်း ထွန်းလင်း တောက်ပသော**

WWW.DHAMMARANSI.COM



တန်ဆောင် ဆီမီးတိုင်ကြီးကဲ့သို့ရင်း....၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးကဲ့သို့ရင်း....တင့်တယ်တော်မူလှ၏။

(ဤဖွားတော်မူရာ မြို့တော်စသည်ကို ပြဆိုရခြင်း၏ အကျိုးကား—၊ ထို ဖွားတော်မူရာ မြို့တော်စသည်ကို မပြဆိုခဲ့သည်ရှိသော် "ဤဘုရား၏ ဖွားတော်မူရာ မြို့တော်လည်း မထင်ခဲ့၊ ခမည်းတော် မယ်တော်စသည်လည်း မထင်ခဲ့၊ နတ်သော်ရင်း, မာရ်သော်ရင်း, ဘီလူးသော်ရင်း, ဗြဟ္မာသော်ရင်း ဤသူ ဖြစ်အံ့ထင်၏။ နတ်ဗြဟ္မာတို့အား ဤသို့သော အံ့ဖွယ်ဖြစ်သည်မှာ အထူးမဟုတ်၊ အံ့ဖွယ်မရှိ" ဟု အောက်မေ့ကာ ဟောသမျှတရားကို နာကြားကောင်းသည် ယုံကြည်ကောင်းသည်ဟု မမှတ်ကုန်လေရာ။ ထိုသို့ ဖြစ်သည်ရှိသော် သစ္စာတရားကို သိခြင်း(အကျွတ်တရားရခြင်း) မဖြစ်နိုင်လေရာ။ ဖွားတော်မူရာ မြို့တော် ခမည်းတော် မယ်တော်စသည်ကို ပြအပ်သော်ကား "လူသားစင်စစ်က သို့စဉ် တန်းခိုးအာနုဘော် ကြီးပေ၏" ဟု အောက်မေ့ကာ သတ္တဝါတို့သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို နာကြားယုံကြည်ကြသဖြင့် သစ္စာတရားကို သိခြင်း (အကျွတ်တရားရခြင်း) ဖြစ်နိုင်၏။ ထို့ကြောင့် ဖွားတော်မူရာမြို့တော် ခမည်းတော် မယ်တော်စသည်တို့ကို ပြဆိုခြင်း ဖြစ်သည်။)

ဒီပင်္ကရာ မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၁၂) တဆယ့်နှစ်ယူဇနာတိုင်အောင် (တန်းခိုးတော်ဖြင့် အထူးဖန်ဆင်းရခြင်းမရှိပဲ) ပကတိအလိုလို ပျံ့နှံ့ထွက်၏၊ ထို ဒီပင်္ကရာမြတ်စွာဘုရား၏ အသက်တော်မှာ တသိန်းဖြစ်၏။ (ဃ)

(ဤကား ပါဠိတော်၌ တိုက်ရိုက်လာသော အပိုင်းအခြားတည်း။)

ပါဠိတော်၌ တိုက်ရိုက်မလာသော်လည်း ထုတ်ဆောင်၍ ပြရမည်ဟု အဋ္ဌကထာတို့၌ ဖွင့်ပြသော အပိုင်းအခြား(သမ္ဘဟုလဝါရ)သည်ကား....

WWW.DHAMMARANSI.COM



ဒီပင်္ကရာ မြတ်စွာဘုရားအလောင်းတော် လူဖြစ်စဉ်ကာလ သုံးဆောင်အပ်သော နန်းတော် ပြာသာဒ်တို့ကား ဟံသ-ပါသာဒ = ( **ဟင်္သာရွှေနန်းဆောင်** )၊ ကောဉ္စပါသာဒ = (**ကြိုးကြာ ရွှေနန်းဆောင်**)၊ မယူရပါသာဒ = (**ဥဒေါင်းရွှေနန်းဆောင်**)ဟူ၍ သုံးပါးတို့တည်း။

မောင်းမမိဿံပေါင်းကား သုံးသိန်း အတိုင်းအရှည် ရှိ၏၊ အဂ္ဂမဟေသီ မိဖုရားကြီးကား **ပဒုမာဒေဝီ**အမည်ရှိ၏၊သားတော်ကား **ဥသဘက္ခန္ဓမင်းသား**တည်း၊ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား အနှစ်တသောင်းတို့တည်း။

တောထွက်တော်မူသောအခါ **ဆင်ယာဉ်**ဖြင့်တောထွက်တော်မူ၏။ ဘုရားဖြစ်တော်မူသောအခါ နန္ဒာရာမ = (**နန္ဒဉယျာဉ်**) အရပ်၌ သီတင်းသုံးနေတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ထိုမျှလောက်သော ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၏။

တပည့်သား သံဃာတော်နှင့်တကွသော ထိုဒီပင်္ကရာမြတ်စွာဘုရားသည် သင်ကြားခြင်း (ပရိယတ်)၊ ကျင့်ကြံခြင်း (ပဋိပတ်)၊ ထိုးထွင်း သိမြင်ခြင်း (ပဋိဝေဓ) တည်းဟူသော သဒ္ဓမ္မသုံးပါးကို တလောကလုံး ထွန်းပစေလျက် သတ္တဝါအပေါင်းကို ကယ်တင်တော်မူကာ အလျှံတပြောင်ပြောင် ထွန်းပပြီး မီးပုံကြီး ငြိမ်းသွားသကဲ့သို့ အေးငြိမ်းခြင်းသဘောသို့ ဆိုက်ရောက်တော်မူလေပြီ။(င)

**သံဝေဂ**

ထိုဒီပင်္ကရာ မြတ်စွာဘုရား၏ တန်းခိုးတော်သည်၎င်း, ထိုမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာကြီး လေးသိန်းအစရှိသော အခြံအရံအပေါင်းသည်၎င်း, ထို မြတ်စွာဘုရား၏ ခြေတော်အစုံ၌ ပါရှိသော စက်လက္ခဏာတို့သည်၎င်း—ဤအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်သွားလေ

WWW.DHAMMARANSI.COM



ပြီ····၊ခပ်သိမ်းသော သင်္ခါရတရားတို့သည် မမြဲနိုင်သော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွာ့တကား····။

## စေတီတော် တည်ထားခြင်း

ဤသို့လျှင် သစ္စာလေးပါး တရားတို့ကို အကြွင်းမရှိ သိမြင်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် နန္ဒာရာမ = (နန္ဒဥယျာဉ်) အရပ်၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ ထို ဥယျာဉ်၌ပင်လျှင် ဆေးဒန်း မြင်းသီလာတို့ကို မြေညက်, ဆီထောပတ်တို့ကို ရေ ပြုလုပ်လျက် ဒီပင်္ကရာမြတ်စွာဘုရား၏ စေတီတော်ကို တည်ထား ကြရာ အမြင့်ယူဇနာ (၃၀)သုံးဆယ်ရှိသည်ဖြစ်၍ (သက်တော် ရှည်ကြသော မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ အစိတ်စိတ်မကွဲ တခဲတည်း တစုတည်း တည်ရှိသော အသမ္ဘိန္န ဓာတ်တော်ကို) ထိုစေတီတော်ကြီးအတွင်း၌ ဌာပနာ သွင်းကြ ကုန်၏။ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော လူတို့သည် အညီအညွတ် လာကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံ ချယ် လယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေကြကုန်၏။

ဒီပင်္ကရဗုဒ္ဓဝင် ပြီး၏။

---

## ၂—ကောဏ္ဍညဗုဒ္ဓဝင်

ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသော ကပ်ကမ္ဘာကုန်ဆုံး ပြီးသည့်နောက် ကမ္ဘာအသင်္ချေ (သို့မဟုတ် မည်ရွေ့ မည်မျှဟု ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင် များလှစွာသောကမ္ဘာ တွေ)ကို လွန်မြောက်ပြီးမှ တခုသောကမ္ဘာတွင် ကောဏ္ဍည မြတ်စွာဘုရား ပွင့်တော်မူ၏။

(ဤအသင်္ချေမျိုးကို မည်ရွေ့မည်မျှဟု ဂဏန်းချ၍ မရေ မတွက်နိုင်အောင် များပြားလှသော်လည်း၊ ရှေးဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရားနှင့် နောက်ဖြစ်သော ကောဏ္ဍည မြတ်စွာဘုရား နှစ်ဆူတို့၏ တခုသော အကြားဟူ၍

WWW.DHAMMARANSI.COM



သာ မှတ်သားအပ်သောကြောင့် "**ဗုဒ္ဓဇာတကရအာသချေ**"ဟု ခေါ်သည်။)

ကောဏ္ဍညာ မြတ်စွာဘုရား ပွင့်တော်မူဟန်ကား…. ထို ကောဏ္ဍညမြတ်စွာဘုရား အလောင်းတော်သည် တဆယ့်ခြောက် အသချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ထုံးစံ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်အများ တို့၏ ဘုရားဖြစ်ရန် တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်တော်မူကာ ရမ္မာဝတီ နေပြည်တော် သုနန္ဒမင်းကြီး၏ နန်းတော်ဝယ် သုဇာတာ အမည်ရှိသော မိဖုရားကြီး၏ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၏။

(ပဋိသန္ဓေ နေတော်မူသောခဏ၌ ပြမြဲတိုင်းဖြစ်သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည် ထင်ရှားဖြစ်ကုန်၏။)

ဆယ်လစေ့သောအခါ ဖွားမြင်တော်မူ၏၊ ဖွားမြင်သော ခဏ၌လည်း နိမိတ်ကြီးများ ထင်မြဲထင်သည့်အပြင် အလောင်း တော်ဟူသမျှတို့နှင့် သက်ဆိုင်သော အထူးအံ့ဩဖွယ်ရာ ကောင်း သည့် အကြောင်းအရာတို့သည်လည်း ဖြစ်ပေါ်ကုန်၏။

(ထိုအလုံးစုံတို့ကို ဂေါတမ မြတ်စွာဘုရား ဗုဒ္ဓဝင်သို့ ရောက်မှ အကျယ်ရေးသားပေအံ့။)

## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းမင်းသား၏ အမည်ကိုကောဏ္ဍညအနွယ်ဖြစ်သော ကြောင့် ကောဏ္ဍည မင်းသားဟု မှည့်ကြကုန်၏၊အလောင်းတော် ကောဏ္ဍညမင်းသားသည် အရွယ်သို့ရောက်သောအခါ လွန်စွာ မွေ့လျော်ဖွယ်ရှိသော သုစိရွှေနန်းဆောင်, သုရုစိရွှေနန်းဆောင်, သုဘရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ နှစ်သက်ဖွယ် အရောင်အဆင်း တင့်တယ်ခြင်း ရှိသော ရုစိဒေဝီ မိဖုရားကြီးနှင့်တကွ ကချေသည် မောင်းမမိဿံအပေါင်း သုံးသိန်း တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း တသောင်း တို့ပတ်လုံး ထီးနန်း စိုးစံတော်မူ၏။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ ရှစ်ဒေဝိမိဖုရားကြီးမှ ဝိဇိတသေန မည်သောသားတော်ကို ဖွားမြင်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟု ဆိုအပ်သော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူသဖြင့် အာဇာနည်မြင်းကသော ရထားကိုစီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။

ဤသို့ အလောင်းတော် ကောဏ္ဍညမင်းသား တောထွက်၍ ရဟန်းပြုတော်မူသည်ကို ဆယ်ကုဋေသောလူတို့သည် အတုလိုက်၍ ရဟန်းပြုကုန်၏။

ကောဏ္ဍည မြတ်စွာဘုရားအလောင်းတော်သည် ထိုဆယ်ကုဋေသော ရဟန်းတို့နှင့်တကွ ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသောအကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့၌ သုနန္ဒရွာနေ ယသောဓရာ အမည်ရှိသော သူဌေးသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတောအတွင်းမှာပင် နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန် ရောက်သောအခါ အခြံအရံရဟန်းအပေါင်းတို့ကို စွန့်ခွါခဲ့ပြီးမှ မဟာဗောဓိပင်ရှိရာ အရပ်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီး၌ သုနန္ဒအမည်ရှိသော တက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ သာလကလျာဏီ ခေါ် ကြေခင်လျှာပင် (သို့မဟုတ်) (နံ့ပဲ) နဘဲပင် အရင်း၌ ဖြန့်၍ခင်းတော်မူလိုက်သည်နှင့်တပြိုင်နက်(၅၇) ငါးဆယ့်ခုနစ်တောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာ၏။

## ဘုရားဖြစ်တော်မူခြင်း

ထို အပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ် (တင်ပလ္လင်)ဖွဲ့ခွေ သီတင်းသုံး နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ မာရ်စစ်သည်ဗိုလ်ပါကို အောင်မြင်တော်မူပြီးခါ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို

WWW.DHAMMARANSI.COM



ရတော်မူပြီးလျှင် မိုးသောက်ယံ၌ အနုလုံပဋိလုံ အစုန်အဆန် အားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားကို သုံးသပ်တော်မူပြီးမှ အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးလျှင် ခန္ဓာငါးပါးတို့ကို ဆင်ခြင်တော်မူသည်ရှိသော် ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်း နှင့် စပ်၍ (၅၀) သော လက္ခဏာတို့ကို မြင်တော်မူ၍ ဂေါတြဘူ ဉာဏ်တိုင်အောင် ဝိပဿနာကို ပွါးများတော်မူသည်ရှိသော် နေအရုဏ် တက်သည်နှင့် တပြိုင်နက် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အလုံးစုံသော ဘုရားဂုဏ်တို့ကို ထိုးထွင်းသိမြင် ရရှိတော်မူပြီးလျှင် လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော် မူ၏။

## တရားပွဲကြီး သုံးကြိမ်

ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်၏အနီးမှာပင်(၇)ခုနစ် ဌာနသောဌာန(သတ္တဌာန)တို့၌ ခုနစ်ရက်စီ ဖလသမာပတ် ချမ်း သာဖြင့် အချိန်ကို ကုန်စေတော်မူပြီးနောက် ရှစ်ခုမြောက်သတ္တာ ဟ၌ တရားဟောရန် မြဟ္မာမင်း၏တောင်းပန်ခြင်းကို ဝန်ခံတော် မူပြီးလျှင် ''ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရ ပါအံ့နည်း''ဟု စဉ်းစားဆင်ခြင်တော်မူလတ်သည်ရှိသော် ကိုယ် တော်မြတ်သို့ အတုလိုက်၍ ရဟန်းပြုကြကုန်သော ဆယ်ကုဋ္ဌေ သော ရဟန်းတို့ကို မြင်တော်မူ၍ ''ထိုရဟန်းတို့အား ခပ်သိမ်း သောသူတို့၏ ရှေးဦးစွာ တရားတော်ကို ဟောအံ့''ဟု ဆင်ခြင် ကြံစည်တော်မူပြီးလျှင် ''ယခုအခါ ထိုရဟန်းတို့သည် အဘယ် အရပ်၌ နေကုန်သနည်း''ဟု ကြည့်ရှုဆင်ခြင်တော်မူပြန်သော်....၊ ဤဗောဓိပင်မှသည် တဆယ့်ရှစ်ယူဇနာကွာဝေးသော အရုန္ဓဝတီ မြို့ ဒေဝဝနခေါ် နတ်သစ်ပင်တော၌ နေကြသည်ကို မြင်တော်မူ သဖြင့် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ထိုရဟန်းတို့နေရာ ဒေဝဝနခေါ် နတ်သစ်ပင်တောသို့ တန်းခိုးတော်ဖြင့် ခဏခြင်း ကြွရောက်တော်မူ၏။

ထိုအခါ ဆယ်ကုဋ္ဌေသောရဟန်းတို့သည် ကောဏ္ဍညမြတ်စွာ ဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညိုလှ

WWW.DHAMMARANSI.COM



စွာသော စိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ် သင်္ကန်း လှမ်းယူခြင်း နေရာတော်ခင်းကျင်းခြင်း အရိုအသေဝတ်ပြုခြင်းတို့နှင့် ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက ထိုင်နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထို ဆယ်ကုဋေသော ရဟန်းတို့အား အလုံးစုံသော ရှေးဘုရားတို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူ၏။

အဆုံးအပိုင်းအခြားမရှိသော တန်းခိုးတော်....နှိုင်းယှဉ်စရာမရှိသော အခြံအရံ အကျော်အစောတော်....မရေမတွက်နိုင်သော ဂုဏ်ကျေးဇူးတော်....မည်သူမျှ မလေးမစား အနိုးအပါးသို့ ချဉ်းကပ်ရန်ခဲယဉ်းခြင်း ....မြေကြီးအထုနှင့်တူသော သည်းခံခြင်း ....သမုဒ္ဒရာ ရေအထုနှင့်တူသော သီလတော်....မြင်းမိုရ်တောင်ကဲ့သို့ ကြံ့ခိုင်သော သမာဓိတော်....ကောင်းကင်အပြင်နှင့်တူသော ပညာတော်....တို့နှင့် ပြည့်စုံတော်မူသော ကောဏ္ဍညမြတ်စွာဘုရားသည် သတ္တဝါအများတို့ အစီးအပွါးအလို့ငှါ ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်, မဂ္ဂင်,သစ္စာတို့ကို ထင်ရှားပြတတ်သည့် ဗောဓိပက္ခိယ တရားဒေသနာကို အခါခပ်သိမ်း ဟောကြားတော်မူလေပြီ။

ဤ ရှေးဦးစွာသော ဓမ္မစကြာတရားပွဲ၌ ရဟန်းဆယ်ကုဋေအမှူးရှိသော နတ်လူ ကုဋေတသိန်းတို့အား သစ္စာလေးပါးတရားကိုသိခြင်း (အကျွတ်တရားရခြင်း) သည် ဖြစ်လေပြီ။

(ဤကား ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟု ဆိုအပ်သော ပဌမဓမ္မာဘိသမယ=(ပဌမ တရားပွဲကြီး) တည်း။)

ထိုနောက် အခါတပါးဝယ် မင်္ဂလသုတ္တန်ဒေသနာ အစည်းအဝေး (တရားပွဲ) ကြီး၌ စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာတို့သည် ဤစကြာတိုက်တခုအတွင်းမှာ (အလုံးစုံနေ၍မဆံ့မရှိရလေအောင်) သိမ်မွေ့သေးငယ်သော ကိုယ်အတ္တဘောကို ဖန်ဆင်းကြ၍ ဤစကြဝဠာမှာပင် စည်းဝေးကြကုန်၏။ ထိုအစည်း

WWW.DHAMMARANSI.COM



အဝေးကြီး၌ အမျိုးအမည် မထင်ရှားသော နတ်သားတယောက်သည် ကောဏ္ဍညမြတ်စွာဘုရားအား ဤလောက၌ ပြည့်စုံကြီးပွါးကြောင်းဖြစ်သော (မင်္ဂလာ)တရားဟူသည် အဘယ်တရားများပါနည်းဟု မင်္ဂလာပြဿနာကို မေးလျှောက်၏။ ထိုနတ်သားကို တရားနာခံပြု၍ မြတ်စွာဘုရားသည် မင်္ဂလာတရားတော်ကို ဟောကြားတော်မူ၏။

ထိုမင်္ဂလသုတ်တရားပွဲ အစည်းအဝေး၌ ကုဋေကိုးသောင်းသော နတ်လူတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ သောတာပန်အဖြစ်စသည်သို့ ရောက်သောသူတို့သည်ကား အရေအတွက်အပိုင်းအခြား မရှိအောင်ပင် များပြားကုန်၏။

(ဤကား နှစ်ကြိမ်မြောက် လူနတ်ဗြဟ္မာတို့အား သစ္စာလေးပါးတရားကို သိစေခြင်းဟု ဆိုအပ်သော ဒုတိယဓမ္မာဘိသမယ=(ဒုတိယတရားပွဲကြီး) တည်း။)

အကြင်အခါ ကောဏ္ဍညမြတ်စွာဘုရားသည် ရေမီးအစုံအစုံတန်းခိုးပြာဋိဟာကို ပြတော်မူကာ တိတ္ထိတို့ကို ချိုးနှိမ်တော်မူစဉ်ကောင်းကင်၌ တည်တော်မူလျက် တရားဟောတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ အောက်ဖိုလ်သုံးပါး၌ တည်ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည်ကား အရေအတွက်အပိုင်းအခြား မရှိအောင်ပင် များပြားကုန်၏။

(ဤကား သုံးကြိမ်မြောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟု ဆိုအပ်သော တတိယဓမ္မာဘိသမယ=(တတိယ တရားပွဲကြီး) တည်း။)

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

(၁) ကောဏ္ဍညမြတ်စွာဘုရား၏ တပည့်သာဝက အစည်းအဝေးသည်လည်း သုံးကြိမ်ရှိရာ—ပဌမအကြိမ်မှာ....ကောဏ္ဍညမြတ်စွာဘုရားသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ကာ ဘုရား

WWW.DHAMMARANSI.COM



အဖြစ်သို့ ရောက်တော်မူပြီးသော် စန္ဒဝတီမြို့ကို အမှီပြု၍ စန္ဒဥယျာဉ်ကြီး၌ ပဌမဝါကပ်တော်မူ၏။

ထိုစန္ဒဝတီမြို့၌ များစွာသောဥစ္စာနှစ်ရှိသော ဗြာဟ္မဏမဟာသာလမျိုးဖြစ်သော သုစိန္ဒရပုဏ္ဏားကြီးသား ဘဒ္ဒလုင်နှင့် ယသောဓရ ပုဏ္ဏားကြီးသား သုဘဒ္ဒလုင်နှစ်ယောက်တို့သည် ကောဏ္ဍညမြတ်စွာဘုရား၏ မျက်မှောက်တော်မှာ တရားတော်ကို ကြားနာကြရသည်တွင် ကြည်ညိုသောစိတ် ရှိကြသဖြင့် လုင်ပေါင်းတသောင်းတို့နှင့်တကွ ကောဏ္ဍညမြတ်စွာဘုရား အထံတော်၌ ရဟန်းပြုကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြသောအခါ ကောဏ္ဍညမြတ်စွာဘုရားသည် နယုန်လပြည့်နေ့၌ သုဘဒ္ဒမထေရ်အမှူးရှိသော ရဟန္တာပေါင်း ကုဋေတသိန်း ခြံရံလျက် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

(၂) ထိုနောက် အခါတပါး၌ ကောဏ္ဍညမြတ်စွာဘုရား၏ သားတော်ဖြစ်သော ဝိဇိတသေနမင်းသား (ရဟန်းပြုပြီးနောက်) အရဟတ္တဖိုလ်သို့ရောက်သည်တွင် ထိုဝိဇိတသေနမထေရ် အမှူးရှိသော ကုဋေတထောင်သော ရဟန္တာတို့၏ အလယ်၌ ကောဏ္ဍညမြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

(၃) ထိုနောက် အခါတပါး၌ ကောဏ္ဍည မြတ်စွာဘုရားသည် ဇနပုဒ်များသို့ ဒေသစာရီ ကြွချီလှည့်လည်တော်မူသည်တွင် ကုဋေကိုးဆယ် အခြံအရံရှိသော ဥဒေနမင်းကို အခြံအရံပရိသတ်နှင့်တကွ ရဟန်းပြုပေးတော်မူ၏။ ထိုဥဒေနရဟန်းနှင့်တကွ အခြံအရံ ရဟန်းတို့ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ကောဏ္ဍညမြတ်စွာဘုရားသည် ဥဒေနရဟန်း အမှူးရှိသော ရဟန္တာပေါင်း ကုဋေကိုးဆယ် ခြံရံလျက် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း ဗျာဒိတ်ခံခြင်း

ထိုအခါ····ငါတို့ ဘုရားအလောင်းတော်သည် ဝိဇိတာဝီ မည်သော စကြာမင်းဖြစ်၍ စန္ဒဝတီပြည်၌ အုပ်စိုး၍နေ၏။ ထို ဝိဇိတာဝီ စကြာမင်းသည် များမြတ်သော ပရိသတ်အခြံအရံ ရှိသည်ဖြစ်၍ မြေပြင်အလုံးကို အပြစ်ဒဏ်ပေးခြင်း လက်နက်ဖြင့် ဖိနှိပ်ခြင်း အလျဉ်းမရှိပဲ တရားနှင့်ညီစွာ နယ်ပယ် အပိုင်းအခြား အားဖြင့် စကြဝဠာတိုက်၏အတွင်း သမုဒြာလေးစင်းတို့၏ အဆုံး အထိ စောင့်ရှောက် အုပ်စိုးတော်မူ၏။

ထိုအခါ ကောဏ္ဍညမြတ်စွာဘုရားသည် ရဟန္တာပေါင်း ကုဋေတသိန်း ခြံရံလျက် ဇနပုဒ်များသို့ ဒေသစာရီ ကြွချီလှည့်လည် တော်မူခဲ့ရာ အစဉ်သဖြင့် စန္ဒဝတီပြည်သို့ ရောက်တော်မူလာ၏။ အလောင်းတော် ဝိဇိတာဝီ စကြာမင်းသည် ကောဏ္ဍည မြတ်စွာ ဘုရား ကြွလာကြောင်းကို ကြားသိတော်မူလေသော် မြတ်စွာ ဘုရားကို ခရီးဦး ကြိုဆို၍ မြတ်စွာဘုရား သီတင်းသုံးနေထိုင်ရန် နေရာဌာနကို စီစဉ်ပြီးလျှင် နက်ဖန် နံနက်ဆွမ်းအတွက် တပည့် သံဃာအပေါင်းနှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်ခဲ့၍ နောက် တနေ့ဝယ် ဆွမ်းဘောဇဉ်တို့ကို ကောင်းစွာစီရင် ပြင်ဆင်လျက် ကောဏ္ဍည မြတ်စွာဘုရားအမှူးရှိသော ကုဋေတသိန်း အရေ အတွက်ရှိသော ရဟန္တာ သံဃာတော်အပေါင်းအား ကြီးစွာသော ဆွမ်းအလှူဒါနကို ပေးလှူ၏။

အလောင်းတော်သည် ကောဏ္ဍညမြတ်စွာဘုရားကို ဆွမ်း ကပ်လှူပြီး ဆွမ်းအနုမောဒနာတရား နာကြားပြီးဆုံးသည်တွင် "အရှင်ဘုရားတို့သည် များစွာသော လူအပေါင်းအား ချီးမြှောက် ခြင်းကို ပြုတော်မူလျက် ဤစန္ဒဝတီပြည်၌ပင် ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူပါကုန်"ဟု တောင်းပန်ပြီးလျှင် အမြဲမပြတ် ဝါတွင်းသုံးလပတ်လုံးပင် ကောဏ္ဍညမြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား အတုမရှိသော အလှူကြီးကို ပေးလှူတော်မူ၏။

WWW.DHAMMARANSI.COM



ထိုအခါ ကောဏ္ဍညာမြတ်စွာဘုရားသည် အလောင်းတော်ကို "သင်သည် ဤကမ္ဘာမှနောက် မရေမတွက်နိုင်အောင် ကွာဝေးသော ကမ္ဘာ(သုံးအသင်္ချေနှင့် ကမ္ဘာတသိန်း)ထက်၌ ဘုရားစင်စစ် ဖြစ်ရလတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။ ။ (ဤဗျာဒိတ်စကား ကြားသောအခါ်းမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသကဲ့သို့ပင် ဒုက္ကရစရိယာ ကျင့်ကြံခြင်းမှစ၍ အပြည့်အစုံ ဗျာဒိတ်ကြားခြင်းကို ပါဠိတော်၌ အထင်အရှား ဟောကြားထားသော်လည်း သုမေဓကထာမှာ ဆိုခဲ့ပြီးဖြစ်၍ ဤ၌ ထပ်မံရေးသားခြင်း မပြုတော့ပြီ။)

ဗျာဒိတ်စကား ကြားတော်မူပြီးနောက် တရားတော်ကို ဆက်လက် ဟောကြားတော်မူရာတွင် အလောင်းတော် ဝိဇိတာဝီ စကြာမင်းသည် တရားတော်ကို ကြားနာရသဖြင့် လွန်စွာတိုးတက်သော သဒ္ဓါတရားရှိသည်ဖြစ်၍ ဘုရားဖြစ်မှုအကျိုးကြီး ပြီးစီး ပြည့်စုံစေတော်မူလိုသည့်အတွက် ကြီးစွာသောထီးနန်းစည်းစိမ်ကို ကောဏ္ဍညာ မြတ်စွာဘုရားအား လှူဒါန်း၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကာ ပိဋကသုံးပုံကို သင်ယူတော်မူပြီးလျှင် သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေတော်(ရတော်)မူ၍ အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်တော်မူကာ အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ ရောက်တော်မူခဲ့လေပြီ။

## မြို့တော်စသည်ကို ပြဆိုချက်

ကောဏ္ဍညာ မြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **ရမ္မာဝတီ မြို့တော်** ဖြစ်၏။

ခမည်းတော်မှာ **သုနန္ဒမင်း** ဖြစ်၍ မယ်တော်မှာ **သုဇာတာ ဒေဝီမိဖုရား** ဖြစ်၏။

အဂ္ဂသာဝကအစုံတို့မှာ **ဘဒ္ဒမထေရ်**နှင့် **သုဘဒ္ဒမထေရ်**တို့ ဖြစ်ကုန်၏။ အလုပ်အကျွေးမှာ **အနုရုဒ္ဓမထေရ်** ဖြစ်၏။

WWW.DHAMMARANSI.COM



အဂ္ဂသာဝိကာအစုံမှာ **တိဿာထေရီမနှင့်ဥပတိဿာထေရီမ** တို့ ဖြစ်ကုန်၏။ ပွင့်တော်မူရာ ဗောဓိပင်ကား **သာလကလျာဏီ** ခေါ် (ကြောင်လျှာပင်)သို့မဟုတ် (နံ့ပဲ) **နဘဲပင်** ဖြစ်၏။

အလုပ်အကျွေးဒါယကာတို့မှာ **သောဏဒါယကာ**နှင့် **ဥပ-သောဏဒါယကာ**တို့ ဖြစ်ကြကုန်၏။ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **နန္ဒာဥပါသိကာ** နှင့် **သိရိမာဥပါသိကာ**တို့ ဖြစ်ကုန်၏။

ကောဏ္ဍညမြတ်စွာဘုရား၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် မြင့်ရတော်မူကာ လမင်းကဲ့သို့ရှင်း မွန်းတည့်နေကဲ့သို့ရှင်း တင့်တယ်တော်မူ၏။

ထိုကောဏ္ဍညမြတ်စွာဘုရား ပွင့်တော်မူသည့်အခါမှာ အသက်တသိန်းတမ်းဖြစ်၍ ထိုမျှလောက်ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ကောဏ္ဍညမြတ်စွာဘုရား အလောင်းတော် လူဖြစ်ပင်ကာလ သုံးဆောင်အပ်သော နန်းတော်ပြာသာဒ်တို့ကား **သုစိရွှေနန်း ဆောင်, သုရုစိရွှေနန်းဆောင်, သုဘရွှေနန်းဆောင်**ဟူ၍ သုံးပါး တို့တည်း။

မောင်းမမိဿံ အပေါင်းကား သုံးသိန်းအတိုင်းအရှည်ရှိ၏။ အဂ္ဂမဟေသီ မိဖုရားကြီးကား **ရုစိဒေဝီ** အမည်ရှိ၏။ သားတော်ကား **ဝိဇိတသေန** အမည်ရှိ၏။ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား အနှစ်တသောင်းတို့တည်း။

တောထွက်တော်မူသောအခါ **အာဇာနည်မြင်း** ကသော **ရထားယာဉ်**ဖြင့် တောထွက်တော်မူ၏။ ဘုရားဖြစ်တော်မူသောအခါ စန္ဒာရာမ = (**စန္ဒဥယျာဉ်**)အရပ်၌ သီတင်းသုံး နေတော်မူ၏။

WWW.DHAMMARANSI.COM



ကောင်းကင်အပြင်သည် ကြယ် နက္ခတ်တာရာတို့ဖြင့် ဆန်းကြယ် တင့်တယ်သကဲ့သို့ ထို့အတူ ကောဏ္ဍညမြတ်စွာဘုရား သာသနာတော် ပွင့်လင်းရာ ထိုအခါ၌ မဟာပထဝီ ဤမြေကြီးသည် ကိလေသာအာသဝေါ ကုန်ခန်း၍ အညစ်အကြေး ကင်းစင်ပြီးသော ရဟန္တာတို့ဖြင့် ဆန်းကြယ် တင့်တယ်လှပေ၏။ (မြေတပြင်လုံး သင်္ကန်းရောင် လွှမ်းလျက်ရှိသည် ဟု ဆိုလိုသည်။)

ထိုရဟန္တာ အရှင်မြတ်တို့သည် နှိုင်းယှဉ်မရအောင် မွန်မြတ်လှကုန်၏၊ လောကဓံတရား ရှစ်ပါးတို့ကြောင့် တုန်လှုပ် ချောက်ချားခြင်း အလျဉ်းမရှိကုန်၊ စိတ်မာန်တင်းသူတို့ ချဉ်းကပ်ရန် ခဲယဉ်းလှကုန်၏။ များစွာ ကျော်စောခြင်း ရှိကုန်သော ထို ရဟန္တာအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံလိုတော်မူလတ်ကုန်သည် ရှိသော် ထန်းလုံးခုနစ်ဆင့်ခန့် ကောင်းကင်သို့ ပျံတက်တော်မူကြ၍ (မိုးသားတိမ်ညို၏အကြား လျှပ်နွယ်ပြက်၍ ဝင်သွားသကဲ့သို့) တေဇော ကသိဏချာန်ကို ဝင်စားတော်မူကြပြီးလျှင် ကြီးစွာသော အရောင်အလင်းကိုပြလျက် မိုးကောင်းကင်ဝမှာပင် တေဇော ဓာတ်လောင်ကျွမ်းကာ ပရိနိဗ္ဗာန် စံတော်မူကြလေကုန်ပြီ။

**သံဝေဂ**

ထိုကောဏ္ဍညမြတ်စွာဘုရား၏ အတုမရှိ မနှိုင်းယှဉ် အပ်သော တန်ခိုးတော်သည်၎င်း သဗ္ဗညုတဉာဏ်တော်ဖြင့် ထုံမွှန်း၍ထားအပ်သော သမာဓိတော်သည်၎င်း ထိုအလုံး စုံသည် ချုပ်ဆုံးကွယ်ပျောက်သွားလေပြီ....၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲမြံခိုင်သောအနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွ့တကား....။

**စေတီတော် တည်ထားခြင်း**

ဤသို့လျှင် သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိ သိမြင်တော်မူ သော ကောဏ္ဍညမြတ်စွာဘုရားသည် စန္ဒာရာမ = (စန္ဒဥယျာဉ်) အရပ်၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုဥယျာဉ်၌ပင်လျှင် ဆေးဒန်း မြင်းသီလာတို့ကို မြေညက်, ဆီ ထောပတ်တို့ကို ရေ-ပြုလုပ်လျက်

WWW.DHAMMARANSI.COM



ကောဏ္ဍညမြတ်စွာဘုရား၏ စေတီတော်ကို တည်ထားကြရာ အမြင့်ယူဇနာ (၇) ခုနစ်ယူဇနာရှိ၏။

သက်တော်ရှည်ကြသော မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ အစိတ်အစိတ်မကွဲ တခဲတည်း တစုတည်း တည်ရှိသော အသမ္ဘိန္န ဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တည်တော်မူ၏။ ထိုအသမ္ဘိန္န ဓာတ်တော်ကို စေတီတော်အတွင်း ဌာပနာသွင်းကြကုန်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သူ လူအလုံးတို့သည် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံချယ်လယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေကြကုန်၏။

ကောဏ္ဍညဗုဒ္ဓဝင် ပြီး၏။

---

## ၃-မင်္ဂလဗုဒ္ဓဝင်

ကောဏ္ဍည မြတ်စွာဘုရား ပွင့်တော်မူသော ကပ်ကမ္ဘာ ကုန်ဆုံးပြီးသည့်နောက် ကမ္ဘာအသင်္ချေ (သို့မဟုတ် မည်ရွေ မည်မျှ ဂဏန်းချ၍ မရေမတွက်နိုင်လောက်အောင် များလှစွာသော ကမ္ဘာတွေ)ကို လွန်မြောက်ပြီးမှ တခုသောကမ္ဘာ၌ (၁) မင်္ဂလ မြတ်စွာဘုရား၊ (၂) သုမနမြတ်စွာဘုရား၊ (၃) ရေဝတမြတ်စွာ ဘုရား၊ (၄) သောဘိတမြတ်စွာဘုရားဟူ၍ ဘုရားလေးဆူ အစဉ်အတိုင်း ပွင့်တော်မူရာ ပဌမပွင့်တော်မူသော မြတ်စွာ ဘုရားမှာ မင်္ဂလမြတ်စွာဘုရား ဖြစ်တော်မူ၏။

### ပဋိသန္ဓေ စံနေခန်း

ထိုမင်္ဂလမြတ်စွာဘုရား ပွင့်တော်မူဟန်ကား… မင်္ဂလမြတ်စွာ ဘုရား အလောင်းတော်သည် တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး သည်၏အဆုံး၌ အလောင်းတော်တို့၏ ထုံးစံအရ တုသိတာ နတ်ပြည်၌ စံနေတော်မူစဉ် နတ်အများတို့၏ ဘုရားဖြစ်ရန် တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်တော်

WWW.DHAMMARANSI.COM



မူကား ပြည်တကာတို့ထက် အမွန်အမြတ်ဆုံးဖြစ်သော ဥတ္တရ နေပြည်တော် ဥတ္တရမင်းကြီး၏ ဥတ္တရာ အမည်ရှိသော မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေ နေတော်မူ၏။ (ပဋိသန္ဓေ နေသောအခါ အလောင်းတော်တို့ ဓမ္မတာအတိုင်း ပြမြဲတိုင်းဖြစ်သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည် ထင်ရှား ဖြစ်ကုန်၏။)

## မယ်တော်၏ ကိုယ်ရောင်

မင်္ဂလ ဘုရားအလောင်းတော် ပဋိသန္ဓေ နေသည်ကစ၍ မိဖုရား ကြီး၏ ကိုယ်ရောင်သည် ပတ်ဝန်းကျင် အတောင် (၈၀) ရှစ်ဆယ် အတွင်း လရောင်နေရောင်များပင် မလွှမ်းမိုးနိုင်လောက်အောင် ပျံ့နှံ့၍ တည်၏။ မိဖုရားကြီးသည် အခြားသော မီးအရောင်အလင်း စသည်ကို အသုံးမပြုရပဲ မိမိကိုယ်မှထွက်သော အရောင်ဖြင့်ပင် အမိုက်မှောင်ကို ပယ်ဖျောက်၍ အလုပ်အကျွေး ရွေရံတော်မတို့၏ အပြုအစုကိုခံကာ လှည့်လည်ကျက်စား သွားလာနေထိုင်၏။

## အလောင်းတော်ကို ဖွားမြင်ခြင်း

ပဋိသန္ဓေကို နတ်အများ စောင့်ရှောက်ကာ ဆယ်လစေ့သော အခါ မြင့်မြတ်ပျော်မွေ့ဖွယ်ရာ ကောင်းလှသော ဥတ္တရမခုရ အမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူ၏။ (ဖွားမြင်သောအခါမှာလည်း နိမိတ်ကြီးများ ထင်မြဲထင်သည့် အပြင် အလောင်းတော်ဟူသမျှတို့နှင့် သက်ဆိုင်သော အထူး အံ့သြဖွယ်ရာကောင်းသည့် အကြောင်းအရာတို့သည်လည်း ဖြစ် ပေါ်ကုန်၏။)

## ထီးနန်း စိုးစံတော်မူခြင်း

ထိုအလောင်းတော် မင်္ဂလမင်းသားသည် အရွယ်သို့ ရောက် သောအခါ အလွန်ကျော်စောလှသော ယသဝန္တ ရွှေနန်းဆောင်, အလွန်နှစ်သက်ဖွယ်ကောင်းလှသော ရုစိမန္တ ရွှေနန်းဆောင်, အလွန်အသရေရှိသော သိရိမန္တ ရွှေနန်းဆောင် တည်းဟူသော

WWW.DHAMMARANSI.COM



ရွှေနန်းမသုံးဆောင်တို့၌ ကောင်းမွန်စွာ တန်းဆာဆင်အပ်သော ကချေသည်ပေါင်း သုံးသောင်း အခြံအရံရှိသည့် ယသဝတီ မိဖုရားကြီးနှင့်တကွ နှစ်ပေါင်း (၉၀၀၀) ကိုးထောင်တိုင်တိုင်ပတ်လုံး နတ်စည်းစိမ် ချမ်းသာနှင့် တူသော မင်းစည်းစိမ် ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးအုပ် မင်းလုပ်တော်မူ၏။

## တောထွက်တော်မူခြင်း

ယသဝတီမိဖုရားကြီးမှ သီဝလ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ သူအို, သူနာ, သူသေ, ရဟန်း ဟု ဆိုအပ်သော နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ ကောင်းစွာတန်းဆာ ဆင်အပ်သည့် ပဏ္ဍရ အမည်ရှိသော အာဇာနည် မြင်းတော်ကို စီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။

ဤသို့ အလောင်းတော် မင်္ဂလမင်းသား တောထွက်၍ ရဟန်း ပြုသည်ကို အတုလိုက်၍ သုံးကုဋေသော လူတို့သည်လည်း ရဟန်း ပြုကြကုန်၏။

မင်္ဂလမြတ်စွာဘုရား အလောင်းတော်သည် ထိုသုံးကုဋေသော ရဟန်းတို့နှင့်တကွ ရှစ်လတိုင်တိုင်ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့၌ ဥတ္တရရွာနေ ဥတ္တရာ အမည်ရှိသော သူဌေးသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ ပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတောအတွင်းမှာပင် နေ့သန့်(နေခို) တော်မူ၍ ညနေချမ်းအချိန် ရောက်သောအခါ အခြံအရံ ရဟန်းအပေါင်းတို့ကို စွန့်ခွါခဲ့ပြီးမှ မဟာဗောဓိပင်ရှိရာအရပ်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီး၌ ဥတ္တရ အမည်ရှိသော တက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံယူတော် မူခဲ့၍ ကံ့ကော် (ဗောဓိ) ပင်အရင်း၌ ဖြန့်၍ခင်းလိုက်သည်နှင့် တပြိုင်နက်(၅၈)ငါးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာ၏။

WWW.DHAMMARANSI.COM



## ဘုရားဖြစ်တော်မူခြင်း

ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ် (တင်ပလ္လင်) ဖွဲ့ခွေ သီတင်းသုံးနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ မာရ်စစ်သည်ဗိုလ်ပါကို အောင်မြင်တော်မူပြီးခါ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်, သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီးလျှင် မိုးသောက်ယံ၌ အနုလုံပဋိလုံ အစုန်အဆန် အားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားကို သုံးသပ်တော်မူပြီးမှ အာနာ-ပါန စတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးလျှင် ခန္ဓာငါးပါး တို့ကို ဆင်ခြင်တော်မူသည်ရှိသော် ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်းနှင့်စပ်၍ (၅၀)ငါးဆယ်သော လက္ခဏာတို့ကို မြင်တော်မူ၍ ဂေါတြဘူဉာဏ်တိုင်အောင် ဝိပဿနာကို ပွါးများတော်မူသည်ရှိသော် နေအရုဏ်တက်သည်နှင့်တပြိုင်နက် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အလုံးစုံသော ဘုရားဂုဏ်တို့ကို ထိုးထွင်း သိမြင် ရရှိတော်မူပြီးလျှင် လောကသုံးပါး၌ အတုမရှိသော ဘုရား အဖြစ်သို့ ရောက်တော်မူ၏။

## ထူးကဲလွန်မြတ်သော ကိုယ်တော်ရောင်

မင်္ဂလမြတ်စွာဘုရား၏ ရောင်ခြည်တော်မှာ အခြား မြတ်စွာ ဘုရားများထက် ပိုမို၍ ထွက်၏။ အခြား မြတ်စွာဘုရားများမှာ တန်းခိုးတော်ဖြင့် မဖန်ဆင်းပဲ ပကတိပင်ကိုယ် အလိုလိုထွက်သော ရောင်ခြည်တော်သည် အတောင်ရှစ်ဆယ်မျှသော်၎င်း တလံမျှ သော်၎င်း ထွက်၏။

မင်္ဂလမြတ်စွာဘုရားမှာကား ထိုကဲ့သို့မဟုတ်ပဲ အမြဲ နေ့ရော ညဉ့်ပါ လောကဓာတ်စကြဝဠာ တိုက်တသောင်းကို ပျံ့နှံ့၍ ကိုယ်တော်၏ ပကတိရောင်ခြည်တော် ထွန်းတောက်ပ၏။ ထိုသို့ ရောင်ခြည်တော် ထွန်းတောက်ပသည့်အတွက် ပတ်ဝန်းကျင် ရှိသမျှ သစ်ပင် မြေပြင် တောတောင် သမုဒ္ဒရာ စသည်တို့သည် အယုတ်ဆုံးအားဖြင့် ပြဆိုရလျှင် မည်းညစ်ပါသည်ဟု ဆိုရသော ထမင်းအိုး ဟင်းအိုး စသည်တို့ပင်သော်လည်း ရွှေပြားဖြင့်ပတ်၍ ထားသကဲ့သို့ ဝင်းဝင်းတောက်၍ နေကြကုန်၏။

WWW.DHAMMARANSI.COM



မင်္ဂလမြတ်စွာဘုရား ပွင့်တော်မူသော အသက်တမ်းမှာ အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက်သော ကာလအတွင်း ဤအတိုင်းသာ အရောင်ကို ရွှေသွေးရွှေရောင် လွှမ်းမိုး၍ နေ၏။ ထိုဘုရားလက်ထက်တော်အတွင်းမှာ လ, နေ, နက္ခတ်, တာရာ စသည်တို့၌ အရောင်အလင်းဟူ၍ မရှိ၊ နေရောင်မရှိသည့်အတွက် ညဉ့်နှင့်နေ့ဟူသော အပိုင်းအခြားပင် မထင်ရှားတော့ပြီ။

နေ၏အရောင် ကင်းနေသော်လည်း သတ္တဝါတို့သည် အမြဲပင် မြတ်စွာဘုရား ရောင်ခြည်တော်ဖြင့်သာလျှင် အလုံးစုံသော ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်လှည့်လည်၍ နေကြကုန်၏။ ညနေချမ်း၌ ပွင့်လေ့ရှိသော ပန်းများ၏ ပွင့်ခြင်းကိုငှင်း နံနက်စောစော၌ မြည်တွန်လေ့ရှိသော ငှက်များ၏မြည်တွန်သံကိုငှင်း အစွဲပြုကာ လောက၌ ညဉ့်နေ့ဟူသော အပိုင်းအခြားကို ပိုင်းခြားမှတ်သားကြရကုန်၏။

မေးမြန်းဖွယ်ရှိသည်ကား အခြား မြတ်စွာဘုရားတို့မှာ ဤအာနုဘော်မျိုး မရှိလေသလောဟု မေးမြန်းဖွယ် ရှိ၏၊ မရှိ မဟုတ် ရှိသည်သာဖြစ်၏ဟု ဖြေဆိုရမည်။ ထိုအခြား မြတ်စွာဘုရားတို့သည်လည်း အလိုရှိတော်မူကြပါလျှင် တသောင်းသော စကြဝဠာ လောကဓာတ်ကိုသော်ငှင်း ထိုထက်အလွန်သော်ငှင်း ရောင်ခြည်တော်ကို ပျံ့နှံ့စေနိုင်တော်မူကုန်၏။မင်္ဂလ မြတ်စွာဘုရားမှာကား ရှေးဆုတောင်း၏ အစွမ်းအားဖြင့် အခြားမြတ်စွာဘုရားတို့၏ တလံမျှလောက်သော ပကတိကိုယ်တော်ရောင်ကဲ့သို့ မင်္ဂလမြတ်စွာဘုရား၏ ကိုယ်တော်ရောင်မှာလည်း တန်းခိုးတော်အားဖြင့် မဖန်ဆင်းရပဲ တသောင်းသော လောကဓာတ် စကြဝဠာတိုက်ကို အမြဲပျံ့နှံ့၍ တည်ရှိ၏။

## မင်္ဂလမြတ်စွာဘုရား၏ ရှေးဆုတောင်း

ထိုမင်္ဂလမြတ်စွာဘုရားသည် ဘုရားအလောင်း ဖြစ်စဉ်ကာလ ဝေဿန္တရာမင်းနှင့်တူသောဘဝ၌ တည်၍ သားမယားတို့နှင့် တကွ **ဝင်္ကပဗ္ဗတ** တောင်နှင့် တူသော တောင်၌ နေထိုင်၏။ (စ)

WWW.DHAMMARANSI.COM



ထိုအခါ ခရဒါဠိက အမည်ရှိသော ဘီလူးသည် ဘုရားအလောင်း၏ လျှုဒါန်းမှု၌ အလွန်လိုလားကြောင်း သတင်းစကားကြားသိရသဖြင့် ပုဏ္ဏားအသွင် ဖန်ဆင်းကာ အလောင်းတော်ထံ ချဉ်းကပ်ပြီးလျှင် သားတော် သမီးတော် မင်းနှစ်ဦးကို တောင်းရမ်း အလှူခံ၏။

ထိုအခါ အလောင်းတော်သည် ပုဏ္ဏားအား ငါ့သားတော် သမီးတော်တို့၊ ၎ လျှုအံ့ဟု ရှင်လန်းဝမ်းမြောက်စွာ အောက်ခံရေအစွန်းထိ ယူဇနာ နှစ်သိန်းလေးသောင်း ပမာဏရှိသော မဟာပထဝီမြေကြီးကို တုန်လှုပ်စေလျက် သားတော် သမီးတော်နှစ်ဦးကို ပေးလှူတော်မူ၏။

ဘီလူးသည် စကြံ၏အစွန်းရှိ တံကဲပျဉ်(မှီစရာပြုလုပ်ထားသော ပျဉ်ပြား)ကို မှီ၍ အလောင်းတော်မြတ် ရှုစားနေတော်မူစဉ်ပင် ကြာစွယ်စည်းကို ဝါးစားဘိသကဲ့သို့ သားတော် သမီးတော် နှစ်ယောက်တို့ကို ဝါး၍ စားလေ၏။

ဘုရားအလောင်းတော်မှာ ဘီလူးကိုကြည့်၍ ဘီလူးပစပ်ဖွင့်ဟကာမျှ၌ပင် မီးတောက် မီးလျှံကဲ့သို့ ရဲရဲတောက် သွေးအလျှံအန်ထွက်၍လာသော ဘီလူး၏ပစပ်ကို မြင်ရသော်လည်း ဆံခြည်မျှင်ဖျားလောက်မျှ စိတ်နှလုံးတော် မသာယာခြင်းဟူ၍ မရှိ၊ "ငါ ယခု လှူရခြင်းသည် ကောင်းမြတ်သော လှူခြင်းဖြစ်သည်"ဟု သာ ကြံစည် စိတ်ကူးတော်မူသော အလောင်းတော်၏ကိုယ်၌ ကြီးစွာသော နှစ်သက်ဝမ်းမြောက်ခြင်းသာ ထင်ရှားဖြစ်၏။

အလောင်းတော်သည် "ဤငါ၏အလှူဒါန အကျိုးဆက်အားဖြင့် နောင်သောအခါ ဤသွေးအလျှံ ထွန်းတောက်ပသည့်နည်းအတိုင်း ငါ၏ကိုယ်မှ ရောင်ခြည်တော်တို့သည် ထွက်စေကုန်သတည်း"ဟု ဆုတောင်းခြင်းကို ပြုတော်မူ၏။ ထို ဆုတောင်းကိုအမှီပြု၍ ဘုရားဖြစ်တော်မူလာသောအခါ ထို မင်္ဂလမြတ်စွာဘုရား၏ ပကာဘိရောင်ခြည်တော်တို့သည် ကိုယ်တော်မှထွက်၍ လောကဓာတ် စကြဝဠာတိုက်ပေါင်း တသောင်းတိုင်အောင် အရပ်သို့ပျံ့နှံ့ကြကုန်၏။

**ထိုမှတပါးလည်း....**

ထို မင်္ဂလမြတ်စွာဘုရား၏ အခြားရှေးဆုတောင်းတမျိုးလည်း ရှိသေး၏။ မင်္ဂလမြတ်စွာဘုရားသည် အလောင်းတော် ဖြစ်စဉ် အခါ တဆူသော မြတ်စွာဘုရား၏ စေတီတော်ကို ဖူးမြော်ရ၍ "ဤမြတ်စွာဘုရားအား ငါသည် အသက်ကို စွန့်ခြင်းငှါသင့်၏"ဟု ကြံစည်ပြီးလျှင် ဆီမီးတိုင်ကို ဆီဆွတ်သောအဝတ်တို့ဖြင့် ရစ်ပတ် သကဲ့သို့ မိမိတကိုယ်လုံးကို ထောပတ်ဆီဆွတ်သော အဝတ်ဖြင့် ရစ်ပတ်စေ၍ တတောင်ခန့် အဖျားအနားရေး စဉ်းငယ်ပွင့်သော အဘိုးတသိန်းတန် ရွှေခွက်ကို ထောပတ်ဖြင့် ပြည့်စေပြီးလျှင် ထိုရွှေခွက်၌ မီးစာတထောင်ကို မီးညှိ၍ မိမိဦးခေါင်းပေါ်မှာ ရွက်လျက် မိမိတကိုယ်လုံးကိုလည်း မီးညှိစေ၍ စေတီတော်မြတ်ကို လက်ျာရစ်လှည့်လည်ကာ တညဉ့်လုံးကို လွန်စေ၏။

ဤသို့ အရုဏ်တက်သည်တိုင်အောင် အားထုတ်သော်လည်း အလောင်းတော်၏ မွေးညင်းတွင်းကိုမျှ အပူငွေ့မဟပ်နိုင်၊ ပဒုမာ ကြာတိုက်ထဲ၌ ဝင်နေသောအခါကဲ့သို့ ဖြစ်၏။ မှန်၏....တရား တော်၏ သဘောသည် မိမိကို စောင့်ရှောက်သောသူကို တရား တော်ကပင် ဘေးရန်ကင်းဝေးရန် ပြန်၍စောင့်ရှောက်မြဲ ဖြစ်၏။ ထို့ကြောင့်ပင်—

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ"—

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပြီ။

ဤ ဆိုအပ်ပြီးသော ကောင်းမှု၏ အကျိုးဆက်အားဖြင့်လည်း ထို မင်္ဂလမြတ်စွာဘုရား၏ ပကတိ ကိုယ်တော်ရောင်သည် တသောင်းသော လောကဓာတ် စကြဝဠာတိုက်တို့ကို ပျံ့နှံ့၍ တည်၏။

WWW.DHAMMARANSI.COM



## တရားပွဲကြီး သုံးကြိမ်

မင်္ဂလမြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူပြီး၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားတော်ကို ဟောရအံ့နည်း" ဟု ဆင်ခြင်တော်မူသည်ရှိသော် ကိုယ်တော်မြတ်သို့ အတုလိုက်၍ ရဟန်းပြုကြသော သုံးကုဋေသော ရဟန်းတို့ကို မင်္ဂလ၏ ဥပနိဿယပစ္စည်း အားကြီးသောအကြောင်းနှင့်ပြည့်စုံကြသည်ကို မြင်တော်မူ၏။

ထို ရဟန်းတို့အား ခပ်သိမ်းကုန်သော သူတို့မှ ရှေးဦးစွာ တရားတော်ကို ဟောအံ့ဟု ဆင်ခြင်ကြံစည်တော်မူပြီးလျှင်....၊ယခု အခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု ကြည့်ရှု ဆင်ခြင်တော်မူပြန်သော် ဤမဟာဗောဓိပင်မှ (၁၈) တဆယ့်ရှစ်ယူဇနာ ဝေးကွာသော သိရိဝဍ္ဎနမြို့ သိရိဝနခေါ် တောအုပ်၌ နေကြကုန်၏ဟု မြင်တော်မူသဖြင့် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ထို ရဟန်းတို့၏နေရာ သိရိဝနတောအုပ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

ထိုအခါ သုံးကုဋေသော ရဟန်းတို့သည် မင်္ဂလမြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်ကြ၍ ကြည်ညိုလှသော စိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦးကြိုဆိုခြင်း သပိတ်သင်္ကန်းတော်ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုးဝတ်ပြုခြင်း တို့နှင့်ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့် လျောက်ပတ်ရာ၌ နေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုသုံးကုဋေသော ရဟန်းတို့အား အလုံးစုံသော ရှေးဘုရားတို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူ၏။ ဤဓမ္မစကြာတရားဦး ဟောတော်မူသောအခါ သုံးကုဋေသော

WWW.DHAMMARANSI.COM



ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ (ရဟန္တာဖြစ်ကုန်၏။)နတ်လူပေါင်း ကုဋေတသိန်းတို့အား သစ္စာလေးပါး တရားကို သိခြင်း (အကျွတ်တရားရခြင်း) သည် ဖြစ်လေပြီ။

(ဤကား ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟု ဆိုအပ်သော ပဌမဓမ္မာဘိသမယ=(ပဌမ တရားပွဲကြီး)တည်း။)

မင်္ဂလမြတ်စွာဘုရားသည် အဘိဓမ္မာတရား ဟောအံ့ဆဲအခါ စိတ္တအမည်ရှိသောမြို့ကို အမှီပြု၍ သီတင်းသုံးတော်မူကာ မြို့တံခါးဝရှိ စကားပင်ရင်း၌၊ ငါတို့မြတ်စွာဘုရားသည် သာဝတ္ထိပြည် တံခါးဝတွင် ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူး စိုက်ပျိုးအပ်သော သရက်ပင်၏အနီး၌ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူ၍ တိတ္ထိတို့၏မာန်ကို ချိုးနှိမ်တော်မူသကဲ့သို့၊ ရေမီး အစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူ၍ တိတ္ထိတို့၏မာန်ကို ချိုးနှိမ်တော်မူပြီးလျှင် တာဝတိံသာနတ်ပြည်ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီတင်းသုံးတော်မူကာ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။

ထိုအခါ ကုဋေတသိန်းသော နတ်ဗြဟ္မာတို့အား သစ္စာလေးပါးတရားကိုသိခြင်း(အကျွတ်တရားရခြင်း)သည် ဖြစ်လေပြီ။

(ဤကား နှစ်ကြိမ်မြောက် နတ်ဗြဟ္မာတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟုဆိုအပ်သော ဒုတိယဓမ္မာဘိသမယ=(ဒုတိယတရားပွဲကြီး)တည်း။)

မင်္ဂလမြတ်စွာဘုရား ပွင့်တော်မမူမီ သုရဘိမြို့၌ သုနန္ဒအမည်ရှိသော မင်းကြီးသည် စကြာရတနာရောက်ကြောင်း ကျင့်ဝတ်တရားတို့ကို ဖြည့်ကျင့် ပြည့်စုံစေသဖြင့် စကြာရတနာကို ရရှိလေ၏။

မင်္ဂလမြတ်စွာဘုရား ပွင့်တော်မူလာသောအခါ ထိုစကြာရတနာသည် မိမိ တည်မြဲနေရာမှ နိမ့်ကျဆုတ်နစ်သည်ကို မြင်တော်

WWW.DHAMMARANSI.COM



မူ၍ သုနန္ဒမင်းကြီးသည် စိတ်နှလုံးမသာရှင်ပဲ "ငါ၏ ကုသိုလ်ကံ အစွမ်းကြောင့် ဖြစ်ပေါ် ရရှိလာသော ဤစကြာရတနာသည် အဘယ်ကြောင့် တည်နေရင်းဌာနမှ နိမ့်ကျဆုတ်နစ်သနည်း"ဟု ပုရောဟိတ်ပုဏ္ဏားတို့ကို မေးမြန်းတော်မူ၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားတို့သည်—

အရှင်မင်းကြီး....စကြာမင်း၏အသက် ကုန်ခါနီးသဖြင့်၎င်း, စကြာမင်း ရဟန်းအဖြစ်သို့ ကပ်ရောက်သဖြင့်၎င်း, မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသဖြင့်၎င်း စကြာရတနာသည် တည်မြဲနေရာမှ နိမ့်ကျဆုတ်နစ်ရပါသည်။

အရှင်မင်းမြတ်၏ အသက်တော်ကုန်မည့်ကိစ္စမှာ လုံးဝမရှိပါ၊ အရှင်မင်းမြတ်သည် လွန်စွာ သက်တော်ရှည်ပါလိမ့်မည်။

စင်စစ်သော်ကား မင်္ဂလမြတ်စွာဘုရားသည် ယခုလောက၌ ထင်ရှားပွင့်တော်မူပါသည်၊ ထို့ကြောင့် အရှင်မင်းမြတ်၏ စကြာရတနာသည် တည်မြဲနေရာမှ နိမ့်ကျဆုတ်နစ်ပါသည်—

ဟု ဖြေကြား တင်လျှောက်ကြကုန်၏။

ထိုပုရောဟိတ်ပုဏ္ဏားများ၏ တင်လျှောက်ချက်ကို ကြားတော်မူ၍ သုနန္ဒ စကြာမင်းကြီးသည် မိမိအခြွေအရံတို့နှင့်တကွ ထိုစကြာရတနာကို ဦးညွတ်ရှိခိုးပြီးလျှင်····"ငါသည် အသင်စကြာရတနာ၏ တန်းခိုးအာနုဘော်အားဖြင့် မင်္ဂလ မြတ်စွာဘုရားကို အရိုအသေ ပြုပါဦးအံ့၊ ထိုသို့ပြုနေသည့် အချိန်အတွင်းမှာ အသင်စကြာရတနာသည် မကွယ်မပျောက်ပါလင့်ဦး"ဟူ၍ တောင်းပန်၏။ ထိုအခါ ထိုစကြာရတနာသည် နဂိုရ်တည်မြဲ နေရာ၌သာ တည်လေ၏။

ထိုနောက်မှ သုနန္ဒစကြာမင်းကြီးသည် လွန်စွာ ဝမ်းမြောက်လှသည်ဖြစ်၍ (၃၆) သုံးဆယ့်ခြောက်ယူဇနာ အဝန်းကျယ်ပြန့်သော ပရိသတ်ဖြင့် ခြံရံလျက် တလောကလုံး၏ မင်္ဂလာစင်စစ်

WWW.DHAMMARANSI.COM



ဖြစ်တော်မူသော မင်္ဂလမြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် တပည့်သား သံဃာတော်များနှင့်တကွသော မြတ်စွာဘုရားကို ကြီးကျယ်စွာသော အလှူဖြင့် ကောင်းစွာ နှစ်သိမ့်စေတော်မူလျက် ကုဋေတသိန်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ကာသိတိုင်းထွက်ဖြစ်သော သက်နှင်းလျာ အဝတ်အထည်တို့ကို လှူဒါန်း၍ မြတ်စွာဘုရားအား အလုံးစုံသော အသုံးအဆောင်တို့ကို လှူဒါန်းပြီးခါ တရားနာအံ့သောငှါ သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေ၏။ ထိုစကြာမင်း၏သားတော် အနုရာဇအမည်ရှိသော မင်းသားသည်လည်း စကြာမင်းနည်းတူပင် ထိုင်နေလေ၏။

ထိုအခါ သုနန္ဒစကြာမင်း အမှူးရှိသော ထိုလူတို့အား မင်္ဂလမြတ်စွာဘုရားသည် ဟောကြားမြဲ ဒေသနာစဉ်အတိုင်း တရားတော်ကို ဟောကြားတော်မူ၏။ သုနန္ဒစကြာမင်းကြီးသည် ကုဋေ (၉၀) ကိုးဆယ်မျှသော ပရိသတ်နှင့်တကွ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပရိသတ် (ထိုလူ) တို့၏ရှေးရှေးဘဝတို့က ပြုခဲ့သော ကောင်းမှုအလေ့အကျင့်ကို ကြည့်ရှုတော်မူလတ်သော် သပိတ်သင်္ကန်းများ (စီမံရှာဖွေနေရခြင်းမရှိပဲ) တန်ခိုးအားဖြင့်သာ ပြည့်စုံနိုင်မည့် ရှေးကုသိုလ်ထူးကို မြင်တော်မူသဖြင့် လက်ျာ လက်မောင်းတော်ကို ဆန့်တန်းတော်မူပြီးလျှင်—ဧထဘိက္ခဝေါ = (ရဟန်းတို့....လာကြကုန်လော့) ဟု မိန့်တော်မူ၏။ အလုံးစုံသော ထိုလူတို့သည် ထိုခဏ၌ပင်လျှင် လက်နှစ်သစ်မျှသော ဆံပင်ရှိကြကုန်၍ တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဆင်မြန်းဆောင်ယူကုန်လျက် ဝါတော် (၁၀၀) တရာရှိပြီးသော မထေရ်ကြီးများကဲ့သို့ ကြည်ညိုဖွယ်သော ရဟန်းတို့၏ အသွင်အပြင်နှင့် ပြည့်စုံကြသည်ဖြစ်၍ မြတ်စွာဘုရားကို ဝန်းရံ၍ နေကြကုန်၏။

(ဤကား သုံးကြိမ်မြောက် သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိစေခြင်းဟု ဆိုအပ်သော တတိယဓမ္မာဘိသမယ=( တတိယတရားပွဲကြီး)တည်း။)

WWW.DHAMMARANSI.COM



## သာဓက အစည်းအဝေးကြီး သုံးကြိမ်

အခါတပါး မင်္ဂလမြတ်စွာဘုရားသည် မေခလပြည်၌ သီတင်းသုံးတော်မူစဉ် ထိုပြည်၌ဝင်လျှင် လုင်ပျိုတထောင်စီ အခြံအရံရှိကြသော (သီဟိုဠ်အဋ္ဌကထာအလို လုင်ပျိုတသောင်း အခြံအရံရှိကြသော) အဂ္ဂသာဝက အလောင်းအလျာ သုဒေဝလုင်နှင့် ဓမ္မသေနလုင်ပျိုတို့သည် မြတ်စွာဘုရားအထံတော်၌ ဧဟိဘိက္ခုရဟန်းဖြစ်ကြပြီးလျှင် တပိုတွဲလပြည့်နေ့၌ အခြံအရံ ရဟန်းတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်ရှိသော် မြတ်စွာဘုရားသည် ကုဋေတသိန်းသော ရဟန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

တဖန် ဥတ္တရအမည်ရှိသော ဥယျာဉ်ကြီးအတွင်း ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ရဟန်းပြုကြသော ကုဋေတထောင်သော ရဟန်းတော်တို့၏ အစည်းအဝေးကြီး၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

သုနန္ဒစကြဝတေး ရဟန်းအမှူးရှိသော ရဟန်းအပေါင်းတို့၏ အစည်းအဝေးကြီး၌ ကုဋေကိုးဆယ်သော ရဟန်းတို့၏ အလယ်တွင် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယအကြိမ် သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမ မြတ်စွာဘုရားအလောင်း ဗျာဒိတ်ခံခြင်း

ထိုမင်္ဂလမြတ်စွာဘုရား လက်ထက်တော်အခါ၌ ငါတို့ဘုရားအလောင်းတော်သည် သုရုစိပုဏ္ဏားရွာ၌ သုရုစိ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ဝေဒ-ဟု ဆိုအပ်သော ဗေဒင်ကျမ်း၊ နိဃဏ္ဍု-ဟု ဆိုအပ်သော အဘိဓာန်ကျမ်း၊ ကေဋုဘ-ဟု ဆိုအပ်သော အလင်္ကာကျမ်း၊ အက္ခရပဘေဒ-ဟု ဆိုအပ်သော သဒ္ဒါကျမ်း၊

WWW.DHAMMARANSI.COM



ဇုတိဟာသ-ဟု ဆိုအပ်သော ရှေးဟောင်းပုံပြင် ရာဇဝင်ကျမ်းလျှင် ငါးခုမြောက်ဖြစ်သော ကျမ်းတို့၏ ဇာဖက်ကမ်းသို့ ရောက်တော်မူ၏။

( ဣတိဟာသ ကျမ်းလျှင် ငါးခုမြောက်ဖြစ်ပုံကို သုမေဓကထာ၊ သုမေဓမြောဟ္မဏာခဏ်း၌ အကျယ်ပြဆိုခဲ့ပြီ။)

ပဒကခေါ် ဂါထာတို့ကို ရေးသားရွတ်ဘတ် ကောင်းစွာ တတ်ကျွမ်း လိမ္မာတော်မူ၏။ ဝေယျာကရဏ ခေါ် စုဏ္ဏိယ စကား ပြေတို့ကိုလည်း ရေးသားရွတ်ဘတ် ကောင်းစွာ တတ်ကျွမ်း လိမ္မာတော်မူ၏။ (ဆ)

ကုသိုလ်မပွါး လောကကြီးကိုသာ ရှည်လျားစေသော လောကာယတကျမ်း ယောကျ်ားမြတ်တို့၏ လက္ခဏာမှစ၍ လက္ခဏာ အမျိုးမျိုးတို့ကို ဖော်ပြရာ မဟာပုရိသလက္ခဏာကျမ်းတို့၌ ပညာ ဉာဏ် ယုတ်လျော့ခြင်းမရှိ ပြည့်စုံတော်မူ၏။

ထို အလောင်းတော် သုရုစိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ချိုမြိန်လှစွာသော တရားစကားတော်ကို ကြားနာရလျှင် မြတ်စွာဘုရား၌ ကြည်ညိုသဖြင့် သရဏဂုံ ဆောက်တည် ပြီးလျှင် "နက်ဖန် တပည့်တော်၏ ဆွမ်းကို ခံတော်မူပါကုန်"ဟု တပည့်သား သံဃာများနှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ် လေ၏။

မြတ်စွာဘုရားသည်"ပုဏ္ဏား....အဘယ်မျှလောက်သော ရဟန်း တို့ကို အလိုရှိသနည်း"ဟု မေးတော်မူသည်ရှိသော် "မြတ်စွာ ဘုရား....အရှင်မြတ်တို့၏ အခြံအရံ ရဟန်းတို့သည် အဘယ်မျှ ရှိပါကုန်သနည်း"ဟု မေးလျှောက်လေ၏။

ထိုအချိန်ကား သာဝကများ၏ ပဌမအကြိမ် အစည်းအဝေး ချိန် ဖြစ်သဖြင့် "သာဝကပေါင်း ကုဋေတသိန်းရှိ၏"ဟု မိန့်တော် မူသည်ရှိသော် "မြတ်စွာဘုရား....ဤသို့ရှိခဲ့သော် ထိုရဟန်း အလုံး စုံတို့နှင့်တကွ တပည့်တော်၏ ဆွမ်းကို ခံပါကုန်"ဟု ဖိတ်ကြား သည်တွင် မြတ်စွာဘုရားသည် သည်းခံ သာယာတော်မူ၏။ (ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူညီတော်မူ၏။)

WWW.DHAMMARANSI.COM



အလောင်းတော် သုရုစိပုဏ္ဏားသည် နက်ဖန်အလို့ငှါ ဆွမ်းပင့်ဖိတ်ပြီး အိမ်သို့ပြန်ရောက်လျှင် ဆင်ခြင် စဉ်းစားသည်မှာ....

"ငါသည် ဤမျှလောက်သော ရဟန်းတို့အား ယာဂုဆွမ်း, သက်န်းလျှော် အဝတ်အထည် စသည်တို့ကို လှူခြင်းငှါ စွမ်းနိုင်၏။ နေရာထိုင်ခင်းသည်ကား အဘယ်သို့လျှင် ဖြစ်နိုင်ပါမည်နည်း" ဟု ဆင်ခြင်စဉ်းစားတော်မူ၏။

ထိုအလောင်းတော်၏ ထိုသို့ ဆင်ခြင် စဉ်းစားခြင်းသည် ယူဇနာပေါင်း ရှစ်သောင်း လေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်ထိပ်ရှိ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၏ ပူနွေးသောအခြင်းအရာကို ဖြစ်စေ၏။ (အလောင်းတော်၏ ဆင်ခြင် စဉ်းစားချက်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ပူနွေးနေသည် ဟူလို။ ထိုကိုပင် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းသည် ဟု လောကဝေါဟာရ ခေါ်ဆိုကြသည်။)

ထိုအခါ သိကြားမင်းသည် "ငါ့ကို ဤနေရာမှ အဘယ်သူသည် ရွှေ့လျောစေလိုသနည်း" ဟု အကြံဖြစ်၍ နတ်မျက်စိဖြင့် ကြည့်သည်ရှိသော် အလောင်းတော် သုရုစိပုဏ္ဏားကို မြင်၍ "ဤ ဘုရားလောင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်ပြီးလျှင် နေရာအတွက် စဉ်းစားဆင်ခြင်တော်မူနေ၏။ ငါသည်လည်း ထိုအရပ်သို့သွား၍ ကုသိုလ်အဖို့ (ဝေစု) ကို ရယူခြင်းငှါ သင့်၏" ဟု ကြံစည်ပြီးလျှင် လက်သမားအသွင် ဖန်ဆင်းကာ ပဲခွပ်ပုဆိန်ကိုင်စွဲလျက် အလောင်းတော်၏ရှေ့၌ ထင်ရှားစွာ ပေါ်လာ၏။

## မဏ္ဍပ်ဆောက်ရန် စကားနှီးနှောပြောဆိုခြင်း

သိကြားမင်း လက်သမားသည် "တဦးတယောက်သောသူအား အခဖြင့် ပြုလုပ်ဖွယ်ကိစ္စရှိပါသလော" ဟု မေးမြန်း ပြောဆိုလေ၏။ ဘုရားအလောင်းသည် သိကြားမင်း လက်သမားကို မြင်လေလျှင် "အမောင်သည် အဘယ်အမှုကိစ္စများကို ပြုလုပ်နိုင်ပါသနည်း" ဟု မေးမြန်းလျှင် "ကျွန်ုပ်မှာ မသိ(နားမလည်)သော အတတ်ပညာ

WWW.DHAMMARANSI.COM



ဟူ၍ မရှိပါ၊ မည်သူမဆို မဏ္ဍပ်ကိုဖြစ်စေ ပြာသာဒ်ကိုဖြစ်စေ ထိုမှတပါး နေထိုင်ရာ အိမ် စသည်ကိုဖြစ်စေ အကြင်အကြင် အဆောက်အဦကို ပြုလုပ်ရန် အလိုရှိ၏၊ ထိုသူများ၏ အလိုရှိ သမျှသော အမှုကိစ္စကို ပြုလုပ်ရန် စွမ်းနိုင်ပါသည်"ဟု ပြောဆို၏။ ထိုအခါ အလောင်းတော်က "သို့ဖြစ်လျှင် ငါ့မှာ ပြုလုပ်ဖွယ် အမှုကိစ္စရှိ၏" ဟု ဆိုလေလျှင် "အဘယ်အရာကို ပြုလုပ်ရမည် နည်း"ဟု မေးမြန်း ပြောဆိုလေရာ.... "ငါသည် နက်ဖန်အတွက် ကုဋေတသိန်းသော ရဟန်းတို့ကို ဆွမ်းစား ပင့်ဖိတ်အပ်ကုန်ပြီ၊ ထို ရဟန်းတို့၏ နေထိုင်ရာ မဏ္ဍပ်ကို အမောင် ဆောက်လုပ်နိုင် မည်လော" ဟု မေးမြန်းသည်တွင်.... "အကယ်၍ ကျွန်ုပ်အား အခပေးနိုင်ကြပါကုန်မူ ကျွန်ုပ် ဆောက်လုပ်နိုင်ပါ၏"ဟု ဆိုလေ လျှင်.... "အမောင်....ပေးနိုင်ပါ၏" ဟု ဆိုတော်မူ၏။ "ယင်းသို့ ပေးနိုင်ပါလျှင် ကောင်းပါပြီ....ဆောက်လုပ်ပါအံ့" ဟု ဆို၍ သိကြားမင်းသည် တခုသော မြေပြင်အရပ်ကို ကြည့်လေ၏။

## ရတနာမဏ္ဍပ် မြေမှပေါက်လာခြင်း

သိကြားမင်း ကြည့်ရှုရာ တဆယ့်နှစ်ယူဇနာ ပမာဏရှိသော ထိုမြေအရပ်သည် ကသိုဏ်းဝန်းအသွင် ညီညွတ်သော မြေအပြင် ဖြစ်လာ၏။ တဖန် သိကြားမင်းသည် "ဤမျှလောက်သော အရပ် ဝယ် ရတနာခုနစ်ပါးဖြင့် ပြီးသော ရှုစချင်ဖွယ် မြတ်သော တန်းဆာဖြင့် တန်းဆာဆင်အပ်သော မဏ္ဍပ်ကြီး မြေမှပေါ်ထွက် စေသတည်း"ဟု ကြံစည်၍ ကြည့်လေသော် ထိုခဏမှာပင် မြေပြင်ကို ဖောက်ခွဲကာ ရတနာမဏ္ဍပ်ကြီး ပေါ်ပေါက်လာ၏။ ထိုမဏ္ဍပ်၏ ရွှေတိုင်တို့၌ ငွေကြာသွတ်အိုး, ငွေတိုင်တို့၌ ရွှေကြာ သွတ်အိုးတို့သည်၎င်း၊ ပတ္တမြားကျောက်တိုင်တို့၌ သန္တာကျောက် ကြာသွတ်အိုး, သန္တာကျောက်တိုင်တို့၌ ပတ္တမြားကျောက် ကြာ သွတ်အိုးတို့သည်၎င်း၊ ရတနာခုနစ်ပါးဖြင့်ပြီးသော တိုင်တို့၌ ရတနာခုနစ်ပါးဖြင့်ပြီးသော ကြာသွတ်အိုးတို့သည်၎င်း ဖြစ်ကုန်၏။

ထို့နောက် "မဏ္ဍပ်အတွင်း တိုင်တို့၏ အကြားအကြားမှာ ရွှေချူအများ တပ်ဆင်ထားသော ကွန်ယက်(ဇာ)တို့သည် တွဲရရွဲ

WWW.DHAMMARANSI.COM



ဆွဲစေကုန်သတည်း” ဟု ကြံစည်၍ ကြည့်လေ၏။ ကြည့်သည်နှင့် တပြိုင်နက် ရွှေချူ ရွှေဆည်းလည်းအများ တပ်ဆင်ထားသော ကွန်ယက်(၈)တို့သည် တွဲရရွဲ ဆွဲကြကုန်၏။ ညှင်းညှင်းသာသာ လာသောလေဖြင့် တိုက်ခတ်အပ်သော ယင်း ရွှေချူ ရွှေဆည်း လည်း၏ တူရိယာ ငါးပါးသံကဲ့သို့ လွန်စွာချိုသာသော အသံ သည် ထွက်ပေါ်လာ၏။ နတ်ပြည်၌ နတ်အများ ဖုရုံးတီးမှုတ် သီဆိုကြသောအခါကဲ့သို့ ဖြစ်၏။

တဖန် “အကြားအကြား၌ နတ်ဖြစ် နံ့သာဆိုင်း ပန်းဆိုင်း ရွက်လှဆိုင်းတို့သည် တွဲရရွဲ ဆွဲစေကုန်သတည်း” ဟု ကြံစည်ပြန် လျှင်၊ ထိုခဏ၌ပင် နတ်ဖြစ် နံ့သာဆိုင်း ပန်းဆိုင်း ရွက်လှဆိုင်းတို့ သည် တွဲရရွဲ ဆွဲကုန်၏။

“ကုဋေတသိန်းသော ရဟန်းတို့အတွက် နေရာတို့သည်ရင်း ရဟန်းတို့အား အပ်စပ်၍ အဖိုးများစွာထိုက်သော အခင်းနှင့် သပိတ်ခြေတို့သည်ရင်း မြေပြင်ကို ဖောက်ခွဲ၍ ထွက်ပေါ်လာစေ ကုန်သတည်း”ဟူ၍ ကြံစည်ပြန်၏။ထိုကြံစည်သော ခဏ၌ပင်လျှင် ထွက်ပေါ်လာကုန်၏။

“အသောင့်အထောင့်တို့၌ တလုံးတလုံးစီသော ရေအိုးစရည်း တို့သည် ပေါ်ပေါက်စေကုန်သတည်း”ဟူ၍ ကြံစည်ပြန်၏။ ထို ကြံစည်သောခဏ၌ပင်လျှင် ရေအိုးစရည်းတို့သည် ပေါ်ပေါက် လာကုန်၏။

သိကြားမင်းလက်သမားသည် ထိုမျှလောက်သော အရာဝတ္ထု တို့ကို ဖန်ဆင်းပြီးလျှင် အလောင်းတော် သုရစိပုဏ္ဏားအထံသို့ သွား၍ “အရှင်ပုဏ္ဏား....လာပါလော့၊ အရှင်၏ မဏ္ဍပ်ကို ကြည့်ပြီးလျှင် ကျွန်ုပ်အားထိုက်တန်သော အဖိုးအခကို ပေးပါ လော့” ဟု ဆို၏။ ဘုရားအလောင်းတော်သည် သွား၍ မဏ္ဍပ်ကို ကြည့်တော်မူသည်ရှိသော် ကြည့်တုန်းကြည့်ဆဲမှာပင် အလောင်း တော်၏ တကိုယ်လုံးမှာ ငါးပါးသောပီတိဖြင့် မပြတ်တွေ့ထိ၍ နေ၏။

WWW.DHAMMARANSI.COM



## မဟာဒါနကို ပေးလှူခြင်း

ထိုအခါ မဏ္ဍပ်ကို ကြည့်ရှုသော အလောင်းတော်အား ဤသို့ အကြံဖြစ်လေ၏—"ဤမဏ္ဍပ်သည်ကား လူသားဖြစ်သူ ပြုလုပ်အပ်သည်မဟုတ်၊ ငါ၏ကြီးစွာသော အလှူပြုလိုသည့် ကုသိုလ်ဆန္ဒငါ၏ ကျေးဇူးဂုဏ်ကို အစွဲပြုကာ ကောန်မချွတ်လျှင် သိကြားမင်း၏ နေရာသည် ပူပြင်းသည် ဖြစ်ရမည်။ ထိုသို့ ပူခြင်းကြောင့် နတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည် ဤမဏ္ဍပ်ကို ဖန်ဆင်းအပ်ပေသည်"ဟု ကြံစည်တော်မူပြီးလျှင်...."ငါသည် ဤသို့သဘောရှိသော မဏ္ဍပ်၌ တရက်မျှသာ အလှူပေးခြင်းငှါ မသင့်လျော်၊ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးအံ့"ဟု ကြံစည်တော်မူပြန်၏။

မှန်၏...ဗာဟိရက အပဖြစ်သော ဝတ္ထုအလှူဒါနမည်သည် မည်မျှလောက်ပင် ပမာဏရှိစေကာမူ အလောင်းတော်တို့၏ စိတ်နှလုံးကို အားရ ရောင့်ရဲစေခြင်းငှါ မစွမ်းနိုင်၊ စင်စစ်သော်မူ တန်းဆာဆင်အပ်သော ဦးခေါင်းတော်ကို ဖြတ်၍သော်ငြင်း မျက်ရေးကွင်း၍ အလွန်အမင်းလှပတင့်တယ် ကြည်လင်စွာသော မျက်လုံးတော်အစုံကို ထုတ်၍သော်ငြင်း နှလုံးသားကို ထုတ်၍ သော်ငြင်း ပေးလှူတော်မူရမှသာလျှင် အလောင်းတော်တို့မှာ စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်းကို အမှီပြု၍ နှစ်သက် ရောင့်ရဲ အားရခြင်း ဖြစ်ပေ၏။ ဤအချက်ကို သိဝိဇာတ်တော်၌ နေ့စဉ် နေ့စဉ် အသပြာ ငါးသိန်းငါးသိန်း အကုန်ခံ၍ မြို့တံခါးလေးပေါက် မြို့အလယ်တည်းဟူသော ငါးဌာနတို့၌ အလှူဒါနကို ပေးရသော်လည်း ရောင့်ရဲ အားရခြင်း မရှိပဲ၊ ပုဏ္ဏားအသွင်ဖြင့် လာရောက်၍ မျက်လုံးတော်တို့ကို အလှူခံသော သိကြားမင်းအား မျက်လုံးတော် အစုံကို ထုတ်၍လှူရသောအခါမှ နှစ်သက် အားရ ရောင့်ရဲတော်မူသော ဘုရားအလောင်းတော် သိဝိမင်းကြီးကို ထောက်၍ လေးနက်စွာ ယုံကြည်မှတ်သားအပ်၏။

ထို့ကြောင့်ပင် အလောင်းတော် သုရုစိပုဏ္ဏားသည်လည်း "ငါသည် ကုဋ္ဌေဘသိန်းသော ရဟန်းတို့အား အလှူပေးခြင်းငှါ သင့်၏"ဟု ကြံပြီးလျှင် ခုနစ်ရက်ပတ်လုံး ထိုမဏ္ဍပ်၌ ဘုရား

WWW.DHAMMARANSI.COM



အမှူးရှိသော ရဟန်းသံဃာတော်ကို ထိုင်နေစေတော်မူ၍ အထူး စီမံပြုလုပ် ချက်ပြုတ်အပ်သော နွားနို့ဆွမ်း ဃောက်ဖွယ်အလှူကို ပေးလှူ၏။

ဤသို့ နွားနို့ဆွမ်း ဃောက်ဖွယ်အလှူကို ပေးလှူလုပ်ကျွေးကြရာမှာ လူတို့ချည်းသာ လုပ်ကျွေးခြင်းငှါ မတတ်နိုင်ကြကုန်။ တယောက်ခြား တဇယောက်ခြား နတ်များလည်း ပါဝင်လုပ်ကျွေးကြကုန်၏။ တဆယ့်နှစ်ယူဇနာ တဆယ့်သုံးယူဇနာရှိသော အရပ်သည်လည်း ရဟန်းအများ အားလုံးနေထိုင်ရန် မလုံမလောက်ဖြစ်သဖြင့် ထိုရဟန်းတို့သည် (နေရာမရသော ရဟန်းတို့သည်) မိမိ မိမိတို့၏ အာနုဘော်ဖြင့် ဖန်တီးနေထိုင်ကြကုန်၏။

## ဆေးပစ္စည်းနှင့် တိစီဝရိက်အလှူ

အလှူပြီးဆုံးသောနေ့၌ အလုံးစုံသော ရဟန်းတို့၏ သပိတ်တို့ကို စင်ကြယ်စွာ ဆေးစေပြီးလျှင် ဆေးအလို့ငှါ ထောပတ်, ဆီဦး,ဆီ,ပျား, တင်လဲတို့ဖြင့် သပိတ်တို့ကို ပြည့်စေ (အပြည့်ထည့်) ၍ သက်န်းသုံးထည်နှင့်တကွ လှူဒါန်း၏။ အငယ်ဆုံးသံဃာ (သံဃနော)ရဟန်းရရှိသည့် သင်္ကန်းလျာ အဝတ်အထည်တို့သည်ပင် အဖိုးတသိန်းထိုက်ကုန်၏။

## ဗျာဒိတ်ကြားတော်မူခြင်း

ထိုအခါ မင်္ဂလမြတ်စွာဘုရားသည် တရားအနုမောဒနာပြုတော်မူစဉ် "ဤသူသည် ဤသို့သဘောရှိသော အလှူကြီးကို ပေးလှူ၏၊ နောင်သောအခါ အဘယ်သို့ ဖြစ်မည်နည်း"ဟု အနာဂတံသဉာဏ်တော်ဖြင့် ရှုမြော် ဆင်ခြင်တော်မူလတ်သည်ရှိသော် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ တခုသော ဘဒ္ဒကမ္ဘာတွင် ဂေါတမအမည်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့ဟု မြင်တော်မူ၍ အလောင်းတော် သုရုစိပုဏ္ဏားကို ခေါ်တော်မူပြီးလျှင် "သင်သည် ဤမျှလောက်သော ကပ်ကမ္ဘာကာလကို လွန်သည်ရှိသော် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏။

WWW.DHAMMARANSI.COM



(ဤဗျာဒိတ်စကား ကြားသောအခဏ်းမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသကဲ့သို့ပင် ဒုက္ကရစရိယာ ကျင့်ကြံခြင်းမှစ၍ အပြည့်အစုံ ဗျာဒိတ်ကြားခြင်းကို ပါဠိတော်၌ အထင်အရှား ဟောကြားထားသော်လည်း သုမေဓကထာမှာ ဆိုခဲ့ပြီးဖြစ်၍ ဤ၌ ထပ်မံ ရေးသားခြင်း မပြုတော့ပြီ။)

ထိုအခါ အလောင်းတော်သည် မင်္ဂလမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားတော်မူလတ်လျှင် နှစ်လိုရွှင်လန်း ဝမ်းမြောက်သော စိတ်နှလုံး ရှိတော်မူသည်ဖြစ်၍ "ငါတမူကား ဘုရားစင်စစ် ဖြစ်လိမ့်မည်တဲ့၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ ယခုပင် ရဟန်းပြုအံ့"ဟူ၍ ကြံစည်တော်မူပြီးလျှင် ထိုသို့ သဘောရှိသော ဗြာဟ္မဏမဟာသာလ စည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ မငဲ့မကွက် ရက်ရက်ကြီး စွန့်တော်မူ၍ မင်္ဂလမြတ်စွာဘုရား အထံတော်၌ ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံကို သင်ယူတော်မူပြီး အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို မိမိသန္တာန်၌ဖြစ်စေ၍ ဈာန် လျှောကျခြင်းမရှိပဲ အသက်တော်အဆုံး၌ ဗြဟ္မာ့ပြည်သို့ ရောက်တော်မူလေပြီ။

## မြို့တော်စသည်ကို ပြဆိုချက်

မင်္ဂလမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **ဥတ္တရ မြို့တော်** ဖြစ်၏။

ခမည်းတော်မှာ **ဥတ္တရမင်း** ဖြစ်၍ မယ်တော်မှာ **ဥတ္တရာဒေဝီ မိဖုရား** ဖြစ်၏။

အဂ္ဂသာဝကအစုံတို့မှာ **သုဒေဝမထေရ်** နှင့် **ဓမ္မသေနမထေရ်** တို့ ဖြစ်ကြကုန်၏။ အလုပ်အကျွေးမှာ **ပါလိတမထေရ်** ဖြစ်၏။

အဂ္ဂသာဝိကာအစုံမှာ **သီဝလာထေရီမ** နှင့် **အသောကာ ထေရီမ**တို့ဖြစ်ကြကုန်၏။ပွင့်တော်မူရာဗောဓိပင်ကား**ကံ့ကော်ပင်** ဖြစ်၏။

WWW.DHAMMARANSI.COM



မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **နန္ဒသူဌေး** နှင့် **ဝိသာခသူဌေး**တို့ ဖြစ်ကြကုန်၏။ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **အနုလာဒါယိကာမ**နှင့်**သုတနာဒါယိကာမ**တို့ ဖြစ်ကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၏ အရပ်တော်မှာ (၈၈) ရှစ်ဆယ့် ရှစ်တောင် မြင့်တော်မူ၏၊ ကိုယ်တော်မှထွက်သော ရောင်ခြည် တော်သည်ကား ရှေးက ပြဆိုခဲ့သောအတိုင်း ထက်ဝန်းကျင် တသောင်းသော လောကဓာတ်နယ်တွင် အထူးတင့်တယ်စွာ အမြဲထွက်၍ နေ၏။ ရံခါရံခါမူကား....လောကဓာတ်တသောင်းမျှ မက သိန်းပေါင်း များစွာသော လောကဓာတ်တို့တိုင်အောင် ထွက်၏။

ထို မင်္ဂလမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက်သော ကာလ ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်မြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

မင်္ဂလ မြတ်စွာဘုရား အလောင်းတော် လူဖြစ်စဉ်ကာလ သုံးဆောင်အပ်သော ရွှေနန်းပြာသာဒ်တို့ကား **ယသဝန္တ ရွှေနန်း ဆောင်, ရုစိမန္တ ရွှေနန်းဆောင်, သိရိမန္တ ရွှေနန်းဆောင်** ဟူ၍ သုံးပါးတို့တည်း။

မောင်းမမိသံအပေါင်းကား သုံးသောင်း အတိုင်းအရှည်ရှိ၏။ အဂ္ဂမဟေသီ မိဖုရားကြီးကား **ယသဝတီ** အမည်ရှိ၏။ သားတော် ကား **သီဝလ**အမည် ရှိ၏။ ရွှေနန်းစိုးစံသော နှစ်ပေါင်းကား (၉၀၀၀)ကိုးထောင်တည်း။

တောထွက်တော်မူသောအခါ **ပဏ္ဍုရ**အမည်ရှိသော**မြင်းယာဉ်** တော်ကိုစီး၍ တောထွက်တော်မူ၏။ ဘုရားဖြစ်တော်မူသော အခါ ဥတ္တရာရာမ = (**ဥတ္တရဥယျာဉ်**) အရပ်၌ သီတင်းသုံး နေတော်မူ၏။

WWW.DHAMMARANSI.COM



မဟာသမုဒ္ဒရာ၌ရှိသော လှိုင်းတံပိုးတို့ကို ရေတွက်ခြင်းငှါ မတတ်နိုင်သကဲ့သို့ ထိုမင်္ဂလမြတ်စွာဘုရား၏ သာဝကရဟန္တာ တို့ကို ရေတွက်ခြင်းငှါ မတတ်နိုင်ကုန်။

လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသော မင်္ဂလမြတ်စွာ ဘုရား ထင်ရှားသက်တော် တည်နေတော်မူသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်မှာ ကိလေသာနှင့်တကွ သေဆုံး သော ရဟန်းမည်သည် မရှိ။ (ကိလေသာကုန်ခန်း ရဟန္တာချည်း ဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူကြသည်။)

များသော အခြံအရံ မြတ်သော အကျော်အစော ရှိတော် မူသော မင်္ဂလမြတ်စွာဘုရားသည် တရားတည်းဟူသော ဆီမီးကို ညှိထွန်းတော်မူပြီး၍ များစွာသော လူအပေါင်းကို သံသရာ တည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း ထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူပြီးလျှင် ထွန်းလင်း တောက် ပပြီး ငြိမ်းအေးသွားသော မီးပုံကြီးကဲ့သို့၎င်း....ကွယ်ဝင်သွားသော နေမင်းကြီးကဲ့သို့၎င်း....နတ်မြဟ္မာနှင့်တကွသော လူအပေါင်းအား သင်္ခါရတရားတို့၏ မမြဲသောသဘော ဆင်းရဲသောသဘော အစိုး မပိုင်သောသဘောကို ထင်ရှား ပြတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူလေပြီ။

မင်္ဂလမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်နှင့်တပြိုင်နက် စကြဝဠာတိုက်တသောင်းတို့ နဂိုရ်ရှိရင်း ဘုရားအရောင် ကွယ်ပ သဖြင့် မှောင်အတိ ကျသွားကုန်၏။ ထိုစကြဝဠာတိုက်တို့၌ လူတို့၏ သည်းစွာသော ငိုကြွေးမြည်တမ်းခြင်းသည် ဖြစ်၏။

**သံဝေဂ**

ထိုမင်္ဂလ မြတ်စွာဘုရား၏ အတုမရှိ မနှိုင်းယှဉ်အပ် သော တန်းခိုးတော်သည်၎င်း....သဗ္ဗညုတဉာဏ်တော်ဖြင့် ထုံမွှန်းအပ်သော သမာဓိတော်သည်၎င်း....ထို အလုံးစုံ သည် ချုပ်ဆုံး ကွယ်ပျောက်သွားလေပြီ....၊ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သောအနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား… ။

WWW.DHAMMARANSI.COM



ဤသို့လျှင် သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိ သိမြင်တော်မူသော မင်္ဂလမြတ်စွာဘုရားသည် (အခြားဥယျာဉ်များထက် လွန်ကဲထူးချွန်စွာ အသီးပင်ဟူသမျှတို့က သီးကြ၍ အပွင့်ပင်ဟူသမျှတို့က ပွင့်ကြသောကြောင့်) ဥတ္တရအမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုဥယျာဉ်၌ပင်လျှင် ဆေးဒန်းမြင်းသီလာတို့ကို မြေညက် (အင်းကတေမှုန့်)၊ဆီ ထောပတ်တို့ကို ရေ-ပြုလုပ်လျက် မင်္ဂလမြတ်စွာဘုရား၏ စေတီတော်ကို တည်ထားကြရာ အမြင့်ယူဇနာ (၃၀)သုံးဆယ် ရှိ၏။

သက်တော်ရှည်ကြသော မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ အစိတ်အစိတ်မကွဲ တခဲတည်းတစုတည်း တည်ရှိသော အသမ္ဘိန္နဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တည်တော်မူ၏။ ထိုအသမ္ဘိန္နဓာတ်တော်ကို စေတီတော်အတွင်း ဌာပနာသွင်းကြကုန်၍ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သူ လူအလုံးတို့သည် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံချယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေကြကုန်၏။

မင်္ဂလဗုဒ္ဓဝင် ပြီး၏။

---

## ၄-သုမနဗုဒ္ဓဝင်

ဤသို့ မင်္ဂလ မြတ်စွာဘုရားသည် ကိုယ်တော်မှ ပကတိထွက်ကွန့်သော ရောင်ခြည်တော်တို့ဖြင့် နေလ နက္ခတ်တာရာ နတ်မြဟ္မာတို့၏ အရောင်အမျိုးမျိုးတို့ကို လွှမ်းမိုးတော်မူကာ နေ့ညဉ့်ဟူ၍ ခြားနားခြင်း မရှိရအောင် ဇာတိခေတ် စကြဝဠာ ကမ္ဘာလောကဓာတ်ပေါင်း တိုက်တသောင်းကို ထွန်းလင်း တောက်ပစေတော်မူခဲ့ရာမှ တဖန် တခဲနက်သော အမိုက်မှောင်ကို တပြိုင်နက်တည်း ပြုလုပ်တော်မူလိုက်သကဲ့သို့ ပရိနိဗ္ဗာန် စံလွန်တော်မူသွားပြီးသည့်နောက် အသက် (၉၀၀၀၀) ကိုးသောင်းတမ်းရှိ လူအပေါင်းတို့ အစဉ်သဖြင့် အသက်တမ်း ဆုတ်ယုတ်ကာ (၁၀)ဆယ်နှစ်တမ်းသို့ ရောက်ကြ၍ ထိုမှတဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် အသက်တမ်း

WWW.DHAMMARANSI.COM



ဆုတ်ယုတ်ပြန်၍ အနှစ် (၉၀၀၀၀) ကိုးသောင်းသို့ ရောက်သော အခါ သုမနဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ မေခလနေပြည်တော် သုဒတ္တမင်းကြီး၏ သိရိမာဒေဝီ မိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေ တည်နေတော်မူ၏။

အလောင်းတော်မင်းသား ပဋိသန္ဓေ နေတော်မူသောအခါ သုံးဆယ့်နှစ် (၃၂)ပါးသော နိမိတ်ကြီးတို့ ထင်မြဲထင်ကြကုန်၏။ ဆယ်လစေ့၍ ဖွားမြင်တော်မူသောအခါမှာလည်း ထို့အတူ နိမိတ်ကြီးများ ထင်မြဲထင်သည့်အပြင် အလောင်းတော်ဟူသမျှ တို့နှင့် သက်ဆိုင်သော အံ့ဖွယ်ကောင်းသည့် အကြောင်းအရာ တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။

အလောင်းတော် သုမနမင်းသားသည် အရွယ်သို့ရောက်သော အခါ (၁) စန္ဒရွှေနန်းဆောင်၊ (၂) သုစန္ဒရွှေနန်းဆောင်၊ (၃) ဝဋံသရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင် တို့၌ လှပတင့်တယ်စွာ တန်းဆာဆင်အပ်သော ရွှေရံတော်ပေါင်း (၆၃၀၀၀၀၀) ခြောက်သန်းသုံးသိန်း အခြံအရံရှိသည့် (အများ တကာတို့၏ ဦးထိပ်တွင် စိုက်ထိုးအပ်သော ဦးစိုက်ပန်းနှင့်တူ သောကြောင့်)ဝဋံသိကာ အမည်ရှိသော မိဖုရားကြီးနှင့် နှစ်ပေါင်း (၉၀၀၀) ကိုးထောင်ကြာ နတ်စည်းစိမ်နှင့်တူသော စည်းစိမ် ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးအုပ် မင်းလုပ်တော်မူ လေသည်။

(ဤရွှေရံတော် ခြောက်သန်းသုံးသိန်းဆိုရာ၌ တပြိုင်နက် ခစား ကြသော သူများဟု မယူမမှတ်ပဲ အလှည့်ကျအားဖြင့် အသီးအသီး တလှည့်စီ တလှည့်စီ ခစားကြရန် သတ်မှတ်ထားသော ရွှေရံတော်တို့ကို စုပေါင်းပြဆိုခြင်း ဖြစ်သည် ဟု မှတ်ယူသင့်ပေသည်။)

WWW.DHAMMARANSI.COM



ဝင္ဂံသိကာ မိဖုရားကြီးမှ အနုပမမည်သော သားတော်ကို ဖွားမြင်သောအခါ သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တို့ဆင်ယင်ပေးအပ်သော အဆင်တန်းဆာဖြင့် ဆင်ယာဉ်ကိုစီးကာ တောထွက်၍ ရဟန်းပြုတော်မူ၏။ ဤသို့ အလောင်းတော် သုမနမင်းသား တောထွက်တော်မူ၍ ရဟန်းပြုသည်ကို ကုဋေသုံးဆယ်မျှသော လူတို့သည်လည်း အတုလိုက်၍ ရဟန်းပြုကြကုန်၏။

ထို သုမန မြတ်စွာဘုရားအလောင်းတော်သည် ကုဋေသုံးဆယ်မျှသော ရဟန်းတို့နှင့်တကွ ဆယ်လပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် နေ့၌ အနောမနိဂုံးနေ အနောမသူဌေးသမီးဖြစ်သူ အနုပမာ လှူအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတောအတွင်း၌ နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံအပေါင်းကို စွန့်ခွါခဲ့ပြီးမှ မဟာဗောဓိပင်ရှိရာအရပ်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီး၌ အနုပမမည်သော တက္ကတွန်းသည် လှူအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ (ကံ့ကော်) ဗောဓိပင် အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် အတောင်သုံးဆယ် ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်၍ လာလေသည်။

ထို အပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီးနောက် (ရှေး မင်္ဂလဗုဒ္ဓဝင်၌ ဆိုအပ်ပြီးသည့် အတိုင်း) မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွင့်၍ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူ၍ "အနေကဇာတိသံသာရံ" အစရှိသော ဘုရားတိုင်း မစွန့်အပ်သည့် ဥဒါန်းကို ရင့်ကျူးတော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

သုမနမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်)

WWW.DHAMMARANSI.COM



စံနေတော်မူပြီးလျှင် တရားဟောရန် မြဟ္မာမင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူပြီး၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားတော်ကို ဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့် အတူတကွ ရဟန်းပြုကြသည့် ကုဋေသုံးဆယ်သော ရဟန်းတို့ကိုရင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရန်အကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည့် ကိုယ်တော်မြတ်နှင့် မိတ္တဲဖတူဖြစ်သည့် ညီတော် သရဏမင်းသားနှင့် ပုရောဟိတ်သား ဘာဝိတတ္တလုင်တို့ကိုရင်း မြင်တော်မူလျှင် "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ဆင်ခြင် ကြံစည်တော်မူ၍ "ယခုအခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှု ဆင်ခြင်တော်မူပြန်သော် မဟာဗောဓိပင်မှ တဆယ့်ရှစ်ယူဇနာ ဝေးကွာသော မေခလမြို့ မေခလဥယျာဉ်၌ နေကြကုန်၏ဟု မြင်တော်မူသဖြင့် သပိတ်သင်္ကန်းတို့ကို ယူဆောင်တော်မူ၍ ထိုရဟန်းတို့၏နေရာ မေခလဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

ထိုအခါ ကုဋေသုံးဆယ်သော ရဟန်းတို့သည် သုမန မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်ကြ၍ ကြည်ညိုလှသောစိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ်သင်္ကန်းတော်ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုးဝတ်ပြုခြင်းတို့နှင့် ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။

ထိုအခါ သုမနမြတ်စွာဘုရားသည် ဥယျာဉ်မှူးကို စေခိုင်းကာ ညီတော်သရဏမင်းသားနှင့် ပုရောဟိတ်သား ဘာဝိတတ္တလုင်တို့ကို ခေါ်စေပြီးလျှင် သုံးဆယ့်ခုနစ်ကုဋေသောအခြံအရံတို့နှင့်တကွ ထို သရဏမင်းသား ဘာဝိတတ္တလုင်တို့အားရင်း ကိုယ်တော်မြတ်နှင့်အတူတကွ ရဟန်းပြုဖော် ကုဋေသုံးဆယ်သော ရဟန်းတော်တို့အားရင်း ထိုမှတပါး ကုဋေပေါင်းများစွာသော လူနတ်တို့အားရင်း အစုစု ကုဋေတသိန်းသော လူနတ်မြဟ္မာတို့အား ရှေး

WWW.DHAMMARANSI.COM



ဘုရားတို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူပြီးလျှင် သစ္စာလေးပါး တရားခရုသင်းနှင့် ကောင်းစွာယှဉ်တွဲသော အင်္ဂါကိုးပါးနှင့်ပြည့်စုံသည့် မြတ်စွာဘုရား သာသနာတော်တည်းဟူသော အမြိုက်စည်ကြီးကို တီးခတ်တော်မူလေသည်။

**အထူးဖော်ပြရန်မှာ**....သုမန မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ကိုရတော်မူပြီးခါ မြဟ္မာမင်းတောင်းပန်သည်ကို ဝန်ခံတော်မူခဲ့ရင်းအတိုင်း ကျင့်ဆောင်တော်မူလိုရကား လူနတ်မြဟ္မာ သတ္တဝါ ဝေနေယျတို့ကို ဘဝတည်းဟူသော ဝဋ်နှောင်မှ ကွင်းရှောင်လွတ်မြောက်စေလိုသဖြင့် ကုသိုလ်တရားတည်းဟူသော ရတနာမျိုးတို့ကို ကိလေသာခိုးသားတို့ ခိုးဝှက်တိုက်ဖျက် အလုအယက်ခံနေရသည့် ဝေနေယျတို့ကို ကယ်မစောင့်ရှောက်တော်မူခြင်းငှါ သီလတည်းဟူသော မြို့ရိုးပရိကား တံတိုင်းအကာကို ကောင်းစွာကာလျက် သမာဓိတည်းဟူသော ကျုံးမြောင်းပတ်ခြံ ထက်ဝန်းကျင် ရံပြီးလျှင် ဝိပဿနာဉာဏ်တည်းဟူသော တံခါး သတိသမ္ဗောဇ္ဈင် တရားတည်းဟူသော တံခါးရွက် တံခါးချပ် သမာပတ်တည်းဟူသော မဏ္ဍပ်ဘုံဆောင် စသည်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်ခြင်းရှိသည်ဖြစ်၍ ဗောဓိပက္ခိယတရားအစု တည်းဟူသော လူရည်သန့်တို့ဖြင့် ပြွမ်းသည့် အမြိုက်နိဗ္ဗာန်တည်းဟူသော နန်းမြို့တော်ကြီးကို ဖန်တီး တည်ဆောက်တော်မူလေသည်။

သုမန မြတ်စွာဘုရားသည် နိဗ္ဗာန်နန်း မြို့တော်ကြီး ဖန်တီး တည်ဆောက်တော်မူပြီးနောက် ထိုနန်းမြို့တော်ကြီးအတွင်း၌ မြတ်တောက်ပျက်စီးခြင်း အလျဉ်းမရှိ ပကတိဖြောင့်မတ်၍ သပ်ယပ်တင့်တယ် ပြန့်ကျယ်ရှည်လျား သတိပဋ္ဌာန်လေးပါး တရားလမ်းမကို လှလှကြီး ခင်းတော်မူပြီးလျှင် ထိုလမ်းမ၏ ဝဲယာနံပါးနှစ်ဖက်တို့၌ ဖိုလ်လေးပါး ပဋိသမ္ဘိဒါဉာဏ်လေးပါး အဘိညာဉ်ခြောက်ပါး သမာပတ်ရှစ်ပါးဟု ဆိုအပ်ကုန်သော အဖိုးတန်များစွာ ရတနာပစ္စည်းတို့ကို အလိုရှိသူတို့ သတိ ဝီရိယ ဟိရိဩတ္တပ္ပ

WWW.DHAMMARANSI.COM



အရင်းအနှီးတို့ဖြင့် အားရနှစ်သက်စွာ ဝယ်ယူသုံးစွဲနိုင်ကြစေရန် တရားတည်းဟူသော အိမ်ဈေးတန်းကြီးကို အေးချမ်းသာယာစွာ ခင်းကျင်း ဖွင့်ဖြန့်ထားတော်မူ၏။

ယင်းသို့လျှင် သုမနမြတ်စွာဘုရားသည် တရားမြို့တော်ကြီးကို ဖန်တီးတည်ဆောက်၍ တရားဈေးကြီးကို ဖြန့်ခင်းလျက် တရားစည်ကြီးကို ရိုက်တီးရွှမ်းဆော်ခြင်းတည်းဟူသော ဓမ္မစက္ကပဝတ္တနဒေသနာ ရှေးဦးစွာသော တရားပွဲကြီးဖြင့်ပင် ကုဋေတသိန်းအရေအတွက်ရှိသော လူနတ်ဗြဟ္မာတို့အား အကျွတ်တရား ပေးသနားတော်မူလေသည်။

(ဤကား ရှေးဦးအစ (ဓမ္မာဘိသမယ) ပဌမ တရားပွဲကြီးတည်း။)

အခါတပါး၌ သုမနမြတ်စွာဘုရားသည် သုနန္ဒဝတီမြို့တွင် သရက်ပင်၏အနီး၌ တိတ္ထိတို့၏ ယစ်မူး ထကြွ ထောင်လွှားကြသော မိစ္ဆာမာနကို ချိုးနှိမ်တော်မူခြင်းငှါ လွန်စွာ ဆန်းကြယ် အံ့ဩဖွယ် ကောင်းလှသော ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူလျက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏၊ ထိုအခါ ကုဋေတသိန်း များသော သတ္တဝါတို့သည် သစ္စာလေးပါး တရားထူးကို သိမြင်ကြရကုန်၏။

(ဤကား (ဒုတိယဓမ္မာဘိသမယ) ဒုတိယတရားပွဲကြီးတည်း။)

အခါတပါး၌ စကြဝဠာပေါင်း တိုက်တသောင်းမှ လာကြကုန်သော နတ်ဗြဟ္မာတို့နှင့် ဤစကြဝဠာနေ လူနတ်ဗြဟ္မာတို့သည် စည်းဝေးမိကြ၍ နိရောဓသမာပတ်နှင့် စပ်လျဉ်းသောစကားကို ဖြစ်ပွါးစေကြကုန်သည်၊ "နိရောဓသမာပတ်ကို အဘယ်သို့ ဝင်စားကြသနည်း၊ အဘယ်သို့လျှင် နိရောဓသို့ ရောက်သောသူ (နိရောဓသမာပတ် ဝင်စားနေသူ) ဖြစ်ကြသနည်း၊ နိရောဓသမာပတ်မှ အဘယ်သို့ ထကြသနည်း" ဤသို့ အစရှိသည်ဖြင့် နိရောဓသမာပတ်နှင့် စပ်လျဉ်းသော အချက်အလက် အကြောင်းအရာတို့၌ ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်ကုန်ရကား လူရောနတ်ပါ ရူပါဝစရ

WWW.DHAMMARANSI.COM



မြဲပွား(၉)ဘုံတိုင်အောင် သတ္တဝါတို့သည် သံသယရှိကြ၍ နှစ်ပက္ခ ကွဲပြားကြပြီးနောက် လူတို့၏ သမ္မုတိနတ်ဖြစ်သော အရိန္ဒမမင်း နှင့်တကွ ညချမ်းအခါဝယ် လောကသုံးပါး၏ ကိုးစားရာ သုမန မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြပြီးလျှင် အရိန္ဒမမင်းသည် ထိုဆိုအပ်ခဲ့ပြီးသော နိရောဓသမာပတ် ပြဿနာပုစ္ဆာကို မေးမြန်း လျှောက်ထားသည်တွင် သုမနမြတ်စွာဘုရားသည် ထိုပြဿနာ ပုစ္ဆာအရ ဓမ္မဒေသနာ ကောင်းစွာဖြေရှင်း ဟောကြားတော် မူခြင်းဖြင့် ကုဋေကိုးသောင်းကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါးတရားကို သိမြင်ကြကုန်သည်။

(ဤကား(တတိယဓမ္မာဘိသမယ) သုံးကြိမ်မြောက် တရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သုမနမြတ်စွာဘုရား၏ သာဝကသန္နိပါတ = (သာဝကအစည်း အဝေးကြီး)များကား သုံးကြိမ်ဖြစ်ကုန်၏။ ထိုအစည်းအဝေးကြီး သုံးကြိမ်တို့တွင် ပဌမအစည်းအဝေး၌ သုမနမြတ်စွာဘုရားသည် မေခလမြို့ကို အမှီပြု၍ ဝါကပ်တော်မူပြီးလျှင် ဝါကျွတ်သောအခါ သီတင်းကျွတ်လပြည့် ပဌမပဝါရဏာနေ့၌ အလုံးစုံ ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ကြသော ရဟန္တာပေါင်း ကုဋေတသိန်းတို့နှင့် တကွ ပဝါရဏာ ပြုတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် သက်ဿမြို့၏ မနီးမဝေးသော အရပ်တွင် အရိန္ဒမမင်း၏ ကုသိုလ်အာနုဘော်ကြောင့် ရွှေလော် ပကတိ တယူဇနာ အတိုင်းအရှည်ရှိသော ရွှေတောင်ထက်၌ သီတင်းသုံးနေတော်မူသောအခါ အရိန္ဒမမင်းကို ခြံရံ၍ လာကုန် သော မင်းယောက်ျားပေါင်း ကုဋေကိုးသောင်းတို့ကို ကောင်း

WWW.DHAMMARANSI.COM



မြတ်သောတရားဖြင့် ဟောကြားပြသ ဆုံးမတော်မူ၍ ဧဟိဘိက္ခု ရဟန်းတော်ချည်း ဖြစ်စေပြီးလျှင် ထိုနေ့တွင်ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သော ရဟန်းအပေါင်းခြံရံလျက် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူသည်။

(ဤ၌ အင်္ဂါလေးပါးကို အဋ္ဌကထာ၌ ထုတ်ဖော်၍ မပြသော်လည်း (မ-ဋ္ဌ ၃၊ မျက်နှာ ၁၄၆၊ ဒီဃနခသုတ် အဖွင့်၌ လာသည့်အတိုင်း (၁)တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ (၂)တစုံတယောက်ကမှ ပင့်ဖိတ်အပ်သည်မဟုတ်ပဲ၊ မိမိ ဓမ္မတာဖြင့် စည်းဝေးသောရဟန်းတော် ပရိသတ်ဖြစ်ခြင်း၊ (၃) ထိုရဟန်းတို့မှာလည်း အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသည့်ရဟန္တာချည်း ဖြစ်ခြင်း၊ (၄)အလုံးစုံ ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ခြင်း ဤအင်္ဂါလေးပါးကို မှတ်ယူရာ၏။)

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် သိကြားနတ်မင်းသည် သုမန မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ဆည်းကပ်လာ၏၊ ထိုအခါ၌ ကုဋေရှစ်သောင်း ရဟန္တာပေါင်း ခြံရံလျက် သုမနမြတ်စွာဘုရား သည် ပါတိမောက် ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း နဂါးမင်းဖြစ်၍ ပျောဖိတ်ခံခြင်း

ထိုသုမနမြတ်စွာဘုရား၏ လက်ထက်တော်အခါတွင် ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် တန်းခိုးအာနုဘော်ကြီးသော အတုလ နဂါးမင်းဖြစ်တော်မူ၍ "လောကသုံးပါး၌ ဘုရားပွင့်တော် မူပြီ"ဟု ကြားသိသဖြင့် ဆွေမျိုးအပေါင်းခြံရံလျက် မိမိနေရာ နဂါးဘုံဗိမာန်မှ ထွက်ခဲ့၍ ရဟန်းအပေါင်း ကုဋေတသိန်း အခြံ

WWW.DHAMMARANSI.COM



အရံရှိသော သုမနမြတ်စွာဘုရားအား နတ်၌ဖြစ်သော တီးမျိုး မှုတ်မျိုး တူရိယာမျိုးတို့ဖြင့် ပူဇော်သက္ကာရပြု၍ ဆွမ်းအဖျော် အလှူဟု ဆိုအပ်သော အလှူကြီးကို ပေးလှူပြီးနောက် ရဟန်းတော် တပါးတပါးအား တစုံစာ တစုံစာစီသော သင်္ကန်းလျာ ပုဆိုးတို့ကို လှူဒါန်း၍ သရဏဂုံတို့၌ တည်လေသည်။

**သုမနမြတ်စွာဘုရားသည်လည်း** ထိုအတုလနဂါးမင်းကို "ဤ နဂါးမင်းသည် နောင်သောအခါ၌ **ဂေါတမမြတ်စွာဘုရား ဖြစ် လတ္တံ့**"ဟု အကျယ်တဝင့်ပင် ဗျာဒိတ်စကား **မိန့်ကြားတော်မူ လေသည်။**

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား တော်မူသကဲ့သို့ အပြည့်အစုံပင် ဖြစ်သည်။)

သုမနမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် အတုလနဂါးမင်းသည် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာရှိ၍ ဆယ်ပါးသော ပါရမီတော်တို့ကို ကိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

သုမနမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **မေခလ မြို့တော်** ဖြစ်၏။

ခမည်းတော်မှာ **သုဒတ္တမင်းကြီး**ဖြစ်၍ မယ်တော်မှာ **သိရိမာ မိဖုရားကြီး** ဖြစ်သည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ အနှစ်ကိုးထောင် ဖြစ်၍ စံနန်းတော်သုံးဆောင်မှာ **စန္ဒပြာသာဒ်, သုစန္ဒပြာသာဒ်, ဝဋံသပြာသာဒ်**တို့ ဖြစ်လေသည်။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ ခြောက်သန်း သုံးသိန်းသော ရံရွေတော် အခြံအရံရှိသည့် **ဝဋံသိကာ မိဖုရားကြီး** ဖြစ်၍ သား တော်မှာ **အနုပမမင်းသား** ဖြစ်လေသည်။

WWW.DHAMMARANSI.COM



အဂ္ဂသာဝကအစုံတို့မှာ **သရဏာမထေရ်, ဘာဝိတတ္တမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ဥဒေနမထေရ်**ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **သောဏာထေရီမ**နှင့်**ဥပသောဏာထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ မဟာဗိပင်ကား **ကံ့ကော်ပင်** မဟာဗိ ဖြစ်၏။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **ဝရုဏာသူဌေး**နှင့် **သရဏာသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **စာလာ**နှင့် **ဥပစာလာ**တို့ ဖြစ်ကြကုန်၏။

သုမနမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ကိုးဆယ် မြင့်တော်မူ၏။ ပူဇော်ဖွယ်ရာ စိမ်ထားသည့် ရွှေတိုင်ကြီးနှင့် တူတော်မူ၍ လောကဓာတ် စကြဝဠာပေါင်း တသောင်းကို ထွန်းလင်းတောက်ပသော ကိုယ်တော်ရောင်ဖြင့် တင့်တယ်တော် မူပေ၏။

ထိုသုမနမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက်သော ကာလ ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန် တည်း ဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

မဟာဏ္ဏဝါ သံသရာအတွင်းမှ ကူးမြောက် ကျွတ်လွတ်ထိုက် သောသူတို့ကို ကူးမြောက် ကျွတ်လွတ်စေတော်မူ၍ သစ္စာလေးပါး တရားကို သိထိုက်သောသူတို့ကိုလည်း သိစေတော်မူပြီးလျှင် လမင်းကြီး ကွယ်ဝင်သွားသကဲ့သို့ သုမန မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူခဲ့လေပြီ။

အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကြသည့် ထိုအရှင် မြတ်တို့သည်၎င်း လောကသုံးပါး၌ အတုမရှိသော ထိုသုမန မြတ်စွာဘုရားသည်၎င်း အတုမရှိသော တရားအရောင်အလင်း ကြီးကို ထွန်းလင်းတောက်ပစေတော်မူကြ၍ များမြတ်သော ကျော်စောခြင်း ဂုဏ်သတင်းရှိတော်မူကြသည့် သုမနမြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားနှင့်တကွ သာဝကများစွာ ရဟန္တာအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူကြကုန်ပြီ။

**သံဝေဂ**

ထိုသုမနမြတ်စွာဘုရား၏ အတုမရှိသော သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်၎င်း ဗိုလ်လေးပါး ပဋိသမ္ဘိဒါ ဉာဏ်လေးပါးအစရှိသည့် အတုမရှိသော တရားရတနာ တို့သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေ ပြီ····ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲနိုင်သော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွ့တကား····။

**စေတီတော် တည်ထားခြင်း**

ဤသို့လျှင် သစ္စာလေးပါးတရားတို့ကို အကြွင်းမရှိ သိမြင် တော်မူကာ လွန်စွာ ကျော်စောခြင်းကို ဆောင်တော်မူသော သုမနမြတ်စွာဘုရားသည် အင်္ဂအမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏၊ ထိုဥယျာဉ်ကြီးအတွင်း၌ပင် ဆေးဒန်း မြင်းသီလာတို့ကို မြေညက် (အင်းကတေမှုန့်)၊ ဆီထောပတ် တို့ကို ရေ-ပြုလုပ်လျက် သုမနမြတ်စွာဘုရား၏ စေတီတော်ကို တည်ထားကြရာ အမြင့်ယူဇနာ(၄)လေးယူဇနာရှိ၏။

သက်တော်ရှည်ကြသော မြတ်စွာဘုရားတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ အစိတ်အစိတ်မကွဲ တခဲတည်း တစုတည်း တည်ရှိ သောအသမ္ဘိန္နဓာတ်တော်တို့သည် ရွှေဆင်းတုကဲ့သို့ တည်တော် မူကြ၏။ ထိုအသမ္ဘိန္နဓာတ်တော်ကို စေတီတော်အတွင်း ဌာပနာ သွင်းကြကုန်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သူ လူအလုံးတို့သည် ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံချယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေကြကုန်၏။

သုမနဗုဒ္ဓဝင် ပြီး၏။

WWW.DHAMMARANSI.COM



## ၅-ရေဝတဗုဒ္ဓဝင်

သုမနမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် လူတို့၏ အသက်တမ်းအနှစ် (၉၀၀၀၀) ကိုးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍ အသက် (၆၀၀၀၀) ခြောက်သောင်းတမ်းသို့ ရောက်သောအခါ ရေဝတ မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်ဗြဟ္မာ အပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ဆင်းသက်ကာ သုဓညဝတီနေပြည်တော် ဝိပုလအမည်ရှိသော မင်းကြီး၏ ဝိပုလာ အမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ စိတ္တကုဋ်တောင်မှ ရွှေဟင်္သာမင်း ထွက်ကွန့်သကဲ့သို့ မယ်တော်၏ ကြာတိုက်ဝမ်းမှ ထွက်ကြွ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ ရှေး၌ဆိုအပ်ပြီးသည့်အတိုင်း နိမိတ်ကြီးများ အံ့သြဖွယ်ကြီးများ ထင်မြဲထင်ကုန်၏။)

## ထီးနန်းစိုးစံတော်မူခြင်း

ထိုဘုရားအလောင်းတော် ရေဝတမင်းသားသည် အရွယ်သို့ရောက်သောအခါ ပါရမီဘုန်းကံတော်ကြောင့်ဖြစ်သော အထူးတင့်တယ်လှသည့် (၁) သုဒဿန ရွှေနန်းဆောင်၊ (၂) ရတနဂ္ဃိ ရွှေနန်းဆောင်၊ (၃) အာဝေဠ ရွှေနန်းဆောင်တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ သုဒဿနာမိဖုရားကြီးနှင့်တကွ ရံရွှေတော်ပေါင်း (၃၃၀၀၀) သုံးသောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း (၆၀၀၀) ခြောက်ထောင်တို့ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

ဤသို့ ထိးနန်းစိုးစံတော်မူရာ သုဒဿနာမိဖုရားကြီးမှ ဝရဏ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ အလောင်းတော်တို့၏ ဓမ္မတာ အတိုင်း နတ်တို့ ဆင်ယင်ပေးအပ်သော အဆင်တန်းဆာဖြင့် အာဇာနည်မြင်း ကသော ရထားကို စီးကာ ကြယ်နက္ခတ်တာရာတို့ ဝန်းရံအပ်သော လမင်းကဲ့သို့ငှင်း,နတ်အပေါင်းတို့ ခြံရံအပ်သော သိကြားနတ်မင်းကဲ့သို့ငှင်း, ဗြဟ္မာအပေါင်းတို့ ခြံရံအပ်သော ဟာရိတ မဟာဗြဟ္မာမင်းကဲ့သို့ငှင်း ဆင်, မြင်း, ရထား, ခြေလျင် အားဖြင့် လေးပါးသောအင်္ဂါရှိသော စစ်တပ်ကြီးဖြင့် ကြီးကျယ်စွာ တောထွက်တော်မူပြီးလျှင် တောအုပ်သို့ ရောက်သောအခါ ကိုယ်တော်မြတ် ဆင်ယင်လာခဲ့သော တန်းဆာတို့ကို ဘဏ္ဍာစိုး အား ပေးအပ်၍ လက်သုံးတော်သန်လျက်ဖြင့် ဆံတော်မြတ်ကို ရိတ်ဖြတ်တော်မူပြီးလျှင် ကောင်းကင်သို့ ပစ်လွှင့်တော်မူ၏။

ထိုဆံတော်မြတ်ကို သိကြားမင်းသည် ရွှေပန်းတောင်းဖြင့် ခံယူပြီးလျှင် တာဝတိံသာနတ်ပြည် မြင်းမိုရ်ထိပ်၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသော စေတီတော်ကြီးကို တည်လေသည်။

အလောင်းတော်မင်းသားသည် ဗြဟ္မာလူ့ဒါန်းသည့် ကြာ သင်္ကန်းကို ဆင်မြန်း ဝတ်ရုံ၍ ရဟန်းပြုတော်မူသောအခါ အလောင်းတော်ကို (အားကျကာ) အတုလိုက်၍ တကုဋေအရေ အတွက်ရှိသော ယောက်ျားတို့ ရဟန်းပြုကြလေကုန်သည်။

ရေဝတမြတ်စွာဘုရားအလောင်းတော်သည် တကုဋေ အရေ အတွက်ရှိသော ရဟန်းတို့နှင့် အတူတကွ ခုနစ်လကြာ ဒုက္ကရ စရိယာအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူလေသည်။

## ဘုရားဖြစ်တော်မူခြင်း

ခုနစ်လကြာ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် သာဓု ဒေဝီ အမည်ရှိသော သူဌေးသမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို

WWW.DHAMMARANSI.COM



ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်း၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါခဲ့ပြီး မဟာဗောဓိမဏ္ဍိုင်ရှိရာအရပ်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ ဝရုဏိန္ဒရ အမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ ကံ့ကော်ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက်(၅၃) ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွင့်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ရေဝတမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့် အတူတကွ ရဟန်းပြုကြသည့် တကုဋေသော ရဟန်းတို့ကိုပင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရန်အကြောင်း ရှေးကောင်းမှုနှင့်ပြည့်စုံကြသည့် တပါးသော နတ်လူတို့ကိုပင်း မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားတော်ကို ဟောအံ့"ဟု ကြံစည်တော်မူပြီးလျှင် "ယခုအခါ ထိုသူတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှု ဆင်ခြင်တော်မူပြန်သော် မဟာဗောဓိပင်မှ တဆယ့်ရှစ်ယူဇနာ ဝေးကွာသော ဝရုဏဥယျာဉ်၌ နေကုန်၏ဟု မြင်တော်မူသဖြင့် သပိတ်သင်္ကန်းတို့ကို ယူဆောင်တော်မူ၍ ထိုရဟန်းတို့နေရာ ဝရုဏဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

WWW.DHAMMARANSI.COM



ထိုအခါ တကျိပ်ရှိသော ရဟန်းတို့သည် ရေဝတမြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညိုလှသော စိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ်သင်္ကန်းတော် ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုး ဝတ်ပြုခြင်းကိစ္စတို့နှင့် ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ ရေဝတမြတ်စွာဘုရားသည် မိမိနှင့်ရဟန်းပြုဘက် ဖြစ်ကြသည့် တကျိပ်ရှိသော ရဟန်းတို့အား ရှေးဘုရားတို့ ဟောကြားတော်မူမြဲ ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြား တော်မူပြီးလျှင် တကျိပ်ရှိသော ထိုရဟန်းတို့ကို အရဟတ္တဖိုလ်၌ တည်စေတော်မူ၏။ အောက်မဂ် အောက်ဖိုလ်၌ တည်သော သူတို့၏ အရေအတွက်ကား ဤရွေ့ဤမျှဟု အပိုင်းအခြားမရှိ များလှကုန်၏။

(ဤကား ရှေးဦးအစ (ဝမ္ဘာဘိသမယ) ပဌမတရားပွဲကြီးတည်း။)

ထို့နောက်အခါတပါး၌ဝယ် မြို့တကာတို့ထက် လွန်မြတ်သော ကြောင့် ဥတ္တရအမည်ရှိသောမြို့၌ အလုံးစုံသော ရန်သူတို့ကို အောင်မြင်တတ်သောကြောင့် အရိန္ဒမ အမည်ရှိသော မင်းသည် မင်းပြုနေစဉ် မိမိ၏ ဥတ္တရမြို့သို့ ရေဝတမြတ်စွာဘုရား ကြွရောက် လာသည်ကို ကြားသိ၍ လူပေါင်း သုံးကုဋေခြံရံလျက် မြတ်စွာ ဘုရားအား ခရီးဦး ကြိုဆိုပြီးလျှင် ဘုရားအမှူးရှိသောသံဃာအား နက်ဖန်အလို့ငှါ ပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် ကြီးစွာသော အလှူ ကြီးကို ပေးလှူလျက် သုံးဂါဝုတ်အပြန့်ကျယ်သော ဆီမီးပူဇော်ပွဲ ကြီးဖြင့် ပူဇော်ပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ် နေထိုင်လေ၏။ ထိုအခါ ရေဝတ မြတ်စွာဘုရားသည် အရိန္ဒမ မင်းကြီး၏ စိတ်အလို စရိုက်နှင့် လိုက်လျောညီညွတ်စွာ အလွန်တရာ ဆန်းကြယ်သော တရားတော်ကို ဟောကြားတော်မူ၏။ ထိုတရားပွဲကြီး၌ နတ်လူ အပေါင်း ကုဋေတထောင်တို့ သစ္စာလေးပါးတရားကို သိမြင်ကာ အကျွတ်တရား ရကြကုန်၏။

(ဤကား (ဒုတိယဝမ္ဘာဘိသမယ)ဒုတိယ တရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



ထို့နောက်အခါတပါး၌ ရေဝတမြတ်စွာဘုရားသည် ဥတ္တရအမည်ရှိသော နိဂုံးကိုအမှီပြု၍ သီတင်းသုံးနေတော်မူစဉ် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ထိုအခါ ဥတ္တရနိဂုံး၌ နေကုန်သော လူအပေါင်းတို့သည် ယာဂု ဆွမ်းခဲဖွယ် စားဖွယ် သောက်ဖွယ် စသည်တို့ကို ဆောင်ယူခဲ့ကြ၍ ရဟန်းသံဃာအား ကြီးစွာသော အလှူဒါနကို ပေးလှူကြပြီးလျှင် "အရှင်ဘုရားတို့...မြတ်စွာဘုရား အဘယ်မှာ သီတင်းသုံးနေပါသနည်း" ဟု မေးမြန်း လျှောက်ထားကြကုန်၏။ ထိုအခါ ရဟန်းတော်တို့က "ဒါယကာတို့...မြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူ၏" ဟု မိန့်ဆိုတော်မူကြကုန်၏။ ခုနစ်ရက်လွန်လတ်သော် နိရောဓသမာပတ်မှ ထတော်မူသောမြတ်စွာဘုရားကို ဖူးမြင်ကြရ၍ နိရောဓသမာပတ်၏ ဂုဏ်အကျိုးအာနိသင်တို့ကို မေးမြန်း လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည်လည်း ထိုလူတို့အား နိရောဓသမာပတ်၏ ဂုဏ်အကျိုးအာနိသင်တို့ကို ဟောကြားတော်မူ၏။ ထိုအခါ နတ်လူအပေါင်းကုဋေတရာ အရဟတ္တဖိုလ်၌ တည်လေသည်။

(ဤကား (တတိယဓမ္မာဘိသမယ) တတိယ တရားပွဲကြီးတည်း။)

---

### သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သာဝကအစည်းအဝေးကြီး သုံးကြိမ်ရှိရာ ရေဝတမြတ်စွာဘုရားသည် သုဓညဝတီမြို့၌ ဟောဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုကြကုန်သော ရေတွက်ရိုးလမ်းစဉ်ကို လွန်မြောက်ကာ ရေတွက်ခြင်းငှါ မတတ်နိုင်အောင် များလှကုန်သော ရဟန္တာ အရှင်မြတ်တို့အား ရှေးဦးစွာ ပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဒုတိယသန္နိပါတ

ထို့နောက် မေခလမြို့၌ ဖော်ဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြကုန်သော ကုဋေတသိန်းသော ရဟန္တာအရှင်မြတ်တို့အား ပါတိမောက်ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက်ရေဝတမြတ်စွာဘုရား၏တရားတော်တည်းဟူသော စကြာရတနာကြီးကို အစဉ်မပြတ် ဆက်လက် လည်စေနိုင်သည် ဖြစ်၍ ပညာအရာ ဧတဒဂ်ရတော်မူသော လက်ျာတော်ရံ အဂ္ဂသာဝက ဝရုဏမထေရ်သည် "အသက်မြင့်ရှည် တည်မှ တည် ပါတော့မည်လော"ဟု တွေးတော ယုံမှားလောက်အောင် မကျန်း မမာဖြစ်တော်မူရာ သူနာမေး လာရောက်ကြသူ များစွာသော လူအပေါင်းအား လက္ခဏာရေးသုံးပါးကို ပိုင်းခြား ဖော်ပြ တတ်သော တရားတော်ကို ဟောကြားတော်မူပြီးလျှင် ကုဋေ တသိန်းသော ယောက်ျားတို့ကို ဖော်ဘိက္ခု ရဟန်းဖြစ်စေတော် မူကာ အရဟတ္တဖိုလ်၌ တည်စေပြီးလျှင် အင်္ဂါလေးပါးရှိသော သာဝကအစည်းအဝေးကြီး၌ မြတ်စွာဘုရားသည် ပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဝေါတမမြတ်စွာဘုရားအလောင်း အတိဒေဝပုဏ္ဏား မျှာဒိတ်ခံခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ရမ္မာဝတီ မြို့၌ ဆရာအဆက်ဆက် သင်ပြအပ်သော ပုဏ္ဏားတို့၏ ပညာ တရား၌ အထွတ်အထိပ်ရောက် တတ်မြောက်သည့် အတိဒေဝ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရေဝတမြတ်စွာဘုရားကို ဖူးတွေ့ ပြီးလျှင် ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သရဏဂုံ

WWW.DHAMMARANSI.COM



သုံးပါးတို့၌ တည်လျက် မြတ်စွာဘုရား၏ သီလ သမာဓိ ပညာဂုဏ်ကို ဂါထာရာထောင်ဖြင့် ချီးကျူးလျှောက်ဆို၍ အဖိုး (၁၀၀ဝ) တထောင်ထိုက်တန်သော အပေါ်ရုံအဝတ်ကို မြတ်စွာဘုရားအား လှူဒါန်းပူဇော်လေသည်။

ရေဝတမြတ်စွာဘုရားသခင်သည် အလောင်းတော် အတိဒေဝပုဏ္ဏားကို "ဤကမ္ဘာမှနောက် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းထက်သို့ ရောက်သောအခါ ဂေါတမ အမည်ရှိသော ဘုရားစင်စစ်ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

ရေဝတမြတ်စွာဘုရား၏ဗျာဒိတ်စကားကြားရလျှင် အလောင်းတော်သည် အတိုင်းထက်အလွန် မိမိစိတ်ကို ကြည်လင်စေ၍ ဆယ်ပါးသော ပါရမီတော်တို့ကို တိုးတက် ဖြည့်ကျင့်ရန် "ပါရမီတရားတို့ကို အောက်မေ့ဆင်ခြင် ပွါးများပြီးလျှင် ငါ အလိုရှိအပ်သည့် ဘုရားအဖြစ်ကို ငါ့လက်ရောက်အောင် ဆောင်ယူပေအံ့" ဟု ရဲရဲရင့်ရင့် မိဋ္ဌာန်ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ရေဝတမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **သုဓညဝတီ မြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဝိပုလမင်းကြီး**၊ မယ်တော်မှာ **ဝိပုလာ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၆၀၀၀) ခြောက်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **သုဒဿန စံနန်းတော်**, **ရတနဂ္ဃိ စံနန်းတော်**, **အာဝေဠ စံနန်းတော်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း သုံးထောင်သော ရံရွေတော် အခြံအရံရှိသည့် **သုဒဿနာ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **ဝရုဏမင်းသား** ဖြစ်လေသည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **အာဇာနည်မြင်း**ကသည့် **ရထားယာဉ်**ဖြစ်၍ ခုနစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **ဝရုဏမထေရ်**, **ဗြဟ္မဒေဝမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သမ္ဘဝမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **ဘဒ္ဒါထေရီမ**, **သုဘဒ္ဒါထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား **ကံ့ကော်ပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **ပဒုမသူဌေး** နှင့် **ကုဉ္ဇရသူဌေး**တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ **သိရိမာ** နှင့် **ယသဝတီ**တို့ ဖြစ်ကြကုန်၏။

ရေဝတမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင် (၈၀) ရှစ်ဆယ် မြင့်တော်မူ၍ စိုက်ထောင်ထားအပ်သော သိကြားမှန်ကင်းပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပ၏။ ကိုယ်တော်မှထွက်သော ပကတိ ရောင်ခြည်တော်သည် နေ့နေ့ ညဉ့်ညဉ့် ပတ်ဝန်းကျင် တယူဇနာတိုင်တိုင် ပျံ့နှံ့၏။

ထို ရေဝတမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၆၀၀၀၀) ခြောက်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့ လေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသောလူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

မြတ်စွာဘုရားတို့၏ ဆယ်ပါးသော ဉာဏ်တော် အစွမ်းကို မြင်စေကာ လောကကြီး၌ အမြိုက်တရားကို ဖော်ပြတော်မူ၍ မီးစာကုန်သဖြင့် ငြိမ်းစဲသွားသော မီးတောက် မီးလျှံကြီးပမာ ရေဝတ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူခဲ့လေပြီ။

WWW.DHAMMARANSI.COM



**သံဝေဂ**

ရတနာတုံး ရတနာခဲကြီးနှင့် တူသော ထိုမြတ်စွာဘုရား၏ ရူပကာယတော်သည်၎င်း, အတုမရှိသော ထိုမြတ်စွာဘုရား၏ ဆယ်ပါးသော တရားတော်သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ....၊ခပ်သိမ်းသော သင်္ခါရ တရားတို့သည် မြဲခိုင်သော အနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွာ့တကား....။

ရေဝတမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးတွင် "ငါဘုရား မရှိသည့်နောက် အလုံးစုံသော သတ္တဝါများ နတ်ရွာ နိဗ္ဗာန်သို့ ပေါက်ရောက်ကြစေရန် ငါ၏ ဓာတ်တော်တို့သည် တလုံးတခဲတည်း မတည်ကြပဲ အစိတ်စိတ် အမြွာမြွာ ကွဲပြားပျံ့နှံ့ ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူခဲ့ပြီးလျှင် မြို့တော်ကြီး၏ မနီးမဝေး ဖြစ်သော ကံ့ကော်တော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ပရိနိဗ္ဗာန်စံတော်မူသော ထိုရေဝတမြတ်စွာဘုရား၏ ဓာတ်တော်တို့သည် သက်တော်ရှည် ဘုရားရှင်တို့၏ ဓာတ်တော်များ မကွဲမပျက် တခဲနက် တစုတည်းတည်ရှိရိုးဓမ္မတာ အတိုင်းမဟုတ်ပဲ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွာမြွာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း တခွင်၌ အနှံ့အပြားတည်ရှိ၍ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူကြလေကုန်သတည်း။

ရေဝတဗုဒ္ဓဝင် ပြီး၏။

---

## ၆-သောဘိတဗုဒ္ဓဝင်

ရေဝတမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက် လူတို့၏ အသက်တမ်း အနှစ် (၆၀၀၀၀) ခြောက်သောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍အသက်(၉၀၀၀၀)ကိုးသောင်းတမ်း သို့ရောက်သောအခါ သောဘိတ မြတ်စွာဘုရား အလောင်းတော်

WWW.DHAMMARANSI.COM



သည် လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သုဓမ္မနေပြည်တော် သုဓမ္မမင်းကြီး၏ သုဓမ္မာအမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ သုဓမ္မ အမည်ရှိသော ဥယျာဉ်တော်ကြီးအတွင်း၌ မိုဃ်းတိမ်တိုက်မှ လပြည့်ဝန်းကြီး ထွက်ကွန့်လာသကဲ့သို့ မယ်တော်၏ ကြာတိုက်ဝမ်းမှ ထွက်ကြွဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်မြဲထင်ကုန်၏။)

## ထီးနန်း စိုးစံတော်မူခြင်း

ထိုဘုရားအလောင်းတော် သောဘိတမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) ကုမုဒရွှေနန်းဆောင်၊ (၂) နာဠိန ရွှေနန်းဆောင်၊ (၃) ပဒုမရွှေနန်းဆောင်တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ မဃဒေဝီ မိဖုရားကြီးနှင့်တကွ ရံရွေတော်ပေါင်း (၃၇၀၀၀) သုံးသောင်း ခုနစ်ထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း (၉၀၀၀) ကိုးထောင်တို့ပတ်လုံး နတ်စည်းစိမ်နှင့် တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ မဃဒေဝီမိဖုရားကြီးမှ သီဟအမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ သံဝေဂဉာဏ် ကြီးစွာဖြစ်ပွါးလျက် **နန်းတော်မှာပင်** ရဟန်းပြုပြီးလျှင် **နန်းတော်မှာပင်** အာနာပါနဘာဝနာကို ပွါးများ၍ စတုတ္ထဈာန်တိုင်မြောက် ရရောက်တော်

WWW.DHAMMARANSI.COM



မူသောအခါ ခုနစ်ရက်ပတ်လုံး **နန်းတော်မှာပင်** ဒုက္ခရစရိယာ အကျင့်ကို ကျင့်တော်မူလေသည်။

ထို့နောက် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့သို့ ရောက်သော အခါ မဏိလာဒေဝီမိဖုရားကြီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင်—

"ဤယခု ငါနေသော ပြာသာဒ်သည် တန်းဆာဆင်မြဲ တိုင်းပင်လျှင် လူအများ ကြည့်ရှုနေစဉ် ကောင်းကင် ခရီးဖြင့်သွား၍ မဟာဗောဓိပင်ကို အလယ်ဗဟို၌ တည် ရှိအောင်ပြု၍ (ဗောဓိပင်ကို ဗဟိုထားပြီး) မြေအပြင်သို့ သက်စေသတည်း၊ ဤနန်းတွင်းသူ မင်းမိန်းမတို့သည် လည်း ငါသည် မဟာဗောဓိပင်အနီး၌ နေသည်ရှိသော် ငါတစုံတရာ မပြောမဆိုရပဲ အလိုလို (အလိုက်သိကာ) ပြာသာဒ်မှ ထွက်ခွါသွားကြစေကုန်သတည်း"—

ဟု တောထွက်ဖို့ရန် စိတ်သန် အဓိဋ္ဌာန် ပြုတော်မူလေသည်။

စိတ်အကြံအစည် ဖြစ်သည်နှင့် တပြိုင်နက် အလောင်းတော်၏ စံရာ နန်းပြာသာဒ်သည်လည်း ခမည်းတော် သုဓမ္မမင်းကြီး၏ နန်းတော် အတွင်းမှ မျက်စဉ်းညိုရောင် စိမ်းလဲ့မှောင်သော အရောင်ရှိသည့် ကောင်းကင်သို့ ပျံတက်လေသည်။ ရန့်ကောင်း မွှန်သော ပန်းဆိုင်းတို့ဖြင့် တန်းဆာဆင်ယင်ထားအပ်သည့် ထိုပြာသာဒ်အပြင်သည် ကောင်းကင်တခုလုံးကို တန်းဆာဆင် ထားသကဲ့သို့ဋ္ဌ‌ ... ဖျန်းချလောင်းသွန်အပ်သည့် ရွှေနီဖလံ၏ အရည်အယဉ်ကဲ့သို့ တင့်တယ်သော အရောင်ရှိသည့် နေမင်း ကဲ့သို့ဋ္ဌ....တန်ဆောင်မုန်းလ သရဒအခါ သာယာနှစ်သက်ဖွယ် ရှိသော လမင်းကဲ့သို့ဋ္ဌ ... အလွန်လျှင် တောက်ပထွန်းလင်း တင့်တယ်ခြင်း ရှိလှပေ၏။ တွဲရရွဲဆွဲထားအပ်သည့် အထူးထူး အပြားပြား များစွာဆန်းကြယ်သော ရွှေချုကွန်ရက်လည်း ရှိပေ ၏၊ ယင်းသည့်ရွှေချုကွန်ရက်ကို လေပြေလေညှင်း တိုက်ခတ်သော အခါ ဖြစ်ပေါ်လာသော အသံသည်ကား အလွန်လိမ္မာသော

WWW.DHAMMARANSI.COM



တူရိယာသမား တီးမှုတ်အပ်သော တူရိယာငါးမျိုး အသံကဲ့သို့ လွန်စွာပင် သာယာဖွယ် စိတ်နှလုံးရွှင်ပျဖွယ် ရှိပေ၏။ အဝေးမှစ၍ ကြားရသည့် ချိုမြိန်သာယာစွာသော အသံဖြင့် သတ္တဝါတို့၏ နားကို စိုက်ထောင်စေလျက် အိမ်မြို့ကြမ်းပြင် ခရီးလမ်းဆုံ စသည်တို့၌ လူအပေါင်းတို့ ရပ်တန့်ငေးမော အံ့သြချီးကျူးကြ ကုန်စဉ် မနိမ့်လွန်း မမြင့်လွန်း သစ်ပင်ထိပ်ဖျား တောမြိုင် ထိပ်ဖျားတို့၏ မနီးမဝေး ကောင်းကင်ခရီးမှ လူအများကို ဖြားယောင်း သွေးဆောင်သကဲ့သို့ငှင်း သစ်ပင်သစ်ခက်တို့နှင့် တကွ အထူးထူးသော ရတနာတို့၏ အရောင်အပေါင်းဖြင့် တပြောင်ပြောင် တောက်ပသော အဆင်းဖြင့် လူအပေါင်း၏ မျက်စိတို့ကို ဆွဲဆောင်သကဲ့သို့ငှင်း....အလောင်းတော်၏ကောင်းမှု ကုသိုလ်အထူးကို ချီးကျူးထုတ်ဖော် ကြွေးကြော်သကဲ့သို့ငှင်း.... ကောင်းကင်ခရီးအပြင်ကို သွားလေတော့သည်။

ထိုပြာသာဒ်တော်၌ လိုက်ပါလာကြကုန်သော ကချေသည် မောင်းမအပေါင်းတို့သည်လည်း မြတ်သော တူရိယာငါးမျိုး၏ သာယာစွာသော အသံဖြင့် သီချင်းကိုလည်း လိုက်ပါသီဆိုကြ ကုန်၏၊ သာယာစွာလည်း ကောင်းချီးစကား မြွက်ကြားကြကုန်၏။ ထိုအလောင်းတော်၏ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးသည် လည်း အဆင်တန်းဆာအရောင် ကိုယ်ရောင်အပေါင်းတို့ဖြင့် တပြောင်ပြောင်တောက်ပလျက် အထူးထူးအပြားပြား တပ်ဆိုး အပ်၍ ကောင်းသောရနံ့လည်းရှိသည့် ပန်းဝတ်တန်းဆာတို့ဖြင့် လွန်စွာတင့်တယ်သော နတ်စစ်တပ်ကြီးပမာ ရှုမငြီးဖွယ်ဖြစ်လျက် မြေအပြင်မှာကဲ့သို့ပင် ကောင်းကင်အပြင်မှာလည်း ပြာသာဒ် တော်ကို ဝန်းရံလိုက်ပါလေသည်။

ပြာသာဒ်တော်သည် ကောင်းကင်ခရီးဖြင့်သွား၍ အတောင် (၈၈)ရှစ်ဆယ့်ရှစ်တောင် အမြင့်ရှိသော ဖြောင့်မတ်ပြန့်ပြော လုံးချောသော ပင်စည်ရှိသော ပန်းရွက်ကိုက်ငုံ ဖူးစုံညွန့်နုတို့ဖြင့် ရှုမငြီးဖွယ် တင့်တယ်လှစွာသော မဟာဗောဓိ ကံ့ကော်ပင်ကို အလာယ်ဗတိုပြုကာ မြေသို့ သက်၍ တည်လေလျှင် ကချေသည်

WWW.DHAMMARANSI.COM



မောင်းမအပေါင်းတို့သည်လည်း အလောင်းတော်မြတ်က တစုံတရာ မမိန့်ဆိုရပဲ အလိုအလျောက် (အလိုက်သိကာ) ပြာသာဒ်တော်မှ သက်ဆင်း၍ ထွက်ခွါသွားကြလေကုန်၏။

## ဘုရားဖြစ်တော်မူခြင်း

များစွာသော ဂုဏ်ကျေးဇူးတို့ဖြင့် တင့်တယ်တော်မူသော သောဘိတ ဘုရားအလောင်းတော်သည် များစွာသော လူအပေါင်း ခြံရံလျက်ပင် ညဥ့်သုံးယံတို့၌ ဝိဇ္ဇာသုံးပါးတို့ကို ဖြစ်စေတော်မူလေသည်။ ထိုသောဘိတ မြတ်စွာဘုရားအထံသို့ မာရ်စစ်သည်ဗိုလ်ပါတို့သည် ဓမ္မတာအစွမ်းဖြင့် လာမြဲတိုင်း လာကြကုန်၏။ ပြာသာဒ်တော်သည်ကား ထိုအရပ်၌ပင် တည်ရှိလေ၏။

## တရားပွဲကြီး သုံးကြိမ်

သောဘိတမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရား ဟောရပါအံ့နည်း" ဟု ဆင်ခြင်တော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲ ညီတော်များဖြစ်ကြသည့် အသမမင်းသားနှင့် သုနေတ္တမင်းသားတို့ကို မြင်တော်မူ၍ "ဤမင်းသားနှစ်ဦးတို့သည် မဂ်ဖိုလ်ရကြောင်း ရှေးကုသိုလ်ကောင်းမှု ဥပနိဿယထုံး ရှိကြကုန်၏၊ နက်နဲသိမ်မွေ့သောတရားကို သိခြင်းငှါ စွမ်းနိုင်ကြကုန်၏၊ ကိုင်း...ငါသည် ဤမင်းသားနှစ်ဦးတို့အား တရားဟောပေအံ့"ဟု ကြံစည်တော်မူပြီးခါ ကောင်းကင်ခရီးဖြင့် တခဏခြင်း ကြွသွား၍ သုမေဓဥယျာဉ်အတွင်း သက်ဆင်းတော်မူပြီးလျှင် မင်းသားနှစ်ဦးတို့ကို ဥယျာဉ်မှူးကို အခေါ်လွှတ်၍ ရောက်ရှိလာကြသောအခါ အခြွေအရံနှင့်တကွသော ထိုမင်းသားနှစ်ဦးတို့ ခြံရံအပ်လျက် အထက်ဘဝဂ် အောက်အဝီစိတိုင် များမြောက်လှစွာသော လူနတ်ဗြဟ္မာ သတ္တဝါပရိသတ်အလယ်၌

WWW.DHAMMARANSI.COM



ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူလေလျှင် မရေမတွက်နိုင်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင်ကြကုန်သည်။

(ဤကား ရှေးဦးစွာသော(ဓမ္မာဘိသမယ) ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သုဒဿနမြို့တံခါးအနီး ဆန်းကြယ်စွာသော သခွတ်ပင်ကြီးအပါး၌ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းသားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထိုင်နေတော်မူလျက် အဘိဓမ္မာတရားကို ဟောကြားတော်မူလေသည်။ ဒေသနာအဆုံး၌ ကုဋေ ကိုးသောင်းသော နတ်ဗြဟ္မာအပေါင်းတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်။

(ဤကား (ဒုတိယဓမ္မာဘိသမယ)နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သုဒဿနမြို့၌ ဇယသေနမင်းသားသည် တယူဇနာ ပမာဏရှိသော ကျောင်းတိုက်ကြီး တည်ဆောက်၍ ထိုကျောင်းတိုက်အတွင်း သော်ကပင် မဟာလေ့ကားပင် အစရှိသည့် ကောင်းမြတ်ရာရာ ပန်းပင် သီးပင် အပေါင်းတို့ကို အကြားမလပ် တစပ်တည်း စိုက်စေပြီးလျှင် ထိုအရာမ်ဉယျာဉ်ကြီးနှင့်တကွ ဇယသေန ကျောင်းတိုက်ကြီးကို ဘုရားအမှူးရှိသော သံဃာအား ဆောင်နှင်း လှူဒါန်းလေသည်။ ထိုကျောင်းလှူတ်ပူဇော်ပွဲကြီး၌ သောဘိတမြတ်စွာဘုရားသည် ကျောင်းတော်အလှူ အနုမောဒနာတရား မဟာဒါနကို ချီးမွမ်း၍ ဟောကြားတော်မူလတ်သည်တွင် ကုဋေတသိန်းသော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေကုန်သည်။

(ဤကား (တတိယဓမ္မာဘိသမယ) သုံးကြိမ်မြောက် တရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

တဖန် ဥဂ္ဂတမည်သော မင်းသည် သုနန္ဒမြို့၌ သုနန္ဒာရာမ ကျောင်းတိုက်ကြီး တည်ဆောက်၍ ဘုရားအမှူးရှိသော ရဟန်း သံဃာအား လှူဒါန်းသည့် ကျောင်းလွှတ်အလှူပွဲကြီး၌ ဖေတိကုဋ ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြသော ရဟန္တာပေါင်း ကုဋေတရာ စည်းဝေးမိလေသည်။ ထိုရဟန္တာ ကုဋေတရာတို့၏ အလယ်၌ သောဘိတ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော် မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

တဖန် မေခလမြို့၌ ဓမ္မဂဏ ခေါ် သူတော်စင်အသင်းကြီးသည် ဂဏာရာမမည်သော အသင်းကျောင်းတိုက်ကြီး တည်ဆောက် ကာ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်း၍ ပရိက္ခရာမျိုးစုံနှင့် တကွ အလှူကို လှူဒါန်းလေသည်၊ ထိုအလှူ အစည်းအဝေး၌ ဖေတိကုဋ ရဟန္တာပေါင်း ကုဋေကိုးဆယ် စည်းဝေးမိလေသည်။ ထို အစည်းအဝေး၌ သောဘိတမြတ်စွာဘုရားသည် ဩဝါဒပါတိ မောက်ကို ပြတော်မူသည်။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

### တတိယသန္နိပါတ

သောဘိတ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရား ဟောတော်မူကာ ဝါလပတ်လုံး သီတင်းသုံး တော်မူပြီးသောအခါ ပဝါရဏာပြုရန်အတွက်နတ်ပြည်မှာအပေါင်း ခြံရံလျက် လူ့ပြည်သို့ သက်ဆင်းတော်မူသောအခါ ရဟန္တာပေါင်း ကုဋေရှစ်ဆယ်တို့နှင့်တကွ အင်္ဂါလေးပါးရှိသော အစည်းအဝေး၌ ပဝါရဏာပြုတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



(ဤ၌ အင်္ဂါလေးပါးအရ (၁) လပြည့်နေ့ဖြစ်ခြင်း၊ (၂) စည်းဝေးမိသော သံဃာအားလုံး ရဟန္တာဖြစ်ခြင်း၊ (၃) ထိုသံဃာ အားလုံးပင် ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ခြင်း၊ (၄) တစုံတယောက်က မဖိတ်မပင့်အပ်ပဲ စည်းဝေးမိသော သံဃာဖြစ်ခြင်းဟူ၍ ကောက်ယူသိရှိ ရာ၏။)

## ဂေါတမမြတ်စွာဘုရားအလောင်း သုဇာတပုဏ္ဏား ဗျာဒိတ်ခံခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ရမ္မာဝတီ မြို့၌ မိဖနှစ်ပါးစုံ ပုဏ္ဏားမျိုးမှ ကောင်းစွာဖြစ်ထွန်း ဖွားမြင်သည့် သုဇာတ မည်သော ပုဏ္ဏားဖြစ်၍ သောဘိတမြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သရဏဂုံတည်ပြီးသော် ဘုရားအမှူး ရှိသော ရဟန်းသံဃာအား ဝါတွင်းသုံးလပတ်လုံး ကြီးစွာသော အလှူဒါနကို ပေးလှူလေသည်။ ထိုအခါ သောဘိတမြတ်စွာဘုရား သည် အလောင်းတော် သုဇာတပုဏ္ဏားကို "နောက်အခါ၌ ဂေါတမအမည်တော်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

သောဘိတ မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော်သည် အလွန်ဝမ်းမြောက်ရွှင်ဖိတ် လန့်ထိတ်သော စိတ်နှလုံးရှိတော်မူကာ ဘုရားအဖြစ်သို့ ရောက်ရန်အတွက် တိုး တက်၍ ဝီရိယကို ပြုတော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

သောဘိတ မြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **သုဓမ္မ မြို့တော်** ဖြစ်၍ ခမည်းတော်မှာ **သုဓမ္မမင်းကြီး**, မယ်တော်မှာ **သုဓမ္မာမိဖုရားကြီး**တို့ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **ကုမုဒစံနန်းတော်, နာဠိနစံနန်းတော်, ပဒုမစံနန်းတော်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း ခုနစ်ထောင်သော ရံဇွှတော် အခြံအရံရှိသည့် **မဏိလာဒေဝီမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **သီဟမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီး လေးပါးတို့ကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ **စံနန်းတော်ပြာသာဒ်တော်ပင်** ဖြစ်သည့်ပြင် ခုနစ်ရက် ကြာမျှသော နန်းတော်အတွင်းမှာပင် ဒုက္ကရစရိယာ ကျင့်တော် မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **အသမမထေရ်** နှင့် **သုနေတ္တမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **အနောမမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **နကုလာထေရီမ**နှင့် **သုဇာတာ ထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်ကား **ကံ့ကော်ပင်** ဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **ရမ္မသူဌေး** နှင့် **သုဒတ္တသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမ တို့မှာ **နကုလာဥပါသိကာ** နှင့် **မိတ္တာဥပါသိကာ** တို့ ဖြစ်ကြ ကုန်၏။

သောဘိတ မြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့်ရှစ် တောင်မြင့်လျက် ထွန်းတက်သော နေလုပ်ပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို အလိုတော်ရှိသမျှ တောက်ပနိုင်သော ကိုယ် တော်ရောင်လည်း ရှိတော်မူပေ၏။

လောကဝ္ဌ ပန်းမျိုးစုံပေါင်း ကောင်းစွာပွင့်ကာ အထူးထူး သော ရနံ့တို့ဖြင့် သင်းထုံကြိုင်လှိုင်သော တောအုပ်ကြီးပမာ ထိုသောဘိတ မြတ်စွာဘုရား၏ စကားတော် တည်းဟူသော သာသနာတော် တောအုပ်ကြီးသည်လည်း သီလတည်းဟူသော ရနံ့တို့ဖြင့် သင်းထုံကြိုင်လှိုင်၍ နေပေ၏။

WWW.DHAMMARANSI.COM



**ဥပမာ တနည်းသော်ကား**....လောက၌ သမုဒ္ဒရာကြီးကို လှိုင်းတံပိုး တအိအိ တရှုရှု ထကြွနေခြင်း စသည်ကို ကြည့်ရှု၍ မရောင့်ရဲနိုင်သကဲ့သို့ ထို့အတူ သောဘိတ မြတ်စွာဘုရား၏ စကားတော်ကိုလည်း လူနတ်ဗြဟ္မာ သတ္တဝါတို့ ကြားနာရသဖြင့် အားမရနိုင် မရောင့်ရဲနိုင် တင်းမတိမ်နိုင် ဖြစ်ရပေသည်။

ထိုသောဘိတ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ လေးပုံ)ကာလပတ်လုံး တည်နေတော်မူလျက် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ကိုယ်တော့် မျက်မှောက် ကျွတ်တမ်း မရောက်ကြသေးသည့် နောက်အနာဂတ ဝေနေယျတို့အတွက် အကျဉ်းအကျယ် အဆုံးအမ ဩဝါဒအသွယ်သွယ်တို့ကို ကိုယ်တော်စား ထားတော်မူခဲ့၍ မီးတောက်ကြီး ငြိမ်းသည့်ပမာ သောဘိတမြတ်စွာဘုရားသည် သာဝကများနှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်းတော်မူခဲ့လေပြီ။

**သံဝေဂ**

အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသည့် ထိုသောဘိတမြတ်စွာဘုရားသည်၎င်း အဘိညာဉ် စသော အားအစွမ်းသို့ ရောက်တော်မူ ရတော်မူကြသည့် သာဝကများစွာ ထိုရဟန္တာတို့သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ... ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သောအနှစ်မရှိ အချည်းနှီးသာ ဖြစ်ကုန်စွာတကား....။

**သောဘိတ**မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မမူမီ "ငါဘုရားမရှိသည့်နောက် သတ္တဝါများ နတ်ရွာနိဗ္ဗာန်သို့ ပေါက်ရောက်ကြစေရန် ငါ၏ သာရီရိကဓာတ်တော်တို့သည် တလုံးတခဲတည်း မတည်ရစ်ကြပဲ အစိတ်စိတ် အမွှာမွှာ ကွဲပြား

WWW.DHAMMARANSI.COM



ပျံ့နှံ့ကြစေကုန်သတည်း” ဟု အမိန့်မှာန်တော်မူခဲ့ပြီးလျှင် သီဟ အမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ပရိနိဗ္ဗာန် စံတော်မူပြီးသော ထိုသောဘိတ မြတ်စွာဘုရား၏ ဓာတ်တော်တို့သည် သက်တော်ရှည်ဘုရားရှင်တို့၏ ဓာတ်တော်များ မကွဲမပျက် တခဲနက် တစုတည်း တည်ရှိရိုး ဓမ္မတာအတိုင်း မဟုတ်ပဲ အမိန့်မှာန်တော်မူချက်အရ အစိတ်စိတ် အမြွာမြွာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြားတည်ရှိ၍ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူကြလေကုန်သတည်း။

သောဘိတဗုဒ္ဓဝင် ပြီး၏။

---

## ၇-အနောမဒဿီဗုဒ္ဓဝင်

သောဘိတမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံး ပြီးသည့်နောက် မည်ရွေ့မည်မျှ ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင် များပြားလှစွာသော ဘုရားမပွင့်သည့် သုညကပ် ကမ္ဘာတွေ(တသင်္ချေ)ကို လွန်မြောက်ပြီးမှ တခုသော ကမ္ဘာတွင် (၁) အနောမဒဿီမြတ်စွာဘုရား၊ (၂) ပဒုမမြတ်စွာဘုရား၊ (၃) နာရဒမြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူတို့ ပွင့်တော်မူကြရာ ပဌမ ပွင့်တော်မူသော ဘုရားမှာ အနောမဒဿီ မြတ်စွာဘုရား ဖြစ်တော်မူလေသည်။

ထိုအနောမဒဿီမြတ်စွာဘုရား အလောင်းတော်သည် (၁၆) တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် နတ်ဗြဟ္မာ အပေါင်းတို့၏ ဘုရားဖြစ်ရန် -တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ စန္ဒဝတီ မင်းနေပြည်တော် ယသဝါမည်သော မင်းကြီး၏ ယသောဓရာအမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၏။

WWW.DHAMMARANSI.COM



**ထူးခြားချက် တရပ်မှာ**…. အနောမဒဿီမင်းသား ယသောဓရာမိဖုရားကြီး၏ ကြာတိုက်ဝမ်းသို့ သက်ရောက်လျှင်ပင် အလောင်းတော် မင်းသား၏ ကောင်းမှုအာနုဘော်ကြောင့် ပတ်ဝန်းကျင် အတောင်ရှစ်ဆယ် အတွင်း နေလတို့၏ အရောင်သော်လည်း မလွှမ်းမိုးနိုင်အောင် အရောင်အလင်းသည် ထွန်းလင်းပျံ့နှံ့၍ တည်လေသည်။

ယသောဓရာမိဖုရားကြီးသည် ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ အလောင်းတော် အနောမဒဿီမင်းသားကို သုစန္ဒနဉယျာဉ်တော်၌ ဖွားမြင်လေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း နိမိတ်ကြီးများ အံ့သြဖွယ်ကြီးများ ထင်မြဲထင်ကုန်၏။)

အလောင်းတော်မင်းသားကို အမည်မှည့်အံ့သောနေ့၌ အမည်မှည့်ကြမည့် ပညာရှိတို့သည် "အလောင်းတော်မင်းသား ပဋိသန္ဓေနေသောအခါ ကောင်းကင်မှ ရတနာခုနစ်ပါးတို့ တဖွားဖွား ကျရောက်လာသည်ကို အစွဲပြုကာ အနောမမည်သော ရတနာတို့ ဖြစ်ပေါ်ကြောင်းဖြစ်သောကြောင့် အလောင်းတော်၏ အမည်ကို အနောမဒဿီမင်းသား" ဟူ၍ မှည့်ခေါ်ကြလေကုန်သည်။

## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းတော် အနောမဒဿီ မင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) သိရိရွှေနန်းဆောင်၊ (၂) ဥပသိရိရွှေနန်းဆောင်၊ (၃) ဝဍ္ဍရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ သိရိမာမိဖုရားကြီးနှင့်တကွ ရံရွှေတော်ပေါင်း (၂၃၀၀၀) နှစ်သောင်း သုံးထောင်တို့၏ ဖျော်ဖြေ လုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း (၁၀၀၀၀) တသောင်းတို့ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ သိရိမာမိဖုရားကြီးမှ ဥပဝါကာ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ အလောင်းတော် အနောမဒဿီ မင်းသားသည် ရွှေထမ်းစင်စီးကာ တောထွက်၍ ရဟန်းပြုတော် မူ၏။ အလောင်းတော်မင်းသား ရဟန်းပြုသောအခါ အလောင်း တော်ကို (အားကျကာ) အတုလိုက်၍ သုံးကုဋေ အရေအတွက် ရှိသော ယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏။ထိုရဟန်းပေါင်း သုံးကုဋေခြံရံလျက် အလောင်းတော်သည် ဆယ်လကြာအောင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ လေသည်။

## ဘုရားဖြစ်တော်မူခြင်း

အလောင်းတော်သူမြတ်သည် ဆယ်လကြာ ဒုက္ကရစရိယာ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် အနုပမအမည်ရှိသော ပုဏ္ဏားရွာသို့ ဆွမ်းခံ ဝင်ပြီးလျှင် အနောပမာ အမည်ရှိသော သူဌေးသမီး လှူဒါန်း အပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတောအတွင်း၌ နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်သို့ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါ ခဲ့ပြီး မဟာဗောဓိမဏ္ဍိုင်ရှိရာ အရပ်သို့ တပါးတည်းကြွတော်မူရာ လမ်းခရီးအကြား၌ အနောမ အမည်ရှိသော တက္ကတွန်း လှူဒါန်း အပ်သည့်မြက်ရှစ်ဆုပ်တို့ကိုခံတော်မူခဲ့၍ မဟာဗောဓိ ထောက်ကြံ့ (ဖောက်ကြံ့)ပင်အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက်(၃၈) သုံးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ တက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့် အတိုင်း မာရ်စစ်သည် ဗိုလ်ပါကို မှုတ်လွှင့် အောင်မြင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

WWW.DHAMMARANSI.COM



အနောမဒဿီ မြတ်စွာဘုရားသည် သံသရာဝဋ်မှ မလွတ်ရအောင် ဖွဲ့နှောင်တတ်သည့် သံယောဇဉ်ဆယ်မျိုး လွှန်ရှည်ကြိုးကို ဖြတ်တော်မူ၍ ဘဝသုံးပါးသို့ ပြေးသွားကျင်လည်စေတတ်သောကံတို့ကို ကမ္မက္ခယအမည်ရသော မဂ်ဉာဏ်ဖြင့် ဖျက်ဆီးတော်မူပြီးလျှင် ဗြဟ္မာနတ်လူ သတ္တဝါဟိန္ဒဂူတို့အား နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သည့်လမ်းစဉ် မဂ္ဂင်ရှစ်ပါးတရားကို ဟောကြားတော်မူနိုင်ပေ၏။

ထိုအနောမဒဿီ မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကြီးပမာ သူတပါးတို့က ချောက်ချားတုန်လှုပ်စေခြင်းငှါ မတတ်နိုင်သော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံတော်မူပေ၏။ မြင်းမိုရ်တောင်ကြီးပမာ(ယံဝါ တံဝါ) ဟုတ်ဟုတ်ဖြားဖြား ပုဂ္ဂိုလ်တို့ ချဉ်းကပ်ခြင်းငှါ ခဲယဉ်းသော ဂုဏ်ကျေးဇူးနှင့်လည်း ပြည့်စုံတော်မူ၏။ ကောင်းကင်ကြီးပမာ အဆုံးအပိုင်းအခြား မရှိသော ဂုဏ်ကျေးဇူးတော်တို့နှင့်လည်း ပြည့်စုံတော်မူပေ၏။ ပင်လုံးကျွတ် ပွင့်သော အင်ကြင်းပင်ကြီးပမာ လက္ခဏာတော် ကြီးငယ်တို့ဖြင့်လည်း တင့်တယ်တော်မူပေ၏။

သတ္တဝါတို့သည် အနောမဒဿီမြတ်စွာဘုရားကို ဖူးမြင်ရခြင်းဖြင့် ချမ်းကြည်ရွှင်ပျ နှစ်လိုကြကုန်၏။ ဟောဖော်မိန့်ကြား တရားသံကို ကြားရကုန်သည်ရှိသော် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြရကုန်၏။

## တရားပွဲကြီး သုံးကြိမ်

အနောမဒဿီမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်)စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ တရားဟောဖို့ရန် အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ် တည်းဟူသော ဗုဒ္ဓစက္ခုဖြင့်

WWW.DHAMMARANSI.COM



သတ္တလောကကို ကြည့်ရှုတော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့် အတူတကွ ရဟန်းပြုကြသည့် သုံးကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ် ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ယခုအခါ ထိုသူတို့သည် အဘယ်အရပ်၌ နေကုန်သနည်း" ဟု ကြည့်ရှုဆင်ခြင်တော်မူပြန်သော် သုဘဝတီမြို့၏အနီး သုဒဿန ဥယျာဉ်ကြီး၌ နေကြသည်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကာ သုဒဿန ဥယျာဉ်ကြီးအတွင်း သက်ဆင်း တော်မူပြီးလျှင် ထိုရဟန်းတော် သုံးကုဋေ ခြံရံလျက် နတ်လူ ပရိသတ်တို့ အလယ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟော ကြားတော်မူလေသည်။ ထိုတရားပွဲကြီး၌ ကုဋေတရာ အတိုင်း အရှည်ရှိသော သတ္တဝါတို့သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြကုန်၏။

(ဤကား ရှေးဦးအစ (ဓမ္မာဘိသမယ) ပဌမ တရားပွဲကြီးတည်း။)

ထိုမှနောက် အခါတပါး၌ သြသဓိမြို့၏အနီး ပိတောက်ပင်ကြီး ၏အပါး၌ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ဒေသနာ ရွှေမိုးငွေမိုး ရွာသွန်းစေတော်မူသည်။ ထိုအခါ ကုဋေရှစ်ဆယ် သော နတ်မြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ကြလေကုန်သည်။

(ဤကား (ဒုတိယဓမ္မာဘိသမယ) နှစ်ကြိမ်မြောက် တရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ မင်္ဂလာပုဏ္ဏာ ပြဿနာကို စိတ်ဖြာ ခွဲခြမ်း ဟောကြားဖြေဆိုတော်မူသော တရားပွဲကြီး၌ ခုနစ်ဆယ့် ရှစ်ကုဋေသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေကုန်သည်။

(ဤကား(တတိယဓမ္မာဘိသမယ)သုံးကြိမ်မြောက် တရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

အနောမဒဿီ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီး လည်း သုံးကြိမ်ပင်ဖြစ်ပေ၏၊ ထိုသုံးကြိမ်တို့တွင် အနောမဒဿီ မြတ်စွာဘုရားသည် သောရေယျမြို့၌ ဓမ္မသိဒ္ဓတ္ထမင်းအား တရား ဟောတော်မူအပ်သည့်ရှိသော် သန္နိပါတရား ကြီးစွာ ဖြစ်ပွါးကြ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြသည့် ရဟန္တာရှစ်သိန်း တို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

တဖန် ရာဓဝတီမြို့၌ သုန္ဒရိန္ဓရ(မရိန္ဓရ) မည်သော မင်းအား တရားဟောအပ်သည့်ရှိသော် သန္နိပါတရား ကြီးစွာ ဖြစ်ပွါးကြ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြသည့် ရဟန္တာခုနစ်သိန်း တို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

### တတိယသန္နိပါတ

တဖန် သောရေယျမြို့၌ပင် သောရေယျမင်းနှင့်တကွ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြသည့် ရဟန္တာ ခြောက်သိန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ဘီလူးစစ်သူကြီး ဗျာဒိတ်ခံခြင်း

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် တန်းခိုးအာနုဘော် ကြီးမား

WWW.DHAMMARANSI.COM



လှသည့် ကုဋေပေါင်းများစွာသော ဘီလူးတို့ကို အစိုးရသော ဘီလူးစစ်သေနာပတိကြီး ဖြစ်တော်မူကာ "လောကဌ် မြတ်စွာဘုရား ပွင့်နေသည်" ဟူသော သတင်းစကား ကြားသိရ၍ ဘုရားထံမှောက် လာရောက်ပြီးလျှင် အလွန်တင့်တယ် ရှုချင်ဖွယ်ရာ ရတနာ၇နစ်ပါးတို့ဖြင့်ပြီးသော မဏ္ဍပ်ကြီးကို ဖန်ဆင်းပြီးလျှင် ထိုရတနာမဏ္ဍပ်အတွင်း၌ ဘုရားအမှူးရှိသော သံဃာတော်အား ခုနစ်ရက်ပတ်သုံး ဆွမ်းအဖျော် အစရှိသည့် ကြီးစွာသော အလှူဒါနကို ပေးလှူလေသည်။

ထိုအခါ အလောင်းတော် ဘီလူးစစ်သူကြီးကို အနောမဒဿီ မြတ်စွာဘုရားသည် ဆွမ်းနှင့်စပ်၍ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရား ဟောကြားရာတွင် "ဤကမ္ဘာမှနောက် တသင်္ချေနှင့် ကမ္ဘာတသိန်း လွန်မြောက်သောအခါ၌ ဤ ဘီလူးစစ်သူကြီးသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

အနောမဒဿီမြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားသိရလျှင် အလောင်းတော်သည် အလွန်ဝမ်းမြောက်ရွှင်ဖိတ် လန့်ထိတ်သော စိတ်နှလုံးရှိတော်မူကာ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် လုံ့လပြုတော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

အနောမဒဿီ မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **စန္ဒဝတီ မြို့တော်** ဖြစ်၍ ခမည်းတော်မှာ **ယသဝါမင်းကြီး,** မယ်တော်မှာ **ယသောဓရာမိဖုရားကြီး**တို့ ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀) တသောင်းဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **သိရိစံနန်းတော်, ဥပသိရိစံနန်းတော်, ဝဍ္ဎစံနန်းတော်**တို့ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



အင္ဂဒေဝီ မဟေသီမိဖုရားကြီးမှာ ရုံရွှေတော်ပေါင်း နှစ်သောင်း သုံးထောင် အခြံအရံရှိသည့် **သိရိမာဒေဝီ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **ဥပဝါဏမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကို မြင်၍ တောထွက်တော်မူသော ယာဉ်မှာ **ရွှေထမ်းစင်**ဖြစ်၍ ဆယ်လကြာအောင် ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **နိသဘမထေရ်**နှင့် **အနောမမထေရ်**တို့ ဖြစ်၍ အလုပ်အကျွေးမှာ **ဝရုဏမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **သုန္ဒရီထေရီမ**နှင့် **သုမနာထေရီမ** တို့ဖြစ်ကြ၍ ပွင့်တော်မူရာ မဟာဗောဓိပင်ကား **ထောက်ကြံ့**(ဖောက်ကြံ့) **ပင်** မဟာဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **နန္ဒိဝနသူဌေး**နှင့် **သိရိဝနသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမ တို့မှာ **ဥပ္ပလာဥပါသိကာ**နှင့် **ပဒုမာဥပါသိကာ**တို့ ဖြစ်ကြ ကုန်၏။

အနောမဒဿီမြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့် ရှစ်တောင်မြင့်လျက် ထွန်းတက်သော နေလုင်ကဲ့သို့ ရောင်ခြည် တော်မှာ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာတိုင်အောင် ထွက်ကွန့် တော်မူလေသည်။

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၁၀၀၀၀၀) တသိန်းတမ်းဖြစ်၍ ထိုမျှလောက် (အသက် တမ်း၏ ငါးပုံ့လေးပုံ) တည်နေတော်မူလျက် လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်း ကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

မြတ်သော တရားစကားတော် တည်းဟူသော အနောမဒဿီ မြတ်စွာဘုရား၏ သာသနာတော်သည် လောကဓံ တရားတို့ ကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်ရှင် ဖြစ်တော်မူကြသော

WWW.DHAMMARANSI.COM



ရာဂကင်းကွာ ကိလေသာအညစ်အကြေး ကင်းဝေးတော်မူကြ သည့် ရဟန္တာသခင် အရှင်မြတ်တို့ဖြင့် ပွင့်လင်း တင့်တယ်ခဲ့လေပြီ။

**သံဝေဂ**

မနှိုင်းရှည်နိုင်သော အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူသည့် ထိုအနောမဒဿီမြတ်စွာဘုရားသည် ၎င်း, အတုမရှိသောဂုဏ်နှင့် ပြည့်စုံကြသည့် သာဝကအစုံ အစရှိသည်တို့သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ် ပျောက်ခဲ့လေပြီ....၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲနိုင်သောအနှစ်မရှိ အချည်းနှီးသာဖြစ်ကုန်စွာ့တကား....။

**စေတီတော်**

မာရ်ငါးပါးကို အောင်တော်မူပြီးသော အနောမဒဿီ မြတ်စွာ ဘုရားသည် ဓမ္မာရာမခေါ်သော အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူခဲ့၏၊ ထိုအရာမ်အတွင်းမှာပင် တည်ထားအပ်သော ထိုအနောမဒဿီမြတ်စွာဘုရား၏ စေတီတော်ကြီးသည် နှစ်ဆယ့် ငါးယူဇနာမြင့်တော်မူ၏။

(ဤအနောမဒဿီ မြတ်စွာဘုရား အထံတော်၌ အရှင်သာရိပုတြာ နှင့် အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့ အဂ္ဂသာဝကဖြစ်ဖို့ရန် ဆုတောင်းမှု ပြုခဲ့ကြသည်၊ အထက် ဂေါတမဗုဒ္ဓဝင်ခဏ်း၌ ထိုအကြောင်း ထင်ရှား လတ္တံ့.။)

အနောမဒဿီဗုဒ္ဓဝင် ပြီး၏။

---

**၈-ပဒုမဗုဒ္ဓဝင်**

အနောမဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သည့်နောက် လူတို့၏ အသက်တမ်းအနှစ်(၁၀၀၀၀၀)တသိန်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင်

WWW.DHAMMARANSI.COM



နေ့ကိုထပ် ဆုတ်ယုတ်ပြန်၍ လူတို့အသက် (၁၀၀၀၀၀)တသိန်း တမ်းသို့ ရောက်သောအခါ ပဒုမမြတ်စွာဘုရားအလောင်းတော် သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးသည်၏ အဆုံး၌ အလောင်း တော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာ အပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ သက်ဆင်းကာ စမ္ပက မင်းနေပြည် တော် အသမမင်း၏ အသမာ အမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လလွန်မြောက် အချိန် ရောက်သောအခါ စမ္ပကဥယျာဉ် (စကားပင်ဥယျာဉ်) အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်မြ ထင်ကုန်၏။)

အလောင်းတော်မင်းသား ဖွားမြင်သောအခါ ကောင်းကင်မှ ဇမ္ဗူဒိပ်တကျွန်းလုံး သမုဒ္ဒရာဆုံးအောင် ပဒုမာကြာပန်းမိုးဃ်း တဖြိုး ဖြိုး ရွာချလေသည်၊ ထို့ကြောင့် အလောင်းတော်မင်းသားကို အမည်မှည့်သောနေ့၌ နိမိတ်ဖတ်ဆရာ ပညာရှိတို့နှင့် ဆွေမျိုး အပေါင်းတို့က မဟာပဒုမမင်းသားဟူ၍ အမည်မှည့်ကြလေ သည်။

## ယိမ်းနန်းစိုးစံတော်မူခြင်း

အလောင်းတော် မဟာပဒုမ မင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) နန္ဒုတ္တရရွှေနန်းဆောင်၊ (၂) ဝသုတ္တရ ရွှေနန်းဆောင်၊ (၃) ယသုတ္တရ ရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ ဥတ္တရာဒေဝီ မိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း (၃၃၀၀၀) သုံးသောင်း သုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၁၀၀၀၀) တသောင်းတို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့် တူသော စည်းစိမ် ချမ်းသာကို ခံစားတော်မူကာ ယိမ်းနန်းစိုးစံတော်မူ၏။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ ဥတ္တရာဒေဝီ မိဖုရားကြီးမှ ရမ္မ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ နတ်တို့ ဆင်ယင်အပ်သော အဆင် တန်းဆာဖြင့် အာဇာနည်မြင်းကသော ရထားကိုစီးကာ တော ထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော်မင်းသား ရဟန်း ပြုသည်ကို အတုလိုက်(အားကျ)ကာ တကုဋေ အရေအတွက် ရှိသော, ယောက်ျားတို့ ရဟန်းပြုကြလေသည်။ ပဒုမမြတ်စွာဘုရား အလောင်းတော်သည် တကုဋေအရေအတွက်ရှိသော ရဟန်း တို့နှင့်တကွ ရှစ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်တော်မူလေသည်။

## ဘုရားဖြစ်တော်မူခြင်း

ရှစ်လပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်ကြံကြိုးကုတ် အား ထုတ်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် ဓညဝတီ မြို့နေ သုဓညဝတီ အမည်ရှိသော သူဌေးကြီး၏ ရင်သွေး ဓညဝတီ အမည်ရှိသော သူဌေးသမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်း၌ နေ့သန့် ( နေခို ) တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါခဲ့ပြီးမှ မဟာ ဗောဓိမဏ္ဍိုင်ရှိရာအရပ်သို့ တပါးတည်းကြွတော်မူရာ လမ်းခရီး အကြား၌ တိတ္ထကအမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ ကြောင်လျှာကြီး ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၃၈) သုံးဆယ့် ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက် လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါ လေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွင့်ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရား အဖြစ်သို့ ရောက်တော်မူလေသည်။

WWW.DHAMMARANSI.COM



## တရားပွဲကြီး သုံးကြိမ်

ပဒုမမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (ကြောင်လျှာကြီး) ပင်၏အနီးမှာပင် သတ္တ-သတ္တာဟ=(လေးဆယ့်ကိုးရက်)စံနေတော်မူပြီးလျှင် တရားဟော ရန် မြဟ္မာမင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင် တော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့်တကွ ရဟန်းပြုကြသည့် တကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရား ဟောအံ့"ဟု ကြံစည်တော်မူပြီးလျှင် "ယခုအခါ ထိုရဟန်းတို့ သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှုဆင်ခြင်တော် မူပြန်သော် ဓညဝတီမြို့အနီး မနုဿယဉယျာဉ်ကြီး၌ နေကုန်၏ဟု မြင်တော်မူလျှင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ထိုရဟန်း တို့နေရာ မနုဿယဉယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

ထိုအခါ တကုဋေသော ရဟန်းတို့သည် ပဒုမမြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညိုလှသော စိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ်သင်္ကန်း တော်ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုးဝတ်ပြုခြင်းကိစ္စတို့နှင့် ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ ပဒုမ မြတ်စွာဘုရားသည် မိမိနှင့်ရဟန်းပြုဖက် ဖြစ်ကြသည့် တကုဋေ သော ရဟန်းတို့ခြံရံလျက် လူနတ်မြဟ္မာ သတ္တဝါ ပရိသတ်တို့ အလယ်၌ ရှေးရှေးဘုရားတို့ ဟောကြားတော်မူကြမြဲ ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ လူနတ်မြဟ္မာ ကုဋေတရာတို့သည် မဂ်ဖိုလ်တရားထူးကို ရကြ ကုန်၏။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



ထို့နောက် အခါတပါးဝယ် ပဒုမမြတ်စွာဘုရားသည် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ညီတော်ဖြစ်သော သာလမင်းသားနှင့် ဥပသာလမင်းသား (အဂ္ဂသာဝကအလျာ) တို့ကို ထိုသူတို့၏ အခြံအရံ ပရိသတ်နှင့်တကွ ရဟန်းပြုစေတော်မူ၍ တရားဟောတော်မူသည်ရှိသော် ကုဋေကိုးဆယ်သော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် ပဒုမမြတ်စွာဘုရားသည် သားတော် ဖြစ်သော အရှင်ရမ္မအား အဆုံးအမတရား ဟောကြားတော်မူ၏။ ထိုအခါ ကုဋေရှစ်ဆယ်သော လူနတ်ဖြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

ပဒုမမြတ်စွာဘုရား၏ သာဝက အစည်းအဝေးကြီး သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ သုဘာဝိတဏ္ဍ အမည်ရှိသောမင်းသည် ပဒုမမြတ်စွာဘုရားအထံတော်၌ အခြံအရံပရိသတ် ကုဋေတသိန်းတို့နှင့်တကွ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြု၏၊ ထိုအစည်းအဝေး၌ ပဒုမ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် ပဒုမမြတ်စွာဘုရားသည် ဥသဘဝတီမြို့ကို ဝေါစရဂံ အမှီပြု၍ ဝါကပ်တော်မူ၏။ ထိုအခါ

WWW.DHAMMARANSI.COM



ဘုရားဖူးရန် လာရောက်ကြသော မြို့နေသူ လူအပေါင်းတို့အား ပဒုမမြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ ထိုမြို့၌ များစွာသော လူတို့သည် သဒ္ဓါတရားဖြစ်ပွါးကြကာ ရဟန်းပြုကြကုန်၏။ ထို့နောက် ပဒုမ မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ ထိုဥသဘဝတီမြို့မှ ရဟန်းပြုကြသည့် ရဟန်းတို့နှင့်တကွ အခြားသော ရဟန်းတော်များ စုစုပေါင်း ရဟန္တာ သုံးသိန်းတို့နှင့်တကွ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူသည်။ ။(ဝိသုဒ္ဓိ ပဝါရဏာဟူသည် ရဟန္တာအရှင်မြတ်တို့ချည်းသက်သက်ပြုသော ပဝါရဏာကို ခေါ်သည်။)

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထိုမြို့၌ ရဟန်းမပြုပဲ ကျန်ရစ်ကြသည့် ဒါယကာတို့သည် ကထိန်အာနိသင်တရား ကြားနာရသဖြင့် ကထိန်သင်္ကန်းလှူဒါန်းကြသောအခါ ထိုကထိန်သင်္ကန်းကို ဓမ္မသေနာပတိဘွဲ့ခံ လက်ျာရံအရှင်သာလမထေရ်အား ကထိန်ခင်းရန် တောင်းပန်၍ ဉတ်ကမ္မဝါစာဖြင့် သံဃာတော်က ပေးလှူသည်တွင် ရဟန်းအများတို့ ထိုသင်္ကန်းကို နေ့ခြင်းပြီးအောင် ဝိုင်းဝန်း ချုပ်လုပ်ကြကုန်၏။ သံဃာ့ကိစ္စဖြစ်၍ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် သံဃာအများ သင်္ကန်းချုပ်ကြသော နေရာမှာ အပ်နဖားတွင်း ချည်ကိုသွင်း၍ ကူညီခြင်းအမှုကို ပြုတော်မူပေ၏။ ကထိန်သင်္ကန်း ချုပ်လုပ်ပြီးပြေ ရှိသောအခါ ပဒုမမြတ်စွာဘုရားသည် ရဟန်းတော် သုံးသိန်းတို့နှင့် အတူတကွ ခရီးဒေသစာရီ ကြွချီတော်မူ၏။ ထို့နောက် အခါတပါး၌ ပဒုမမြတ်စွာဘုရားသည် ဂေါသိင်္ဂအင်ကြင်းတောနှင့်တူသော တောကြီးအတွင်း၌ ဝါကပ်တော်မူ၏၊ ထိုတောအတွင်း၌ သီတင်းသုံးနေတော်မူသည့် အခြံအရံ ပရိသတ်နှင့်တကွသော မြတ်စွာဘုရားကို လူအပေါင်းတို့သည် ဖူးမြော်ကြပြီးလျှင် တရားတော်ကို နာကြားရသောအခါ သဒ္ဓါကြည်ညိုဖြစ်ပွါးကြ၍ မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်တော်မူသည်တွင် ဧဟိဘိက္ခု

WWW.DHAMMARANSI.COM



ရဟန်းအဖြစ်ဖြင့် ရဟန်းဖြစ်ကြလေကုန်၏။ ထိုအခါ နှစ်သိန်းသော ရဟန်းအပေါင်း ခြံရံလျက် မြတ်စွာဘုရားသည် ပဝါရဏာပြုတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

(ဤ ဒုတိယသန္နိပါတနှင့် တတိယသန္နိပါတ အကြောင်းအရာမှာ အဋ္ဌကထာ ဖွင့်ပြချက်အတိုင်း ရေးသားဖော်ပြခြင်း ဖြစ်သည်။ ပါဠိတော် လက်ရှိစာမူအတိုင်းကား လကျာ်ရံ အဂ္ဂသာဝက အရှင်သာလမထေရ်အတွက် ကထိန်သက်နိုး ချုပ်ရန် စည်းဝေးမိသည့် ရဟန္တာသုံးသိန်း အစည်းအဝေးကို ဒုတိယသန္နိပါတဟု မှတ်ယူရန် အဓိပ္ပါယ်ရောက်ရှိနေပေ၏။ ထိုသို့ အဓိပ္ပါယ် သက်ရောက်နေသည်ကို သိမြင်ပါလျက် အဋ္ဌကထာ ဆရာတော်သည် ပါဠိတော်မှ တမျိုးထူး၍ကဲ့သို့ ရေးသားဖွင့်ပြတော်မူခြင်းမှာ ဘုရားအလိုတော်ကို သိတော်မူကြသည့် အဋ္ဌကထာဟောင်း ဆရာကြီးများ ဖွင့်ပြချက်ကို အမှီရ၍သာ ဖွင့်ပြခြင်းဖြစ်တန်ရာသောကြောင့်ရင်း, ပဝါရဏာပြုသည့် အစည်းအဝေး ဩဝါဒပါတိမောက်ပြသည့် အစည်းအဝေးတို့ကိုသာလျှင် ရှေးနောက်ဖြစ်သောဗုဒ္ဓဝင်တို့၌ သာဝက အစည်းအဝေးအဖြစ် လာရှိသောကြောင့်ရင်း ဤကျမ်း၌ အဋ္ဌကထာ ဖွင့်ပြချက်အတိုင်း ရေးသား ဖော်ပြခြင်း ဖြစ်ပေသည်။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ခြသေ့်မင်းဖြစ်၍ မျှော်မိတ်ခံခြင်း

ပဒုမမြတ်စွာဘုရား ထိုတောအုပ်အတွင်း သီတင်းသုံးနေတော်မူစဉ် ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ခြသေ့်မင်းဖြစ်၍ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူနေသော ပဒုမမြတ်စွာဘုရားကို ဖူးမြော်ရလျှင် အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရှိခိုးပြီးကာ လကျာ်ရစ်လှည့်လည်ပြီး အလွန်ရွှင်လန်းဝမ်းမြောက်လျက် သုံးကြိမ်တိုင် ကျူးဟောက်ပြီးလျှင် ခုနစ်ရက်

WWW.DHAMMARANSI.COM



ပတ်လုံး ဘုရားလျှင် အာရုံရှိသော ပီတိကို မစွန့်လွှတ်ပဲ အစာ ရှာရန်လည်း ထွက်ခွါမသွားတော့ပဲ အသက်ကိုပင် စွန့်လျှက်သာ မြတ်စွာဘုရားကို ရှိသေစွာ ဆည်းကပ် ရပ်တည်နေလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်လွန်သဖြင့် နိရောဓ သမာပတ်မှ ထတော်မူ၍ ခြင်္သေ့မင်းကို မြင်တော်မူလျှင် "ရဟန်း သံဃာတော်၌လည်း ဤခြင်္သေ့မင်းအား စိတ်၏ ကြည်ညိုခြင်း ဖြစ်စေသတည်း"ဟု ကြံစည်တော်မူကာ "ရဟန်းသံဃာများ ဤအရပ်သို့ လာရောက်စေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူလိုက် သည်နှင့် တပြိုင်နက် ကုဋေများစွာသောရဟန်းတို့သည် ထိုအရပ် သို့ လာရောက်ကြကုန်၏။ အလောင်းတော် ခြင်္သေ့မင်းသည် သံဃာ၌လည်း ကြည်ညိုသောစိတ်ကို ဖြစ်စေ၏။ ထိုအခါ ပဒုမ မြတ်စွာဘုရားသည် ခြင်္သေ့မင်း၏စိတ်ကို ကြည့်ရှုသိမြင်တော်မူ၍ "ဤခြင်္သေ့မင်းသည် နောက်အခါ၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်ပေလိမ့်မည်"ဟု ဗျာဒိတ်စကား ကြားတော်မူ လေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

ပဒုမ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် ခြင်္သေ့မင်းသည် အတိုင်းထက်အလွန် မိမိစိတ်ကို ကြည်လင်စေ၍ ဆယ်ပါးသော ပါရမီတော်တို့ကို တိုးတက်ဖြည့် ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ပဒုမ မြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **စမ္ပက** မြို့တော် ဖြစ်၍ ခမည်းတော်မှာ **အသမမင်းကြီး**, မယ်တော်မှာ **အသမာဒေဝီ မိဖုရားကြီး**တို့ ဖြစ်ကြကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀) တသောင်းဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **နန္ဒုတ္တရစံနန်း**

WWW.DHAMMARANSI.COM



**တော်, ဝသုတ္တရ စံနန်းတော်, ယသုတ္တရ စံနန်းတော်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း သုံးထောင်သော မောင်းမမိဿံ(ရံရွေတော်)အခြံအရံရှိသည့် **ဥတ္တရာ မိဖုရားကြီး** ဖြစ်၍ သားတော်မှာ **ရမ္မမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **အာဇာနည်မြင်း**ကသည့် **ရထားယာဉ်** ဖြစ်ပြီးလျှင် ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **သာလမထေရ်**နှင့် **ဥပသာလမထေရ်** တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ဝရုဏမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **ရာမာထေရီမ** နှင့် **သုရာမာထေရီမ** တို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာဗောဓိပင်ကား **ကြောင်လျှာကြီးပင်** ဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **ဘိယျသူဌေး** နှင့် **အသမသူဌေး** တို့ ဖြစ်ကြပြီးလျှင် မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ရုစိဥပါသိကာ** နှင့် **နန္ဒရာမာ ဥပါသိကာ** တို့ ဖြစ်ကြသည်။

ပဒုမမြတ်စွာဘုရား၏ အရပ်တော်မှာ (၅၈) ငါးဆယ့်ရှစ် တောင်မြင့်လျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် အလုံးစုံသော အရပ်မျက်နှာတို့သို့ အလိုတော်ရှိသမျှ ထိုမှ ဤမှ ထွက်ကြွကွန့်မြူး၏။

လရောင် နေရောင် ရတနာရောင် မီးရောင် ပတ္တမြားရောင်တို့သည် မြတ်စွာဘုရားရှင်၏ ကိုယ်တော်ရောင်သို့ ရောက်လျှင် (ကိုယ်တော်ရောင်နှင့် တိုက်ဆိုလျှင်) ကွယ်ပျောက်ကြရလေကုန်သည်။

ပဒုမ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၁၀၀၀၀၀)တသိန်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့ လေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ဣန္ဒြေရင့်ကျက်သော သတ္တဝါတို့ကို အကြွင်းအကျန်မထား ကိုယ်တော်မြတ် သက်တော်ထင်ရှား ရှိစဉ်မှာပင် သစ္စာလေးပါး တရားကို သိစေပြီးလျှင် ထိုမှကြွင်းကျန်သော အခြား လူနတ်ဗြဟ္မာ သတ္တဝါတို့ကို သစ္စာလေးပါး တရားကို သိရစ်ကြရန် အဆုံးအမ ဩဝါဒတရား ဟောကြားတော်မူ၍ ထိုပဒုမမြတ်စွာဘုရားသည် သာဝကများစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

လောက၌ မြွေနဂါးသည် အရေဟောင်းကို စွန့်သကဲ့သို့၎င်း သစ်ပင်သည် အရွက်ဟောင်းကို စွန့်သကဲ့သို့၎င်း တပြောင်ပြောင် ထွန်းပကာ မီးစာကုန်သဖြင့် ငြိမ်းအေးသွားသော မီးကဲ့သို့၎င်း ပဒုမမြတ်စွာဘုရားသည် အလုံးစုံသော အတွင်းအပ သင်္ခါရတရားတို့ကို ပယ်စွန့်တော်မူကာ ငြိမ်းစဲ အေးချမ်းသွားတော်မူလေပြီ။

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမမြတ်စွာဘုရားသည် ဓမ္မာရာမ မည်သော အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏၊ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့် နည်းတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွှာမြွှာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြား တည်ရှိကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

ပဒုမဗုဒ္ဓဝင် ပြီး၏။

WWW.DHAMMARANSI.COM



## ၉-နာရဒဗုဒ္ဓဝင်

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် လူတို့၏ အသက်တမ်း အနှစ်(၁၀၀၀၀၀)တသိန်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ(၁၀) ဆယ်နှစ်တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ အသက် (၉၀၀၀၀)ကိုးသောင်းတမ်းသို့ ရောက်သောအခါ နာရဒမြတ်စွာဘုရား အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ ဓညဝတီမြို့တော် သုဒေဝ စကြာမင်းကြီး၏ အနောမာ အမည်ရှိသော မိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လလွန်မြောက် အချိန်သို့ ရောက်သောအခါ ဓနဉ္စယဉယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေ နေတော်မူသောအခါ ဖွားမြင်သောအခါတို့၌ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်မြဲ ထင်ကုန်၏။)

အလောင်းတော်မင်းသားကို အမည်မှည့်အံ့သောနေ့၌ အမည်မှည့်အံ့ဆဲဆဲတွင် ဇမ္ဗူဒိပ်တကျွန်းလုံး၌ လူတို့သုံးဆောင်ခြင်းငှါ လျောက်ပတ်သော အဝတ်တန်းဆာ အမျိုးမျိုးတို့သည် မိုဃ်းကြီးရွာချသည့်ပမာ ကောင်းကင် ပဒေသာပင် စသည်တို့မှ အလိုလိုကြွေကျကုန်ရကား အမည်မှည့်ကြမည့် ပညာရှိတို့သည် နာရ = လူတို့အား လျောက်ပတ်ထိုက်တန်သည့် အဝတ်တန်းဆာ စသည်ကို ဒ = ပေးတတ်သည်ဟူသော အနက်ကို အစွဲပြုကာ နာရဒမင်းသားဟူသော အမည်ကို မှည့်ခေါ်ကြလေကုန်သည်။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် နာရဒမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) ဇိတရွှေနန်းဆောင်၊ (၂) ဝိဇိတရွှေနန်းဆောင်၊

WWW.DHAMMARANSI.COM



(၃) အဘိရာမရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ ဝိဇိတသေနာမိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း (၁၂၀၀၀၀) တသိန်းနှစ်သောင်းတို့၏ ဖျော်ဖြေ လုပ်ကျွေးပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၉၀၀၀)ကိုးထောင်တို့ ကာလ ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ ဝိဇိတသေနာမိဖုရားကြီးမှ နန္ဒုတ္တရမည်သော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ စစ်အင်္ဂါလေးပါး ခြံရံကာ အလောင်းတော်သည် အထူးထူးသော အဝတ်တန်ဆာ နံ့သာ ပန်းမာလ်စသည်တို့ဖြင့် တန်ဆာဆင်ယင်လျက် မင်္ဂလာဥယျာဉ်တော်သို့ ခြေလျင် ထွက်ကြွတော်မူကာ အဆင်တန်ဆာတို့ကို ချွတ်၍ ဘဏ္ဍာစိုး၏ လက်၌ အပ်နှင်းတော်မူပြီးလျှင် လက်သုံးတော်သန်လျက်ဖြင့် ကိုယ်တော်တိုင် ဆံကို ပယ်တော်မူ၍ ကောင်းကင်သို့ ပစ်လွှင့်လေသည်။

ထိုဆံတော်ကို သိကြား နတ်မင်းသည် ရွှေပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည် (မြင်းမိုရ်တောင်ထိပ်)၌ သုံးယူဇနာ အမြင့်ရှိသည့် ရတနာ ခုနစ်ပါးဖြင့်ပြီးသော စေတီတော်ကြီး တည်ထားလေသည်။ အလောင်းတော်မင်းသားကား မြဟ္မာ လှူဒါန်းသော သင်္ကန်းတို့ကို ဝတ်ရုံဆင်မြန်းတော်မူကာ ထိုမင်္ဂလာဥယျာဉ်တော်အတွင်း၌ပင် ရဟန်းပြုတော်မူသည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ကာ ယောကျ်ားပေါင်းတသိန်းတို့ ရဟန်းပြုကြလေသည်။

(ဤ၌ အထူးသတိပြုသင့်သော အချက်တခုမှာ....နာရဒဘုရားအလောင်းတော်မှ တပါးသော ဘုရားအလောင်းတော်တို့မှာ နိမိတ်ကြီးလေးပါးတို့ကို မင်္ဂလာဥယျာဉ်တော်အတွင်း၌ အပျော်အပါး သဘောဖြင့် လှည့်လည်ထွက်ရှုတော်မူရင်း တွေ့မြင်ရခြင်းဖြစ်သည်။ ထိုသို့

WWW.DHAMMARANSI.COM



တွေ့မြင်ရသဖြင့် သတိ သံဝေဂရတော်မူကြကာ မူလလှည့်လည်နေကျ မင်္ဂလာဥယျာဉ်တော်သို့ တောထွက်ကြခြင်း မဟုတ်ပဲ ခရီးဝေးကွာလှသည့် တောတောင်ကြီးများသို့သာ ပေါထွက်တော်မူကြခြင်း ဖြစ်၍ ထို အလောင်းတော်များ၏ နိမိတ်ကြီးလေးပါးကို မြင်ရာအရပ်နှင့် တောထွက်ရာအရပ်တို့သည် တပါးစီသာ ဖြစ်ကုန်၏။ ခရီးဝေးကွာသော ကြောင့်ပင် ဆင် မြင်း ရထား စသော ယာဉ်ကိုစီး၍ တောထွက်ကြခြင်း ဖြစ်ပေ၏။

အလောင်းတော် နာရဒမင်းသားမှာကား နိမိတ်ကြီးလေးပါးကို မြင်ရာမှာလည်း မင်္ဂလာဥယျာဉ်တော်မှာမြင်၍ ထိတ်လန့်သံဝေဂရှိကာ တောထွက်တော်မူရာမှာလည်း ဤမင်္ဂလာဥယျာဉ်ပင် ဖြစ်သင့်သည်ကို သတိပြုရာ၏။ ထိုဥယျာဉ်ကို မြို့၏အပြင် နေဥ္ဇယဥယျာဉ်ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြထားသည်။)

## ဘုရားဖြစ်တော်မူခြင်း

နာရဒမြတ်စွာဘုရားအလောင်းတော်သည် ထိုမင်္ဂလာဥယျာဉ်တော်အတွင်းမှာပင် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် ဝိဇိတသေနာ မိဖုရားကြီး လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုမင်္ဂလာဥယျာဉ်တော်၌ပင် နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါခဲ့ပြီးမှ ဗောဓိပင်ရှိရာ အရပ်သို့ တပါးတည်း ကြွသွားတော်မူရာ လမ်းခရီး၌ သုဒဿန အမည်ရှိသော ဥယျာဉ်မှူး လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ ကြောင်လျှာကြီး (ကြောင်လျှာနီ) ပင်၏ အရင်း၌ မြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၅၇) ငါးဆယ့်ခုနစ်တောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါး ရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့် အတိုင်း မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွှင့်ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

WWW.DHAMMARANSI.COM



(နာရဒ မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိ ကြောင်လျှာကြီး ပင် (ကြောင်လျှာနီပင်)၏ အကြောင်းကို ဗုဒ္ဓဝင် အဋ္ဌကထာ၌ "ထို ကြောင်လျှာနီပင်သည် အတောင်ကိုးဆယ် အမြင့်ရှိ၏၊ ညီညွတ်လုံးချော သော ပင်စည်ရှိ၏၊ ပြည့်စုံသည့် အထူးထူးအပြားပြားသော အခွ အကိုင်း အခက်ရှိ၏၊ စိမ်းလဲ့ထူထဲ ပြန့်ပြောသော အရွက်ရှိ၏၊ စိပ်သော အရိပ် စပ်သောအရိပ်ရှိ၏၊ ရက္ခစိုးနတ် ထိန်းစောင့်အပ်သောကြောင့် မည်သည့်ငှက်မျိုးမှ ဗောဓိပင်ဝယ် မလှည့်လည် မကျက်စားနိုင်ကြပဲ မြေအပြင်၌ မှန်ကူသဖွယ်ဖြစ်၍ သစ်ပင်မင်းအဖြစ်ကို ပြုသည့်ပမာ အလွန်မွေ့လျော်ဖွယ် ကြည့်ရှုချင်ဖွယ်ကောင်း၍ နီမြန်းသော အပွင့် တို့ဖြင့် တန်းဆာဆင်အပ်သော အလုံးစုံသော အကိုင်းရှိ၏။ သို့ရကား နတ်လူတို့မျက်စိဝယ် ရသာယနအသက်ရှည်ဆေးသဖွယ် ဖြစ်ပေ၏" ဟု ဖွင့်ပြထားသည်။)

## တရားပွဲကြီး သုံးကြိမ်

နာရဒ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (ကြောင်လျှာကြီး) ပင်၏ အနီးမှာပင် သတ္တ- သတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရား ဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု ဆင်ခြင်တော်မူသည်ရှိသော် ကိုယ်တော်မြတ်နှင့်အတူတကွ ရဟန်း ပြုကြသည့် တသိန်းသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေး ကောင်းမှုနှင့် ပြည့်စုံကြသည်ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့" ဟု ကြံစည် ဆုံးဖြတ်တော်မူပြီးလျှင် "ယခုအခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း" ဟု ကြည့်ရှုဆင်ခြင်တော်မူပြန်သော် ဓနဥ္စယဥယျာဉ်ကြီး၌ နေကုန်၏ ဟု မြင်တော်မူလျှင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ထို ရဟန်းတို့နေရာ ဓနဥ္စယဥယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

ထိုအခါ တသိန်းသော ရဟန်းတို့သည် နာရဒမြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညိုလှသော စိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ်သင်္ကန်း

WWW.DHAMMARANSI.COM



တော်ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုးဝတ်ပြုခြင်းကိစ္စတို့ကို ပြုလုပ်ကြ၍ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ နာရဒမြတ်စွာ ဘုရားသည် မိမိနှင့်ရဟန်းပြုဖက် ဖြစ်ကြသည့် တသိန်းသော ရဟန်းတို့ ခြံရံလျက် လူနတ်မြဟ္မာ သတ္တဝါ ပရိသတ်တို့အလယ်၌ ရှေးရှေးဘုရားတို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္က ပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ လူနတ် ဗြဟ္မာပေါင်း ကုဋေတသိန်းတို့ မဂ်ဖိုလ် တရားထူးကို ရကြ ကုန်၏။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် ဒေါဏအမည်ရှိသော နဂါးမင်း သည် မဟာဒေါဏမြို့၏အနီး ဂင်္ဂါမြစ်ကမ်း၌ စိုးမိုး၍နေ၏၊ တန်းခိုး အာနုဘော်ကြီးလှ၏၊ လူအပေါင်းတို့က ရိုသေလေးမြတ် ပူဇော် အပ်၏။ ထိုအရပ်၌ နေသောသူတို့သည် အကယ်၍ နဂါးမင်းကို ပူဇော်သက္ကာရမှု မပြုကြငြားအံ့၊ ထိုသူတို့၏နေရာအရပ်ကို မိုးသည်း လုံးဝမရွာစေခြင်းဖြင့်သော်၎င်း အလွန် မိုးသည်းရွာစေခြင်းဖြင့်သော် ၎င်း ကျောက်စရစ်မိုးသည်း ရွာစေခြင်းဖြင့်သော်၎င်း ပျက်စီးစေ၏။

ထိုအခါ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်ကို မြင်တော် မူသော နာရဒမြတ်စွာဘုရားသည် ဒေါဏနဂါးမင်းအား ကိုယ် တော်မြတ် သွားရောက်ဆုံးမလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ရှေး ကောင်းမှုနှင့် ပြည့်စုံကြသဖြင့် မုချ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြမည့် များစွာသော လူအပေါင်းကို မြင်တော်မူ၍ ရဟန်းများစွာ ခြံရံလျက် နဂါးမင်း၏ နေရာဌာနသို့ ကြွတော်မူ၏။

ထိုအခါ လူအပေါင်းတို့သည် မြတ်စွာဘုရားကို မြင်ကြလျှင် “ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား....ဤအရပ်၌ လျင်သော အဆိပ် ထက်သောတန်းခိုး ကြီးမားသောအာနုဘော်ရှိသည့် နဂါး မင်းသည် စိုးမိုးသောင်းကျန်းနေပါ၏၊ ထိုနဂါးမင်း၏ အညှဉ်းဆဲ မခံရရန် ဤအရပ်သို့ ကြွတော်မမူပါလင့်”ဟု တောင်းပန်လျှောက် ထားကြကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏စကားကို မကြား

WWW.DHAMMARANSI.COM



သကဲ့သို့ပင် ကြွတော်မူ၍ ထိုအရပ်၌ နဂါးမင်းအား အရှိအသေ ပူဇော်မှုပြုဖို့ရန် ခင်းထားအပ်သော ပန်းအခင်းထက်၌ ထိုင်နေတော်မူ၏။

လူများအပေါင်းသည် "ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရားနှင့် ဒေါသ နဂါးမင်းတို့၏စစ်ပွဲကို ကြည့်ရကုန်တော့အံ့"ဟု စည်းဝေးကြကုန်၏၊ ထိုအခါ နဂါးမင်းသည် မိမိအတွက် ခင်းထားသည့် ပန်းအခင်းထက်၌ မြတ်စွာဘုရား ထိုင်နေသည်ကို မြင်ရလျှင် အမျက်ဒေါသကို ချုပ်တည်း၍ မထားနိုင်တော့ပဲ ကိုယ်ထင်ရှားပြကာ အခိုးလွှတ်လေတော့၏၊ မြတ်စွာဘုရားကလည်း အဘိညာဉ်တန်ခိုးဖြင့် အခိုးတဖန် ပြန်၍လွှတ်တော်မူ၏။ တဖန် နဂါးမင်းက မီးတောက်မီးလျှံကို လွှတ်ပြန်သောအခါ မြတ်စွာဘုရားကလည်း အဘိညာဉ်တန်ခိုးဖြင့် မီးတောက်မီးလျှံ ပြန်၍လွှတ်သည်တွင် နဂါးမင်းသည် မြတ်စွာဘုရားကိုယ်တော်မှ ထွက်သော အခိုးအလျှံတို့ဖြင့် အလွန်ပင်ပန်းလှရကား ဆင်းရဲဒုက္ခကို သည်းမခံနိုင်တော့ပဲ "အဆိပ်အဟုန်ဖြင့် ထိုရဟန်းကို သတ်အံ့"ဟု ကြံစည်ပြီးလျှင် နဂါးအဆိပ်ကို လွှတ်လေတော့သည်။

ထိုနဂါး လွှတ်လိုက်သောအဆိပ်သည် ဇမ္ဗူဒိပ်တကျွန်းလုံးကိုပင် ပျက်စေနိုင်လောက်အောင် ပြင်းထန်သော်လည်း မြတ်စွာဘုရား၏ ကိုယ်တော်၌ကား မွေးညင်းတော်တပင်ကိုမျှ တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ပေ။ ထိုအခါ နဂါးမင်းသည် "ရဟန်းကြီးသည် ဘယ်လိုဖြစ်နေသနည်း" "ရဟန်းကြီး၏ ဖြစ်ပုံကား အသို့နည်း"ဟု ကြည့်ရှုလတ်သော် တန်ဆောင်မုန်းလသရဒအခါ နေမင်းကဲ့သို့၎င်း လပြည့်ဝန်းကဲ့သို့၎င်း ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်ထွန်းပ ကြည်မြသော မျက်နှာရှိသည့် မြတ်စွာဘုရားကို မြင်လေလျှင် "ဤရဟန်းကြီးသည် တန်ခိုးကြီးစွာ့တကား၊ ငါသည် မိမိအစွမ်းကို မသိခြင်းကြောင့် ပြစ်မှားမိချေပြီ"ဟု ကြံစည်၍ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်လေ၏။ ထိုအခါ နာရဒမြတ်စွာဘုရားသည် ဒေါသနဂါးမင်းကို ဆုံးမပြီးလျှင် ထိုအရပ်၌ စည်းဝေးကြသော လူအပေါင်း၏စိတ်ကို

WWW.DHAMMARANSI.COM



ကြည်လင်စေခြင်းငှါ ရေမီးအစုံအစုံဖြစ်သော တန်းခိုးပြာဋိဟာကို ပြတော်မူလျက် တရားဟောကြားတော်မူလေ၏။ ထိုအခါ ကုဋေကိုးသောင်းသော နတ်လူတို့ အရဟတ္တဖိုလ်၌ တည်ကြကုန်၏။

(ဤကား ဒုတိယဓမ္မာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ နာရဒမြတ်စွာဘုရားသည် မိမိ၏ သားတော်ဖြစ်သော နန္ဒုတ္တရ မင်းသားကို ဆုံးမတော်မူ၏။ ထိုအခါ ကုဋေရှစ်သောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယဓမ္မာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

## ပဌမသန္နိပါတ

နာရဒ မြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ ထုလ္လကောဋ္ဌိတမြို့တွင် အဂ္ဂသာဝက အလျာ ဖြစ်ကြသည့် ဘဒ္ဒသာလနှင့် ဝိဇိတမိတ္တ ပုဏ္ဏားလုလင် နှစ်ယောက်တို့သည် အမြိုက်တရားတည်းဟူသော ရေအိုင်ကြီးကို ရှာကြကုန်သည်ရှိသော် ပရိသတ်အလယ်၌ ရဲရင့်စွာထိုင်နေတော်မူသော နာရဒမြတ်စွာဘုရားကို မြင်ကြကုန်၏။ ထိုပုဏ္ဏားလုလင် နှစ်ယောက်တို့သည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ကို မြင်ရလျှင် "ဤပုဂ္ဂိုလ်ကား လောက၌ ကိလေသာတည်းဟူသော အမိုးကို ဖွင့်လှစ်ပယ်ရှားပြီးသည့် ဘုရားစင်စစ် ဖြစ်၏"ဟု ဆုံးဖြတ်ကြ၍ မြတ်စွာဘုရား၌ သဒ္ဓါတရား ဖြစ်ပွါးကြပြီးခါ အခြံအရံ ပရိသတ်တို့နှင့်တကွ ဘုရားအထံ၌ ရဟန်းပြုကြကုန်၏။ ထိုသူတို့ အရဟတ္တဖိုလ်သို့ရောက်သောအခါ မြတ်စွာဘုရားသည် ရဟန်းတော်ပေါင်း ကုဋေတသိန်းတို့၏အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဒုတိယသန္နိပါတ

ထို့နောက်အခါတပါးဝယ် နာရဒမြတ်စွာဘုရားသည် ခွေမျိုးအပေါင်းတို့၏ အစည်းအဝေး၌ ကိုယ်တော်မြတ် ဘုရားဆုကို တောင်းသည်မှစ၍ နိဒါန်းနှင့်တကွ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ရဟန္တာပေါင်း ကုဋေ ကိုးသောင်းတို့ စည်းဝေးမိကြကုန်၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် မဟာဒေါဏနဂါးမင်းကို ဆုံးမတော်မူရာတွင် အလွန်လျှင် ကြည်ညိုစိတ်ရှိသော ဝေရောစန အမည်ရှိသောနဂါးမင်းသည် ဂင်္ဂါမြစ်ကမ်းအနီး၌ သုံးဂါဝုတ်မျှ ပမာဏရှိသော ရတနာမဏ္ဍပ်ကြီးကိုဖန်ဆင်းပြီးလျှင် အခြံအရံသံဃာတော်တို့နှင့်တကွ မြတ်စွာဘုရားကို ထိုရတနာမဏ္ဍပ်အတွင်း၌ သီတင်းသုံးနေတော်မူစေ၍ မိမိ၏အခြံအရံပရိသတ်နှင့်တကွ ဇနပုဒ်နေသူလူအပေါင်းတို့ကိုလည်း မိမိ၏ အလှူမဏ္ဍပ်ကို လာရောက်ကြည့်ရှုကြရန် ဖိတ်ကြားပြီးနောက် အထူးထူးအပြားပြားသော အသွင်အပြင် အဆင်တန်းဆာကို ဆောင်ကြသည့် နဂါး ကချေသည်အပေါင်းတို့ကို တီးမှုတ်ကခုန်သီဆိုစေလျက် ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပကာ အခြံအရံသံဃာတော်နှင့်တကွသော နာရဒမြတ်စွာဘုရားအား အလှူကြီးကို ပေးလှူလေသည်။

ဆွမ်းကိစ္စ ပြီးဆုံးသောအခါ မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူ၏၊ လူအပေါင်းတို့သည် ဆွမ်းအနုမောဒနာတရားကို ကြားနာရလျှင် သဒ္ဓါကြည်ညိုလှသဖြင့် မြတ်စွာဘုရားထံ ရဟန်းပြုရန် ခွင့်တောင်းကြသည်တွင် မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းဖြစ်ကြလေသည်။ ထိုအခါ ဧဟိဘိက္ခုရဟန်းတော်ပေါင်း ရှစ်သန်းတို့၏ အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း အဘိညာဉ်ရ ရသေ့ဖြစ်၍ ဗျာဒိတ်ခံခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ရသေ့ဖြစ်၍ ဟိမဝန္တာတောင်ယံ၌ သင်္ခမ်းကျောင်းကို တည်ထောင်ဖန်ဆင်းကာ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့၌ လေ့လာနိုင်နင်းသည်ဖြစ်၍ နေတော်မူ၏။ ထိုအခါ အလောင်းတော်ရသေ့သူမြတ်၌ ငွေညှာထောက်ထား သနားသဖြင့် နာရဒမြတ်စွာဘုရားသည် ရဟန္တာပေါင်း ကုဋေရှစ်ဆယ် အနာဂါဥပါသကာဒါယကာပေါင်း တသောင်းတို့ ခြံရံလျက် အလောင်းတော်၏ သင်္ခမ်းကျောင်းသို့ ကြွရောက်တော်မူ၏။

အလောင်းတော်ရသေ့သူမြတ်သည် မြတ်စွာဘုရားကို ဖူးမြော်ရ၍ ဝမ်းမြောက်သော စိတ်နှလုံးရှိလျက် အခြံအရံ ပရိသတ်နှင့်တကွ မြတ်စွာဘုရား သီတင်းသုံးတော်မူရန် သင်္ခမ်းကျောင်းကို ဖန်ဆင်းပြီးလျှင် ထိုသင်္ခမ်းကျောင်း၌ မြတ်စွာဘုရားကို အခြံအရံနှင့်တကွ သီတင်းသုံးတော်မူစေ၍ တညဉ့်ပတ်လုံး မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်အစုကို ချီးကျူးလျှောက်ဆိုကာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးလျှင် နောက်တနေ့ နံနက်၌ မြောက်ကျွန်းသို့ (အဘိညာဉ်ဖြင့်) သွားရောက်ကာ ဆွမ်းစသော အစာအာဟာရကို ဆောင်ယူခဲ့၍ အခြံအရံ သံဃာပရိသတ် ဥပါသကာပရိသတ်နှင့်တကွသော မြတ်စွာဘုရားအား ဆွမ်းအလှူကြီးကို ပေးလှူလေသည်။

ဤနည်းနှင်နှင် ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူကြီးကို ပေးလှူပြီးနောက် ဟိမဝန္တာမှ အဖိုးများစွာ ထိုက်တန်သော စန္ဒကူးနံ့သာနီကို ဆောင်ယူကာ ထိုစန္ဒကူးနံ့သာနီဖြင့် မြတ်စွာဘုရားအား လှူဒါန်းပူဇော်ပြန်လေသည်။ ထိုအခါ အလောင်းတော်ရှင်ရသေ့ကို နာရဒမြတ်စွာဘုရားသည် တရားစကား ဟောကြားပြီးလျှင်

WWW.DHAMMARANSI.COM



"နောက်အခါ၌ ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

နာရဒ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော်ရှင်ရသေ့သည် လွန်မင်းစွာ မိမိစိတ်ကို ရွှင်လန်းစေ၍ ပါရမီဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

နာရဒမြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ မြို့တော်မှာ **ဓညဝတီမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **သုဒေဝစကြာမင်းကြီး**၊ မယ်တော်မှာ **အနောမာဒေဝီ မိဖုရားကြီး**တို့ ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **ဇိတစံနန်းတော်၊ ဝိဇိတစံနန်းတော်၊ အဘိရာမစံနန်းတော်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **ဝိဇိတသေနာမိဖုရားကြီး**ဖြစ်၍ သားတော်မှာ **နန္ဒုတ္တရမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ ယာဉ်မစီးပဲ ခြေလျင်သာ တောထွက်တော်မူပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **ဘဒ္ဒသာလမထေရ်**နှင့် **ဝိဇိတမိတ္တမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ဝါသေဋ္ဌမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **ဥတ္တရာထေရီမ**နှင့် **ဖဂ္ဂုနီထေရီမ**တို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာ ဗောဓိပင်ကား **ကြောင်လျှာကြီးပင်** (ကြောင်လျှာနီပင်) ဗောဓိဖြစ်လေသည်။

WWW.DHAMMARANSI.COM



မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **ဥဂ္ဂရိန္ဒ သူဌေး**နှင့် **ဝသဘ သူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ဇာန္တာဝရီဥပါသိကာ**နှင့် **ဝဏ္ဏီ** (ဂဏ္ဍီ) **ဥပါသိကာ**တို့ ဖြစ်ကြသည်။

နာရဒမြတ်စွာဘုရား၏ အရပ်တော်မှာ (၈၈) ရှစ်ဆယ့်ရှစ်တောင် မြင့်လျက် ပုဇော်ဖွယ်ရာ စီမံထားသည့် ရွှေတိုင်ကြီးအလား ဇာတိခေတ် စကြဝဠာတိုက်ပေါင်း တသောင်းတွင် တင့်တယ်တော်မူသည့်ပြင် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်ကား ထိုမှ၍မှ ထွက်ကြွကွန့်မြူးလျက် နေ့ညဉ့်ဆက်စပ် အကြားမလပ်အောင် တယူဇနာတိုင်တိုင် ပျံ့နှံ့တော်မူပေ၏။

နာရဒမြတ်စွာဘုရား ထင်ရှားရှိစဉ် ထိုအခါ၌ မြတ်စွာဘုရား၏ ရောင်ခြည်တော် လွှမ်းမိုးထွန်းလင်းခြင်းကြောင့် တယူဇနာအတွင်း နေထိုင်ကြသူ လူအပေါင်းတို့သည် မီးရှူးမီးတိုင်တို့ကို မညှိမထွန်းကြရကုန်။

နာရဒမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက်(အသက်တမ်း၏ ငါးပုံ့လေးပုံ)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

အဇဋ္ဌာပြင် မိုးကောင်းကင်ကြီးသည် ကြယ်နက္ခတ်တာရာတို့ဖြင့် အဆန်းတကြယ် တင့်တယ်သကဲ့သို့ ထို့အတူ နာရဒမြတ်စွာဘုရား၏ သာသနာတော်သည် ရဟန္တာအရှင်မြတ်တို့ဖြင့် ဆန်းကြယ် တင့်တယ်လှပေ၏။

(ရဟန္တာပုဂ္ဂိုလ်တို့မှ) ကြွင်းကျန်သော ပုထုဇန်နှင့်တကွ သေက္ခပုဂ္ဂိုလ်တို့ သံသရာရေအယဉ်ကို အလွယ်တကူ ကူးမြောက်နိုင်ကြရန် မဂ်တရားတည်းဟူသော တံတားကြီးကို မြဲမြံခိုင်ခံ့စွာ တည်ဆောက်တော်မူပြီးလျှင် ကိုယ်တော်မြတ်ပြုလုပ်ရန် ဗုဒ္ဓကိစ္စ

WWW.DHAMMARANSI.COM



အဓဝ ပြီးဆုံးပြီဖြစ်ရကား နာရဒမြတ်စွာဘုရားသည် သာဝက များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေပြီ။

**သံဝေဂ**

အတုမရှိသော ဘုရားရှင်တို့နှင့်သာ တူတော်မူသော ထိုနာရဒမြတ်စွာဘုရားသည်၎င်း, အတုမရှိသော တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူကြသည့် ထိုရဟန္တာသခင် အရှင်မြတ်တို့သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ် ပျောက်ခဲ့လေပြီ....၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွတကား....။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော နာရဒ မြတ်စွာဘုရားသည် သုဒဿနမြို့တော်၌ ပရိနိဗ္ဗာန် စံလွန်တော် မူ၏။ ထိုမြို့၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) ထားသည်ထား အပ်သော နာရဒမြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် လေးယူဇနာ အမြင့်ရှိလေသည်။

နာရဒဗုဒ္ဓဝင် ပြီး၏။

---

**၁၀-ပဒုမုတ္တရဗုဒ္ဓဝင်**

**(တဆူ သာရ၊ နှစ် မဏ္ဍ၊ ဝရ သုံးဆူသာ။**
**သာရမဏ္ဍ၊ လေးဆူပြ၊ ပဉ္စ ဘဒ္ဒကာ။**
**တဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ—**

ဟူသောအတိုင်း ဘုရားတဆူသာပွင့်တော်မူရာ ကမ္ဘာကို **သာရကမ္ဘာ**ဟု ခေါ်သည်၊ နှစ်ဆူပွင့်တော်မူရာ ကမ္ဘာကို **မဏ္ဍကမ္ဘာ**ဟု ခေါ်သည်၊ သုံးဆူပွင့်တော်မူရာ ကမ္ဘာကို

WWW.DHAMMARANSI.COM



**ဓရကမ္ဘာ**ဟု ခေါ်သည်၊ လေးဆူပွင့်တော်မူရာ ကမ္ဘာကို **သာရမဏ္ဍကမ္ဘာ**ဟု ခေါ်သည်၊ငါးဆူပွင့်တော်မူရာကမ္ဘာကို **ဘဒ္ဒကမ္ဘာ**ဟု ခေါ်သည်၊ ဘုရားတဆူမျှ မပွင့်သောကမ္ဘာကို **သုညကမ္ဘာ**ဟု ခေါ်သည်။ထိုကမ္ဘာအမျိုးအစားတို့အနက် အနောမဒဿီ မြတ်စွာဘုရား, ပဒုမမြတ်စွာဘုရား, နာရဒမြတ်စွာဘုရား သုံးဆူတို့ ပွင့်တော်မူရာ ကမ္ဘာကို "ဝရကမ္ဘာ"ဟူ၍ ခေါ်သည်။)

ဤသို့လျှင် အနောမဒဿီ,ပဒုမ,နာရဒ တည်းဟူသော ဘုရားသုံးဆူတို့ ပွင့်တော်မူရာ ဝရကမ္ဘာကြီး ကုန်ဆုံးပြီးသည့်နောက် မည်ရွေ့မည်မျှ ဂဏန်းချ၍ မရေတွက်နိုင်အောင် များပြားလှစွာသော ဘုရားမပွင့်သည့် သုညကပ်ကမ္ဘာတွေ (တသင်္ချေ) ကို လွန်မြောက်ပြီးသော် ဤကမ္ဘာမှ ပဋိလောမ ပြန်၍ရေတွက်လျှင် ကမ္ဘာတသိန်းထက်၌ တခုသောကမ္ဘာတွင် ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသည်။

(ထိုပွင့်တော်မူရာ ကပ်ကမ္ဘာသည် ပဒုမုတ္တရ မြတ်စွာဘုရား တဆူတည်းသာ ပွင့်တော်မူရာ ဖြစ်သော့ကြောင့် **သာရကပ်**ကမ္ဘာပင် ဖြစ်သော်လည်း နှစ်သက်ဖွယ်ရာ ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံခြင်းကြောင့် ဘုရားနှစ်ဆူ ပွင့်တော်မူရာ **မဏ္ဍကပ်**ကမ္ဘာနှင့် အလားတူ၏၊ ဤ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာ ကမ္ဘာ၌ ကုသိုလ်တရား အားရှိများပြားသော လူတို့သာလျှင် ဖြစ်ကြကုန်၏။)

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူခြင်း အကြောင်းအရာသော်ကား....ထိုပဒုမုတ္တရ မြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ်ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ ဟံသဝတီ နေပြည်တော်အာနန္ဒ အမည်ရှိသော မင်းကြီး၏ သုဇာတာ မိဖုရားကြီး၏

WWW.DHAMMARANSI.COM



ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လလွန်မြောက် အချိန်သို့ ရောက်သောအခါ ဟံသဝတီ မင်္ဂလာဥယျာဉ်တော် အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကြကုန်၏။)

ပဒုမုတ္တရမင်းသား ဖွားမြင်သောအခါ ပဒုမာကြာပန်းမိုဃ်း ရွာသွန်းသောကြောင့် အမည်မှည့်သော အခါ ဆွေမျိုးအပေါင်းတို့က ပဒုမုတ္တရ မင်းသားဟူ၍ အမည် မှည့်ကြကုန်သည်။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ပဒုမုတ္တရမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) နရဝါဟနရွှေနန်းဆောင်၊ (၂) ယသဝါဟန ရွှေနန်းဆောင်၊ (၃) ဝသဝတ္တီရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ ဝသုဒတ္တာဒေဝီ မိဖုရားကြီးအမှူးရှိသော မောင်းမအပေါင်း တသိန်းနှစ်သောင်းတို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း (၁၀၀၀၀) တသောင်းတို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ ဝသုဒတ္တာမိဖုရားကြီးမှ ဥတ္တရ မည်သော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီးလေးပါး တို့ကို မြင်တော်မူ၍ မြတ်သောတောထွက်ခြင်းအမှု ငါပြုအံ့ဟု ကြံစည်တော်မူသည်နှင့်တပြိုင်နက် ဝသဝတ္တီရွှေနန်းပြာသာဒ်သည် အိုးထိန်းစက်ပမာ ချာချာလည်၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် နတ်ဗိမာန်ကြီး လပြည့်ဝန်းကြီးများကဲ့သို့ ကောင်းကင်အပြင်ဖြင့် အစဉ်အတိုင်းသွား၍ မဟာဗောဓိပင်ကို အလယ်ဗဟို ပြုကာ မြေအပြင်သို့ သက်လေ၏။

WWW.DHAMMARANSI.COM



အလောင်းတော်မင်းသားသည် ပြာသာဒ်တော်မှ သက်ဆင်း၍ မြဟ္မာလျှုဒါန်းအပ်သည့် ကြာသက်န်းတို့ကို ဆင်မြန်းဝတ်ရုံတော်မူကာ ထိုအရပ်မှာပင် ရဟန်းပြုတော်မူလေသည်။ပြာသာဒ်တော်သည်ကား တိုင်းပြည်သို့ပြန်လာ၍ မိမိ၏ မူလတည်နေရာ၌ပင် တည်လေသည်။ အလောင်းတော်နှင့်အတူတကွ လိုက်ပါကြသော ပရိသတ်တို့တွင် မိန်းမတို့ကို ကြဉ်ထား၍ ယောကျ်ားမှန်သမျှ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

ပဒုမုတ္တရ မြတ်စွာဘုရားအလောင်းတော်သည် ထို အဖော် ရဟန်းတို့နှင့်တကွ ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် ဥဇ္ဇေနီနိဂုံး၌ ရုစာနန္ဒ အမည်ရှိသော သူဌေးသမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် အင်ကြင်းတော၌ နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ ဗောဓိပင်ရှိရာအရပ်သို့ တပါးတည်း ကြွသွားတော်မူရာ သုမိတ္တအမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ(ထင်းရှူး) ပင် အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့်တပြိုင်နက် ( ၃၈ ) သုံးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွှင့်ပယ်နှင်၍ ပဌမယံ၌ ပုဗ္ဗေနိဝါသဉာဏ်, ဒုတိယယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူ၍ တတိယယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို သုံးသပ် ဆင်ခြင်တော်မူပြီးလျှင် အာနာပါနစတုတ္ထဈာန်မှထ၍ ခန္ဓာငါးပါးတို့၌ လက္ခဏာရေး တင်ပြီးလျှင် ဥဒယဗ္ဗယဉာဏ်၏အစွမ်းဖြင့် ငါးဆယ်သော အခြင်းအရာကောင်းစွာထင်ထင် သိမြင်တော်မူ၍ ဂေါတြဘူဉာဏ်တိုင်အောင် ဝိပဿနာတရား ပွါးများတော်မူပြီးခါ အရိယမဂ်ဖြင့် အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးတို့ကို ရရှိသိမြင်တော်မူပြီးနောက်

WWW.DHAMMARANSI.COM



(ဘုရားဖြစ်ပြီးနောက် ဟု ဆိုလိုသည်) ခပ်သိမ်းသော ဘုရားရှင်တို့၏ အလေ့အလာ မြွတာအာစိဏ္ဏဖြစ်သည့် "အနေကဇာတိ-သံသာရံ (အစ) တဖျာန် ခယမဇ္ဈဂါ" တိုင်အောင် ဥဒါန်းကို ကျူးရင့်တော်မူလေသည်။

ဘုရားဖြစ်သည်နှင့်တပြိုင်နက် စကြဝဠာတိုက်ပေါင်း တသောင်းအတွင်း အလုံးစုံကို တန်းဆာဆင်ပေးသည့်ပမာ ပဒုမာကြာပန်းမိုးသည်း ရွာသွန်းလေသည်။

**အထူးမှတ်သားရန်မှာ—**

ပဒုမုတ္တရမြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဗောဓိပလ္လင်၌ (ပဌမသတ္တာဟ၌) ဖလသမာပတ်ကို ဝင်စားတော်မူကာ သီတင်းသုံးတော်မူပြီးနောက် ရှစ်ရက်အရောက်တွင် မြေ၌ ခြေတော်ကို ချအံ့ ဟု လကျ်ာခြေတော်ကို မြေသို့ ရွေးရှု ဆောင်တော်မူသည်နှင့် တပြိုင်နက် မဟာပထဝီမြေကြီးကို ဖောက်ထွင်း၍ ထူးကဲဆန်းကြယ်စွာ ရေ၌ ပေါက်ရမည့် ပဒုမာကြာပန်းတို့သည် ဖဝါးတော်အောက် မြေ၌ ပေါ်ပေါက်လာကြကုန်သည်။

ထိုပဒုမာကြာပန်းတို့၏ ရွက်ဖတ် တဖတ်တဖတ်လျှင် ကိုးတောင်, ကြာဝတ်မှုံ တည်ရာအတံသည် အတောင်သုံးဆယ်, ကြာနားဋ္ဌောင်း (ကြာဝတ်ဆံအိမ်)သည် ဆယ့်နှစ်တောင်ရှိ၍ ကြာပန်းတပွင့်တပွင့်လျှင် ကြာဝတ်မှုံပေါင်း ရေအိုး ကိုးလုံးခန့်မျှ ရှိကုန်၏။

ပဒုမုတ္တရမြတ်စွာဘုရားသည်ကား အရပ်တော် (၅၈) ငါးဆယ့်ရှစ်တောင်ရှိ၏၊ ထိုမြတ်စွာဘုရား၏ လက်ရုံးနှစ်ဖက်အကြားသည် တဆယ့်ရှစ်တောင်၊ နဖူးတော် ငါးတောင်၊ လက်တော်ခြေတော်တို့မှာ ဆယ့်တတောင်စီ ရှိကုန်၏။

မြတ်စွာဘုရား၏ ဆယ့်တတောင်ရှိသော စက်တော်ဖြင့် ဆယ့်နှစ်တောင်ရှိသော ကြာဝတ်မှုံအိမ်ကို နင်းတော်

WWW.DHAMMARANSI.COM



မူလိုက်သည်နှင့် တပြိုင်နက် ရေအိုး ကိုးလုံးခန့် ပမာဏ ရှိသော ဝတ်မှုံတို့သည် အထက်သို့ပျံတက်ကာ ငါးဆယ့် ရှစ်တောင်အမြင့်ရှိသော ကိုယ်တော်ကို ဆေးဒန်း မြင်း သီလာမှုန့်ဖြင့် ကြဲဖျန်းသကဲ့သို့ လွှမ်းမိုးအုပ်ခြုံ ပျံ့နှံ့ကုန်၏၊ ဤအကြောင်းထူးကို အစွဲပြုကာ ထို မြတ်စွာဘုရားသည် ပဒုမုတ္တရမြတ်စွာဘုရားဟူ၍ ထင်ရှားတော်မူသည်။

(ဤကား သံယုတ္တနိကာယ်ဆောင် မဟာဝေရ်တို့ အဆိုတည်း။)

## တရားပွဲကြီး သုံးကြိမ်

ပဒုမုတ္တရမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (ထင်းရှူး)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာ မင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူ အား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူသည် ရှိသော် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသော ဒေဝလမင်းသားနှင့် သုဇာတမင်းသား (အဂ္ဂသာဝကအလျာ) တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် "ယခုအခါ ထိုမင်းသားတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှု ဆင်ခြင်တော်မူပြန် သော် မိထိလာမြို့၌ နေကုန်၏ဟု မြင်တော်မူလျှင် သပိတ်သင်္ကန်း တို့ကို ယူဆောင်တော်မူ၍ ထိုမင်းသားတို့၏နေရာ မိထိလာ မြို့တော်ဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော် မူ၏။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ဥယျာဉ်မှူးကို စေလွှတ် ကာ မင်းသားနှစ်ယောက်တို့ကို ခေါ်စေတော်မူ၏။ ထိုမင်းသား နှစ်ယောက်တို့သည်လည်း "ငါတို့အရီး၏သားဖြစ်သော ပဒုမုတ္တရ မင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ငါတို့နေရာ မိထိလာမြို့သို့ ရောက်လာပြီ၊ ယခုအခါ ထိုမြတ်စွာဘုရားကို ငါတို့ သည် ဖူးမြင်ရန် ချဉ်းကပ်ကြကုန်စို့"ဟု တိုင်ပင် ပြောဆိုကြပြီးလျှင်

WWW.DHAMMARANSI.COM



အခြံအရံပရိသတ်တို့နှင့်တကွ ပဒုမုတ္တရ မြတ်စွာဘုရားကို ချဉ်းကပ်ဝန်းရံကာ သင့်လျော်ပတ်ရာအရပ်၌ ထိုင်နေကြကုန်၏။

ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ကြယ်တာရာအပေါင်း ခြံရံအပ်သော လပြည့်ဝန်းကဲ့သို့ ထိုမင်းသားတို့ ခြံရံအပ်လျက် အလွန်တင့်တယ်တော်မူကာ မင်းသားနှစ်ယောက်တို့မှအစ တရားနာရန် လာရောက်ကြသော နတ်လူတို့အား ရှေးရှေးဘုရားတို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတသိန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထိုမှနောက် အခါတပါး၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မမူမီက ဖြစ်ပေါ်နေသော သရဒရသေ့သည် မိမိ၏ အယူဝါဒသို့ လိုက်နာကြသော လူအပေါင်းတို့ကို စည်းဝေးကာ အပါယ်လားကြောင်း မကောင်းမှုဖြစ်သောတရားကို ဟောကြားနေရာ ပဒုမုတ္တရမြတ်စွာဘုရားသည် သရဒရသေ့၏ အစည်းအဝေးသို့ ကြွရောက်တော်မူပြီးလျှင် လူများအပေါင်းအား ငရဲသို့ ကျရောက်မည့်ဘေးကိုပြ၍ တရားဟောတော်မူ၏။ ထိုအခါ သရဒရသေ့၏ တပည့်ရင်းများနှင့်တကွ (၃၇၀၀၀၀၀)သုံးသန်းခုနစ်သိန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ခမည်းတော်ဖြစ်သော အာနန္ဒမင်းကြီးသည် အခြံအရံယောကျ်ားပေါင်း နှစ်သောင်းတို့နှင့်တကွ နှစ်ကျိပ်သောအမတ်တို့ကို (သုဒ္ဓေါဒနမင်းကြီးက ငါတို့ မြတ်စွာဘုရားကို အပင့်လွှတ်သကဲ့သို့) မိထိလာမြို့၌ သီတင်းသုံးတော်မူသော ပဒုမုတ္တရမြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားကို မိမိနေရာ ဟံသဝတီမြို့တော်သို့ ကြွလာတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်ရန် စေလွှတ်လေသည်။အမတ်တို့သည် အခြံအရံမင်းမှုထမ်း(၂၀၀၀၀)နှစ်သောင်း

WWW.DHAMMARANSI.COM



တို့နှင့်တကွ မိထိလာပြည် မြတ်စွာဘုရားထံသို့ ရောက်ကြလေကုန်သည်တွင် ပဒုမုတ္တရမြတ်စွာဘုရားက တရားဟောပြ ဧဟိဘိက္ခုခေါ်တော်မူသည်။ ထိုအလုံးစုံသောသူတို့သည် ဧဟိဘိက္ခုရဟန်းဖြစ်ကြကုန်သည်။ ထိုရဟန်းအပေါင်း ခြံရံလျက် ဟံသဝတီမြို့တော်သို့ ကြွတော်မူကာ ခမည်းတော်မင်းကြီးအား ချီးမြှောက်ထောက်ပင့်ခြင်းကို ပြုတော်မူလို၍ ထိုမြို့မှာပင် သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဂေါတမန္တယ်ဖွားငါတို့မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်တော်မူကာ ဆွေတော်မျိုးတော်တို့စုံညီအစည်းအဝေးတွင် ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူသကဲ့သို့ထို့အတူပင် ပဒုမုတ္တရမြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့စုံညီ အစည်းအဝေးတွင် ကောင်းကင်အပြင် ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူ၏။ ထိုအခါ (၅၀၀၀၀၀၀)ငါးသန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

ပဒုမုတ္တရမြတ်စွာဘုရား၏ သာဝက အစည်းအဝေးကြီးတို့မှာလည်း သုံးကြိမ်ပင်ရှိရာ ပဌမအကြိမ်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် မိထိလာမြို့အနီး မိထိလာဟူ၍ပင် အမည်ရှိသော ဥယျာဉ်ကြီးအတွင်းမှာ ကုဋေတသိန်းသော ရဟန်းတို့၏ အစည်းအဝေးတွင်တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် ဝေဘာရတောင်ထွတ်၌ ဝါကပ်တော်မူ၍ ဝေဘာရတောင်ကို

WWW.DHAMMARANSI.COM



ကြည့်ရှုရန် လာရောက်ကြသော လူများအပေါင်းအား တရားဟောတော်မူ၍ ဧဟိဘိက္ခု ခေါ်တော်မူသည်တွင် ကုဋေကိုးသောင်းသော လူတို့သည် ဧဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။ ထိုရဟန်းတို့၏ အစည်းအဝေး၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ လောကသုံးပါး၏ ကိုးစားရာဖြစ်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် လူများအပေါင်းအား ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်အောင် စောင့်ရှောက်ချီးမြှောက်တော်မူရန် ဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော် ထိုထိုရွာနိဂုံးဇနပုဒ်တိုင်းပြည်တို့မှထွက်ကာ ရဟန်းပြုကြသော ကုဋေရှစ်သောင်းသော ရဟန်းတို့၏ အစည်းအဝေးကြီးသည် ဖြစ်၏။

(ဤအစည်းအဝေးသည်ကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း

## ဇဋိလတိုင်းကျပ်မင်းဖြစ်၍ ဗျာဒိတ်ခံခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ကုဋေများစွာ ဥစ္စာကြွယ်ဝသည့် ဇဋိလ အမည်ရှိသော တိုင်းကျပ်မင်းကြီးဖြစ်၍ ဘုရားအမှူးရှိသော တပည့်သာဝကသံဃာတော်မြတ်အပေါင်းအား ဆွမ်း ခဲဖွယ် ဘောဇဉ်နှင့်တကွ သင်္ကန်းလျာအဝတ်အထည် အလှူကြီးကို ပေးလှူတော်မူ၏။ ပဒုမုတ္တရမြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရား ဟောကြားပြီးသည်၏အဆုံး၌ ထိုအလောင်းတော် ဇဋိလတိုင်းကျပ်မင်းကို "နောက်အခါကမ္ဘာတသိန်းထက်၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

WWW.DHAMMARANSI.COM



ပဒုမုတ္တရမြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားတော်မူရလျှင် အလောင်းတော်သည် လွန်မင်းစွာ မိမိစိတ်ကို ရွှင်လန်းစေလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည် တော်မူလေသည်။

## ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်

## ထူးခြားချက်များ

ထိုသို့ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ မိန္တာ အယူ ရန်သူတိတ္ထိတို့သည် နှလုံးမသာယာ လွန်စွာဆင်းရဲကြကုန် လျက် တန်းခိုးမထွက် ပျောက်ပျက်တိမ်ကောကြကုန်၏၊ ထိုတိတ္ထိ တို့အား အနည်းငယ်သော သူတို့ကမျှ ရိုသေခြင်း ပေးကမ်းခြင်း စသောအမှုကို မပြုလုပ်ကြကုန်ပဲ တိုင်းပြည်မှပင် နှင်ထုတ်ကြ ကုန်၏။

ထိုအခါ အလုံးစုံသော တိတ္ထိတို့သည် ပေါင်းဆုံစည်းဝေးကြ ပြီးလျှင် “ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာ ဘုရား....အရှင်မြတ်ဘုရားသည် အကျွန်ုပ်တို့၏ အားထားကိုးကွယ် ရာ ဖြစ်တော်မူပါ”ဟူ၍ လျှောက်ထားကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားတော် မူလျက် သနားခြင်း ကရုဏာရှိတော်မူသော ပဒုမုတ္တရမြတ်စွာ ဘုရားသည် ကိုယ်တော့်ထံမှောက် ရောက်ဆိုက်လာကုန်သော ထိုတိတ္ထိ အားလုံးတို့ကို သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ တည်းဟူသော ကျင့်ဝတ်သိက္ခာပုဒ်၌ တည်စေတော်မူ၏။

ဤသို့လျှင် ပဒုမုတ္တရ မြတ်စွာဘုရား၏ သာသနာတော်သည် မိန္တာအယူ ရန်သူတိတ္ထိတို့မှ ကင်းရှင်း ဆိတ်သုဉ်းတော်မူပေ၏၊ ဝသီဘော်ငါးမျိုး ပိုင်စိုးနိုင်နင်းတော်မူကြလျက် လောကဓံတရား တို့ကြောင့် ဖောက်ပြန်ခြင်းမရှိ တာဒိဂုဏ်ရှင် ရဟန္တာသခင်မြတ် တို့ဖြင့် တင့်တယ်ဆန်းကြယ်လှပေ၏။

WWW.DHAMMARANSI.COM



## မြို့တော်စသည်ကို ပြဆိုချက်

ပဒုမုတ္တရ မြတ်စွာဘုရား၏ ဖွားမြင်တော်မူရာ မြို့တော်မှာ **ဟံသဝတီမြို့တော်** ဖြစ်၍ ခမည်းတော်မှာ **အာနန္ဒ မင်းကြီး,** မယ်တော်မှာ **သုဇာတာမိဖုရားကြီး**တို့ ဖြစ်ကြသည်။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀) တသောင်းဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **နရဝါဟနစံနန်း ဆောင်, ယသဝါဟနစံနန်းဆောင်, ဝသဝတ္တီစံနန်းဆောင်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားကြီးမှာ လေးသောင်းသုံးထောင် သော မောင်းမမိဿံ အခြံအရံရှိသည့် **ဝသုဒတ္တာမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **ဥတ္တရမင်းသား** ဖြစ်လေသည်။

(ဤ၌ ရှေးထီးနန်း စိုးစံခဏ်း၌ မောင်းမမိဿံပေါင်း တသိန်း **နှစ်သောင်း**ဟု ပြဆိုပြီး ဤအခဏ်း၌ **လေးသောင်း သုံးထောင်**ဟု ပြဆို ခြင်းသည် ရှေ့နောက်မညီသကဲ့သို့ ထင်မှတ်ဖွယ်ရှိ၏၊ ရှေး၌ တသိန်း နှစ်သောင်းဟု ပြဆိုခြင်းမှာ အလှည့်ကျ ခစားပြုစု လုပ်ကျွေးရသည့် **မောင်းမ**အပေါင်းတို့ကို ပေါင်းစု၍ပြခြင်းဖြစ်သည်၊ ဤ၌ လေးသောင်း သုံးထောင်ဟု ပြဆိုခြင်းမှာ တကြိမ်တကြိမ် ခစားပြုစုလုပ်ကျွေးရသည့် အလှည့်ကျ မောင်းမပေါင်းကို ပြဆိုသည်ဟု မှတ်ယူရာ၏။)

နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူ သော ယာဉ်မှာ **ပြာသာဒ်ယာဉ်** ဖြစ်ပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **ဒေဝလမထေရ်**နှင့် **သုဇာတာမထေရ်** တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သုမနမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **အမိတာထေရီမ**နှင့် **အသမာထေရီမ** တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ထင်းရှူးပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **ဝိတိဏ္ဏသူဌေး**နှင့် **တိဿသူဌေး**တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမ

WWW.DHAMMARANSI.COM



တို့မှာ **ဟန္တာဥပါသိကာမ** နှင့် **ဝိစိတ္တာဥပါသိကာမ**တို့ ဖြစ်ကြသည်။

ပဒုမုတ္တရ မြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် မြင့်လျက် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံကာ ပူဇော်ဖွယ်ရာ စိမ်ထားသော ရွှေတိုင်ကြီးနှင့် တူတော်မူ၏။

ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်မှာ တံခါးမုန်တံခါးရွက် နံရံ သစ်ပင် မြင့်မောက် ကြီးမားသော မြေတောင်ကျောက်တောင် စသည်တို့ မပိတ်ပင် မတားဆီးနိုင်ပဲ ယက်ဝန်းကျင် တဆယ့်နှစ်ယူဇနာအတွင်း ထွန်းလင်းပျံ့နှံ့တော်မူ၏။

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ နှစ်ပေါင်း(၁၀၀၀၀၀)တသိန်းတမ်းဖြစ်၍ ထိုမျှလောက်(အသက်တမ်း၏ ငါးပုံ့ လေးပုံ အနှစ်ရှစ်သောင်း)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ပဒုမုတ္တရမြတ်စွာဘုရားသည် သတ္တဝါအပေါင်းတို့၏ အလုံးစုံသော ယုံမှားခြင်းဟူသမျှကို ပယ်ရှားဖြတ်တောက်ဖျက်ဆီးတော်မူကာ သတ္တဝါတို့ကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူပြီးလျှင် တပည့်သား သံဃာတော်အပေါင်းနှင့်တကွ (ထွန်းလင်းတောက်ပပြီး ငြိမ်းစဲသွားသည့် မီးပုံကြီးကဲ့သို့) ဘဝဇာတ်သိမ်းငြိမ်းတော်မူလေပြီ။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမုတ္တရမြတ်စွာဘုရားသည် နန္ဒာရာမ အမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏။ ထိုဥယျာဉ်ကြီး အတွင်း၌ပင် (ရှေး

WWW.DHAMMARANSI.COM



ဆိုအပ်ပြီးသည့်အတိုင်း)တည်ထားအပ်သော ပဒုမုတ္တရ မြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် တဆယ့်နှစ်ယူဇနာ အမြင့်ရှိလေသည်။

ပဒုမုတ္တရဗုဒ္ဓဝင် ပြီး၏။

---

## ၁၁-သုမေဓဗုဒ္ဓဝင်

ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာ ကုန်ဆုံးသွားပြီးသည့်နောက် ဘုရားမပွင့်သည့် သုည ကမ္ဘာ ပေါင်း (၇၀၀၀၀)ခုနစ်သောင်းကို လွန်မြောက်ပြီး ဤကမ္ဘာမှ ပြန်၍ ရေတွက်လျှင် ကမ္ဘာပေါင်း (၃၀၀၀၀) သုံးသောင်းထက်၌ တခုသောကမ္ဘာဝယ် (၁)သုမေဓမြတ်စွာဘုရား၊ (၂)သုဇာတမြတ်စွာဘုရားဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူသည်။ (မဏ္ဍကမ္ဘာပေတည်း။)

ထိုနှစ်ဆူသော ဘုရားရှင်တို့အနက် သုမေဓမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သုဒဿန နေပြည်တော် သုဒတ္တမင်းကြီး၏ သုဒတ္တာဒေဝီ မိဖုရားကြီး၏ ကြာတိုက်ဝမ်း၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လလွန်မြောက်အချိန်သို့ ရောက်သောအခါ သုဒဿန မင်္ဂလာဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဖွယ်ကြီးများ ထင်ရှား ဖြစ်ကုန်၏။)

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သုမေဓမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁)သုစန္ဒနရွှေနန်းဆောင်၊ (၂)ကဉ္စနရွှေနန်းဆောင်၊ (၃) သိရိဝဍ္ဎနရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်

WWW.DHAMMARANSI.COM



ထို၌ သုမနာဒေဝီ မိဖုရားကြီးအမှူးရှိသော မောင်းမအပေါင်း လေးသောင်းရှစ်ထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း (၉၀၀၀)ကိုးထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

ဤသို့ ထီးနန်းစိုးစံတော်မူရာ သုမနာဒေဝီ မိဖုရားကြီးမှ ပုနဗ္ဗသု အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူပြီးလျှင် ဆင်ယာဉ်ကို စီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော် မင်းသား ရဟန်းပြုသည်ကိုအတုလိုက် (အားကျ)ကာ ကုဋေ တရာသော ယောကျ်ားတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

သုမေဓမြတ်စွာဘုရား အလောင်းတော်သည် တကုဋေ အရေ အတွက်ရှိသော ထိုရဟန်းတို့နှင့်တကွ တဆယ့်ငါးရက်ပတ်လုံး (သီဟိုဠ်မူအလို ရှစ်လပတ်လုံး) ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် နကုလနိဂုံးနေ နကုလာအမည်ရှိသော သူဌေးသမီး လှူဒါန်းအပ်သည့် ဃနာနို့ ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်း တောအတွင်း၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွာခဲ့ပြီးမှ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ သိရိဝဍ္ဎ အမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ (မအူကြီး) ပင် (သို့မဟုတ် ကျည်းပင်) အရင်း ဖြန့်ခင်းလိုက်သည်နှင့်တပြိုင်နက် (၅၇) တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း မာရ်

WWW.DHAMMARANSI.COM



စစ်သည်ဗိုလ်ပါကို မှတ်လွှင့်ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာ-သမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

သုမေဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (မအူကြီး)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်)စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူသည်ရှိသော် မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံလျက် သစ္စာလေးပါး တရားကို သိမြင်ခြင်းငှါ စွမ်းနိုင်ကြသည့် ကိုယ်တော်မြတ်၏ (ဖတူမိကွဲ) ညီတော် သရဏမင်းသားနှင့် သဗ္ဗကာမမင်းသား (အဂ္ဂသာဝကအလျာ)တို့ကိုရင်း, ကိုယ်တော်မြတ်နှင့်အတူတကွ ရဟန်းပြုဖက် တကုဋေသော ရဟန်းတို့ကိုရင်း မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည်တော်မူပြီးလျှင် "ယခုအခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှု ဆင်ခြင်တော်မူပြန်သော် သုဒဿနမြို့အနီး သုဒဿနမင်းဥယျာဉ်ကြီးမှာ နေကုန်၏ဟု မြင်တော်မူလျှင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ ထိုရဟန်းတို့နေရာ သုဒဿနမင်းဥယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ၏။

ထိုအခါ တကုဋေသော ထိုရဟန်းတို့သည် သုမေဓမြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညိုလှသောစိတ်ဖြင့် မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုခြင်း သပိတ်သင်္ကန်းတော်ကို လှမ်းယူခြင်း နေရာတော်ကို ခင်းကျင်းခြင်း အရိုအသေ ရှိခိုးဝတ်ပြုခြင်းကိစ္စတို့ကို ပြည့်စုံစေကြပြီးခါ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ သုမေဓမြတ်စွာဘုရားသည် ဥယျာဉ်မှူးကို စေလွှတ်၍ ညီတော်သရဏမင်းသားနှင့် သဗ္ဗကာမမင်းသားတို့ကို ခေါ်စေ

WWW.DHAMMARANSI.COM



ပြီးလျှင် ထိုမင်းသားနှစ်ယောက်တို့အားငှင်း, ကိုယ်တော်မြတ်နှင့် အတူတကွ ရဟန်းပြုဖက် တကုဋေသော ရဟန်းတို့အားငှင်း, ထိုမှတပါး တရားနာရန် လာရောက်ကြကုန်သော နတ်လူတို့အားငှင်း ရှေးရှေးဘုရားတို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတသိန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သုမေဓ မြတ်စွာဘုရားသည် မိုးသောက်ယံအချိန်တွင် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှု ဆင်ခြင်တော်မူလတ်သော် တောအုပ်ကြီးတခုအဝမှာ ကြောက်မက်ဖွယ် ကိုယ်အသွင်ကိုပြလျက် အသွားအလာ ပြတ်အောင်ပင် လူသားကို စားသောက်သည့် ကုမ္ဘကဏ္ဏဘီလူးကြီးကို မြင်တော်မူ၍ အဖော်မပါ တပါးတည်းသာ ထိုဘီလူး၏ဗိမာန်သို့ ကြွသွားပြီးလျှင် ဗိမာန်အတွင်းသို့ဝင်တော်မူကာ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ကုမ္ဘကဏ္ဏဘီလူးသည် ဒုတ်လှင်ကန်ဖြင့် ုတ်ခတ်အပ်သော အဆိပ်သန်သည့် မြွေဟောက်ပမာ ပြင်းစွာ အမျက်ထွက်သဖြင့် မြတ်စွာဘုရားကို ချောက်လှန့်ရန် မိမိ၏ကိုယ်ကို အလွန်ကြမ်းသန်းအောင် ပြုပြီးလျှင် တောင်နှင့်တူသော ဦးခေါင်းကို ဖန်ဆင်းကာ နေဝန်းအရောင် တောက်ပြောင်သော မျက်လုံးတို့ကို ပြူးကျယ်စွာဖွင့်လျက် ထွန်တုံးဦးသဖွယ် ရှည်လျား ပြန့်ကျယ်သော အစွယ်တို့ကိုငှင်း, အရောင်ညိုမဲ တွဲလျားကျသည့် မညီမျှသော ဝမ်းပျဉ်းသားကိုငှင်း, ပိမ့်ချိုင့်အလယ်သား အရင်းအဖျားမိုမောက် ကြောက်စဖွယ်မျိုး အရုပ်ဆိုးသော နှာခေါင်းကိုငှင်း, တောင်ခေါင်းသဖွယ် ပြန့်ကျယ်နီမြန်းသော ခံတွင်းကိုငှင်း, တုပိန်းကြောင်တက် ကြမ်းခက်သော ဆံပင်တို့ကိုငှင်း ဖန်ဆင်းပြီးခါ အလွန်တရာ အကြည့်ရဆိုးသော ကြောက်မက်ဖွယ်သော ပုံပန်းသဏ္ဌာန်ဖြင့် မြတ်စွာဘုရားရှေ့မှောက် လာရောက်ရပ်တည်လျက်

WWW.DHAMMARANSI.COM



အခိုးအလျှံလွှတ်ကာ ကျောက်ခဲမိုးသည်း, တောင်မိုးသည်း, မီးလျှံမိုးသည်း, ရေပူမိုးသည်း, ရွှံ့ညွှန်ပူမိုးသည်း, ပြာပူမိုးသည်း, လက်နက်မိုးသည်း, မီးကျီးမိုးသည်း, သဲပူမိုးသည်းတည်းဟူသော မိမိပိုင် လက်နက်ကိုးမျိုး မိုးသည်းကြီးတို့ကို ရွာသွန်းချစေပါသော်လည်း မြတ်စွာဘုရား၏ မွေးညင်းတော် တပင်ကိုမျှ တုန်လှုပ်စေခြင်းငှါမစွမ်းနိုင်ရကား "မြတ်စွာဘုရားကို ပြဿနာ ပုစ္ဆာမေး၍ သတ်အံ့"ဟု ကြံပြီးလျှင် အာဠဝကဘီလူး ကဲ့သို့ပင် ပြဿနာပုစ္ဆာကို မေးမြန်း၏။ ထိုအခါ သုမေဓမြတ်စွာ ဘုရားသည် ပြဿနာကို ဖြေဆိုတော်မူခြင်းဖြင့် ထိုကုမ္ဘကဏ္ဏ ဘီလူးကို ယဉ်ကျေးအောင် ဆုံးမတော်မူလေသည်။

ထို့နောက် နှစ်ရက်မြောက်သောနေ့၌ ထိုဘီလူးနေရာနှင့် မနီး မဝေးဖြစ်သည့် တိုင်းပြည်ကို အစိုးရသောမင်းသည် မိမိ၏သားကို ဘီလူးထံ ပေးအပ်ရန် စီမံထားသောနေ့ ဖြစ်သည့်အတိုင်း တိုင်းသူ ပြည်သား လူအများတို့ကို လှည်း၌ ထမင်းအပြည့် တင်စေလျက် ထိုထမင်းနှင့်တကွ မင်းသားကို ဘီလူးအား ပေးဆက်စေသော အခါ ဘီလူးသည် မိမိစားရမည့်မင်းသားကို မြတ်စွာဘုရားအား လှူဒါန်း၏။ တောအုပ်အဝ၌ နေကြသော လူအပေါင်းတို့သည် သတင်းကောင်းကြားသိကာ ဘုရားအထံသို့ ချဉ်းကပ်ကြကုန်၏။ ထိုအစည်းအဝေး၌ သုမေဓမြတ်စွာဘုရားသည် ဘီလူးနှင့် သင့် လျော် လျောက်ပတ်သောတရားကို ဟောကြားတော်မူလျက် ကုဋေကိုးသောင်းသော သတ္တဝါတို့အား မဂ်ဉာဏ်အမြင်ကို ဖြစ် စေတော်မူလေသည်။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက်အခါတပါး၌ သုမေဓမြတ်စွာဘုရားသည် ဥပကာရီ မြို့၏အနီး သိရိနန္ဒနဉယျာဉ်ကြီးအတွင်း၌ နတ်လူအပေါင်းတို့အား သစ္စာလေးပါးတရားကို ဟောကြားတော်မူ၏၊ ထိုအခါ ကုဋေ ရှစ်သောင်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြ ကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သုမေမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီး သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ မြတ်စွာဘုရားသည် သုဒဿန နေပြည်တော်သို့ ကြွသွားတော်မူ၏၊ ထိုအခါ ကုဋေတရာသော ရဟန္တာပုဂ္ဂိုလ်တို့ စည်းဝေးမိကြကုန်သည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် မြတ်စွာဘုရားသည် ဒေဝကူဋ အမည်ရှိသော တောင်တွင် ဝါကပ်တော်မူ၏၊ ဝါကျွတ်သော အခါ ကထိန်ခင်းပွဲသဘင် ဆင်ယင် ကျင်းပရာ၌ ကုဋေကိုးဆယ်သော ရဟန်းတို့ စည်းဝေးမိကြကုန်သည်။

(ဤကား ဒုတိယ သာဝက အစည်းအဝေးကြီးတည်း။)

### တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူ၏၊ ကြွချီတော်မူရာ နောက်တော်ပါဖြစ်သော ရဟန်းပေါင်း ကုဋေရှစ်ဆယ် စည်းဝေးမိကြသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ဥတ္တရလုလင်ဖြစ်၍ ဗျာဒိတ်ခံခြင်း

ထိုအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် အလုံးစုံသော လူတို့ထက် ထိုထိုဂုဏ်ဖြင့် လွန်ကဲသည့် ဥတ္တရအမည်ရှိသော လုလင်ဖြစ်၍ မိမိအိမ်မှာ စုဆောင်းထားအပ်သည့် ကုဋေရှစ်ဆယ်မျှသော ပစ္စည်းဥစ္စာတို့ကို ဘုရားအမှူးရှိသော သံဃာ

WWW.DHAMMARANSI.COM



တော်အား လျှူဒါန်း၏၊ ထိုအခါ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ သရဏဂုံသုံးပါးတို့၌ တည်ပြီးလျှင် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုလေသည်။ ဒါနအနုမောဒနာတရား ဟောကြားတော်မူပြီးသောအခါ သုမေဓမြတ်စွာဘုရားသည် "ဤ ဥတ္တရလုလင်သည် နောက်အခါ၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ် ကြား သကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

သုမေဓ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် ဥတ္တရလုလင်သည် လွန်စွာ မိမိစိတ်ကို ကြည်လင် စေလျက် ဆယ်ပါးသော ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

သုမေဓမြတ်စွာဘုရား၏ သာသနာ့ဝန်ထမ်း ရဟန်းပြု၍ သုတ် ဝိနည်းတို့နှင့်တကွ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်ကို ကမ်းဆုံးရောက် သင်ကြား တတ်မြောက်တော် မူပြီးလျှင် မြတ်စွာဘုရားသာသနာတော်ကို တင့်တယ်စေခဲ့လေပြီ။

(လျောင်းခြင်းကို လုံးဝမပြုပဲ) ထိုင်ခြင်း,ရပ်ခြင်း,စင်္ကြံသွားခြင်း တည်းဟူသော ဣရိယာပုထ်သုံးပါး၌ မမေ့မလျော့ ရဟန်းတရား ပွါးများ အားထုတ်လျက် သမာပတ်ရှစ်ပါးတွင်မက အဘိညာဉ် ငါးပါး၏ အထွတ်အထိပ်သို့ရောက်ကာ အသက်အဆုံးမှာ ဗြဟ္မာ့ ပြည်သို့ ကပ်ရောက်တော်မူလေပြီ။

## မြို့တော်စသည်ကို ပြဆိုချက်

သုမေဓမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **သုဒဿန မြို့တော်** ဖြစ်၍ ခမည်းတော်မှာ **သုဒတ္တမင်းကြီး**, မယ်တော်မှာ **သုဒတ္တာဒေဝီမိဖုရားကြီး** တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **သုစန္ဒနစံနန်း တော်, ကဥ္စနစံနန်းတော်, သိရိဝဍ္ဎနစံနန်းတော်**တို့ ဖြစ်ကုန်၏။

အဋ္ဌဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းရှစ်ထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **သုမနာဒေဝီမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **ပုနဗ္ဗသုမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသော ယာဉ်မှာ **ဆင်ယာဉ်** ဖြစ်ပြီးလျှင် တဆယ့်ငါးရက်ကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **သရဏမထေရ်နှင့်သဗ္ဗကာမမထေရ်** တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သာဂရမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **ရာမာထေရီမနှင့် သုရာမာထေရီမ**တို့ ဖြစ်ကြပြီးလျှင် ပွင့်တော်မူရာ ဗောဓိပင်ကား **မဇ္ဈူကြီးပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **ဥရုဝေလသူဌေး** နှင့် **ယသဝါသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ယသောဓရာဥပါသိကာ** နှင့် **သိရိမာဥပါ-သိကာ**တို့ ဖြစ်ကြသည်။

သုမေမြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ (၈၈) ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူလျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် ကြယ်တာရာအပေါင်းတို့ကို ထွန်းလင်းတောက်ပ ထင်စွာပြသောလမင်းကဲ့သို့၊ထို့အတူ အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်း တောက်ပ၏။

**ဥပမာ တနည်းသော်ကား**....စကြာမင်း၏ ပတ္တမြားရတနာသည် ထက်ဝန်းကျင် တယူဇနာအတွင်း ထွန်းလင်း တောက်ပသကဲ့သို့၊ မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်လည်း ထက်ဝန်းကျင် တယူဇနာအတွင်း အမြဲပင် ထွန်းလင်းပျံ့နှံ့၍ နေ၏။

သုမေမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှသောက်(အသက်တမ်း၏ ငါးပုံ့လေးပုံ)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော

WWW.DHAMMARANSI.COM



လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

ဤသုမေဓမြတ်စွာဘုရား၏ သာသနာတော်သည် ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး တရားတို့နှင့် ပြည့်စုံကုန်လျက် အားအစွမ်းသို့ရောက်ကုန်ပြီးလျှင် လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်ရှင် သူတော်စင်စင်စစ် ဖြစ်တော်မူကြသည့် ရဟန္တာအရှင်မြတ်တို့နှင့် ကောင်းစွာ ရောပြွမ်း၏။ (နေရာတိုင်း ရဟန္တာများရှိကြ၏ဟု ဆိုလိုသည်။)

မနှိုင်းရှည်အပ်သည့် ကျော်စောသတင်း ရှိတော်မူကြသော ထိုအလုံးစုံကုန်သော ရဟန္တာသခင် အရှင်မြတ်တို့သည် ကိလေသာမှလည်း လွတ်မြောက်တော်မူကြ, ဥပဓိလေးပါးမှလည်း ကင်းစင်တော်မူကြပေကုန်၏၊ များသော အခြံအရံရှိတော်မူကြသော ထိုမြတ်စွာဘုရား၏ တပည့်သား ရဟန္တာအရှင်မြတ်တို့သည် ဉာဏ်ပညာတည်းဟူသော အလင်းရောင်ကို ထွန်းပြတော်မူကြပြီးလျှင် ပရိနိဗ္ဗာန်စံယူ ငြိမ်းအေးတော်မူကြကုန်ပြီ။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော သုမေဓမြတ်စွာဘုရားသည် မေဓာရာမ အမည်ရှိသော ဥယျာဉ်တော်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်များမှာ ရှေး၌ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ်အမြွာမြွာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

သုမေဓဗုဒ္ဓဝင် ပြီး၏။

WWW.DHAMMARANSI.COM



## ၁၂-သုဇာတဗုဒ္ဓဝင်

သုမေဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် လူတို့၏ အသက်တမ်း အနှစ်(၉၀၀၀၀)ကိုးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ အသက်ကိုးသောင်းတမ်းသို့ ရောက်သောအခါ သုဇာတ မြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သုမင်္ဂလ နေပြည်တော် ဥဂ္ဂတ အမည်ရှိသော မင်းကြီး၏ ပဘာဝတီ အမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လလွန်မြောက် အချိန်သို့ ရောက်သောအခါ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှား ဖြစ်ပေါ်ကုန်၏။)

အမည်မှည့်သောနေ့၌ အမည်မှည့်ကြမည့် ပညာရှိတို့သည် အလောင်းမင်းသား ဖွားမြင်သောအခါ ဇမ္ဗူဒိပ် တကျွန်းလုံးတွင် လူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြခြင်းကို အစွဲပြုကာ သုဇာတမင်းသားဟူ၍ အမည်မှည့်ကြလေကုန်သည်။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သုဇာတမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) သိရိရွှေနန်းဆောင်၊ (၂)ဥပသိရိရွှေနန်းဆောင်၊ (၃) နန္ဒရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ သိရိနန္ဒာဒေဝီ မိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း (၂၃၀၀၀)နှစ်သောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုရ

WWW.DHAMMARANSI.COM



ခြင်းကို ခံယူလျက် နှစ်ပေါင်း(၉၀၀၀)ကိုးထောင်တို့ ကာလ ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော် မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် သုဇာတမင်းသားသည် ထီးနန်း စိုးစံတော် မူစဉ် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး၍ သိရိနန္ဒာဒေဝီ မိဖုရားကြီးမှ ဥပသေန အမည်ရှိသော သားတော်ကို ဖွားမြင်သော အခါ ဟံသဝဟမည်သော မင်္ဂလာမြင်းတော်ကိုစီး၍ တောထွက် ပြီးလျှင် ရဟန်းပြုတော်မူ၏။ အလောင်းတော်မင်းသား ရဟန်း ပြုသည်ကို အတုလိုက်(အားကျ)ကာ တကုဋေသော ယောကျ်ား တို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

သုဇာတ မြတ်စွာဘုရားအလောင်းတော်သည် ထို တကုဋေ သော ရဟန်းတို့နှင့်အတူတကွ ဒုက္ကရစရိယာ ကိုးလကြာအောင် ကျင့်ပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် သိရိနန္ဒနမြို့နေ သိရိနန္ဒန သူဌေး၏သမီး လျှာဒါနီးအပ်သည့် ဃနာ နို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်း၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်တွင် မဟာ ဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ သုနန္ဒအမည်ရှိသော တက္ကတွန်း လျှာဒါနီးအပ်သည့် မြက်ရှစ်ဆုပ် တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ(ကြခတ်ဝါး)ပင်အရင်း ဖြန့်ခင်း လိုက်သည်နှင့် တပြိုင်နက် (၃၃) သုံးဆယ့်သုံးတောင် ပမာဏ ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင် ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ဆိုအပ်ပြီးသည့်အတိုင်း မာရ်စစ်သည်မိုလ်ပါကို မှုတ်လွင့်ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော် မူလေသည်။

WWW.DHAMMARANSI.COM



## တရားပွဲကြီး သုံးကြိမ်

သုဇာတမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ(ကြခတ်ဝါး)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် မြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း''ဟု ဆင်ခြင်တော်မူသည်ရှိသော် မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည့် (အဂ္ဂသာဝကအလျာ) ကိုယ်တော်မြတ်၏ (ဖတူမိကွဲဖြစ်သည့်) သုဒဿန ညီတော်မင်းသားနှင့် ပုရောဟိတ်၏သား သုဒေဝ လုင်တို့ကို မြင်တော်မူ၍ ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကာ သုမင်္ဂလမြို့၏အနီး သုမင်္ဂလမင်းဥယျာဉ်ကြီးသို့ သက်ဆင်းတော်မူပြီးလျှင် ဥယျာဉ်မှူးကို စေလွှတ်၍ မိမိ၏ညီတော် သုဒဿနမင်းသားနှင့် ပုရောဟိတ်၏သား သုဒေဝလုင်တို့ကို ခေါ်စေပြီးလျှင် ထိုသူနှစ်ယောက်တို့ကို အဦးထား၍ တရားနာရန် လာရောက်ကြသော နတ်လူတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေရှစ်ဆယ်သော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်သည်။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သုဇာတ မြတ်စွာဘုရားသည် သုဒဿန ဥယျာဉ်တော် တံခါးအနီး အင်ကြင်းပင်၏ အပါး၌ ရေမီးအစုံအစုံ ဖြစ်သော တန်းခိုးပြာဋိဟာကို ပြတော်မူလျက် တိတ္ထိတို့ကို နှိမ်နင်းတော်မူပြီးလျှင် သိကြားနတ်မင်း၏ စံနေရာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ဝါဆိုတော်မူကာ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏၊

WWW.DHAMMARANSI.COM



ထိုအဘိဓမ္မာတရားပွဲကြီးမှာ သုံးသန်းခုနစ်သိန်းသော နတ်ဗြဟ္မာတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်သည်။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ သုဇာတ မြတ်စွာဘုရားသည် သုမင်္ဂလမြို့တော် ခမည်းတော်မင်းကြီးအထံသို့ ကြွသွားတော်မူ၏၊ ထိုအခါ ခြောက်သန်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သုဇာတမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီး သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ သုဇာတမြတ်စွာဘုရားသည် သုဓမ္မဝတီမြို့အနီး သုဓမ္မအမည်ရှိသော ဥယျာဉ်ကြီး၌ ဆည်းကပ် ရောက်လာကြကုန်သော လူအပေါင်းတို့အား တရားဟောတော်မူပြီးလျှင် ယောကျ်ားပေါင်း ခြောက်သန်းတို့ကို ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန်းဖြစ်စေပြီး ထိုရဟန်းတို့၏အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ သုဇာတ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူသည်ရှိသော် ငါးသန်းသော ရဟန်းတို့၏ အစည်းအဝေးကြီး ဖြစ်လေသည်။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## တတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် "ဘုရား၏ညီတော် သုဒဿန မင်းသားသည် မြတ်စွာဘုရားအထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ် သို့ရောက်ပြီ" ဟူသော သတင်းကောင်း ကြားရ၍ အတုလိုက် (အားကျ)က "ငါတို့လည်း ရဟန်းပြုကုန်အံ့" ဟု လာရောက်ကြ သော ယောက်ျားပေါင်း လေးသိန်းတို့ကို လက်ျာတော်ရံ သုဒဿနမထေရ်မြတ်သည် ခေါ်ဆောင်ကာ သုဇာတမြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၏၊ မြတ်စွာဘုရားသည် ထိုသူတို့အား တရားဟောပြီးလျှင် ဧဟိဘိက္ခု ရဟန်းဖြစ်စေ၍ အင်္ဂါလေးပါး ရှိသော ထိုရဟန်းတို့အစည်းအဝေး၌ ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း စကြာမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် စကြာမင်း ဖြစ်၍ "လောက၌ မြတ်စွာဘုရားပွင့်ပြီ" ဟူသော သတင်းကို ကြားရလျှင် မြတ်စွာဘုရားထံ ဆည်းကပ်၍ တရားတော်ကို ကြားနာပြီးခါ ဘုရားအမှူးရှိသော သံဃာတော်အား ရတနာ ခုနစ်ပါးတို့နှင့်တကွ ထီးနန်း စည်းစိမ်ကြီးကို လှူတော်မူကာ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုတော်မူ၏။ ဇမ္ဗူဒိပ်ကျွန်း အလုံး၌ နေကြကုန်သော လူအပေါင်းတို့သည် အရာမ်စောင့် (ကပ္ပိယ)ပြုလုပ်ကြပြီးလျှင် တိုင်းပြည်မှ ထွက်သမျှ အခွန်အတုတ် ကို ယူဆောင်ပေါင်းစုကာ ဘုရားအမှူးရှိသော သံဃာတော်အား အမြဲပင် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ဆက်ကပ် လှူဒါန်းကြကုန်၏။

WWW.DHAMMARANSI.COM



ထိုအခါ သုဇာတမြတ်စွာဘုရားသည် အလောင်းတော်ကို "နောက်အခါ၌ ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

သုဇာတ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော်သူမြတ်သည် လွန်စွာ မိမိစိတ်ကို ကြည်လင်စေလျက် ဆယ်ပါးသော ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

သုဇာတ မြတ်စွာဘုရား၏ သာသနာ့ဝန်ထမ်း ရဟန်းပြု၍ အလောင်းတော်သူမြတ်သည် သုတ် ဝိနည်းတို့နှင့်တကွ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်ကို ကမ်းဆုံးရောက် သင်ကြားတတ်မြောက်တော်မူပြီးလျှင် မြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေခဲ့လေပြီ။

(လျောင်းခြင်းကို လုံးဝမပြုပဲ) ထိုင်ခြင်း, ရပ်ခြင်း, စင်္ကြံသွားခြင်းတည်းဟူသော ဣရိယာပုထ် သုံးပါးတို့၌ မမေ့မလျော့ ဗြဟ္မဝိဟာရ ဘာဝနာတရား ပွါးများအားထုတ်တော်မူလျက် သမာပတ် ရှစ်ပါးတွင်မက အဘိညာဉ်ငါးပါးတို့၏ အထွတ်အထိပ်သို့ ရောက်ကာ အသက်အဆုံးမှာ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်တော်မူလေပြီ။

## မြို့တော်စသည်ကို ပြဆိုချက်

သုဇာတမြတ်စွာဘုရား၏ဖွားတော်မူရာ မြို့တော်မှာ **သုမင်္ဂလမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဥဂ္ဂတမင်းကြီး**, မယ်တော်မှာ **ပဘာဝတီမိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **သိရီစံနန်းတော်**, **ဥပသိရီစံနန်းတော်**, **နန္ဒစံနန်းတော်**တို့ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ နှစ်သောင်း သုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **သိရိနန္ဒာဒေဝီမိဖုရားကြီး**ဖြစ်ပြီး လျှင် သားတော်မှာ **ဥပသေနမင်းသား**ဖြစ်သည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **မြင်းယာဉ်**ဖြစ်၍ ကိုးလကြာ ဒုက္ကရစရိယာကို ကျင့်တော်မူ ရသည်။

အဂ္ဂသာဝကအစုံတို့မှာ **သုဒဿနမထေရ်**နှင့် **သုဒေဝမထေရ်** တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **နာရဒမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **နာဂါထေရီမ**နှင့် **နာဂသမာလာ ထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကြခတ်ဝါးပင်** ဗောဓိဖြစ်လေသည်။

(ထို ကြခတ်ဝါးပင်သည် တခဲနက် ထူထဲပြည့်သိပ်သော ပင်စည် အသားရှိ၏၊ အရွက်များစွာထွက်သဖြင့် နေပြောက်ထိုးနိုင်ရန် အပေါက် မရှိပေ၊ ထိုဝါးပင်သည် ရှုချင်ဖွယ်ရာ စိတ်ထဲမှာ မွေ့လျော်နှစ်သက်စေ နိုင်အောင် ဖြောင့်မတ် လုံးပတ်လည်း ကြီးမားလှပေ၏။ ပင်ရင်းမှ ဝါးတလုံးတည်း တိုးပွါးမြင့်တက်ကာ ထိုဝါးတလုံးထည်းမှ တဖန် အခက် များခွဲဖြာ၍ ကောင်းစွာ ဖွဲ့စည်းထားသော ဒေါင်းမြီးစည်းပမာ လှန်စွာ တင့်တယ်လှပေ၏၊ ထိုဝါးပင်မှာ ဆူးများ လုံးမရှိသည့်ပြင် အခေါင်း လည်း များစွာမကျယ် (ပါသည်ဆိုရရုံမျှ) အခက်များသည် အရပ် လေးမျက်နှာ ပျံ့နှံ့ကာ တခက်နှင့်တခက် မကျဲသည့်အတွက် နှစ်သက် ဖွယ်ရာ အေးချမ်းပြည့်သိပ်သော အရိပ်နှင့်လည်း ပြည့်စုံပေ၏။)

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **သုဒတ္တသူဌေး**နှင့် **စိတ္တသူဌေး**တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမ တို့မှာ **သုဘဒ္ဒါဥပါသိကာ** နှင့် **ပဒုမာဥပါသိကာ**တို့ ဖြစ် ကြသည်။

သုဇာတ မြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ အတောင် (၅၀) ငါးဆယ် မြင့်တော်မူလျက် အလုံးစုံကောင်းမြတ်သော အခြင်းအရာ အလုံးစုံသော ရူပကာယ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ ပေ၏။

WWW.DHAMMARANSI.COM



သုဇာတမြတ်စွာဘုရား၏ (အတုမရှိသော ရှေးဘုရားတို့၏ ကိုယ်တော်ရောင်နှင့်သာ တူသည့်) ကိုယ်တော်ရောင်သည် ထက်ဝန်းကျင် အရပ်မျက်နှာတို့သို့ အလိုတော်ရှိသမျှ ထိုမှ ဤမှ ထွက်ကြွကွန့်မြူးပေ၏၊ နှိုင်းရှည်ခြင်းငှါ မတတ်နိုင်ပေ၊ တစုံတခု နှင့်မျှ အတူမရှိပဲ နှိုင်းခိုင်းဖွယ်ဥပမာကို လွန်မြောက်ပေ၏။

သုဇာတမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက်(အသက်တမ်း၏ ငါးပုံ့လေးပုံ)ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာ ရေအယဉ်မှ နိဗ္ဗာန် တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော် မူခဲ့၏။

သမုဒြာ၌ တအိအိ တရွရွ ထကြွနေသော လှိုင်းတံပိုးသည် ဆန်းကြယ်သကဲ့သို့ငှင်း, ကောင်းကင်၌ ပြိုးပြိုးပြက်ပြက် တလက် လက် ထွန်းပနေကြသော နက္ခတ်ကြယ်တာရာအပေါင်းတို့သည် ဆန်းကြယ်ကုန်သကဲ့သို့ငှင်း၊ ထို့အတူပင်လျှင် သုဇာတမြတ်စွာ ဘုရား၏သာသနာတော်သည် ရဟန္တာအရှင်မြတ်တို့ဖြင့် တင့်တယ် ဆန်းကြယ်လှပေ၏။

**သံဝေဂ**

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသည့် ထိုသုဇာတမြတ်စွာဘုရားသည်ငှင်း, အတုမရှိသော ထို ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့သည်ငှင်း ထို အလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ····၊ခပ်သိမ်း သော သင်္ခါရတရားတို့သည် မြဲနိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွာ့တကား····။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော သုဇာတ မြတ်စွာဘုရားသည် သီလာရာမ အမည်ရှိသော အရာမ်ကြီး

WWW.DHAMMARANSI.COM



အတွင်း၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏၊ ထိုအရာမ်၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) တည်ထားအပ်သော သုဇာတ မြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် သုံးဂါဝုတ် အမြင့် ရှိလေသည်။

သုဇာတဗုဒ္ဓဝင် ပြီး၏။

---

## ၁၃-ပိယဒဿီဗုဒ္ဓဝင်

သုဇာတမြတ်စွာဘုရား ပွင့်တော်မူသော ကပ်ကမ္ဘာ ကုန်ဆုံး သွားပြီးနောက် ၌ကမ္ဘာမှ နောက်ပြန် ရေတွက်လျှင် ကမ္ဘာပေါင်း (၁၈၀၀) တထောင့်ရှစ်ရာထက်၌ တခုသော (ဝရ) ကမ္ဘာတွင် (၁) ပိယဒဿီမြတ်စွာဘုရား၊ (၂)အတ္ထဒဿီမြတ်စွာဘုရား၊ (၃) ဓမ္မဒဿီ မြတ်စွာဘုရား ဟူ၍ ဘုရားသုံးဆူ ပွင့်တော်မူကြရာ ရှေးဦးစွာပွင့်တော်မူသော ပိယဒဿီမြတ်စွာဘုရား၏ အကြောင်း အရာကား....

ပိယဒဿီမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော် တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သုဓညဝတီ နေပြည်တော် သုဒတ္တ အမည်ရှိသော မင်းကြီး၏ စန္ဒာဒေဝီ အမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လလွန်မြောက် အချိန်သို့ ရောက်သောအခါ ဝရုဏအမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ဖွားမြင်တော်မူသည်။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှား ဖြစ်ပေါ်ကုန်၏။)

အလောင်းတော်ကို အမည်မှည့်သောနေ့၌ လူအပေါင်း အား ချစ်ခင်နှစ်သက်ဖွယ်ရာ ပြာဋိဟာအထူးပြသော ကြောင့် ပိယဒဿီမင်းသား ဟူ၍ အမည်မှည့်ကြကုန်သည်။

WWW.DHAMMARANSI.COM



## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းတော် ပိယဒဿီမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) သုနိမ္မလရွှေနန်းဆောင်၊ (၂) ဝိမလရွှေနန်းဆောင်၊ (၃) ဂိရိဂုဟာရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ ဝိမလာဒေဝီ မိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း (၃၃၀၀၀) သုံးသောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၉၀၀၀)ကိုးထောင်တို့ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် ပိယဒဿီမင်းသားသည် ထီးနန်း စိုးစံတော်မူစဉ် နိမိတ်ကြီး လေးပါးကို မြင်တော်မူပြီး၍ ဝိမလာဒေဝီ မိဖုရားကြီးမှ ကဥ္စနာဝေဠ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ အာဇာနည်မြင်းကသော ရထားဖြင့် တောထွက်၍ ရဟန်းပြုတော်မူ၏၊ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက်(အားကျ)ကာ တကုဋေသော ယောကျာ်းတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

ပိယဒဿီ မြတ်စွာဘုရား အလောင်းတော်သည် ထိုတကုဋေသော ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာအောင် ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့ဝယ် ဝရုဏာ အမည်ရှိသော ပုဏ္ဏားရွာနေ ဝသဘာ အမည်ရှိသော ပုဏ္ဏား၏သမီး လှူဒါန်းအပ်သည့် ဃနာ နို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ သုဇာတ အမည်ရှိသော တက္ကတွန်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ(ရေခံတက်)ပင်ရင်း ဖြန့်ခင်းလိုက်သည်

WWW.DHAMMARANSI.COM



နှင့် တပြိုင်နက် (၅၃) ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း မာရ်စစ်သည်ဗိုလ်ပါကို မှုတ်လွှင့်ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ပိယဒဿီမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ(ရေခံတက်)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ကိုယ်တော်မြတ်နှင့်အတူတကွ ရဟန်းပြုဖက်ဖြစ်ကြသည့် တကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်ကို သိတော်မူ၍ ကောင်းကင်ခရီးဖြင့် ထိုရဟန်းတို့ နေရာအရပ်သို့ ကြွသွားတော်မူပြီးလျှင် ဥသဘဝတီ မြို့၏အနီး ဥသဘဝတီဟူ၍ပင် အမည်ရှိသော မင်းဥယျာဉ်၌ သက်ဆင်းတော်မူပြီးသော် ရဟန်းပေါင်း တကုဋေဝန်းရံလျက် တရားနာ လာရောက်ကြသော နတ်လူတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတသိန်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်သည်။

(ဤကား ရှေးဦးအစ ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် ဥသဘဝတီမြို့၏အနီး သုဒဿန တောင်၌ သုဒဿနနတ်မင်းသည် စိုးအုပ်တည်နေ၏၊ ထိုသုဒဿန နတ်မင်းသည် ဖောက်ပြန်မှားယွင်းသော မိစ္ဆာဒိဋ္ဌိအယူကို ယူသူဖြစ်၏၊ ဇမ္ဗူဒိပ်တကျွန်းလုံး၌ နေထိုင်ကြကုန်သော လူအပေါင်းတို့သည် နှစ်စဉ်နှစ်တိုင်း ထိုနတ်မင်းအား တသိန်းတန်သော ပူဇော်ဖွယ်ရာ ဗလိနတ်စာကို ရှေးရှုဆောင်ယူ ပူဇော်ကြကုန်၏၊ ထိုသုဒဿနနတ်မင်းသည် ဥသဘဝတီဘုရင်ဖြစ်သော လူမင်းနှင့်

WWW.DHAMMARANSI.COM



တကွ တနေရာတည်း၌ နေထိုင်ကြပြီးလျှင် တကျွန်းလုံး၏ ပူဇော်ပသခြင်းကို ခံယူကြကုန်၏။

(နတ်များကိုဖြစ်စေ ဘုရင်မင်းမြတ်များကိုဖြစ်စေ ဆက်သအပ်သော အရာဝတ္ထုတို့ကို ပါဠိလို "ဗလိ"ဟု ခေါ်၏၊ထိုဗလိဟုခေါ်သောပစ္စည်းကို နတ်များအား ဆက်သ တင်မြှောက်သည်ကို "ဗလိနတ်စာကျွေးသည်"ဟု လူအများ ခေါ်ဝေါ်ကြ၏။ "ဗလိနတ်စာကျွေးသည်"ဟူသော ဤစကားတွင် ဗလိမှာ ပါဠိဖြစ်၍ နတ်စာကျွေးသည်ဟူသော မြန်မာစကားနှင့် တွဲဖက်သုံးထားခြင်းဖြစ်သည်။နတ်များအား စားသောက်ရန် အစာဆက်သ ကျွေးမွေးခြင်းဖြစ်သည်။ မင်းတို့အား ဆက်သခြင်းကိုမူ အခွန်တော်ဆက်သည် အခွန်တော်ဆောင်သည်ဟု ခေါ်ဝေါ်ကြ၏။)

ထိုအခါ ပိယဒဿီမြတ်စွာဘုရားသည် သုဒဿနနတ်မင်း၏ မှားယွင်းသော မိစ္ဆာအယူကို ပယ်ဖျောက်အံ့ဟု ကြံစည်တော်မူ၍ ထိုသုဒဿနနတ်မင်း ဘီလူးအစည်းအဝေးသို့ သွားရောက်နေခိုက် ထိုနတ်မင်း၏ ဗိမာန်သို့ ကြွရောက်တော်မူကာ အသရေရှိသော အိပ်ရာထက်သို့ တက်၍ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်လျက် တန်ဆောင်မုန်းလ သရဒရာသီအခါ ယုဂန္ဓိုရ်တောင်ထိပ်မှထွက်ပေါ်သော နေဝန်းကဲ့သို့ သိတင်းသုံးနေတော်မူ၏။ ထိုသုဒဿနနတ်မင်း၏ အခြံအရံအလုပ်အကျွေး ဖြစ်ကြသော နတ်တို့သည် ပန်း နံ့သာ နံ့သာပျောင်း စသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်၍ ခြံရံကာ နေကြကုန်၏။

သုဒဿနနတ်မင်းသည်လည်း နတ်ဘီလူးတို့၏ အစည်းအဝေးမှ ပြန်လာသောအခါ မိမိဗိမာန်မှ ရောင်ခြည်တော် ခြောက်သွယ်တို့ ထွက်ပေါ် ကွန့်မြူးနေသည်တို့ကိုမြင်၍ "တပါးသော နေ့တို့၌ ငါ့ဗိမာန်၏ ဤသို့ သဘောရှိသည့် များစွာသောအရောင် ထွန်းတောက်ခြင်းအသရေကို ငါ မမြင်ရစဘူး၊ ဤငါ့ဗိမာန်အတွင်း၌ ဝင်ရောက်နေသူကား အဘယ်သူနည်း၊ လူလေလော, နတ်လေလော"ဟု ကြံစည် ကြည့်ရှုလတ်သည်တွင် တန်ဆောင်မုန်းလ သရဒရာသီအခါ ယုဂန္ဓိုရ်တောင်ထိပ်မှ ထွက်ပေါ်သော နေမင်းကဲ့သို့ ရောင်ခြည်တော် ခြောက်သွယ် တည်းဟူသော ကွန်ရက်ဖြင့်

WWW.DHAMMARANSI.COM



လွန်စွာ ထွန်းတောက်လျက် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို မြင်၍ "ဤ ဦးပြည်းရဟန်းသည် ငါ၏ အခြံအရံ အလုပ်အကျွေး နတ်တို့ဖြင့် ခြံရံလျက် မြတ်သောအိပ်ရာထက်၌ နေဘိ၏တကား" ဟု အမျက်ထွက်ခြင်းဖြင့် နှိပ်စက်အပ်သော စိတ်နှလုံးရှိရကား "ကိုင်း....ငါသည် ဤရဟန်းအား ကိုယ်စွမ်းကို ပြပေအံ့" ဟု ကြံစည်ပြီးလျှင် ထိုသုဒဿနတောင်ကြီး တခုလုံးကို တခဲနက်မီးလျှံဖြစ်အောင် ပြုလေ၏။

ထိုသို့ပြုပြီးသော် "ရဟန်းဦးပြည်းသည် ဤမီးလျှံဖြင့် ပြာဖြစ်လေပြီလော" ဟု ကြည့်ရှုသောအခါ များစွာသော ရောင်ခြည်တော် ကွန်ရက်ကို ဖြန့်လွှတ်သဖြင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သည့် မြတ်သောကိုယ်တော်ရှိ၍ ကြည်လင်သော မျက်နှာတော် အဆင်းဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရားကိုမြင်၍ "ဤရဟန်းသည် မီးလောင်ခြင်းကို ခံနိုင်ရည်ရှိ၏၊ ကိုင်း....ငါသည် ဤရဟန်းကို ကြီးစွာသောရေထုဖြင့် တိုက်မျောနှစ်မြှုပ်၍ သတ်ပေအံ့" ဟု ကြံစည်ပြီးလျှင် အလွန်နက်လှစွာသော ရေထုကြီးကို ဗိမာန်သို့ ရှေးရှု အဟုန်ဒီးဒီး စီးသွားစေလေသည်။ ရေတင်းကျမ်းပြည့်၍နေသော ဗိမာန်အတွင်း သီတင်းသုံးနေတော်မူသော မြတ်စွာဘုရား၏ သင်္ကန်းတော် ချည်တမျှင်မျှကိုရင်း မွေးညင်းတော် တပင်မျှကိုရင်း ရေမစွတ်နိုင်ချေ။

ထို့နောက် သုဒဿနနတ်မင်းသည် ဤနောက်နည်းဖြင့် ရဟန်းကြီးသည် အသက်ရှူခွင့်မရပဲ သေလိမ့်မည်ဟု စိတ်ကူး၍ ရေထုကြီးကို မြတ်စွာဘုရား၏ အနီး၌သာ တစုတည်း စုရုံးကြည့်ရှုပြန်သည်တွင် မြတ်စွာဘုရားကို စိမ်းညိုသော ရေအယဉ်အကြားသို့ ရောက်လျက် တန်ဆောင်မုန်းလ ညဉ့်အခါတောက်ပသော လမင်းပမာ အထူးထူးသော ရောင်ခြည်ကွန်ရက်အပေါင်းဖြင့် တင့်တယ်တော်မူကာ မိမိ၏နတ်ဘီလူးပရိသတ် ဝန်းရံလျက် ထိုင်နေတော်မူသည်ကိုမြင်၍ အမျက်ဒေါသကို မထိန်းသိမ်းနိုင်တော့ပဲ "ကိုင်း.... မသေလျှင် သေသည့်နည်းဖြင့် ရဟန်းကြီးကို သတ်ပေအံ့" ဟု ကြံစည်ပြီးလျှင် လက်နက်ကိုးမျိုး မိုးသည်းကြီးကို ရွာသွန်းစေလေ

WWW.DHAMMARANSI.COM



တော့သည်။ ထိုအခါ မြတ်စွာဘုရား၏ တန်းခိုးအာနုဘော်ကြောင့် အလုံးစုံသော လက်နက်မျိုးတို့သည် အထူးထူး အထွေထွေ တင့်တယ် ရှုချင်ဖွယ်ရှိလျက် ရန့်ကောင်း ကြိုင်လှိုင်သည့် ပန်းခိုင် ပန်းကုံးများဖြစ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း ကျရောက်လေကုန်သည်။

ထို့နောက် သုဒဿနနတ်မင်းသည် ထိုသို့သော အံ့ဩဖွယ်ကို မြင်ရလျှင် (ကြည်ညိုရမည့်အစား) အလွန်ပင် မခံမရပ်နိုင်အောင် အမျက်ထွက်ရကား (ကိုယ်ထိလက်ရောက် ကျူးလွန်ကာ) မိမိ၏ လက်နှစ်ဖက်ဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဆွဲကိုင်၍ မိမိ၏ ဘုံဗိမာန်မှ ထုတ်ပစ်လိုသည်ဖြစ်၍ မြှောက်ချီပြီးလျှင် မဟာ သမုဒ္ဒရာကို ကျော်လွန်ကာ စကြဝဠာတောင်သို့ အရောက်သွားပြီး သော် "အသို့နည်း ရဟန်းကြီးသည် ရှင်လေသလော, သေလေ သလော" ဟု ကြည့်ရှုပြန်သည်တွင် (အိပ်မက်၌ကဲ့သို့ ဖြစ်ကာ) ထိုဘုံဗိမာန်အတွင်း မူလနေရာ၌ပင် မြတ်စွာဘုရား သီတင်းသုံး နေသည်ကိုမြင်၍ "ဩ....ဤရဟန်းသည် တန်းခိုးအာနုဘော် ကြီးလှပေ၏၊ ငါသည် ဤရဟန်းကို ဤဘုံဗိမာန်အတွင်းမှ ဆွဲထုတ် ခြင်းငှါ စွမ်းနိုင်တော့မည်မဟုတ်ချေ၊ အကယ်၍ ယခုကဲ့သို့ ပြုမူ နေသော ငါ့ကို တစုံတယောက်သောသူ သိရှိသွားခဲ့သော် ငါ့အား များစွာပင် အကျော်အစောမဲ့ ဖြစ်ပေလိမ့်မည်၊ သို့ရကား တစုံ တယောက်မျှမမြင်မီ ဤရဟန်းကိုရော ဘုံဗိမာန်ကိုပါ စွန့်ပစ်၍ ငါသွားတော့အံ့" ဟု ကြံစည်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် သုဒဿနနတ်မင်း၏ စိတ်အကြံကို သိ၍ သုဒဿနနတ်မင်းကို ကိုယ်တော်မြတ်၏ ခြေတော်တို့၌ ဆုပ်ကိုင်လျက်နေသည်ကို နတ်လူအများ မြင်နိုင်ကြရန် အဓိဋ္ဌာန် တော်မူလေ၏၊ အဓိဋ္ဌာန်တော်မူသည့်အတိုင်း သုဒဿနနတ်မင်း သည် မြတ်စွာဘုရားနှင့် ဘုံဗိမာန်ကို (မိမိကြံသည့်အတိုင်း) စွန့်ခွာ၍ မသွားနိုင်ပဲ မြတ်စွာဘုရား၏ ခြေတော်တို့ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက်သာ တည်ရှိနေလေတော့သည်။

WWW.DHAMMARANSI.COM



ထိုနေ့သည်ကား ဇမ္ဗူဒိပ်တကျွန်းလုံးရှိ တရာ့တပါးသော မင်းအပေါင်းတို့ သုဒဿန နတ်ဘီလူးမင်းအား ဗလိနတ်စာ ပူဇော်ရန် တညီတညွတ်တည်း စည်းဝေးလာရောက်ကြသောနေ့ ဖြစ်သည်။ ထိုတရာ့တပါးသော မင်းတို့သည် မြတ်စွာဘုရား၏ ခြေတော်အစုံကို ကိုင်၍နေသော သုဒဿန နတ်ဘီလူးမင်းကို မြင်ကြ၍ "ငါတို့၏ နတ်ဘီလူးမင်းသည် ရဟန်းမင်းဖြစ်တော်မူသော ပိယဒဿီမြတ်စွာဘုရားအား ခြေဆုပ်လက်နယ်အမှုကို ပြုလုပ်နေ၏၊ သြ····မြတ်စွာဘုရားတို့မည်သည် လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေကုန်စွ၊ သြ····ဘုရားဂုဏ်ကျေးဇူးတော်တို့သည် ထူးကဲလွန်မြတ်ပေကုန်စွ" ဟူ၍ မြတ်စွာဘုရား၌ ကြည်ညိုသော စိတ်ရှိကြကုန်လျက် ဦးခေါင်းထက်၌ လက်အုပ်ကို တင်ထားကြကာ မြတ်စွာဘုရားကို ရှိခိုး၍နေကြလေကုန်သည်။

ထိုအစည်းအဝေး၌ ပိယဒဿီမြတ်စွာဘုရားသည် သုဒဿန နတ်ဘီလူးမင်းကို အမှူးပြု၍ တရားဒေသနာကို ဟောကြားတော်မူ၏၊ ထိုအခါ ကုဋေကိုးသောင်းသော နတ်လူတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

(ဤကား ဒုတိယဓမ္မာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ဝယ်ကိုးယူဇနာကျယ်ဝန်းသော ကုမုဒ မြို့တွင် (ငါတို့မြတ်စွာဘုရား၏ ရန်သူ ဒေဝဒတ်ကဲ့သို့) ပိယဒဿီ မြတ်စွာဘုရား၏ ရန်သူဖြစ်သည့် သောဏမည်သော ရဟန်းယုတ်သည် ကုမုဒဘုရင်၏ သားတော် မဟာပဒုမမင်းသားနှင့် တိုင်ပင်၍ ထိုမင်းသားကို ခမည်းတော် ကုမုဒဘုရင်မင်းကို သတ်စေပြီးလျှင် တဖန် ပိယဒဿီမြတ်စွာဘုရားကို သတ်အံ့သောငှါ အထူးထူး အထွေထွေ ကြံစည်အားထုတ်သော်လည်း မသတ်နိုင်ရကား ဒေါဏမုခ အမည်ရှိသော မင်းစီးဆင်၏ ဆင်ဦးစီး ယောက်ျားကို ခေါ်ယူဖြားယောင်းပြီးလျှင် "ပိယဒဿီမြတ်စွာဘုရား ဤမြို့တွင်းသို့ ဆွမ်းခံကြွသောအခါ ဒေါဏမုခဆင်ကို လွှတ်၍ ပိယဒဿီ ရဟန်းကြီးကို သတ်လော့" ဟူ၍ ပြောကြားလေသည်။

WWW.DHAMMARANSI.COM



ထိုအခါ ဆင်ဦးစီးသည် စီးပွါးရှိ-မရှိကို ဆင်ခြင်တတ်သည့် ဉာဏ်ကင်းမဲ့သူဖြစ်ရကား "ဤသော ဏာရဟာန်းသည် မင်းကျွမ်းဝင်သော ရဟာန်းဖြစ်သည်၊ သူ-မနှစ်သက်လျှင် ငါ့ကို ရာထူးမှသော်လည်း ချပစ်ပေလိမ့်မည်" ဟု ကြံစည်စဉ်းစားပြီးလျှင် "ကောင်းပါပြီ" ဟု ဝန်ခံ၍ နှစ်ရက်မြောက်သောနေ့ (နောက်တနေ့၌) မြတ်စွာဘုရားသခင် မြို့တော်အတွင်း ဆွမ်းခံဝင်မည့်အချိန်ကို ကောင်းစွာမှတ်ယူ၍ ဒေါဏမုခ ဆင်မင်းထံ သွားရောက်ပြီးလျှင် အမှန်ကျနေသော ဆင်ကြီးကို တိုးတက် မူးယစ်အောင် ပြုလုပ်၍ မြတ်စွာဘုရားကို သတ်ဖို့ရန် စေလွှတ်လေ၏။

ထိုအခါ ဒေါဏမုခဆင်သည် လွှတ်လိုက်သည်နှင့်တပြိုင်နက် လမ်း၌တွေ့ကြုံသမျှသော ဆင်,မြင်း,ကျွဲ, နွား, ယောကျ်ား, မိန်းမတို့ကို နင်းသတ် နှိပ်စက်၍၎င်း တွေ့ရှိသမျှသော အဆောက်အဦတို့ကို ချိုးဖွဲ့ဖျက်ဆီး၍၎င်း သိန်း,စွန်,ကျီး,လင်းတတို့ တသောသောဝန်းရံကာ လူသားစား ဘီလူးကြီးပမာ မိမိနင်းသတ်အပ်သော ဆင်,မြင်း,ကျွဲ,နွားစသည်တို့၏ အသားကို ထုတ်နုတ်စားသောက်ကာ တပည့်ရဟာန်းအပေါင်း ခြံရံလျက် ဆွမ်းခံဝင်လာတော်မူသော မြတ်စွာဘုရားကို အဝေးကပင် မြင်လျှင်မြင်ခြင်း ပြင်းထန်သောအဟုန်ဖြင့် ဘုရားသို့ ရှေးရှုလိုက်လေ၏။

ထိုအခါ တိုင်းနေပြည်သူ လူအပေါင်းတို့သည် ကြောက်ရွံ့သောစိတ် ပူပန်သောစိတ်တို့ ယိုဖိတ်လုမတတ် ရင်တွင်းဝယ် ပြည့်ကျပ်ကန်လျက် ပြာသာဒ်,တံတိုင်း, ကျောက်ခုံ, အုဋ်ခုံ, သစ်ပင် စသည်တို့သို့ ကပ်ကြပြီးလျှင် မြတ်စွာဘုရားသို့ ရှေးရှု မျက်နှာမူ၍ ပြေးလာသော ဆင်ကြီးကို မြင်ကြလေသော် ဟာ-ဟာ ဟူသောအသံကို ပြုကြလျက် အချို့ဒါယကာများက ဆင်ကြီးကိုတားမြစ်ရန်အမျိုးမျိုးအားထုတ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားတည်းဟူသော ဆင်မင်းသည် ဒေါဏမုခတိရစ္ဆာန်ဆင်မင်း ကိုယ်တော်မြတ်သို့ ရှေးရှုမျက်နှာမူ၍ ပြေးလာသည်ကို မြင်တော်မူလျှင် မဟာကရုဏာဖြန့်တော်မူကာ အေးမြသော စိတ်နှလုံးရှိတော်မူလျက် မေတ္တာဖြာပွားစိုရိဖြင့် ထို ဆင်ကြီးကို ဖြန့်တော်မူလေသည်။ ထိုအခါ

ဒေါဏာမုခဆင်ကြီးသည် မြတ်စွာဘုရား၏ မေတ္တာတော် ပျံ့နှံ့၍ နူးညံ့သော စိတ်နှလုံးရှိရကား မိမိပြစ်မှားမိသော အပြစ်ကို သိလျက် အလွန်ရှက်လှသဖြင့် မြတ်စွာဘုရား၏ရှေ့တော်၌ ပကတိ ရပ်တည်ခြင်းငှါ မစွမ်းနိုင် မဝံ့နိုင်ပဲ မြေကြီးထဲလို ဝင်လိုသကဲ့သို့ပင် ဦးခေါင်းဖြင့် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလေ တော့၏။

ထိုအခြင်းအရာကို မြင်ကြ၍ တိုင်းနေပြည်သူ လူအပေါင်း တို့သည် နှစ်ထောင်းအားရခြင်းဖြင့် ပြည့်ဝသော စိတ်နှလုံးရှိကြ လျက် ခြင်္သေ့၏ အသံကဲ့သို့ ကောင်းချီးပေးသော ကြွေးကြော် အော်ဟစ်သော အသံကို ပြုကြလေကုန်၏၊ အလွန်တရာ မွှေးကြိုင် လှသော ရနံ့ရှိသည့် ပန်း စန္ဒကူး နံ့သာမှုန့် အဆင်တန်းဆာ စသည်တို့ဖြင့် ထိုဒေါဏာမုခဆင်မင်းကို အလူးလူး အထွေထွေ ပူဇော်ကြလေသည်၊ ထက်ဝန်းကျင်မှ ခေါင်းပေါင်း ကဝတ်တို့ကို လည်း ပစ်မြှောက်ကြလေကုန်၏၊ ကောင်းကင်မှလည်း နတ်စည် ကြီးများ ရွှမ်းကြလေကုန်၏။

(ဤဒေါဏာမုခဆင်မင်းကဲ့သို့ပင် ကျွန်ုပ်တို့၏ မြတ်စွာဘုရားလက်ထက် တော်အခါက နာဠာဂီရိဆင်သည်လည်း မြတ်စွာဘုရား ရှေ့တော်သို့ ရောက်၍ ရှိသေစွာ ဝပ်သောအခါ လူအပေါင်းတို့က အဆင်တန်းဆာ အမျိုးမျိုး စသည်တို့ကို ဆင်ပေါ်သို့ ပစ်ကြကုန်၏၊ ထိုပစ်အပ်သော အဆင်တန်းဆာ အမျိုးမျိုး စသည်တို့သည် ဆင်တကိုယ်လုံးကို အုပ်ဖုံး၍ နေကုန်၏၊ ထိုအခါမှစ၍ နာဠာဂီရိဆင်ကို ဓနပါလဆင် = (ဥစ္စာစောင့် ဆင်ကြီး) ဟူ၍ ခေါ်စမှတ်ပြုကြသည်၊ ထိုဓနပါလ ဆင်ကြီးသည် မြတ်စွာဘုရားကို ရှိသေလှစွာ နောက်ဆုတ်သွား၍ မိမိဟင်းကုပ်အတွင်း ဝင်မိသောအခါ စုပုံကျန်ရစ်နေသော အဆင်တန်းဆာ အမျိုးမျိုးတို့မှာ မြတ်စွာဘုရား၏ အဓိဋ္ဌာန်ချက်အရ ပစ္စည်းရှင်များဟိသို့သာ တဖန် ပြန်ရောက်ကြကြောင်း (စူဠဟံသဇာတ် အဋ္ဌကထာမှာ) လာရှိသည်။ ထိုအတူပင် ပိယဒဿီမြတ်စွာဘုရားလက်ထက် ဒေါဏာမုခဆင်၏ အရာ မှာလည်း လူအများက မြတ်စွာဘုရားကို ပူဇော်ကြခြင်း မဟုတ်ပဲ ဆင်အား ချီးမြှောက်ပေးကမ်းကြခြင်းသာ ဖြစ်လင့်ဖွယ်ရှိသည်။)

WWW.DHAMMARANSI.COM



ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ ခြေရင်း၌ ဝပ်စင်းလျက်နေသော ဒေါဏမုခဆင်မင်း၏ ဦးထိပ်ကို လက်ဝါးတော်ဖြင့် သုံးသပ်တော်မူ၍ ထိုဆင်၏ စိတ်နေစိတ်ထားနှင့် သင့်လျော်သော တရားဒေသနာဖြင့် ဆင်ကို ဆုံးမတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားရှင် ဆုံးမအပ်သော ဆင်မင်းသည် သတိအမှတ်ရကာ လွန်စွာ ယဉ်ကျေးသည်ဖြစ်၍ ဝိနည်းအကျင့်နှင့် ပြည့်စုံသော တပည့်ရဟန်းကဲ့သို့ ဖြစ်လေ၏။ ဤသို့လျှင် ပိယဒဿီမြတ်စွာဘုရားသည် ငါတို့မြတ်စွာဘုရား ဓနပါလ ဆင်မင်းကို ဆုံးမသကဲ့သို့ ဒေါဏမုခဆင်မင်းကို ဆုံးမပြီးလျှင် ထိုအရပ်၌ ပေါင်းစုမိသော လူအများ အစည်းအဝေးဝယ် တရားတော်ကို ဟောတော်မူ၏၊ ထိုအခါ ကုဋေရှစ်သောင်းသောသူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယဓမ္မာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

## ပဌမသန္နိပါတ

ပိယဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီးသုံးကြိမ်ရှိရာ ပဌမအကြိမ်၌ သုမင်္ဂလမြို့တော်ဝယ် ပါလိတအမည်ရှိသော မင်းသားနှင့် ပုရောဟိတ်၏သား သဗ္ဗဒဿီလုလင်ဟူ၍ သူငယ်ချင်းနှစ်ယောက် (အဂ္ဂသာဝကအလျာ) တို့သည် ပိယဒဿီမြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူလာရာ မိမိတို့၏မြို့သို့ ရောက်တော်မူသည်ဟု ကြားရ၍ ကုဋေတသိန်းသော အခြွေအရံ ယောကျ်ားတို့ကို ခေါ်ဆောင်ကာ ခရီးဦး ကြိုဆိုမှု ပြုကြလျက် ပိယဒဿီမြတ်စွာဘုရား ဟောတော်မူအပ်သော တရားကို ကြားနာကြရပြီး ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူကြကုန်၏၊ ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရား ဟောတော်မူအပ်သော ဆွမ်းအနုမောဒနာ တရားပွဲကြီးအဆုံး၌ ကုဋေတသိန်းသော အခြွေ

WWW.DHAMMARANSI.COM



အခါ ယောကျ်ားတို့နှင့်တကွ ရဟန်းပြုကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေသည်။ ထိုကုဋေတသိန်းသော ရဟန်းတို့၏အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

## ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ သုဒဿနနတ်ဘီလူးမင်းကို မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသော အစည်းအဝေးကြီးတွင် ကုဋေကိုးဆယ်သော ယောကျ်ားတို့သည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ ထိုကုဋေကိုးဆယ်သော ရဟန်းတို့ ခြံရံလျက် မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက်တဖန် ဒေါဏမုခဆင်မင်းကို ဆုံးမချွတ်သောပွဲ၌ ကုဋေရှစ်ဆယ်သော ယောကျ်ားတို့သည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ ထိုကုဋေရှစ်ဆယ်သော ရဟန္တာအရှင်မြတ်တို့၏အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ကဿပလုလင်ဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် ဗေဒင်သုံးရပ် ကမ်းဆုံးခတ်အောင် တတ်မြောက်သိမြင် ကဿပအမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ပိယဒဿီမြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရား လွန်စွာ ဖြစ်ပွါးပြီးလျှင် ကုဋေတသိန်းသောဥစ္စာကို စွန့်လွှတ်၍ အလွန်ကောင်းမြတ်သော

WWW.DHAMMARANSI.COM



သံဃာ့အရာမ်ကြီး တည်ဆောက်ပြီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်အား ထိုအရာမ်ကြီးကို လှူဒါန်း၍ ရှင်လန်းဝမ်းမြောက်ကာ အမှတ်တမဲ့(ပေါ့လျော့စွာ)နေရမည်ကို လန့်ကြောက်သော စိတ်ရှိလျက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတို့ကို မြဲမြံစွာ ဆောက်တည်ကျင့်သုံးတော်မူလေသည်။

ထိုအခါ အလောင်းတော် ကဿပလုလင်ကို ပိယဒဿီမြတ်စွာဘုရားသည် သံဃာ့အလယ်၌ နေတော်မူလျက် "ဤကဿပလုလင်သည် ဤကမ္ဘာမှနောက် ကမ္ဘာတထောင့်ရှစ်ရာထက်၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကားကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ပိယဒဿီ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော်သူမြတ်သည် လွန်စွာ မိမိစိတ်ကို ကြည်လင်စေလျက် ပါရမီဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ပိယဒဿီမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **သုဓညဝတီမြို့တော်** ဖြစ်၍ ခမည်းတော်မှာ **သုဒတ္တမင်းကြီး**, မယ်တော်မှာ **စန္ဒာဒေဝီမိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော်သုံးဆောင်တို့မှာ **သုနိမ္မလရွှေနန်းဆောင်, ဝိမလရွှေနန်းဆောင်** နှင့် **ဂိရိဂုဟာရွှေနန်းဆောင်** တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း သုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **ဝိမလာဒေဝီမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **ကဉ္စနာဝေဠုမင်းသား** ဖြစ်သည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **အာဇာနည်မြင်း** ကသော **ရထားယာဉ်** ဖြစ်ပြီးလျှင် ခြောက်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **ပါလိတမထေရ်**နှင့် **သဗ္ဗဒဿိမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သောဘိတမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **သုဇာတာထေရီမ** နှင့် **ဓမ္မဒိန္နာထေရီမ** တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရေခံတက်ပင်ဗောဓိ** ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **သန္ဒကသူဌေး** နှင့် **ဓမ္မကသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ဝိသာခါဥပါသိကာ** နှင့် **ဓမ္မဒိန္နာဥပါသိကာ**တို့ ဖြစ်ကြသည်။

ပိယဒဿီ မြတ်စွာဘုရားသည် မနှိုင်းရှည်နိုင်သော အခြံအရံအကျော်အစောနှင့် ပြည့်စုံတော်မူပေ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့်လည်း ပြည့်စုံတော်မူပေ၏၊ အရပ်တော်အမြင့်မှာ အတောင်ရှစ်ဆယ် မြင့်လျှက် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးနှင့် အလားသဏ္ဍာန်တူလှပေ၏။

အတုမရှိသော ပိယဒဿီမြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကဲ့သို့ ထွန်းတောက်ပသော မီးရောင် လရောင် နေရောင်တို့ မရှိကုန်။ မီးရောင် လရောင် နေရောင်တို့ကို သာလွန်၍ မြတ်စွာဘုရား၏ ကိုယ်တော်ရောင်ကသာ ထွန်းတောက်ပတော်မူလေသည်။

ပိယဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၉၀၀၀၀)ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့လေးပုံ) ကာလပတ်လုံး တည်နေတော်မူလျှက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို သံသရာရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM



**သံဝေဂ**

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသည့် ထိုပိယဒဿီ မြတ်စွာဘုရားသည်၎င်း ထိုမြတ်စွာဘုရား၏ အတုမရှိသော သာဝကအစုစုသည်တို့သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ····ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ အချည်းနှီးသာ ဖြစ်ကုန်စွာ့တကား·· ။

**စေတီတော်**

ဤသို့လျှင် ရဟန်းမြတ်ဖြစ်တော်မူသော ပိယဒဿီ မြတ်စွာဘုရားသည် အဿတ္ထအရာမ် (ညောင်ဗုဒ္ဓဟေအရာမ်) ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူခဲ့ရာ ထိုအရာမ်အတွင်း၌ပင်လျှင် (ရှေးဆိုအပ်ပြီးသည့်အတိုင်း) တည်ထားအပ်သော မြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးသည် သုံးယူဇနာအမြင့် ရှိလေသည်။

ပိယဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၄-အတ္ထဒဿီဗုဒ္ဓဝင်

ပိယဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် (ဘုရားသုံးဆူတို့ ပွင့်တော်မူရာဖြစ်၍ ဝရကပ်ကမ္ဘာပင် ဖြစ်သော်လည်း စိတ်ကြည်လင်ဖွယ် စင်ကြယ်သော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသောကြောင့် မဏ္ဍကပ်ဟူ၍ ခေါ်ဆိုသင့်သော) ထိုကမ္ဘာ၌ပင် လူတို့၏ အသက်တမ်း အနှစ် (၉၀၀၀၀) ကိုးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀)ဆယ်နှစ် တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍ လူတို့အသက် အနှစ် တသိန်းတမ်းသို့ ရောက်သောအခါ အတ္ထဒဿီ မြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည် ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌

WWW.DHAMMARANSI.COM



စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သောဘဏ နေပြည်တော် သာဂရမင်းကြီး၏ သုဒဿနာ အမည်ရှိသော မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ သုစိန္ဓနအမည်ရှိသော ဥယျာဉ်တော်၌ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှား ဖြစ်ပေါ်ကုန်၏။)

အလောင်းတော်မင်းသား ဖွားမြင်တော်မူသောအခါ၌ ဆွေမျိုးအဆက်ဆက် ဆင်းသက်လာကာ ရှည်မြင့်စွာသော ကာလကပင် မြေအတွင်း သိုမှီးမြှုပ်နှံထားသဖြင့် မြှုပ်နှံရာ ဒေသကို မမှတ်မိနိုင်အောင် ရှိနေကြသော မြေမြှုပ်ဥစ္စာ ဘဏ္ဍာတို့ကို ပိုင်ရှင်တို့သည် မြှုပ်နှံထားရင်း နေရာကို သိမြင်ပြန်လည်ရရှိကြသောကြောင့် အလောင်းမင်းသားကို အမည်မှည့်သောနေ့တွင် အတ္ထဒဿီမင်းသားဟူ၍ အမည် မှည့်ကြလေကုန်သည်။

## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းတော် အတ္ထဒဿီမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) အမရဂိရိရွှေနန်းဆောင်၊ (၂) သုဂိရိရွှေနန်း ဆောင်၊ (၃) ဝါဟနရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ ဝိသာခါဒေဝီ မိဖုရားကြီးအမှူးရှိသော မောင်းမ အပေါင်း (၃၃၀၀၀) သုံးသောင်းသုံးထောင်တို့၏ ဖျော်ဖြေ လုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း (၁၀၀၀၀) တသောင်းတို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ် ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် အတ္ထဒဿီမင်းသား ထီးနန်းစိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး၍ ဝိသာခါဒေဝီမိဖုရားကြီးမှ

WWW.DHAMMARANSI.COM



သေလအမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ သုဒဿန အမည်ရှိသော မြင်းကိုစီးကာ တောထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက်(အားကျ) ကာ ကိုးကုဋေသော ယောက်ျားတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

အဋ္ဌဒဿီ မြတ်စွာဘုရား အလောင်းတော်သည် ထိုကိုးကုဋေသော ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်ပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ သုစိန္ဓရအမည် ရှိသော နဂါးမအား ပသပူဇော်ရန် ချိုမြိန်သော ဃနာနို့ထမင်းကို လူအပေါင်းတို့ယူဆောင်လာကြရာ နဂါးမသည် ထိုဃနာနို့ထမင်း ကို မိမိ မသုံးဆောင်ပဲ ပူဇော်ပသလာသော လူအများအား မိမိ ကိုယ်ကို ထင်ရှားပြကာ ရွှေခွက်နှင့်တကွ ဘုရားအလောင်းတော် အား လှူဒါန်းဆက်ကပ်လေသည်၊ ထိုသို့ နဂါးမလှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော အတွင်း၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်း အချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ မဟာရုစိအမည်ရှိသော နဂါးမင်း လှူဒါန်းအပ် သည့်သမန်းမြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ (စကား) ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၅၃) ငါးဆယ့် သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက် လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါ လေးပါးရှိသောဝီရိယကို ဆောက်တည်တော်မူကာ ရှေး၌ဆိုအပ် ပြီးသည့်အတိုင်း မာရ်စစ်သည် ဗိုလ်ပါကို မှုတ်လွှင့် ပယ်နှင်၍ သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရား အဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

အဋ္ဌဒဿီ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့် နောက် မဟာဗောဓိ (စကား) ပင်၏ အနီးမှာပင် သတ္တ- သတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရား

WWW.DHAMMARANSI.COM



ဟောရန် ဖြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ကြသည့် ကိုးကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ် ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည် ဆုံးဖြတ်တော်မူပြီးလျှင် "ယခုအခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု တဖန် ဆင်ခြင်တော်မူပြန်သော် အနောမမြို့၏ အနီး အနောမဥယျာဉ်ကြီး၌ နေကြသည်ကို မြင်တော်မူပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်၍ ထိုရဟန်းတို့နေရာ အနောမ ဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွတော်မူ၏။

ထိုအခါ ကိုးကုဋေသော ရဟန်းတို့သည် အတ္ထဒဿီမြတ်စွာ ဘုရား ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ကြ၍ ကြည်ညို လှသောစိတ်ဖြင့် ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း ဝတ်ကြီး ဝတ်ငယ် ကို ပြုစုကာ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ် ရာက နေကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်တော် မြတ်နှင့် ရဟန်းပြုဖက်ဖြစ်ကြသည့် ကိုးကုဋေသော ရဟန်းတို့ကို အစအဦးပြုကာ တရားနာလာရောက်ကြသော နတ်လူအပေါင်း တို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာကို ဟောကြားတော်မူ၏၊ ထိုအခါ ကုဋေတသိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ အတ္ထဒဿီမြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူ၍ ထိုနတ် ပြည်၌ နတ်ဗြဟ္မာ အပေါင်းတို့အား အဘိဓမ္မာတရား ဟောကြား တော်မူသည်ရှိသော် နတ်ဗြဟ္မာပေါင်း ကုဋေတသိန်းတို့ မဂ်ဖိုလ် တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



ထို့နောက် အခါတပါး၌ အဋ္ဌဒဿီမြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် ကပိလဝတ်နေပြည်တော် ခမည်းတော်မင်းကြီးထံသို့ ကြွသွားတော်မူကာ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူသကဲ့သို့ ခမည်းတော် သာဂရမင်းကြီး၏ စံရာ သောဘဏမြို့သို့ ကြွသွားတော်မူပြီးလျှင် ခမည်းတော် သာဂရမင်းကြီး အမှူးရှိသော ဆွေတော် မျိုးတော် အပေါင်းတို့အား တရားဒေသနာကို ဟောကြားတော်မူ၏၊ ထိုအခါ ကုဋေတသိန်းမျှသော လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ကတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

အဋ္ဌဒဿီ မြတ်စွာဘုရား၏ သာဝက အစည်းအဝေးကြီး သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ သုစန္ဒကမြို့တွင် (အဂ္ဂသာဝကအလျာဖြစ်ကြသည့်) သန္တအမည်ရှိသော မင်းသားနှင့် ဥပသန္တအမည်ရှိသော ပုရောဟိတ်သားတို့သည် ဗေဒင်သုံးပုံနှင့်တကွ အလုံးစုံသော အယူအမျိုးမျိုးတို့၌ အနှစ်သာရကို မရနိုင်ကြောင်း သိမြင်ကြ၍ မြို့တော်လေးမျက်နှာ တံခါးလေးပေါက်တို့၌ ပညာရှိလေးယောက်တို့နှင့်တကွ ရဲရင့်သောလူများကို "သင်တို့သည် ပညာရှိသော ရဟန်းပုဏ္ဏားကို မြင်သော်ငြင်း ကြားသော်ငြင်း ငါတို့ထံမှောက် လာရောက်လျှောက်ထားကြရမည်" ဟု မှာကြားကာ အစောင့်ထားကြကုန်၏။

ထိုအခါ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော အဋ္ဌဒဿီမြတ်စွာဘုရားသည် နောက်ပါ တပည့်သံဃာအပေါင်းနှင့်တကွ သုစန္ဒကမြို့သို့ ဒေသစာရီ ကြွချီဆိုက်ရောက်တော်မူလာရာ အစောင့်ထားအပ်သောသူတို့သည် မင်းသားနှင့် ပုရောဟိတ်သားတို့ထံ သွားရောက်ကာ မြတ်စွာဘုရား သုစန္ဒကမြို့သို့ ကြွချီဆိုက်ရောက်တော်မူလာကြောင်း လျှောက်ထားကြသောအခါ

WWW.DHAMMARANSI.COM



သန္တမင်းသားနှင့်ဥပသန္တပုရောဟိတ်သားတို့သည် ထိုအကြောင်းကို ကြားရလျှင် အလွန်ရွှင်လန်း ဝမ်းမြောက်သော စိတ်ရှိကြ၍ အခြံအရံ တထောင်တို့နှင့်တကွ အဆောတလျင် မြို့ပြင်သို့ထွက်ကြ၍ မြတ်စွာဘုရားကို ခရီးဦး ကြိုဆိုမှု အရိုအသေရှိခိုးမှု ပင့်ဖိတ်မှုပြုပြီးလျှင် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား အသဒိသ မဟာဒါနကြီး ပေးလှူပြီးနောက် ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံမြို့နေသူ လူအပေါင်းတို့နှင့် အတူတကွ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားကို နာကြားကြကုန်၏၊ ထိုနေ့၌ ကိုးသောင်းရှစ်ထောင်သော လူအပေါင်းတို့သည် မြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်တော်မူသည်တွင် ဧဟိဘိက္ခုရဟန်းဖြစ်ကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်။ ထို ရဟန်းပရိသတ်တို့၏ အလယ်၌ မြတ်စွာဘုရားသည် သြဝါဒ ပါတိမောက်ကို ပြတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

## ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် အတ္ထဒဿီ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ သားတော်ဖြစ်တော်မူသော အရှင်သေလရဟန်းအား တရားဟောတော်မူသည်ရှိသော် ရှစ်သောင်းရှစ်ထောင်သော လူတို့သည် သဒ္ဓါတရားဖြစ်ပွါးကာ မြတ်စွာဘုရားအထံ ရဟန်းအဖြစ်ကို တောင်းခံသည်တွင် မြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်တော်မူ၍ ဧဟိဘိက္ခု ရဟန်းဖြစ်ကြပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ ထိုရဟန်း ပရိသတ်တို့၏ အလယ်၌ မြတ်စွာဘုရားသည် သြဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

တဖန် မဟာမင်္ဂလာတရားတော်ကို နာကြားရန် ရောက်ရှိကြသော လူနတ်မြဟ္မာ သတ္တဝါတို့၏ အစည်းအဝေးဖြစ်သည့်

WWW.DHAMMARANSI.COM



တပို့တွဲလပြည့်နေ့တွင် နတ်လူအပေါင်းတို့အား တရားတော်ကို ဟောတော်မူ၍ ခုနစ်သောင်းရှစ်ထောင်သောသူတို့ကို အရဟတ္တဖိုလ်သို့ ရောက်စေပြီးလျှင် ထိုရဟန်းတို့၏ အစည်းအဝေး၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း သုသိမရသေ့ဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် စမ္ပက အမည်ရှိသောမြို့၌ သုသိမ အမည်ရှိသော တလောကလုံးက သူတော်ကောင်းကြီးဟူ၍ သမုတ်အပ်, သိမှတ်အပ်သည့် ပုဏ္ဏားသူကြွယ်ကြီးဖြစ်ပြီးလျှင် မိမိ၏ စည်းစိမ်ဥစ္စာ အစုစုကို ဆင်းရဲနွမ်းညှိုးသူ,ကိုးကွယ်ရာမဲ့သူ,အထီးကျန်သူ,ခရီးသွားသူ စသည်တို့အား စွန့်ကြဲလှူဒါန်း ပေးကမ်းခဲ့၍ ဟိမဝန္တာ၏အနီးသို့ သွားပြီးလျှင် ရှင်ရသေ့ပြုလုပ်ကာ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ဖြစ်ပွါးစေလျက် တန်းခိုးအာနုဘော် ကြီးမားထက်မြက်သော ရသေ့သူမြတ်ဖြစ်၍ လူများအပေါင်းအား ကုသိုလ်တရားတို့၏ အပြစ်မရှိသည်၏ အဖြစ်ကိုရင်း, အကုသိုလ်တရားတို့၏ အပြစ်ရှိသည်၏ အဖြစ်ကိုရင်း ဟောကြား ဖော်ပြ၍ မြတ်စွာဘုရား ပွင့်တော်မူမည့်အခါကို ငံ့ဆိုင်းစောင့်မျှော် တည်နေတော်မူ၏။

ထိုမှ နောက်အခါ၌ အတ္ထဒဿီမြတ်စွာဘုရားသည် လောက၌ ဖြစ်ပွင့်တော်မူ၍ သုဒဿန မြို့တော်ကြီးဝယ် ပရိသတ် ရှစ်ပါး အလယ်၌ အမြိုက်တရားမိုးရေ ဖွဲဖြိုး ရွာသွန်းတော်မူသည်ရှိသော် အလောင်းတော် သုသိမရှင်ရသေ့သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ နတ်ပြည်သို့ သွားရောက်ပြီးလျှင် နတ်၌ ဖြစ်သော ထင်ရှားပန်း ပဒုမာကြာပန်း ပင်လယ်ကသစ်ပန်း စသည်တို့ကို တာဝတိံသာနတ်ပြည်မှ ဆောင်ယူခဲ့၍ မိမိ၏ တန်းခိုးအာနုဘော်ကို ပြလိုသည်ဖြစ်၍ ကိုယ်ထင်ရှားပြပြီးလျှင်

WWW.DHAMMARANSI.COM



လေးကျွန်းအနှံ့ ရှာသွန်းသောမိုဃ်းကြီးပမာ အရပ်လေးမျက်နှာတို့၌ ပန်းမိုဃ်းကြီး ရွာစေလျက် ထက်ဝန်းကျင် ပန်းတို့ဖြင့် ချယ်လယ်အပ်သော ပန်းမဏ္ဍပ်ကြီးကို ပြုလုပ် တည်ဆောက်ကာ ပူဇော်ဖွယ်ဖြစ်သည့် အထွတ်ဝ၌ အပေါ်မှ ကုံးတပ်ကာ အတင့်အတယ် စီမံထားသောတိုင် ခွေကွန်ရက် စသည်တို့ကိုလည်း ပန်းဖြင့် ချယ်လယ်အပ်သည်ကိုပြု၍ နတ်၌ဖြစ်သော ထင်ရှားပန်း (မန္ဒာရဝနတ်ပန်း)ထီးကြီးဖြင့် မြတ်စွာဘုရားကို ပူဇော်လေသည်။ အတ္ထဒဿီ မြတ်စွာဘုရားသည်လည်း အလောင်းတော် သုသိမရှင်ရသေ့ကို "ဤသုသိမ ရှင်ရသေ့သည် နောင်သောအခါ ကမ္ဘာတထောင့်ရှစ်ရာထက်၌ ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ် ကြားသကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

အတ္ထဒဿီ မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော်သူမြတ်သည် ရှင်လန်း ဝမ်းမြောက်ကာ အမှတ်တမဲ့ (ပေါ့လျော့စွာ)နေရမည်ကို လန့်ကြောက်သောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

အတ္ထဒဿီ မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **သောဘဏမြို့တော်** ဖြစ်၍ ခမည်းတော်မှာ **သာဂရမင်းကြီး**, မယ်တော်မှာ **သုဒဿနာဒေဝီမိဖုရားကြီး** တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀) တသောင်းဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **အမရဂိရိရွှေနန်းဆောင်, သုဂိရိရွှေနန်းဆောင်, ဝါဟနရွှေနန်းဆောင်** တို့ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



အင္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်း သုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **ဝိသာခါဒေဝီမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **သေလမင်းသား** ဖြစ်သည်။

နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **သုဒဿန** အမည်ရှိသော **မြင်းယာဉ်** ဖြစ်၍ ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **သန္တမထေရ်** နှင့် **ဥပသန္တမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **အဘယမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **ဓမ္မာထေရီမ** နှင့် **သုဓမ္မာထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **စကားပင်**ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **နကုလသူဌေး**နှင့် **နိသဘသူဌေး**တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ **မကိလာဥပါသိကာမ** နှင့် **သုနန္ဒာဥပါသိကာမ** တို့ ဖြစ်ကြသည်။

အတုမရှိသော မြတ်စွာဘုရားတို့နှင့်သာ တူတော်မူသော အဋ္ဌဒသမီ မြတ်စွာဘုရားသည် အရပ်တော် အတောင်ရှစ်ဆယ် မြင့်လျက် ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့၎င်း, နက္ခတ်ကြယ်တာရာအပေါင်းတို့၏ မင်းဖြစ်သော လပြည့်ဝန်းကြီးကဲ့သို့၎င်း တင့်တယ်လှပေ၏။

အဋ္ဌဒသမီ မြတ်စွာဘုရား၏ (တန်းခိုးဖြင့် မဖန်ဆင်းရပဲ) ပင်ကိုယ်ပကတိ ထွက်နေသော ကုဋေရာပေါင်းများစွာ အရောင်အင်အားရှိသည့် ရောင်ခြည်တော်တို့သည် အထက်အောက် အရပ်ဆယ်မျက်နှာ တယူဇနာတိုင်တိုင် အမြဲပျံ့နှံ့ကွန့်မြူးကုန်၏။ (အလိုတော်ရှိ၍ အဓိဋ္ဌာန်တော်မူလျှင် ကုဋေရာပေါင်းများစွာ စကြဝဠာတို့သို့ ထွန်းပနိုင်၏။)

အလုံးစုံသော သတ္တဝါတို့ထက် မြတ်တော်မူသော အဋ္ဌဒသမီ မြတ်စွာဘုရားသည် မျက်စိငါးပါးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍

WWW.DHAMMARANSI.COM



အနှစ်တသိန်းတို့ကာလပတ်လုံး လောက၌ တည်နေတော်မူ၏။ (အသက်တမ်း အနှစ်တသိန်းဖြစ်၍ အနှစ်တသိန်းကာလပတ်လုံး တည်နေသည် ဟု ဆိုသည်၊ စင်စစ်ကား အသက်တမ်း၏ ငါးပုံ လေးပုံ အနှစ်ရှစ်သောင်း သက်တော်တည်နေသည် ဟု မှတ်ယူရာ၏။)

အတ္ထဒဿီ မြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ အတုမရှိသော တရားအလင်းရောင်ကို ဟောပြထွန်းပစေပြီး၍ မီးစာကုန်သဖြင့် ငြိမ်းအေးသွားသော မီးတောက်ကြီးကဲ့သို့ မမြဲသောသဘောသို့ရောက်ကာ ပရိနိဗ္ဗာန် စံတော်မူလေပြီ။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော အတ္ထဒဿီ မြတ်စွာဘုရားသည် အနောမအမည်ရှိသော အရာမ်ကြီး အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွာမြွာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

အတ္ထဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၅-ဓမ္မဒဿီဗုဒ္ဓဝင်

အတ္ထဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် (ဘုရားသုံးဆူတို့ ပွင့်တော်မူရာဖြစ်၍ ဝရကပ်ကမ္ဘာပင်ဖြစ်သော်လည်း စိတ်ကြည်လင်ဖွယ် စင်ကြယ်သော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသောကြောင့် မဏ္ဍကပ် ဟူ၍ ခေါ်ဆိုသင့်သော) ထိုကမ္ဘာ၌ပင် လူတို့၏ အသက်တမ်း အနှစ်(၁၀၀၀၀၀)တသိန်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ လူတို့အသက် အနှစ်တသိန်းတမ်းသို့

WWW.DHAMMARANSI.COM



ရောက်သောအခါ ဓမ္မဒဿီ မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သရဏ နေပြည်တော် သရဏ အမည်ရှိသော မင်းကြီး၏ သုနန္ဒာဒေဝီ မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လစေ့မြောက် အချိန် ရောက်သောအခါ သရဏ အမည်ရှိသော မင်းဥယျာဉ်၌ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှား ဖြစ်ပေါ်ကုန်၏။)

အလောင်းတော်မင်းသား ဖွားမြင်တော်မူခါစ၌ပင် ငြင်းခုံမှု အရပ်ရပ်တို့ကို ပညတ်ဆုံးဖြတ်ရာ ဓမ္မသတ်ကျမ်းစာတို့၌ တရားနှင့်မလျော်သော ပညတ်ချက်တို့သည် အလိုလို ကွယ်ပျောက်ကြကုန်၍ တရားနှင့်လျော်သော ပညတ်ချက်တို့သည်သာ တည်ရှိ ကျန်ရစ်ကြကုန်၏၊ ထို့ကြောင့် မင်းသား၏ အမည်ကို မှည့်သောအခါ နိမိတ်ဖတ် ပညာရှိတို့နှင့်တကွ ဆွေမျိုးအပေါင်းတို့က ဓမ္မဒဿီ မင်းသားဟူ၍ အမည်မှည့်ကြလေကုန်သည်။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ဓမ္မဒဿီမင်းသားသည် အရွယ်သို့ ရောက်သောအခါ (၁) အရဇ ရွှေနန်းဆောင်၊ (၂) ဝိရဇ ရွှေနန်းဆောင်၊ (၃) သုဒဿန ရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ ဝိစိကောဠီ အမည်ရှိသော မိဖုရားကြီး အမှူးပြုသည့် မောင်းမအပေါင်း (၄၃၀၀၀) လေးသောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၈၀၀၀) ရှစ်ထောင်တို့ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

အလောင်းတော် ဓမ္မဒဿီမင်းသားသည် ထီးနန်းစိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ ဝိစိကောဋိမိဖုရားကြီးမှ ပုညဝနုန အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ နတ်သားအတူ သိမ်မွေ့တော်မူသည်ဖြစ်၍ နတ်၏စည်းစိမ်ကဲ့သို့သော စည်းစိမ်ကိုခံစားတော်မူလျက် သန်းခေါင်ယံအခါဝယ် အိပ်ရာမှထ၍ ကြက်သရေရှိသောအိပ်ရာ၌ ထိုင်နေတော်မူရင်းကပင် အိပ်ပျော်ခြင်းသို့ရောက်ကြသည့် မောင်းမမိဿံတို့၏ ဖောက်ပြန်သော အမူအရာအမျိုးမျိုးကို မြင်ရလေလျှင် သံဝေဂကြီးစွာရ၍ တောထွက်တော်မူရန် စိတ်အကြံ ဖြစ်သည်၏ အခြားမဲ့၌ပင် အလောင်းတော်၏စံရာ သုဒဿနရွှေနန်းပြာသာဒ်သည် ကောင်းကင်အပြင်သို့ ပျံတက်ကာ စစ်အင်္ဂါလေးပါးဖြင့် ခြံရံအပ်လျက် ဒုတိယနေမင်းကဲ့သို့ငှင်း နတ်ဗိမာန်ကဲ့သို့ငှင်း သွား၍ မျက်နှာပန်း ဗောဓိပင်၏ အနီး၌ပင်လျှင် မြေသို့သက်၍ တည်လေသည်။

အလောင်းတော်သည် မြဟ္မာလူဒါန်း ကြာသက်န်းကို ဆင်မြန်းတော်မူကာ ရဟန်းပြုတော်မူ၍ ပြာသာဒ်ထက်မှ ဆင်းသက်တော်မူကာ မနီးမဝေး၌ ရပ်တည်တော်မူလေ၏၊ ပြာသာဒ်တော်သည် တဖန် ကောင်းကင်ခရီးဖြင့်သွား၍ ဗောဓိပင်ကို အတွင်းပြုလျက် မြေ၌တည်လေ၏။ အခြံအရံနှင့်တကွသော မင်းမိန်းမတို့သည် ပြာသာဒ်မှ ဆင်းကြ၍ ဂါဝုတ်ဝက်မျှ(တာပေါင်းရှစ်ရာမျှ)ဝေးကွာသောအရပ်သို့ သွား၍ နေကြကုန်၏။ ထိုသို့ တည်ရှိကြသောလူအပေါင်းတို့အနက် မိန်းမတို့ကို ချန်ထား၍ ကြွင်းကျန်သောယောကျ်ား ဟူသမျှတို့သည် အလောင်းတော်ကို အတုလိုက်(အားကျ)ကာ ရဟန်းပြုကြကုန်၏၊ ထိုသို့ အတုလိုက် (အားကျ)ကာ ရဟန်းပြုကြသူပေါင်းမှာ ကုဋေတသိန်းမျှ ရှိကြ၏။

## ဘုရားဖြစ်တော်မူခြင်း

ဓမ္မဒဿီ မြတ်စွာဘုရားအလောင်းတော်သည် ဒုက္ကရစရိယာ ခုနစ်ရက်ကြာ ကျင့်ပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌

WWW.DHAMMARANSI.COM



ဝိစိကောဋ္ဌိ မိဖုရားကြီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ဆီးတောကြီး (ဇီးပင် တောကြီး)အတွင်း၌ နေ့သန့်(နေခို) တော်မူ၍ ညနေချမ်း အချိန် တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီး အကြား၌ သီရိဝဍ္ဎန အမည်ရှိသော မုယောခင်းစောင့် (ဂျုံခင်း စောင့်သူ)သည် လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော် မူခဲ့၍ မဟာဗောဓိ(မျက်နှာပန်း)ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၅၃) ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာ- ဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ် ဖွဲ့ခွေ စံနေတော်မူ၍ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ဘုရား အဖြစ်သို့ ရောက်တော်မူသည်။

## တရားပွဲကြီး သုံးကြိမ်

ဓမ္မဒဿီမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ(မျက်နှာပန်း)ပင်၏အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်)စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာ မင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ် သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု စဉ်းစားဆင်ခြင် တော်မူလတ်သော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ကြ သည့် ကုဋေတသိန်းသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေး ကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် ရှေးနည်းအတူ မဟာဗောဓိပင်မှ (၁၈) တဆယ့်ရှစ် ယူဇနာ ဝေးကွာသည့် (လောကီ ဈာန်ပျံ ရသေ့များ ကောင်းကင်မှ သက်ဆင်း ကျရောက်ရာဖြစ်၍ ဣသိပတန အမည်တွင်သော) မိဂဒါဝုန်တောအရပ်၌ ထိုရဟန်းတို့ နေကြသည်ကို မြင်တော်မူ လျှင် ထိုတောသို့ ခဏခြင်း ကြွသွားတော်မူလေသည်။

ထိုအခါ ကုဋေတသိန်းသော ရဟန်းတို့သည် ဓမ္မဒဿီမြတ်စွာ ဘုရား ကြွလာတော်မူသည်ကို အဝေးကပင် မြင်ကြ၍ ကြည်ညို လှသောစိတ်ဖြင့်(ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း)ဝတ်ကြီး ဝတ်ငယ်

WWW.DHAMMARANSI.COM



ကို ပြုစုကာ မြတ်စွာဘုရားကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို အစအဦးပြုကာ တရားနာ လာရောက်ကြသော နတ်လူတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူ၏။ ထိုအခါ ကုဋေတသိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ တဂရအမည်ရှိသောမြို့ဝယ် သဥ္စယ အမည်ရှိသောမင်းသည် ဂုဏ်မဂုဏ်တို့၌ အပြစ်ကိုင်း တော ထွက်ခြင်း၌ အကျိုးကိုင်း မြင်၍ ရှင်ရသေ့ပြုလုပ်လေ၏၊ ထိုသဥ္စယ မင်းကြီး ရသေ့ပြုသည်ကို အတုလိုက် (အားကျ) ကာ ကုဋေ ကိုးဆယ်သော သူတို့သည် ရသေ့ပြုကြကုန်၏။ ထိုအလုံးစုံသော ရသေ့သူမြတ်တို့သည် အဘိညာဉ်ငါးပါး သမာပတ် ရှစ်ပါးကို ရကြကုန်သည်ချည်း ဖြစ်ကုန်၏။ ထိုအခါ ဓမ္မဒဿီ မြတ်စွာဘုရား သည် ထိုရသေ့တို့၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံ ကြသည်၏ အဖြစ်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွား တော်မူပြီးလျှင် သဥ္စယရသေ့၏ ကျောင်းသခ်မ်းသို့ ရောက်တော် မူသည်ရှိသော် ကောင်းကင်၌ ရပ်တည်တော်မူ၍ ထိုရသေ့၏ အလိုဆန္ဒ အာသယဓာတ်နှင့် လိုက်လျောသင့်တင့်သော တရား ကို ဟောကြားတော်မူ၍ ထိုရသေ့တို့အား ဓမ္မစက္ခုခေါ် မဂ်ဉာဏ် အမြင်ကို ရစေတော်မူလေသည်။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ နတ်တို့ကို အစိုးရသော သိကြားမင်း သည် မိမိအခြွေအရံ ပရိသတ်နှင့်တကွ တရားတော်ကိုနာလိုသည် ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်လေ၏၊ ထို အခါ မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူသည်တွင် ကုဋေရှစ်ဆယ်သောသူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

ဓမ္မဒဿီမြတ်စွာဘုရား၏ သာဝကအစည်းအဝေးကြီး သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ ဓမ္မဒဿီမြတ်စွာဘုရားသည် သရဏမြို့တော်တွင် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲ ဖြစ်ကြသည့် အဂ္ဂသာဝကအလျာ ပဒုမမင်းသားနှင့် ဖုဿဒေဝမင်းသားတို့ကို အခြံအရံပရိသတ်တို့နှင့်တကွ ရဟန်းပြုစေပြီးလျှင် ထိုမြို့မှာပင် ဝါကပ်တော်မူ၏။ ဝါကျွတ်သောအခါ ထိုဝါဦးမှာ ရဟန်းပြုကြ၍ ဝါတွင်း၌ရဟန္တာဖြစ်ကြသည့် ကုဋေတသိန်းသော ရဟန်းတို့၏ အလယ်၌ဝိသုဒ္ဓိပဝါရဏာကို ပြုတော်မူသည်။

(ဤကား ပဌမ သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ဓမ္မဒဿီ မြတ်စွာဘုရားသည် အဘိဓမ္မာတရား ဟောကြားတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူ၏၊ ထိုအခါ ကုဋေတရာသောရဟန်းတို့ စည်းဝေးမိကြကုန်၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

### တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ဓမ္မဒဿီ မြတ်စွာဘုရားသည် သုဒဿနာရာမ ကျောင်းတိုက်ကြီးတွင် ဓုတင်တဆယ့်သုံးပါးတို့၏ ဂုဏ်ကျေးဇူး အာနိသင်ကို ဟောပြ၍ ဟာရိတ အမည်ရှိသော မဟာသာဝက ရဟန္တာအရှင်မြတ်ကို ဓုတင်ဆောင်အရာ၌ ဧတဒဂ်ထားတော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အစည်းအဝေးကြီး၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း သိကြားမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်၍ စတုမဟာရာဇ် တာဝတိံသာ တည်းဟူသော နတ်ပြည်နှစ်ပြည်ရှိ နတ်အပေါင်းတို့ ခြံရံကာ ဓမ္မဒဿီ မြတ်စွာဘုရားထံမှောက် လာရောက်ပြီးလျှင် နတ်၌ ဖြစ်သော နံ့သာပန်း စသည်တို့ဖြင့်၎င်း နတ်၌ဖြစ်သော တူရိယာ မျိုးတို့ဖြင့်၎င်း မြတ်စွာဘုရားကို ပူဇော်၏။ ထိုအခါ ဓမ္မဒဿီ မြတ်စွာဘုရားသည် အလောင်းတော်သိကြားမင်းကို "ဤသိကြား မင်းသည် နောင်သောအခါ ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

ဓမ္မဒဿီ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် သိကြားမင်းသည် အလွန်ကြည်ညိုသော စိတ်ရှိ လျက် ပါရမီ ဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ဓမ္မဒဿီမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **သရဏ မြို့တော်**ဖြစ်၍ ခမည်းတော်မှာ **သရဏမင်းကြီး**, မယ်တော်မှာ **သုနန္ဒာဒေဝီ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်း စိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၈၀၀၀) ရှစ်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **အရဇ ရွှေနန်း ဆောင်, ဝိရဇ ရွှေနန်းဆောင်, သုဒဿန ရွှေနန်းဆောင်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်းသုံးထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **ဝိစိကောဠိဒေဝီ မိဖုရားကြီး** ဖြစ်၍ သားတော်မှာ **ပုညဝဍ္ဎနမင်းသား**ဖြစ်သည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီး လေးပါးတို့ကို မြင်၍ တောထွက်တော်မူသော ယာဉ်မှာ **ပြာသာဒ်ယာဉ်**ဖြစ်ပြီးလျှင် ခုနစ်ရက်ကြာ ဒုက္ကရ-စရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **ပဒုမမထေရ်**နှင့် **ဖုဿဒေဝမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သုနေတ္တမထေရ်**ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **ခေမာထေရီမ**နှင့် **သဗ္ဗနာမာ-ထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ **မျက်နှာပန်းပင်** ဗောဓိဖြစ်လေသည်။

(ဤဗောဓိပင်အရာဝယ် အဋ္ဌသာလိနီအဋ္ဌကထာ၌ "ရတ္တကုရုရကွော ဗောဓိ" ဟူ၍ ရှိသောကြောင့် "သံသတ်ပင်" ဟူ၍လည်း ရှေးဆရာတို့ မြန်မာပြန်ဆိုတော်မူကြသည်။)

မြတ်သော အလုပ်အကျွေးဒါယကာတို့မှာ **သုဘဒ္ဒသူဌေး**နှင့် **ကဋိဿဟသူဌေး**တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိ-ကာမတို့မှာ **သာဠိယာဉပါသိကာမ**နှင့် **ကဠိယာဉပါသိကာမ**တို့ ဖြစ်ကြသည်။

အတုမရှိသော မြတ်စွာဘုရားတို့နှင့်သာ တူတော်မူသော ဓမ္မဒဿီမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်တော် မြင့်လျက် တသောင်းသော လောကဓာတ်၌ တန်းခိုးတော်ဖြင့် အလွန်ပင် တင့်တယ်တော်မူ၏။

ဓမ္မဒဿီမြတ်စွာဘုရားသည် ပင်လုံးကျွတ် ပွင့်သော အင်ကြင်း ပင်မင်းကဲ့သို့၎င်း, ကောင်းကင်တလျောက် ထွန်းတောက်သော လျှပ်ပန်း လျှပ်နွယ်ကဲ့သို့၎င်း,မွန်းတည့်နေဝန်းကဲ့သို့၎င်း တင့်တယ် တော်မူပေ၏။

အတုမရှိသော တန်းခိုးတော်နှင့် ပြည့်စုံတော်မူသော ထို ဓမ္မဒဿီမြတ်စွာဘုရား၏ အသက်တော်သည် အသက်တမ်းနှင့် အညီအမျှရှည်၏၊ လောက၌ အသက်တမ်းတည်ရှိနေသော အနှစ် တသိန်းတို့ ကာလပတ်လုံး စကျွငါးပါးနှင့် ပြည့်စုံတော်မူသော ဓမ္မဒဿီမြတ်စွာဘုရားသည် တည်နေတော်မူ၏။

WWW.DHAMMARANSI.COM



တလောကလုံး၌ မိမိ၏ တန်းခိုးတော်ရောင် ဉာဏ်တော်ရောင်တို့ကို အထင်အရှား ပြတော်မူပြီးလျှင် သာသနာတော်ကိုလည်း အညစ်အကြေး ကင်းစင်အောင် ပြုတော်မူကာ (ကောင်းကင်၌ ထွန်းပပြီးလျှင် ချုပ်ဝင်၍သွားသော လဝန်းကဲ့သို့) တပည့်သားတော်များနှင့်တကွ ဓမ္မဒဿီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

## စေတီတော်

ဤသို့လျှင် ကြီးမြတ်သော ဝိရိယရှိတော်မူသော ဓမ္မဒဿီမြတ်စွာဘုရားသည် သာလဝတီမြို့ သာလာရာမအရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုအရာမ်ကြီး အတွင်း၌ပင်လျှင် တည်ထားအပ်သော ဓမ္မဒဿီမြတ်စွာဘုရား၏ စေတီတော်ကြီးမှာ သုံးယူဇနာ အမြင့်ရှိလေသည်။

ဓမ္မဒဿီဗုဒ္ဓဝင် ပြီး၏။

---

## ၁၆-သိဒ္ဓတ္ထဗုဒ္ဓဝင်

ဓမ္မဒဿီမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာ ကုန်ဆုံးပြီးသည့်နောက် ကပ်ကမ္ဘာပေါင်း (၁၇၀၆) တထောင့်ခုနစ်ရာခြောက်ကမ္ဘာ လွန်မြောက်ကာ ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကိုးဆယ့်လေးကမ္ဘာထက်၌ သိဒ္ဓတ္ထအမည်တော်ရှိသော မြတ်စွာဘုရားတဆူတည်းသာ ပွင့်တော်မူ၏။

ထိုသိဒ္ဓတ္ထ မြတ်စွာဘုရား၏ အကြောင်းအရာသော်ကား.... ထို ကိုးဆယ့်လေးခုမြောက် ကမ္ဘာဝယ် လူတို့ အသက်တမ်း အသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်တသိန်းတမ်းသို့ ရောက်သောအခါ သိဒ္ဓတ္ထမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ဆင်းသက်ကာ ဝေဘာရနေပြည်တော် ဥဒေနမင်းကြီး

WWW.DHAMMARANSI.COM



၏ သုဖဿာ အမည်ရှိသော မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ ဝိရိယ အမည်ရှိသော ဥယျာဉ်၌ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ် ကုန်၏။)

အလောင်းတော်မင်းသား ဖွားမြင်သောအခါ သူခပ်သိမ်းတို့ အားထုတ် ပြုလုပ်အပ်သော အမှုကြီးငယ်တို့ သည်၎င်း လိုလား တောင့်တအပ်သော အကျိုးတို့သည် ၎င်း အောင်မြင် ပြီးစီးခြင်းသို့ ရောက်ကြသောကြောင့် အမည်မှည့်သော နေ့ဝယ် အလောင်းတော် မင်းသားကို နိမိတ်ဖတ် ပညာရှိတို့နှင့် ဆွေမျိုးအပေါင်းတို့က သိဒ္ဓတ္ထ မင်းသားဟူ၍ အမည်မှည့်ကြလေကုန်သည်။

## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် အရွယ်သို့ရောက်သော အခါ (၁) ကောကမည်သော ရွှေနန်းဆောင်၊ (၂) သုပ္ပလ မည်သော ရွှေနန်းဆောင်၊ (၃) ကောကနဒ မည်သော ရွှေနန်း ဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ သောမနဿ ဒေဝီ မိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း (၄၈၀၀၀) လေးသောင်းရှစ်ထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးပြုစုခြင်းကို ခံယူ လျက် နှစ်ပေါင်း (၁၀၀၀၀) တသောင်းတို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစိုးစံတော် မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ သောမနဿဒေဝီ မိဖုရားကြီးမှ အနုပမအမည်ရှိသော သားတော်ကို ဖွားမြင်သော အခါ ဝါဆိုလပြည့်နေ့၌ ရွှေထမ်းစင်ကိုစီးလျက် တောထွက်တော်

WWW.DHAMMARANSI.COM



မူပြီးလျှင် ဝိရိယဥယျာဉ်သို့သွား၍ ရဟန်းပြုတော်မူ၏။အလောင်းတော် မင်းသား ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ကာ ကုဋေတသိန်းမျှသော ယောကျ်ားတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

သိဒ္ဓတ္ထမြတ်စွာဘုရားအလောင်းတော်သည် ထိုကုဋေတသိန်းသော ရဟန်းတို့နှင့်အတူတကွ ဒုက္ကရစရိယာ ဆယ်လကြာအောင် ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ အသဒိသ ပုဏ္ဏားရွာ သုနေတ္တာ အမည်ရှိသော ပုဏ္ဏေးပျိုမ လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ဆီးတောကြီးအတွင်း၌ နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်းကြွတော်မူရာ လမ်းခရီးအကြား၌ ဝရုဏ အမည်ရှိသော မုယောခင်း (ဂျုံခင်း)စောင့်သူ လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ ဗောဓိ (မဟာလေ့ကား) ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် အတောင်(၄၀)လေးဆယ် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

## တရားပွဲကြီး သုံးကြိမ်

သိဒ္ဓတ္ထမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် ဗောဓိ(မဟာလေ့ကား)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ ''ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း''ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ကြသည့် ကုဋေတသိန်းသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည် ဆုံးဖြတ်တော်မူပြီးလျှင်

WWW.DHAMMARANSI.COM



ရှေးနည်းအတူ မဟာဗောဓိပင်မှ (၁၈) တဆယ့်ရှစ် ယူဇနာ ဝေးကွာသည့် မိဂဒါဝုန်တောအရပ်၌ ထိုရဟန်းတို့နေကြသည်ကို မြင်တော်မူ၍ ကောင်းကင် ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူလေသည်။

ထိုအခါ ကုဋေတသိန်းသော ရဟန်းတို့သည် သိဒ္ဓတ္ထမြတ်စွာဘုရား ကြွလာတော်မူသည်ကို အဝေးကပင် မြင်ကြ၍ ကြည်ညိုလှသောစိတ်ဖြင့် (ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း) ဝတ်ကြီး ဝတ်ငယ်ကိုပြုစုကာ မြတ်စွာဘုရားကိုခြံရံလျက် သင့်တင့်လျောက်ပတ်ရာက နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို အစအဦးပြုကာ တရားနာလာရောက်ကြသူ နတ်လူတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောကြားတော်မူလေသော် ကုဋေတသိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သိဒ္ဓတ္ထမြတ်စွာဘုရားသည် ဘီမရထမြို့တော် ဘီမရထမင်း ပင့်ဖိတ်ချက်အရ ဘီမရထမြို့သို့ ကြွသွားပြီးလျှင် မြို့တော်၏အလယ်၌ တင့်တယ်ခမ်းနားစွာ စီမံဆောက်လုပ်၍ထားအပ်သော မင်းကွန်း၌ သီတင်းသုံး နေတော်မူကာ ကရဝိက်ငှက်မင်း ဗြဟ္မာမင်းတို့၏အသံနှင့်တူစွာ သာသာယာယာ နားချမ်းသာ၍ ပညာရှိတို့၏နှလုံးသို့ သက်ဝင်စေနိုင်သော အသံတော်ဖြင့် အရပ်ဆယ်မျက်နှာတို့သို့ ပျံ့နှံ့စေလျက် တရားတည်းဟူသော အမြိုက်စည်ကြီးကို တီးခတ်တော်မူ၏၊ ထိုအခါ ကုဋေကိုးဆယ်သော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါးဝယ် သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ဖွားတော်မူရာ ဝေဘာရမြို့တော်သို့ ကြွသွားကာ ဆွေမျိုးတို့၏ အစည်းအဝေး၌ ခမည်းတော် ဥဒေနမင်းကြီး အမှူးပြုသော

WWW.DHAMMARANSI.COM



ဆွေတော်မျိုးတော်အပေါင်းတို့အား ဗုဒ္ဓဝင်ဒေသနာကို ဟော ကြားတော်မူ၏၊ ထိုအခါ ကုဋေကိုးဆယ်သော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သိဒ္ဓတ္ထ မြတ်စွာဘုရား၏ တပည့် သာဝက ရဟန္တာ အစည်း အဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမ အကြိမ်၌ နတ်တို့စံရာ တာဝတိံသာနတ်မြို့ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်လှသော အမရ မြို့တော်၌ အဂ္ဂသာဝက အလျာဖြစ်ကြသည့် သမ္ဗလမင်းသားနှင့် သုမိတ္တမင်းသား ညီနောင်နှစ်ဦးတို့သည် ငါတို့ မြတ်စွာဘုရား လက်ထက်တော်အခါ ဝေသာလီပြည် လိစ္ဆဝီမင်းတို့ကဲ့သို့ အတူ တကွ မင်းပြုကြကုန်၏။ ထိုအခါ သိဒ္ဓတ္ထမြတ်စွာဘုရားသည် ထိုမင်းနှစ်ဦးတို့၏ မဂ်ဖိုလ်ရကြောင်း ဈေးကောင်းမှုနှင့် ပြည့်စုံ သည်၏အဖြစ်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွား တော်မူပြီးလျှင် အမရမြို့၏ အလယ်၌ ဆင်းသက်တော်မူလျက် တရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်းဆာဆင်အပ်သော ညီညွတ်သောအပြင်ရှိသည့် ဖဝါးတော်တို့ဖြင့် မြေအပြင်ကို ဖိနှိပ် သကဲ့သို့ အရိုအသေပြုထိုက်သော ခြေတော်ရာ(ပဒစေတီ)တို့ကို ပြ၍ အမရဥယျာဉ်သို့ ကြွသွားတော်မူကာ ကျောက်ဖျာအပြင်၌ ရွှေစင်ရုပ်တုပမာ တင့်တယ်စွာ သီတင်းသုံးနေတော်မူ၏။

ထိုအခါ မင်းညီနောင် နှစ်ပါးတို့သည် မြတ်စွာဘုရား၏ ခြေတော်ရာ(ပဒစေတီ)တို့ကိုမြင်၍ မြတ်စွာဘုရားကြွတော်မူရာသို့ အစဉ်တစိုက် ခြေရာခံလိုက်ကြလျက် ပရိသတ်အခြံအရံတို့နှင့် တကွ မြတ်စွာဘုရားသို့ ချဉ်းကပ်ရှိသေစွာရှိခိုး၍ ဝိုင်းဝန်းခြံရံကာ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားသည် ထိုသူတို့၏ အလိုဆန္ဒ၊ အာသယနှင့် လိုက်လျောသော တရားဒေသနာကို ဟောတော်

WWW.DHAMMARANSI.COM



မှုသည်ရှိသော် ပရိသတ် အခြံအရံနှင့်တကွသော ထိုမင်းညီနောင်တို့သည် တရားစကား ကြားနာရ၍ သဒ္ဓါတရား ဖြစ်ပွါးကြကာ အလုံးစုံပင်လျှင် ရဟန်းပြုကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏၊ ထို ကုဋေတရာသော ရဟန်းတို့၏ အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ပဌမ သာဝကအစည်းအဝေးကြီးတည်း။)

## ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ဝေဘာရမြို့ ဆွေတော်မျိုးတော်တို့၏အစည်းအဝေးဘွင် ရဟန်းပြုကြသော ကုဋေကိုးဆယ်သော ရဟန်းတို့၏အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ သုဒဿနကျောင်းတိုက်ကြီးတွင် စည်းဝေးမိကြသော ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရား အလောင်းတော် မင်္ဂလရသေ့ဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် သုရဿေနမြို့၌ ဗေဒင်ကျမ်းရင်းနှင့်တကွ အစိတ်အစိတ်သော ဝေဒကျမ်းတို့၌ ကမ်းတဖက်ရောက် တတ်မြောက်လိမ္မာသည့် မင်္ဂလအမည်ရှိသော ပုဏ္ဏားဖြစ်၍ မိမိပိုင် ကုဋေပေါင်းများစွာ အရေအတွက်ရှိသော ဥစ္စာစုကို သူဆင်းရဲ ကိုးကွယ်ရာမဲ့သူ စသည့်တို့အား စွန့်ကြဲလှူဒါန်းခဲ့၍ ဝိဝေက၌ နှစ်မြိုက်ပျော်ပိုက်သောစိတ်ရှိရကား

WWW.DHAMMARANSI.COM



ရှင်ရသေ့ပြုပြီးလျှင် ဈာန်အဘိညာဉ်တို့ကိုဖြစ်စေ၍ သူတပါးတို့ မနှိပ်စက်နိုင်သည့် ထက်မြက်သော တန်းခိုးအာနုဘော်နှင့် ပြည့်စုံကာနေစဉ် "လောကဝ္ဂ သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူပြီ" ဟု သတင်းစကား ကြားသိရ၍ မြတ်စွာဘုရားသို့ ချဉ်းကပ် မြတ်နိုး ရှိခိုးပြီးသောအခါ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရလျှင် အလွန်ကြည်ညိုသောစိတ်ရှိသဖြင့် မိမိ၏တန်းခိုးအာနုဘော်ဖြင့် ဇမ္ဗူသပြေပင်မှ အသီးကိုဆောင်ယူခဲ့၍ သုရသေနကျောင်း၌ သီတင်းသုံးနေတော်မူစေပြီးလျှင် တပည့် သံဃာ ကုဋေကိုးဆယ် အခြံအရံရှိသော သိဒ္ဓတ္ထမြတ်စွာဘုရားကို ဇမ္ဗူသပြေသီးတို့ဖြင့် ဆက်ကပ်ကျွေးမွေး နှစ်သိမ့်စေလေသည်။ ထိုအခါ သိဒ္ဓတ္ထမြတ်စွာဘုရားသည် လှူဒါန်းအပ်သော သပြေသီးတို့ကို ခံယူဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် "ဤမင်္ဂလရသေ့သည် ဤကမ္ဘာမှ နောက်ကိုးဆယ့်လေးကမ္ဘာမြောက်၌ ဂေါတမ အမည်တော် ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ် ကြားတော်မူပုံမှာ ဒီပင်္ကရာ မြတ်စွာဘုရား ဗျာဒိတ် ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

သိဒ္ဓတ္ထမြတ်စွာဘုရား၏ဗျာဒိတ်စကားကြားရလျှင် အလောင်းတော် မင်္ဂလရသေ့သည် အလွန်ကြည်ညိုသော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

သိဒ္ဓတ္ထမြတ်စွာဘုရား၏ ဖွားဘော်မူရာမြို့တော်မှာ **ဝေဘာရမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဥဒေနမင်းကြီး**, မယ်တော်မှာ **သုဖဿာဒေဝီ မိဖုရားကြီး**တို့ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၁၀၀၀၀) တသောင်းဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **ကောက** မည်သော ရွှေနန်းဆောင်, **သုပ္ပလ**မည်သော ရွှေနန်းဆောင်, **ကောကနဒ**မည်သော ရွှေနန်းဆောင်တို့ ဖြစ်ကုန်၏။

WWW.DHAMMARANSI.COM



အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ လေးသောင်း ရှစ်ထောင်သော မောင်းမမိဿံ အခြံအရံရှိသည့် **သောမနဿာဒေဝီ မိဖုရားကြီး** ဖြစ်၍ သားတော်မှာ **အနုပမမင်းသား**ဖြစ်သည်။

နိမိတ်ကြီး လေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **ထမ်းစင်ယာဉ်**ဖြစ်ပြီးလျှင် ဆယ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

မြတ်သော အဂ္ဂသာဝကအစုံတို့မှာ **သမ္ဗလမထေရ်**နှင့်**သုမိတ္တမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ရေဝတမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **သီဝလာထေရီမ**နှင့် **သုရာမာထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **မဟာဝေဠုကားပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **သုပ္ပိယသူဌေး**နှင့် **သမုဒ္ဒသူဌေး**တို့ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ **ရမ္မာဥပါသိကာမ**နှင့် **သုရမ္မာဥပါသိကာမ**တို့ ဖြစ်ကြသည်။

သိဒ္ဓတ္ထမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ခြောက်ဆယ်မြင့်သည်ဖြစ်၍ ပူဇော်ဖွယ်ရာ စီမံထားအပ်သော ရတနာတိုင်ကြီးသဖွယ် တသောင်းသော လောကဓာတ် တိုက်နယ်တွင် တင့်တယ်တော်မူပေ၏။

အတုမရှိသော ရှေးဘုရားတို့နှင့်သာ တူတော်မူသော အတုမရှိ ပြိုင်ဖက်ပုဂ္ဂိုလ်ကင်း၍ စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူသော သိဒ္ဓတ္ထမြတ်စွာဘုရားသည် အနှစ်တသိန်းတို့ပတ်လုံး လောက၌ တည်တော်မူ၏။

ထို သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ပြန့်ပြော များပြားစွာသော ကိုယ်တော်ရောင် ဉာဏ်တော်ရောင်တို့ကို ပြတော်မူလျက်ငင်း, တပည့်သားတော်တို့ကို မဂ်ဖိုလ်တရား ကားကားစွင့်စွင့် ပွင့်စေတော်မူလျက်ငင်း, လောကီ လောကုတ္တရာ နှစ်ဖြာသော သမာ

WWW.DHAMMARANSI.COM



ပတ်ဖြင့် နှစ်သက်စဖွယ် တင့်တယ်ကွန့်မြူးစေလျက်ငင်း တပည့်များစွာ ရဟန္တာ အရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူလေပြီ။

## စေတီတော်

ဤသို့လျှင် ရဟန်းမင်းမြတ်ဖြစ်တော်မူသော သိဒ္ဓတ္ထ မြတ်စွာဘုရားသည် ကဉ္စနဝေဠုမြို့အနီး အနောမအမည်ရှိသော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန် စံလွန်တော်မူ၏၊ ထို ဥယျာဉ်ကြီး အတွင်း၌ပင် ရှေးဆိုအပ်ပြီးသည့် နည်းအတိုင်း တည်ထားအပ်သည့် သိဒ္ဓတ္ထ မြတ်စွာဘုရား၏ ရတနာအတိ ပြီးသော စေတီတော်ကြီးမှာ လေးယူဇနာ အမြင့်ရှိလေသည်။

သိဒ္ဓတ္ထဗုဒ္ဓဝင် ပြီး၏။

---

## ၁၇-တိဿဗုဒ္ဓဝင်

သိဒ္ဓတ္ထမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာ ကုန်ဆုံးပြီးသည့်နောက် အခြားမဲ့ဖြစ်သော ကမ္ဘာမှာ ဘုရားတဆူမျှ မပွင့်သည့် သုညကမ္ဘာဖြစ်လေသည်၊ ထို သုညကမ္ဘာကို လွန်မြောက်၍ ဤကမ္ဘာမှ ပြန်၍ရေတွက်လျှင် ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ (၁) တိဿမြတ်စွာဘုရား၊ (၂) ဖုဿမြတ်စွာဘုရားဟူ၍ ဘုရားနှစ်ဆူတို့ ပွင့်တော်မူကြသည်။ (မဏ္ဍကပ်ကမ္ဘာတည်း။)

ထို နှစ်ဆူသော ဘုရားရှင်တို့တွင် တိဿ မြတ်စွာဘုရား၏ အကြောင်းအရာသော်ကား····ထို ကိုးဆယ့်နှစ်ခုမြောက် ကမ္ဘာဝယ် လူတို့အသက်တမ်း အသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်တသိန်းတမ်းသို့ ရောက်သောအခါ တိဿမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာ နတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ

WWW.DHAMMARANSI.COM



ခေမကနေပြည်တော် ဇနသန္ဓမင်းကြီး၏ ပဒုမာဒေဝီ အမည်ရှိသော မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ အနောမ အမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

အလောင်းတော်မင်းသားကို နိမိတ်ဖတ်ပညာရှိတို့နှင့် ဆွေမျိုးအပေါင်းတို့က တိဿမင်းသားဟူ၍ အမည်မှည့်ကုန်သည်။ ။(အမည်မှည့်ရာ၌ အန္ဝတ္ထနာမ်,ရုဠှီနာမ်ဟူ၍ နှစ်မျိုးရှိရာဝယ် တစုံတခု အကြောင်းထူး အနက်ထူးကိုစွဲ၍ မှည့်ခေါ်သောအမည်ကို **အန္ဝတ္ထ**နာမ်ဟု ခေါ်၏၊ တစုံတခု အကြောင်းထူး အနက်ထူးကိုမစွဲမပြုပဲ ခေါ်ဝေါ်လွယ်ကာမျှ သင့်လျော်ရာ မှည့်ခေါ်အပ်သော အမည်ကို **ရုဠှီ**နာမ် ဟူ၍ ခေါ်၏။ ဤ၌ အလောင်းတော်ကို တိဿမင်းသားဟူ၍မှည့်ခေါ်သည်ကား"ရုဠှီ"နာမ်မျိုးဟူ၍ မှတ်ယူရာ၏။)

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် တိဿမင်းသား အရွယ်သို့ရောက်သောအခါ (၁) ဂုဟာသေလမည်သော ရွှေနန်းဆောင်၊ (၂) နာရိသယမည်သော ရွှေနန်းဆောင်၊ (၃) နိသဘမည်သော ရွှေနန်းဆောင်တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ သုဘဒ္ဒါဒေဝီမိဖုရားကြီးအမှူးရှိသော မောင်းမအပေါင်း သုံးသောင်းတို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၇၀၀၀)ခုနစ်ထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် တိဿမင်းသားသည် ထီးနန်းစိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ သုဘဒ္ဒါဒေဝီမိဖုရားကြီး

WWW.DHAMMARANSI.COM



မှ အာနန္ဒအမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ သောနုတ္တရအမည်ရှိသော အာဇာနည်မြင်းကိုစီးလျက် တောထွက်တော်မူပြီးလျှင် ရဟန်းပြုတော်မူ၏။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ကာ တကုဋေသော ယောက်ျားတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

တိဿမြတ်စွာဘုရားအလောင်းတော်သည် ထိုတကုဋေသော ရဟန်းတို့နှင့်အတူတကွ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ ဝီရအမည်ရှိသော နိဂုံးနေ ဝီရအမည်ရှိသော သူဌေး၏သမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ထင်းရှူးတောကြီးအတွင်းမှာပင် နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်းကြွတော်မူရာ လမ်းခရီးအကြား၌ ဝိဇိတသင်္ဂါမက အမည်ရှိသော မုယောခင်း (ဂျုံခင်း) စောင့်သူ လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ (ပိတောက်) ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့်တပြိုင်နက် အတောင် (၄၀) လေးဆယ် ပမာဏ ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

တိဿမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ(ပိတောက်)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ယသဝတီမြို့၌ နေကြသော အဂ္ဂသာဝက အလျာ ဗြဟ္မဒေဝမင်းသားနှင့် ဥဒယမင်းသားတို့ကို အခြံအရံ

WWW.DHAMMARANSI.COM



ပရိသတ်တို့နှင့်တကွ မင်္ဂလာ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွတော်မူကာ ယသဝတီမြို့အနီး မိဂဒါယ အမည်ရှိသော ဥယျာဉ်ကြီး၌ သက်ဆင်းတော်မူပြီးလျှင် ဥယျာဉ်မှူးကို စေလွှတ်ကာ မင်းသား နှစ်ယောက်တို့ကို ခေါ်စေ၍ ကိုယ်တော့်ထံမှောက် ရောက်လာကြသောအခါ ပရိသတ် အခြံအရံတို့နှင့်တကွ ထိုမင်းသားနှစ်ဦးတို့ကို အမှူးပြုကာ တရားနာ လာရောက်ကြသော နတ်လူတို့အား ဖရိုဖရဲ မကြဲပဲ ပုံ့နှံ့စေနိုင်သော ချိုမြိန်လှသည့် ဗြဟ္မာမင်း အသံကဲ့သို့သော အသံတော်ဖြင့် လောကဓာတ် စကြဝဠာပေါင်း တသောင်းတိုင်အောင် ကြားသိစေလျက် ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူလေသော် ကုဋေတရာသော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ တိဿမြတ်စွာဘုရား အလောင်းတော်နှင့် အတူတကွ ရဟန်းပြုဖက်ဖြစ်ကြသော တကုဋေသော ရဟန်းတို့သည် (ဘုရားအလောင်းတော် မဟာဗောဓိပင်သို့ ကြွသွားတော်မူသောအခါ အရပ်တပါးသို့ ဖဲသွားခဲ့ကြ၍) တိဿမြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူပြီဟု ကြားရလျှင် ယသဝတီမြို့အနီး မိဂဒါယဥယျာဉ်ကြီးသို့လာကြ၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးလျက် ဝန်းပိုင်းခြံရံကာ နေထိုင်ကြကုန်၏၊ ထိုအခါ တိဿမြတ်စွာဘုရားသည် ထိုရဟန်းတို့ကို အဦးထား၍ တရားနာ လာရောက်ကြသော ဝေနေယျတို့အား တရားဟောတော်မူသည်ရှိသော် ထိုတကုဋေသော ရဟန်းတို့ အမှူးရှိသည့် ကုဋေကိုးဆယ်သောသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ "လောကမှာ ပြည့်စုံကြီးပွါးကြောင်း ကောင်းမြတ်သော မင်္ဂလာတရားဟူသည် အဘယ်အရာများ ဖြစ်၏"ဟု လူရောနတ်ပါ များစွာညီနိုင်း ဆွေးနွေးကြပါသော်

WWW.DHAMMARANSI.COM



လည်း အများဘညီတညွတ်တည်း နှစ်သက်လက်ခံနိုင်လောက်သည့် မင်္ဂလာတရားသဘောကို မရနိုင်ကြသည်ဖြစ်၍ အစည်းအဝေးပြုလုပ်ကာ မြတ်စွာဘုရားထံမှောက် လျှောက်ထားကြသည်တွင် မြတ်စွာဘုရားသည် ထိုနတ်လူ အပေါင်းတို့အား မင်္ဂလာတရားကို ဟောကြားတော်မူရာ ဒေသနာတော်အဆုံး၌ ကုဋေခြောက်ဆယ်သော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

တိဿမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာ အစည်းအဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ ယသဝတီမြို့တွင် ဝါဆိုဦးမှာ ရဟန်းပြုကြ၍ ဝါတွင်း၌ ရဟန္တာဖြစ်ကြကုန်သော ရဟန္တာတသိန်းတို့ ခြံရံအပ်လျက် တိဿ မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့ဝယ် ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် နာရိဝါဟနမြို့၌ သုဇာတမင်းကြီး၏သား နာရိဝါဟန မင်းသားသည် တိဿ မြတ်စွာဘုရား နာရိဝါဟနမြို့သို့ ဒေသစာရီ ကြွချီဆိုက်ရောက်တော်မူသောအခါ အခြံအရံ ပရိသတ်တို့နှင့်တကွ ခရီးဦး ကြိုဆို၍ ရဟန်းသံဃာနှင့်တကွသော မြတ်စွာဘုရားကို ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး အသဒိသ အလှူကြီးကို လှူဒါန်း၍ မိမိ၏ ထီးနန်းစည်းစိမ်ကို သားတော်အား အပ်နှင်းပြီးနောက် အခြံအရံ ပရိသတ်နှင့်တကွ ဘုရားအထံ၌ ရဟန်းအဖြစ်ကို တောင်းခံသည်တွင် တိဿမြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်တော်မူသဖြင့် အလုံးစုံ ဧဟိဘိက္ခု

WWW.DHAMMARANSI.COM



ရဟန်းချည်း ဖြစ်ကြကုန်၏။ ထိုနာရိဝါဟနမင်း၏ ရဟန်းပြုသော အကြောင်းအရာသတင်းစကား အလုံးစုံသော အရပ်မျက်နှာတို့၌ ပျံ့နှံ့ ကျော်ကြားရကား ထိုထိုအရပ်မှ လူများအပေါင်းသည် လာရောက်ကြပြီးလျှင် နာရိဝါဟနမင်းကို အတုလိုက်(အားကျ) ကာ ရဟန်းပြုကြလေကုန်သည်။ ထိုအခါ တိဿမြတ်စွာဘုရားသည် ရဟန်းပေါင်း ကိုးသန်းတို့၏အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါဘပါးဝယ် ခေမဝတီ (ခေမက) မြို့တော် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေးတွင် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဗုဒ္ဓဝင်ဒေသနာကို ကြားနာကြရ၍ ရှစ်သန်းသော လူတို့သည် မြတ်စွာဘုရား၏ အထံတော်၌ရဟန်း ပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ ထိုရဟန်းတို့ ခြံရံ အပ်လျက် တိဿမြတ်စွာဘုရားသည် ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း သုဇာတရသေ့ဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ယသဝတီ မြို့၌ သုဇာတအမည်ရှိသော မင်းဖြစ်၍ မိမိပိုင်သည့် ပြည့်စုံဝပြော သော မြို့ကြီးကိုလည်း, ဂုဏ္ဍေပေါင်းများစွာ ဥစ္စာဘဏ္ဍာစုကိုလည်း, အစဉ်နှစ်သက်စွာ ချဉ်းကပ်လိုသော စိတ်နှလုံးရှိကြသည့် အခြွေ အရံလူများကိုလည်း မြက်ပင် ကျူပင်များပမာ မငဲ့မကွက် ရက်ရက် ကြီး စွန့်လွှတ်ခဲ့၍ ဇာတိဒုက္ခအစရှိသည်တို့မှ အလွန်ကြောက်ရွံ့ ထိတ်လန့်သော သံဝေဂစိတ်နှလုံးရှိတော်မူရကား တောထွက်၍

WWW.DHAMMARANSI.COM



ရှင်ရသေ့ပြုပြီးလျှင် (တိဿမြတ်စွာဘုရား ပွင့်တော်မမူမီခင်ကပင်) အလွန်ထင်ရှား တန်းခိုးအာနုဘော် ကြီးမားသော ရှင်ရသေ့ဖြစ်နှင့်၍ "လောက၌ တိဿမြတ်စွာဘုရား ဖြစ်ပွင့်တော်မူပြီ" ဟူသော သတင်းစကားကို ကြားရလျှင် ငါးမျိုးသောပီတိဖြင့် တွေ့ထိပျံ့နှံ့သော ကိုယ်ရှိလျက် ရိုသေကျိုးနွံစွာ တိဿမြတ်စွာဘုရားထံသို့ ဆည်းကပ်ဝပ်လျိုး ရှိခိုးပြီးလျှင် "ငါသည် ယခုပင် ထင်ရှားပန်း, ပင်လယ်ကသစ်ပန်း စသော နတ်ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်အံ့" ဟု ကြံစည်၍ တန်းခိုး ဈာန်ပါဒ်ဖြင့် နတ်ပြည်သို့ သွားရောက်ကာ စိတ္တလတာဥယျာဉ်သို့ ဝင်ရောက်၍ တဂါဝုတ်ခန့် ပမာဏရှိသော ရတနာပန်းခြင်းတောင်းကြီး အတွင်းဝယ် ပဒုမာကြာပန်း ပင်လယ်ကသစ်ပန်း ထင်ရှားပန်း စသော နတ်ပန်းများ အပြည့်ထည့်၍ ဆောင်ယူကာ ကောင်းကင်အပြင်ဖြင့် လာရောက်လျက် အလွန်ရနံ့သင်းပျံ့ကြိုင်လှိုင်သော နတ်ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်လေ၏။

ဤတွင်မျှမဟုတ်သေး—အရိုးကား ပတ္တမြား, အထွတ်ကား ရွှေ, အရွက်ကား ပတ္တမြားနီဖြင့်ပြီး၍ ကောင်းသောရနံ့ရှိသည့် ဝတ်ဆံတို့ဖြင့် ပြုလုပ်အပ်သည့် ထီးနှင့်တူသော ပဒုမာထီးတလက်ကိုလည်း မြတ်စွာဘုရား၏ ဦးခေါင်းတော်၌ ဆောင်းမိုးလျက် ပရိသတ်လေးပါးတို့၏ အလယ်တွင် ရပ်တည် ပူဇော်လေသည်။ ထိုအခါ ဘုရားအလျာ သုဇာတရသေ့သူမြတ်ကို တိဿမြတ်စွာဘုရားသည် "ဤကမ္ဘာမှ နောက် ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ဤသုဇာတရသေ့သည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

တိဿမြတ်စွာဘုရား၏ ဗျာဒိတ်စကားကြားရလျှင် အလောင်းတော် သုဇာတရှင်ရသေ့သည် အလွန်ကြည်ညိုသောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

WWW.DHAMMARANSI.COM



## မြို့တော်စသည်ကို ပြဆိုချက်

တိဿမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **ခေမက မြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဇာနသန္ဓမင်းကြီး**၊ မယ်တော်မှာ **ပဒုမာဒေဝီ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်း စိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၇၀၀၀) ခုနစ်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **ဂုဟာသေလ** မည်သော ရွှေနန်းဆောင်, **နာရိသယ**မည်သော ရွှေနန်းဆောင်, **နိသဘ**မည်သော ရွှေနန်းဆောင်တို့ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီ မိဖုရားမှာ သုံးသောင်းသော မောင်းမ မိဿံ အခြံအရံရှိသည့် **သုဘဒ္ဒါဒေဝီ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **အာနန္ဒမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **သောနုတ္တရ**အမည်ရှိသော **အာဇာနည်မြင်းယာဉ်** ဖြစ်ပြီး လျှင် ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **ဗြဟ္မဒေဝမထေရ်**နှင့် **ဥဒယမထေရ်** တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သမင်္ဂမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **ဖုဿာထေရီမ**နှင့် **သုဒတ္တာထေရီမ** တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ပိတောက်ပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **သမ္ဗလသူဌေး**နှင့် **သိရိမာသူဌေး**တို့ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေးဒါယိကာမ တို့မှာ **ကိသာဂေါတမီဥပါသိကာမ**နှင့်**ဥပသေနာဥပါသိကာမ** တို့ဖြစ်ကြသည်။

တိဿမြတ်စွာဘုရားသည် အရပ်တော် အတောင်ခြောက် ဆယ်မြင့်လျက် နှိုင်းရှည်ဖွယ်ရာ ဥပမာလည်း မရ, တူမျှသောသူ လည်း ရှိတော်မမူပဲ ဟိမဝန္တာတောင်ကြီးအသွင် ဖူးရသူတို့ ထင်မြင်ရ၏။

WWW.DHAMMARANSI.COM



အတုမရှိသော တန်းခိုးတေဇော်နှင့် ပြည့်စုံတော်မူသော ထို တိဿမြတ်စွာဘုရား၏ အသက်တော်သည်လည်း မတိုလွန်း မရှည်လွန်းချေ၊ စကျွင်ါးပါးနှင့် ပြည့်စုံတော်မူသော တိဿ မြတ်စွာဘုရားသည် အနှစ်တသိန်းတို့ ကာလပတ်လုံး လောက၌ တည်နေတော်မူ၏။

အဝိဇ္ဇာမှောင်ကို ပယ်နုတ်အပ်ပြီးဖြစ်၍ အလွန် မြင့်မြတ်ကာ ချီးမွမ်းအပ်သော သူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်တော် မူသော များလှစွာသော ကျော်စောခြင်း ဂုဏ်သတင်းသံကို အစဉ် ခံယူသုံးဆောင်တော်မူပြီးလျှင် တပြောင်ပြောင်ထွန်းပပြီး အေးငြိမ်းသွားသည့် မီးပုံကြီးကဲ့သို့ တပည့်များစွာ ရဟန္တာ အရှင်မြတ်တို့နှင့်တကွ တိဿ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မူလေပြီ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်တော်မူပြီးသော တိဿ မြတ်စွာဘုရားသည် သုနန္ဒဝတီမြို့အနီး နန္ဒာရာမအမည်ရှိသော အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏၊ ထိုအရာမ်ကြီး အတွင်းမှာပင် ရှေးဆိုအပ်ပြီးသည့်နည်းအတိုင်း တည်ထားအပ် သော တိဿမြတ်စွာဘုရား၏ စေတီတော်ကြီးမှာ သုံးယူဇနာ စွင့်စွင့် အမြင့်ရှိလေသည်။

တိဿဗုဒ္ဓဝင် ပြီး၏။

---

## ၁၈–ဖုဿဗုဒ္ဓဝင်

တိဿမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဘုရားနှစ်ဆူ ပွင့်တော်မူရာ ထိုမဏ္ဍကမ္ဘာ၌ပင်လျှင် လူတို့၏ အသက်တမ်း အနှစ်တသိန်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀)ဆယ်နှစ်တမ်းသို့ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေ တမ်းသို့ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍ လူတို့အသက်

WWW.DHAMMARANSI.COM



အနှစ် (၉၀၀၀၀)ကိုးသောင်းတမ်းသို့ ရောက်သောအခါ ဖုဿ မြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာ အပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်သာ ကာသိကနေပြည်တော် ဇယသေနအမည်ရှိသော မင်းကြီး၏ သိရိမာအမည်ရှိသော မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ သိရိမာ အမည်ရှိသော ဥယျာဉ်တော်၌ ဖွားမြင်တော်မူ၏။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ဖုဿမင်းသားသည် အရွယ်သို့ရောက်သော အခါ (၁) ဂရုဠပက္ခရွှေနန်းဆောင်၊ (၂) ဟံသရွှေနန်းဆောင်၊ (၃) သုဝဏ္ဏဘာရ ရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ ကိသာဂေါတမီ မိဖုရားကြီး အမှူးရှိသော မောင်းမ အပေါင်း (၃၀၀၀၀) သုံးသောင်းတို့၏ ဖျော်ဖြေ လုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း(၉၀၀၀)ကိုးထောင် တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် ဖုဿမင်းသားသည် ထီးနန်းစိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ ကိသာဂေါတမီ မိဖုရား ကြီးမှ အနုပမ အမည်ရှိသော သားတော်ကို ဖွားမြင်သော အခါ ဆင်ယာဉ်ကိုစီးလျက် တောထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ကာ တကုဋေသော ယောကျ်ားတို့ ရဟန်းပြုကြလေသည်။

WWW.DHAMMARANSI.COM



## ဘုရားဖြစ်တော်မူခြင်း

ဖုသမြတ်စွာဘုရား အလောင်းတော်သည် ထိုတကုဋေသော ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာအောင် ကျင့်တော်မူပြီးလျှင် ထိုတောမှ အတူလိုက် ရဟန်းအပေါင်းကို ပယ်စွန့်ခဲ့၍ ခုနစ်ရက်မျှ တပါးတည်း နေထိုင်ခြင်း အကျင့်ကို ပွါးများတော်မူကာ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ မထင်ရှားသောမြို့ မထင်ရှားသော သူဌေး၏သမီး သိရိဝဍ္ဍာသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ယင်းတိုက်တော(သို့မဟုတ် သဘော်ဘပိတောက်တော) အတွင်းမှာပင် နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ သိရိဝဍ္ဍအမည်ရှိသော ရသေ့လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ (ရှိရှား) ပင်၏ အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၃၀) သုံးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ဖုသမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (ရှိရှား) ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့် အတူတကွ ရဟန်းပြုဖက်ဖြစ်ကြသည့် တကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ထိုရဟန်းတို့နေရာ သင်္ကဿမြို့၏အနီး ဣသိပတန အမည်တွင်သော မိဂဒါဝုန်တောသို့ ကြွတော်မူကာ ထိုရဟန်းတို့ အလယ်၌ တရားနာ ပရိသတ်တို့အား ရှေးရှေး ဘုရားရှင်တို့

WWW.DHAMMARANSI.COM



ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာ ဒေသနာကို ဟော ကြားတော်မူလေသော် ကုဋေတသိန်းသော နတ်လူတို့ မဂ်ဖိုလ် တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ဗာရာဏသီပြည် သိရိဝဍ္ဎ အမည် ရှိသော မင်းသည် များစွာသော စည်းစိမ်အစုကို စွန့်ပယ်ကာ ရှင်ရသေ့ ပြုလုပ်သည့်တွင် ထိုမင်းနှင့်အတူတကွ ကိုးသန်းမျှသော လူတို့သည်လည်း ရှင်ရသေ့ပြုကြကုန်၏။ ထိုရသေ့တို့၏ နေရာသို့ ဖုဿမြတ်စွာဘုရား ကြွသွားတော်မူပြီးလျှင် တရားဟောတော် မူသောအခါ ကိုးသန်းမျှသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ဖုဿမြတ်စွာဘုရားသည် သားတော် ဖြစ်သည့် အနုပမမင်းသားအား တရားဟောတော်မူ၏၊ ထိုအခါ ရှစ်သန်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်
## ပဌမသန္နိပါတ

ဖုဿမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာအစည်းအဝေး ကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ ကဏ္ဏကုဇ္ဇမြို့နေ အဂ္ဂ သာဝကအလျာ ဖြစ်ကြသည့် သုရက္ခိတမင်းသားနှင့် ဓမ္မသေန အမည်ရှိသော ပုရောဟိတ်သားတို့သည် ဖုဿမြတ်စွာဘုရား မိမိတို့ နေရာ ကဏ္ဏကုဇ္ဇမြို့သို့ ကြွရောက်လာတော်မူသည်ရှိသော် အခြံ အရံ ယောကျ်ားပေါင်း ခြောက်သန်းတို့နှင့် အတူတကွ ခရီးဦး ကြိုဆို ရှိသေစွာ ရှိခိုးပင့်ဖိတ်ကြ၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို လှူဒါန်းကြပြီးလျှင် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာ ရ၍ ဘုရားရှင်၌ ကြည်ညိုကာ ထိုသူ နှစ်ယောက်တို့သည် အခြံ

WWW.DHAMMARANSI.COM



အရံ ယောက်ျားပေါင်း ခြောက်သန်းတို့နှင့်တကွ ရဟန်းပြုကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဖုဿမြတ်စွာဘုရားသည် ထို ခြောက်သန်းသော ရဟန္တာအရှင်မြတ်တို့၏ အလယ်၌ ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

## ဒုတိယသန္နိပါတ

ထို့နောက် အခါတပါးဝယ် ကာသိက နေပြည်တော် ခမည်းတော် ဇယသေနမင်းကြီး အမှူးပြုသည့် ဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူ၏၊ ထိုဗုဒ္ဓဝင်ဒေသနာတော်ကို ကြားနာကြရ၍ ငါးသန်းသောသူတို့သည် ဧဟိဘိက္ခု-ရဟန်းဖြစ်ကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုငါးသန်းသော ရဟန္တာ အရှင်မြတ်တို့၏ အစည်းအဝေးတွင် ဖုဿမြတ်စွာဘုရားသည် ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ "လောကမှာ ပြည့်စုံကြီးပွါးကြောင်း ကောင်းမြတ်သော မင်္ဂလာတရားဟူသည် အဘယ်တရားများ ဖြစ်၏"ဟု လူရေနတ်ပါ များစွာညှိနှိုင်း ဆွေးနွေးကြပါသော်လည်း အများ တညီတညွတ်တည်း နှစ်သက်လက်ခံနိုင်လောက်သည့် မင်္ဂလာတရားသဘောကို မရနိုင်ကြ မသိနိုင်ကြသည်ဖြစ်၍ အစည်းအဝေးပြုလုပ်ကာ မြတ်စွာဘုရားထံမှောက် လျှောက်ထားကြသည်တွင် မြတ်စွာဘုရားသည် ထိုနတ်လူ အပေါင်းတို့အား မင်္ဂလာတရားကို ဟောကြားတော်မူရာ ထိုမင်္ဂလာ တရားကို ကြားနာကြရ၍ လေးသန်းသော သူတို့သည် ရဟန်းပြုပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ အလယ်၌ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း ဝိဇိတာဝီမင်းကြီး ရဟန်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် အရိန္ဒမ ပြည်၌ ဝိဇိတာဝီအမည်ရှိသော မင်းကြီးဖြစ်၍ ဖုဿမြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် မြတ်စွာဘုရား၌ လွန်စွာကြည်ညို ခြင်းရှိသည်ဖြစ်၍ ကြီးစွာသောအလှူကို လှူဒါန်းပြီးလျှင် တိုင်းပြည် ကြီးကို စွန့်လွှတ်၍ မြတ်စွာဘုရားထံမှာ ရဟန်းပြုပြီးလျှင် ပိဋက သုံးပုံတို့ကို ကောင်းစွာသင်ကြားလျက် ပိဋကသုံးပုံဆောင်ပုဂ္ဂိုလ် ကြီးဖြစ်လျက် လူများအပေါင်းအား တရားစကားကို ဟောကြား တော်မူ၏၊ သီလပါရမီကိုလည်း ကောင်းစွာ ဖြည့်ကျင့်တော် မူ၏။

ထိုအခါ လောကသုံးပါး၏ မြတ်သောရှေ့သွားခေါင်းဆောင် ကြီး ဖြစ်တော်မူသော ဖုဿမြတ်စွာဘုရားသည် အလောင်းတော် ဝိဇိတာဝီရဟန်းတော်မြတ်ကို "ဤကမ္ဘာမှ နောက် ကိုးဆယ့်နှစ် ကမ္ဘာမြောက်၌ ဤဝိဇိတာဝီရဟန်းသည် ဂေါတမအမည်တော် ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကားကြားတော် မူ၏။

(ဗျာဒိတ် ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ် ကြား သကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ဖုဿမြတ်စွာဘုရား၏ ဗျာဒိတ်စကားကြားရလျှင် အလောင်း တော် ဝိဇိတာဝီရဟန်းတော်မြတ်သည် အလွန် ကြည်ညိုသော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြဲစွာ ဆောက်တည်တော်မူလေသည်။

ဖုဿ မြတ်စွာဘုရား၏ သာသနာ ဝန်ထမ်း ရဟန်းပြု၍ အလောင်းတော်သူမြတ်သည် သုတ် ဝိနည်းတို့နှင့်တကွ အင်္ဂါ ကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာတော်ကို ကမ်းဆုံးရောက် သင်ကြား တတ်မြောက်တော်မူပြီးလျှင် မြတ်စွာ ဘုရား သာသနာတော်ကို တင့်တယ်စေခဲ့လေပြီ။

WWW.DHAMMARANSI.COM



(လျှောင်းခြင်းကို လုံးဝမပြုပဲ) ထိုင်ခြင်း, ရပ်ခြင်း, စင်္ကြံသွားခြင်း တည်းဟူသော ဣရိယာပုထ် သုံးပါးတို့ဖြင့် မမေ့ မလျော့ ဖြဟ္မဝိဟာရ ဘာဝနာတရား ပွါးများ အားထုတ်တော်မူလျက် သမာပတ်ရှစ်ပါးတွင်မက အဘိညာဉ် ငါးပါးတို့၏ အထွတ်အထိပ်သို့ရောက်ကာ အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်တော်မူလေပြီ။

## မြို့တော်စသည်ကို ပြဆိုချက်

ဖုဿမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **ကာသိကမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဇယသေနမင်းကြီး**, မယ်တော်မှာ **သိရိမာမိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၉၀၀၀) ကိုးထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **ဂရုဠပက္ခ ရွှေနန်းဆောင်, ဟံသရွှေနန်းဆောင်, သုဝဏ္ဏဘာရ ရွှေနန်းဆောင်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ သုံးသောင်းသော မောင်းမမိဿံ အခြံအရံရှိသည့် **ကိသာဂေါတမီ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **အနုပမမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီးလေးပါးတို့ကိုမြင်၍ တောထွက်တော်မူသောယာဉ်မှာ **ဆင်ယာဉ်**ဖြစ်ပြီး ခြောက်လကြာ ဒုက္ကရစရိယာကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **သုရက္ခိတမထေရ်**နှင့် **ဓမ္မသေနမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သဘိယမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **စာလာထေရီမ**နှင့် **ဥပစာလာထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာဗောဓိပင်မှာ **ဂြိုဟ်ရှားပင်** ဗောဓိ ဖြစ်လေသည်။

WWW.DHAMMARANSI.COM



မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **ဓနဥ္စယ သူဌေး**နှင့် **ဝိသာခသူဌေး** တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ပဒုမာဥပါသိကာမ**နှင့် **နာဂါဥပါသိကာမ** တို့ဖြစ်ကြသည်။

ဖုဿမြတ်စွာဘုရားသည် အရပ်တော် ငါးဆယ့်ရှစ်တောင် မြင့်လျက် နေမင်းကဲ့သို့ တင့်တယ်လျက် လမင်းကဲ့သို့ နှစ်သက်ဖွယ်ဖြစ်သော ဂုဏ်ကျေးဇူးတို့ဖြင့် ပြည့်ဝတော်မူပေ၏။

ဖုဿမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်ကိုးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ လေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

လူ နတ် ဗြဟ္မာ များစွာသောသတ္တဝါတို့ကို ဆုံးမတော်မူကာ များစွာသောနတ်လူတို့ကို သံသရာရေအယဉ်မှ ထုတ်ဆယ်ကယ်တင်တော်မူပြီးလျှင် အတုမရှိသော အခြံအရံ အကျော်အစောနှင့် ပြည့်စုံတော်မူသည့် ထိုဖုဿမြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကို အောင်တော်မူပြီးသော ဖုဿမြတ်စွာဘုရားသည် ကုသိနာရာပြည်၏ အနီး သေနာအမည်ရှိသော အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမွှာမွှာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြားတည်ရှိကြ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

ဖုဿဗုဒ္ဓဝင် ပြီး၏။

WWW.DHAMMARANSI.COM



## ၁၉-ဝိပဿီဗုဒ္ဓဝင်

ဖုဿမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာ ကုန်ဆုံးပြီးသည့်နောက် ၌ကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် (၉၁) ကိုးဆယ့်တခုမြောက်ဖြစ်သော ကမ္ဘာ၌ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထို ဝိပဿီ မြတ်စွာဘုရား၏ အကြောင်းအရာ သော်ကား....

ထို ကိုးဆယ့်တခုမြောက် ကပ်ကမ္ဘာဝယ် လူတို့အသက်တမ်း အသင်္ချေတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်ရှစ်သောင်းတမ်းသို့ ရောက်သောအခါ ဝိပဿီမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ဆင်းသက်ကာ ဗန္ဓုမတီမင်းနေပြည်တော် ဗန္ဓုမအမည်ရှိသောမင်းကြီး၏ ဗန္ဓုမတီအမည်ရှိသောမိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့မြောက် အချိန် ရောက်သောအခါ သား သမင်တို့အား ဘေးမဲ့ပေးရာ ဖြစ်၍ ခေမဟူ၍ အမည်ရှိသော သမင်ပေါသဖြင့် သမင်တောဟု ခေါ်ဆိုထိုက်သည့် မိဂဒါဝုန်ဉယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူ၏။

(အလောင်းတော်မင်းသား ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှား ဖြစ်ပေါ်ကုန်၏။)

### ရှုးခြားချက်ကြီး

အလောင်းတော် မင်းသား ဖွားမြင်သောအခါ နေ့ရော ညဉ့်ပါ အလောင်းတော်မင်းသား သွားလေရာ နေလေရာ အရပ်တိုင်း၌ အချမ်း အပူ မြက် မြူ နှင်းပေါက်တို့ မကျရောက် မနှိပ်စက်နိုင်ရန် နတ်၌ဖြစ်သော ထီးဖြူကြီး အမြဲတမ်း ဆောင်းလျက် မိုးလျက် တည်ရှိလေသည်။ လူသူ အပေါင်းတို့က အမြဲ ချစ်ခင်

WWW.DHAMMARANSI.COM



နှစ်သက်အပ်သူဖြစ်လေသည်။ မြေသို့ ခြေမကျရပဲ တရင်ခွင်မှ တရင်ခွင်သို့ ကူးပြောင်းပွေ့ချီကြကာ ကြီးပွါးစေခဲ့ကြလေသည်။

## ဝိပဿီဟူသောအမည်

အလောင်းတော်မင်းသား ဖွားလျှင်ဖွားခြင်း နတ်မျက်စိကဲ့သို့ မြင်စွမ်းနိုင်သော အာနုဘော်ရှိသည့် ကမ္မဝိပါကဇ=(ကုသိုလ်ကံ၏ အကျိုးဝိပါက်ကြောင့်ဖြစ်သည့်)မျက်စိတော်များ ထင်ရှားဖြစ်လေသည်။ ယင်းမျက်စိတော်များဖြင့် အလောင်းတော်သည် နေ့၌ဖြစ်စေ ညဉ့်၌ဖြစ်စေ ထက်ဝန်းကျင် တယူဇနာတိုင်တိုင် အပိတ် အပင်မရှိ မြင်နိုင်လေသည်။ တာဝတိံသာ နတ်ပြည်၌ နေသော နတ်တို့သည် အမြဲတမ်း မမှိတ်သော မျက်စိတို့ဖြင့်သာ ကြည့်ကြသကဲ့သို့အလောင်းတော်မင်းသားသည်လည်းဖွားတော်မူသည်ကစ၍ မည်သည့်အခါမှာမှ မျက်စိကို မှိတ်သည်မရှိ အမြဲဖွင့်သော မျက်စိတို့ဖြင့်သာ ကြည့်ရှုတတ်သည်ကိုအစွဲပြု၍"ဝိပဿီမင်းသား ဝိပဿီမင်းသား"ဟူ၍ အမည်တော် ထင်ရှား ဖြစ်ခဲ့လေသည်။

ထို့ပြင်လည်း တနေ့သောအခါ ခမည်းတော် ဗန္ဓုမမင်းကြီး တရားလွှတ်ရုံး၌ တရားဆုံးဖြတ်နေစဉ် သားတော်မင်းသားကို တန်းဆာဆင်၍ ခမည်းတော်မင်းကြီးလက်သို့ ဆက်သကြသည်တွင် ခမည်းတော် ဗန္ဓုမမင်းကြီးသည် သားတော်ကို ရင်ခွင်ထက်ထား၍ ပိုက်ဖျားယုယနေစဉ် အမတ်တို့သည် ဥစ္စာရှင်ကို ဥစ္စာရှင်မဟုတ်သောအနေဖြင့် မတရားဆုံးဖြတ်ကြကုန်၏၊ ဘုရားအလောင်းမင်းသားသည် မနှစ်သက် မကျေချမ်းနိုင်သော အသံကို ထုတ်ဖော် ဟစ်အော် ငိုကြွေးသည်တွင် ခမည်းတော်မင်းကြီးက "သားတော် ဤသို့ဖြစ်ရခြင်းမှာ အကြောင်း မည်သို့နည်း၊ စူးစမ်းကြကုန်"ဟူ၍မိန့်သည်ရှိသော် အကြောင်းကိုစူးစမ်းပါသော်လည်း အခြားတပါးသော အကြောင်းကို မမြင်ကြပဲ "တရားဆုံးဖြတ် လွှတ်ရုံးအမတ်တို့ မတရား ဆုံးဖြတ်အပ်သောကြောင့် ဤကဲ့သို့ ပြုအပ်သည် ဖြစ်လိမ့်မည်"ဟု ဆင်ခြင်မိကြ၍ တဖန် ဥစ္စာရှင်ကိုပင် ဥစ္စာရှင်ပြုကာ တရားသဖြင့် ဆုံးဖြတ်ကြ

WWW.DHAMMARANSI.COM



ပြန်သည်၊ ထိုအခါ သားတော်အလောင်းမင်းသား ကျေနပ်နှစ်သိမ့်၍ အငိုတိတ်သောအခါ "မင်းသားသည် တကယ်စင်စစ် သိ၍ပင် ဤသို့ ပြုလေသလော"ဟု စူးစမ်းလိုကြပြန်သဖြင့် တဖန် မတရား ပြန်၍ ဆုံးဖြတ်ကြသည်ရှိသော် အလောင်းမင်းသားသည် ရှေးနည်းအတူ မနှစ်သက် မကျေချမ်းနိုင်သော အသံကို ထုတ်ဖော် ဟစ်အော် ငိုကြွေးပြန်လေသည်။ ထိုအခါ ခမည်းတော်မင်းကြီးသည်"အလောင်းမင်းသားသည် တကယ်ပင် တရားသည် မတရားသည်ကို သိပေ၏"ဟု ဆုံးဆုံးဖြတ်ဖြတ် ယုံကြည်ပြီးလျှင် ထိုအခါမှစ၍ မမှေ့မလျော့ တရားသဖြင့် စိုးအုပ် မင်းပြုတော်မူသည်။

ထိုအခါမှစ၍ "တရားသည် မတရားသည်ကို စိစစ် စီစစ်ပြီးလျှင် ခွဲခြားသိမြင်တတ်သည်ကို"အစွဲပြု၍ အလောင်းတော်၏ ဝိပဿီမင်းသားဟူသောအမည်သည် တိုးတက် ထင်ရှား ဖြစ်ပွါးလေတော့သည်။

## ထီးနန်း စိုးစံတော်မူခြင်း

အလောင်းတော် ဝိပဿီ မင်းသားသည် အရွယ်သို့ရောက်သောအခါ (၁) နန္ဒရွှေနန်းဆောင်၊ (၂) သုနန္ဒရွှေနန်းဆောင်၊ (၃)သိရိမာရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမ သုံးဆောင်တို့၌ သုဒဿနာဒေဝီ မိဖုရားကြီး (တနည်း သုတနု မိဖုရားကြီး) အမှူးရှိသော မောင်းမအပေါင်း တသိန်းနှစ်သောင်းတို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## နိမိတ်ကြီးလေးပါး ထင်ပုံ

အလောင်းတော် ဝိပဿီမင်းသားသည် တနေ့သ၌ ရထားထိန်းကို ခေါ်ပြီးလျှင် "ငါသည် ဥယျာဉ်မြေပြင်အရပ်ကို ရှုစားလိုသည်၊ ဥယျာဉ်သို့ထွက်တော်မူမည်"ဟု အမိန့်ပေးကာ ရထားစီးနင်း၍ ဥယျာဉ်သို့ ထွက်တော်မူလာသည်တွင် လမ်းခရီး၌

WWW.DHAMMARANSI.COM



နတ်တို့ ဖန်ဆင်းပြအပ်သော သူအိုကိုမြင်သဖြင့် (သူအိုကို တကြိမ် တခါမျှ မမြင်ဘူးသော အလောင်းမင်းသားအဖို့ အထူးတဆန်း ကြီးဖြစ်ကာ) "အချင်းရထားထိန်း....ဤယောကျ်ားကားအဘယ် အမှုပြုနေသနည်း၊ သူ၏ဆံပင် သူ၏ကိုယ်တို့သည် တပါးသူတို့၏ ဆံပင် ကိုယ်တို့နှင့် လားလားမျှ မတူပါတကား"ဟု မေးမြန်း သည့်တွင် ရထားထိန်းက "အရှင်မင်းကြီး ...ဤသူကား သူအို မည်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏၊ ထိုအခါ အလောင်း တော်က "အချင်းရထားထိန်း....သူအိုဆိုသည်မှာ ဘယ်လိုဟာ မျိုးတုန်း"ဟု (တကယ်ပင် သူအို၏အဖြစ်ကို မသိ၍) မေးတော်မူ သောအခါ ရထားထိန်းက "အရှင်မင်းကြီး....ဤသူသည် အမှန် ပင် သူအိုမည်ပါသည်၊ ထိုသူသည် ယခုအခါ အသက်ရှည်စွာ နေရတော့မည် မဟုတ်ပါ"ဟူ၍ လျှောက်ထားလေသော်၊ အလောင်းတော်မင်းသားက "အချင်း ရထားထိန်း... ငါသည် လည်း အိုခြင်းသဘောရှိပါသလော၊ အိုခြင်းသဘောကို မလွန် မြောက်နိုင်သူ ဖြစ်ပေသလော"ဟု မေးမြန်းသောအခါ ရထား ထိန်းက "အရှင်မင်းကြီး....အရှင်မင်းကြီးနှင့်တကွ ကျွန်ုပ်တို့ပါ ခပ်သိမ်းသော သူတို့သည် အိုခြင်းသဘောရှိကြပါသည်၊ အိုခြင်း သဘောကို မလွန်မြောက်နိုင်ကုန်ပါ"ဟူ၍ ပြန်ကြား လျှောက် ထားလေသည်။

ထိုအခါ အလောင်းမင်းသားက "အချင်း ရထားထိန်း.... သို့တပြီးကား ဥယျာဉ်တော်ကို မကြည့်လိုတော့ပြီ၊ ဤအရပ်မှပင် နန်းတော်သို့ ပြန်နစ်လော့"ဟု မိန့်ကြား၍ ပြန်လာရာ နန်းတော် သို့ ရောက်သောအခါ အလောင်းတော်မင်းသားသည် "အို.... ဇာတိတရားကား စက်ဆုပ်ငြီးငွေ့ဖွယ်ပါတကား၊ ဇာတိတရား ထင်ရှားရှိသော် ဇရာတရားကား မြေလက်ခတ်မလွဲ ထင်ရှား ဖြစ်ပေလိမ့်မည်တကား"ဟု စဉ်းစား ကြံမှိုင်၍ မပျော်ပိုက်နိုင် အောင်ပင် ရှိ၍နေ၏။

ထိုအခါ ခမည်းတော် မင်းတရားကြီးသည် ရထားထိန်းကို ခေါ်ယူမေးမြန်း၍ အကြောင်းကို သိလေသော် အလောင်းတော်

WWW.DHAMMARANSI.COM



မင်းသား တောမထွက်ဖြစ်ရန် ရည်သန်၍ ဈေးကထက်တိုးကာ သုံးဆောင်ဖွယ်ရာ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ထားရှိ ပေးလေသည်။

ထို့နောက် နှစ်ပေါင်း ထောင်ပေါင်းများစွာလွန်သောအခါ ဒုတိယအကြိမ် ဉယျာဉ်သို့ ထွက်ရာမှာလည်း ဤအတူပင် လမ်းခရီး၌ သူနာကိုမြင်၍ ဈေးနည်းအတူ ဉယျာဉ်သို့ အရောက်မသွား တော့ပဲ နန်းတော်သို့ပင် ပြန်လာကာ ဈေးနည်းအတူ မပျော်ပိုက် နိုင် ကြံမှိုင်၍နေသည်ကို ခမည်းတော်မင်းကြီး ကြားသိသောအခါ တိုး၍ပင် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ထားရှိပေး လေသည်။

ထို့နောက် နှစ်ပေါင်း ထောင်ပေါင်းများစွာ လွန်သောအခါ တတိယအကြိမ် ဉယျာဉ်သို့ ထွက်ရာမှာလည်း လမ်းခရီးတွင် သူသေကိုမြင်၍ ဈေးနည်းအတူ နန်းတော်သို့ပင် ပြန်လာတော် မူ၏။

ထို့နောက် နှစ်ပေါင်း ထောင်ပေါင်းများစွာ လွန်သောအခါ စတုတ္ထအကြိမ် ဉယျာဉ်သို့ ထွက်တော်မူရာ လမ်းခရီးတွင် ရဟန်းကိုမြင်၍ ရထားထိန်းကို ရဟန်း၏အကြောင်း မေးမြန်း၍ ရထားထိန်းပြောကြားချက်အရ ရဟန်းအကြောင်းကို သိရသော အခါ လွန်စွာအားရနှစ်သက်တော်မူ၍ ရဟန်းရှိရာသို့ ရထားကို နှင်စေလေသည်။

ရဟန်းထံသို့ ရောက်သောအခါ အကြောင်းအကျိုး မေးမြန်း၍ ရဟန်းအဖြစ်ကို အလွန် နှစ်သက်တော်မူကာ ရထားထိန်းကို ခေါ်၍"အချင်း ရထားထိန်း....ဤရထားကိုယူဆောင်၍ နန်းတော် အတွင်းမှာ ပြန်လည်အပ်နှံပါလေ၊ ငါတမူကား ဤအရပ်၌ပင် ရဟန်းပြုတော့အံ့"ဟု မိန့်ကြား၍ ရထားထိန်းကို ပြန်လွှတ်လိုက် လေသည်။ ထိုနေ့ကား သုဒဿနာဒေဝီမိဖုရားကြီးမှ သမ၀တ္တကုမာရ အမည်ရှိသော သားတော်ကို ဖွားမြင်သောနေ့ ဖြစ်ပေသည်။

WWW.DHAMMARANSI.COM



အလောင်းတော် ဝိပဿီမင်းသားသည် ရထားထိန်းကို ပြန်လွှတ်လိုက်ပြီးနောက် ထိုအရပ်မှာပင် ဆံမုတ်ဆိတ်တို့ကို ပယ်ကာ ဖန်ရည်တပ်စွန်းသော သင်္ကန်းတို့ကိုဝတ်၍ ရဟန်းပြုတော်မူ၏။ (ဤ၌ သပိတ်သင်္ကန်းကို မည်သည့်နည်းဖြင့် ရသည်ဟူ၍ ဖော်ပြအချက် မရှိသော်လည်း အလောင်းတော်တို့၏ ဓမ္မတာအတိုင်း သုဒ္ဓါဝါသဗြဟ္မာကြီးများ ဆင်းသက် ကပ်လှူလာ၏ဟူ၍ မှတ်ယူသင့်ပေသည်။)

ထိုအခါ ဗန္ဓုမတီပြည်သားပေါင်း ရှစ်သောင်း လေးထောင်တို့သည်လည်း အလောင်းတော် ဝိပဿီမင်းသား ရဟန်းပြုတော်မူကြောင်း သတင်းကြားကြ၍ အတုလိုက် (အားကျ) ကာ ရဟန်းပြုကြလေကုန်သည်။

## ဘုရားဖြစ်တော်မူခြင်း

ဝိပဿီမြတ်စွာဘုရား အလောင်းတော်သည် ထိုရှစ်သောင်း လေးထောင်သော ရဟန်းတို့ဖြင့် ခြံရံလျက် ရွာ, နိဂုံး, မြို့ကြီး, ပြည်ကြီးများသို့ ခရီးဒေသစာရီ ကြွချီတော်မူသောအခါ ရောက်လေရာရာအရပ်၌ မဏ္ဍပ်ကြီးများထိုး၍ လူအပေါင်းတို့က ကြီးစွာသော ဆွမ်းအလှူဒါနကို လှူဒါန်းကြသည်ကို ငြိုငွေ့တော်မူကာ တောထွက်ရဟန်းပြုတော်မူသည်မှ ရှစ်လမြောက်သို့ နက်ဖန်ခါ ရောက်တော့မည်ဟု ဆိုအပ်သော ကဆုန်လဆန်း (၁၄) ရက်နေ့တွင် အလောင်းတော်၏ သန္တာန်၌ စိတ်အကြံ ဖြစ်သည်ကား "ငါသည် အခြံအရံတို့နှင့်ရောနှော၍ နေခြင်းငှါ မသင့်လျော်ချေ၊ ငါသည် ဤပရိသတ်နှင့်ခွဲကာ တဦးတည်းနေရမူ ကောင်းလေစွ"ဟု ကြံစည်တော်မူ၍ ပရိတ်သတ်နှင့် ခွဲခွါတော်မူခဲ့ရာ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့(နောက်တနေ့) သို့ ရောက်သောအခါ သုဒဿနသူဌေးသမီး လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၏ အတွင်းမှာ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူရာ လမ်းခရီးအကြား၌ သုဇာတ

WWW.DHAMMARANSI.COM



အမည်ရှိသော မုယောခင်း(ဂျုံခင်း)စောင့်သူ လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ သခွတ်ပင် ဗောဓိရင်း ဖြန့်ခင်း လိုက်သည်နှင့် တပြိုင်နက် (၅၃) ငါးဆယ့်သုံးတောင် ပမာဏ ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာလေ၏။

ထိုသခွတ်ပင် ဗောဓိ၏ ပင်စည်ပင်မသည် အလောင်းတော် ကပ်ရောက်သည့်နေ့၌ အတောင်ငါးဆယ် မြင့်၍ အထက်သို့ တက်သော ခက်မသည်လည်း အတောင် ငါးဆယ်ရှိသဖြင့် အတောင်တရာမြင့်၏၊ ထိုနေ့မှာပင်လျှင် သခွတ်ပင်ဗောဓိသည် အလွန်မွှေးကြိုင်သော ရနံ့ရှိသည့် အနားညီအောင်ဖွဲ့သီ၍ ထားအပ်သကဲ့သို့သော ပန်းပွင့်တို့ ဖြင့် အရင်းမှစ၍ တပင်လုံးကို ဖုံးအုပ်ထားအပ်သကဲ့သို့ ရှိ၏၊ နတ်၌ဖြစ်သော ရနံ့ကောင်းဖြင့်လည်း ကြိုင်လှိုင် လျက်ရှိပေ၏။ ထိုနေ့၌ကား ဗောဓိသခွတ်ပင်သာမဟုတ်၊ စကြဝဠာ တိုက်တသောင်းအတွင်း အလုံးစုံသောသစ်ပင် ချုံနွယ် အပေါင်းတို့ပင် ပွင့်ကြကုန်၏။

ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေး ဆိုအပ်ပြီးသောနည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေ သည်။

## တရားပွဲကြီး သုံးကြိမ်

ဝိပဿီမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (သခွတ်) ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်)စံနေတော်မူပြီးလျှင် တရားဟောရန် မြဟ္မာ မင်း၏တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ် သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု စဉ်းစား ဆင်ခြင်တော်မူလတ်သော် အဂ္ဂသာဝကအလျာ ဖြစ်ကြသည့် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲ ခဏ္ဍမင်းသားနှင့် တိဿ အမည် ရှိသော ပုရောဟိတ်သားတို့ကို မင်္ဂဖိုလ်ရကြောင်း ရှေးကောင်းမှု

WWW.DHAMMARANSI.COM



နှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ "ထိုသူတို့အား ရှေးဦးစွာ တရားဟောအံ့"ဟု ကြံစည်တော်မူပြီးလျှင် ဗန္ဓုမတီမြို့တော်အနီး သား သမင်တို့အား ဘေးမဲ့ပေးရာ ဖြစ်၍ ခေမအမည်ရှိသော မိဂဒါဝုန်ဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွရောက် သက်ဆင်းတော်မူလျက် ထိုမင်းသားနှင့် ပုရောဟိတ်သားတို့ကို ဥယျာဉ်မှူးကို စေလွှတ်၍ ခေါ်စေပြီးလျှင် ထိုသူနှစ်ဦးတို့ လာရောက်ကြသောအခါ ရဟန်းပြုသင့်ကြောင်း ကောင်းမြတ်သော အဆုံးအမ သြဝါဒတရားမှ အစပြုကာ ဟောကြားပြီး၍ ထိုခဏ စည်းဝေးရောက်လာကြသည့် နတ် ဗြဟ္မာ အပေါင်းတို့နှင့်တကွ ထိုသူနှစ်ဦးတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲ ဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောကြားတော်မူရာ မင်းသား နှင့် ပုရောဟိတ်သားတို့ကို အစထား၍ မရေတွက်နိုင်သော နတ် ဗြဟ္မာတို့ မဂ်ဖိုလ်တရားထူးကို ရကြလေကုန်သည်။

အထူးအားဖြင့် အဂ္ဂသာဝကအလျာ ဖြစ်ကြသည့် ခဏ္ဍ မင်းသားနှင့် တိဿအမည်ရှိသော ပုရောဟိတ်၏သားတို့သည် မြတ်စွာဘုရားအထံတော်၌ ဧဟိဘိက္ခုရဟန်းဖြစ်ကြ၍ မကြာမြင့်မီပင် ရဟန္တာဖြစ်ကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် ဗန္ဓုမတီပြည်သား ယောကျ်ားပေါင်း ရှစ်သောင်း လေးထောင်တို့သည် "ဗန္ဓုမတီပြည်အနီး ခေမမိဂဒါဝုန်ဥယျာဉ် ကြီး၌ ဝိပဿီမြတ်စွာဘုရား ကြွရောက်သီတင်းသုံးနေတော်မူပြီတဲ့၊ ခဏ္ဍမင်းသားနှင့် ပုရောဟိတ်သား တိဿလုလင်တို့လည်း ဝိပဿီ မြတ်စွာဘုရားထံ၌ ရဟန်းပြုကြပြီတဲ့"ဟူသော သတင်းစကားကို ကြားကြသဖြင့် အတုလိုက်(အားကျ)ကာ ရဟန်းပြုကြကုန်၏၊ ထိုသို့ အတုလိုက်၍ ရဟန်းပြုကြသော ရှစ်သောင်းလေးထောင် သော သူတို့အား ဝိပဿီ မြတ်စွာဘုရားသည် တရားတည်း ဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



ဝိပဿီ မြတ်စွာဘုရား ဘုရားမဖြစ်မီ မင်းအဖြစ်ဖြင့် နေစဉ် အခါက အလုပ်အကျွေး အခြွေအရံ ဖြစ်ကြသော လူပေါင်း ရှစ်သောင်းလေးထောင်တို့သည် အလောင်းတော် တောထွက် သည့် စတုတ္ထမြောက် ဥယျာဉ်တော်သို့ သွားသောနေ့ နံနက် စောစောအချိန်မှာပင် ဝိပဿီမင်းသားကို ခစားရန် လာရောက် ကြကုန်၍ မင်းသားကို နန်းတော်၌ မတွေ့မြင်ရသဖြင့် နံနက်စာ စားရန် ပြန်သွားကြပြီးလျှင် ထမင်းစားကြပြီးနောက် "မင်းသား သည် အဘယ်အရပ်၌ ရှိသနည်း"ဟု မေးမြန်းကြလျက် ဥယျာဉ် တော်သို့ ကြွသွားကြောင်း သတင်းကြားရ၍ "ငါတို့သည် ဥယျာဉ် တော်မှာပင် မင်းသားကို ဖူးမြင်ကြကုန်အံ့"ဟု ထွက်ခဲ့ကြကုန်၏။

လမ်းခရီးမှာ ဝိပဿီမင်းသားက ပြန်၍ လွှတ်လိုက်သော ရထားထိန်းနှင့်တွေ့သဖြင့် ဝိပဿီမင်းသား ရဟန်းပြုကြောင်း သတင်းကြားကြသောအခါ ကြားရသည့်အရပ်မှာပင်လျှင် အလုံး စုံ ဝတ်ဆင်လာခဲ့ကြသော လူဝတ် တန်းဆာတို့ကို စွန့်ပယ်လျက် သင်္ကန်းများကို ဈေးမှဝယ်ယူကာ ဆံမုတ်ဆိတ်များကို ပယ်ရှင်း၍ ရဟန်းပြုကြကုန်၏၊ ရဟန်းပြုကြပြီးလျှင် ထိုရှစ်သောင်း လေး ထောင်သော အတုလိုက်ရဟန်းတို့သည် ဝိပဿီမြတ်စွာဘုရား အလောင်းတော်ထံ သွားရောက် ဝန်းရံ နေထိုင်ကြကုန်သည်။ အလောင်းတော်သည် ဒုက္ကရစရိယာ ရှစ်လကြာအောင် ထို ရဟန်းတို့ခြံရံလျက် ကျင့်ကြံအားထုတ်တော်မူ၍ နက်ဖန် ကဆုန် လပြည့် ဘုရားဖြစ်မည့်နေ့သို့ ရောက်အံ့သော ကဆုန်လဆန်း (၁၄) ရက်နေ့ဝယ် "ငါသည် အခြွေအရံများနှင့် ရောနှော၍ နေရ၏၊ မင်းသားအဖြစ်ဖြင့် နေစဉ်ကလည်း ငါသည် ဤ ရှစ် သောင်းလေးထောင်သောသူတို့ကို အခြွေအရံပြု၍ လှည့်လည် သကဲ့သို့ ယခုလည်း ဤသူတို့ကိုပင် အခြွေအရံပြု၍ နေခြင်းသည် မသင့်လျော်ပေ။ ဤအခြွေအရံ ဂိုဏ်းဂဏဖြင့် ငါ့မှာ အဘယ် အကျိုးရှိအံ့နည်း"ဟု အပေါင်းအသင်းနှင့် မွေ့လျော်နေခြင်း၌ ငြီးငွေ့တော်မူ၍ "ယနေ့ပင် ဤအခြွေအရံ ဂိုဏ်းဂဏကိုစွန့်၍ သွား ပေအံ့"ဟု ကြံစည်ပြီးမှ တဖန် "ယနေ့ အချိန်မရှိတော့ပြီ၊ အကယ်၍ ယနေ့ ငါသွားခဲ့သော် ဤအလုံးစုံသော ရဟန်းတို့

WWW.DHAMMARANSI.COM



သည့် သိကြလိမ့်မည်၊ နက်ဖန်မှသာလျှင် သွားအံ့”ဟု ကြံစည်တော်မူလေ၏။

ထို နက်ဖန်ခါရောက်မည့် နောက်တနေ့အတွက်လည်း ငါတို့ဘုရားလက်ထက် ဥရုဝေလရွာနှင့် အလားသဏ္ဌာန် တူသော တခုသောရွာ၌ ရွာသူရွာသားအပေါင်းတို့သည် အခြံအရံနှင့်တကွ မြတ်စွာဘုရား အလောင်းတော်ကို ပင့်ဖိတ်ကြပြီးလျှင် အလောင်းတော်နှင့်တကွ ရှစ်သောင်းလေးထောင်သော အခြံအရံတို့အား လှူဒါန်းရန် ဃနာနို့ဆွမ်းကို စီမံကြကုန်၏။ ထိုအခါ ဝိပဿီမြတ်စွာဘုရား အလောင်းတော်သည် နောက်တရက်ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ ထိုရွာမှာပင် အခြံအရံ ရဟန်းတို့နှင့်တကွ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုပြီးလျှင် မိမိ နေရင်းတောကျောင်း၌သာနေသို့ ကြွတော်မူ၏။

တောကျောင်းသို့ရောက်၍ အတုလိုက်ရဟန်းတို့က အလောင်းတော်အား ပြုသင့်သော ဝတ်များကို ပြုကြပြီးလျှင် အသီးအသီး မိမိတို့၏ နေ့သန့်ရာ ညဉ့်သန့်ရာ အရပ်တို့သို့ ဝင်ရောက်ကြမှ အလောင်းတော်သည် မိမိ၏ သစ်ရွက်မိုးသော ကျောင်းကလေး အတွင်း ဝင်ရောက်နေထိုင်လျက် “ဤအချိန်ကား ထွက်သွားရန် အသင့်လျော်ဆုံးသော အချိန်တည်း”ဟု ထွက်ခဲ့၍ သစ်ရွက်မိုး ကျောင်းကလေး၏ တံခါးကို ပိတ်ပြီးလျှင် မဟာဗောဓိမဏ္ဍိုင်သို့ ရှေးရှုကြွတော်မူလေသည်။

ထိုအတုလိုက်ရဟန်းတို့သည်လည်း ညနေချမ်းအခါ ဘုရားအလောင်းတော်ထံ ဆည်းကပ်ရန်သွားကြ၍ သစ်ရွက်မိုးကျောင်းကလေးကို ဝန်းရံလျက် အလောင်းတော်ကို တွေ့နိုးနိုးဖြင့် မြော်ကိုးနေကြရာ အချိန်ကာလကြာမြင့်သောအခါမှ “အချိန်ကြာလှပြီ၊ စူးစမ်းကြကုန်လော့”ဟု ပြောဆို၍ သစ်ရွက်မိုး ကျောင်းတံခါးကို ဖွင့်၍ကြည့်သောအခါ အလောင်းတော်ကို မတွေ့မမြင်ကြရသော်လည်း “အလောင်းတော်သည် အဘယ်အရပ်သို့ သွားလေသနည်း”ဟု အောက်မေ့ကာ အလောင်းတော်ကို လိုက်လံရှာဖွေမှု အလျဉ်းပင် မပြုကြပဲ “အလောင်းတော်သည် အပေါင်း

WWW.DHAMMARANSI.COM



အသင်း ဂိုဏ်းဂဏနှင့် နေခြင်း၌ ငြီးငွေ့တော်မူသဖြင့် တပါးတည်း သီတင်းသုံးနေတော်မူလိုဟန် ရှိသည်၊အလောင်းတော်ကို ဘုရားဖြစ်သောအခါမှ ငါတို့ ဖူးမြင်ကြကုန်တော့အံ့''ဟု ကြံစည်ကြကာ ဇမ္ဗူဒိပ်ကျွန်းအတွင်းဖက်သို့ ရှေးရှုလှည့်လည် ဖဲသွားကြလေကုန်၏။

ထို့နောက် ထိုအတုလိုက် ရဟန်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် ''ဝိပဿီမင်းသား ဘုရားဖြစ်၍ ဓမ္မစကြာတရားဟောကြားတော်မူပြီတဲ့''ဟု သတင်းစကား ကြားရသဖြင့် အစဉ်အတိုင်း ထိုအလုံးစုံသော ရဟန်းတို့သည် ဗန္ဓုမတီနေပြည်တော် အနီး ခေမမိဂဒါဝုန် ဥယျာဉ်ကြီးအတွင်း၌ လာရောက် စည်းဝေးကြကုန်၏၊ ထိုအခါ ထိုအတုလိုက် ရဟန်းပေါင်း ရှစ်သောင်းလေးထောင်တို့အား ဝိပဿီ မြတ်စွာဘုရား တရားဟောတော်မူ၏၊ ထိုအခါ ထိုရှစ်သောင်း လေးထောင်သော အတုလိုက် ရဟန်းတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယဘရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ် ပဌမသန္နိပါတ

ဝိပဿီ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာ အစည်းအဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ ခေမမိဂဒါဝုန် ဥယျာဉ်ကြီးအတွင်းမှာ ဝိပဿီမြတ်စွာဘုရားအလောင်းတော်သို့ အတုလိုက် ရဟန်းပြုကြသည့် ရဟန်းပေါင်း ရှစ်သောင်း လေးထောင်၊ အဂ္ဂသာဝကအလျာ ခဏ္ဍမင်းသားနှင့် ပုရောဟိတ်သား တိဿလုလင်တို့သို့ အတုလိုက် ရဟန်းပြုကြသည့် ရဟန်းပေါင်း ရှစ်သောင်းလေးထောင် နှစ်ရပ်ပေါင်း (၁၆၈၀၀၀) တသိန်း ခြောက်သောင်း ရှစ်ထောင်သော ရဟန်းတို့၏ အလယ်၌ ဝိပဿီ မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ မြတ်စွာဘုရားသည် ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာ ပြတော်မူသည်ကို ဖူးမြင်ကြရ၍ ရဟန်းပြုကြကုန်သော တသိန်းသော ရဟန်းတို့၏ အစည်းအဝေးသည်ဖြစ်၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ဝိပဿီမြတ်စွာဘုရား၏ ဖတူမိကွဲဖြစ်ကြသော မင်းသားညီနောင် သုံးယောက်တို့သည် နယ်စွန်နယ်ဖျားက ထကြွသောင်းကျန်းကြသည်ကို ငြိမ်းအေး ငြိမ်သက်စေ၍ ပြန်လာကြသည်တွင် ခမည်းတော် မင်းတရားကြီးက သားတော်သုံးပါးကို အားရကျေနပ်တော်မူ၍ လိုအပ်သောဆုကို တောင်းကြလော့ဟု ဆုပေးတော်မူရာ မင်းသားညီနောင်တို့က "ငါတို့မှာ လိုအပ်သောဆုကို တောင်းခွင့်ရပြီ၊ အခြားဆုကို ငါတို့ တောင်းရန်မလို၊ နောင်တော်မြတ်စွာဘုရားကို လုပ်ကျွေးပြုစုရန်အတွက် ဆုကိုသာ ငါတို့လိုသည်"ဟု တောင်းဆိုကာ ခမည်းတော်ထံမှ အခွင့်ရသဖြင့် မြတ်စွာဘုရားကို လုပ်ကျွေး လှူဒါန်းပူဇော်မူပြုကြရန် မိမိတို့၏ အပိုင်စား မြို့ရွာဌာနတို့သို့ ပင့်ဆောင်ကြရာ မြတ်စွာဘုရားသည် ကြွသွားတော်မူပြီးလျှင် ထိုညီနောင်သုံးဦးတို့၏ ပူဇော်သက္ကာရကို ခံယူတော်မူလျက် တရားဓမ္မဟောပြတော်မူရာ ရှစ်သောင်းသောလူတို့သည် ဧဟိဘိက္ခုရဟန်းဖြစ်ကြ၍ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

ဝိပဿီ မြတ်စွာဘုရားသည် ခေမမိဂဒါဝုန် ဥယျာဉ်တော်အတွင်း၌ ထို ရှစ်သောင်းသော ရဟန္တာတို့ ခြံရံလျက် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း အတုလနဂါးမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် တန်းခိုးအာနုဘော် ကြီးမားသော အတုလနဂါးမင်းဖြစ်၍ ကုဋေပေါင်းများစွာသော နဂါးတို့ ခြံရံလျက် နတ်၌ဖြစ်သော တူရိယာမျိုးတို့ဖြင့် တီးမှုတ်၍ လောကသုံးပါး၏ အကြီးအမှူးဖြစ်တော်မူသော ဝိပဿီမြတ်စွာဘုရားထံ ချဉ်းကပ်လျက် အခြံအရံ သံဃာတော်များနှင့်တကွ မြတ်စွာဘုရားအား ပူဇော်သက္ကာရမှုပြုခြင်း၄ါ ဘုရား အမှူးရှိသောသံဃာတော်ကို ပင့်ဖိတ်လျက် ရတနာခုနစ်ပါးတို့ဖြင့် ပြီးသည့် လပြည့်ဝန်းကြီးပမာ ကြည့်ချင်ဖွယ်ရာ ရတနာအနှစ်တို့ဖြင့် တန်းဆာဆင်အပ်သော မဏ္ဍပ်တော်ကြီး တည်ဆောက်ပြီးလျှင် ထိုမဏ္ဍပ်အတွင်း၌ ဘုရားအမှူးရှိသော သံဃာတော်မြတ်များကို သီတင်းသုံးစေ၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကို ပေးလှူ၏။ ရတနာခုနစ်ပါးတို့ဖြင့် ချယ်စီအပ်၍ မြတ်သောပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်ကာ အလုံးစုံသော အဆင်တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော ရွှေအင်းပျဉ်ကိုလည်း မြတ်စွာဘုရားအား လှူဒါန်း၏။

ဝိပဿီ မြတ်စွာဘုရားသည် သံဃာတော် အပေါင်းတို့၏ အလယ်၌ သီတင်းသုံးနေတော်မူ၍ ထိုဒါန အနုမောဒနာတရား ဟောကြားပြီးဆုံးသည်တွင် အလောင်းတော် အတုလ နဂါးမင်းကို "ဤကမ္ဘာမှ နောက် ကိုးဆယ့်တကမ္ဘာမြောက်၌ ဤအတုလနဂါးမင်းသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ဝိပဿီမြတ်စွာဘုရား၏ ဗျာဒိတ်စကားကြားရလျှင် အလောင်းတော်အတုလနဂါးမင်းသည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

WWW.DHAMMARANSI.COM



## မြို့တော်စသည်ကို ပြဆိုချက်

ဝိပဿီမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **ဗန္ဓုမတီမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **ဗန္ဓုမမင်းကြီး**, မယ်တော်မှာ **ဗန္ဓုမတီ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၈၀၀၀) ရှစ်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **နန္ဒစံနန်းတော်**, **သုနန္ဒစံနန်းတော်**, **သိရိမာစံနန်းတော်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ မောင်းမပေါင်း (၁၂၀၀၀၀) တသိန်းနှစ်သောင်း အခြံအရံရှိသည့် **သုဒဿနာဒေဝီမိဖုရားကြီး** ဖြစ်၍ သားတော်မှာ **သမဝတ္တက္ခန္ဓမင်းသား** ဖြစ်လေသည်။

နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ အာဇာနည်မြင်း ကသော **ရထားယာဉ်** ဖြစ်ပြီး ရှစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **ခဏ္ဍမထေရ်** နှင့် **တိဿမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **အသောကမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **စန္ဒာထေရီမ**နှင့် **စန္ဒမိတ္တာထေရီမ**တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **သခွတ်ပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **ပုနဗ္ဗသုမိတ္တသူဌေး**နှင့် **နာဂသူဌေး**တို့ ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **သိရိမာဉပါသိကာမ** နှင့် **ဥတ္တရာဥပါသိကာမ**တို့ ဖြစ်ကြသည်။

လောကသုံးပါး၏ ရှေ့သွားနာယက ဖြစ်တော်မူသော ဝိပဿီမြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ရှစ်ဆယ် မြင့်လျက် ရောင်ခြည်တော်သည် ထက်ဝန်းကျင် ခုနစ်ယူဇနာတို့ တိုင်တိုင် ထိုမှ ဤမှ ထွက်ကြွကွန့်မြူးပေ၏။ (ပကတိ ကိုယ်တော်ရောင်ကို ဆိုသည်။)

WWW.DHAMMARANSI.COM



ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်ရှစ်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့လေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ်ကယ်တင်တော်မူခဲ့၏။

ဝိပဿီ မြတ်စွာဘုရားသည် များစွာသော နတ်လူတို့ကို ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ ကျွတ်လွတ်စေတော်မူ၏၊ အရိယာမှ ကွင်းသော ပုထုဇန်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်ရောက်ကြောင်း မဇ္ဈိမပဋိပဒါ လမ်းကြောင်းနှင့် နိဗ္ဗာန်လမ်းကြောင်း မဟုတ်သည့် အယုတ်တရားနှစ်ပါးတို့ကို ထုတ်ဖော်ခွဲခြား ဟောကြားတော်မူပေ၏။

တရားတည်းဟူသော အရောင်အလင်းကို ပြုပြီးလျှင် သေခြင်းကင်းရာ နိဗ္ဗာန်ကို ဟောကြားတော်မူလျက်(ထွန်းလင်းတောက်ပပြီး ငြိမ်းအေးသွားသော မီးပုံကြီးပမာ)ထို ဝိပဿီ မြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

## သံဝေဂ

ဝိပဿီမြတ်စွာဘုရား၏ မြတ်သောတန်ခိုးတော်, မြတ်သော ဘုန်းတော်, စက်လက္ခဏာစသည်တို့ဖြင့် တန်းဆာဆင်ယင်အပ်သည့် မြတ်သော ရူပကာယတော် ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ....၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သောအနှစ်သာရမရှိ အချည်းနှီးတို့သာ ဖြစ်ကုန်စွတကား....။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် သုမိတ္တအမည်ရှိသော အရာမ်ကြီးအတွင်း၌

WWW.DHAMMARANSI.COM



ပရိနိဗ္ဗာန်စံတော်မူ၍၊ ထိုအရာမ်ကြီးအတွင်းမှာပင် တည်ထား အပ်သည့် ဝိပဿီမြတ်စွာဘုရား၏ စေတီတော်မြတ်ကြီးမှာ ခုနစ် ယူဇနာ စွင့်စွင့် အမြင့်ရှိလေသည်။

ဝိပဿီဗုဒ္ဓဝင် ပြီး၏။

---

## ၂၀–သိခီဗုဒ္ဓဝင်

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီး သည့်နောက် ကမ္ဘာပေါင်း (၅၉) ငါးဆယ့်ကိုး ကမ္ဘာတို့၌ လောကမှာ မြတ်စွာဘုရားများ ပွင့်တော်မမူကြပဲ သုည ကမ္ဘာ ကြီးတွေသာဖြစ်ပြီးလျှင် တရားအလင်းရောင်ကင်းပ၍ အဝိဇ္ဇာ တည်းဟူသော မှောင်အတိကျကာ ဒေဝပုတ္တမာရ်နှင့် ကိလေသ မာရ်တို့သာလျှင် လောက၌ ခလုတ်မရှိ ဆူးမရှိ ထင်တိုင်း ဧကရာဇ်မင်းအဖြစ်ကို ပြုလုပ်နေကြလေသည်။ ထို မာရ်နှစ်ပါး တို့၏အလိုသို့သာလျှင် သတ္တဝါတို့ လိုက်နေကြရလေသည်။

ထို သုညကပ်ကမ္ဘာကြီး (၅၉) ကမ္ဘာကို လွန်မြောက်၍ ဤ ကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် သုံးဆယ့်တကမ္ဘာထက်၌ (၁) သိခီမြတ်စွာဘုရား၊ (၂) ဝေဿဘူမြတ်စွာဘုရားဟူ၍ ဘုရားနှစ်ဆူတို့ ပွင့်တော်မူကြသည်။ (မဏ္ဍကပ်ကမ္ဘာတည်း။)

ထို နှစ်ဆူသော ဘုရားရှင်တို့တွင် သိခီ မြတ်စွာဘုရား၏ အကြောင်းအရာသော်ကား····ထိုသုံးဆယ့်တကမ္ဘာဝယ် လူတို့ အသက်တမ်း အသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ် ခုနစ် သောင်းတမ်းသို့ ရောက်သောအခါ သိခီမြတ်စွာဘုရားအလောင်း တော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည် ဖြစ်၍ အလောင်းတော်တို့၏မမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေ တော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန် ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ဆင်းသက်ကာ အရုဏဝတီ နေပြည်တော် အရုဏအမည်ရှိသောမင်းကြီး၏ ပဘာဝတီအမည်

WWW.DHAMMARANSI.COM



ရှိသော မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လ စေ့မြောက် အချိန်ရောက်သောအခါ နီသဘ အမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့သြဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

အလောင်းတော်မင်းသားကို နိမိတ်ဖတ်ပညာရှိတို့နှင့် ဆွေတော် မျိုးတော်တို့က အမည်မှည့်သော နေ့ဝယ် မင်းသား၏ သင်းကျစ်တော်သားသည် ဥဒေါင်းအမောက် ပမာ မြင့်တက်နေသည်ကို အစွဲပြု၍သိခီမင်းသားဟု အမည် မှည့်ကြကုန်၏။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သိခီမင်းသားသည် အရွယ်သို့ရောက်သော အခါ (၁) သုစန္ဒကရွှေနန်းဆောင်၊ (၂) ဂိရိရွှေနန်းဆောင်၊ (၃) ဝသဘရွှေနန်းဆောင်တည်းဟူသော ရွှေနန်းမသုံးဆောင် တို့၌ သဗ္ဗကာမာဒေဝီမိဖုရားကြီးအမှူးပြုသော မောင်းမအပေါင်း နှစ်သောင်းလေးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူ လျက် နှစ်ပေါင်း (၇၀၀၀) ခုနစ်ထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော်သိခီမင်းသားသည် ထီးနန်း စိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ သဗ္ဗကာမာဒေဝီ မိဖုရား ကြီးမှ အတုလအမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ ဆင်ယာဉ်ကိုစီးကာ တောထွက်၍ ရဟန်းပြုတော်မူ၏။အလောင်း တော်မင်းသား ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ကာ ခုနစ်သန်းသောယောကျ်ားတို့ ရဟန်းပြုကြလေသည်။

WWW.DHAMMARANSI.COM



## ဘုရားဖြစ်တော်မူခြင်း

သိဒ္ဓိမြတ်စွာဘုရားအလောင်းတော်သည် ထိုခုနစ်သန်းသော အတုလိုက်ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ရှစ်လကြာ ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ အတုလိုက် ရဟန်းအပေါင်းကို ပယ်စွန့်ခဲ့၍ သုဒဿနနိဂုံးနေ ပိယဒဿီ အမည်ရှိသော သူဌေး၏သမီးသည် လှူဒါန်းအပ်သည့် ဃနာ နို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ရှားပင် ပျိုတောကြီးအတွင်းမှာပင် နေ့သန့်(နေခို)တော်မူ၍ ညနေချမ်း အချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ အနောမဒဿီအမည်ရှိသော ရသေ့သည် လှူဒါန်းအပ်သည့် သမန်းမြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာ ဗောဓိ (သရက်ဖြူ) ပင်၏အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၃၂) သုံးဆယ့်နှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင် တော် ပေါ်ပေါက်လာလေ၏။

ထို သရက်ဖြူဗောဓိပင်၏ ပမာဏကား ရှေး ဝိပဿီ မြတ်စွာဘုရား၏ သခွတ်ပင်ဗောဓိနှင့် တူမျှပေ၏၊ ထို သရက်ဖြူဗောဓိပင်၏ ပင်စည်ပင်မသည် အလောင်းတော် ကပ်ရောက်သည့်နေ့၌ အတောင်ငါးဆယ်မြင့်၍ အထက်သို့ တက်သော ခက်မသည်လည်း အတောင်ငါးဆယ်ပင်ရှိ၏၊ နတ်၌ဖြစ်သော အနံ့အပွင့်တို့ဖြင့် တပင်လုံးကို ဖုံးအုပ်၍ ထားသကဲ့သို့ ရှိပေ၏၊ အပွင့်တို့ဖြင့်သာ မဟုတ်သေး၊ အသီးတို့ဖြင့်လည်း ဖုံးအုပ်ထားသကဲ့သို့ ရှိပေ၏၊ ထိုဗောဓိ သရက်ဖြူပင်၏ နံပါးတဖက်မှ နုသောအသီးများ, အခြား တဖက်မှ အလယ်အလတ် အသီးများ, အခြားတဖက်မှ အနေသင့်ရှုမှည့်သော အသီးများမှာ နတ်ဩဇာ ထည့် ထားသည့် ပမာ အလွန် ကောင်းသော အရသာရှိ၍ အဆင်း အနံ့ အရသာနှင့် ပြည့်စုံကြပြီးလျှင် ထိုမှ ဤမှ တွဲလျားကျလျက် ရှိကုန်၏၊ ထိုဗောဓိသရက်ဖြူပင်ကဲ့သို့ပင်

WWW.DHAMMARANSI.COM



ထိုနေ့၌ စကြဝဠာတိုက်တသောင်းအတွင်း သီးပင် ပွင့်ပင် အားလုံးတို့ပင် သီးကြ ပွင့်ကြကုန်၏။

အလောင်းတော်သည် ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေစံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကိုဆောက်တည်တော်မူကာ ရှေးဆိုအပ်ပြီးသောနည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

သိဒ္ဓိ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိသရက်ဖြူပင်အနီးမှာပင် သတ္တသတ္တာဟ =(လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု စဉ်းစား ဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ကြသည့် ခုနစ်သန်းသောရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူကာ ထိုရဟန်းတို့နေရာ အရုဏဝတီ မင်းနေပြည်၏အနီး မိဂါဇိန်ဥယျာဉ်အတွင်း သက်ဆင်းတော်မူပြီးလျှင် ထိုခုနစ်သန်းသောရဟန်းတို့၏အလယ်၌ တင့်တယ်စွာ သီတင်းသုံး ထိုင်နေတော်မူ၍ တရားနာရန် လာရောက်ကြသော နတ်လူတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောတော်မူသောအခါ ကုဋေတသိန်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ အရုဏဝတီ မင်းနေပြည်၏အနီးမှာပင် အဂ္ဂသာဝကအလျာဖြစ်ကြသော အခွေအရံ ပရိသတ်နှင့် ဘက္က အဘိဘူမင်းသားနှင့် သမ္ဘဝမင်းသားတို့အား တရားဟော

WWW.DHAMMARANSI.COM



ကြား၍ ကုဋေကိုးသောင်းသော နတ်လူတို့အား တရားတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ သူရိယဝတီမြို့တံခါး၏အနီး စကားပင်အပါး၌ တိတ္ထိတို့၏ မာန်ယစ်ခြင်းကို နှိမ်နင်း ချိုးဖွဲ့ရန်အလို့ငှါ၎င်း၊ အလုံးစုံသော လူအပေါင်းတို့အား ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှါ၎င်း ရေမီး အစုံအစုံဖြစ်သော တန်းခိုးပြာဋိဟာကို ပြတော်မူ၍ တရားဟောတော်မူသည်ရှိသော် ကုဋေရှစ်သောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

သိဒ္ဓိမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာအစည်းအဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ အဘိဘူမင်းသား သမ္ဘဝမင်းသားတို့နှင့် အတူတကွ ရဟန်းပြုကြကုန်သော ရဟန္တာတသိန်းတို့၏အလယ်၌ သီတင်းသုံးနေထိုင်တော်မူ၍ သိဒ္ဓိမြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ရှေးဦးစွာသော သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ အရုဏဝတီမြို့ ဆွေတော် မျိုးတော်တို့၏အစည်းအဝေးကြီး၌ ရဟန်းပြုကြသည့် ရှစ်သောင်းသော ရဟန်းတို့၏အလယ်၌ သီတင်းသုံးတော်မူ၍ သိဒ္ဓိမြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## တတိယသန္တိပါတ

ထို့နောက် အခါတပါး၌ ဓနဥ္စယမြို့ ဓနပါလက အမည်ရှိသောဆင်ပြောင်ကြီးကို ဆုံးမတော်မူသောအခါ၌ ရဟန်းပြုကြကုန်သော ခုနစ်သောင်းသော ရဟန်းတို့၏အလယ်၌ သီတင်းသုံးတော်မူ၍ သိဒ္ဓိမြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူသည်။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း အရိန္ဒမမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ပရိဘုတ္တအမည်ရှိသောမြို့၌ အရိန္ဒမအမည်ရှိသော မင်းကြီးဖြစ်၍ သိဒ္ဓိမြတ်စွာဘုရား ပရိဘုတ္တမြို့သို့ ကြွရောက်တော်မူလာသည်ရှိသော် အခြွေအရံပရိသတ်နှင့်တကွ အရိန္ဒမမင်းကြီးသည် မြတ်စွာဘုရားအား ခရီးဦး ကြိုဆို၍ ဦးညွတ်ဝပ်လျူး ရှိသေစွာ ရှိခိုးပြီးလျှင် မြတ်စွာဘုရားကို ဖိတ်ကြားပြီးသော် နန်းတော်မှာ ခုနစ်ရက်ပတ်လုံး မိမိ၏ အစိုးရခြင်းဂုဏ်, အမျိုးမြတ်ခြင်းဂုဏ်, စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းဂုဏ်, ယုံကြည်ခြင်း သဒ္ဓါတရားတည်းဟူသော ဂုဏ်တို့နှင့်လိုက်လျော(မည်သူမျှ အပြစ်ပြောဖွယ်မရှိလေ)အောင် ကြီးစွာသော အလှူဒါနကို လှူဒါန်းလေ၏။

အဝတ်အထည်ထားသော ဘဏ္ဍာတိုက်တို့ကို ဖွင့်လှစ်ပြီးလျှင် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား အဖိုးများစွာထိုက်သော အဝတ်ကောဋိပေါင်းများစွာကို ကပ်လှူလေသည်။ (လောက ဝေါဟာရအားဖြင့် အဝတ်အစုံ နှစ်ဆယ်ကို တကောဋိဟူ၍ ခေါ်၏၊ ဤ၌မူ အဝတ်ဆယ်ထည်ကို တကောဋိဟူ၍ မှတ်ယူရာ၏။ ။အံ-ဋ္ဌ ၁၊ ၂၇၀မှ)

WWW.DHAMMARANSI.COM



ဤတွင်မျှမဟုတ်သေးပေ၊ မိမိစီးတော်ယာဉ်ဖြစ်သည့် ခွန်အား အဆင်း လက္ခဏာ အဟုန်တို့နှင့်ပြည့်စုံ၍ ရွှေကွန်ရက် ရွှေပန်း တို့ဖြင့် တန်းဆာဆင်အပ်သည့် မင်္ဂလာဆင်တော်မြတ်ကိုလည်း မြတ်စွာဘုရားအား လှူဒါန်းပြီးလျှင် (အဆင်တန်းဆာနှင့်တကွ သော ထိုဆင်တော်ကို တန်ဖိုးဖြတ်၍ ထိုတန်ဖိုးနှင့်ညီမျှသော) ရဟန်းတို့အား အပ်စပ်သည့် ကပ္ပိယပစ္စည်းဝတ္ထုတို့ကို ဘုရား အမှူးရှိသော သံဃာတော်အား လှူဒါန်းလေသည်။

ထိုအခါ သိခီမြတ်စွာဘုရားသည် အလောင်းတော် အရိန္ဒမ မင်းကို "ဤကမ္ဘာမှ နောက် သုံးဆယ့်တကမ္ဘာမြောက်၌ ဤ အရိန္ဒမမင်းသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

သိခီမြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်း တော် အရိန္ဒမမင်းသည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည် တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

သိခီမြတ်စွာဘုရား၏ ဖွားတော်မူရာ မြို့တော်မှာ **အရုဏဝတီ မြို့တော်**ဖြစ်၍ ခမည်းတော်မှာ **အရုဏမင်းကြီး**, မယ်တော်မှာ **ပဘာဝတီ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၇၀၀၀) ခုနစ်ထောင် ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **သုစန္ဒက ရွှေနန်းဆောင်, ဂိရိရွှေနန်းဆောင်, ဝသဘ ရွှေနန်းဆောင်**တို့ ဖြစ်ကုန်၏။

အဂ္ဂဒေဝီ မဟေသီမိဖုရားမှာ မောင်းမပေါင်း (၂၄၀၀၀) နှစ်သောင်းလေးထောင် အခြံအရံရှိသည့် **သဗ္ဗကာမာဒေဝီ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **အတုလမင်းသား**ဖြစ်လေသည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ **ဆင်ယာဉ်** ဖြစ်ပြီးလျှင် ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝက အစုံတို့မှာ **အဘိဘူမထေရ်** နှင့် **သမ္ဘဝမထေရ်** တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ခေမင်္ကရမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **သခိလာထေရီမ** နှင့် **ပဒုမာထေရီမ** တို့ ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိမှာ **သရက်ဖြူပင်** ဗောဓိ ဖြစ်လေသည်။

မြတ်သောအလုပ်အကျွေးဒါယကာတို့မှာ **သိရိဝဍ္ဍသူဌေး** နှင့် **နန္ဒသူဌေး** တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **စိတ္တာဥပါသိကာမ** နှင့် **သုဂုတ္တာ ဥပါသိကာမ** တို့ ဖြစ်ကြသည်။

သိခီမြတ်စွာဘုရားသည် အရပ်တော်အမြင့်အားဖြင့် အတောင်ခုနစ်ဆယ် မြင့်တော်မူလျက် ပုဇော်ဖွယ်ရာ စီမံထားသည့် ရွှေတိုင်ကြီးနှင့် တူပြီးလျှင် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တင့်တယ်တော်မူပေ၏။

သိခီမြတ်စွာဘုရား၏ ပကတိ ကိုယ်တော်ရောင်သည် နေ့ရော ညဉ့်ပါ အကြားမလပ် သုံးယူဇနာတိုင်တိုင် ထိုထို အရပ်သို့ ထွက်ကြွ ကွန့်မြူးတော်မူပေ၏။ (အလိုတော် ရှိပါမူကား အလိုတော်ရှိသမျှ စကြဝဠာပေါင်း များစွာတို့တိုင်တိုင် တောက်ပနိုင်ပေ၏။)

ထိုသိခီမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၇၀၀၀၀)ခုနစ်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့ လေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

WWW.DHAMMARANSI.COM



တရားမိုဃ်းကြီးကို ရွာဖြိုးစေလျက် နတ်နှင့်တကွသော သတ္တဝါတို့ကို တရားစကားတည်းဟူသော ရေစင်ဖြင့် စိုစွတ်စေတော်မူ၍ ဝဋ္ဋဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်သို့ ရောက်စေတော်မူပြီးလျှင် တပည့်များစွာ ရဟန္တာတို့နှင့်တကွ ထိုသိခီမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

နီမြန်းသော လက်သည်းတော်, ခြေသည်းတော် အစရှိသည့် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်းဆာဆင်အပ်သော မြတ်စွာဘုရား၏ ရူပကာယကိုယ်တော် အလုံးစုံပင် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ···၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ၊ အချည်းနှီးသာဖြစ်ကုန်စွတကား····။

**စေတီတော်**

သိခီမြတ်စွာဘုရားသည် သီလဝတီမြို့၏အနီး(အဿ)အမည်ရှိသော အရာမ်ကြီး၌ ပရိနိဗ္ဗာန် စံတော်မူ၏။ မြတ်စွာဘုရား၏ ဓာတ်တော်တို့မှာ ဖရိုဖရဲမကြဲ တစုတည်း တခဲတည်းဖြစ်၍ တည်ကုန်၏၊ ဇမ္ဗူဒိပ်ကျွန်းသူ လူအပေါင်းတို့သည် သုံးယူဇနာစွင့်စွင့်အမြင့်ရှိသော ရတနာ့ခုနစ်ပါးဖြင့် ပြီးသည့် (မြင်းမိုရ်တောင် တမျှတင့်တယ်လှသော) စေတီတော်ကြီး တည်ထား ကိုးကွယ်ကြလေကုန်သတည်း။

သိခီဗုဒ္ဓဝင် ပြီး၏။

---

## ၂၁-ဝေဿဘူဗုဒ္ဓဝင်

သိခီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဘုရားနှစ်ဆူ ပွင့်တော်မူရာ ထိုမဏ္ဍကပ်ကမ္ဘာမှာပင် လူတို့၏ အသက်တမ်း အနှစ် (၇၀၀၀၀) ခုနစ်သောင်းမှ တဖြည်းဖြည်း

WWW.DHAMMARANSI.COM



ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ်တမ်းသို့ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ လူတို့အသက် အနှစ် (၆၀၀၀၀) ခြောက်သောင်းတမ်းသို့ ရောက်သောအခါ ဝေဿဘူမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ အနောမ နေပြည်တော် သုပ္ပတီတ မင်းကြီး၏ ယသဝတီ အမည်ရှိသော မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ အနုပမအမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

အလောင်းမင်းသား ဖွားမြင်သောအခါ၌ လူအများတို့ကို နှစ်သက်စေလျက် မြတ်သောအသံကို ပြုတော်မူခြင်းကြောင့် မင်းသား၏ အမည်ကို မှည့်သည့်နေ့တွင် နိမိတ်ဖတ်ပညာရှိတို့နှင့် ဆွေမျိုးအပေါင်းတို့က ဝေဿဘူ မင်းသားဟူ၍ အမည်မှည့်ကြလေသည်။ (မြတ်သော အသံ ဟူသည်မှာ "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသော စကားကြီး သုံးခွန်းကိုပင် ဆိုလိုသည်။)

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ဝေဿဘူမင်းသားသည် အရွယ်သို့ရောက်သောအခါ (၁) ရုစိရွှေနန်းဆောင်၊ (၂) သုရုစိရွှေနန်းဆောင်၊ (၃)ရတိဝဍ္ဎနရွှေနန်းဆောင် တည်းဟူသော ရွှေနန်းမသုံးဆောင်တို့၌ သုစိတ္တာဒေဝီ မိဖုရားကြီးအမှူးရှိသော မောင်းမအပေါင်း (၃၀၀၀၀) သုံးသောင်းတို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုခြင်းကို ခံယူလျက် နှစ်ပေါင်း (၆၀၀၀)ခြောက်ထောင်တို့ကာလပတ်လုံး

WWW.DHAMMARANSI.COM



နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူ၏။

## တောထွက်တော်မူခြင်း

အလောင်းတော် ဝေဿဘူမင်းသားသည် ထီးနန်းစိုးစံတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး၍ သုစိတ္တာဒေဝီ မိဖုရားကြီးမှ သုပ္ပဗုဒ္ဓအမည်ရှိသော သားတော်ကို ဖွားမြင်သော အခါ ရွှေထမ်းစင်စီးကာ ဉယျာဉ်တော်သို့ ထွက်တော်မူ၍ ဖြတ်မှာ လျှာဒါန်းသော သက်နံးတို့ကို ခံယူ၍ ရဟန်းပြုတော်မူသည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက်(အားကျ) ကာ သုံးသောင်းခုနစ်ထောင်သော ယောကျ်ားတို့ ရဟန်းပြုကြလေသည်။

## ဘုရားဖြစ်တော်မူခြင်း

ဝေဿဘူမြတ်စွာဘုရားအလောင်းတော်သည် ထိုသုံးသောင်းခုနစ်ထောင်သော ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာ ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ သုစိတ္တနိဂုံးသူ သိရိဝဍ္ဎနာအမည်ရှိသော အမျိုးသမီးလှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်း အချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ နရိန္ဒအမည်ရှိသော နဂါးမင်း လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ(အင်ကြင်း) ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် အတောင် (၄၀) လေးဆယ်ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာ၏။

(အင်ကြင်းပင်ဗောဓိ၏ ပမာဏ တင့်တယ်ပုံစသည်တို့ကို ဝိပဿီ မြတ်စွာဘုရား၏ သခွတ်ပင်ဗောဓိ၌ ဆိုအပ်ပြီးသည့် နည်းအတိုင်း သိအပ်၏။)

WWW.DHAMMARANSI.COM



အလောင်းတော်သည် ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေးဆိုအပ်ပြီးသောနည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ဝေဿဘူ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ (အင်ကြင်း)ပင်၏ အနီးမှာပင် သတ္တသတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် မြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲဖြစ်ကြသည့် အင္ဂသာဝကအလျာ သောဏမင်းသားနှင့် ဥတ္တရမင်းသား ညီတော်နှစ်ပါးတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပြီးလျှင် အနုပမမြို့၏အနီး အရုဏ အမည်ရှိသောဥယျာဉ်ကြီး၌ သက်ဆင်းတော်မူ၍ ဥယျာဉ်မှူးကို စေလွှတ်ကာ ညီတော်မင်းသားနှစ်ပါးတို့ကို ခေါ်စေ၍ အခြံအရံပရိသတ်နှင့်တကွသော ထိုမင်းသားတို့၏ အလယ်၌ ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောတော်မူသောအခါ များစွာသော နတ်ဗြဟ္မာတို့လည်း ရှိသေစွာ လာရောက်နာကြားကြကုန်၏။ ထိုတရားပွဲကြီး၌ ကုဋေရှစ်သောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ဝေဿဘူမြတ်စွာဘုရားသည် နိုင်ငံတော်အတွင်းရှိ ဇနပုဒ်ဟုခေါ်သောမြို့ကြီးများသို့ ခရီးဒေသစာရီ ကြွချီတော်မူလျက် ထိုထိုအရပ်တို့၌ တရားဟောတော်မူရာ နတ်လူ ပရိသတ်ပေါင်း ကုဋေခုနစ်သောင်းတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

WWW.DHAMMARANSI.COM



ထို့နောက် အခါတပါး၌ ဝေဿဘူ မြတ်စွာဘုရားသည် အနုပမမြို့တော်မှာပင် ကွန်ရက်ကဲ့သို့ ရှုပ်ထွေးကာ များစွာ မှားယွင်းသော မိစ္ဆာအယူကို ပယ်ဖျောက်၍ တိတ္ထိတို့၏ မာန်တံခွန်ကို နှိပ်ချလျက် မြတ်သောတရားတည်းဟူသော တံခွန်ကို စိုက်ထူတော်မူပြီးလျှင် ကိုးယူဇနာကျယ်ဝန်းသောအရပ်၌ စုဝေးမိကြသော လူပရိသတ်နှင့် အတိုင်းအရှည်မရှိအောင် များပြားလှသော နတ်ဗြဟ္မာပရိသတ်တို့၏ အစည်းအဝေးကြီးတွင် ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူကာ နတ်လူတို့၏ သဒ္ဓါတရား တိုးပွါးစေတော်မူလျက် ကုဋေခြောက်ဆယ်သော နတ်လူတို့ကို တရားတည်းဟူသော အမြိုက်ဆေးဖြင့် တိုက်ကျွေးနှစ်သိမ့်စေတော်မူသည်။ (ကုဋေခြောက်ဆယ်သော နတ်လူတို့ အကျွတ်တရား ရကြကုန်၏ဟု ဆိုလိုသည်။)

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး သုံးကြိမ်

### ပဌမသန္နိပါတ

ဝေဿဘူမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာ အစည်းအဝေးကြီးတို့မှာ သုံးကြိမ်ရှိရာ ပဌမအကြိမ်၌ အဂ္ဂသာဝက အလျာ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့၏အစည်းအဝေး၌ ရဟန်းပြုကြသော ရဟန္တာပေါင်း ကုဋေ ရှစ်သောင်းတို့၏ အလယ်၌ တပို့တွဲလပြည့်နေ့တွင် ဝေဿဘူမြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ပဌမ သာဝကအစည်းအဝေးကြီးတည်း။)

### ဒုတိယသန္နိပါတ

ထို့နောက် အခါတပါး၌ ဝေဿဘူမြတ်စွာဘုရားအလောင်းတော် တောထွက်တော်မူစဉ်က အတုလိုက် (အားကျ)ကာ ရဟန်းပြုကြသည့် သိုးသောင်းခုနစ်ထောင်သော ရဟန်းတို့သည်

WWW.DHAMMARANSI.COM



ဘုရားအလောင်းတော် မိမိနောက်ပါ အစုအပေါင်းကိုစွန့်ခွါ၍ တပါးတည်း ကြွတော်မူသောအခါ ကြွင်းကျန်ရစ်ကြ၍ သင့်လျော်ရာသို့ ဖဲခွါသွားကြပြီးလျှင် ဝေဿဘူ မြတ်စွာဘုရား ဓမ္မစကြာ တရားဟောကြားတော်မူကြောင်း သတင်းကြားကြ၍ သောရေယျမြို့သို့ လာရောက်ကြပြီးလျှင် မြတ်စွာဘုရားကိုဖူးမြော်ကြကုန်၏၊ ထိုရဟန်း သုံးသောင်းခုနစ်ထောင်တို့အား ဝေဿဘူမြတ်စွာဘုရားသည် တရားဟောတော်မူပြီးလျှင် ဧဟိဘိက္ခုရဟန်းချည်းဖြစ်စေတော်မူ၍ အင်္ဂါလေးပါးနှင့်ပြည့်စုံသော ပရိသတ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား ဒုတိယ သာဝကအစည်းအဝေးကြီးတည်း။)

## တတိယသန္နိပါတ

ထို့နောက် အခါတပါး၌ နာရိဝါဟန အမည်ရှိသောမြို့မှာ ဥပသန္တအမည်ရှိသော မင်းသားသည် ထီးနန်းစိုးအုပ် မင်းပြုလုပ်နေစဉ် ထိုမင်းကို သနားစောင့်ရှောက်တော်မူလိုသဖြင့် ဝေဿဘူ မြတ်စွာဘုရားသည် ထိုနာရိဝါဟနမြို့သို့ ကြွရောက်တော်မူ၏။ ထိုဥပသန္တမင်းသည် မြတ်စွာဘုရား ကြွရောက်တော်မူလာကြောင်း သတင်းကြားလျှင်ကြားခြင်း မိမိ၏ အခြွေအရံပရိသတ်နှင့်တကွ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမှု ပြုပြီးလျှင် ရှိသေစွာပင့်ဖိတ်၍ အလှူကြီးပေးလျက် တရားတော်ကို နာရသောအခါ လွန်စွာကြည်ညိုသောစိတ်ရှိရကား ဝေဿဘူမြတ်စွာဘုရားအထံတော်၌ ရဟန်းပြုလေသည်။ ထိုဥပသန္တမင်း ရဟန်းပြုသည်ကို အတုလိုက် (အားကျ) ၍ မင်းယောကျ်ားပေါင်း ခြောက်သောင်းတို့ ရဟန်းပြုကြလေသည်။ ထိုခြောက်သောင်းသော ရဟန်းတို့သည် ရဟန်းပြုသော ဥပသန္တမင်းနှင့် အတူတကွပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ဝေဿဘူ မြတ်ဘုရားသည် ထိုရဟန်းအပေါင်း ခြံရံလျက် ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤကား တတိယ သာဝကအစည်းအဝေးကြီးတည်း။)

WWW.DHAMMARANSI.COM



## ဂေါတမမြတ်စွာဘုရားအလောင်း သုဒဿနမင်း

## ရဟန်းပြု၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် သရဘဝတီ အမည်ရှိသောမြို့၌ ကြည့်ချင်စဖွယ် တင့်တယ်သော ရုပ်အဆင်း ရှိသည့် သုဒဿန အမည်ရှိသော မင်းဖြစ်၍ လောကသုံးပါး၏ ရှေ့သွားနာယက ဖြစ်တော်မူသော ဝေသဘူ မြတ်စွာဘုရား သရဘဝတီမြို့သို့ ကြွရောက်တော်မူလာသောအခါ မြတ်စွာဘုရား ၏ တရားတော်ကို နာကြား၍ အလွန်ကြည်ညိုသော စိတ်နှလုံး ရှိလျက် ဦးခေါင်းထက်ဝယ် လက်အုပ်ချီမိုး ရှိခိုးပြီးလျှင် ဘုရား အမှူးရှိသော သံဃာတော်အား သက်န်းနှင့်တကွ ကြီးစွာသော အလှူဒါနကို ပေးလှူ၍ ထိုသရဘဝတီ မြို့မှာပင် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် ဂန္ဓကုဋီခေါ် ကျောင်းတော်ကြီးကို တည် ဆောက်၍ ထိုဂန္ဓကုဋီကျောင်းတော်ကို ဝန်းရံလျက် ရဟန်းတော် များ သီတင်းသုံးနေထိုင်ရန် ကျောင်းပေါင်း တထောင် တည် ဆောက်လှူဒါန်းလေသည်။

အလောင်းတော်၏စိတ်၌ ဝေသဘူမြတ်စွာဘုရား ဟောကြား တော်မူအပ်သော တရားတော်များကို လေးလေး နက်နက် နှစ်သက်ကြည်ညိုလှရကား ရဟန်းပြုရန် ထက်သန်သောစိတ်ဆန္ဒ ရှိပြီးလျှင် အလုံးစုံသော မိမိ၏ မင်းစည်းစိမ် ချမ်းသာတည်းဟူ သော ရှုဖွယ်ဝတ္ထုများစွာတို့ကို မြတ်စွာဘုရား သာသနာတော်၌ သဒ္ဓါရဲရဲ စွန့်ကြဲလှူဒါန်းပြီးလျှင် နေ့ရောညဉ့်ပါ မည်သည့်အခါမျှ ပျင်းရိခြင်း မရှိသဖြင့် ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ရဟန်းအဖြစ်ကို ရယူဖို့ရန် မြတ်စွာဘုရားအထံ၌ ရဟန်းပြုလေသည်။ ရဟန်း ပြုပြီး လျှင် အကျင့်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံလျက် ဓုတင်တဆယ့်သုံးပါး လုံးကို ဆောင်တော်မူကာ ပါရမီ ကောင်းမှုတို့ကို ဆည်းပူး လေ့ကျက် ရှာမှီးခြင်း၌ နှစ်ခြိုက်မွေ့လျော်ကာ သာသနာတော်၌ နေတော်မူလေသည်။

WWW.DHAMMARANSI.COM



အလောင်းတော် ရဟန်းမြတ်သည် ကြည်ညိုခြင်း သဒ္ဓါတရား နှစ်သက်ခြင်း ပီတိတရားသို့ ကပ်ရောက်တော်မူသည်ဖြစ်၍ ဝေဿဘူမြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးတော်မူလေသည်။ ထိုအခါ အလောင်းတော်၏ စိတ်သန္တာန်၌ သဗ္ဗညုတဉာဏ်ကို ရဖို့ရန်အတွက် အလွန်နှစ်သက်ခြင်း ဖြစ်လေသည်။ အလောင်းတော် ရဟန်းမြတ်ကို မဆုတ်နစ်သော ဝီရိယရှိသည်ကို သိမြင်တော်မူ၍ ဝေဿဘူမြတ်စွာဘုရားသည် "ဤ ကမ္ဘာမှ နောက် သုံးဆယ့်တကမ္ဘာမြောက်ဖြစ်သော ဘဒ္ဒကမ္ဘာ၌ ဤသုဒဿန ရဟန်းမြတ်သည် ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံ ဖြစ်သည်။)

ဝေဿဘူ မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော် သုဒဿနရဟန်းမြတ်သည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ဝေဿဘူမြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ **အနောမမြို့တော်**ဖြစ်၍ ခမည်းတော်မှာ **သုပ္ပတိတမင်းကြီး**, မယ်တော်မှာ **ယသဝတီ မိဖုရားကြီး**တို့ ဖြစ်ကုန်၏။

ထီးနန်းစိုးအုပ် မင်းပြုလုပ်သော နှစ်ပေါင်းမှာ (၆၀၀၀) ခြောက်ထောင်ဖြစ်၍ စံနန်းတော် သုံးဆောင်တို့မှာ **ရုစိရွှေနန်းဆောင်, သုရုစိရွှေနန်းဆောင်, ရတိဝဍ္ဎနရွှေနန်းဆောင်** တို့ ဖြစ်ကုန်၏။

အင်္ဂဒေဝီ မဟေသီမိဖုရားမှာ မောင်းမပေါင်း (၃၀၀၀၀) သုံးသောင်း အခြံအရံရှိသည့် **သုစိတ္တာဒေဝီ မိဖုရားကြီး**ဖြစ်၍ သားတော်မှာ **သုပ္ပဗုဒ္ဓမင်းသား** ဖြစ်လေသည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ **ရွှေထမ်းစင်** ဖြစ်ပြီးလျှင် ခြောက်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **သောဏမထေရ်**နှင့် **ဥတ္တရမထေရ်**တို့ ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ဥပသန္တမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **ရာမာထေရီမ** နှင့် **သမာလာထေရီမ** တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိမှာ **အင်ကြင်းပင်**ဗောဓိ ဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **သောတ္ထိက သူဌေး**နှင့် **ရမ္ဘသူဌေး** တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ဂေါတမီဥပါသိကာမ** နှင့် **သိရိမာဥပါသိ-ကာမ** တို့ ဖြစ်ကြသည်။

ဝေဿဘူ မြတ်စွာဘုရား၏ ကိုယ်အရပ်တော်မှာ အတောင် ခြောက်ဆယ်မြင့်လျက် ရွှေတိုင်ကြီးပမာ တင့်တယ်လှပေ၏၊ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည်လည်း ညဉ့်အခါ၌ တောက်ပသော တောင်ထိပ်မီးကဲ့သို့ ထိုမှ ဤမှ ထွက်လည် ကွန့်မြူး၍ အထူးပင် တင့်တယ်လှပေ၏။

ဝေဿဘူ မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၆၀၀၀၀) ခြောက်သောင်းတမ်းဖြစ်၍ ထိုမျှအတိုင်းရှည်ရှိသော (အသက်တမ်း၏ ငါးပုံ့လေးပုံ) ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်မြဟ္မာ သတ္တဝါ အပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

များစွာသော လူအပေါင်းကို ထိုသူတို့၏ စရိုက်နှင့် တိုက်ဆိုက် ညီညွတ်စေရန် ဝေဖန်ခွဲခြားကာ တရားတော်ကို အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူ၍ နောက်လာဝေနေယျတို့ အကျိုးများကြစေရန် တရားတည်းဟူသော လှေသင်္ဘောကြီးကို အထင်အရှား

WWW.DHAMMARANSI.COM



ကောင်းစွာ ထားတော်မူခဲ့၍ ထိုဝေဿဘူ မြတ်စွာဘုရားသည် တပည့်များစွာ ရဟန္တာတို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

မြဟ္မာနတ်လူအပေါင်းကို ညွတ်ညောင်းပူဇော် ဖူးမြော်ထိုက်သည့် ဘုရားရဟန္တာ တည်းဟူသော အလုံးစုံသော ပုဂ္ဂိုလ်မြတ်ကြီးများသည်၎င်း, ဇာရိယာပထ မျှတတော်မူရာ ကျောင်းတော် အဆောင်ဆောင်သည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ....၊အလုံးစုံသော သင်္ခါရတရားတို့သည် မြဲခိုင်သောအနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွ့တကား ·· ။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်တော်မူ၍ လူနတ်တို့၏ဆရာဖြစ်တော်မူသော ဝေဿဘူ မြတ်စွာဘုရားသည် ဥသဘဝတီမြို့၏အနီး ခေမ အမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့် နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမွှာမွှာ ကွဲပြားပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင်၌ အနှံ့အပြားတည်ရှိကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

ဝေဿဘူဗုဒ္ဓဝင် ပြီး၏။

---

## ၂၂-ကကုသန္ဓဗုဒ္ဓဝင်

ဝေဿဘူ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ထိုဝေဿဘူ မြတ်စွာဘုရား ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးလွန်မြောက်သည်ရှိသော် ဘုရားပွင့်တော်မမူသည့် သုည ကပ်ကမ္ဘာပေါင်း (၂၉)နှစ်ဆယ့်ကိုးကမ္ဘာ ခြားပြီးနောက် ဘုရားငါးဆူ ပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာသို့ ရောက်ခဲ့လေသည်။ ဤ

WWW.DHAMMARANSI.COM



ဘဒ္ဒကမ္ဘာ၌ ကကုသန်မြတ်စွာဘုရား, ကောဏာဂုံမြတ်စွာဘုရား, ကဿပ မြတ်စွာဘုရား, ဂေါတမမြတ်စွာဘုရား ဟူ၍ ဘုရား လေးဆူ ပွင့်တော်မူပြီးကြကုန်ပြီ၊ အရိမေတ္တေယျ မြတ်စွာဘုရား ကား ဤဘဒ္ဒကမ္ဘာ၌ မချွတ်ပွင့်တော်မူလတ္တံ့ ဖြစ်သည်။

ထိုဘုရားငါးဆူတို့တွင် ရှေးဦးစွာ ပွင့်တော်မူသော ကကုသန် မြတ်စွာဘုရား၏ အကြောင်းအရာသော်ကား… ဤဘဒ္ဒကမ္ဘာမှာ အန္တရကပ်ပေါင်း ခြောက်ဆယ့်လေးကပ်ရှိသည့်အနက် (မဟာ ရာဇဝင်ကြီးအဆို ရှစ်ခုမြောက်ဖြစ်သော အန္တရကပ်၌ မှန်နန်း ရာဇဝင်အဆို ပဌမအန္တရကပ်၌ပင်) လူတို့အသက် အသင်္ချေတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်လေးသောင်းတမ်းသို့ ရောက်သောအခါ ကကုသန်မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာ အတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ ခေမဝတီ နေပြည်တော်ဝယ် ခေမက်ရ အမည်ရှိသော မင်းကြီး၏ အကျိုးအကြောင်းကို ကောင်းစွာ ဖော်ပြ ဆုံးမတတ်သည့် အဂ္ဂိဒတ္တ အမည်ရှိသော ပုရောဟိတ် ပုဏ္ဏား၏ သက်ထားကတော်ဖြစ်သူ ဝိသာခါ အမည်ရှိသော ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ ခေမဝတီ ဉယျာဉ်တော်အတွင်း၌ ဖွား မြင်တော်မူလေသည်။

(အလောင်းတော် ပဋိသန္ဓေ နေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

**ဤ ထူးမှတ်ဖွယ်—**

ရှေး၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ဒီပင်္ကရာ မြတ်စွာ ဘုရားမှစ၍ ဝေဿဘူ မြတ်စွာဘုရားတိုင်အောင် မြတ်စွာ ဘုရားတို့သည် မင်းမျိုး၌သာ ဖြစ်တော်မူကြ၍ ကကုသန် မြတ်စွာဘုရားသည်ကား ပုဏ္ဏားမျိုး၌ ဖြစ်တော်မူ၏။

WWW.DHAMMARANSI.COM



ထိုသို့ ဖြစ်ရခြင်းမှာ လောကအထိမ်းအမှတ်ကို စွဲ၍ ဖြစ်ရ၏၊ လောက၌ မင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုး, သူဆင်းရဲမျိုးဟူ၍ အမျိုးလေးပါးရှိရာ သူကြွယ်နှင့် သူဆင်းရဲမျိုး၌ ပစ္ဆိမဘဝိက ဘုရားအလောင်းတော်များ ပဋိသန္ဓေ တည်နေရိုးမရှိ၊ အကြောင်းမှာ ထိုနှစ်မျိုးလုံးပင် မည်သည့်အခါမျှ လောက၌ အထွတ်အထိပ် ပြုလုပ်ထားခြင်း အမြတ်တနိုး ပြုလုပ်ထားခြင်း မခံရသောကြောင့် တည်း။

မင်းမျိုးနှင့် ပုဏ္ဏားမျိုးတို့မှာမူကား ရံခါ မင်းမျိုးကို လောကကြီးက အမြတ်တနိုး ရှိသေ၍ ရံခါ ပုဏ္ဏားမျိုးကို လောကကြီးက အမြတ်တနိုး ရှိသေ၏။ အကြင်အခါ လောကလူအပေါင်းတို့က မင်းကို ရှိသေမြတ်နိုး ပူဇော်မှုကို ပြုကြကုန်၏၊ ထိုအခါ မင်းမျိုးသည် လောက၌ အမြတ်ဆုံး ဖြစ်နေ၍ မင်းမျိုး၌သာ ဘုရားအလောင်းတော်များ ဖြစ်တော်မူကြသည်။ အကြင်အခါ လောကလူအပေါင်းတို့က ပုဏ္ဏားကို ရှိသေမြတ်နိုး ပူဇော်မှုကို ပြုကြကုန်၏၊ ထိုအခါ ပုဏ္ဏားမျိုးသည် လောက၌ အမြတ်ဆုံးဖြစ်နေ၍ ထိုပုဏ္ဏားမျိုး၌သာ ဘုရားအလောင်းတော်များ ဖြစ်တော်မူကြသည်။

ဤသို့လျှင် မင်းမျိုးနှင့် ပုဏ္ဏားမျိုးတို့မှ ဘုရားဖြစ်တော်မူကြရာ လောက၌ မင်းမျိုးကိုသာ အထွတ်အမြတ်ထားခြင်းက များပြားသောကြောင့် မြတ်စွာဘုရားတို့သည် အများအားဖြင့် မင်းမျိုးမှ ဖြစ်ပွင့်တော်မူကြသည်။ ပုဏ္ဏားမျိုးကို အထွတ်အမြတ်ထားခြင်းကား တရံတခါသာဖြစ်၍ တရံတခါသာ ပုဏ္ဏားမျိုးမှ ဘုရားဖြစ်ပွင့်တော်မူသည်။ ထို့ကြောင့် ဆိုအပ်ပြီးသည့်အတိုင်း မင်းမျိုးမှဘုရားဖြစ်သည်ကများ၍ ပုဏ္ဏားမျိုးမှ ဘုရားဖြစ်ပွင့်မှု နည်းပါးသည် ဟု သိမှတ်ရာ၏။

WWW.DHAMMARANSI.COM



## လူ့စည်းစိမ်ကို ခံစားခြင်း

ဘုရားအလောင်းတော် ကကုသန္ဓ သတို့သားသည် အရွယ်သို့ ရောက်သောအခါ (၁) ကာမ မည်သောပြာသာဒ်၊ (၂) ကာမဝဏ္ဏ မည်သော ပြာသာဒ်၊ (၃) ကာမသုဒ္ဓိ မည်သော ပြာသာဒ် တည်းဟူသော မြတ်သော ပြာသာဒ်သုံးဆောင်တို့၌ ရံရွေတော် ပုဏ္ဏား အမျိုးသမီးပေါင်း သုံးသောင်း အခြံအရံရှိသည့် ရောစိနီ အမည်ရှိသော ပုဏ္ဏေးမ၏ ဖျော်ဖြေပြုစု လုပ်ကျွေးခြင်းကို ခံယူကာ နှစ်ပေါင်း (၄၀၀၀) လေးထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့် တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ အိမ်ရာစိုးအုပ်၍ နေတော်မူလေသည်။

## တောထွက်တော်မူခြင်း

အလောင်းတော် ကကုသန္ဓပုဏ္ဏားသည် အိမ်ရာကို စိုးအုပ် နေတော်မူစဉ် နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူပြီးလျှင် ရောစိနီ ပုဏ္ဏေးမမှ ဥတ္တရ အမည်ရှိသော သားတော်ကို ဖွားမြင် သောအခါ အာဇာနည်မြင်းကသော ရထားကိုစီးလျက် တော ထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော် ကကုသန္ဓပုဏ္ဏား ရဟန်းပြုသည်ကို အတုလိုက်(အားကျ)ကာ ယောက်ျားပေါင်း လေးသောင်းတို့ ရဟန်းပြုကြကုန်၏။

## ဘုရားဖြစ်တော်မူခြင်း

ကကုသန် မြတ်စွာဘုရား အလောင်းတော်သည် ထိုလေး သောင်းသော ရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ရှစ်လကြာ ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ သုစိရိန္ဒ နိဂုံးနေ ဝဇိရိန္ဒ အမည်ရှိသော ပုဏ္ဏား၏သမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ရှားတော၌ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်သို့ ရောက် သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ သုဘဒ္ဒ အမည်ရှိသော မုယောခင်း (ဂျုံခင်း) စောင့်သူ လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍

WWW.DHAMMARANSI.COM



(ရှေးဝိပဿီ မြတ်စွာဘုရား၏ မဟာဗောဓိ သခွတ်ပင်နှင့် တူမျှသော ပမာဏ တင့်တယ်ခြင်းရှိသည့်) မဟာဗောဓိ (ကုက္ကိုု)ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၂၆)နှစ်ဆယ့်ခြောက်တောင် ပမာဏရှိသော အပရာဇိတပလ္လင်ကော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေးဆိုအပ်ပြီးသောနည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ကကုသန် မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့်နောက် မဟာဗောဓိ(ကုက္ကိုု)ပင်၏အနီးမှာပင် သတ္တသတ္တာဟ= (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရားဟောရန် မြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့် အတူတကွရဟန်းပြုဖက်ဖြစ်ကြသည့် လေးသောင်းသောရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော်မူ၍ တရက်ခြင်းဖြင့်ပင် ထိုရဟန်းတို့နေရာ မကိလမြို့၏အနီး ဣသိပတနမိဂဒါဝုန်တောသို့ ကြွသွားတော်မူပြီးလျှင် ထိုရဟန်းတို့၏ အလယ်၌ သီတင်းသုံးနေတော်မူလျက် ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောကြားတော်မူရာ များစွာသော နတ်မြဟ္မာတို့လည်း ရှိသေစွာ လာရောက်နာယူကြကုန်၏။ ထိုအခါ ကုဋေလေးသောင်းသော နတ်လူတို့သည် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ကကုသန် မြတ်စွာဘုရားသည် ကဏ္ဏကုဇ္ဇမြို့တံခါးအနီး အင်ကြင်းပင်ကြီး၏အပါးမှာ ရေမီးအစုံအစုံဖြစ်သော တန်းခိုးပြာဋိဟာကိုပြတော်မူ၍ တရားဟောတော်

WWW.DHAMMARANSI.COM



မူသည်ရှိသော် ကုဋေသုံးသောင်းမျှကုန်သော နတ်လူတို့သည် သစ္စာလေးပါး တရားကို ထိုးထွင်းသိမြင် အကျွတ်တမ်း ဝင်ကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ခေမဝတီမြို့၏ မနီးမဝေးဖြစ်သော အရပ်၌ နတ်ကွန်းတခု၌ နရဒေဝအမည်ရှိသော နတ်ဘီလူးသည် လူအများတို့က ပူဇော်ပသချိန်ရောက်သောအခါ ထင်ရှားတွေ့မြင်ရသော လူကိုယ်ဖြင့် ပူဇော်ပသခြင်းကို ခံ၍ အစာ အာဟာရအတွက်သော်ကား အသွားခက်သော တောခရီးအလယ်၌ တခုသောအိုင်ကြီး၏အနီးသို့ သွားရောက်လျက် ကြာ အမျိုးမျိုးတို့ကို အလိုရှိ၍ လာရောက်ကြကုန်သော လူတို့ကို ဖမ်းယူစားသောက်၍ နေလေ၏။ ထိုခရီးခဲမှာ လူအသွားအလာ ပြတ်စဲသောအခါ မိမိ၏နေရာ ကြီးစွာသော တောအုပ်ကြီးထဲသို့ဝင်၍ ထိုတောအုပ်အတွင်း လာရောက်သော သူတို့ကို ဖမ်းယူ စားသောက်ပြန်လေ၏။

ထို ခရီးလမ်းသည် လောက၌ ကျော်စော ထင်ရှားလျက် အသွားအလာ ခက်သော လမ်းကြီးပင် ဖြစ်၏၊ ထိုတောအုပ်၏ အဝင်အထွက် နှစ်ဌာနမှာပင် လူပေါင်းများစွာတို့သည် ထိုခရီးခဲကို လွန်မြောက်သွားနိုင်ကြစေရန် ရည်သန်ဆွေးနွေး စည်းဝေးတိုင်ပင်လျက် ရှိကြကုန်၏။ ထိုအခါ ကကုသန်မြတ်စွာဘုရားသည် နံနက်စောစော မဟာကရုဏာသမာပတ်မှ ထသောအခါ သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ရွှေဉာဏ်တော် ကွန်ရက်အတွင်း ရောက်ရှိထင်မြင်လာသော ထိုနရဒေဝဘီလူးနှင့် လူများအပေါင်းကို မြင်တော်မူလေလျှင် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ ထိုလူအပေါင်း ကြည့်ရှုနေစဉ်ပင် ကကုသန် မြတ်စွာဘုရားသည် အထူးထူး အပြားပြားသော တန်းခိုးပြာဋိဟာကို ပြတော်မူ၍ နရဒေဝဘီလူး၏ ဘုံဗိမာန်၌ သက်ဆင်းတော်မူပြီးလျှင် ထိုဘီလူး၏ မင်္ဂလာရှိသော အိပ်ရာပလ္လင်ထက်၌ သီတင်းသုံးနေတော်မူ၏။

WWW.DHAMMARANSI.COM



ထိုအခါ နရဒေဝဘီလူးသည် ရောင်ခြည်တော် ခြောက်သွယ်တို့ကိုလွှတ်ကာ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရားကြွလာတော်မူသည်ကို မြင်စဉ်ကပင် "မြတ်စွာဘုရားသည် ငါ့အား သနားကြင်နာတော်မူသဖြင့် ဤအရပ်သို့ ကြွလာတော်မူခြင်းဖြစ်သည်" ဟု ကြည်ညိုသော စိတ်နှလုံးရှိသည်ဖြစ်၍ မိမိ၏ အခြွေအရံဖြစ်သော ဘီလူးတို့နှင့်အတူတကွ ဟိမဝန္တာသို့သွားပြီးလျှင် အထူးထူးသော အဆင်းရနံ့ရှိကြသည့် ရေပန်း ကြည်းပန်းတို့ကိုငင်း အလွန်အမင်း စိတ်နှလုံး မွေ့လျော်ဖွယ်ရာကောင်းသော ရနံ့ရှိသည့် နံ့သာဟူသမျှတို့ကိုငင်း ကောင်းစွာယူဆောင်ခဲ့ကာ မိမိ၏ နေရာပလ္လင်ထက်၌သီတင်းသုံးနေတော်မူသော ကကုသန်မြတ်စွာဘုရားကို ပူဇော်၍ ကောင်းချီးဂါထာတို့ကို ရွတ်ဆိုကာ ဦးခေါင်းထက်၌ လက်အုပ်ချီ၍ ရှိခိုးတည်နေလေ၏။

ထိုအခါ လူအပေါင်းတို့သည် မြတ်စွာဘုရား၏ တန်ခိုးပြာဋိဟာကိုမြင်ကြရ၍ ကြည်လင်သောစိတ်နှလုံးရှိကြသဖြင့် အညီအညွတ် လာရောက်ကြပြီးလျှင် မြတ်စွာဘုရားကို ဝန်းရံကာ ရှိခိုးလျက် တည်ကြကုန်၏။ ထိုအခါ ကကုသန်မြတ်စွာဘုရားသည် နရဒေဝဘီလူးကို ကောင်းသောကုသိုလ်ကံ အကြောင်းတရားနှင့် ကောင်းသောအကျိုးတရားတို့ ဆက်စပ်ပုံကို ပြဆိုသဖြင့် ဘီလူး၏ စိတ်ကို ထက်သန်စေ၍ ငရဲနှင့်စပ်သော တရားစကားဖြင့်လည်း ဘီလူး၏စိတ်ကို ထိတ်လန့်စေပြီးမှ သစ္စာလေးပါး တရားကို ဟောကြားတော်မူ၏။ ထိုအခါ အတိုင်းအရှည်မရှိ များလှစွာသော နတ်လူသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် အကျွတ်တမ်း ဝင်ကြကုန်၏။

(ဤကား တတိယဓမ္မာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး တကြိမ်

ကကုသန်မြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာ အစည်းအဝေးကြီး တကြိမ်တည်းသာ ဖြစ်ဟန်ကား....ကဏ္ဍကုဇ္ဇမြို့အနီး

WWW.DHAMMARANSI.COM



ဗုဒ္ဓသိပတနမိဂဒါဝုန်တော၌ ကိုယ်တော်မြတ်နှင့်အတူတကွ ရဟန်းပြုဖက် ဖြစ်ကုန်သော ရဟန္တာအပေါင်း လေးသောင်း ခြံရံလျက် ကကုသန် မြတ်စွာဘုရားသည် တပို့တွဲလပြည့်နေ့၌ သြဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤသည်ပင် သာဝကအစည်းအဝေးကြီး တကြိမ်ဖြစ်ပုံတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ခေမမင်း ရဟန်းပြု၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ခေမမင်း ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အား သပိတ်သက်န်း တည်းဟူသော ကြီးစွာသော အလှူဒါနကြီးကို ပေးလှူပြီးလျှင် ဆေးပစ္စည်းအတွက် မျက်စဉ်းကျောက်အစရှိသော ခတ်သတ္တုမျိုး နွယ်ချိုအစရှိသော ပိဏ္ဍော. ဆေးပစ္စည်းမျိုး အစရှိသည့် ရဟန်းသံဃာတော်များ အလိုရှိရာ ဆေးပစ္စည်း အမျိုးမျိုးတို့ကို လည်း သဒ္ဓါပြဋ္ဌာန်း လှူဒါန်းဆက်ကပ်သည့်ပြင် ကကုသန်မြတ်စွာ ဘုရား ဟောကြားတော်မူအပ်သော တရားဒေသနာကို ကြားနာရ၍ သာသနာတော်၌ ကြည်ညိုသောသဒ္ဓါတရား ကြီးစွာဖြစ်ပွါးရကား မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုတော်မူလေသည်။ ကကုသန် မြတ်စွာဘုရားသည်လည်း အလောင်းတော် ခေမမင်း ရဟန်းကို "ဤ ဘဒ္ဒကမ္ဘာ၌ပင်လျှင် ဤခေမအမည် ရှိသော ရဟန်းသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ထို ကကုသန် မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော် ခေမမင်း ရဟန်းသည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

WWW.DHAMMARANSI.COM



## မြို့တော်စသည်ကို ပြဆိုချက်

ကကုသန်မြတ်စွာဘုရား ဖွားတော်မူရာမြို့တော်မှာ **ခေမဝတီမြို့တော်**ဖြစ်၍ ခမည်းတော်မှာ ခေမက်ရမင်းကြီး၏ ပုရောဟိတ်ကြီး **အဂ္ဂိဒတ္တပုဏ္ဏား**ဖြစ်၍ မယ်တော်မှာ **ဝိသာခါပုဏ္ဏေးမ**ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသော နှစ်ပေါင်းမှာ (၄၀၀၀) လေးထောင်ဖြစ်၍ ပြာသာဒ်တော် သုံးဆောင်တို့မှာ **ကာမပြာသာဒ်, ကာမဝဏ္ဏပြာသာဒ်, ကာမသုဒ္ဓိ ပြာသာဒ်**တို့ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရံရွေတော်ပေါင်း သုံးသောင်း အခြံအရံရှိသည့် **ရောစိနီပုဏ္ဏေးမ**ဖြစ်ပြီးလျှင် သားတော်မှာ **ဥတ္တရ သတို့သား**ဖြစ်လေသည်။

နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသောယာဉ်မှာ အာဇာနည်မြင်းကသော **ရထားယာဉ်**ဖြစ်၍ ရှစ်လကြာ ဒုက္ကရစရိယာကို ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **ဝိဓုရမထေရ်** နှင့် **သဉ္ဇီဝမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **ဗုဒ္ဓိဇမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာအစုံတို့မှာ **သာမာထေရီမ**နှင့် **စမ္ပာထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ကုက္ကိုပင်** ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **အစ္စုတသူဌေး**နှင့် **သုမနသူဌေး**တို့ ဖြစ်ကြ၍ မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ **နန္ဒာ ဥပါသိကာမ** နှင့် **သုနန္ဒာ ဥပါသိကာမ**တို့ ဖြစ်ကုန်၏။

ကကုသန် မြတ်စွာဘုရားသည် အရပ်တော် **အတောင်**လေးဆယ် မြင့်တော်မူလျက် ကိုယ်တော်မှထွက်သော **ရောင်ခြည်တော်သည်** ထက်ဝန်းကျင် ဆယ်ယူဇနာတိုင်တိုင် ပျံ့နှံ့ကွန့်မြူးပေ၏။

WWW.DHAMMARANSI.COM



ကကုသန်မြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ် (၄၀၀၀၀)လေးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း ၏ငါးပုံ့လေးပုံ)ကာလတို့ပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသောကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

နတ်နှင့်တကွသော လောကကြီး၌ ယောက်ျားမိန်းမဖြစ်သူ သူတော်ကောင်းတို့အတွက် တရားတည်းဟူသော ဈေးဆိုင်ကြီးကို ခင်းကျင်းတော်မူ၍ "ငါသည် အလုံးစုံသော တရားကို သိသော ဘုရားစင်စစ် ဖြစ်ပြီ၊ ငါ့မှာ ကိလေသာအာသဝေါ ဝါသနာနှင့် တကွ ကုန်ခန်းပြီ" အစရှိသည်ဖြင့် ရဲရင့်စွာ ခြင်္သေ့သံဖြင့် ကြုံးဝါး ဟောကြားတော်မူပြီးလျှင် တပည့်သား သံဃာတော်နှင့်တကွ ထိုကကုသန် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော် မူလေပြီ။

**သံဝေဂ**

သန့်ရှင်းခြင်း, သာယာခြင်း, သိလွယ်ခြင်း, နာချင်ဖွယ် ရှိခြင်း, ဖရိုဖရဲ မကွဲခြင်း, လုံးလုံးလျောင်းလျောင်း ရှိခြင်း, နက်နဲခြင်း, ပွဲတင်ထပ်ခြင်းဟူသော အင်္ဂါရှစ်ပါးရှိသော စကားသံနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၎င်း၊ ကာလမပြတ် အကြား အပေါက် အပြောက်ကင်းသည့် သီလဂုဏ်နှင့် ပြည့်စုံတော်မူကြသည့် သာဝကအစုံ အစ ရှိသည်တို့သည်၎င်း ထိုအလုံးစုံတို့သည် ချုပ်ဆုံး ကွယ် ပျောက်ကြလေပြီ....၊ခပ်သိမ်းသော သင်္ခါရတရားတို့သည် ခိုင်မာသော အနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွာ့ တကား....။

**စေတီတော်**

ဤသို့လျှင် မာရ်ငါးပါးကို အောင်မြင်တော်မူသော ကကုသန် မြတ်စွာဘုရားသည် ခေမအမည်ရှိသော အရာမ်ကြီး၌ ပရိနိဗ္ဗာန်

WWW.DHAMMARANSI.COM



စံတော်မူ၏၊ ထိုအရာမ်ကြီးအတွင်းမှာပင် ရှေးဆိုအပ်ပြီးသည့် နည်းအတိုင်း တည်ထားအပ်သော ကကုသန်မြတ်စွာဘုရား၏ ဓာတုစေတီတော်မြတ်သည် တဂါဝုတ်တိုင်တိုင် မြင့်တော်မူပေ၏။

ကကုသန္ဓဗုဒ္ဓဝင် ပြီး၏။

---

## ၂၃-ကောဏာဂမနဗုဒ္ဓဝင်

ကကုသန်မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှာပင် လူတို့၏အသက်တမ်း အနှစ် (၄၀၀၀၀) လေးသောင်းမှ တဖြည်းဖြည်းဆုတ်ယုတ်ကာ(၁၀)ဆယ်နှစ်တမ်း သို့ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ လူတို့အသက် အနှစ် (၃၀၀၀၀)သုံးသောင်းတမ်းသို့ ရောက်သောအခါ ကောဏာဂုံမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာအပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ သောဘဝတီ အမည်ရှိသော မင်းနေပြည်၌ ယညဒတ္တ အမည်ရှိသော ပုဏ္ဏား၏ သက်ထားကတော်ဖြစ်သူ ဥတ္တရာအမည်ရှိသော မယ်တော်ပုဏ္ဏေးမ၏ ဝမ်းတိုက်၌ ပဋိသန္ဓေနေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ သုဘဝတီအမည်ရှိသော ဥယျာဉ်တော်အတွင်း၌ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

(အလောင်းတော် သတ္တိုသား ပဋိသန္ဓေနေသောအခါ ဖွားမြင်သောအခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

အလောင်းတော်သတ္တိုသား ဖွားမြင်သောအခါ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ရွှေမိုဃ်းကြီး သည်းထန်စွာ ရွာသွန်းခြင်းကြောင့်“ကောင်းကင်မှ ရွှေများ လာရောက်ရသည်”

WWW.DHAMMARANSI.COM



ဟူသော အနက်ကိုယူ၍ သတို့သားကိုအမည်မှည့်သော နေ့တွင် နိမိတ်ဖတ်ပညာရှိတို့နှင့် ဆွေမျိုးအပေါင်းတို့က "ကနကာဂမန"သတို့သားဟူ၍ အမည် မှည့်ကြကုန်၏။ (ကနက = ရွှေ၊ အာဂမန = လာရောက်ခြင်း၊ ကနကာ-ဂမန = ရွှေများ ကောင်းကင်မှ လာရောက်ရသည့် သတို့သားဟု ဆိုလိုသည်။) ထိုကနကာဂမနဟူသော အမည်မှ အစဉ်သဖြင့်ကာလရှည်မြင့်လတ်သော် အက္ခရာဖောက်ပြန်ကာ ကောဏာဂမန ဟူသော အမည် ဖြစ်လာ၏။ (တနည်း)နိရုတ္တိနည်းအားဖြင့် ကနကဟူသောပုဒ်၏အစ (က)ကို (ကော)ပြု၍ (န)ယ်ကို (ဏာ)ကြီးပြုကာ အဆုံး(က)ကိုချေလျက် အမည်မှည့်စဉ်ကပင် ကောဏာ-ဂမနသတို့သားဟူ၍ အမည်မှည့်ကြကုန်၏။

## လူ့စည်းစိမ်ကို ခံစားခြင်း

အလောင်းတော် ကောဏာဂမန သတို့သားသည် အရွယ်သို့ ရောက်သောအခါ (၁)တုသိတမည်သောပြာသာဒ်၊ (၂)သန္တုသိတ မည်သော ပြာသာဒ်၊ (၃)သန္တုဋ္ဌမည်သော ပြာသာဒ် တည်းဟူသော မြတ်သောပြာသာဒ် သုံးဆောင်တို့၌ ရုစိဂတ္တာ အမည်ရှိသည့် ကြင်ဖက်တော် ပုဏ္ဏေးမ အမှူးရှိသော ရံရွေတော် ပုဏ္ဏားအမျိုးသမီးပေါင်း တသောင်းခြောက်ထောင်တို့၏ ဖျော်ဖြေ ပြုစုလုပ်ကျွေးခြင်းကို ခံယူကာ နှစ်ပေါင်း (၃၀၀၀)သုံးထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ အိမ်ရာစိုးအုပ် နေတော်မူလေသည်။

## တောထွက်တော်မူခြင်း

အလောင်းတော် ကောဏာဂမန ပုဏ္ဏားသည် အိမ်ရာကို စိုးအုပ်နေတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီးလျှင် ရုစိဂတ္တာ ကြင်ဖက်တော် ပုဏ္ဏေးမမှ သတ္တဝါဟ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ ဆင်ယာဉ်ကိုစီးလျက် တော ထွက်၍ ရဟန်းပြုတော်မူ၏။ အလောင်းတော် ကောဏာဂမန

WWW.DHAMMARANSI.COM



ပုဏ္ဏား ရဟန်းပြုသည်ကို အတုလိုက် (အားကျ)ကာ ယောကျ်ား ပေါင်း သုံးသောင်းတို့ ရဟန်းပြုကြကုန်၏။

## ဘုရားဖြစ်တော်မူခြင်း

ကောဏာဂုံ မြတ်စွာဘုရား အလောင်းတော်သည် ထို သုံးသောင်းသော ရဟန်းတို့နှင့်အတူတကွ ဒုက္ကရစရိယာ ခြောက် လကြာ ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့် နေ့၌ အဂ္ဂိသောနပုဏ္ဏား၏သမီး အဂ္ဂိသောနာမည်သောပုဏ္ဏေးမ လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော် မူပြီးလျှင် ထိုအရပ်ရှိ ရှားတော၌ နေ့သန့် (နေခို) တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ ဇင္ဃာတိန္ဒုက အမည်ရှိသော မုယောခင်း (ဂျုံခင်း)စောင့်သူ လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ (ရေသဖန်း)ပင် အရှေ့ဖြန့်ခင်းလိုက်သည်နှင့်တပြိုင်နက် အတောင်(၂၀)နှစ်ဆယ် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါး ရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ရှေးဆိုအပ်ပြီးသော နည်းအတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

## တရားပွဲကြီး သုံးကြိမ်

ကောဏာဂုံ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့် နောက် မဟာဗောဓိ (ရေသဖန်း)ပင်၏ အနီးမှာပင် သတ္တ- သတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရား ဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု စဉ်းစား ဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့် အတူ တကွ ရဟန်းပြုဖက်ဖြစ်ကြသည့် သုံးသောင်းသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံကြသည်တို့ကို မြင်တော် မူ၍ ထိုရဟန်းတို့နေရာ သုဒဿနမြို့အနီး ဇာသိပတန မိဂဒါဝုန်

WWW.DHAMMARANSI.COM



တောကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူပြီးလျှင် ထိုရဟန်းတို့၏အလယ်၌ သီတင်းသုံးနေတော်မူလျက် ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာကို ဟောကြားတော်မူရာ များစွာသော နတ်ဗြဟ္မာတို့လည်း ရှိသေစွာ လာရောက်နာယူကြကုန်၏၊ ထိုအခါ ကုဋေသုံးသောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

ထို့နောက် အခါတပါး၌ ကောဏာဂုံ မြတ်စွာဘုရားသည် သုန္ဒရ အမည်ရှိသော မြို့တံခါးအနီး အင်ကြင်းပင်ကြီး၏ အပါးမှာ ရေမီးအစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ မိန္ဒာ အယူကို နှိမ်နင်းလျက် တရားဟောတော်မူသည်ရှိသော် ကုဋေနှစ်သောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယတရားပွဲကြီးတည်း။)

ထိုသို့ ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် ကောဏာဂုံမြတ်စွာဘုရား သည် တာဝတိံသာ နတ်ပြည်သို့ ကြွသွားတော်မူကာ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို အမှူးထားကာ စကြဝဠာလောက ဓာတ်ပေါင်း တိုက်တသောင်းမှ တရားနာရန် လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောကြားတော်မူသည်ရှိသော် နတ်ဗြဟ္မာပေါင်း ကုဋေတသောင်းတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

---

## သာဝက အစည်းအဝေးကြီး တကြိမ်

ကောဏာဂုံ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာ အစည်းအဝေးကြီး တကြိမ်တည်းသာဖြစ်ဟန်ကား....ကောဏာဂုံ

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသည် သုန္ဒရဝတီ မြို့၏အနီး သုရိန္ဒဒေဝ အမည်ရှိသော ဥယျာဉ်ကြီး၌ သီတင်းသုံးနေတော်မူလျက် အခြံအရံ ပေါင်း သုံးသောင်းတို့နှင့်တကွ အဂ္ဂသာဝကအလျာဖြစ်ကြသည့် ဘိယျောသ မင်းသားနှင့် ဥတ္တရမင်းသား နှစ်ဦးတို့အား တရားတော်ကို ဟောကြား၍ ဧဟိဘိက္ခု ခေါ်တော်မူသည်တွင် ထိုသူတို့သည် အလုံးစုံပင် ဧဟိဘိက္ခု ရဟန်းဖြစ်ကြ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထို ရဟန္တာ သုံးသောင်းတို့၏ အလယ်၌ ကောဏ္ဍာဂုံ မြတ်စွာဘုရားသည် တပို့တွဲလပြည့်နေ့တွင် ဩဝါဒ ပါတိမောက်ကို ပြတော်မူ၏။

(ဤသည်ပင် သာဝကအစည်းအဝေးကြီး တကြိမ် ဖြစ်ပုံတည်း။)

---

## ဂေါတမမြတ်စွာဘုရားအလောင်း ပဗ္ဗတမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် မိထိလာ မြို့တော်၌ မဟာမိတ်ကြီးငယ်တို့နှင့် ပြည့်စုံကာ ဗိုလ်ပါအင်အား ကြီးမားလှသည့် ပဗ္ဗတ အမည်ရှိသော မင်းဖြစ်၍ ကောဏ္ဍာဂုံ မြတ်စွာဘုရား မိမိနေရာ မိထိလာမြို့သို့ ကြွလာတော်မူကြောင်း သတင်းစကားကို ကြားရလျှင် အခြံအရံ စစ်သည်ဗိုလ်ပါတို့နှင့် တကွ ပဗ္ဗတမင်းသည် ခရီးဦးကြိုဆို ရှိသေစွာ ရှိခိုးပင့်ဖိတ်ပြီးလျှင် ကြီးစွာသော အလှူကြီးကိုပေးလှူ၍ ထိုမြို့မှာပင် မြတ်စွာဘုရားကို ဝါကပ်တော်မူရန် တောင်းပန်လျှောက်ထား၍ ဝါတွင်း သုံးလ ပတ်လုံး တပည့်သား သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးကာ ပဋ္ဋုဏ္ဏတိုင်းဖြစ် အဝတ်အထည်, စိန္နတိုင်းဖြစ် အဝတ်အထည် ပိုးထည် ကမ္ဗလာထည် ရွှေခြေနင်း စသော အခြား လှူဖွယ်ဝတ္ထုများစွာတို့ကို ဘုရားအမှူးရှိသော သံဃာတော်အား လှူဒါန်းလေသည်။ ကောဏ္ဍာဂုံ မြတ်စွာဘုရားသည်လည်း အလောင်းတော် ပဗ္ဗတမင်းကို "ဤ ဘဒ္ဒကမ္ဘာ၌ပင်လျှင် ဤပဗ္ဗတ

WWW.DHAMMARANSI.COM



မင်းသည် ဂေါတမ အမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြား သကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ကောဏာဂုံ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလျှင် အလောင်းတော် ပဗ္ဗတမင်းသည် အလွန်ကြည်လင်သောစိတ် ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

အလောင်းတော် ပဗ္ဗတမင်းသည် သဗ္ဗညုတ ရွှေဉာဏ်ကို မရ မနေ ရှာကြံအားထုတ်သူပီပီ ကောဏာဂုံ မြတ်စွာဘုရားအား ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် ကြီးကျယ်ခမ်းနားလှစွာ သော မင်းစည်းစိမ်ကို စွန့်လွှတ်တော်မူကာ ကောဏာဂုံ မြတ်စွာ ဘုရား အထံတော်၌ ရဟန်းပြုတော်မူလေသည်။

## မြို့တော်စသည်ကို ပြဆိုချက်

ကောဏာဂုံမြတ်စွာဘုရား ဖွားတော်မူရာ မြို့တော်မှာ သောဘ မင်းကြီး ထီးနန်းစိုးအုပ်ရာဖြစ်သည့် **သောဘဝတီ နေပြည်တော်** ဖြစ်၍ ခမည်းတော်မှာ **ယညဒတ္တပုဏ္ဏား**,မယ်တော်မှာ **ဥတ္တရာ ပုဏ္ဏေးမတို့** ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသော နှစ်ပေါင်းမှာ (၃၀၀၀) သုံးထောင်ဖြစ်၍ စံတော်မူရာ ပြာသာဒ်တော် သုံးဆောင်တို့မှာ **တုသိတပြာသာဒ်, သန္တုသိတပြာသာဒ်, သန္တုဋ္ဌပြာသာဒ်** တို့ ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရံရွေတော် ပုဏ္ဏေးမ အမျိုးသမီးပေါင်း (၁၆၀၀၀)တသောင်းခြောက်ထောင် အခြံအရံရှိသည့် **ရုစိဂတ္တာ ပုဏ္ဏေးမ** ဖြစ်ပြီးလျှင် သားတော်မှာ **သတ္ထဝါဟ သတို့သား ဖြစ်**လေသည်။

WWW.DHAMMARANSI.COM



နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော်မူသော ယာဉ်မှာ **ဆင်ယာဉ်** ဖြစ်၍ခြောက်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

အဂ္ဂသာဝကအစုံတို့မှာ **ဘိယျောသမထေရ်**နှင့် **ဥတ္တရမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သောတ္ထိဇမထေရ်** ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **သမုဒ္ဒါထေရီမ**နှင့် **ဥတ္တရာထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ရေသဖန်းပင်** ဗောဓိဖြစ်လေသည်။

မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ **ဥဂ္ဂသူဌေး**နှင့် **သောမဒေဝသူဌေး**တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **သီဝလာဥပါသိကာမ**နှင့် **သာမာဥပါသိကာမ**တို့ဖြစ်ကုန်၏။

ကောဏာဂုံမြတ်စွာဘုရားသည် အရပ်တော်အတောင်(၃၀) သုံးဆယ်မြင့်တော်မူလျက် ပန်းထိမ်တို့၏မိုက်ခွက်၌ သိဂီနိုက်ရွှေစင်ကဲ့သို့ ရောင်ခြည်တော် ခြောက်ပါးတို့ဖြင့် တန်းဆာဆင်အပ်ပေ၏။

ကောဏာဂုံမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်(၃၀၀၀၀) သုံးသောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံလေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့၏။

သတ္တဝါအပေါင်းတို့ ဝိပဿနာဉာဏ်ပညာ တည်းဟူသော စေတီတော်ယင်ပြင်၌ တည်ကြလျက် ရှိခိုးဝတ်ပြုနိုင်ကြရန် သစ္စာလေးပါး တရားတည်းဟူသော တံခွန်ဖြင့် တန်းဆာဆင်အပ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတည်းဟူသော တရားစေတီကြီးကို တည်ဆောက်တော်မူပြီးလျှင် တရားမြင့်ပြီး

WWW.DHAMMARANSI.COM



သော ပန်းစည်းပန်းခိုင်ကို ပြုတော်မူ၍ တပည့်သား သံဃာတော်နှင့်တကွသော ကောဏာဂုံ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူလေပြီ။

**သံဝေဂ**

မြတ်သော တန်းခိုး၏ တင့်တယ်စမွယ် ကွန့်မြူးခြင်းသို့ ရောက်တော်မူသော ကောဏာဂုံမြတ်စွာဘုရား၏ တပည့်သား သာဝကအပေါင်းသည်၎င်း လောကုတ္တရာတရားကို ထင်ရှား ဟောပြတော်မူသော ကောဏာဂုံမြတ်စွာဘုရားသည်၎င်း ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ....၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည် မြဲခိုင်သော အနှစ်သာရမရှိ၊ အချည်းနှီးသာ ဖြစ်ကုန်စွ့တကား....။

**စေတီတော်**

ဤသို့လျှင် သစ္စာဥဒေယျ ဓမ္မခပင်းကို ထိုးထွင်းသိမြင်တော်မူသော ကောဏာဂုံ မြတ်စွာဘုရားသည် ပဗ္ဗတ အမည်ရှိသော အရာမ်ကြီးအတွင်း၌ ပရိနိဗ္ဗာန် စံတော်မူ၏။ ဓာတ်တော်များမှာ ရှေး၌ ဆိုအပ်ပြီးသည့်နည်းအတူ အဓိဋ္ဌာန်တော်မူချက်အရ အစိတ်စိတ် အမြွာမြွာ ကွဲပြားကြပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် အနှံ့အပြား တည်ရှိကြ၍ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူကြလေကုန်သတည်း။

ကောဏာဂမနဗုဒ္ဓဝင် ပြီး၏။

---

## ၂၄-ကဿပဗုဒ္ဓဝင်

ကောဏာဂုံမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှာပင် လူတို့၏ အသက်တမ်း အနှစ်(၃၀၀၀၀) သုံးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ (၁၀) ဆယ်နှစ် တမ်းသို့ ရောက်၍ တဖန် တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ် ဆုတ်ယုတ်ပြန်၍ လူတို့အသက် အနှစ်

WWW.DHAMMARANSI.COM



(၂၀၀၀၀) နှစ်သောင်းတမ်းသို့ ရောက်သောအခါ ကဿပ မြတ်စွာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူစဉ် ဘုရားဖြစ်ရန် နတ်ဗြဟ္မာ အပေါင်းတို့၏ တောင်းပန်ချက်ကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်ကာ ကိကီမင်းကြီး စိုးစံတော်မူရာ ဗာရာဏသီ နေပြည်တော် ဗြဟ္မဒတ္တ အမည်ရှိသော ပုဏ္ဏားၡ၏ သက်ထားကြင်ဖော်ကတော်ဖြစ်သူ ဓနဝတီ အမည်ရှိသော မယ်တော်ပုဏ္ဏေးမ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ နေတော်မူ၍ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ ဣသိပတန မိဂဒါဝုန်တော၌ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

(အလောင်းတော်သတို့သား ပဋိသန္ဓေ နေသောအခါ ဖွားမြင်သော အခါတို့၌ နိမိတ်ကြီးများ အံ့ဩဖွယ်ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏။)

အလောင်းတော် သတို့သား၏ အမည်မှည့်သောနေ့တွင် နိမိတ်ဖတ်ပညာရှိများနှင့် ဆွေမျိုးအပေါင်းတို့က အမျိုးအနွယ်အားဖြင့် ကဿပအမျိုးအနွယ်မှ ဆင်းသက်လာသည်ကို အစွဲပြု၍ အလောင်းတော်သူမြတ်ကို ကဿပ သတို့သားဟူ၍ အမည်မှည့်ကြလေသည်။

## လူ့စည်းစိမ်ကို ခံစားခြင်း

အလောင်းတော် ကဿပသတို့သားသည် အရွယ်သို့ ရောက်သောအခါ (၁) ဟံသပြာသာဒ်၊ (၂) ယသပြာသာဒ်၊ (၃) သိရိနန္ဒပြာသာဒ် တည်းဟူသော မြတ်သောပြာသာဒ် သုံးဆောင်တို့၌ သုနန္ဒာ အမည်ရှိသည့် ကြင်ဖက်တော်ပုဏ္ဏေးမ အမှူးရှိသော ရံရွေတော်ပုဏ္ဏား အမျိုးသမီးပေါင်း လေးသောင်းရှစ်ထောင်တို့၏ ဖျော်ဖြေပြုစု လုပ်ကျွေးခြင်းကို ခံယူကာ နှစ်ပေါင်း (၂၀၀၀) နှစ်ထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ အိမ်ရာကို စိုးအုပ်နေတော်မူလေသည်။

WWW.DHAMMARANSI.COM



## တောထွက်တော်မူခြင်း

အလောင်းတော် ကဿပပုဏ္ဏားသည် အိမ်ရာကို စိုးအုပ်နေတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီးလျှင် သုနန္ဒာကြင်ဖက်တော်ပုဏ္ဏေးမမှ ဝိဇိတသေနအမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ သံဝေဂကြီးစွာဖြစ်တော်မူလျက် "ငါသည် ယနေ့ပင် တောထွက်တော့အံ့"ဟု စိတ်အကြံတော် ဖြစ်ပေါ်လာ၏။

ထိုအခါ စိတ်အကြံတော် ဖြစ်ပေါ်သည်၏ အခြားမဲ့မှာပင် အလောင်းတော်၏ စံရာဖြစ်သော ပြာသာဒ်သည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်လျက် ကောင်းကင်သို့ ပျံတက်၍ သရဒရာသီအခါ ကြယ်တာရာအပေါင်းခြံရံကာ အလွန်တရာ နှစ်သက်ဖွယ်အရောင်ကို ပြုလျက် ပေါ်ထွန်း ထွက်ပြူလာသော လမင်းကဲ့သို့ အရာမကများပြားလှသော လူပရိသတ်အပေါင်းတို့ ဝန်းရံလိုက်ပါကာ ကောင်းကင်အပြင်ကို တန်းဆာဆင်သကဲ့သို့ငှင်း, ဘုန်းကံအာနုဘော်ကို ထင်စွာပြသကဲ့သို့ငှင်း, ကြည့်ရှုကြသူ လူအပေါင်းတို့၏ မျက်စိနှင့် စိတ်နှလုံးတို့ကို ယူကျုံး ဆွဲဆောင်သကဲ့သို့ငှင်း, သစ်ပင်အဖျားတို့ကို လွှန်စွာကင့်တယ်စေသကဲ့သို့ငှင်း သွားပြီးလျှင် ပညောင်ဗောဓိပင်ကို အလယ်ဗဟိုပြုကာ မြေ၌ သက်ရောက်၍ တည်လေသည်။

ထိုအခါ အလောင်းတော်သည် ပြာသာဒ်မှ ဆင်းသက်တော်မူ၍ မြေ၌ ရပ်တည်ပြီးလျှင် ဗြဟ္မာလှူဒါန်းသည့် သင်္ကန်းပရိက္ခရာကို ခံယူတော်မူကာ ရဟန်းပြုတော်မူလေ၏။ အလောင်းတော်၏ ကြင်ဖက်တော်နှင့် မောင်းမမိဿံ ရံရွေတော် အပေါင်းတို့သည်ကား ပြာသာဒ်မှဆင်းကြ၍ ဥသဘလေးဆယ် (ဂါဝုတ်ဝက်မျှ) ဝေးကွာသောအရပ်သို့သွားကြပြီးလျှင် အခြံအရံ အပေါင်းတို့နှင့် တကွ စစ်တပ်ကြီးအသွင် ယာယီနေရာများပြုလုပ်ကာ နေထိုင်ကြကုန်၏။ အလောင်းတော်နှင့်အတူတကွ လိုက်ပါလာသမျှသော ယောကျ်ားတို့သည် အလောင်းတော်ရဟန်းပြုသည်ကို အတုလိုက် (အားကျ)ကာ ရဟန်းပြုကြလေကုန်၏။

WWW.DHAMMARANSI.COM



## ဘုရားဖြစ်တော်မူခြင်း

ကဿပ မြတ်စွာဘုရား အလောင်းတော်သည် အတူလိုက် ရဟန်းတို့နှင့်အတူတကွ ခုနစ်ရက်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူပြီးလျှင် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ ကြင်ဖက်တော် သုနန္ဒာပုဏ္ဏေးမ လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် ထိုအရပ်ရှိ ရှားတောကြီးအတွင်းမှာ နေ့သန့်(နေခို)တော်မူ၍ ညနေချမ်းအချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တပါးတည်း ကြွတော်မူရာ လမ်းခရီး အကြား၌ သောမအမည်ရှိသော မုယောခင်း(ဂျုံခင်း)စောင့်သူ သည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာ ဗောဓိ (ပညောင်) ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် (၁၅)တဆယ့်ငါးတောင်ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာရာ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော် မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော် မူကာ ရှေးဆိုအပ်ပြီးသောနည်းအတိုင်း ဘုရားအဖြစ်သို့ ရောက် တော်မူလေသည်။

## တရားပွဲကြီး ငါးကြိမ်

(၁) ကဿပမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးသည့် နောက် မဟာဗောဓိ (ပညောင်) ပင်၏ အနီးမှာပင် သတ္တ- သတ္တာဟ = (လေးဆယ့်ကိုးရက်) စံနေတော်မူပြီးလျှင် တရား ဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း" ဟု စဉ်းစားဆင်ခြင်တော်မူလတ်သော် ကိုယ်တော်မြတ်နှင့်အတူ တကွ ရဟန်းပြုဖက် ဖြစ်ကြသည့် တကုဋေသော ရဟန်းတို့ကို မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့်ပြည့်စုံကြသည်တို့ကို မြင်တော် မူ၍ ထိုရဟန်းတို့၏နေရာ ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန် တောကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူပြီး လျှင် ထိုရဟန်းတို့၏အလယ်၌ သီတင်းသုံးနေတော်မူလျက် ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာ

WWW.DHAMMARANSI.COM



ဒေသနာကို ဟောကြားတော်မူရာ များစွာသော နတ်ဗြဟ္မာတို့လည်း ရှိသေစွာ လာရောက် နာယူကြကုန်၏။ ထိုအခါ ကုဋေနှစ်သောင်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ရှေးဦးစွာသော ဓမ္မာဘိသမယ ပဌမတရားပွဲကြီးတည်း။)

(၂) ထို့နောက် အခါတပါး၌ ကဿပမြတ်စွာဘုရားသည် တမြို့မှတမြို့သို့ တရွာမှတရွာသို့ တနိဂုံးမှတနိဂုံးသို့ ခရီးဒေသစာရီ ကြွချီတော်မူကာ တရားဟောတော်မူသည်ရှိသော် ကုဋေတသောင်းမျှသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။

(ဤကား ဒုတိယာဘိသမယ ဒုတိယ တရားပွဲကြီးတည်း။)

(၃) ထို့နောက် အခါတပါး၌ ကဿပ မြတ်စွာဘုရားသည် သုန္ဒရမြို့တော် တံခါးအနီး ပိတောက်ပင်ကြီး၏ အပါး၌ ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလျက် တရားဟောတော်မူသည်ရှိသော် ကုဋေငါးထောင်သော နတ်လူတို့ သစ္စာလေးပါး တရားသိမြင် အကျွတ်တမ်း ဝင်ကြလေကုန်၏။

(ဤကား တတိယာဘိသမယ တတိယတရားပွဲကြီးတည်း။)

(၄) ထိုသို့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် ကဿပ မြတ်စွာဘုရားသည် တာဝတိံသာ နတ်ပြည် သုဓမ္မာအမည်ရှိသော နတ်သဘင် မဏ္ဍပ်ကြီးမှာ သီတင်းသုံး နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို အကြီးအမှူးထားကာ စကြဝဠာလောကဓာတ်ပေါင်း တိုက်တသောင်းမှ တရားနာရန် ရှိသေစွာ လာရောက်ကြကုန်သော နတ်ဗြဟ္မာတို့အား ချီးမြှောက်ခြင်းငှါ အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားတော်မူသည်ရှိသော် ကုဋေသုံးထောင်သော နတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် အကျွတ်တမ်း ဝင်ကြကုန်၏။

(၅) ထို့နောက် အခါတပါး၌ ကကုသန် မြတ်စွာဘုရား လက်ထက်တော်က နရဒေဝ အမည်ရှိသော ဘီလူးကဲ့သို့ပင် တန်ခိုးအာနုဘော် ကြီးမားလျက် နရဒေဝဟူသော အမည်ဖြင့်

WWW.DHAMMARANSI.COM



ပင် ထင်ရှား ကျော်စောသော နတ်ဘီလူးသည် ဇမ္ဗူဒိပ်ကျွန်း အပြင်တွင် တမြို့တမြို့၌ ထီးနန်းအုပ်ချုပ်သောမင်း၏ အသွင် သဏ္ဌာန် အသံအမူအရာတို့နှင့် အလုံးစုံတူမျှအောင် ဖန်ဆင်း၍ ထိုမင်းကို သတ်ဖြတ် စားသောက်ပြီးလျှင် နန်းတော်နှင့်တကွ တိုင်းပြည်တခုလုံးကို လွှမ်းမိုးအုပ်ချုပ် မင်းပြုလုပ်လျက် များစွာ သော လူတို့ကို သတ်ဖြတ်စားသောက်လျက် နေလေ၏၊ မိန်းမ များနှင့်လည်း လွန်စွာပင် အပျော်အပါး ကြူးသူဖြစ်၏။

ဆင်ခြင်ဉာဏ်ရှိသော မိဖုရား မောင်းမမိဿံ ရွှေရံတော်တို့က "ဤမင်းကား ငါတို့၏အရှင်သခင် ဘုရင်မင်းကြီးမဟုတ်၊ ဘီလူး စင်စစ် ဖြစ်ပေ၏"ဟု သိရှိကြသောအခါ ထိုနတ်ဘီလူးသည် ရှက်နိုးလှသည်ဖြစ်၍ နန်းတွင်းသူအပေါင်းတို့ကို သတ်ဖြတ် စား သောက်ပြီးနောက် တခြားမြို့သို့ ပြောင်းရွှေ့ကာ ရှေးနည်းအတူ မင်းမူပြန်လေ၏။

ဤနည်းဖြင့် နရဒေဝ ဘီလူးသည် လူတို့ကို သတ်ဖြတ် စား သောက်လျက် သုန္ဒရမြို့သို့ ရှေးရှုရောက်ရှိလာသောအခါ မြို့နေသူ လူအပေါင်းတို့သည် သတင်းစကားကြားသိပြီး ဖြစ်သည့်အတိုင်း သေအံ့သောဘေးမှ ထိတ်လန့် ကြောက်ရွံ့ကြကုန်သည်ဖြစ်၍ မိမိ တို့မြို့မှ ထွက်၍ ထိုထိုအရပ်သို့ ပြေးသွားကြကုန်၏။ ထိုအခါ ကဿပမြတ်စွာဘုရားသည် ပြေးလွှားနေကြသော မြို့သူမြို့သား တို့ကို မြင်တော်မူ၍ နရဒေဝဘီလူး၏ ရှေ့မျက်မှောက်၌ သွား ရောက်ရပ်တည်တော်မူလေ၏။ နရဒေဝဘီလူးသည် ဤကဲ့သို့ မိမိ ရှေ့မှောက် ကြွရောက်ရပ်တည်လာသော ကဿပမြတ်စွာဘုရား ကို မြင်လေလျှင် ဖောက်ပြန်ကြမ်းကြုတ်သော ကြိမ်းဝါးသံဖြင့် ကြိမ်းဝါးပါသော်လည်း မြတ်စွာဘုရားအား ထိတ်လန့်ကြောက်ရွံ့ စေခြင်းငှါ မစွမ်းနိုင်ပဲ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်း ကပ်ပြီးလျှင် အမေးပုစ္ဆာပြဿနာကို မေးမြန်း လျှောက်ထားလေ ၏။ ကဿပမြတ်စွာဘုရားသည်လည်း ထိုအမေးပုစ္ဆာပြဿနာ ကို ပြေလည်အောင် ဖြေကြားကာ ဘီလူးအား ဆုံးမပြီးလျှင်

WWW.DHAMMARANSI.COM



တရားဟောတော်မူသည်ရှိသော် ထိုအရပ်သို့ တရားနာရန် ရှိသေစွာ လာရောက်ကြသည့် မရေမတွက်နိုင်အောင် များပြား စွာသောနတ်လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင် ကြကုန်၏။

## သာဝက အစည်းအဝေးကြီး တကြိမ်

ကဿပမြတ်စွာဘုရား၏ တပည့်သာဝက ရဟန္တာအစည်း အဝေးကြီး တကြိမ်တည်းသာ ဖြစ်ဟန်ကား...ဗာရာဏသီပြည်၌ ပုရောဟိတ်၏ သားဖြစ်သော တိဿအမည်ရှိသော လုင်သည် အလောင်းတော် ကဿပသတို့သား၏ကိုယ်၌ သုံးဆယ့်နှစ်ပါး သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံ ခြင်းကို မြင်သောအခါ "ဤလက္ခဏာမျိုးသည် ဘုရားဖြစ်မည့် သူများမှာသာ ရှိနိုင်သည်"ဟူ၍ ဖခင် ပုရောဟိတ် ပုဏ္ဏားကြီး ပြောဆိုသည့်စကားကို ကြားရ၍ ယုံမှားခြင်း အလျဥ်းမရှိပဲ "ဤ ကဿပသတို့သားသည် မြတ်သော တောထွက်ခြင်းဖြင့် တော ထွက်၍ ဘုရားဖြစ်လတ္တံ့၊ ထို ကဿပမြတ်စွာဘုရား အထံတော် မှာ ငါသည် ရဟန်းပြုကာ သံသရာဝဋ်ဆင်းရဲမှ လွတ်အောင် ကြိုးကုတ် အားထုတ်ပေအံ့"ဟု ကြံစည်ပြီးလျှင် အလောင်းတော် ကဿပသတို့သား တောမထွက်မီကပင် ဟိမဝန္တာသို့သွားရောက် ၍ ရှင်ရသေ့ပြုနှင့်လေသည်။ ထို တိဿရှင်ရသေ့၏ အခြံအရံရသေ့ တို့ကား နှစ်သောင်းအတိုင်းအရှည်ရှိကုန်၏။

တိဿရှင်ရသေ့သည် နောက်အခါ၌ "ကဿပသတို့သားသည် တောထွက်၍ ရဟန်းပြုပြီးလျှင် ယခုအခါ ဘုရားအဖြစ်သို့ရောက် ပြီ"ဟူသော သတင်းစကားကို ကြားသိရလျှင် အခြံအရံ ရသေ့ နှစ်သောင်းတို့နှင့်တကွ ဟိမဝန္တာမှ လာခဲ့၍ ကဿပ မြတ်စွာ ဘုရား အထံတော်၌ ရဟန်းပြုလိုပါကြောင်း တောင်းပန် လျှောက်ထားသောအခါ မြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်တော် မူသည်တွင် အခြံအရံ ရသေ့နှစ်သောင်းတို့နှင့်တကွ ဧဟိဘိက္ခု ရဟန်းဖြစ်ကြ၍ **အရဟတ္တဖိုလ်သို့ ရောက်ရှိလေ၏။ ထိုရဟန္တာ**

WWW.DHAMMARANSI.COM



ပေါင်း နှစ်သောင်းတို့၏ အစည်းအဝေး၌ ကဿပ မြတ်စွာဘုရား သည် တပို့တွဲလပြည့်နေ့မှာ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။

(ဤသည်ပင် သာဝကအစည်းအဝေးကြီး တကြိမ်ဖြစ်ပုံတည်း။)

---

## ဂေါကမြတ်စွာဘုရားအလောင်း ဇောတိပါလလုလင် ရဟန်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း

ထိုအခါ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ဇောတိပါလလုလင်ဟူ၍ ကျော်စော ထင်ရှားသောသူ ဖြစ်ပြီးလျှင် ဗေဒင်ကျမ်းတို့ကို မပြတ်ရွတ်အံသောသူ မန္တန်အမျိုးမျိုးကိုလည်း ဆောင်ထားသောသူ ဗေဒင်သုံးပုံတို့ကိုလည်း တဖက်ကမ်းခတ် တတ်မြောက်သောသူဖြစ်၍ မဟာပုရိသလက္ခဏာ စသည်တို့ကို ဖော်ပြရာ လက္ခဏာကျမ်း ရှေးဟောင်းဝတ္ထုတို့ကို ဖော်ပြရာ ဣတိဟာသကျမ်းတို့နှင့် တကွ ဆရာအဆက်ဆက် သင်ပြအပ်သော ပုဏ္ဏားတို့၏ ပညာအရာ၌ အထွတ်အထိပ်ရောက် တတ်မြောက် သောသူဖြစ်ပေ၏။ မြေပြင်နှင့်စပ်၍ သိအပ်သောအကြောင်းအရာ ဘူမိသျှတ္တရကျမ်း ကောင်းကင်နှင့်စပ်၍သိအပ်သော အကြောင်း အရာ အာကာသသျှတ္တရကျမ်းတို့၌ ယုတ်လျော့ခြင်းမရှိ အပြည့် အစုံ လေ့လာကျွမ်းကျင် လိမ္မာသောသူ ဖြစ်ပေ၏။

ဇောတိပါလလုလင်သည် ဃဋီကာရအမည်ရှိသော အိုးထိန်း သည်နှင့် အလွန်ချစ်ခင်လှစွာသော မိတ်ဆွေဖြစ်၏။ ဃဋီကာရ အိုးထိန်းသည်မှာ ကဿပမြတ်စွာဘုရား၏ မြတ်သော အလုပ် အကျွေး ဒါယကာဖြစ်လျက် ရတနာသုံးပါး၌ အလွန်ရှိသေ ကျိုးနွံခြင်းရှိသည်ဖြစ်၍ အနာဂါမိဥပါသကာဟူ၍အလွန်ထင်ရှားသူ ဖြစ်ပေ၏၊ ထို ဃဋီကာရ အိုးထိန်းသည်သည် အလောင်းတော် ဇောတိပါလလုလင်ကို ခေါ်ဆောင်ပြီးလျှင် ကဿပမြတ်စွာဘုရား ထံ ချဉ်းကပ်လေ၏။

WWW.DHAMMARANSI.COM



ဇောတိပါလလုလင်သည် ကဿပမြတ်စွာဘုရား တရားတော်ကို နာရသောအခါ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုပြီးလျှင် အလွန် အားထုတ်အပ်သော လုံ့လဝီရိယ ရှိသူဖြစ်၍ ဝတ်ကြီး ဝတ်ငယ်အရပ်ရပ်တို့၌ လိမ္မာကျွမ်းကျင်ကာ သီလ သမာဓိ ပညာ သိက္ခာသုံးပါးတို့နှင့် စပ်သည့် မည်သည့်အရာမှာမှ ယုတ်လျော့ခြင်း မရှိစေပဲ မြတ်စွာဘုရား သာသနာတော်ကို ဖြည့်စွမ်းတော်မူခဲ့လေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသမျှ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို အလုံးစုံ သင်ကြားတတ်မြောက်ပြီးလျှင် မြတ်စွာဘုရားသာသနာတော်ကို တင့်တယ်စေခဲ့လေသည်။ အလောင်းတော်ဇောတိပါလရဟန်း၏ အံ့သြဖွယ်ကောင်းသည့် ဆိုအပ်ပြီးသော အကြောင်းအရာစုကို မြင်တော်မူ၍ ကဿပမြတ်စွာဘုရားသည် "ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ဤဇောတိပါလရဟန်းသည် ဂေါတမအမည်တော်ရှိသော ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကားကြားတော်မူ၏။

(ဗျာဒိတ်ကြားတော်မူပုံမှာ ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားသကဲ့သို့ပင် အပြည့်အစုံဖြစ်သည်။)

ကဿပမြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားရလျှင် အလောင်းတော် ဇောတိပါလ ရဟန်းတော်မြတ်သည် အလွန်ကြည်လင်သော စိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြဲစွာ ဆောက်တည်တော်မူလေသည်။

ဤသို့လျှင် အစိန္တေယျ သုံးလောကထွတ်ထား ငါတို့မြတ်စွာဘုရား အလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရလိုခြင်းတည်းဟူသော ဆန္ဒတချောင်း အကြောင်းတခုကြောင့် ဘဝများစွာ သံသရာတခွင်ဝယ် ရှောင်ကြဉ်ရမည့် အကုသိုလ်မှုဟူသမျှကို ဝေးစွာ ရှောင်ကြဉ်၍ ပါရမီဆယ်ပါးတို့ အထွတ်အထိပ်ရောက်ပြည့်မြောက်ဖို့ရန် လူသာမန်တို့ ပြုနိုင်ခဲသော ကုသိုလ်တရားကို မဆုတ်မတွန့် စွန့်စွန့်စားစား ပွါးများကြိုးကုတ် အားထုတ်တော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM



**မှတ်သားချက်—**

ပြဆိုခဲ့ပြီးသော ဗုဒ္ဓဝင်ပါဠိတော်အရ ဃဋီကာရ အိုးထိန်းသည်သည် သူငယ်ချင်းဖြစ်သူ အလောင်းတော် ဇောတိပါလလုလင်ကို အလွယ်တကူ ခေါ်ယူ၍ ကဿပ မြတ်စွာဘုရားထံ ချဉ်းကပ်သည်ဟု မှတ်ယူရန် ရှိသော်လည်း စင်စစ်မူ အလွယ်တကူခေါ်ယူ၍ မရနိုင်သဖြင့် အကြိမ်ကြိမ် အဖန်ဖန် ပြောဆိုပြီးနောက် အတင်းအကြပ် ဆံပင်ကို ဆွဲငင်လျက် ခေါ်ရသည့်အကြောင်းကို မဇ္ဈိမ ပဏ္ဏာသပါဠိ ၄-ရာဇဝဂ်၊ ၁-ဃဋီကာရသုတ်၌ ဟောဆို ထားပေသည်။ ဃဋီကာရဝတ္ထုနှင့်တကွ ဇောတိပါလဝတ္ထု အကျယ်ကို ထိုသုတ်မှ မှတ်ယူရာ၏။

## မြို့တော်စသည်ကို ပြဆိုချက်

ကဿပ မြတ်စွာဘုရား၏ ဖွားတော်မူရာမြို့တော်မှာ ကိကီ မင်းကြီး ထီးနန်းစိုးအုပ်ရာဖြစ်သည့် **ဗာရာဏသီနေပြည်တော်** ဖြစ်၍ ခမည်းတော်မှာ **ဗြဟ္မဒတ္တပုဏ္ဏား**၊ မယ်တော်မှာ **ဓနဝတီ ပုဏ္ဏေးမ**တို့ ဖြစ်ကုန်၏။

အိမ်ရာစိုးအုပ်၍ နေတော်မူသော နှစ်ပေါင်းမှာ (၂၀၀၀) နှစ်ထောင်ဖြစ်၍ စံတော်မူရာ ပြာသာဒ်တော် သုံးဆောင်တို့မှာ **ဟံသပြာသာဒ်**၊ **ယသပြာသာဒ်**၊ **သိရိနန္ဒပြာသာဒ်**တို့ ဖြစ်ကုန်၏။

ကြင်ဖက်တော်မှာ ရံရွေတော် ပုဏ္ဏေးမ အမျိုးသမီးပေါင်း (၄၈၀၀၀) လေးသောင်းရှစ်ထောင် အခြံအရံရှိသည့် **သုနန္ဒာ ပုဏ္ဏေးမ** ဖြစ်ပြီးလျှင် သားတော်မှာ **ဝိဇိတသေနသတို့သား** ဖြစ်လေသည်။

နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူ၍ တောထွက်တော် မူသောယာဉ်မှာ **စံနန်းပြာသာဒ်တော်**ပင်ဖြစ်၍ ခုနစ်ရက်မျှ သာ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

WWW.DHAMMARANSI.COM



အဂ္ဂသာဝကအစုံတို့မှာ **တိဿမထေရ်**နှင့်**ဘာရဒွါဇမထေရ်**တို့ဖြစ်ကြ၍ အလုပ်အကျွေးမှာ **သဗ္ဗမိတ္တမထေရ်**ဖြစ်လေသည်။

အဂ္ဂသာဝိကာ အစုံတို့မှာ **အနုဠာထေရီမ**နှင့် **ဥရုဝေလာထေရီမ**တို့ဖြစ်ကြ၍ ပွင့်တော်မူရာ ဗောဓိပင်မှာ **ပညောင်ပင်**ဗောဓိဖြစ်လေသည်။

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ **သုမင်္ဂလ**နှင့် **ဃဋိကာရ**အိုးထိန်းသည်တို့ဖြစ်ကြ၍ မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ **ဝိဇိတသေနာဥပါသိကာမ**နှင့် **ဘဒ္ဒါဥပါသိကာမ**တို့ဖြစ်ကုန်၏။

ကဿပ မြတ်စွာဘုရားသည် အရပ်တော် အတောင် (၂၀) နှစ်ဆယ်မြင့်တော်မူသည်ဖြစ်၍ ကောင်းကင်၌ တခဲနက် စုတည်နေသော လျှပ်နွယ်ကဲ့သို့၎င်း, ဂြိုဟ်နက္ခတ်တာရာ အပေါင်းတို့ဖြင့် ဝန်းရံအပ်သော လပြည့်ဝန်းကဲ့သို့၎င်း တင့်တယ်တော်မူပေ၏။

ကဿပမြတ်စွာဘုရား ပွင့်တော်မူရာအသက်တမ်းမှာ အနှစ် (၂၀၀၀၀) နှစ်သောင်းတမ်းဖြစ်၍ ထိုမျှလောက် (အသက်တမ်း၏ ငါးပုံ့လေးပုံ) ကာလပတ်လုံး တည်နေတော်မူလျက် များစွာသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆယ် ကယ်တင်တော်မူခဲ့လေပြီ။

ကဿပ မြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာ များစွာသော သတ္တဝါတို့အတွက် ပရိယတ္တိတရားတော် တည်းဟူသော တဖက်ဆည်ကန်တော်ကြီးကို ဖန်ဆင်းတော်မူပြီးလျှင် သတ္တဝါတို့ စိတ်အစဉ်ကို လှလှတင့်တယ်စွာ ဆင်ပြင်နိုင်ကြရန် စတုပါရိသုဒ္ဓိသီလ တည်းဟူသော နံ့သာပျောင်းကို ပေးကမ်းတော်မူခဲ့၍ ဟိရိဩတ္တပ္ပ မမ္ဒနှစ်ပါး တရားဝတ်စုံကို ဝတ်ရုံကြစေပြီးကာ ဗောဓိပက္ခိယမမ္ဒအပြား သုံးဆယ့်ခုနစ်ပါးတည်းဟူသော တရားပန်းအမျိုးမျိုးကို ပန်ဆင်ကြစေရန် ဝေဖန်ဖြန့်ချီပြီးလျှင် အပြစ်ရှိသော တရား အပြစ်မရှိသော တရား ကုသိုလ်တရား အကုသိုလ်တရားတို့ကို

WWW.DHAMMARANSI.COM



ပိုင်းခြား ဆင်ခြင် ထင်မြင်ကြည့်ရှုနိုင်ကြရန် အညစ်အကြေး ကင်းသည့် သောတာပတ္တိမဂ်ဉာဏ် တရားမှန်ကြီးကို ဖော်ပြရာပါ တဖက်ဆည်ကန်၏ကမ်းနားဌ် နိဗ္ဗာန်ကိုအလိုရှိ၍ လှည့်လည်နေကြသောသူတို့ ဤ ဆိုအပ်ပြီးသော တရားအဆင်တန်းဆာစုကို ရှုကြကုန် ကြည့်ကြကုန်ဟု မိန့်ဆိုသည့်ပမာ ကောင်းစွာ ထားတော်မူ၍ရှင်း····၊

ကိုယ်တော်မြတ်၏ အဆုံးအမဩဝါဒနာယူသူ သတ္တဝါဗိုလ်လုံတို့အား ကိလေသာရန်သူတို့ကို တိုက်ဖျက်နှိမ်နင်းနိုင်ရန် ငါးပါးသီလ ဆယ်ပါးသီလ စတုပါရိသုဒ္ဓိသီလတည်းဟူသော သင်နိုင်းဦးစွပ်(ဦးထုပ်)ကိုပေးတော်မူ၍ရှင်း····၊ လောကီ လောကုတ္တရာ ဈာန်လေးပါး ဈာန်ငါးပါး တည်းဟူသော ချပ်ဝတ်တန်းဆာကို ကောင်းစွာ ဖွဲ့နှောင်စေတော်မူ၍ရှင်း····၊ သတိသမ္ဗောဇ္ဈင် နှစ်ပါးတရားတည်းဟူသော သားရေဝတ်လုံကို ဝတ်ရုံစေတော်မူ၍ရှင်း····၊ မြတ်သောအင်္ဂါလေးပါးရှိသည့် ဝီရိယတည်းဟူသော စစ်ဝတ်တန်းဆာအစုံကို ပေးအပ် ဆောင်နှင်းတော်မူ၍ရှင်း····၊ ကိလေသာ ရန်အသွယ်သွယ်ကို ကွယ်ကာ ဟန့်တားနိုင်ကြောင်း သတိပဋ္ဌာန်လေးပါး တည်းဟူသော ကာဒိုင်းကို ပေးအပ်တော်မူ၍ရှင်း····၊(ကိုယ်တော်မြတ်၏ သာဝကဗိုလ်ထုကို) အလွန် ထက်မြက်လှသည့် ဝိပဿနာဉာဏ်ပညာ တည်းဟူသော လှံမကိုယ်စီစွဲကိုင်ကြပြီးရှိအောင် ပြုတော်မူပြီးလျှင် ထိုသူရဲကောင်း သာဝကအပေါင်းအား ဝီရိယကျောက်အပြင်၌ တချွန်ချွန်ထက်မြက်အောင်သွေးအပ်ပြီးသည့် မဂ်ပညာသန်လျက်ကို ပေးတော်မူ၍ရှင်း····၊ ကိလေသာတို့နှင့် ရောယှက်ခြင်းကို နှိမ်နင်း ပယ်ဖျောက်နိုင်ရန် လောကုတ္တရာ သီလတော်မြတ်ကို ပေးအပ်တော်မူ၍ရှင်း····၊ လှလှကြီး တန်းဆာဆင်နိုင်ကြရန် လောကုတ္တရာ ဗိုလ်လေးပါးတို့ကို ဦးစိုက်ပန်း ပြုလုပ်ပြီးလျှင် ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး တည်းဟူသော အဆင်တန်းဆာ အမျိုးမျိုးကို ပေးတော်မူ၍ရှင်း····၊လောကုတ္တရာတရား ကိုးပါးတည်းဟူသော ပန်ဆင်ဖွယ်ရာပန်းခိုင်ကြီးကိုပြုလုပ်ပြီးလျှင် ထိုပန်းခိုင်ကြီးနှင့်တကွ

WWW.DHAMMARANSI.COM



အကုသိုလ်နေပူကို ကာကွယ်ဟန့်တားကြောင်းဖြစ်သည့် အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကြီးကို ပေးတော်မူ၍ရင်း....၊ နိဗ္ဗာန်ဟူသည် ဘေးမဲ့ပြည့်သို့ သာကြည်နှစ်တောင်း ရောက်နိုင်ကြောင်းဖြစ်သည့် အဋ္ဌင်္ဂိကမဂ်တည်းဟူသော တရားပန်းကြီးကို ဖန်ဆင်းတည်ထွင်တော်မူကာ သာဝကများစွာ ရဟန္တာအရှင်မြတ်တို့နှင့်တကွ ထိုကဿပမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူလေပြီ။

## သံဝေဂ

မနှိုင်းရှည့်အပ်သော ဂုဏ်တော်တို့၏ တည်ရာဖြစ်၍ သူတပါးတို့ ချဉ်းကပ်ဝံ့ခဲစွာသော ထိုကဿပ မြတ်စွာဘုရားသည်ရင်း....၊ ထိုမြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သည် ဖြစ်၍ လာလှည့် ရှုလှည့် ကျင့်ကြံလှည့်ဟု ရဲရဲရင့်ရင့် ဖိတ်ခေါ်ပြောဆို စိမ်ခြင်းငှါ ထိုက်သင့်လှစွာသော ထိုတရား ရတနာတော်မြတ်သည်ရင်း....၊ ထိုတရားရတနာကို ကောင်းစွာ ကျင့်ကြံသည် ဖြစ်၍ အလွန်မြတ်လှစွာသော တပည့်သား သာဝကများစွာ သံဃာ ရတနာသည်ရင်း....၊ ထိုအလုံးစုံသည် ချုပ်ဆုံး ကွယ်ပျောက်ခဲ့လေပြီ....၊ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ခိုင်မာသောအနှစ်မရှိ၊ အချည်းနှီးသာဖြစ်ကုန်စွတကား....။

## စေတီတော်

ဤသို့လျှင် မာရ်ငါးပါးကိုအောင်တော်မူ၍ လူနတ်တို့၏ဆရာဖြစ်တော်မူသော ကဿပမြတ်စွာဘုရားသည် ကာသိတိုင်းအဝင်အပါ သေတဗျမြို့၏အနီး သေတဗျအမည်ရှိသော ဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ဇမ္ဗူဒိပ်ကျွန်းသူ ဗိုလ်လူအပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေးကြပြီးလျှင် အပြင်မှစီရန်အုဋ်တချပ် တချပ်ကို တကုဋေ့တန် တကုဋေ့တန် အတွင်းဖို့ရန်အုဋ်တချပ် တချပ်ကို ငါးသန်းတန် ငါးသန်းတန် ပြုလုပ်၍ (ရွှေး

WWW.DHAMMARANSI.COM



ဆိုအပ်ပြီးသည့်နည်းအတိုင်း) တယူဇနာ အမြင့်ရှိသော စေတီတော်ကြီး တည်ထားကော်ရော် ပူဇော်ကြကုန်၏။

ကဿပဗုဒ္ဓဝင် ပြီး၏။

## ဗျာဒိတ်ခံခဲ့ပုံ အချုပ်လင်္ကာ

ဤသို့လျှင် ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားအစ ကဿပ မြတ်စွာဘုရားအဆုံး နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ အထံတော်၌ နိယတဗျာဒိတ်ခံတော်မူခဲ့ပုံ အကျဉ်းချုပ်ကို ဓမ္မရာသီမျိုး ပိုဒ်ရေ (၇၊၈၊၉) တို့၌ ဤကဲ့သို့ ရေးသား စပ်ဆိုထားလေသည်—

လေးသင်္ချေနှင့်၊ သိန်းနေစွန်းမြတ်၊ ရေတွက်လတ်မူ၊ မည်မှတ်နာမ၊ သင်္ချေယျကား၊ သေလ, ဘာသ၊ ဇေယျ, ရုစိ၊ လေးပါးရှိ၏။ ။ အာဒိ သေလ၊ သင်္ချေယျတွင်၊ သာရမဏ္ဍ၊ ကမ္ဘာမထက်၊ ဇိနဘုန်းထင်၊ တဏှင်္ကရာ၊ မဟာမေဓင်၊ သရဏင်နှင့်၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ၊ ပွင့်တော်မူ၏။ ။နတ်လူတို့မှူး၊ သုံးဦးဘုရား၊ ဖူးပါငြားလည်း၊ ညွတ်တွားကော်ရော်၊ ဗျာဒိတ်တော်ကို၊ ရှစ်ဖော်အင်္ဂါ၊ မစုံပါ၍၊ မနာလိုက်ရ—(၁) နောက်စွန်းမှလျှင်၊ ဖြူဆွညာဏ်ဝါ၊ သုမေဓာဟု၊ ကျေညာကျော်လှစ်၊ ရသေ့ဖြစ်၍၊ ရှင်ချစ်ဘုရား၊ဆွမ်းခံသွားက၊ ဘဝါးတော်ဦး၊ ထိမူးမှုးဝယ်၊ သံကျူးမိန့်ရွတ်၊ ဗျာဒိတ်လွှတ်၏။

(၂) မည်မှတ်သေလ၊ သဦးလေမှလျှင်၊ သာရကမ္ဘာ၊ ပေါ်သော ခါဝယ်၊မည်သာကောဏ္ဍည၊သုံးလူ့ ဘဝ၌၊ဘုရားအလောင်း၊မင်းကောင်း စကြဝတေး၊ နီးဝေးခေါ်ညီ၊ ဝိဇိတာဝီဖြစ်ကြိုက်၊ ဖူးလိုက်ကြည်ဒေး၊ လှူကြီးပေးကာ၊ ရှေးနှင့်တမျှ၊ ဗျာဒိတ်ရ၏။

(၃) ဘာသသင်္ချေ၊ သဦးပြန်လေမှ၊ တည်တွေ့ကပ်မှန်၊ သာရမဏ်၌၊ ဘုန်းသန်မင်္ဂလာ၊ ပွင့်သောခါဝယ်၊ မည်သာသုရုစိ၊ ကိတ္တိထင်ရှား၊ ပုဏ္ဏားဖြစ်တုံ၊ စေ့စုံလှူကမ်း၊ ဗျာဒိတ်မှမ်း၏။

(၄) ငြိမ်းချမ်းသုခ၊ ပေးဝေငှသား၊ သုမနဘုရား၊တခြားဆက်ကာ၊ ဖြစ်သောခါလည်း၊ မဟာနာဂ၊ အတုလဟု၊ ဒေဝရေနတ်၊ ဘုရားမြတ်၌၊ လှူဝတ်သန့်ရှင်း၊ ဗျာဒိတ်နှင်း၏။

WWW.DHAMMARANSI.COM



(၅) မည်ရင်းရေဝတ၊ မြတ်ဇိနဠ်၊ တွင်ထမည်ရှိ၊ အတိဒေဝ၊ ဗြာဟ္မဏလျှင်၊ မျှားလှုကံကျေး၊ အလှူပေး၍၊ သံလေးဗျာဒိတ်၊ ကျွန်းလုံးထိတ်၏။

(၆) အမြိုတ်ဆက်ထ၊ သောဘိတဟု၊ မည်ရဘုန်းထင်၊ ပွင့်ခါတွင်လည်း၊ လုလင့်အဇိတ၊ ဗြာဟ္မဏဟု၊ ကြီးလှလှူဆက်၊ ဗျာဒိတ်မြွက်၏။

(၇) ထို့ထက်သုဉ်းထ၊ ဇေယျသခေ်ျ၊ လွန်လေပညပ်၊ ဝရကပ်ထက်၊ သုံးရပ်ဦးစွန်း၊ မည်မှန်းပေါက်ပြ၊ အနောမဒဿီ၊ သိညီသစ္စာ၊ ပွင့်သောခါဝယ်၊ သေနာဒိဗ္ဗ၊ ယက္ခအမှူး၊ ဘီလူးဖြစ်ကြိုက်၊ ဖူးရလိုက်၍၊ ကောင်းမြိုက်လှူကြီး၊ ဗျာဒိတ်ချီး၏။

(၈) တသီးစပ်ထ၊ ပဒုမဟု၊ လောကတန်ဆောင်၊ ငါးမာရ်အောင်၍၊ တောတောင်ရန်လုစ်၊ ခြင်္သေ့ဖြစ်၍၊ ကြည်ချစ်ရိုခ၊ ဗျာဒိတ်ရ၏။

(၉) နာရဒဘုန်းထင်၊ ဆက်ဘာပင်တည့်၊ ပွင့်စင်တုံ၍၊ ရသေ့ဖြစ်ခါ၊ ဖူးရပါက၊ မျှားစွာလုပ်ကျေး၊ ဗျာဒိတ်ပေးသည်၊ ၊ကြော့သွေးပွဲနှံ့၊ မိန့်သံတည်း။ ။

(၁၀) ထို့နောက်ရှစ်၊ မည်ရှိသခေ်ျ၊ သုဉ်းပြန်လေမှ၊ ခေါ်ထွေသာရ၊ ကမ္ဘာမထက်၊ ပဒုမုတ္တရ၊ ကြီးတေဇနှင့်၊ ပွင့်ထသစ္စာ၊ ထိုရောခါဝယ်၊ မဟာသေဋ္ဌ၊ ဇဋိလ-ဟု၊ မည်ရသဌေး၊ အလှူပေး၍၊ စည်းဝေးပွဲပြင်၊ ဗျာဒိတ်တင်၏။

(၁၁) ထိုတွင်ဆင့်လောင်း၊ သုံးသောင်းကပ္ပ၊ သုဉ်းလေမှလျှင်၊ မဏ္ဍကမ္ဘာ၊ ပေါ်သောခါဝယ်၊ သုမေဓာဘုရား၊ ထင်ရှားဖြစ်ဘာ၊ ဥတ္တရဟု၊ နာမမည်စစ်၊ လုလင်ဖြစ်၍၊ ကြည်ချစ်လှူကပ်၊ ဗျာဒိတ်ထပ်၏။

(၁၂) မံလပ်ဆင့်ကာ၊ သုဇာတာဟု၊ မြတ်စွာဘုန်းရှိ၊ ပွင့်တုံပြီလည်း၊ ကြီးဘိတန်းခိုး၊ လေးကျွန်းစိုးသား၊ ဘုန်းဖြိုးသနင်း၊ စကြာမင်းလျှင်၊ သတင်းနှီးဝေး၊ လှူကြီးပေး၍၊ မြတ်လေးရှင်လန်း၊ ဗျာဒိတ်ညွှန်း၏။

(၁၃) တခန်းစင်စစ်၊ တဆယ့်ရှစ်လျှင်၊ သုဉ်းလစ်တုံထွန်၊ ကမ္ဘာလွန်မှ၊ တတန်ဝရ၊ ကမ္ဘာမထက်၊ ပိယဒဿီ၊ ပွင့်ချိန်ဆီဝယ်၊ အညီခေါ်ကြ၊ ကဿပဟု၊ ဗြာဟ္မဏစစ်၊ ပုဏ္ဏားဖြစ်၍၊ အလှစ်ဥစ္စာ၊ လှူပြီးစွာမှ၊ တခါလည်းကောင်း၊ ဗျာဒိတ်လောင်း၏။

WWW.DHAMMARANSI.COM



(၁၄) ထို့နောင်း အတ္တ-ဒဿီမှလည်း၊ သုသီမရသော့၊ ဖြစ်၍လူလူ၊ ပူဇော်ပြုက၊ အောင်ဆုပေးတုံ၊ ဗျာဒိတ်ပုံ၏။

(၁၅) ကြိုက်ဆုံနောက်မှ၊ ဓမ္မဒဿီ၊ နှစ်ပါးညီဝယ်၊ မိုးဆီတောင်ထွတ်၊ သိကြားနတ်လျှင်၊ ကြည်ညွတ်ပူဇော်၊ ဗျာဒိတ်ဖော်၏။

(၁၆) ထိုရော်နောက်မှာ၊ ငါးကမ္ဘာလျှင်၊ သုဦးရှာလေမှ၊ သာရကပ်တွင်၊ မည်ထင်သိဒ္ဓတ်၊ ပွင့်ပေလတ်က၊ ကြီးမြတ်တန်းခိုး၊ ကျော်ဟိုးမည်သာ၊ မင်္ဂလာရသော့၊ ဖူး၍ကြည်ဖြူ၊ အလှူပေးထွန်း၊ ဗျာဒိတ်ပြန်၏။

(၁၇) တတန်လွန်ခဲ့၊ ကိုးဆဲ့နှစ်ကမ္ဘာ၊ သုဦးပြီးစွာမှ၊ မည်သာပညပ်၊ မဏ္ဍကပ်ထက်၊ လူ့ရပ်ပေါက်ပြ၊ တိဿမည်ဇာစ်၊ ဘုရားဖြစ်က၊ ကျောရာစ်မင်း၊ ထန်ပြင်းအာဏာ၊ သုဇာတာဟု၊ ထိုခါဖြစ်ပြီး၊ အလှူကြီးဖြင့်၊ ဆုသီးရည်စောင်၊ ဗျာဒိတ်ဆောင်၏။

(၁၈) ထိုနောင်ဖုဿ၊ ပွင့်လေကလည်း၊ ဝိဇိတာဝီ၊ လွှံ့ညီသတင်း၊ ပြည့်ရှင်မင်းလျှင်၊ လှူခြင်းဆန်းထူး၊ ဗျာဒိတ်ကျူးသည်၊ ကျေးဇူးထွန်းပ မြူးစံတည်း။

(၁၉) ဤကမ္ဘာမှ၊ ကေလွန်လေ၊ ကိုးဆယ်ထွေ၌၊ ခေါ်ထွေတွင်ထ၊ ကပ်သာရထက်၊ လောကအထွတ်၊ ဝိပဿီမည်ထင်၊ ပွင့်တုံကျင်သော်၊ ရေတွင်ပိုင်သ၊ အစိုးရသား၊ အတုလမည်ရင်း၊ နဂါးမင်းလျှင်၊ ညွတ်ခြင်းပူဇော်၊ ဗျာဒိတ်ကျော်၏။

(၂၀) ထိုရော်သုဦးပြန်၊ ခြောက်ဆယ်လွန်၍၊ ကပ်ကျန်သုံးဆယ်၊ တစ်ခုဝယ်၌၊ ခေါ်ဘွယ်မည်ရ၊ ကပ်မဏ္ဍထက်၊ လောကထွတ်တင်၊ သိခီတွင်သား၊ ချစ်ရှင်မြတ်စွာ၊ ဖြစ်သောခါ၌၊ ရာဇာအရိန္ဒမ၊ ကြီးလှလှူမျိုး၊ ဗျာဒိတ်ပျိုး၏။

(၂၁) တန်းခိုးကြီးထူ၊ ဝေဿဘူဟု၊ နတ်လူဦးစွန်း၊ ဆက်ကာထွန်းက၊ မည်မှန်းခေါ်မှတ်၊ သုဒဿန၊ နရိန္ဒဟု၊ ဖြစ်ထတုံထွန်၊ အလှူသန်၍၊ တတန်ပေးထပ်၊ ဗျာဒိတ်အပ်၏။

(၂၂) အလပ်ထို့နောက်၊ သုံးဆယ်မြောက်သား၊ ချိန်ရောက်ကမ္ဘာ၊ သုဦးပြီးစွာမှ၊ မဟာဘဒ္ဒ၊ ကပ္ပမြတ်စွာ၊ ဤကမ္ဘာထက်၊ မည်သာကျော်ဝှန်၊ ကကုသန်ဟု၊ မြတ်မှန်ရှင်ချစ်၊ ပွင့်ပေလစ်က၊ ကျော်လှစ်ခေမာ၊ မင်းမြတ်စွာလျှင်၊ လှူရာစေ့စုံ၊ အကုံပြန့်ပြော၊ ဗျာဒိတ်ဟော၏။

WWW.DHAMMARANSI.COM



(၂၃) ရှင်စောဖုံဖုံ၊ ကောဏာဂုံလျှင်၊ ပွင့်တုံကာလ၊ ပဗ္ဗတဟု၊ နရရှင်နှင်း၊ လူမင်းစောမိး၊ အလှူကြီးမြင့်၊ ကောင်းချီးပေးတင့်၊ ဗျာဒိတ်ဆင့်၏။

(၂၄) ဘုန်းရှင့်မြတ်လှ၊ ကဿပဟု၊ လူ့ဘထွတ်ခေါင်၊ ငါးမာရ်အောင်က၊ ပွဲဘောင်နှံ့သိ၊ ဇောတိပါလ၊ ဗြာဟ္မဏဟု၊ မည်ရလုလင်၊ ဖူးတွေ့မြင်၍၊ ကြည်ရှင်ရှိသေ၊ ရှင်ပြုလေသော်၊ ပေးတွေ့မကျန်၊ ဗျာဒိတ်စွန့်ဖြင့်၊ ပွင့်ရန်ချိန်ထောက်၊ အပြီးရောက်၏... .... ....၊

နှစ်ကျိပ်လေးဆူဗုဒ္ဓဝင်ခဏ်း ပြီး၏။

---

## (နောက်ဆက်တွဲ)

## ဂေါတမ မြတ်စွာဘုရားအလောင်းတော်

## ကျင့်စဉ် အကျဉ်းချုပ်

ရှေးက ရေးသားဖော်ပြအပ်ပြီးသောအတိုင်း ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ကဿပမြတ်စွာဘုရားတိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာဘုရားများထံမှာ ဗျာဒိတ်ခံယူရသည်ဖြစ်ရာ ဗျာဒိတ်ခံယူခဲ့သည့် ဘဝအထူးတို့ကို သဘောတူရာ စုရုံးဖော်ပြသည်ရှိသော်....

## ရသေ့အဖြစ် (၅) ဘဝ

(က) ဒီပင်္ကရာမြတ်စွာဘုရားအထံတော်မှာ သုမေဓာရှင်ရသေ့အဖြစ်ဖြင့် ရှေးဦးအစ နိယတဗျာဒိတ် ခံယူတော်မူပြီးနောက်....

(ခ) နာရဒမြတ်စွာဘုရား အထံတော်မှာ ဇဋိလအမည်ရှိသော ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဂ) အတ္ထဒဿီမြတ်စွာဘုရားအထံတော်မှာ သုသိမရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဃ) သိဒ္ဓတ္ထမြတ်စွာဘုရား အထံတော်မှာ မင်္ဂလရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

WWW.DHAMMARANSI.COM



(င) တိဿမြတ်စွာဘုရား အထံတော်မှာ သုဇာတ ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း—

အားဖြင့် ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၅) ငါးဘဝ ဖြစ်လေသည်။

## ရဟန်းဘဝ (၉) ဘဝ

(က) ကောဏ္ဍည မြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(ခ) မင်္ဂလမြတ်စွာဘုရားအထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဂ) သုမေဓမြတ်စွာဘုရား အထံတော်မှာ ဥတ္တရ အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(ဃ) သုဇာတမြတ်စွာဘုရား အထံတော်မှာ စကြာ မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(င) ဖုဿမြတ်စွာဘုရား အထံတော်မှာ ဝိဇိတာဝီ အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(စ) ဝေဿဘူမြတ်စွာဘုရားအထံတော်မှာ သုဒဿန အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(ဆ) ကကုသန်မြတ်စွာဘုရား အထံတော်မှာ ခေမ အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

WWW.DHAMMARANSI.COM



(ဇ) ကောဏာဂုံမြတ်စွာဘုရား၊အထံတော်မှာ ပဗ္ဗတ အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(ဈ) ကဿပမြတ်စွာဘုရား အထံတော်မှာ ဇောတိ ပါလ ပုဏ္ဏားလုလင်ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း—

အားဖြင့် ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၉) ကိုးဘဝ ဖြစ်လေသည်။

## လူအဖြစ်ဖြင့် (၅) ဘဝ

(က) ရေဝတမြတ်စွာဘုရားအထံတော်မှာ အတိဒေဝ အမည်ရှိသောပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ခ)သောဘိတမြတ်စွာဘုရား အထံတော်မှာ အဇိတ အမည်ရှိသောပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

(ဂ) ပဒုမုတ္တရ မြတ်စွာဘုရားအထံတော်မှာ ဇဋိလ အမည်ရှိသော သူဌေးဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(ဃ) ပိယဒဿီမြတ်စွာဘုရားအထံတော်မှာ ကဿပ အမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ် ခံယူခြင်း၊

(င) သိဒ္ဓိမြတ်စွာဘုရားအထံတော်မှာ အရိန္ဒမ အမည် ရှိသော မင်းဖြစ်၍ လူအဖြစ်ဖြင့်ပင် ဗျာဒိတ်ခံယူခြင်း—

အားဖြင့် လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၅) ငါးဘဝ ဖြစ်လေသည်။

## နဂါးဘဝ (၂) ဘဝ

(က) သုမနမြတ်စွာဘုရား အထံတော်မှာ အတုလ အမည်ရှိသော နဂါးမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း၊

WWW.DHAMMARANSI.COM



(ခ) ဝိပဿီမြတ်စွာဘုရား အထံတော်မှာ အတုလ အမည်ရှိသော နဂါးမင်းပင်ဖြစ်၍ ဗျာဒိတ်ခံယူခြင်း—

အားဖြင့် နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းမှာ (၂) နှစ်ဘဝ ဖြစ်လေသည်။

## အဖြစ်တော်တမျိုးစီဖြင့် (၃)ဘဝ

(က) ဓမ္မဒဿီမြတ်စွာဘုရား အထံတော်မှာ သိကြားမင်းဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁)တစ်ဘဝ၊

(ခ) အနောမဒဿီ မြတ်စွာဘုရား အထံတော်မှာ ဘီးလူးစစ်ဘုရင်ဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁)တစ်ဘဝ၊

(ဂ) ပဒုမမြတ်စွာဘုရား အထံတော်မှာ ခြင်္သေ့မင်း ဖြစ်၍ ဗျာဒိတ်ခံယူခြင်း (၁)တစ်ဘဝ—

အားဖြင့် အဖြစ်တော်တမျိုးစီဖြင့် ဗျာဒိတ်ခံယူရသော ဘဝပေါင်းတို့မှာ (၃)ဘဝတို့ ဖြစ်ကုန်၏။

ရသေ့ ပဉ္စ၊ နဝ ဘိက္ခု၊ လူ ့အဖြစ်ငါး၊ နှစ်နဂါးတည့်၊ သိကြား ယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သချာ်ဇာဝီသ။

## သာသနာတော်နှင့် ကြုံကြိုက်ခဲ့ခြင်း

ဤသို့လျှင် ငါတို့မြတ်စွာဘုရား အလောင်းတော် ပါရမီဖြည့်တော်မူရသော လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်း၌ ဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်အစ ကဿပမြတ်စွာ ဘုရား၏ သာသနာတော်တိုင်အောင် (၂၄) နှစ်ဆယ့်လေးဘဝ သာ သာသနာတော်နှင့် တွေ့ကြုံရသည်ကို ထောက်ဆ၍ ဘုရားသာသနာနှင့် ကြုံကြိုက်ခဲသည်၏အဖြစ်ကို နှစ်နှစ်နေ့နေ့ သဘောကြီးဆမိကြ၍ မိမိတို့ တွေ့ကြုံနေရသော သာသနာတော် ခေတ်ကို အချည်းနှီးမဖြစ်အောင် အားသစ် ကြိုးစားသင့်လှ ပေ၏။

WWW.DHAMMARANSI.COM



## ရဟန်းအဖြစ်၏ ရခဲခြင်း

ဒီပင်္ကရာ မြတ်စွာဘုရား အထံတော်မှာ နိယတဗျာဒိတ်ကို ခံယူရရှိပြီးဖြစ်သော အလောင်းတော် သူမြတ်ကြီးပင် တွေ့ကြုံရသော မြတ်စွာဘုရားတို့၏ သာသနာတော်မှာ (အချိန်ကာလနှင့် နှိုင်းစာလျှင် အလွန့်အလွန် နည်းပါးလှသည် ဟု ဆိုရလောက်အောင်ပင်) နှစ်ဆယ့်လေးသာသနာဖြစ်၍ ထိုနှစ်ဆယ့်လေး သာသနာတို့တွင်လည်း အလောင်းတော် သူမြတ်ကြီးမှာ သာသနာဝန်ထမ်း ရှင်ရဟန်းအဖြစ် (၉) ကိုးဘဝကိုသာ ရရှိတော်မူသည်ကို ထောက်ဆလျှင် ရဟန်းဖြစ်ရန်ကိစ္စမှာ "ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော = ရဟန်းအဖြစ်ကို ရခဲလှ၏" ဟူသော ကျမ်းလာစကားအရ အလွန်တရာခဲယဉ်းကြောင်း ထင်ရှားပေသည်။ နိယတဗျာဒိတ်ရပြီး ပုဂ္ဂိုလ်ကြီးများပင် ရဖို့ရန် ခဲယဉ်းလှသော ရဟန်းအဖြစ်ကို အခြားသာမညလူတို့ ရဖို့ရန်မှာ ဆိုဖွယ်ရာမရှိ၊ အလွန့်အလွန်ပင် ခဲယဉ်းလှသည်ဟူ၍သာ မှတ်ယူသင့်ပေသည်။

## ဒုလ္လဘရဟန်း

ယခုလောက ဗုဒ္ဓဘာသာဝင် အချို့သူတော်စင်တို့မှာ မိမိတို့၏ ပရိယေသနဆိုင်ရာ အမှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေကြရသည့်အတွင်း အားလပ်ခွင့် ရလာလျှင် ထိုအားလပ်သော အချိန်ကို အချည်းနှီးမဖြစ်စေပဲ ရခဲလှစွာသော ရဟန်းအဖြစ်ကို ဤအားလပ်သော အချိန်အတွင်းမှာပင် ရယူနိုင်ရန် ရည်သန်၍ ရဟန်းပြုလုပ်ကြ၏။ ထိုသို့ ပြုလုပ်သော ရဟန်းကို "ဒုလ္လဘရဟန်း" ဟူ၍ ခေါ်ကြ၏။ ဆိုလိုရင်းအဓိပ္ပါယ်မှာ....ပြခဲ့ပြီးသည့်အတိုင်း အလွန်တရာ ရခဲလှစွာသော ရဟန်းအဖြစ်ကို နေ့လတာရှည် အမြဲမပြုလုပ်နိုင်စေကာမူ ခေတ္တယာယီအတွင်း ရရှိရန် ပြုလုပ်ကြခြင်းဖြစ်သည်ဟု ဆိုလိုသည်။

ဤအဓိပ္ပါယ်ကို မစဉ်းစား မဆင်ခြင်မိလျှင် လောက၌ ဤကဲ့သို့ အားလပ်သည့်အချိန်အတွင်း ခေတ္တယာယီ ရဟန်းခံသောသူသာ ဒုလ္လဘရဟန်းဖြစ်သည်၊ ငယ်စဉ်ကစ၍ သာမဏေအဖြစ်မှ

WWW.DHAMMARANSI.COM



ကူးပြောင်းကာ အစဉ်သဖြင့် ရဟန်းအဖြစ်သို့ ရောက်သောသူ၏ ရဟန်းအဖြစ်(ငယ်ဖြူစင်စစ် ရဟန်းအဖြစ်)ကိုကား ဒုလ္လဘမဟုတ် ဟူ၍ ထင်မြင်ယူမှားတတ်သည်။ ထိုသို့ ထင်မြင်ယူမှားသောကြောင့်ပင် ဒုလ္လဘရဟန်းကို ပကတိအသက်အရွယ် နှစ်ဆယ်ကစ၍ ရဟန်းပြုခဲ့သော ငယ်ဖြူထာဝရ ရဟန်းများထက် ပိုမိုအရေးယူကာ လျှုဒါန်းတတ်ကြလေသည်။ စင်စစ်ကား ယာယီခေတ္တ ဒုလ္လဘ ရဟန်းအဖြစ်မျှပင် ရနိုင်ခဲပါက အစဉ်ထာဝရ အရှည်ရည်ရွယ် ပြုလုပ်သော ရဟန်းအဖြစ်မှာကား ရခဲသည်ဟူ၍ပင် ထူး၍ပြောဆိုရန်မလို၊ အမှန်ပင် ရခဲလှ၏ဟူ၍သာ မှတ်သားအပ်၏။

## မင်းမှုထမ်းနှင့် ရဟန်းအဖြစ်

**အချို့သောသူများက—**

> "န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော = ရဟန်းတို့...မင်းခစားများကို ရှင်ရဟန်းပြု၍ မပေးရ" ဟု ပညတ်တော်မူချက်ရှိသောကြောင့် အစိုးရအမှုထမ်းများမှာ ပြဆိုခဲ့သည့်အတိုင်း အားလပ်ချိန်မှာ 'ရဟန်းပြုလိုပါသည်၊ ရဟန်းပြုလုပ်ပေးပါ' ဟု လျှောက်ထားသော်လည်း သံဃာတော်များက ရဟန်းပြု၍ မပေးကောင်း....၊ ဤသို့ ဝိနည်းတော်နှင့် ဆန့်ကျင်နေသည့်အတွက် ယခုကာလ ဒုလ္လဘ ရဟန်းအလုပ်ကို မင်းမှုထမ်းများ မပြုလုပ်သင့်"ဟု—

ပြောဆိုတတ်ကြပေ၏။ ဤသို့လည်း မပြောထိုက်ပေ၊ ဝိနည်းမဟာဝဂ္ဂ အဋ္ဌကထာ မဟာခန္ဓက ရာဇဘဋဝတ္ထုအဖွင့်၌၊ ၊ မင်းခစားပင်ဖြစ်သော်လည်း စားကြေးလခ နှစ်ခုတို့ကို မင်းအား ပြန်၍ အပ်နှင်းသောသူ၊ မိမိရာထူး ဌာနန္တရကို သားကိုဖြစ်စေ ညီကိုဖြစ်စေ လွှဲအပ်၍ ရာထူးပေးသော မင်းကို "ယခုအခါ အကျွန်ုပ်သည် အရှင်မင်း၏ အခစားမဟုတ်တော့ပေ"ဟု မင်းထံ ပန်ကြားပြီးသောသူ၊ ပေးအပ်သော လစာရိက္ခာအတွက် ဆောင်ရွက်ရန် အလုပ်ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပြုလုပ်ပြီးသောသူနှင့် အာဏာပိုင် မင်းကိုယ်တိုင်က "ရှင်ရဟန်းပြုလိုမူ ပြုလေ"ဟု

WWW.DHAMMARANSI.COM



အနူးအညွတ် ကျေနပ်စွာ ခွင့်ပြုပြီးသော သူတို့ကိုကား ရဟန်း ပြုပေးခြင်းငှါ အပ်စပ်၏၊ ။ဟူ၍ ဖွင့်ပြထားလေသည်။ ဤအဋ္ဌကထာ ဖွင့်ပြချက်ကို ထောက်၍ ယခုကာလ ပင်စင်စားများ အပြီးအပိုင် ရဟန်းပြုလိုမူ (အမြဲတမ်း ရဟန်းပြုလိုမူ) ထိုပင်စင်ကို မင်းထံပြန်၍ အပ်နှင်းပြီးမှသော်၎င်း၊ မင်းထံမှ "ရဟန်းပြုလိုမူ ပြုလော့"ဟူ၍ အနူးအညွတ် ခွင့်ပြုချက်ကို ရယူပြီးမှသော်၎င်း ရဟန်းပြုသင့်ပေသည်။

ဝိနည်းတော်မှာ "မင်းခစား ယောကျ်ားများကို ရှင်ရဟန်း ပြု၍ မပေးရ"ဟု ပညတ်တော်မူချက်မှာ မင်းခစားယောကျ်ား အဖြစ်မှ လွတ်မြောက်ရန် ရည်သန်ကာ သာသနာတော်တွင် ခိုဝင်နေသူ မင်းခစားများကိုသာ ရှင်ရဟန်းပြု၍ မပေးရဟု ပညတ်တော်မူလိုရင်း ဖြစ်သည်။ (ထိုအကြောင်းကို ထိုရာဇဘဋ္ဌဝတ္ထုရင်း ပါဠိတော်ကိုထောက်၍ သိရာ၏။)ယခုကာလ ယာယီ ဒုလ္လဘ ရဟန်းပြုကြသော မင်းမှုထမ်းတို့မှာ အမှုထမ်းအဖြစ်မှ လွတ်မြောက်ရန် အနည်းငယ်မျှ ရည်ရွယ်ချက်မရှိ၊ အာဏာ ပိုင် အစိုးရများက "ဤသို့ ဒုလ္လဘရဟန်း ပြုရမည်လော"ဟု စိတ်သဘောမကျပဲ အမှုထမ်းအဖြစ်မှ ထုတ်ပယ်ပစ်လိုက်မည်ကို ပင် များစွာစိုးရိမ်နေကြသောသူတွေချည်း ဖြစ်ပေသည်၊ သို့ဖြစ်၍ ဝိနည်း မဟာဝါပါဠိတော်လာ သိက္ခာပုဒ်တော်နှင့် ယခုကာလ ဒုလ္လဘ ယာယီရဟန်းပြုခြင်းမှာ ဆိုင်ရာအာဏာပိုင်မင်းများထံမှ ခွင့်ရလျှင် တစုံတရာ ဆန့်ကျင်ခြင်းမရှိ ဖြစ်ပေသည်။

ထိုသိက္ခာပုဒ်၌ လာသည့်အတိုင်း မင်းခစားအဖြစ်မှ လွတ်မြောက်လို၍ သာသနာတော်တွင် ခိုဝင်လာသောသူ ဖြစ်စေကာမူ ရဟန်းခံပေးလိုက်သောအခါ ခံပေးသည့်ဆရာရဟန်းများမှာသာ ဒုက္ကဋ်အာပတ်သင့်၍ ရဟန်းခံသောသူမှာကား ရဟန်းအဖြစ် မြောက်သည်သာဟု ဝိနည်းကျမ်းဂန်တို့၌ အထင်အရှားရှိပေသည်။

**ထင်မြင်ဖွယ် ရှိပြန်သည်ကား—**

ဤသို့ နိယတဗျာဒိတ်ရပြီးသော အလောင်းတော်ကြီး ပင် နှစ်ကိုပ်လေးဆူသော မြတ်စွာဘုရားတို့နှင့် တွေ့ကြုံ

WWW.DHAMMARANSI.COM



ပါလျက် ကိုးကြိမ်သာ ရဟန်းဖြစ်ရသည်ကို ထောက်သဖြင့် ရဟန်းအဖြစ်ကို ရဖို့ရန် ခဲယဉ်းသည်ဟု ဆိုသော် ဆိုတန်ပါစေ၊ ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက် မြတ်စွာဘုရား ရမ္မာဝတီပြည်သို့ ဆွမ်းခံဝင်သောအခါ နောက်တော်မှ ရဟန္တာ လေးသိန်း ပါရှိကြောင်းကိုဂုဏ်း၊သာဝက အစည်းအဝေး သုံးဌာန ရှိသည့်အနက် ပဌမ အစည်းအဝေးမှာ ရဟန္တာပေါင်း ကုဋေတသိန်း ရှိကြောင်းကိုဂုဏ်း ဗုဒ္ဓဝင်ပါဠိတော်ကြီးမှာ ဟောထားတော်မူသည်ကို ထောက်ပြန်လျှင် ဤမျှလောက် ရဟန္တာ ပုဂ္ဂိုလ်ကြီးတွေ များနေသည့်အတွက် ရဟန်းဖြစ်ရန် ခက်ခဲမည်မဟုတ်ပေဟု—

ထင်မြင်မှတ်သားဖွယ်ရာလည်း ရှိနေပြန်သည်။ စင်စစ်မှာ ရဟန်းအဖြစ်ကို ရရန်ခဲယဉ်းသည် ဆိုရာ၌ ရရန်အကြောင်းများ ညီညွတ်ခဲသည်ဟူ၍ အဓိပ္ပါယ် ကောက်ယူရ၏၊ ဘုရားအလောင်းတော်ကြီးသည် မြတ်စွာဘုရားသာသနာတော်နှင့် တွေ့တိုင်း တွေ့တိုင်း ရဟန်းပြုရန် အကြောင်းအခွင့် မညီညွတ်သောကြောင့် ရဟန်းအဖြစ် ရခဲနေပေသည်။ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် အလွန်များပြားလှစွာသော ရဟန္တာပုဂ္ဂိုလ်တို့မှာ ရဟန်းဖြစ်ရန်မျှသာမက ရဟန္တာဖြစ်ရန်ပင် အကြောင်းအခွင့် ညီညွတ် ပြည့်စုံပြီးကြသော ပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်ကြသည်။ မည်သည့် အရာမဆို အကြောင်း မညီညွတ်လျှင် အကျိုးဖြစ်ပေါ်ရန် ခဲယဉ်း၏၊ အကြောင်းညီညွတ်သောအခါ အကျိုးဖြစ်ပေါ်ရန် လွယ်ကူ၏။

ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက် မရေတွက်နိုင်လောက်အောင် များပြားသော ရဟန္တာပုဂ္ဂိုလ်ကြီးတို့မှာ ထိုဘဝတွင် ရဟန္တာဖြစ်ရန် ရှေးရှေးဘဝတို့က ဆုပန်ဖြည့်ဆည်းပူးခဲ့သော ပါရမီတော်တို့မှစ၍ အကြောင်းဥသုံ ပြည့်စုံ ညီညွတ်ကြသောကြောင့် ရဟန်းလည်းဖြစ် ရဟန္တာလည်းဖြစ်ကြကုန်သည်။ ဥပမာဆိုသော်....

WWW.DHAMMARANSI.COM



မနုဿတ္တဘာဝေါ ဒုလ္လဘော = လူ့အဖြစ်ကို ရခဲသည်၊ ရခဲပုံကို ဥပရိပဏ္ဏာသ ပါဠိတော် (၃) သုညတဝဂ်၊ (၉) ဗာလပဏ္ဍိတသုတ်၌လာသော လိပ်ကန်းဥပမာတွင် "တယောက်သောသူသည် အပေါက်တပေါက်သာ ထွင်းထားသော ထမ်းပိုးတုံးတခုကို သမုဒ္ဒရာထဲသို့ပစ်ချလိုက်ရာ ထိုထမ်းပိုးတုံးသည် အရှေ့မျက်နှာမှလေလာလျှင် အနောက်ဖက်သို့ မျော၍၊ အနောက်မျက်နှာမှ တဖန်လေလာပြန်လျှင် အရှေ့ဖက်သို့ တဖန် မျောပြန်ရာ၏၊ မြောက်မျက်နှာမှ လေလာပြန်လျှင် တောင်ဖက်သို့၊တောင်မျက်နှာမှ လေလာပြန်လျှင် မြောက်ဖက်သို့ အတည်မကျ မျောပါနေလေရာ၏။ ထိုသမုဒ္ဒရာကြီးထဲမှာ မျက်စိနှစ်ဖက် စုံလုံးပျက်သော လိပ်ကန်းကြီးတကောင်သည် အနှစ်တရာ တရာလွန်မှ တကြိမ်တကြိမ်သာ ရေမျက်နှာပြင်သို့ ပေါ်တက်လာလေရာ၏။ ထိုသို့ အနှစ်တရာ တရာမှ တကြိမ်တကြိမ်သာ ရေမျက်နှာပေါ်သို့ ပေါ်တက်လာသော လိပ်ကန်းကြီး၏ ဦးခေါင်းသည် လေယူရာသို့ အတည်မကျ မျောပါနေသော ထမ်းပိုးတုံး၏ အပေါက်ထဲသို့ လျှိုမိ စွပ်မိရန် ခဲယဉ်းလှပေ၏။ ထို့ထက် တကြိမ်လောက်အပါယ်ဘေး ဝိနိပါတဘေးကြီး သင့်သော သတ္တဝါ (အပါယ်ဘုံသားသတ္တဝါ)တယောက်သည် လူ့အဖြစ်ကို ရဖို့ရန် အပြန်အရာမက ခဲယဉ်းလှပေ၏"ဟူ၍ ဟောကြားထားသည်။ တပါးသောပါဠိတော်များ၌လည်း လူ့အဖြစ်ကို ရဖို့ရန် ခဲယဉ်းကြောင်းများစွာ ဟောကြားထားလေသည်။

ဤသို့ တဖက်မှ လူ့အဖြစ်ကို ရခဲလှကြောင်း ဟောကြားထားသော်လည်း အပဒါန်ပါဠိတော် ဝိမာနဝတ္ထုပါဠိတော် အစရှိသည်တို့မှာကား ပန်းတပွင့်လှူရုံမျှနှင့် ဘဝများစွာ လူချမ်းသာနတ်ချမ်းသာ ရနိုင်ကြောင်းကို ဟောထားပြန်သဖြင့် "လူဖြစ်ရန်မခဲယဉ်းပါ၊ အလွယ်နှင့်ပင် ဖြစ်နိုင်ပါသည်"ဟု ထင်မြင်မှတ်ယူဖွယ်လည်း ရှိပြန်၏။ သို့ရာတွင် ပြခဲ့ပြီးသောအတိုင်း လူဖြစ်ရန်အကြောင်းအပေါင်း မညီညွတ်နိုင်သူတို့အတွက် ဗာလပဏ္ဍိတသုတ်စသည်တို့၌ ဟောတော်မူ၍၊အကြောင်းအပေါင်းညီညွတ်၍

WWW.DHAMMARANSI.COM



ပန်းတပွင့်အလှူမျှဖြင့်ပင် လူ့ဘဝများစွာ ရနိုင်ခြင်းကို အပဒါန် ပါဠိတော်စသည်တို့၌ ဟောထားခြင်းကဲ့သို့ ရဟန်းအဖြစ်၏ ရခဲ ပုံကိုလည်း ဤနည်းအတူ မှတ်ယူရာ၏။

လူအဖြစ်နှင့်စပ်၍ကား…ယခုမျက်မြင် လောကလူ့ပြည်တွင် လူဦးရေ တနေ့ တခြား တိုးတက် မွေးဖွားနေကြသည်တို့ကို ထောက်၍ လူဖြစ်ရန်မခဲယဉ်းဟု (လေးနက်စွာ မစဉ်းစားလျှင်) ထင်မြင်ဖွယ်ရှိသော်လည်း စင်စစ်မှာ အပါယ်လေးဘုံတို့၌ဖြစ် သော သတ္တဝါတို့ကို ထောက်စာလျှင် (အပါယ်လေးဘုံကို မဆို ထားဘိ) တိရစ္ဆာန်ဘုံ တဘုံတွင်မှာလည်း အမျိုးပေါင်း မရေ မတွက်နိုင်အောင် များပြားရာ ပရွက်ဆိတ်သတ္တဝါတို့၏ ဘဝမှာ အစဉ်ပေါက်ဖွားနေကြသော ပရွက်ဆိတ် ဦးရေနှင့် လူဦးရေကို နှိုင်းစာလိုက်လျှင် ပရွက်ဆိတ် ဦးရေက မနှိုင်းစာ နိုင်လောက် အောင် များပြားနေသည်ကို တွေ့ရပေလိမ့်မည်။ ဤသို့ အပါယ် လေးဘုံမှာ ပေါက်ဖွားသော သတ္တဝါတွေ အလွန် များပြား၍ လူ့အဖြစ်မှာ ပေါက်ဖွားသောသတ္တဝါကား အလွန်နည်းပါးနေ သည်ကိုထောက်လျှင်လည်း လူ့အဖြစ်ကို ရဖို့ရန် ခဲယဉ်းကြောင်း ထင်ရှားပေ၏။

ဤနည်းအတူ ရဟန်းအဖြစ်မှာလည်း လောက၌ မြတ်စွာ ဘုရား သာသနာတော် ပေါ်ပေါက်တိုင်း ပေါ်ပေါက်တိုင်း ဝင်ရောက်ရဟန်းပြုရန် ခဲယဉ်းပေသည်၊ တဆူတဆူသော မြတ်စွာ ဘုရားတို့၏ သာသနာတော်မှာကား ရဟန်းဖြစ်ရန် အကြောင်း အခွင့် ညီညွတ်ပြည့်စုံကြသောပုဂ္ဂိုလ်အများတို့ ရဟန်းဖြစ်ရုံသာ မက ရဟန္တာအထိ ဖြစ်ကြသည့်အတွက် များနိုင်ပေသည်၊ ဤသို့ အကြောင်းညီညွတ်သဖြင့် တဆူတဆူသော မြတ်စွာဘုရားထံမှာ တိုက်ဆိုင် စုရုံးမိကြသည်ကိုထောက်၍ ရဟန်းအဖြစ်ကို ရဖို့ရန် လွယ်ကူသည်ဟု မမှတ်ယူထိုက်ပေ။

တနည်းအားဖြင့် ဒုလ္လဘငါးပါးတွင် အပါအဝင် ဖြစ်သည့် ရဟန်းအဖြစ်သည် (၁) ဗုဒ္ဓုပ္ပါဒဒုလ္လဘခေါ် ရခဲလှစွာသော သာသနာတော်နှင့် ကြုံကြိုက်ခြင်း၊ (၂) မနုဿတ္တ ဒုလ္လဘခေါ်

WWW.DHAMMARANSI.COM



ရခဲလှစွာသော လူ့အဖြစ်ကိုရရှိခြင်း ဤနှစ်မျိုးစုံ ပြည့်စုံနေသော သူသာလျှင် ရဟန်းဖြစ်နိုင်သည်၊ သာသနာတော် ကွယ်နေသည့် အခါ လူပင်ဖြစ်သော်လည်း ရဟန်းဖြစ်ခွင့် အလျဉ်းမရှိ၊ သာသနာ တော် ထင်ရှားရှိနေသော်လည်း နတ် သိကြား ဗြဟ္မာ အပါယ် သတ္တဝါဖြစ်နေလျှင်လည်း ရဟန်းဖြစ်ခွင့် အလျဉ်းမရှိ။ ဤသို့လျှင် ရဟန်းအဖြစ်ကို ရနိုင်ခြင်း၏ အကြောင်းရင်း ဒုလ္လဘ နှစ်ဌာန ရှိသည့်အနက် ဗုဒ္ဓုပ္ပါဒနဝမခေါ် သာသနာတော်နှင့် တွေ့ကြုံရန် အလွန်တရာ ခဲယဉ်းလှပေ၏။ လောက၌ ဘုရားပွင့်တော်မူသော အခါမှာမှ သာသနာတော် ထွန်းလင်းနိုင် ထင်ရှားရှိနိုင်သည်၊ ဘုရားတဆူတဆူ ပွင့်တော်မူရန်မှာလည်း နိယတဗျာဒိတ် ရရှိပြီး သည့်နောက်မှာပင် အောက်ထစ်ဆုံး လေးအသင်္ချေနှင့် ကမ္ဘာ တသိန်းကြာအောင် ရှေး၌ ဆိုအပ်ပြီးသည့် ဘာဝနာလေးပါးဖြင့် မနားမနေ ပါရမီတော်တို့ကို ဖြည့်ကျင့်မှ ဖြစ်ပွင့်တော်မူနိုင်လေ သည်။ ဘုရားဖြစ်ပွင့်၍ သာသနာတော် ထွန်းလင်းနေသည့်တိုင် အောင် လူ့အဖြစ်ကိုမရခြင်း လူ့အဖြစ်ကိုရပါသော်လည်း အခြား အနှောက်အရှက်များ ရှိနေခြင်းဖြစ်ခဲ့ပြန်လျှင် ရဟန်း မဖြစ်နိုင် တော့ပေ။ ဤအချက်ကို လေးနက်စွာ စဉ်းစားလျှင် လောက၌ သာသနာတော်ခေတ်ကို ကြုံကြိုက်ရန်ထက်ပင် ရဟန်းအဖြစ်က ပိုမိုခဲယဉ်းသည်ဟု ဆိုနိုင်ဖွယ်အကြောင်းရှိပေ၏။

ကြုံကြိုက်ရန် ခဲယဉ်းလှစွာသော သာသနာတော်နှင့် ရရှိရန် ခဲယဉ်းလှစွာသော လူ့အဖြစ် နှစ်ဌာနတို့ကို ကြီးကျယ်သော ကုသိုလ်ထောက်မ၍ ရရှိနေသောသူတို့မှာကား အကြောင်းရင်း နှစ်ပါးကို ရရှိပြီးဖြစ်သည့်အတွက် အကျိုးသဘော သက်သော ရဟန်းအဖြစ်မှာ အလွန်ကြီး ခဲခက်ဖွယ်မရှိတော့ပြီ။ ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက် ကုဋေပေါင်းများစွာဖြင့် ရေတွက်အပ် သော ရဟန္တာတို့မှာ ခဲခက်လှစွာသော အကြောင်းရင်းတရား နှစ်ပါးနှင့် ပြည့်စုံနေတော်မူကြသည့်အတွက် ရဟန်းအဖြစ်ကို လွယ်ကူစွာ ရယူနိုင်သကဲ့သို့ ထင်ရသော်လည်း ရဟန်းဖြစ်နိုင်ခြင်း ၏အကြောင်းရင်းဖြစ်သော သာသနာတော်ခေတ်နှင့် လူ့အဖြစ်

WWW.DHAMMARANSI.COM



တို့ကိုရရှိရန် အလွန့်အလွန်ခဲယဉ်းလှသောကြောင့် ရဟန်းအဖြစ်မှာလည်း ခဲယဉ်းလှသည်ဟူ၍သာ ပြောဆိုမှတ်ယူသင့်ပေ၏။

---

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားကို မဖူးတွေ့ရမီ မိမိပျို့ရွယ်စဉ်ကာလကပင် အိမ်ရာခမ်းနားရှိသမျှ ဖစ္စည်းများကို စွန့်ကြဲ လှူဒါန်းခြင်းဒါနမှု၊ လူ၏ဘောင်မှ ခွါရှောင်ကာ တောထွက်ခြင်း နေက္ခမ္မမှု၊ ရှင်ရသေ့ပြုလုပ်ကာ စင်ကြယ်သော သီလကို ကျင့်ခြင်းတည်းဟူသော သီလမှု၊ ဈာန်အဘိညာဉ်ပေါက်ရောက်အောင် အားထုတ်ခြင်းဟုဆိုအပ်သော သမထ ဘာဝနာမှုတို့ကို ပြုလုပ် ပြည့်စုံစေပြီးမှ ဒီပင်္ကရာ မြတ်စွာဘုရားထံ နိယတဗျာဒိတ် ခံယူပြီးသောအခါ ရှေးကပြခဲ့ပြီးသောအတိုင်း ပါရမီဆယ်ပါးတို့ကို စူးစမ်း ဆင်ခြင်တော်မူ၍ ဒါနပါရမီအစရှိသည်တို့ကို ရှေးဆိုပြီးသော ဘာဝနာလေးပါးတို့ဖြင့် မနားမနေ ဆည်းပူးအားထုတ်တော်မူသည်မှာ ဝေဿန္တရာမင်းဘဝတိုင်အောင်ပင် လေးအသင်္ချေကမ္ဘာတသိန်းကာလ ကြာညောင်းခဲ့လေသည်။

၍သို့ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ပွါးများ အားထုတ်တော်မူရာမှာ (အဋ္ဌသာလိနီ အဋ္ဌကထာ ပါဠိဇာတ် အဋ္ဌကထာတို့၌) ဒါနပါရမီနှင့်စပ်၍ အကိတ္တိပုဏ္ဏား ဖြစ်သောအခါ သင်္ခပုဏ္ဏားဖြစ်သောအခါ ဓနဥ္စယမင်းဖြစ်သောအခါ မဟာသုဒဿနမင်းဖြစ်သောအခါ မဟာဂေါဝိန္ဒပုရောဟိတ်ကြီး ဖြစ်သောအခါ နိမိမင်းကြီးဖြစ်သောအခါ စန္ဒကုမာရမင်းသား ဖြစ်သောအခါ ဝိသယှသူဌေး ဖြစ်သောအခါ သိဝိမင်းကြီး ဖြစ်သောအခါ ဝေဿန္တရာမင်းကြီး ဖြစ်သောအခါ စသည်ဖြင့် ဒါနပါရမီကို ဖြည့်ဆည်းပူးတော်မူခဲ့သော အခါကာလ ဘဝပေါင်းကား အတိုင်းအရှည်မရှိပေ၊အထူးအားဖြင့် ယုန်ပညာရှိ ဖြစ်သောအခါ မိမိအသက်ကိုစွန့်၍ သိကြားမင်းပုဏ္ဏားအား လှူဒါန်းခြင်းသည် ပရမတ္ထ = (မြတ်သော)ဒါနပါရမီဖြစ်ကြောင်း၊

WWW.DHAMMARANSI.COM



သီလပါရမီနှင့်စပ်၍ သီလဝဆင်မင်းဖြစ်သောအခါ စမ္ပေယျနဂါးမင်းဖြစ်သောအခါ ဘူရိဒတ်နဂါးမင်းဖြစ်သောအခါ ဆဒ္ဒန်ဆင်မင်း ဖြစ်သောအခါ ဇယဒိသမင်းသား ဖြစ်သောအခါ အလိနသတ္တုမင်းသား ဖြစ်သောအခါ စသည်ဖြင့် သီလပါရမီကို ဖြည့်ဆည်းပူးတော်မူခဲ့သော အခါကာလ ဘဝပေါင်းကား အတိုင်းအရှည်မရှိပေ၊ အထူးအားဖြင့် သင်္ခပါလ နဂါးမင်းဖြစ်သောအခါ၌ အသက်ကိုစွန့်ကာ သီလကို စောင့်သုံးခြင်းသည် ပရမတ္ထ = (မြတ်သော)သီလပါရမီဖြစ်ကြောင်း၊

နေက္ခမ္မပါရမီနှင့်စပ်၍ သောမနဿမင်းသား ဖြစ်သောအခါ ဟတ္ထိပါလမင်းသား ဖြစ်သောအခါ အယောဃရပညာရှိဖြစ်သောအခါစသည်ဖြင့် တိုင်းကြီးပြည်ကြီးအရှင်ဘုရင်မင်းအဖြစ်ကို စွန့်၍ တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ဆည်းပူးတော်မူခဲ့သောအခါကာလ ဘဝပေါင်းကား အတိုင်းအရှည်မရှိပေ၊ အထူးအားဖြင့် စူဠသုတသောမမင်း ဖြစ်သောအခါ လက်သို့ရောက်ပြီးဖြစ်သော မင်းစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ထင်ကာ ငြိကပ်တွယ်တာခြင်း အလျဉ်းမရှိပဲ တောထွက်ခြင်းသည် ပရမတ္ထ = (မြတ်သော)နေက္ခမ္မပါရမီဖြစ်ကြောင်း၊

ပညာပါရမီနှင့်စပ်၍ ဝိဓုရပညာရှိ ဖြစ်သောအခါ မဟာဂေါဝိန္ဒပညာရှိဖြစ်သောအခါ ကုဒါလပညာရှိ ဖြစ်သောအခါ အရကပညာရှိဖြစ်သောအခါ မဟောသဓပညာရှိဖြစ်သောအခါ စသည်ဖြင့် ပညာပါရမီကို ဖြည့်ဆည်းပူးတော်မူခဲ့သော အခါကာလ ဘဝပေါင်းကား အတိုင်းအရှည်မရှိပေ၊ အထူးအားဖြင့် သတ္တုဘတ္တဇာတ်၌ သေနက ပညာရှိဖြစ်သောအခါတွင် သားရေအိတ်အတွင်းမှာ ရှိနေသောမြွေကို (မျက်စိဖြင့် မကြည့်ရပဲ ပညာအစွမ်းဖြင့်)ပြနိုင်ခြင်းသည် ပရမတ္ထ = (မြတ်သော)ပညာပါရမီဖြစ်ကြောင်း၊

ဤအတူ ဝီရိယပါရမီ အစရှိသည်တို့နှင့် စပ်၍လည်း ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော အခါကာလ ဘဝပေါင်းကား အတိုင်းအရှည်မရှိ မရေတွက်နိုင်အောင် များလှသည်ချည်းပင် ဖြစ်ပေ

WWW.DHAMMARANSI.COM



သည်၊ အထူးအားဖြင့် မဟာဇနကဇာတ်တော်၌ မဟာဇနက မင်းသား၏ မဟာသမုဒ္ဒရာကြီးကို လက်ပစ်ကူးခြင်းသည် ပရမတ္ထ= (မြတ်သော) ဝီရိယပါရမီ ဖြစ်ကြောင်း၊

ခန္တီဝါဒီဇာတ်၌ ခန္တီဝါဒီရှင်ရသေ့ဖြစ်၍ ကလာဗုမင်းက အင်္ဂါကြီးငယ်တို့ကို ဖြတ်တောက်သော်လည်း စိတ်မဆိုးပဲ သည်းခံနိုင်ခြင်းသည် ပရမတ္ထ= (မြတ်သော) ခန္တီပါရမီဖြစ်ကြောင်း၊

မဟာသုတသောမဇာတ်၌ သုတသောမမင်းကြီးဖြစ်၍ ပေါရိသာဒထံ ပြန်သွားလျှင် သတ်လိုက သတ်စေဟု အသက်ကိုပင် စွန့်လွှတ်ကာ "ငါပြန်လာခဲ့မည်" ဟူသောစကားကို မချွတ်မယွင်း မှန်ကန်အောင် စောင့်ရှောက်သောအားဖြင့် ပြန်လာခြင်းသည် ပရမတ္ထ= (မြတ်သော) သစ္စာပါရမီဖြစ်ကြောင်း၊

မူဂပက္ခဇာတ် (တေမိယဇာတ်)၌ တဆယ့်ခြောက်နှစ်ကြာအောင် အနုအကြမ်း အနည်းနည်း အလိုစမ်းသော်လည်း အသက်ကိုပင်စွန့်ကာ မိမိ၏ အဓိဋ္ဌာန်ချက်ကို မပျက်စီးစေခြင်းသည် ပရမတ္ထ= (မြတ်သော) အဓိဋ္ဌာန်ပါရမီဖြစ်ကြောင်း၊

ဧကရာဇဇာတ်(တနည်း သုဝဏ္ဏသာမဇာတ်)၌ ရန်သူမင်း အပေါ်(တနည်း ခြင်္သေ့ သစ်ကျား စသည့် သားရဲများအပေါ်) မှာပင် ချစ်ခင်မေတ္တာတရား ပွါးများနိုင်ခြင်းသည် ပရမတ္ထ= (မြတ်သော)မေတ္တာပါရမီဖြစ်ကြောင်း၊

လောမဟံသဇာတ်၌ ရွာသူ သားငယ်တို့သည် ချွဲ သလိပ် တံတွေးတို့ဖြင့် ထွေးခြင်းစသည် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းစသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး ပြုကြသည်ကို မုန်းချစ်မပြုပဲ လျစ်လျူရှုနိုင်ခြင်းသည် ပရမတ္ထ= (မြတ်သော) ဥပေက္ခာပါရမီ ဖြစ်ကြောင်းများကို ဖွင့်ဆိုတော်မူထားကြ၏။ (ဖော်ပြရာပါ ပရမတ္ထပါရမီခြောက် ဇာတ်တော်ဆယ်ပါး အကျယ်ကို စရိယာပိဋကအဋ္ဌကထာ မြန်မာပြန်မှ ထုတ်ယူမှတ်သားအပ်၏။)

ဤသို့ အဋ္ဌကထာဆရာကြီးများက ပါရမီဆယ်ပါး ဖြည့်ဆည်းပွားတော်မူရာဖြစ်သော ဘဝတို့ကို ထုတ်ပြတော်မူခြင်းမှာလည်း

WWW.DHAMMARANSI.COM



ပါဠိဇာတ်လာ ဇာတ်နိပါတ်များအတွင်းမှ ဆိုင်ရာဆိုင်ရာ ထုတ်ပြခြင်းမျှသာဖြစ်သည်၊ တဖန် စိစစ်ပြန်သော် ထိုပါဠိဇာတ်လာ ဇာတ်နိပါတ်များအနက် ဇာတ်ငါးဇာတ်မှတပါး ကျန်သော ဇာတ်နိပါတ်များသည် ဤကမ္ဘာတွင် ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများသာဖြစ်၏။

ဤကမ္ဘာတွင် ဖြစ်သည်မဟုတ်သော ငါးဇာတ်တို့မှာ—

၁။ ဧကနိပါတ် (၁) အပဏ္ဏကဝဂ် (၃) သေရိဝါဏိဇဇာတ်၊ ။(ဤဇာတ်သည် လွန်ခဲ့သော ငါးကမ္ဘာထက်မှာဖြစ်သည့် ဇာတ်ဖြစ်ကြောင်း အဋ္ဌကထာ၌— အတီတေ ဣတော ပဉ္စမေ ကပ္ပေ ဗောဓိသတ္တော သေရိဝရဋ္ဌေ သေရိဝနာမကော ကစ္ဆပုဋဝါဏိဇော အဟောသိ = ဤကမ္ဘာမှ ရှေးလွန်ခဲ့ပြီးသော ငါးခုမြောက်ကမ္ဘာ၌ ဘုရားအလောင်းတော်သည် သေရိဝတိုင်း၌လူအမည်မှာလည်း သေရိဝပုင်အမည်ရှိသော (ရွှပစ္စည်းများကို) လွယ်အိတ်ဖြင့်ထည့်ကာ လှည့်လည်ရောင်းချသည့်ရွှကုန်သည်ဖြစ်ဘူးပြီ) ဟူ၍ ပြဆိုတော်မူ၏။

၂။ ဧကနိပါတ် (၁၀) လိတ္တဝဂ် (၄) လောမဟံသဇာတ်၊ ။(ဤဇာတ်သည် ဤကမ္ဘာမှ ရှေးလွန်ခဲ့ပြီးသော ကိုးဆယ့် တကမ္ဘာထက်ကဖြစ်သည့် ဇာတ်ဖြစ်ကြောင်း အဋ္ဌကထာ၌—အတီတေ ဧကနဝုတိကပ္ပမတ္ထကေ ဗောဓိသတ္တော ဗာဟိရကံ တပံ ဝိမံသိဿာမီတိ အာဇီဝကပဗ္ဗဇ္ဇံ ပဗ္ဗဇိတွာ အစေလကော အဟောသိ = လွန်လေပြီးသော ကိုးဆယ့်တကမ္ဘာထက်၌ ဘုရားအလောင်းတော်သည် သာသနာတော်မှ အပဖြစ်သော အကျင့်တရားကို စုံစမ်းအံ့ဟူ၍ တက္ကတွန်းခေါ် အဝတ်မဝတ်သောသူတို့၏ ရဟန်းအဖြစ်ကို ခံယူကာ အဝတ်မလွှမ်းသည့် တက္ကတွန်းဖြစ်ခဲ့ဘူးသည်) ဟူ၍ ပြဆိုတော်မူ၏။

WWW.DHAMMARANSI.COM



၃။ ဒုကနိပါတ် (၂) သန္ထဝဝဂ် (၉) အရကဇာတ်၊ ၊ (ဤဇာတ်သည် ဤကမ္ဘာမှလွန်ခဲ့သော ခုနစ်ကမ္ဘာထက်က ဖြစ်သည့် ဇာတ်ဖြစ်ကြောင်း အဋ္ဌကထာ၌ ဇာတ် ပေါင်းခဏ်းတွင်—ဧဝံ ဗောဓိသတ္တော အပရိဟီနဇ္ဈာနော ဗြဟ္မလောကေ နိဗ္ဗတ္တိတွာ သတ္တသံဝဋ္ဋဝိဝဋ္ဋကပ္ပေ န ဣမံ လောကံ ပုန အာဂမာသိ=ဤသို့ မြတ်စွာဘုရား အလောင်းတော်သည် ဈာန်မှ မလျှောကျသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ပြီးလျှင် ကမ္ဘာခုနစ်ကြိမ်ပျက်၍ ကမ္ဘာ ခုနစ်ကြိမ်တို့ ဖြစ်သည်တိုင်အောင် ဤလူ့ပြည်သို့ မလာ ရောက်) ဟူ၍ ပြဆိုတော်မူ၏။

၄။ စတုက္ကနိပါတ် (၅) စူဠကုဏာလဝဂ် (၆) ကေ- သဝဇာတ်၊ ၊ဤဇာတ်သည် ရှေးလွန်လေပြီးသော ကမ္ဘာပေါင်းငါးရာခုနစ်ဆယ်ခန့်က ဖြစ်ပေါ်သော ဇာတ် ဖြစ်၏။

၅။ သတ္တကနိပါတ် (၁) ကုက္ကုဝဂ် (၁၀) ဗက ဇာတ်၊ ၊ဤဇာတ်သည် လွန်ခဲ့ပြီးသော ကမ္ဘာပေါင်း ငါးရာခုနစ်ဆယ်ခန့်ကပင် ဖြစ်ပေါ်သော ဇာတ်ဖြစ်၏။

ဤကေသဝဇာတ်နှင့် ဗကဇာတ်တို့မှာ ဘဝမခြားပဲ ဖြစ်ပေါ်ကြသော ဇာတ်တော်များ ဖြစ်၏၊ အဋ္ဌကထာမှာ အကျယ်လာသည်ကို အကျဉ်းချုံး၍ ပြဆိုရသော်....ပဌမ ကေသဝဇာတ်၌ ကေသဝရှင်ရသေ့ဖြစ်ပြီးမှ ထိုကေသဝ ရသေ့ ကွယ်လွန်သောအခါ ဗကဗြဟ္မာကြီး ဖြစ်ရလေသည်၊ ထို ဗကဗြဟ္မာကြီးသည် ရှေးဦးစွာ ဝေဟပ္ဖိုလ်ဘုံ၌ ဗြဟ္မာကြီးဖြစ်၍ မဟာကပ်ငါးရာ အသက်ရှည်၏။ ထိုဘုံမှ စုတေပြန်သောအခါ သုဘကိဏှာဘုံ၌ ဖြစ်၍ မဟာကပ် ပေါင်း (၆၄) ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည် ပြန်၏။ တဖန် ထိုဘုံမှ စုတေပြန်သောအခါ အာဘဿရာ ဘုံ၌ ဖြစ်၍ မဟာကပ်ပေါင်း (၈) ရှစ်ကမ္ဘာ အသက် ရှည်မည့် ဗြဟ္မာကြီး ဖြစ်သောအခါ မိစ္ဆာအယူကို

WWW.DHAMMARANSI.COM



ယူကြောင်း အဋ္ဌကထာ၌ လာရှိသည်။ ဤသို့ လာရှိသည်ကို ထောက်လျှင် ဝေဟပ္ဖိုလ်ဘုံ၌ကမ္ဘာပေါင်း(၅၀၀)ငါးရာ၊ သုဘကိဏှာဘုံ၌ ကမ္ဘာပေါင်း (၆၄) ခြောက်ဆယ့်လေး၊ နှစ်ရပ်ပေါင်း (၅၆၄) ငါးရာခြောက်ဆယ့်လေးကမ္ဘာ ကျော်လွန်ပြီးမှ အာဘဿရာဘုံသို့ ရောက်ပေသည်၊ အာဘဿရာဘုံသို့ရောက်လာ၍ မိန္နာအယူကို ယူသည်မှာ အာဘဿရာဘုံသက် ရှစ်ကမ္ဘာရှိသည့်အနက် မည်သည့် ကမ္ဘာမှာ ယူသည်ဟူ၍ သေချာစွာ ပြဆိုချက် မရှိသော်လည်း မှန်းခြေအားဖြင့် ထို ကေသဝဇာတ်နှင့် ဗကဗြဟ္မာဇာတ် နှစ်ဇာတ်လုံးကို ပေါင်းရောရေတွက်လျှင် ကမ္ဘာပေါင်း (၅၇၀) ငါးရာခုနစ်ဆယ်ခန့် ရှိလေသည်။

ဤသို့လျှင် "ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာပေါင်း မည်ရွေ့မည်မျှထက်၌" ဟူ၍ ကမ္ဘာအပိုင်းအခြားကို မဖော်ပြပဲ၊ အတီတေဟူ၍ သာမညသာ အဋ္ဌကထာဆရာ ညွှန်ပြရေးသားသော ဇာတ်ဟူသရွေ့သည် ဤ ကမ္ဘာတွင်သာဖြစ်သော ဇာတ်များဖြစ်ကြ၏ဟု ဆရာ့ဆရာတို့ ယူဆ ယုံကြည်တော်မူကြသည်။ ဤ ယူဆချက် အတိုင်းဆိုလျှင် အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ပါဠိဇာတ် အဋ္ဌကထာ တို့၌ ပြဆိုအပ်သော အလောင်းတော်၏ ကျင့်စဉ်ဘဝများမှာ (အတီတေ) ဟူ၍ သာမညသာ ဖော်ပြသော ဇာတ်များချည်းဖြစ်၍ ဤ ကမ္ဘာတွင်ဖြစ်သော ဇာတ်တော်များသာ ဖြစ်သည်၊ ဤကမ္ဘာတွင်းမှာဖြစ်သမျှ ဇာတ်တော်တို့ကိုလည်း အကုန်အစင် ဖော်ပြနိုင်သည် မဟုတ်၊ ဤကမ္ဘာ၌ဖြစ်သော ဘဝဇာတ်တို့မှာ အလွန်ပင် များပြားလှ၏၊ သို့ရာတွင် မြတ်စွာဘုရားသည် ပစ္စုပ္ပန် အဖြစ်အပျက်အကြောင်း အဋ္ဌုပ္ပတ်နှင့် တိုက်ဆိုင်သော အဖြစ်တော် ဇာတ်တော်စုကိုသာ အဆင်သင့်ရာ ကောက်နုတ်ဟောပြတော်မူသည်၊ မဟောပြရပဲ ကြွင်းကျန်နေသော ဘဝဇာတ်တို့ကသာ များလှပေသည်။

WWW.DHAMMARANSI.COM



ဤမျှလောက် ဤကမ္ဘာတွင် ဖြစ်ပျက်သည့် ဘဝဇာတ်အများထဲမှ အကြောင်းတိုက်ဆိုက်ရာ တစိတ်တဒေသ ဘဝဇာတ်တို့မျှကိုသာ ထုတ်ဖော် ဟောတော်မူရခြင်းကို ထောက်လျှင် မထုတ်ဖော်မဟောပြရသော ပါရမီဖြည့်ရာ ဘဝတို့က များပြားလှသည့်အပြင် ဤကမ္ဘာမတိုင်မီ ရှေး (ဘဝပေါင်းကို မဆိုထားဘဲ) ကမ္ဘာပေါင်းပင် မရေမတွက်နိုင်သော လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ပါရမီဖြည့်ဆည်းပူးရသော ဘဝတွေမှာ မရေမတွက်နိုင်အောင်ပင် မည်မျှများပြားသည်ကို စဉ်းစားဆင်ခြင်လိုက်လျှင် အလောင်းတော်ကြီးများ ပါရမီ ဖြည့်ရသောကိစ္စသည် လူသာမန်တို့အဖို့ လွန်စွာ ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့ဖွယ် ကောင်းလှသော ကိစ္စကြီးဖြစ်၍နေပေ၏။

တနည်း အားဖြင့် အလောင်းတော်ကြီးများ ဖက်သို့ အာရုံပြုလိုက်ပြန်လျှင် ပါရမီ ဖြည့်ကျင့်တော်မူကြသော အလောင်းတော်ကြီးတို့သည် လွန်စွာနှစ်သက် လေးနက် အံ့သြ ပြောပ၍ မကုန်မခန်းနိုင်အောင် ချီးမွမ်းဖွယ်ရာ ပုဂ္ဂိုလ်မြတ်ကြီးတွေဖြစ်ကြောင်း ကောင်းစွာ သိအပ်၏။

ဤသို့ အလွန်တရာ များပြားလှစွာသော ပါရမီဖြည့်ရသည့် ဘဝအစီအစဉ်တွင် ဝေဿန္တရာမင်းဘဝသည် အဆုံးသတ်ဘဝ ဖြစ်၏။ အလောင်းတော်သုမေဓာသည် တောမထွက်မီ လူအဖြစ်ကပင် မိမိ၌ ရှိသမျှ ပစ္စည်းအလုံးစုံကို လှူဒါန်း စွန့်ကြဲခြင်း တည်းဟူသော ဒါနကို ရှေးဦးစွာ ပြုလုပ်တော်မူခဲ့ခြင်း၊ နောက်ရသေ့ဖြစ်၍ နိယတဗျာဒိတ် ခံယူပြီးသောအခါ ဘုရားဖြစ်ကြောင်း တရားများကို စဉ်းစား ဆင်ခြင်တော်မူရာမှာလည်း "ဣမံ တွံ ပဌမံ တာဝ" စသည်ဖြင့် ဒါနပါရမီကိုသာ ရှေးဦးစွာ ဖြည့်ကျင့်ရန် ကောင်းစွာ ဆောက်တည်တော်မူခြင်းများကို ထောက်၍ အလောင်းတော်သူမြတ်ကြီးတို့မှာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာတွင် ဒါနပါရမီကသာစ၍ ဝေဿန္တရာမင်းဘဝကဲ့သို့သော အဆုံးဘဝတိုင် ဖြည့်ကျင့်တော်မူကြသည်။

WWW.DHAMMARANSI.COM



ဒါနပါရမီသည် မြင့်မြတ်သောဘဝနှင့် ပြည့်စုံခြင်း တည်းဟူသော ဘဝသမ္ပတ္တိ, ဖြစ်ရာဘဝတို့၌ လိုအပ်သော အသုံးအဆောင်ဟူသမျှတို့နှင့် ပြည့်စုံခြင်းတည်းဟူသော ဘောဂသမ္ပတ္တိတို့ကို(နိဗ္ဗာန်မရမီအကြား တားရှုမရ အရိပ်ကဲ့သို့ လိုက်ပါကာ) အကျိုးပေးတတ်သော တရားဖြစ်၏။ ဘုရားအလောင်းတော်ကြီးများမှာ (ဒါနပါရမီကျား အနုဒီပနီ၌ ပြအပ်သောအတိုင်း) သံသရာခရီးသွား ရှေ့သွားခေါင်းဆောင်ကြီးများပီပီ သံသရာ၌ ကျင်လည်နေရသောသူမှန်သမျှ ဒါနနှင့်ပြည့်စုံရန် အထူးအရေးကြီးလှသည်ဖြစ်၍ အဆုံးသတ် ဝေဿန္တရာဘဝမှာလည်း ဒါနကိုပင် အထူးဖြည့်ကျင့်တော်မူကာ ပါရမီဖြည့်ကျင့်ခန်း ဇာတ်လမ်းရုပ်သိမ်းတော်မူပြီးလျှင် ပါရမီပြည့်ဝပြီဖြစ်ရကား ဘုရားဖြစ်ရမည့် အချိန်အခါကိုသာ ကောင်းစွာ ငံ့လင့် စောင့်ဆိုင်းတော်မူသောအားဖြင့် ရှေးဘုရားအလောင်းတော်များ စံနေရာ တုသိတာနတ်ပြည်သို့သာ ဝေဿန္တရာမင်းဘဝမှ ပြောင်းကြွစံနေတော်မူလေသတည်း။

---

## ဝေမတ္တတရား ရှစ်ပါး

ဤဝေမတ္တတရားရှစ်ပါးကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဂေါတမဗုဒ္ဓဝင်ဆုံးမှ ဖွင့်ပြသော်လည်း ဤဗုဒ္ဓဝင်ကျမ်း၌ ထိုကဲ့သို့ ဂေါတမဗုဒ္ဓဝင်ဆုံးမှ ဖော်ပြနေလျှင် ရှေးဒီပင်္ကရအစရှိသော ဗုဒ္ဓဝင်စုနှင့် အဆက်ဝေးကွာနေမည်ဖြစ်၍ ဤနှစ်ကျိပ်လေးဆူဗုဒ္ဓဝင်ခန်းအဆုံး၌ ဖော်ပြခြင်း ဖြစ်ပေသည်။

**ဝေမတ္တ** ဟူသည် ဝိမတ္တဟူသော စကားရင်းမှ ဆင်းသက်လာသော ပါဠိစကားဖြစ်သည်။ (ဝိ = ထူးထွေသော၊ မတ္တ = အတိုင်းအရှည်ပမာဏ) ဒီပင်္ကရာ အစရှိသော မြတ်စွာဘုရားတို့သည် တဆူနှင့် တဆူ ဂုဏ်ကျေးဇူးတော်အားဖြင့် တူမျှကြသော်လည်း တဆူနှင့်တဆူ မတူထူးထွေ ကွဲပြားနေသော အတိုင်းအရှည်ပမာဏများမှာ ရှစ်ပါးရှိပေသည်။

WWW.DHAMMARANSI.COM



ရှစ်ပါးဟူသော်ကား—

၁။ အာယုဝေမတ္တ = (အသက်တမ်း မတူမှု)

၂။ ပမာဏဝေမတ္တ = (အရပ်တော် အနိမ့်အမြင့် မတူမှု)

၃။ ကုလဝေမတ္တ = (အမျိုးအနွယ်တော် မတူမှု)

၄။ ပဓာနဝေမတ္တ = (ဒုက္ကရစရိယာ ကျင့်ရပုံ မတူမှု)

၅။ ရသ္မိဝေမတ္တ = (ရောင်ခြည်တော်ထွက်ပုံ မတူမှု)

၆။ ယာနဝေမတ္တ = (တောထွက်သောအခါ စီးနင်းသောယာဉ် မတူမှု)

၇။ ဗောဓိဝေမတ္တ = (ပွင့်ရာဗောဓိပင်၏ မတူမှု)

၈။ ပလ္လင်္ကဝေမတ္တ = (ပလ္လင်တော် ပမာဏ မတူမှု)—

အားဖြင့် ဤရှစ်ပါးတို့တည်း။

ထိုရှစ်ပါးတို့တွင်—

## (၁) အာယုဝေမတ္တ

အာယုဝေမတ္တ ဟူသည်ကား… မြတ်စွာဘုရားတို့မှာ တဆူနှင့် တဆူ အသက်တမ်း မတူမှုပင် ဖြစ်၏။

ဒီပင်္ကရာ မြတ်စွာဘုရား၊ ကောဏ္ဍည မြတ်စွာဘုရား၊ အနောမဒဿီ မြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ အတ္ထဒဿီ မြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရား၊ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ တိဿ မြတ်စွာဘုရား—ဤကိုးဆူကုန်သော မြတ်စွာဘုရားတို့သည် အသက်တသိန်းတမ်း၌ ပွင့်တော်မူကြကုန်၏။

ဒီပင်္ကရ၊ ကောဏ္ဍည၊ အနောမဒဿီ။
မြတ်ပဒုမ၊ ဥတ္တရ၊ အတ္ထ ဓမ္မဒဿီ။
သိဒ္ဓတ္ထမူ၊ တိဿဟူ၊ ကိုးဆူ ထွတ်ဘုန်းစည်။
အာယုတွက်ကိန်း၊ နှစ်တသိန်း၊ မယိမ်းပွင့်ကြပြီ။

WWW.DHAMMARANSI.COM



မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ သောဘိတမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ ပိယဒဿီမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား—ဤရှစ်ဆူသော မြတ်စွာဘုရားတို့သည် အသက် ကိုးသောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။

မြတ်မင်္ဂလ၊ သုမန၊ ဇိနသောဘိတာ။
နာရဒရှင်စော၊ သုမေဓော၊ ဇိနောသုဇာတာ။
ပိယဒဿီ၊ ဖုဿမည်၊ ရှစ်လီမြတ်ဗုဒ္ဓါ။
ကျွတ်ဆွေ့ကြောင်း၊ ပွင့်တုံရှောင်း၊ ကိုးသောင်းသက်တမ်းမှာ။

ရေဝတမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား—ဤနှစ်ဆူသော မြတ်စွာဘုရားတို့သည် အသက် ခြောက်သောင်းတမ်း၌ ပွင့်တော်မူကြကုန်၏။

ရေဝတဟူ၊ ဝေဿဘူ၊ နှစ်ဆူခြောက်သောင်းမှာ။

ဝိပဿီ မြတ်စွာဘုရားသည် အသက်ရှစ်သောင်းတမ်း၌ ပွင့်တော်မူ၏၊ သိခီမြတ်စွာဘုရားသည် အသက်ခုနစ်သောင်းတမ်း၌ ပွင့်တော်မူ၏၊ ကကုသန်မြတ်စွာဘုရားသည် အသက်လေးသောင်းတမ်း၌ ပွင့်တော်မူ၏၊ ကောဏာဂုံမြတ်စွာဘုရားသည် အသက်သုံးသောင်းတမ်း၌ ပွင့်တော်မူ၏၊ ကဿပ မြတ်စွာဘုရားသည် အသက်နှစ်သောင်းတမ်း၌ ပွင့်တော်မူ၏၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် အသက်တရာတမ်း၌ ပွင့်တော်၏။

မြတ်ဝိပဿီ၊ မြတ်သိခီ၊ ဘုန်းစည်နှစ်ဆူမှာ။
အနှစ်ရှစ်သောင်း၊ ခုနစ်သောင်း၊ ပွင့်ညောင်းစဉ်တိုင်းသာ။
သန်၊ ဂုံ၊ ပ၊ မ၊ လေးဗုဒ္ဓါ၊ ဘဒ္ဒကြာကမ္ဘာ။
လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်းတလှစ်၊ တရာခေတ်၊ ပွင့်လစ်စဉ်တိုင်းသာ။

မြတ်စွာဘုရားများသည် ဘုရားဖြစ်ရန် ပါရမီတော်ကံတို့ကို အကြီးအကျယ် ဖြည့်ဆည်းပူးထားသော ပုဂ္ဂိုလ်မြတ်ကြီးများဖြစ်၍ အသက် အတိုအရှည် တူမျှသည်သာ ဖြစ်သင့်သည် မဟုတ်လောဟု မေးမြန်းဖွယ်ရှိ၏။

WWW.DHAMMARANSI.COM



ဤအရာ၌ သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်၌ အကျယ်ပြဆိုထားချက်ကို အကျဉ်းအားဖြင့် မှတ်ယူရန်မှာ…. လောက၌ မင်းတို့၏ တရားစောင့်ခြင်း မစောင့်ခြင်းသည် သတ္တဝါတို့ အသက်ရှည်ရန် အသက်တိုရန် အခြေခံအကြောင်းရင်းဖြစ်သည်။ ချဲ့ဦးအံ့….မင်းများ တရားစောင့်သောအခါ တလောကလုံး တရားစောင့်ရှောက်ကြသည်ဖြစ်၍ နတ်များလည်း တရားစောင့်ကာ မိုးကို ကောင်းစွာရွာသွန်းစေခြင်း စသည် အကြောင်းတို့ကြောင့် အသီး အပွင့် အရွက်စသော လူတို့ စားသောက်ဖွယ်ရာ အစာအာဟာရတို့မှာ အဆီဩဇာ ပြည့်စုံ၍ ဥတုသပ္ပါယ မျှတသည့်အတွက် လူတို့သည် ကျန်းမာကြ အသက်ရှည်ကြကုန်သည်။ မင်းများတရားမစောင့်သောအခါ အဆင့်ဆင့်အားဖြင့် အများပင်တရားမစောင့်ကြပဲ နတ်များကလည်းမိုးကို ကောင်းစွာရွာသွန်းစေမှု မပြုကြသည့်အတွက် လူ့ပြည်ရှိ အသီးအပွင့် အရွက်စသော စားသောက်ဖွယ်ရာ အစာအာဟာရတို့မှာ ဩဇာမပြည့်စုံသည့်ပြင် ဥတုသပ္ပါယ မမျှတသည့်အတွက် ထိုမမျှတသော ဥတုကို မှီဝဲရခြင်း ဩဇာမရှိသော အစာအာဟာရကို စားသုံးရခြင်းကြောင့် လူတို့သည် အနာရောဂါထူပြောကြ အသက်တိုကြရကုန်သည်။

ဤသဘောအရ မြတ်စွာဘုရားများမှာလည်း အသက်ရှည်ကြသောခေတ်၌ ဖြစ်ပွင့်တော်မူကြသော မြတ်စွာဘုရားတို့မှာ အသက်တော်ရှည်ကြကုန်၏။ အသက်တိုသော ခေတ်၌ ဖြစ်ပွင့်တော်မူကြသော မြတ်စွာဘုရားတို့မှာ အသက် တိုတော်မူကြကုန်၏။

မြတ်စွာဘုရားတိုင်းပင် ပဋိသန္ဓေကျိုးကို ပေးလိုက်သောကံအစွမ်းမှာ အသက်ရှည်ခြင်းကို ဖြစ်စေနိုင်သော သတ္တိရှိစေကာမူ ဖြစ်ပွင့်တော်မူရာ အာယုကပ်(အသက်တမ်း)သို့ လိုက်၍ အသက်တော် အတိုအရှည်မညီမမျှရှိရကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ၌—ဥပစိတပုညသမ္ဘာရာနံ ဒီဃာယုကသံဝတ္တနိကကမ္မသမုပေတာနမ္ပိ ဗုဒ္ဓါနံ ယုဂဝသေန အာယုပ္ပမာဏံ အသမာနံ အဟောသိ —

WWW.DHAMMARANSI.COM



ဆည်းပူးအပ်ပြီးသော ကောင်းမှုအဆောက်အဦရှိတော်မူကြသည် ဖြစ်၍ အသက်ရှည်ခြင်းကို ဖြစ်စေနိုင်သော ကံနှင့် ပြည့်စုံတော်မူကြသော်လည်း မြတ်စွာဘုရားတို့မှာ အာယုကပ်(အသက်တမ်း) သို့ လိုက်၍ အသက်တော်ပမာဏ အတိုအရှည် မညီမမျှဖြစ်တော်မူကြရသည်ဟူ၍ ဖွင့်ပြတော်မူသည်။

လောကဥပမာအားဖြင့် အနှစ်တထောင်ကြာအောင် တည်နိုင်သောသတ္တိအစွမ်းရှိသည့် ကျွန်းပင်မျိုးစေ့ကို ရေရှားမိုးခေါင်သည့် ကြပ်တီး မြေပြင်အရပ်၌ စိုက်ပျိုးအပ်သည်ရှိသော် အနှစ်တထောင် မတည်နိုင်သကဲ့သို့၊ ထို့အတူ ပစ္ဆိမဘဝ ဘုရားအလောင်းတော်တို့မှာလည်း ပဋိသန္ဓေကျိုးကို ပေးလိုက်သော ကံက မည်မျှပင် အသက်ရှည်စေနိုင်သည့်သတ္တိရှိစေကာမူ ရေရှားမိုးခေါင်သည့် ကြပ်တီး မြေပြင်အရပ်နှင့် တူသည့် အာယုကပ် (အသက်တမ်း) တိုတောင်းသောခေတ်၌ ဘုရားဖြစ်တော်မူရလျှင် အာယုကပ်သို့လိုက်၍ အသက်တိုတော်မူကြရသည်။

## ဘုရားပွင့်ရာ အာယုကပ် အပိုင်းအခြား

မြတ်စွာဘုရားတို့မည်သည် သတ္တဝါတို့အသက် တဖြည်းဖြည်း တိုးတက် တိုးတက်ကာ ရှည်လျားနေသောတက်ကပ်မှာ ပွင့်တော်မမူကြကုန်။ အကြောင်းကား⋯⋯တက်ကပ်တွင် မြတ်စွာဘုရားများပွင့်တော်မူ၍ အနိစ္စ = မမြဲခြင်းသဘောစသည်ကို ဟောကြားသော်လည်း သတ္တဝါများ နာယူယုံကြည်နိုင်ကြမည် မဟုတ်၊ ထိုတက်ကပ်ခေတ်မှာ တဆက်ထက် တဆက် တဆတဆ တိုးကာ အသက်တမ်းရှည်နေသည့်အတွက် သတ္တဝါတို့၏ဉာဏ်မှာ သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တသဘောများ မထင်မြင်နိုင်ဖြစ်၍ နေ၏။ ထို့ကြောင့် တက်ကပ်တွင် မြတ်စွာဘုရားများ ပွင့်တော်မမူကြပဲ အသက်တမ်း တဖြည်းဖြည်း ဆုတ်ယုတ် ဆုတ်ယုတ်လာသော ဆုတ်ကပ်မှာသာ ပွင့်တော်မူကြသည်။

ဆုတ်ကပ်မှာလည်း အသက် တသိန်းတမ်းမကျမီ များစွာ အသက်ရှည်သည့်အခါများ(အနှစ်တသိန်းတမ်းအထက်)မှာ ပြခဲ့ပြီးသောအတိုင်း သင်္ခါရတရားတို့၏ မမြဲခြင်းသဘောစသည်ကို

WWW.DHAMMARANSI.COM



ဟောပြသော်လည်း နာယူ ယုံကြည်နိုင်ကြမည် မဟုတ်သော ကြောင့် အများဆုံး အနှစ်တသိန်းတမ်းမှာသာ ပွင့်တော်မူကြ သည်၊ (ထိုထက် အသက်ရှည်သည့် ဆုတ်ကပ်၌လည်း ပွင့်တော် မမူကြကုန်။) တသိန်းတမ်းမှ အောက်သို့ ဆုတ်ယုတ်သွားပြန်လျှင် လည်း တရာတမ်းအထိသာ ပွင့်တော်မူရာခေတ်ဖြစ်သည်။ တရာ တမ်းအောက် ဆုတ်ယုတ်သွားပြန်လျှင်လည်း သင်္ခါရတရားတို့၏ အနိစ္စ အစရှိသောသဘောကို အလွန့်အလွန်ထင်ရှားစွာ ဟော ပြောနိုင်မည် ဖြစ်သော်လည်း သတ္တဝါတို့၏ စိတ်သန္တာန်မှာ ထိုအခါ၌ လောဘ ဒေါသ မောဟ စသော ကိလေသာတရား တို့ တိုးတက်ထူထပ်လာသည့်အတွက် အနိစ္စ စသောသဘောကို ဟောပြောသော်လည်း လက်မခံနိုင် မနာယူနိုင် မကျင့်သုံးနိုင် ကြတော့သဖြင့် ထိုအနှစ်တရာတမ်းအောက် ဆုတ်ကပ်၌လည်း မြတ်စွာဘုရားများ ပွင့်တော်မမူကြကုန်။

ဤသို့အားဖြင့် မြတ်စွာဘုရားတို့သည် အများဆုံး အသက် တသိန်းတမ်းနှင့် အနည်းဆုံး အသက်တရာတမ်းတို့၏ အကြား၌သာ ပွင့်တော်မူကြမြဲဖြစ်သည်။ဤသို့ ဆုတ်ကပ်ကာလ အသက် တသိန်းတမ်းနှင့် တရာတမ်းတို့၏ အကြားဖြစ်သော ကာလမှာ ပွင့်နိုင်သည်ချည်းသာ ဖြစ်သောအခါမှန်သော်လည်း အလောင်း တော်ကြီးများ၏ ပါရမီကံ အဆောက်အဦ အနုအရင့်အားဖြင့် တိုက်ဆိုင်ရာ အသက်တမ်းတွင် ပွင့်တော်မူကြသည်။ ပါရမီကံ အဆောက်အဦရင့်သန်နေသော အလောင်းတော်ကြီးများမှာ မိမိ ဖြည့်ဆည်းပူးခဲ့သော ပါရမီကံကလည်း ရင့်သန် ပွင့်နိုင်ရန် အချိန် အခါဖြစ်သည့် အသက်တသိန်းတမ်းနှင့်လည်း တိုက်ဆိုင်လာလျှင် တသိန်းတမ်းမှာပင် ပွင့်တော်မူကြသည်။ ပါရမီကံ အဆောက် အဦတို့ကို ဖြည့်ကျင့်နေဆဲဖြစ်၍ မရင့်သန်သေးသော အလောင်း တော်တို့မှာ တသိန်းတမ်းတွင် မပွင့်နိုင်ကြပဲ ကိုးသောင်း ရှစ်သောင်း ခုနစ်သောင်း ခြောက်သောင်း စသည်ဖြင့် မိမိတို့ ပါရမီကံ အဆောက်အဦ ရင့်သန်ချိန်နှင့် တွေ့ကြုံ တိုက်ဆိုင်မိ သည့် အသက်တမ်းမှာ ပွင့်တော်မူကြရသည်။

WWW.DHAMMARANSI.COM



ဤဘဒ္ဒကမ္ဘာတွင် အနှစ် လေးသောင်းတမ်း၌ ကကုသန် မြတ်စွာဘုရား (ထို့နောက် အန္တရကပ် တကပ်ခြား၍) အနှစ် သုံးသောင်းတမ်း၌ ကောဏာဂုံမြတ်စွာဘုရား(ထို့နောက် အန္တရ ကပ် တကပ်ခြား၍)အနှစ် နှစ်သောင်းတမ်း၌ ကဿပမြတ်စွာ ဘုရားတို့ ပွင့်တော်မူကြသည်ဖြစ်၍ အကျွန်ုပ်တို့၏ ဂေါတမ မြတ်စွာဘုရားသည် အစဉ်အတိုင်းအားဖြင့် (အန္တရကပ် တကပ် ခြား၍) အနှစ်တသောင်းတမ်း၌ ပွင့်ထိုက်သည်ဟု ဆိုရန်ရှိပေ၏။ သို့သော် ပါရမီကံအဆောက်အဦတို့ မရင့်သန်သေး၍ မပွင့်နိုင် သေးချေ၊ တသောင်းတမ်းမှာမဆိုထားဘိ ငါးထောင်တမ်းမှာ လည်း မပွင့်နိုင်သေး၊ တထောင်တမ်းမှာလည်း မပွင့်နိုင်သေး၊ ငါးရာတမ်းမှာလည်း မပွင့်နိုင်သေး၊ အကြောင်းကား ပါရမီ တော်တို့ကို ဖြည့်ကျင့်ခြင်း ကိစ္စမှာ ဝေဿန္တရာမင်းဘဝဆုံးမှ အဆုံးသတ်တော်မူရသည်၊ (ထိုဘဝမှာမှ ပါရမီတော်များ ရင့်သန် ပြီးစီးသည်၊) ထိုဝေဿန္တရာမင်းဘဝသည် အသက်တရာတမ်းမှာ ဖြစ်၏၊ ဤသို့ အသက်တရာတမ်းမှာမှ ပါရမီဖြည့်ကျင့်ခြင်းကိစ္စ အဆုံးသတ် (ပါရမီတော်များ ရင့်သန်)သောကြောင့် အသက် တရာတမ်းမှာမှ ပွင့်တော်မူရသည်။

ဗုဒ္ဓဝင်အဋ္ဌကထာလာ (ယုဂဝသေန)ဟူသော စကား နှင့်စပ်၍ **အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း**၏ မှတ်ချက် ကို ပြဆိုဦးအံ့….၊ (ယုဂသဒ္ဒါသည် အစုံဟူသော အနက် ကို ဟော၏၊ ကြိတ,တြေတ,ဒွါပရ,ကလိ ဤလေးခုအစုံကို ယုဂဟု ခေါ်သည်။ ကြိတယုဂ်, တြေတယုဂ်, ဒွါပရယုဂ် ကလိယုဂ်ဟူ၍ ယုဂ်လေးပါးရှိ၏၊ ကြိတယုဂ်ကို ကတယုဂ် ဟူ၍၎င်း သစ္စယုဂ်ဟူ၍၎င်း ခေါ်ကြသေး၏။ ကြိတ ဟူသောစကားမှာ သက္ကတသံဖြစ်၍(ဧတ ဧတု)ဖြစ်သင့် ၏၊ လေးခုဟူသော အဓိပ္ပါယ် ရ၏၊ ဤ ကြိတယုဂ်ဖြင့် ပိုင်းခြားအပ်သော နှစ် ပရိစ္ဆေဒအတွင်းမှာ သူတော် ကောင်းတရားသည် အခြေလေးချောင်းရှိသော အရာ ဝတ္ထုကဲ့သို့ တည့်မတ်ခိုင်မြဲလှ၏။

WWW.DHAMMARANSI.COM



ထို့နောက် ဗြေတာယုဂ်အပိုင်းအခြားသို့ရောက်သော အခါ အခြေသုံးချောင်းသာရှိသော အရာ ဝတ္ထုကဲ့သို့ သူတော်ကောင်း တရားသည် ခိုင်မြဲသေးသော်လည်း ကြေတယုဂ်၏ အဆင့်အတန်းကို မမှီလေ။

ထို့နောက် ဒွါပရယုဂ် အပိုင်းအခြားသို့ရောက်သော အခါ အခြေနှစ်ချောင်းရှိသော အရာဝတ္ထုကဲ့သို့ သူတော်ကောင်းတရားသည် ကြေတယုဂ် ဗြေတာယုဂ်တို့၌ကဲ့သို့ တည်တံ့ကောင်းမွန်စွာ ခိုင်မြဲခြင်း မရှိချေ။ လျှပ်ရှား၍ လာတတ်၏။

ကလိယုဂ်သို့ရောက်သောအခါမှာမူ သူတော်ကောင်း တရား အလွန်ဆုတ်ယုတ်လျော့ပါး၍ မကောင်းမှုကသာ အားရှိလေတော့သည်။

ထိုယုဂ်လေးပါးတို့တွင် ကြေတယုဂ်၏အပိုင်းအခြားမှာ နှစ်ပေါင်း (၁၇၂၈၀၀၀) တသန်းခုနစ်သိန်းနှစ်သောင်း ရှစ်ထောင် အရေအတွက်ရှိသည်၊ ဗြေတာယုဂ်၏ အပိုင်း အခြားမှာ နှစ်ပေါင်း (၁၂၉၆၀၀၀) တသန်းနှစ်သိန်း ကိုးသောင်းခြောက်ထောင် အရေအတွက်ရှိသည်၊ ဒွါပရ ယုဂ်၏အပိုင်းအခြားမှာ နှစ်ပေါင်း(၈၆၄၀၀၀)ရှစ်သိန်း ခြောက်သောင်းလေးထောင် အရေအတွက်ရှိသည်၊ ကလိ ယုဂ်၏အပိုင်းအခြားမှာကား နှစ်ပေါင်း (၄၃၂၀၀၀) လေးသိန်းသုံးသောင်းနှစ်ထောင် အရေအတွက်ရှိသည်။

ကမ္ဘာဦးအခါတွင် ကြေတယုဂ်ကစ၍ တယုဂ်ကုန်ဆုံး လျှင် တယုဂ်ကူးပြောင်းလာခဲ့ရာ နောက်ဆုံး ကလိယုဂ် ကုန်ဆုံးလျှင် အစ ကြေတယုဂ်သို့ တဖန်ပြန်လှည့်၏၊ ဤသို့ ယုဂ်လေးပါး အလှည့်အလည်အားဖြင့် ဆန်းလျက် ကွယ် လျက် နေကြသည်။ ဤသို့ ယုဂ်လေးပါးအပိုင်းအခြား လှည့်လည်နေရာ ဂေါတမမြတ်စွာဘုရားပွင့်တော်မူသော အခါသည် ကလိယုဂ်ဆန်းသည့်အတွင်းမှာ ကြိုကြိုက်၍

WWW.DHAMMARANSI.COM



နေ၏။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောနှစ်မှာ ကလိယုဂ်နှစ် (၂၅၇၀) နှစ်ထောင့်ငါးရာခုနစ်ဆယ် ရှိပြီ ဟူ၍ ဂေါတမပူရာဏ်ကျမ်း၌ ဆို၏။ ထိုဂေါတမပူရာဏ်ကျမ်းအရ ရောက်ဆဲကလိယုဂ်နှစ်ကိုသိလိုသော် ရောက်ဆဲဖြစ်သော သာသနာနှစ်အရေအတွက်နှင့် (ဘုရားပရိနိဗ္ဗာန်မစံမီ လွန်နှင့်သည့် ကလိယုဂ်နှစ်ပေါင်း) နှစ်ထောင့်ငါးရာခုနစ်ဆယ် ပေါင်းလျှင် ရောက်ဆဲ ကလိယုဂ်နှစ်ဖြစ်၏။ (ဥပမာ) သာသနာနှစ် ၂၅၀၀ ရှိသော သက္ကရာဇ် ၁၃၁၈ ခုနှစ်၌ ကလိယုဂ်နှစ်ပေါင်း မည်မျှသို့ ရောက်နေပြီဟု သိလိုသော် ရောက်ဆဲ သာသနာနှစ် ၂၅၀၀ နှင့် ၂၅၇၀ တို့ကိုပေါင်း၍ ကလိယုဂ်နှစ်ပေါင်း ၅၀၇၀ သို့ ရောက်ပြီဟု သိရာ၏။

ဤသို့ လောကီဆရာများအလို ယုဂ်လေးပါး အပိုင်းအခြားရှိရာတွင် ကြတယုဂ်စသော ကောင်းမြတ်သော ယုဂ်အတွင်းမှာ ပွင့်တော်မူကြသော ဘုရားများသည် အသက်တော်ရှည်ကြ၍ ညံ့သောယုဂ်အတွင်းမှာ ပွင့်တော်မူကြသောဘုရားများသည် အသက်တော် တိုကြသည်ဟု ဗုဒ္ဓဝင်အဋ္ဌကထာဆရာ ဆိုလိုသည်။ ဤဗုဒ္ဓဝင်အဋ္ဌကထာစကားအရမှာလည်း "လောက၌ အသက်တမ်း ရှည်သော အခါ ပွင့်တော်မူကြသောမြတ်စွာဘုရားများသည် အသက်တော်ရှည်၍ အသက်တမ်းတိုသောအခါမှာပွင့်တော်မူကြသော မြတ်စွာဘုရားများသည် အသက်တော် တိုသည်" ဟူ၍ပင် အဓိပ္ပါယ်ရရှိ၏။ ဤကား ဆရာကြီးဦးလင်း၏ မှတ်ချက်တည်း။

## (၂) ပမာဏဝေမတ္တ

**ပမာဏဝေမတ္တ** ဟူသည်ကား....မြတ်စွာဘုရားတို့ တဆူနှင့်တဆူ **အရပ်**တော် အနိမ့်အမြင့်မတူကြခြင်းပင် ဖြစ်၏။

WWW.DHAMMARANSI.COM



ဒီပင်္ကရာ မြတ်စွာဘုရား၊ ရေဝတ မြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား—ဤ ခြောက်ဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အတောင်ရှစ်ဆယ် မြင့်တော်မူ၏။

ကောဏ္ဍညမြတ်စွာဘုရား၊မင်္ဂလမြတ်စွာဘုရား၊နာရဒမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား—ဤလေးဆူသော မြတ်စွာဘုရားတို့၏အရပ်တော်သည် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏။

သုမနမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ကိုးဆယ် မြင့်တော်မူ၏။

သောဘိတမြတ်စွာဘုရား၊အနောမဒဿီမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား—ဤ ငါးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏။

သုဇာတ မြတ်စွာဘုရား၏ အရပ်တော်သည် အတောင် ငါးဆယ် မြင့်တော်မူ၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၊တိဿမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား—ဤသုံးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အတောင်ခြောက်ဆယ် မြင့်တော်မူ၏။

သိခီမြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ခုနစ်ဆယ် မြင့်တော်မူ၏။

ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား—ဤသုံးဆူသော မြတ်စွာဘုရားတို့၏ အရပ်တော်သည် အစဉ်အတိုင်း အတောင်လေးဆယ် သုံးဆယ် နှစ်ဆယ် မြင့်တော်မူ၏။

ဂေါတမမြတ်စွာဘုရား၏ အရပ်တော်သည်ကား တဆယ့်ခြောက်တောင်(သို့မဟုတ်) တဆယ့်ရှစ်တောင် မြင့်တော်မူ၏။

WWW.DHAMMARANSI.COM



(ဤသို့စကားနှစ်ခွဖော်ပြရခြင်း၏ အကြောင်းကို ဝေါဟာမဗုဒ္ဓဝင်သို့ရောက်မှ ပြဆိုအံ့။)

ဤသို့မြတ်စွာဘုရားများ တဆူနှင့်တဆူအရပ်တော်ချင်း မတူပဲ အနိမ့်အမြင့် ကွဲပြားကြရာမှာ ဥတုနှင့်အာဟာရတို့သည် အဓိက အကြောင်းများ ဖြစ်ကြသည်ဟု မှတ်ယူထိုက်၏။ မြတ်စွာဘုရားတို့မည်သည် လူသားထဲမှသာ ဖြစ်ပွင့်တော်မူလာရသော လူသားဘုရားများသာ ဖြစ်၍ မိမိတို့ဖြစ်ပွင့်တော်မူရာ ခေတ်ကာလအတွင်းရှိ လူများ၏ သဘာဝအတိုင်း အသက်တမ်းမှာ ပကတိလူတို့၏အသက်တမ်းနှင့်တူမျှတော်မူကြကုန်၏။တသိန်းတမ်းမှာ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့လက်ထက် လူအပေါင်းသည်လည်း အများအားဖြင့် အနှစ်တသိန်းပင် အသက်ရှည်ကြကုန်၏။ကိုးသောင်းတမ်းမှာ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့လက်ထက် လူအပေါင်းသည်လည်း အများအားဖြင့် အနှစ်ကိုးသောင်းပင် အသက်ရှည်ကြ၏။ ဤသို့စသည်ဖြင့် အသက်တမ်း အတိုအရှည်မှာပင် လူတို့၏အသက်တမ်းနှင့် လိုက်လျောစွာ ဖြစ်ပေါ်ရ၏။

ကိုယ်ခန္ဓာအရပ်တော် အနိမ့်အမြင့် သဘောကိုမူကား အသက်တမ်းဖြင့် ပိုင်းခြား၍မရနိုင်၊မရနိုင်ကြောင်းမှာ.... အသက်တသိန်းတမ်းတွင် ပွင့်တော်မူကြသော ဘုရားများဖြစ်လျက် ဒီပင်္ကရာမြတ်စွာဘုရား၊အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရားတို့မှာ အရပ်တော် အတောင်ရှစ်ဆယ်သာမြင့်၍ ကောဏ္ဍညမြတ်စွာဘုရားမှာ ရှစ်ဆယ့်ရှစ်တောင်၊ အနောမဒဿီ မြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရားတို့မှာ ငါးဆယ့်ရှစ်တောင်၊ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ တိဿ မြတ်စွာဘုရားတို့မှာ အတောင် ရှစ်ဆယ်အားဖြင့် ကွဲပြားတော်မူကြသည်ကို ထောက်၍ အရပ်တော် အနိမ့်အမြင့်မှာ အသက်တမ်းသို့ မလိုက်သည်ကို သိရာ၏။ ပွင့်တော်မူရာ အသက်တမ်းချင်း

WWW.DHAMMARANSI.COM



တူသော မြတ်စွာဘုရားများသော်မှ အရပ်တော် အနိမ့်အမြင့် မတူသေးလျှင် ပွင့်တော်မူရာအသက်တမ်း ကွဲပြားကြသော မြတ်စွာဘုရားများ၏ အရပ်တော်မှာ ဆိုဖွယ်ပင်မရှိ ဖြစ်တော့သည်။

ဝိနယပိဋက(၂)ပါစိတ္တိယပါဠိ (၉)ရတနဝဂ် (၁၀) နန္ဒသိက္ခာပုဒ်၌ မြတ်စွာဘုရား၏ညီတော် အရှင်နန္ဒသည် မြတ်စွာဘုရားအောက် လက်လေးသစ်မျှသာ အရပ်နိမ့်ကြောင်း ဟောကြားထားသည်ကို ထောက်၍ ထိုခေတ်က အခြားလူများလည်း မြတ်စွာဘုရား၏ အရပ်တော်ကို မမှီစေကာမူ မြတ်စွာဘုရား၏ အရပ်တော်နီးပါးမျှ ရှိကြသူ အများရှိမည်ဟု ယုံကြည်ရာ၏။ သို့ဖြစ်၍ မြတ်စွာဘုရားများ၏ အရပ်တော် အနိမ့်အမြင့်သဘောသည် ဖြစ်ပွင့်တော်မူရာ ခေတ်ကာလရှိ လူများ၏ အရပ်အနိမ့်အမြင့်သဘောသို့လိုက်၍ ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။ ထိုထိုခေတ်ကာလရှိ လူများ၏အရပ်နှင့် မြတ်စွာဘုရား၏ အရပ်တော် တထပ်တည်း တူညီသည်ဟု မဆိုလိုပေ။

ဤသို့ လူအများ၏ အနိမ့်အမြင့် သဘောသို့ လိုက်၍ မြတ်စွာဘုရားများ၏ အရပ်တော် အနိမ့်အမြင့် ဖြစ်ပေါ်ရခြင်း၌ အကြောင်းရင်းမှာ ဥတုနှင့် အာဟာရနှစ်ပါးတို့ပင် ဖြစ်၏။ မင်းတို့ တရားမစောင့်ခြင်းကအစ (အရိယာတို့ကို ထား၍) တလောကလုံး တရားမစောင့် ဖြစ်သောအခါ ဖောက်ပြန်သောဥတု ဩဇာခတ်ဆီ နည်းပါးသော အစာအာဟာရကို မှီဝဲရသဖြင့် ထိုခေတ်လူများ၏ ဥတုဇရုပ် အာဟာရဇရုပ်များသည် ကြီးပွါး ထွားကြိုင်းသင့်သလောက် မကြီးပွါး မထွားကြိုင်းနိုင်ပေ။ ထိုမှပြန်သောအားဖြင့် တရားစောင့်သောအခါ ဥတုဇရုပ် အာဟာရဇရုပ်တို့ ကြီးမားထွားကြိုင်းသည်ကို သိရာ၏။

WWW.DHAMMARANSI.COM



## (၃) ကုလဝေမတ္တ

ကုလဝေမတ္တဟူသည်ကား....မြတ်စွာဘုရားများ တဆူနှင့်တဆူ အမျိုးအနွယ်တော် မတူခြင်းပင် ဖြစ်၏။

ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား—ဤ မြတ်စွာဘုရား သုံးဆူတို့မှာ ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကြကုန်၍ ကြွင်းသော နှစ်ကျိပ်နှစ်ဆူသော မြတ်စွာဘုရားတို့သည် မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။ "လောက၌ မင်းများသည် အထွတ်အမြတ်ဖြစ်သည်"ဟု လူအပေါင်းတို့က အထိမ်းအမှတ် ပြုလုပ်ကြသောအခါ မြတ်စွာဘုရားများသည် မင်းမျိုး၌ ဖြစ်တော်မူကြကုန်၏။ "လောက၌ ပုဏ္ဏားမျိုးသည် အထွတ်အမြတ်ဖြစ်သည်"ဟု လူအပေါင်းတို့က အထိမ်းအမှတ် ပြုလုပ်ကြသောအခါ မြတ်စွာဘုရားတို့သည် ပုဏ္ဏားမျိုး၌ ဖြစ်တော်မူကြကုန်၏။

## (၄) ပဓာနဝေမတ္တ

ပဓာနဝေမတ္တ ဟူသည်ကား....မြတ်စွာဘုရားများ တဆူနှင့် တဆူ ပဓာန်ခေါ် ဒုက္ကရစရိယာကျင့်ရပုံ မတူခြင်းပင်ဖြစ်၏။

ဒီပင်္ကရာ မြတ်စွာဘုရား၊ ကောဏ္ဍည မြတ်စွာဘုရား၊ သုမန မြတ်စွာဘုရား၊ အနောမဒဿီ မြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ ကကုသန် မြတ်စွာဘုရား— ဤခုနစ်ဆူသော မြတ်စွာဘုရားတို့သည် ဆယ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

မင်္ဂလ မြတ်စွာဘုရား၊ သုမေဓ မြတ်စွာဘုရား၊ တိဿ မြတ်စွာဘုရား၊ သိခီ မြတ်စွာဘုရား—ဤလေးဆူသော မြတ်စွာဘုရားတို့သည် ရှစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

ရေဝတ မြတ်စွာဘုရားသည် ခုနစ်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏၊ သောဘိတ မြတ်စွာဘုရားသည် လေးလကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏။

WWW.DHAMMARANSI.COM



ပဒုမ မြတ်စွာဘုရား၊ အတ္ထဒဿီ မြတ်စွာဘုရား၊ ဝိပဿီ မြတ်စွာဘုရား—ဤသုံးဆူသော မြတ်စွာဘုရားတို့သည် လဝက် (တဆယ့်ငါးရက်)ကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

နာရဒ မြတ်စွာဘုရား၊ ပဒုမုတ္တရ မြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား—ဤလေးဆူသောမြတ်စွာဘုရားတို့သည် ခုနစ်ရက်ကြာမျှ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

ပိယဒဿီ မြတ်စွာဘုရား၊ ဖုဿ မြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရားတို့သည် ခြောက်လကြာ ဒုက္ကရစရိယာ ကျင့်တော်မူကြရကုန်၏။

အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား ဂေါတမ မြတ်စွာဘုရားသည်ကား ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူရ၏။

ရှေးက ပြခဲ့ပြီးသော အာယုဝေမတ္တ စသည်တို့မှာ အသက်တော်စသည် အရှည်အတို မတူရာ၌ အကြောင်းရှိသကဲ့သို့၊ ဤ ပဓာနခေါ် ဒုက္ကရစရိယာ ကျင့်ရာမှာ ကာလအနည်းအများ ကွာခြားခြင်း၌လည်း အကြောင်းရှိရမည်သာဖြစ်၏၊ အကြောင်းထူးကိုရှာသော် ကံအတွက်ပင် ဖြစ်သည်ဟု ဆိုသင့်၏။

**ထင်ရှားစေဦးအံ့**····အပဒါနပါဠိ ပဌမအုပ် မျက်နှာ (၃၄၉) (၃၉)အဝဋ္ဋဖလဝဂ် (၁၀) ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓါပဒါန်၌၊ ၊ "အဝစာဟံ ဇောတိပါလော၊ သုဂတံ ကဿပံ တဒါ" အစရှိသည်ဖြင့် (အကျွန်ုပ်တို့၏ မြတ်စွာဘုရား အလောင်းတော် ခြောက်နှစ်တိုင် ဒုက္ကရစရိယာ ကျင့်ရခြင်း၏ ရှေးမကောင်းမှု အကုသိုလ်ကံအကြောင်းကို) "ငါသည် ကဿပ မြတ်စွာဘုရား လက်ထက်တော်မှာ ဇောတိပါလအမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ကဿပ မြတ်စွာဘုရားကို 'ဤဦးပြည်း = ခေါင်းတုံးအား အဘယ်

WWW.DHAMMARANSI.COM



မှာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် ရှိနိုင်ပါအံ့နည်း၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟူသည် အလွန်တရာ ရခဲလှ၏ဟု ပြောဆိုပြစ်မှားခဲ့သော အကုသိုလ်ဝစီကံ အကျိုးအားဖြင့် ယခုဘုရားဖြစ်ရမည့် နောက်ဆုံးဘဝမှာ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ရှည်မြင့်စွာ ကျင့်ခဲ့ရလေပြီ''ဟု မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူအပ်သည်။

ဤသို့ ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့်ရခြင်းမှာ မကောင်းမှုကံကြောင့်ဖြစ်ကြောင်း ပါဠိတော်၌ တိုက်ရိုက်လာသည်ကို ထောက်သဖြင့် ခုနစ်ရက်မျှ ဒုက္ကရစရိယာ ကျင့်တော်မူကြရသည့် မြတ်စွာဘုရားများမှာ ထက်သန် လုံလောက်အားကြီးသော ကောင်းမှု ကုသိုလ်ကံကြောင့် ဖြစ်သည်ဟူ၍ သိသာပေ၏၊ ထို့ကြောင့် ဒုက္ကရစရိယာ ကျင့်တော်မူကြရာ၌ ကာလအနည်းအများ ကွာခြားခြင်း၏အကြောင်းရင်းကား ကံသာလျှင်ဖြစ်၏ဟု ဆိုသင့်ပေ၏။

ဤသို့ ဘုရားဖြစ်ခါနီးကျင့်ရသော ပဓာနစရိယချင်း ကာလအနည်းအများ မတူသော်လည်း ဘုရားဖြစ်သောအခါ ဘုန်းတော်ခြောက်ပါး အဝင်အပါ ပယတ္တစရိယ တော်မှာ ဘုရားအချင်းချင်း အတူအညီသာ ဖြစ်သည်ဟူ၍ မှတ်ယူအပ်၏။

## (၅) ရသ္မိဝေမတ္တ

ရသ္မိဝေမတ္တ ဟူသည်ကား....မြတ်စွာဘုရားများ တဆူနှင့်တဆူ ရောင်ခြည်တော်ထွက်ပုံ မတူခြင်းပင် ဖြစ်၏။ မင်္ဂလမြတ်စွာ ဘုရား၏ ရောင်ခြည်တော်သည် စကြဝဠာတိုက်တသောင်းကို ပျံ့နှံ့၍တည်၏၊ ပဒုမုတ္တရမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၁၂) တဆယ့်နှစ်ယူဇနာ ပျံ့နှံ့၍တည်၏၊ ဝိပဿီ မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၇) ခုနစ်

WWW.DHAMMARANSI.COM



ယူဇနာ ပျံ့နှံ့၍တည်၏၊ သိခီမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် (၃) သုံးယူဇနာ ပျံ့နှံ့၍တည်၏၊ ကကုသန်မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင်(၁၀)ဆယ်ယူဇနာ ပျံ့နှံ့၍တည်၏၊ ဂေါတမမြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် ကိုယ်တော်၏ အလံနှင့်ညီမျှစွာ လေးတောင်ခန့် ပျံ့နှံ့၍တည်၏၊ ကြွင်းသော မြတ်စွာဘုရားတို့၏ ရောင်ခြည်တော်သည် အမြဲမရှိ အလိုတော်ရှိသမျှ ထွန်းလင်းတောက်ပ၏။

တတြ ရသ္မိဝေမတ္တံ အဇ္ဈာသယပ္ပဋိဗဒ္ဓံ၊ ယော ယတ္တကံ ဣစ္ဆတိ၊ တဿ တတ္တကာ သရီရပ္ပဘာ ဖရတိ။ မင်္ဂလဿ ပန နိစ္စမ္ပိ ဒသသဟဿိလောကဓာတုံ ဖရတူတိ အဇ္ဈာသယော အဟောသိ။ (သုတ်မဟာဝါ အဋ္ဌကထာ ဆဋ္ဌမူ စာမျက်နှာ ၁၈)။ တတြ၊ ထိုဝေမတ္တတရားတို့တွင်။ ရသ္မိဝေမတ္တံ၊ ရောင်ခြည်တော်၏ ထူးခြားခြင်းသည်။ အဇ္ဈာသယပ္ပဋိဗဒ္ဓံ၊ ပါရမီဖြည့်စဉ်အခါ ပန်ထွာတောင့်တ အလိုရှိခဲ့သော အဇ္ဈာသယနှင့် စပ်ခြင်းရှိ၏။ ယော၊ အကြင်မြတ်စွာဘုရားသည်။ ယတ္တကံ၊ အကြင်မျှလောက်။ ဣစ္ဆတိ၊ ကိုယ်ရောင် ပျံ့နှံ့ရလို၏-ဟု ပါရမီဖြည့်စဉ်အခါ အလိုရှိခဲ့တောင့်တခဲ့၏။ တဿ၊ ထိုမြတ်စွာဘုရား၏။ တတ္တကာ၊ ထိုမျှလောက်သော။ သရီရပ္ပဘာ၊ ကိုယ်တော်ရောင်သည်။ ဖရတိ၊ ပျံ့နှံ့၏။ မင်္ဂလဿ ပန၊ မင်္ဂလမြတ်စွာဘုရား၏ကား။ နိစ္စမ္ပိ၊ အမြဲလည်း။ ဒသသဟဿိလောကဓာတုံ၊ တသောင်းသော စကြဝဠာလောကဓာတ်ကို။ ဖရတူတိ၊ ကိုယ်ရောင်ပျံ့နှံ့စေသတည်း ဟူ၍။ အဇ္ဈာသယော၊ ပါရမီဖြည့်စဉ်အခါ ပန်ထွာတောင့်တ အလိုရှိသော အဇ္ဈာသယသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။ (ဤကား ဖော်ပြရာပါ အဋ္ဌကထာပါဠိ၏ အနက်တည်း။) ၎င်းအဖွင့်ဋီကာ၌ အဇ္ဈာသယအရ ပါရမီဖြည့်စဉ်က ဖြစ်ခဲ့သော ဆုတောင်း **ပတ္ထနာကို ယူရမည်-ဟု ဖွင့်ပြသည်။**

WWW.DHAMMARANSI.COM



ဤသို့ မြတ်စွာဘုရားများ တဆူနှင့်တဆူ ရောင်ခြည်တော် ထွက်ကြွပုံ မတူရာ၌ အကြောင်းရင်းကိုရှာလျှင် ဖြည့်ဆည်းပူး တော်မူခဲ့ကြသော ပါရမီတော်ကံတို့ပင် ဖြစ်သင့်၏။ ထိုသို့ ဖြစ်သင့်ကြောင်းကို လောကဓာတ် စကြဝဠာ တသောင်းတိုင် ပကတိ ကိုယ်တော်ရောင် ပျံ့နှံ့သော မင်္ဂလမြတ်စွာဘုရား၏ အဋ္ဌုပ္ပတ်မှာ အဋ္ဌကထာဆရာတော်များက—

"မင်္ဂလာဘုရား အလောင်းတော်သည် (ဝေါတမဘုရား အလောင်းတော်၏ ဝေဿန္တရာမင်း ဘဝကဲ့သို့သော ) ပါရမီတော်ဖြည့်ကျင့်ရာ နောက်ဆုံး တခုသောဘဝ၌ ဝင်္ကပဗ်တောင်နှင့် တူသောတောင်၌ သားမယားတို့နှင့် တကွ နေမတော်မူရာ ခရဒါဋ္ဌိက အမည်ရှိသော ဘီလူး သည် ပုဏ္ဏားယောင်ဆောင်ကာ သားတော်နှင့် သမီး တော်တို့ကို အလှူခံရာတွင် မင်္ဂလမြတ်စွာဘုရားအလောင်း တော်သည် ဝမ်းမြောက်ဝမ်းသာ ငါလှူဒါန်းအံ့-ဟု ကြံ၍ သားတော်နှင့် သမီးတော်တို့ကို ပေးလှူတော်မူ၏၊ ခရ ဒါဋ္ဌိက ဘီလူးသည် စကြံ၏အစွန်း ပျဉ်ချပ်ကို မှီ၍ သားတော်နှင့် သမီးတော်တို့ကို အလောင်းတော်၏ မျက်မှောက်မှာပင် ကြာစွယ်စည်းကို ဝါး၍စားသည့်ပမာ ကျွတ်ကျွတ်ဝါး၍ စားလေသည်၊ အလောင်းတော်သည် ဘီလူးကို ကြည့်လိုက်သည်တွင် ဘီလူးခံတွင်းဟနေခိုက် မီးအလျှံကဲ့သို့ ဘီလူးခံတွင်းမှ ချင်းချင်းနီသော သွေးရည် အလျဉ် တသွင်သွင် ယိုစီးကျနေသည်ကို မြင်ရသော်လည်း ဆံခြည်ဖျားလောက်မျှ စိတ်နှလုံးမသာမယာ ဖြစ်တော် မမူပဲ "ငါသည် အလှူကို ကောင်းစွာလှူအပ်လေပြီတကား" ဟု စဉ်းစား ကြံစည်တော်မူသောအခါ များစွာသော နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လာပြီးလျှင် "ငါ၏ ကောင်းမှု အကျိုးဆက်အားဖြင့် နောက်အခါ၌ ဤသဘောအတိုင်း ငါ၏ကိုယ်မှ ရောင်ခြည်တို့သည် ထွက်ကြွစေကုန်သတည်း" ဟူ၍ ဆုတောင်းပဌနာမှုကို ပြုတော်မူ၏၊ ထို ဆုတောင်း

WWW.DHAMMARANSI.COM



အတွက်ကြောင့် မင်္ဂလမြတ်စွာဘုရား ဖြစ်တော်မူသော အခါ ပကတိကိုယ်တော်ရောင်သည် စကြာဝဠာတိုက်ပေါင်း တသောင်းတိုင် ပျံ့နှံ့၍တည်သည်—

စသည်ဖြင့် ဖွင့်ပြတော်မူကြ၏။

၌ဖွင့်ပြချက်ကို ထောက်ဆ၍ ရှေးဆုတောင်း ကောင်းမှုအထူး ရှိ-မရှိအလိုက် ဘုရားဖြစ်တော်မူသောအခါ ပကတိ ကိုယ်တော် ရောင်ထွက်ကြပုံ ထူးခြားရသည်-ဟု မှတ်ယူရာ၏။ ၌ ရသ္မိဝေမတ္တ ခေါ် ရောင်ခြည်တော် ထွက်ပုံချင်း ထူးကြသည်ဆိုရာမှာ ပကတိ ကိုယ်တော်ရောင်ကိုသာ ဆိုလိုသည်။ စိတ်တော်က အလိုရှိ၍ တန်းခိုးတော်ဖြင့် ဖန်ဆင်းခဲ့လျှင် မည်သည့်ဘုရားမဆို အလိုတော် ရှိသလောက် ရောင်ခြည်တော် ထွက်ပေါ် ပျံ့နှံ့စေနိုင်သည်ချည်း သာဖြစ်၏။ တန်းခိုးတော်အရာမှာ မည်သည့်ဘုရားကနည်း၍ မည်သည့်ဘုရားက များသည်ဟူသော ဣဒ္ဓိဝေမတ္တမျိုး မရှိပေ။

## ရောင်ခြည်တော် သုံးမျိုး

(၁) **ဗျာမပ္ပဘာ ရောင်ခြည်တော်**....၌ ရောင်ခြည်တော်မှာ မြတ်စွာဘုရား (ကျွန်ုပ်တို့ဂေါတမဘုရား)၏ ပကတိကိုယ်တော်မှ အမြဲထွက်ကြွ၍ ကိုယ်တော်၏ ပတ်ဝန်းကျင်တွင် တလံမျှအတိုင်း အရှည်ရှိသော အလွန်ထူထဲ၍ ဘုရားရှင်၏ကိုယ်တော်နှင့် ဝေခွဲ၍ ပင် မရနိုင်လောက်အောင် တခဲနက်သော ရောင်ခြည်တော် ဖြစ်သည်။ လျှပ်စစ်ဓာတ်မီးပွင့်ကို ဝါးတရိုက်ခန့်လောက်မှကြည့် လျှင်မီးတောက်လုံးဟု ထင်ရသည့်အရောင်ဝန်းရှိ၏။ အနားကပ်၍ စေ့စေ့စပ်စပ်ကြည့်မှ ပကတိမီးတောက်၏ ကွေ့ကွေ့ ကောက် ကောက်ပုံကလေးကို မြင်ရသည်။ ထို့အတူပင် မြတ်စွာဘုရား၏ ကိုယ်တော်မှာလည်း တလံမျှလောက်သော ရောင်ခြည်အဝန်း ရှိသည်၊ ထိုရောင်ခြည်တော်ကို"ဗျာမပ္ပဘာ ရောင်ခြည်တော်"ခေါ် ၏။ အလွန်ထူထဲ တခဲနက်သောရောင်ခြည်အဝန်း ဖြစ်သည်။

(၂) **အသီတိနိစ္စလောဘာသ ရောင်ခြည်တော်**....၌ ရောင် ခြည်တော်ကား ဗျာမပ္ပဘာရောင်ခြည်တော်မှ သန္တာန်ဆက်က

WWW.DHAMMARANSI.COM



အတောင်ရှစ်ဆယ် အရပ်တိုင်အောင် ဖြာ၍ထွက်လာသော ပကတိကိုယ်တော်ရောင်ပင် ဖြစ်သည်။

(၃) **ဒိသာဖရဏ ရောင်ခြည်တော်**....ဤရောင်ခြည်တော်မှာ ပဋ္ဌာန်းတရားကို သုံးသပ်သောအခါ, ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ စသည်တို့၌ သွေးတော်စသည် တိုး၍ကြည်လင်ခြင်းကြောင့် အနန္တစကြဝဠာသို့ ပျံ့နှံ့၍ထွက်သော ရောင်ခြည်တော်ဖြစ်သည်။

## ရောင်ခြည်တော် နှစ်မျိုး

လူနတ်ဗြဟ္မာ သတ္တဝါတို့ မျက်စိဖြင့်မြင်ကောင်းသည့် မြတ်စွာဘုရား၏ ရူပါရုံအဆင်းဝဏ္ဏဓာတ်အထူးကို ဤအရာ၌ ရောင်ခြည်တော်ဟူ၍ ခေါ်သည်။ အဘိဓမ္မာသဘောအရ ဗျာမပ္ပဘာ ရောင်ခြည်တော်နှင့် အသီတိနိစ္စလောဘာဘာသ ရောင်ခြည်တော်တို့ကို **ကမ္မဇရောင်ခြည်တော်** (သို့မဟုတ် ကမ္မပစ္စယ ဥတုဇ ရောင်ခြည်တော်) ဟူ၍ ခေါ်ရပေမည်။ အကြောင်းကား.... ထိုရောင်ခြည်တော် နှစ်မျိုးလုံးပင် ရှေးကံလျှင် အကြောင်းရင်းရှိသောကြောင့်တည်း။ ဒိသာဖရဏရောင်ခြည်တော်ကို စိတ်တော်ကြည်လင်ခြင်းလျှင် အကြောင်းရင်း ရှိသောကြောင့် **စိတ္တဇရောင်ခြည်တော်**(သို့မဟုတ် စိတ္တပစ္စယ ဥတုဇရောင်ခြည်တော်) ဟူ၍ ခေါ်ရပေမည်။ ဤသို့ ရောင်ခြည်တော်တို့၏ အထူးကို သိမှတ်ရာ၏။

## (၆) ယာနဝေမတ္တ

ယာနဝေမတ္တဟူသည်ကား....မြတ်စွာဘုရား အလောင်းတော်များ တောထွက်တော်မူသောအခါ စီးနင်းသောယာဉ်၏ မတူခြင်းပင်ဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ သုမေဓမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရား၊ သိခီမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား အလောင်းတော်တို့သည် ဆင်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

WWW.DHAMMARANSI.COM



ကောဏ္ဍညမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရား၊ ပိယဒဿီမြတ်စွာဘုရား၊ ဝိပဿီမြတ်စွာဘုရား၊ ကကုသန်မြတ်စွာဘုရား အလောင်းတော်တို့သည် အာဇာနည်မြင်းကသော ရထားယာဉ်ကိုစီးလျက် တောထွက်တော်မူကြကုန်၏။

မင်္ဂလမြတ်စွာဘုရား၊ သုဇာတမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား အလောင်းတော်တို့သည် မြင်းယာဉ်ကိုစီးလျက် တောထွက်တော်မူကြကုန်၏။

အနောမဒဿီမြတ်စွာဘုရား၊ သိဒ္ဓတ္ထမြတ်စွာဘုရား၊ ဝေဿဘူမြတ်စွာဘုရား အလောင်းတော်တို့သည် ရွှေထမ်းစင်စီးလျက် တောထွက်တော်မူကြကုန်၏။

နာရဒ မြတ်စွာဘုရား အလောင်းတော်သည် ခြေလျင်ကြွသွားတော်မူလျက် တောထွက်တော်မူ၏။

သောဘိတမြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား အလောင်းတော်တို့သည် ပြာသာဒ်ယာဉ်စီးလျက် တောထွက်တော်မူကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်များ တောထွက်တော်မူကြသောအခါ စီးတော်ယာဉ်ချင်း မတူသည်ကို "ယာန-ဝေမတ္တ" ခေါ်သည်-ဟု မှတ်ယူအပ်၏။

## (၇) ဗောဓိဝေမတ္တ

ဗောဓိဝေမတ္တ ဟူသည်ကား····မြတ်စွာဘုရားများ တဆူနှင့်တဆူ ပွင့်တော်မူရာ မဟာဗောဓိပင်ချင်း မတူထူးခြားမှုပင် ဖြစ်၏။

ဒီပင်္ကရာမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ညောင်ကြတ်ပင်ဗောဓိဖြစ်၏။

ကောဏ္ဍညမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ သာလကလျာဏီခေါ် ကြောင်လျှာပင်(သို့မဟုတ် နံ့ပဲပင်) ဖြစ်၏။

WWW.DHAMMARANSI.COM



မင်္ဂလမြတ်စွာဘုရား၊ သုမနမြတ်စွာဘုရား၊ ရေဝတမြတ်စွာဘုရား၊သောဘိတ မြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ကံ့ကော်ပင် ဗောဓိဖြစ်၏။

အနောမဒဿီ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ထောက်ကြံ့ (ဖောက်ကြံ့)ပင် ဗောဓိ ဖြစ်၏။

ပဒုမမြတ်စွာဘုရား၊ နာရဒမြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ကြောင်လျှာပင်ဗောဓိ ဖြစ်၏။

ပဒုမုတ္တရမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ထင်းရှူးပင် ဗောဓိ ဖြစ်၏။

သုမေဓမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ တမာပင် ဗောဓိ ဖြစ်၏။

သုဇာတမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ကြခတ်ဝါးပင် ဗောဓိ ဖြစ်၏။

ပိယဒဿီ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ရေခံတက်ပင် သို့မဟုတ် (ဖောက်ကြံ့ပင်)ဗောဓိ ဖြစ်၏။

အတ္ထဒဿီ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ စကားပင်ဗောဓိ ဖြစ်၏။

ဓမ္မဒဿီ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ မျက်နှာပန်းပင် ဗောဓိ ဖြစ်၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ မဟာလှေကားပန်းပင် ဖြစ်၏။

တိဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ပိတောက်ပင် ဗောဓိ ဖြစ်၏။

ဖုဿမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ရှိရှားပင် ဗောဓိ ဖြစ်၏။

WWW.DHAMMARANSI.COM



ဝိပဿီ မြတ်စွာဘုရား၏ ပွင့်တော်မူရာဗောဓိပင်မှာ သခွတ်ပင် ဗောဓိ ဖြစ်၏။

သိခီ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ သရက်ဖြူပင် ဗောဓိ ဖြစ်၏။

ဝေဿဘူ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ အင်ကြင်းပင်ဗောဓိ ဖြစ်၏။

ကကုသန် မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ကုက္ကိုပင် ဗောဓိဖြစ်၏။

ကောဏာဂုံ မြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ရေသဖန်းပင် ဗောဓိဖြစ်၏။

ကဿပမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ပညောင်ပင် ဖြစ်၏။

ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ ဗောဓိပင်မှာ ညောင်ဗုဒ္ဓဟေပင် (ညောင်နီပင်) ဗောဓိဖြစ်၏။

> (သစ္စာလေးပါးတရားကို သိမြင်တတ်သောကြောင့် မဂ်လေးပါးကို "ဗောဓိ"ဟူ၍ခေါ်၏၊ ဧေယျတရားတို့ကို သိမြင်တတ်သောကြောင့် သဗ္ဗညုတဉာဏ်ကို "ဗောဓိ" ဟူ၍ ခေါ်၏၊ ဗုဇ္ဈတီတိ ဗောဓိဟု ဝိဂ္ဂြိုဟ်ပြုရာ၏၊ ထို သစ္စာလေးပါး ဧေယျတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်ရာ ဖြစ်သောကြောင့် ပွင့်တော်မူရာသစ်ပင်ကိုလည်း "ဗောဓိ" ဟုခေါ်၏၊ ဗုဇ္ဈတိ ဧတ္ထာတိ ဗောဓိဟု ဝိဂ္ဂြိုဟ်ပြု။ ဧတ္ထ၊ ဤသစ်ပင်၌။ ဗုဇ္ဈတိ၊ သစ္စာလေးပါး ဧေယျတရားတို့ကို သိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ သိရာဖြစ်သောကြောင့် ဗောဓိ၊ ဗောဓိမည်၏ ဟု အနက်ပေး။)

ဤသို့လျှင် မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင်ချင်း မတူ ထူးခြားမှုကို "ဗောဓိဝေမတ္တ" ခေါ်သည်-ဟု မှတ်ယူအပ်၏။

WWW.DHAMMARANSI.COM



## (၈) ပလ္လင်ဝေမတ္တ

ပလ္လင်ဝေမတ္တ ဟူသည်ကား...မြတ်စွာဘုရားများ တဆူနှင့် တဆူ ပွင့်တော်မူရာ ပလ္လင်တော်၏ မတူထူးခြားခြင်းပင်ဖြစ်၏။

ဒီပင်္ကရာ မြတ်စွာဘုရား၊ ရေဝတ မြတ်စွာဘုရား၊ ပိယဒဿီ မြတ်စွာဘုရား၊ အတ္ထဒဿီ မြတ်စွာဘုရား၊ ဓမ္မဒဿီ မြတ်စွာဘုရား၊ ဝိပဿီ မြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် (၅၃) ငါးဆယ့်သုံးတောင်စီ ပမာဏရှိကုန်၏။

ကောဏ္ဍည မြတ်စွာဘုရား၊ မင်္ဂလ မြတ်စွာဘုရား၊ နာရဒ မြတ်စွာဘုရား၊ သုမေဓ မြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာ-ဇိတပလ္လင်တော်တို့သည် (၅၇) ငါးဆယ့်ခုနစ်တောင်စီ ပမာဏ ရှိကုန်၏။

သုမန မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင် တော်သည် အတောင် (၆၀) ခြောက်ဆယ် ပမာဏရှိ၏။

သောဘိတမြတ်စွာဘုရား၊ အနောမဒဿီမြတ်စွာဘုရား၊ ပဒုမ မြတ်စွာဘုရား၊ ပဒုမုတ္တရမြတ်စွာဘုရား၊ ဖုဿမြတ်စွာဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် (၃၈) သုံးဆယ့် ရှစ်တောင်စီ ပမာဏရှိကုန်၏။

သုဇာတမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင် တော်သည် (၃၂) သုံးဆယ့်နှစ်တောင် ပမာဏရှိ၏။

သိဒ္ဓတ္ထမြတ်စွာဘုရား၊ တိဿမြတ်စွာဘုရား၊ ဝေဿဘူ မြတ်စွာ ဘုရားတို့၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်တို့သည် အတောင် (၄၀) လေးဆယ်စီ ပမာဏရှိကုန်၏။

သိခီမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော် သည် (၃၂) သုံးဆယ့်နှစ်တောင် ပမာဏရှိ၏။

ကကုသန်မြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင် တော်သည် (၂၆) နှစ်ဆယ့်ခြောက်တောင် ပမာဏရှိ၏။

WWW.DHAMMARANSI.COM



ကောဏာဂုံမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် အတောင်(၂၀)နှစ်ဆယ် ပမာဏရှိ၏။

ကဿပမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၁၅) တဆယ့်ငါးတောင် ပမာဏရှိ၏။

ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ အပရာဇိတပလ္လင်တော်သည် (၁၄) တဆယ့်လေးတောင် ပမာဏရှိ၏။

## ပလ္လင် နှစ်မျိုး

ဤအရာ၌ (ပါဠိလို) ပလ္လင် (မြန်မာလို) ပလ္လင်ဟူသည် အာဘုဇနပလ္လင်, အာသနပလ္လင်ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်—နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ = တင်ပလ္လင်ခွေထိုင်နေ၏ ဟူသော မဟာသတိပဋ္ဌာနသုတ်စသည်တို့၌ လာသော တင်ပလ္လင်ခွေ ထိုင်နေခြင်းမျိုးကို **အာဘုဇနပလ္လင်**ဟူ၍ မှတ်ယူရာ၏။

နေထိုင်ဖွယ်ရာ အခင်းအထူးကို **အာသနပလ္လင်**ဟူ၍ မှတ်ယူရာ၏။ ထိုနေထိုင်ဖွယ်ရာ အခင်းအထူး တည်းဟူသော အာသနပလ္လင်သည် သေဋ္ဌိပလ္လင်, ရာဇပလ္လင်, နာဂပလ္လင်, ဒေဝပလ္လင်, ဓမ္မပလ္လင်, ဗောဓိပလ္လင် စသည်ဖြင့် များစွာရှိ၏။ ထိုတွင်—

"**ဂစ္ဆ** ဥမ္မိ အမှာကံ ဃရံ အာနေတွာ မမ ပလ္လင်္ကေ နိသီဒါပေတွာ အမှာကံ ပဋိယတ္တဘတ္တဿ ပတ္တံ ပူရေတွာ ဒါပေဟိ = အချင်း…သွားလော့၊ ဤ ပစ္စေကဗုဒ္ဓါကို ငါတို့အိမ်သို့ ပင့်ခေါ်သွားပြီးလျှင် ငါ၏(ပလ္လင်၌) ထိုင်နေစေ၍ ငါ့အတွက် စီမံထားသော ထမင်းကို သပိတ်အပြည့်ထည့်၍ လှူဒါန်းလိုက်လော့"ဟူ၍ ဆက္ကနိပါတ် (၂)သူစိဝဂ်(၅) မယှကဇာတ် အဋ္ဌကထာ၌ လာရှိသည့် ဗာရာဏသီသူဌေး၏ ပလ္လင်မျိုးသည် **သေဋ္ဌိပလ္လင်** မည်၏။ သူဌေးများသုံးသည့် နေထိုင်ဖွယ်ရာ အခင်းအထူးဟူလို။

WWW.DHAMMARANSI.COM



မင်းတို့၏ အသုံးအဆောင်ဖြစ်သည့်—

(၁) နန်းဦးပြာသာဒ်တော်တွင်ထား၍ မင်းတို့ အပူဇော်ခံရာ ခြင်္သေ့ရုပ်ခံသော ယမနေသားဖြင့် ထုလုပ်အပ်သည့် သီဟာသနပလ္လင်၊

(၂) ဇေတဝန်ဆောင်တွင်ထား၍ မင်းတို့ ရတနာသုံးပါးကို ပူဇော်ရာ ဟင်္သာရုပ်ခံသော သက်န်းသားဖြင့် ထုလုပ်အပ်သည့် ဟံသာသနပလ္လင်၊

(၃) ဗောင်းတော်ဆောင်တွင်ထား၍ မင်းတို့ တရားစကား နာခံရာ ခရုသင်းရုပ်ခံသော သရက်သားဖြင့် ထုလုပ်အပ်သည့် သင်္ခါသနပလ္လင်၊

(၄) မှန်နန်းဆောင်တွင်ထား၍ မင်းတို့ စက်တော်ခေါ် (အိပ်) ရာ ပိတုန်းရုပ်ခံသော ကရဝေးသားဖြင့် ထုလုပ်အပ်သည့် ဘမရာသနပလ္လင်၊

(၅) မြတိုက်ဆောင်တွင်ထား၍ မင်းတို့ ချီးမြှင့် နှိမ့်ချရာ ဆင်ရုပ်ခံသော စကားသားဖြင့် ထုလုပ်အပ်သည့် ဂဇာသနပလ္လင်၊

(၆) မြောက်စမုတ်ဆောင်တွင်ထား၍ မင်းတို့ ဆင်မြင်း သိမ်းမြန်းလက်ခံရာ ဥဒေါင်းရုပ်ခံသော ပေါက်သားဖြင့် ထုလုပ်အပ်သည့် မယူရာသနပလ္လင်၊

(၇) တောင်စမုတ်ဆောင်တွင်ထား၍ မင်းတို့တိုင်ပင်ဆွေးနွေးရာ သားရဲရုပ်ခံသော ရေသဖန်းသားဖြင့် ထုလုပ်အပ်သည့် မိဂါသနပလ္လင်၊

(၈) အနောက်ပွဲတက်ဆောင်တွင်ထား၍ မင်းတို့အပူဇော်ခံရာ ပဒုမာကြာရုပ်ခံသော ပိန္နဲသားဖြင့် ထုလုပ်အပ်သည့် ပဒုမာသနပလ္လင်—ဤသို့ ဘုရင်မင်းမြတ်တို့ အသုံးပြုတော်မူကြသည့် ပလ္လင်တော်ရှစ်ခဏ်းတို့သည်၎င်း, အလောင်းတော် မဟာသုဒဿနစကြာမင်း၏ အသုံးအဆောင်ဖြစ်သော ပလ္လင်တော်ပေါင်း ရှစ်သောင်းလေးထောင်တို့သည်၎င်း **ရာဇပလ္လင်**မည်၏။

WWW.DHAMMARANSI.COM



ဓတရဋ္ဌနဂါးမင်း စသည်တို့၏ နေထိုင်ရာ ပလ္လင်သည် **နာဂပလ္လင်**မည်၏။

သုတ်မဟာဝါပါဠိတော်ဇနဝသဘသုတ် မဟာဂေါဝိန္ဒ သုတ် စသည်တို့၌ လာရှိသည့် "သနင်္ကုမာရ ဗြဟ္မာကြီး သည် သူအလိုရှိရာ နတ်သားတဦးဦး၏ ပလ္လင်၌ ထိုင်နေ လိမ့်မည်"ဟု ပြဆိုအပ်သောပလ္လင်၊ ဗုဒ္ဓတထာ္ယာသင်္ဃ သုတ်၌ လာရှိသည့် အရှင်မဟာမောဂ္ဂလာန်အတွက် ခင်းပေးအပ်သော တယူဇနာပမာဏရှိသော ပဏ္ဍုကမ္ဗလာ ပလ္လင်မျိုးသည် **ဒေဝပလ္လင်**မည်၏။

သုတ်သီလက္ခန်အဋ္ဌကထာ နိဒါန်းစသည်တို့၌ လာရှိ သည့် သံဂါယနာတင်သောအခါ ဓမ္မဝိသဇ္ဇကာ အရှင် ဥပါလိ အရှင်အာနန္ဒာတို့ ထိုင်ရာ ပလ္လင်မျိုးသည်၎င်း ဘုရားအစရှိသော ဓမ္မကထိက ပုဂ္ဂိုလ်မြတ်တို့ နေထိုင် သီတင်းသုံးကာ တရားဟောရာ ပလ္လင်သည်၎င်း **ဓမ္မပလ္လင်** မည်၏။

အလုံးစုံသော ဘုရားအလောင်းတော်တို့ မဟာဗောဓိ ပင်အရင်း၌ "အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကိုမရသမျှ ဤနေရာမှ မထတော့ပြီ"ဟု လုလုခိုင်ခြံ အဓိဋ္ဌာန်ဖွဲ့ကာ တင်ပလ္လင်ခွေထိုင်နေရာ ဌာနအထူးသည် **ဗောဓိပလ္လင်** မည်၏။ ထိုဗောဓိပလ္လင်ကိုပင် မာရ်ငါးပါးကို(ကိုယ်တော် မြတ်က မရှုံးပဲ) အောင်ပွဲယူရာဖြစ်၍ အပရာဇိတပလ္လင် ဟူ၍လည်း ခေါ်၏။

ထိုပလ္လင်တော်မှာ ဗောဓိမဏ္ဍိုင် ကုန်းတော်ပေါ် အတောင်တရာမြင့်၍ အလွန်တင့်တယ်သော ဗောဓိပင်၏ အရင်း အရှေ့ဖက်မျက်နှာ လေးတောင်ကွာ ဌာနတွင် ဘုရားအလောင်းတော်များ မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲလိုက် သည်နှင့် တပြိုင်နက် ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီ ကောင်းမှု ကုသိုလ်ကံအဟုန်တို့ကြောင့် မြေအပြင်မှ ပေါ်

WWW.DHAMMARANSI.COM

ပေါက်လျက် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်တင့်တယ်သော ပလ္လင်တော်ဖြစ်သည်။ ဤပလ္လင်ကို ဘုရားအလောင်းတော်တို့ ဗောဓိခေါ် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ထိုးထွင်းသိမြင်ရာ (ဘုရားဖြစ်ရာ) ပလ္လင်ဖြစ်သောကြောင့် (ပါဠိလို) ဗောဓိပလ္လင်္က (မြန်မာလို) ဗောဓိပလ္လင်ဟူ၍ ခေါ်၏။

## ပလ္လင်တော် မြင့် မမြင့် ဝါဒများ

ပလ္လင်တော်နှင့်စပ်၍ ဂေါတမမြတ်စွာဘုရား၏ ပွင့်တော်မူရာ ပလ္လင်တော်သည် မြေမှအထက် တလက်မမျှ မမြင့်တက်ဟူ၍၎င်း မြေမှအထက်(၁၄)တဆယ့်လေးတောင် မြင့်တက်သည် ဟူ၍၎င်း ဝါဒနှစ်ပါး ပြားလျက်ရှိပေသည်။ ထိုနှစ်ပါးတို့တွင်—

## မဏိဒီပဋီကာ ဆရာ၏ဝါဒ

သောဠ္ဌိယ မြက်ထမ်းသမား လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်တို့ကို မဟာဗောဓိပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် မနှိုင်းရှည်နိုင်သော ကပ်ကမ္ဘာကာလတို့က ဆည်းပူးတော်မူအပ်သည့် ပါရမီတော်တို့၏အာနုဘော်ကြောင့် မြေမှပေါ်ထွက်သော အပရာဇိတပလ္လင်တော်သည် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်လျက် အလွန်ပင် မွေ့လျော်ဖွယ်ရှိ၏၊ လောကသုံးပါး၌ မည်သူ တဦးတယောက်မျှ စီမံပြုလုပ်ခြင်းငှါ မစွမ်းနိုင်သော သဘောရှိ၏၊ အကျယ်အပြန့်အားဖြင့် (၁၄) တဆယ့်လေးတောင် ပမာဏရှိ၍ တိုနှင့်လိုက်လျောသော အလျားရှိသည်။ သို့သော်လည်း အခြေမရှိသည့်အတွက် မြေမှ မလွတ်မထွက်ပဲ (မြင့်မတက်ပဲ) တည်ရှိ၏၊ မြေအပြင်တခုလုံး၏ ဦးဆောက်ပန်းသဖွယ်လည်း ဖြစ်ပေ၏၊ ဝဇိရ စိန်တုံးစိန်ခဲကဲ့သို့ မကွဲမအက် မပျက်မကြေနိုင်သော နေရာဖြစ်သည့်ပြင် မာရ်ငါးပါးကို (ကိုယ်တော်က မရှုံးပဲ)အောင်ပွဲခံယူရာ ဖြစ်သောကြောင့် အပရာဇိတပလ္လင်တော်ဖြစ်၏။ ဗောဓိပင်၏ အနီးမှာတည်သောပလ္လင်ဖြစ်၍ ဗောဓိပလ္လင်ဟု ခေါ်၏။ "စုဒ္ဒသ-ဟတ္ထုဗ္ဗေဓော ပလ္လင်္ကော"ဟု လာသော ကျမ်းဂန်များ၌လည်း

WWW.DHAMMARANSI.COM

ဥဗ္ဗေဓသဒ္ဒါသည် အကျယ်အပြန့်ကိုသာ ဟော၏၊ အမြင့်ကို မဟော၊ ထို့ကြောင့် "စုဒ္ဒသဟတ္ထုဗ္ဗေဓော" ဟူသော ပါဠိ၌ တဆယ့်လေးတောင် အပြန့်ကျယ်သော ပလ္လင်ဟူ၍သာ အနက်ကို ယူရာ၏။ ။ဤကား မဏိဒီပဋီကာ ပဌမအုပ် မျက်နှာ ၁၄၉-လာ စကားရပ်တည်း။ ။(ဤ၌ မဏိဒီပဋီကာဆရာ ရှင်အရိယဝံသ၏ ဆိုလိုရင်းမှာ ပလ္လင်တော်သည် အနံတဆယ့်လေးတောင် အလျားမှာ ထိုနှင့်လိုက်လျောရုံသာရှိ၏၊ အမြင့်မရှိ မြေပြင်နှင့်တညီတည်းသာ ဖြစ်လျက် မြေသားလည်းမဟုတ်ပဲ ပါရမီတော်ကြောင့်မြေမှ ပေါ်ထွက်လာသော ရတနာပလ္လင်တော် ဖြစ်၏ဟု ဆိုလိုရင်း ဖြစ်သည်။)

## ပရိတ်ကြီးဋီကာ ဆရာ၏ဝါဒ

ပရိတ်ကြီးဋီကာ ဆရာကမူကား…"ဘုရားအလောင်းတော်သည် သောတ္ထိယမြက်ထမ်းသမားလှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ ဗောဓိမဏ္ဍိုင်ကုန်းတော်ပေါ်သို့တက်ပြီးလျှော် ဗောဓိပင်၏ အရှေ့မြောက်ထောင့် အရပ်၌ ရပ်တော်မူလျက် အဖျားမှကိုင်ကာ ကြဲဖြန့်လိုက်သည်နှင့်တပြိုင်နက် များစွာသော ကပ်ကမ္ဘာကာလတို့က ဆည်းပူးတော်မူခဲ့သော ပါရမီကောင်းမှုကုသိုလ်တို့၏ တန်ခိုးအာနုဘော်ကြောင့် မြေမှ ပေါ်ထွက်လာသော အပရာဇိတပလ္လင်တော်သည် အလုံးစုံသောရတနာတို့ဖြင့် ပြီး၏၊ တဆယ့်လေးတောင် အမြင့် အနံရှိ၏၊ ထိုတဆယ့်လေးတောင်နှင့် လိုက်လျော သင့်လျော်သော အလျားရှိ၏၊ မြေပြင်တခုလုံး၏အထွတ်လည်းဖြစ်ပေ၏၊ဗောဓိပင်၏အနီးလေးတောင်ထွာကွာသော နေရာဌာနမှာ ဖြစ်ပေါ်လာသော ပလ္လင်ဖြစ်၍ ဗောဓိပလ္လင် မည်၏။

**ဆရာတို့ကား**…"ပလ္လင်တော်သည် မြေမှ အပေါ်သို့ လက်တသစ်ခန့်မျှ မတက်၊ မြေပြင်နှင့် တညီတည်းသာဖြစ်၏၊ "စုဒ္ဒသဟတ္ထော ပလ္လင်္ကော" ဟူသောစကားမှာ အနံတဆယ့်လေးတောင်ကိုသာရည်၍ ဆိုသည်၊အမြင့်အစောက်ကိုရည်၍ ဆိုသည်မဟုတ်။

WWW.DHAMMARANSI.COM

အကယ်၍ ပလ္လင်တော်အမြင့်ရှိခဲ့ပါလျှင် (ဝိပဿီဗုဒ္ဓဝင်ကို ပြန်၍ ကြည့်ပါ) ဝိပဿီမြတ်စွာဘုရား၏ ပလ္လင်တော်ပမာဏကို ပြဆိုသော (တေပညာသ ဟတ္ထ-ဟူသော) ပါဠိအရ ဝိပဿီမြတ်စွာ ဘုရား၏ ပလ္လင်တော်သည် ငါးဆယ့်သုံးတောင် မြင့်ရပေမည်၊ ထို ဝိပဿီမြတ်စွာဘုရား၏ သင်္ကန်းပင်ဗောဓိမှာလည်း ပင်စည် အတောင် ငါးဆယ်၊ အကိုင်းအခက် အတောင်ငါးဆယ်၊ နှစ်ရပ် ပေါင်း မြေမှ ဗောဓိပင်ဖျားတိုင်အောင် အတောင်တရာ ရှိရာ ငါးဆယ့်သုံးတောင်မြင့်သော ပလ္လင်သည် (မြတ်စွာဘုရား မထိုင် ရမီကပင်) အတောင်ငါးဆယ်ရှိသော ပင်စည်ကို သုံးတောင် ကျော်လွန်၍ အခက်ကြားထဲ၌ ဝင်၍ တည်နေရပေလိမ့်မည်၊ ထို အခက်ကြားထဲ၌ ဝင်၍ တည်နေသော ပလ္လင်ပေါ်ဝယ် ဝိပဿီ မြတ်စွာဘုရားသည် (ပင်စည်ကို ကျောမပြုရပဲ) အကိုင်းမကြီးကို သာ နောက်ကျောပေးကာ အတောင် ရှစ်ဆယ် မြင့်သော ဝိပဿီမြတ်စွာဘုရားသည် မတင့်မတယ် ထိုင်နေရပေလိမ့်မည်။ ထို့ကြောင့် ပလ္လင်တော်၏အမြင့်မှာ လုံးလုံးမရှိချေ”ဟူ၍ ဖွင့်ဆို ကြသည်။

ထိုဆရာတို့၏စကားကို စူးစမ်း ဆင်ခြင်သင့်၏။ အကြောင်း ကား…ဘုရားရှင်တို့၏ အရာမည်သည် မကြံအပ် မကြံစည် နိုင်သောကြောင့်တည်း၊ ဆင်ခြင်ရန် ဥပမာကား…တထွာမျှ လောက်ရှိသော မှန်အပြင်၌ ဆယ်တောင် အတောင်တရာရှိသော စေတီရုပ် ထင်နိုင်၏၊ ထိုသို့ထင်ရာ၌ မှန်ကလည်း ကြီး၍မလာ၊ စေတီကလည်း ငယ်၍မသွားပဲလျက် မှန်အပြင်၌ စေတီထင်ခြင်း မှာ မကြံစည်နိုင်သောအရာ (လောကဝိသယအစိန္တေယျ) ဖြစ် သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားတို့မည်သည် တန်းခိုးဖြင့် တမင် ဖန်ဆင်းတော်မမူကြပဲ အလိုတော်ရှိလျှင် မှန်ညင်းစေ့အတွင်း၌ပင် လျောင်း ထိုင် ရပ် သွား ဣရိယာပုထ်လေးပါးတို့ဖြင့် သီတင်းသုံး တော်မူနိုင်ကြကုန်၏။ သို့ဖြစ်၍ ဘုရားရှင်တို့၏အရာသည် မကြံ အပ် မကြံစည်နိုင်သော အရာဖြစ်၏ဟူသော အနက် အဓိပ္ပါယ်ကို ယူသင့်သည်။

WWW.DHAMMARANSI.COM

(ဤကား ပရိတ်ကြီးဋီကာ ရတနသုတ်နိဒါန်း ဗောဓိ-ပလ္လင်္ကော်ပုဒ် အဖွင့်၌လာသော စကားရပ်တည်း။ ။ဤ၌ ပရိတ်ကြီးဋီကာဆရာ၏ ဆိုလိုရင်း အကျဉ်းချုပ်မှာ ပလ္လင်တော်သည် အမြင့် တဆယ့်လေးတောင် အနံ တဆယ့်လေးတောင် အလျား ထိုနှင့် လိုက်လျော သင့်လျော်ရှိပြီးလျှင် ပါရမီတော်ကြောင့် မြေမှ ပေါ်ပေါက်လာသည့် ရတနာအတိပြီးသော ပလ္လင်တော်ဖြစ်၏ဟု ပြဆိုလိုသည်။)

**မည်သည့်ဝါဒ သင့်မြတ်သနည်း**....ဤအမေးအတွက် မုံရွေးဇေတဝန်ဆရာတော်၏ ဖြေရှင်းချက်ကို ဤ၌ အကျဉ်းချုပ် ဖော်ပြပေအံ့၊ (အကျယ်ကို သမန္တစက္ခုဒီပနီ ဒုတိယတွဲ၌ ကြည့်ရာ၏။)

**မုံရွေးဆရာတော်၏ ရှင်းပြချက်အတိုချုပ်မှာ——**

ဤသို့ ဋီကာဆရာနှစ်ဦးတို့ ပလ္လင်တော် အမြင့် အစောက် ရှိမရှိယူကြသည့် စကားနှစ်ရပ်တွင် ပလ္လင်တော်သည် မမြင့်ဟူ၍ ယူသော **မဏိဒီပဆရာက** ဝိပဿီဘုရားပလ္လင်တော် ငါးဆယ့်သုံးတောင်ဆိုသောစကားအရ အမြင့်ဖြစ်ခဲ့သော် ထိုပလ္လင်သည် အတောင်ငါးဆယ်ရှိသော ဗောဓိပင်ပင်စည်ကို ကျော်လွန်ကာ ခက်မကြားသို့ဝင်လျက် တည်လေရာ၏၊ (ပလ္လင်တော်ချည်းပင် တင့်တယ်နိုင်အံ့လော၊) အတောင်ရှစ်ဆယ်မြင့်သော ဝိပဿီဘုရား ကိုယ်တော်သည် ခဲ့ခဲကပ်ကပ် ကြပ်ကြပ် တည်းတည်း (ပင်စည်ကို နောက်မှီ မထားရပဲ) ခက်မကိုသာ နောက်မှီထား၍ အကိုင်းကြား၌ (ကြည့်ရှု၍မလျော်) နေတော်မူရသည်ဖြစ်ရာ၏ဟု အမြင့်ရှိမှု၌ အပြစ်ကို ဖော်ပြကြီးစည်သည်။

**ပရိတ်ကြီးဋီကာ ဆရာကမူ**—“မြတ်စွာဘုရားတို့သည် မုန်ညင်းခွံအတွင်း၌ပင်သော်လည်း ပရိက္ခရာရှစ်ပါးတို့နှင့်တကွ ရပ်တော်မူနိုင်သည်၊ ဗုဒ္ဓဝိသယ အစိန္တေယျဖြစ်သည်၊ ဝိပဿီမြတ်စွာဘုရား၏ ပလ္လင် ဗောဓိ အရပ်တော်တို့၏ အတိုင်းအရှည်နှင့်စပ်၍ မကြံအပ်သောအရာပင် ဖြစ်သည်”ဟု ယူသည်။

WWW.DHAMMARANSI.COM

ဆရာနှစ်ဦးတို့၏ ဝါဒနှစ်မျိုးလုံးပင် အထောက်အထားနှင့် ချည်းပင်ဖြစ်၍ နှစ်သက်ရာ မှတ်သားနိုင်သော်လည်း ယုတ္တိရှိရာကို ဆင်ခြင်စဉ်းစားသော်ကား····

မဏိဒီပကျမ်းမှာ သက္ကရာဇ် (၈၃၀) ရှစ်ရာသုံးဆယ်ကျော် လောက်မှ ဖြစ်သောကျမ်းဖြစ်သည်၊ ပလ္လင်တော်အမြင့် မရှိ ဟူသော စကားသည်လည်း မဏိဒီပ မပေါ်မီ သီဟိုဠ်ကျွန်း ပုဂံ မြင်စိုင်း စစ်ကိုင်း ပန်းယမင်းတို့လက်ထက် ပြုသောကျမ်းတို့က မဆို မလာ၊ ဤ မဏိဒီပကျမ်းသစ် ဖြစ်လာမှသာ ဤစကားသစ် ဖြစ်ချေ သောကြောင့်၎င်း၊ တပါးသောကျမ်းတို့က ဤကဲ့သို့ မဆိုချေ သောကြောင့်၎င်း စကားထီးချေသည်။

တကြောင်းမှာလည်း—ဘုရားသခင် အနိမိသဌာန၌ နေတော် မူ၍ ခုနစ်ရက် ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရှု၍ နေသည့်အရာ၌ ပလ္လင်တော်အမြင့် မရှိဖြစ်ခဲ့သော် မြေ၌ခင်းသော နေရာမျှကိုသာ ရှုရမည့်လက္ခဏာ ရှိချေသည်။

**အချို့ဆရာတို့ကလည်း**—"ပလ္လင်္ကသဒ္ဒါသည် နေရာကိုလည်း ဟော၏၊ အစောက်ရှိသော ပလ္လင်ကိုလည်း ဟော၏၊ ဤအရာ တွင် ပလ္လင်္ကသဒ္ဒါသည် နေရာဟောဖြစ်သည်"ဟူ၍လည်း ဆို၏။ ထိုစကား၌လည်း နေရာဟောမျှသာမှန်သော် "ဗောဓိပလ္လင်္ကေ" ဟူသည်ဖြင့်သာ ကျမ်းဂန်တို့၌ ဆိုချေသည်၊ "ဗောဓိအာသနေ" ဟူသည်ဖြင့် မဆိုစဘူး၊ ထိုဆရာတို့စကားအတိုင်းဖြစ်လျှင် ဆိုရ ပေမည်၊ ဆိုကားမဆိုခဲ့၊ တပါးသောအရပ်၌ နေတော်မူသော ကာလ (နေရာသာမညကိုရည်၍) "ပညတ္တာသနေ နိသီဒိ၊ ။ အာသနံ ပညာပေတွာ၊ ။အညတရသ္မိံ ရုက္ခမူလေ ပညတ္တေ အာသနေ နိသီဒိ" ဟူသည်ဖြင့် အာသနသဒ္ဒါဖြင့် လာသော်လည်း ဗောဓိပင်သို့ ရောက်သောကာလ၌ အာသနသဒ္ဒါဖြင့် မလာ၊ ပလ္လင်္ကသဒ္ဒါဖြင့်သာ "ပလ္လင်္ကဉ္စ ဗောဓိရုက္ခဉ္စ အနိမိသေဟိ အက္ခီဟိ သြလောကယမာနော သတ္တာဟံ ဝီတိနာမေသိ၊ ။ ပလ္လင်္ကသ စ ဋ္ဌိတဋ္ဌာနသ စ အန္တရာ" ဟူသည်ဖြင့် လာရှိသည်၊ ထို့ကြောင့် နေရာသာမည မြေ၌ခင်းလျက်တည်သော လက်

WWW.DHAMMARANSI.COM



တသစ်မျှပင် မြေမှတက်ခြင်း အလျဉ်းမရှိသော အာသနမျှသာ မယူသင့်၊ ဤအရာ၌ ပလ္လင်္ကသဒ္ဒါဖြင့် အထူးဆိုသောကြောင့် အရပ်အမြင့် အထူးရှိသော ပလ္လင်ဟု ယူသင့်သည်။

မြက်ခင်းနေရာ သာမန်မျှသာယူချေသော် အကြောင်းပါရမီကို အထူးဆို၍ အကျိုးမရှိလွန်းရာကျသည်၊ ထူးဆန်းလှသော အမြင့် အရပ်ရှိသော ပလ္လင်အထူးဖြစ်၍သာ လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း ဆည်းပူးအပ်သော ပါရမီတော်၏ အကျိုးကြောင့် ဖြစ်ကြောင်းကို ဝိနည်း မဟာဝါအဋ္ဌကထာ၌ "စတ္တာရိ အသင်္ချေ-ယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမဋ္ဌာနံ ပလ္လင်္ကဉ္စ ဗောဓိရုက္ခဉ္စ" ဟု ဆိုလေသည်။

## ဤဆိုလတ္တံ့သောစကားရပ်ကို စိုက်စိုက်ရှုးရှူး အထူးမှတ်ရာ၏

သောဘိတဘုရား၊ အနောမဒဿီဘုရား၊ ပဒုမုတ္တရဘုရား၊ ဖုဿဘုရားရှင်တို့၏ ပလ္လင်တော် သုံးဆယ့်ရှစ်တောင် ပမာဏ ရှိသည်ကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဖွင့်ပြထား၏၊ ပဒုမုတ္တရမြတ်စွာ ဘုရားသည် ဘုရားဖြစ်ပြီးနောက် ပလ္လင်္ကသတ္တာဟ=(ပလ္လင်၌ နေတော်မူသည့် ခုနစ်ရက်)ကို လွန်စေပြီး၍ ပလ္လင်တော်မှ ဆင်းသောကာလ ခြေတော်ကို ချမည်ဟူ၍ လကျာခြေတော်ကို ချီကြွသည်တွင် မြေကိုခွဲ၍ အရွက်ကြီး အတောင်ကိုးဆယ် ဝတ်ဆံ အတောင်သုံးဆယ် အချက်နားဝှောင်း တဆယ့်နှစ်တောင် အရိုး တခုတခုလျှင် တဆယ့်နှစ်တောင်စီရှိသော ကြာပဒုမာ ခံလာ ကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ ပဒုမုတ္တရဗုဒ္ဓဝင်ခဏ်းနှင့် သုတ် မဟာဝါအဋ္ဌကထာ မဟာနိဒါနသုတ်အဖွင့် မျက်နှာ ၇၉-တို့၌ ပြဆိုထား၏၊ ပလ္လင်တော် အမြင့်အရပ်မရှိလျှင် ပလ္လင်ကနိမ့်၍ ခံသောကြာက မြင့်သဖြင့် အဆင်မသင့် ဖြစ်ရာသည်။ သုံးဆယ့် ရှစ်တောင်မြင့်သော ပလ္လင်မှ ဆင်းသက်ရာတွင် တဆယ့်နှစ်တောင် ရှိသော ကြာပဒုမာ ခြေတော်အောက်မှာ ခံလာသည်ဟူ၍ ယူမှ သင့်လျော်နိုင်မည်၊ ပလ္လင်တော်အမြင့်မရှိ အပြင်သာရှိသည်ဟု

WWW.DHAMMARANSI.COM



ယူခဲ့သော် ပလ္လင်ကနိမ့်၍ နောက်ပေါက်သောကြောက မြင့်၍ တည်ခဲ့ရကား မလျော်ချေ၊ အမြင့်မရှိ အပြင်သာရှိသည်ဆိုသော အရာကိုလည်း နောက်လာကျမ်းတတ်ဆရာတို့ မနှစ်သက်လွန်းကုန်၊ မဏိဒီပဆရာမှာ ကျမ်းဂန်တတ်သိသော ဆရာဖြစ်၍သာ ပြစ်ပြစ်ခါါ မဆိုအားရှိကြချေသည်။

ဤသို့ စသည်ဖြင့် မုံရွေး ဇေတဝန်ဆရာတော် (ပလ္လင်တော် အမြင့်အရပ်ရှိ၏ဟူသော ဝါဒသာ သင့်မြတ်ကြောင်း) အကျယ်တဝင့် ဆုံးဖြတ်တော်မူသည်။ (သမန္တစက္ခုဒီပနီ၊ ဒု၊ ၃၁၈-မှစ၍။)

## တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရား၏ အဆုံးအဖြတ်

ဤ"ပလ္လင်တော် အရပ်အမြင့် ရှိ-မရှိ"နှင့်စပ်၍....ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကို **"ဂူဠတ္ထဝိနိစ္ဆယ"** ကျမ်းမှ ထုတ်နုတ်ပြဆိုဦးအံ့····၊

မြတ်စွာဘုရားပလ္လင်တော် တဆယ့်လေးတောင်ဆိုသည့် စကားရပ်၌ မဏိဒီပကျမ်းကို စီရင်ရေးသားတော်မူသော ရှင်အရိယဝံသဆရာ့အလိုအားဖြင့် မြေမှ အမြင့်အစောက်မဟုတ်၊ အကျယ်အပြန့်သာဖြစ်သည်။ ပရိတ်ကြီးဋီကာကို စီရင်ရေးသားတော်မူသော ရှင်တေဇောဒီပ ဆရာ့အလိုအားဖြင့် မြေမှ အစောက်အမြင့်သာ ဖြစ်သည်ဟု အယူဝါဒ ကွဲပြားလျက်ရှိရာ ထိုဆရာနှစ်ဦးတို့ပင် ကျမ်းပြုဆရာ နှင်နှင်ချည်းဖြစ်ကြ၍ အသီးအသီး ပါဠိအာဂုံတို့ကို နည်းနာနယ ယုတ္တာယုတ္တိ နှိုင်းညှိလျက် ဆိုစွမ်းနိုင်သော ဆရာတို့ နှင်နှင်ချည်း ဖြစ်ကြသည့်အလျောက် တိုင်းထွာနှိုင်းညှိ ယုတ္တိပုံပြင် အာဂုံဆင်၍ မမြင်ဉာဏ်နု ပုဂ္ဂိုလ်စုကို ယုံမှုယုံကြောင်း ဉာဏ်သစ်လောင်း၍ အပေါင်းများစွာ ယုံကြည်ပါအောင် ကြိုးဆောင်အားထုတ်ကြသည်ကို ထိုထိုကျမ်းဂန်တွင် သိမြင်လာရှိသည့်အတိုင်း လီနတ္ထ၏ ဧဝဒနာ = အတွင်းဝှပ် အပြစ်တင်ဖွယ်ဖြင့် တက်၍ ဆင်ခြင်ရန် ရှိသည်မှာ····

WWW.DHAMMARANSI.COM



ပလ္လင်သည်—

(၁) ပေါင်ဖြင့် ထက်ဝယ်ဖွဲ့ခွေ နေခြင်းဟူသော ဥရုဗဒ္ဓါ-သနပလ္လင်၊

(၂) ထိုပေါင်ဖြင့် ထက်ဝယ်ဖွဲ့ခွေနေရာ အရပ်တည်းဟူသော ဌာနပလ္လင်၊

(၃) နေရာအထူးဖြစ်သော အာသနဝိသေသပလ္လင်—

ဟူ၍ သုံးရပ်ရှိသည်။ ထိုတွင် (ပ) ဗုဒ္ဓဝင်အဋ္ဌကထာ ပလ္လက်ဝေမတ္တကထာ၌ ဌာနပလ္လင်အရကို အနံ့အပြန့်ဟောသည့် ဝိတ္ထတသဒ္ဒါနှင့်သာလာသည်။ ကောဏ္ဍညဗုဒ္ဓဝံသမှစ၍ ဘုရားရှင်တို့၏ပလ္လင်တော်၌ နေတော်မူဟန်ကို ဆိုသည့်အရာများမှာလည်း အလျား အနံ့ အပြန့်ဟော အာယာမ ဝိတ္ထတသဒ္ဒါတို့နှင့်သာလာသည်။

**အချို့သောဆရာတို့ကား—** "ဗောဓိမဏ္ဍံ အာရုယှ စုဒ္ဒ-သဟတ္ထုဗ္ဗေဓေ ဌာနေ တိဏသန္ထရံ အတ္ထရိတွာ"ဟူ၍ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ ခဇ္ဇနီယဝဂ် ပဌမသုတ်အဖွင့်၊ စတုကင်္ဂုတ္တရအဋ္ဌကထာတို့၌ ဥဗ္ဗေဓသဒ္ဒါနှင့် လာသောကြောင့် "ပလ္လင်တော်သည် အကျယ်အပြန့်မဟုတ်၊ အစောက်အမြင့်သာ"ဟု ပရိတ်ကြီးဋီကာဆရာ၏ အယူဝါဒသို့လိုက်၍ ပြောဆို သုံးဖြတ်ကြကုန်သည်။ ထိုဆရာတို့၏စကားကို ဆင်ခြင်အပ်သည်၊ အဘယ့်ကြောင့်နည်းဟူမူကား အကယ်၍ ဥဗ္ဗေဓသဒ္ဒါနှင့် ဖွင့်ပြသည်ဖြစ်၍ အစောက်အမြင့် ဖြစ်ခဲ့အံ့၊ ထို "စုဒ္ဒသဟတ္ထုဗ္ဗေဓေ ဌာနေ"ဟူသော ပါဌ်၏နောက်၌ "တိဏသန္ထရံ အတ္ထရိတွာ"ဟူသောပါဌ်ကို အဋ္ဌကထာဆရာ တက်၍ ပြပြန်သောကြောင့် တဆယ့်လေးတောင် အစောက်မြင့်အောင် မြက်ကိုခင်း၏ ဟူသော အနိဋ္ဌပသင်္ဂဒေါသ = မလိုလားအပ်သောအနက်၏ ငြိကပ်မှုအပြစ် ရောက်ခဲ့ရာ၏။ ထိုသို့လည်း တဆယ့်လေးတောင် အစောက်မြင့်အောင် ခင်းတော်မမူ၊ ထို့ကြောင့် ဤအရာ၌ ဥဗ္ဗေဓသဒ္ဒါသည် မဏိဒီပဆရာတော်ပြဆိုသည့်အတိုင်း ဝိတ္ထာရ = အနံ့အပြန့်ဟော ယူမှ "တိဏသန္ထရံ

WWW.DHAMMARANSI.COM



အတ္တရိတ္တာ”ဟူသော အဋ္ဌကထာ နောက်စကားနှင့် ညီညွတ်ရာသည်၊ ထို့ကြောင့် “တဆယ့်လေးတောင်ပြန့်သောအရပ်၌ မြက်ကိုခင်းသည်” ဟူသော အဓိပ္ပါယ်ကိုသာ မှတ်ယူဆုံးဖြတ်အပ်သည်။

**ဤ၌ မေးဖွယ်ရှိသည်ကား**....အကယ်၍ မဏိဒီပဆရာဆုံးဖြတ်သည့်အတိုင်း ပလ္လင်တော်သည် အစောက်အမြင့်မဟုတ်၊ အနံအပြန့်မျှသာ ဖြစ်ငြားအံ့၊ “မာရ်နတ်သားသည် ပလ္လင်ကိုအကြောင်းပြု၍ စစ်ကြီးချီတက်လာသည်”ဟူသော စကားသည်အချည်းနှီးဖြစ်ရာသည် မဟုတ်လော၊ (မြက်အခင်း သာမန်မျှသာဖြစ်လျှင် မာရ်နတ်သားသည် ပလ္လင်ကို ရယူရန် စစ်ကြီးချီတက်ရန်မလိုဟု ဆိုလိုသည်) ဤသို့ မေးဖွယ်ရှိ၏။

**အဖြေကား**....ထိုသို့ အချည်းနှီးမဖြစ်၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် တဆယ့်လေးတောင် အပြန့်ကျယ်သော မြက်အခင်း၌သာ ထိုင်နေတော်မူသော်လည်း ဘဝများစွာသံသရာက ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီကောင်းမှု ကုသိုလ်တို့ကြောင့် ခပ်သိမ်းသော မြင်မြင်သမျှ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်လှစွာသော အပရာဇိတပလ္လင်တော်၌ စံနေတော်မူသကဲ့သို့ ထင်မှတ်ကြရသည်။ ထို့ကြောင့် အချည်းနှီး မဖြစ်ဟူ၍ ဖြေဆိုရာ၏။

ဥပမာအားဖြင့် မြတ်စွာဘုရား အလောင်းတော်ဖွားတော်မူစအခါကာလ၌ ဖွားသစ်စဖြစ်သော ဘုရားအလောင်းကို ရှေးဦးစွာ သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် ရွှေကွန်ရက်ဖြင့် ခံကြကုန်၏။ ထိုဗြဟ္မာကြီးတို့၏လက်မှ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် သစ်နက်ရေဖြင့် ခံကြကုန်၏။ ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့၏လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့်ပြုအပ်သော ခေါင်းခုသဏ္ဌာန်အခွေဖြင့် ခံကြကုန်၏၊ ဘုရားအလောင်းသည် လူတို့၏ လက်မှလွတ်၍ မြေ၌ရပ်တော်မူ၏။ နတ်ဗြဟ္မာတို့သည် ထီးဖြူစသော မင်းမြောက်တန်းဆာ ငါးပါးတို့ကို ကိုင်စွဲလျက် ခြံရံကုန်၍ ထီးဖြူ စမရီသားမြီးယပ်တို့ဖြင့် ဆောင်းမိုးပူဇော်ကြကုန်၏။ ဖွားပြီးစ တမုဟုတ်မျှသာရှိသော

WWW.DHAMMARANSI.COM



ဘုရားအလောင်းတော်သည် မြေ၌ ရပ်တော်မူ၍ အရှေ့အရပ်ကို ကြည့်တော်မူလျှင် ထောင်ပေါင်းများစွာ စကြဝဠာတို့သည် တပြင်တည်းကဲ့သို့ (အပိတ်အဆို့အကွယ်အကာ မရှိ) ဖြစ်ကုန်၏၊ ထိုအရပ်၌ နေကုန်သော နတ်ဖြဟ္မာအပေါင်းတို့သည် နံ့သာ ပန်း စသည်တို့ဖြင့် ပူဇော်ကြကုန်လျက် "အလောင်းမင်းသား.... ဤလောက၌ အလောင်းမင်းသားတို့နှင့် တူသောသူမျှလည်း မရှိ၊ လွန်မြတ်သောသူမူကား အဘယ်ဆိုဖွယ်ရှိအံ့နည်း၊စင်စစ်မရှိသည် သာလျှင်တည်း" ဟု လျှောက်ထားကြကုန်၏။ ဤသို့သောနည်းဖြင့် အရပ်ဆယ်မျက်နှာတို့ကို ကြည့်တော်မူပြီး၍ ကိုယ်တော်နှင့်တူ သောသူကို မြင်တော်မမူသောကြောင့် 'ဤအရပ်ကား မြတ်သော အရပ်တည်း' ဟု နှလုံးပိုက်တော်မူပြီးလျှင် မြောက်အရပ်သို့ရှေးရှု ခုနစ်ဖဝါး လှမ်းကြွတော်မူပြီး၍ "အဂ္ဂေါဟမသ္မိ" အစရှိသော မကြောက်မရွံ့ မြတ်သောစကားကို ကြုံးဝါးတော်မူ၏ဟု သုတ် မဟာဝါ မဟာပဒါနသုတ်ပါဠိတော် ၎င်းအဖွင့် အဋ္ဌကထာတို့၌ လာရှိသည်။ (၁)

ဤအရာ၌ ပြဿနာ မေးကြကုန်၏၊ မေးပုံကား....ဘုရား အလောင်းတော် မြေ၌ရပ်တော်မူ၍ မြောက်အရပ်သို့ ရှေးရှု ကြွသွားတော်မူပြီးလျှင် မကြောက်မရွံ့ မြတ်သော စကားကို ကြုံးဝါးမြွက်ဆိုတော်မူသောအခါ မြေပြင်ခရီးဖြင့်ပင် ကြွသွား တော်မူသလော၊ သို့မဟုတ် ကောင်းကင်ခရီးဖြင့် ကြွသွားတော် မူသလော။ထင်သောကိုယ်ရှိသည်ဖြစ်၍ ကြွသွားတော်မူသလော၊ သို့မဟုတ် မထင်သောကိုယ်ရှိသည်ဖြစ်၍ ကြွသွားတော်မူသလော။ အဝတ်မစည်း အချည်းဆည်းဖြစ်၍ ကြွသွားတော်မူသလော၊ သို့မဟုတ် တန်းဆာဆင်၍ ကြွသွားတော်မူသလော။ ပျိုမျစ် နုနယ် သူငယ်ပင်ဖြစ်၍ ကြွသွားတော်မူသလော၊ သို့မဟုတ် အရွယ် ရောက်ပြီး လူကြီး ဖြစ်၍ပင် ကြွသွားတော်မူသလော။ (အကယ်၍)ထို မွေးဖွားစအခါ အရွယ်ရောက်ပြီး လူကြီးဖြစ်၍ ကြွသွားတော်မူလျှင် နောက်အခါလည်း ကြွသွားတော်မူစဉ်က ကဲ့သို့ လူကြီးပင်ဖြစ်ငြဖြစ်သလော၊ သို့မဟုတ် တဖန် သူငယ်ပြန်၍ ဖြစ်သလောဟု မေးကြကုန်၏။ (ဤပြဿနာ ပေါ်ခဲ့ဘူးသည်။)

WWW.DHAMMARANSI.COM



သီဟိုဠ်ကျွန်း လောဟပါသာဒအောက်၌ ဖြစ်ပေါ်လာသော ဤပြဿနာကို တိပိဋကစူဠာဘယမထေရ်သည် (၂) ဤသို့ ဖြေကြားတော်မူ၏။ ဖြေကြားပုံကား…ဘုရား အလောင်း ဖြစ်တော်မူသော ယောကျ်ားမြတ်သည် မြေပြင်ခရီးဖြင့်ပင် ကြွသွားတော်မူ၏၊ လူများအပေါင်းအားမူ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသကဲ့သို့ထင်မှတ်ကြရ၏။ဘုရားအလောင်းသည် ထင်သော ကိုယ်ရှိသည်ဖြစ်၍ ကြွသွားတော်မူ၏၊ ယူများအပေါင်းအားမူ မထင်သောကိုယ်ရှိသည်ဖြစ်၍ ကြွသွားတော်မူသကဲ့သို့ ထင်မှတ်ကြရ၏။ဘုရားအလောင်းသည် ပကတိ မိမွေးတိုင်း အဝတ်မစည်း အချည်းဆည်းဖြစ်၍ ကြွသွားတော်မူ၏၊ လူများအပေါင်းအားမူ တန်းဆာဆင်၍ ကြွသွားတော်မူသကဲ့သို့ ထင်မှတ်ကြရ၏။ ဘုရားအလောင်းသည် ပျိုမျစ်နုနယ် ငယ်ရွယ်သူဖြစ်၍ပင် ကြွသွားတော်မူ၏၊လူများအပေါင်းအားမူ တဆယ့်ခြောက်နှစ်အရွယ် တင့်တယ်သော လူကြီးဖြစ်၍ ကြွသွားတော်မူသကဲ့သို့ ထင်မှတ်ကြရ၏။ ကြွသွားပြီးနောက်၌ကား အလောင်းတော်၏အဖို့မှာ ကြွသွားစဉ်ကလည်း သူငယ်၊ ကြွသွားပြီးနောက်အခါ၌လည်း သူငယ်ပင် ဖြစ်၏၊ လူများအပေါင်းအားမူ ကြွသွားစဉ်က တဆယ့်ခြောက်နှစ် အရွယ် တင့်တယ်သောလူကြီး ကြွသွားပြီးမှ သူငယ်ဟု ထင်မှတ်ကြရ၏ဟူ၍ ဖြေကြားတော်မူ၏။

ဤအဖြေကို ကြားသိရသောအခါ များစွာသော ပရိသတ် အပေါင်းသည် "အချင်းတို့…တိပိဋကစူဠာဘယ မထေရ်သည် မြတ်စွာဘုရား ကိုယ်တော်တိုင် ဖြေကြားတော်မူဘိသကဲ့သို့ ပြဿနာကို ဖြေကြားတော်မူပေ၏"ဟု နှစ်သက်ဝမ်းမြောက်ကြ လေသည်ဟူ၍ သုတ်မဟာဝါမဟာပဒါနသုတ်အဖွင့် အဋ္ဌကထာ၌ လာရှိသည်။

ဤ "ပလ္လင်တော်သည် အစောက်အမြင့်ဖြစ်သည်၊ အကျယ် အပြန့်ဖြစ်သည်"ဟု ဝိဝါဒဖြစ်ပွါးရာ၌လည်း ဘုရားအလောင်း မြောက်သို့ ခုနစ်ဖဝါး လှမ်းကြွသွားရာ၌ တိပိဋကစူဠာဘယ မထေရ် ဖြေကြားတော်မူသကဲ့သို့ပင်"မြတ်စွာဘုရား ပလ္လင်တော်

WWW.DHAMMARANSI.COM



သည် အစောက်အမြင့် မဟုတ်၊ အကျယ်အပြန့်မျှသာ ဖြစ်၏၊ သို့သော်လည်း ဘဝများစွာ သံသရာက ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီကောင်းမှု ကုသိုလ် အဆောက်အဦတို့ကြောင့် ခပ်သိမ်းသော လူနတ်မြဟ္မာ သတ္တဝါအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ဆန်းကြယ်သော အပရာဇိတရွှေပလ္လင် အမြင့်အမောက် ပေါက်သကဲ့သို့ဖြစ်၍ ထိုပလ္လင်ထက်၌ စံနေတော်မူသကဲ့သို့ ထင်မှတ်ကြရသည်”ဟု ယုတ္တိလက္ခဏာဟာရနည်းအားဖြင့် ဆိုးဖြတ်သင့်ကြောင်းကို ကေန်ယုံမှားမဲ့ မှတ်ယူအပ်၏။

၌ကား တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရား၏ အဆုံးအဖြတ်တည်း။ (ဂူဠတ္ထဝိနိစ္ဆယကျမ်း ပဌမအုပ် မျက်နှာ ၄၄-မှ။)

၌သို့လျှင် နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ မကူထူးခြားကွဲလွဲချက်ရှစ်ပါးတည်းဟူသော ဝေမတ္တတရားတို့ကို သိမှတ်ရာ၏။ ၌ဝေမတ္တတရား ရှစ်ပါးနှင့်စပ်၍ **ဓမ္မရာသီပျို့** ပိုဒ်ရေ-၂၆၊ (၃) သဘာဝခဏ်း၌ ၌ဆိုလတ္တံ့သောအတိုင်း စပ်ဆိုထားသည်—

အသချေ်ယျ၊ ကပ်ဝီသ၌၊ ဓမ္မပါရမီ၊ ပေါင်းစည်းည်၍၊ ပွင့်ဆိတိုင်လစ်၊ ဘုရားဖြစ်က၊ အလှစ်ပြည့်စုံ၊ ကျေးဇူးပုံသား၊ သုံးတုံသနင်း၊ တရားမင်းတို့၊ ပြားခြင်းဟူသည်၊ အင်ရှစ်မည်တွင်၊ ရင်းတည်စဖော်၊ အမျိုးတော်ကား၊ မြတ်ကျော်အစစ်၊ကေရာဇ်နှင့်၊နွယ်မြစ်သန်လှ၊မြာဟ္မဏာဟု၊ တွင်ထမည်ရှိ၊ ပုဏ္ဏားမျိုး၌၊ ကျော်ဟိုးလူ့ရွာ၊ မြတ်ရာရာလျှင်၊ ရုံခါဖြစ်မြဲ၊ ထူးကြကွဲ၏။ (ကုလဝေမတ္တ)

မစဲမည်း၊ အလျှံဟပြောင်၊ ကိုယ်တော်ရောင်ကား၊ အတောင်အတာ၊ ယူဇနာထိ၊ မျှသာထွန်းသည်၊ တူရည်မရှိ၊ ထူးကြဘိ၏။ (ရသ္မိဝေမတ္တ)

ထိုပြိုသက်တော်၊ နေခြင်းသော်လည်း၊ မှတ်ရော်ထင်ထင်၊ သည်မျှလျှင်ဟု၊ မြဲပင်မဲ့ဘူး၊ ယွင်းကြထူး၏။ **(အာယုဝေမတ္တ)**

WWW.DHAMMARANSI.COM



မဖြူး မသွယ်၊ မငယ် မကွ၊ မလျှ မဆူ၊ ကိုယ်တော်မူလည်း၊ မတူကြဲဖြား၊ နိမ့်မြင့်ပြား၏။ (ပမာဏဝေမတ္တ)

ထသွားစွန့်ခွါ၊ တောထွက်ခါဝ်၌၊ ယာဉ်သာမြင်းဆင်၊ ရထားလျင်နှင့်၊ ထမ်းစင်သံလျင်း၊ စံခြင်းအသီး၊ ယာဉ်ထူးစီး၏။ (ယာနဝေမတ္တ)

ကျင့်ကြီးခဲလှ၊ ဒုက္ကရစရိယာ၊ ရက်သာ လ နှစ်၊ အထူးဖြစ်၏။ (ပဓာနဝေမတ္တ)

သနစ်ဆန်းကြယ်၊ လျှပ်စစ်နွယ်သို၊ အံ့ဖွယ်ဖြိုးမောက်၊ မြေကပေါက်သား၊ အစောက်မိုးမျှော်၊ ပလ္လင်ကျော်လည်း၊ ရပ်တော်လျောက်ပတ်၊ ညီညွတ်စွာဘိ၊ နိမ့်မြင့်ရှိ၏။ (ပလ္လင်္ကဝေမတ္တ)

ဗောဓိမည်ပင်၊ပွင့်ကြောင်းထင်သား၊ သစ်ပင်များမင်း၊ ထူးသောခြင်းနှင့်၊ မယှဉ်းညီတုံ၊ ရှစ်ပါးစုံ၏။ (ဗောဓိဝေမတ္တ)

**ဤတွင်ရွှေကား မဟာဗုဒ္ဓဝင် ပဋ္ဌမတွဲတည်း။**